

SIDNEY SHELDON'S
NOTHING LASTS FOREVER
မမြဲသောအရာ
holyghost
ဘာသာပြန်သည်
Sexual Addiction.
A Murder Charge.
A Fatal Accident.

# နိဒါန်း

ဆန်ဖရန်စစ္စကို နွေဦး ၁၉၉၅ ပြည်နယ်ရှေ့နေ ကားအန်ဒရူး ဒေါ်သပုန်ထနေသည်။ "ဘာတွေဖြစ်ကုန်ပြီလဲ။ ဆရာဝန်သုံးယောက် အတူတူနေပြီး ဆေးရုံတစ်ခုတည်းမှာ အတူတူအလုပ်လုပ်ကြတယ်။ တစ်ယောက်ကြောင့် ဆေးရုံတစ်ခုလုံး ပိတ်ရမလိုဖြစ်တယ်။ ဒုတိယတစ်ယောက်က ဒေါ်လာတစ်သန်းအတွက် လူနာကို သတ်တယ်။ နောက်ဆုံးတစ်ယောက်က အသတ်ခံရတယ်။"

အန်ဒရူး အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး "သူတို့အားလုံးက မိန်မတွေချည်းပဲ။ သောက်မိန်းမဆရာဝန် သုံးယောက်။ မီဒီယာတွေကလည်း သူတို့ကို မင်းသမီးတွေလို ဆက်ဆံနေတယ်။ သူတို့အကြောင်းတွေချည်းပဲ။ ဘာဘာရာဝေါ်တာကလည်း သူတို့အတွက် အထူးအစီအစဉ်လုပ်တယ်။ သူတို့ဓာတ်ပုံမပါဘဲ ရေးမထားတဲ့ သတင်းစာ၊ မဂ္ဂဇင်း တစ်စောင်မှမရှိဘူး။ ဟောလီးဝုဒ်ကလည်း သူတို့အကြောင်း ရုပ်ရှင်ရိုက်တော့မယ်။ ဒီခွေးတိရစ္ဆာန်မတွေကနေ သူရဲကောင်းမတွေဖြစ်ကုန်တော့မယ်။ အစိုးရက သူတို့မျက်နှာတွေကို ပရက်စလေလို တံဆိပ်ခေါင်းပေါ် တင်လိုက်ရင်တောင် ငါမအံ့သြတော့ဘူး။ ဘုရားရေ၊ ငါတော့မယူဘူး။"
တိုင်းမဂ္ဂဇင်းအဖုံးပေါ်ရှိ မိန်းမတစ်ယောက်မျက်နှာကို လက်သီးဖြင့် ထိုးလိုက်သည်။ ၎င်း၏ ခေါင်းစီးမှာ "ဒေါက်တာ ပေ့ချ်တေစ်လာ - ကြင်နာခြင်းနတ်သမီးလော မာန်နတ်၏ နောက်လိုက်လော?"
"ဒေါက်တာ ပေ့ချ်တေစ်လာ" ပြည်နယ်ရှေ့နေ၏ အသံမှာ မနှစ်မြို့ခြင်းများ ပြည့်နေသည်။ သူ၏ ဆွဲချရှေ့နေခေါင်းဆောင် ဂက်ဗီနာဘယ် ဘက်သို့ လှည့်လိုက်ပြီး "ဒီအမှုကို ခင်ဗျားကို

လွှဲပေးလိုက်မယ်၊ ဂက်။ ကျွန်တော် ပြစ်မှုထင်ရှားတာကို လိုချင်တယ်။ လူသတ်မှု။ ဓာတ်ငွေ့ စီရင်ခန်းကို ပို့မယ်။" "စိတ်မပူပါနဲ့။ ကျွန်တော် စီစဉ်လိုက်ပါ့မယ်" ဂက်ဗီနာဘာယ်က တိုးတိုးပြော၏။

တရားရုံးထဲတွင်ထိုင်ကာ ဒေါက်တာပေ့ချ်တေစ်လာကို ကြည့်နေရင်မှ ဂက်ဗီနာဘာယ် စဉ်းစားမိသည်။ သူမက ဂျူရီပိုင်တဲ့လူပဲ။ ထို့နောက် သူ့ကိုယ်သူ ပြန်ပြုံးမိသည်။ ဘယ်သူမှ ဂျူရီမပိုင်ပါဘူး။ သူမသည် ပိန်ပိန်သွယ်သွယ်ဖြစ်ပြီး ကြောက်လန့်နေသော အညိုရင့်ရောင် မျက်လုံးများကို ဖြူဖျော့သောမျက်နှာတွင် ပိုင်ဆိုင်ထားသည်။ သတိမမူမိသူကတော့ သူမကို ဆွဲဆောင်မှုရှိသော မိန်းမအဖြစ် မတွေးမိနိုင်ပေ။ သို့သော် မျက်စိရှင်သူကတော့ သူမဘာဝ၏ မတူညီသောအစိတ်အပိုင်းများ ကိုယ်တွင်း၌ အတူတကွရှိနေကြောင်း သတိထားမိနိုင်သည်။ ပျော်ရွှင်စိတ်လှုပ်ရှားဖွယ်ကောင်းသော ကလေးဘာဝ၊ ရှက်ရွံ့မသေချာသော ဆယ်ကျော်သက်ဘာဝနှင့် မိန်းမတစ်ယောက်၏ အသိဉာဏ်နှင့် နာကျင်မှုတို့ ရှိနေသည်။ အပြစ်ကင်းသော အသွင်အပြင်ရှိ၏။ ယောက်ျားတစ်ယောက်ဟာ သူ့အမေအိမ်ကို ဂုဏ်ယူစွာ ခေါ်သွားဝံ့တဲ့ မိန်းမစားမျိုးပဲဟု ဂက်ဗီနာဘာယ် ခပ်ထေ့ထေ့တွေးမိ၏။ အဲ့ဒီအမေက သွေးအေးလူသတ်သမားကို ကြိုက်တယ်ဆိုရင်ပေ့ါလေ။

သူမ၏ မျက်ဝန်းအာရုံများသည် ဝေးကွာသောနေရာတွင် ရှိနေသည်။ ဒေါက်တာပေ့ချ်တေစ်လာမှာ သူမကိုယ်ကို ပိတ်မိနေသော အေးစက်ကြမ်းတမ်းသည့် တရားရုံးမှ အခြားနေရာ အခြားအချိန်သို့ ဆုတ်ခွာထားသလိုဖြစ်နေ၏။

တရားခွင်ကို ဘရိုင်ရင့်လမ်းရှိ ဆန်ဖရန်စစ္စကို တရားခန်းမအိုကြီးထဲတွင် ကျင်းပနေသည်။ အထက်တရားရုံးနှင့် ပြည်နယ်ထောင်တို့ပါရှိသော အဆောက်အအုံမှာ အညိုရောင် လေးထောင့်တုံးများဖြင့် ဆောက်လုပ်ထားကာ ခုနစ်ထပ်မြင့်ပြီး မလာရ တားမြစ်ထားသလိုပုံစံရှိသော ဗိမာန်ကြီးနှင့်တူသည်။ တရားရုံးလာသော ဧည့်သည်များမှာ လျှပ်စစ်ဖြင့်စစ်ဆေးသော လုံခြုံရေးဂိတ်များကို ဖြတ်လာရသည်။ အပေါ်ထပ် သုံးလွှာတွင်တော့ အထက်တရားရုံးရှိသည်။ လူသတ်မှုများကို ကြားနာသော ရုံး ၁၂၁ တွင် တရားသူကြီးစားပွဲက နောက်နံရံတွင်ရှိပြီး အမေရိကန်အလံကို ကျောပေးထားသည်။ ဘယ်ဘက်တွင် ဂျူရီထိုင်ခုံများရှိပြီး အလယ်တွင်တော့ လူသွားလမ်းကခြားလျက် စားပွဲခုံနှစ်ခုရှိသည်။ တစ်ခုမှာ ဆွဲချရှေ့နေအတွက်ဖြစ်ပြီး နောက်တစ်ခုမှာ တရားခံရှေ့နေအတွက်ဖြစ်၏။

တရားရုံးမှာ သတင်းထောက်များ၊ လူသတ်မှုများကို စိတ်ဝင်စားသည့် ပရိသတ်တို့နှင့် ပြည့်နေသည်။ လူသတ်မှုများထဲတွင်တော့ ယခုအမှုသည် ထင်ရှားကျော်ကြားသည်။ ဆွဲချရှေ့နေ ဂက်ဗီနာဘာယ်ကတော့ ကျလောက်စရာ ရုပ်ရည်ရှိသည်။ သူသည် တုတ်ခိုင်သန်မာပြီး ဖြူစပြုနေသောဆံပင်၊ မုတ်ဆိတ်၊ တောင်ပိုင်းခြံပိုင်ရှင်ကဲ့သို့သော အမူအရာများဖြင့် ကျော်စောသည်။ သူ တောင်ပိုင်းသို့ တစ်ခါမျှတော့ မရောက်ဖူး။ သူ့တွင် စိတ်ရှုပ်ထွေးစေသော လေသံနှင့် ကွန်ပျူတာဦးနှောက်တို့ရှိ၏။ သူ့အမှတ်တံဆိပ်မှာ အဖြူရောင်ဝတ်စုံနှင့် ခေတ်ဟောင်း ကော်လာမာ ရုပ်တို့ဖြစ်သည်။

ပေ့ချ်တေစ်လာ၏ ရှေ့နေ အလန်ပန်း ကတော့ ဗီနာဘယ်၏ ပြောင်းပြန်ပင်။ ကျစ်လစ်တက်ကြွပြီး ၎င်း၏ အမူသည်များကို ကွင်းလုံးကျွတ်လွတ်စေခြင်းဖြင့် ကျော်ကြားသည်။

သူတို့နှစ်ယောက်မှာ ယခင်ကလည်း ဆုံဖူးပြီး ဆက်ဆံရေးမှာ မကျေမနပ်လေးစားမှုနှင့် လုံးဝအယုံအကြည်မဲ့မှုတို့ပင်။ ဗီနာဘယ် အံ့သြမိသည်မှာ အလန်ပန်းက တရားရုံးမတိုင်ခင် သူ့ကို လာတွေ့ခြင်းပင်။ "ကျွန်တော် ခင်ဗျားကို အခွင့်အရေးပေးဖို့ လာတာပဲ၊ ဂက်။" လက်ဆောင်များယူလာသည့် တရာခံရှေ့နေများကို သတိထားရမည်။ "မင်းဘာပြောချင်တာလဲ၊ အလန်" "အခုကျွန်တော် နားလည်သွားပြီ။ ကျွန်တော့်အမူသည်နဲ့တော့ မပြောရသေးဘူး။ ဒါပေမဲ့ ကျွန်တော်ထင်တယ်။ ထင်ရုံပါပဲ။ သူမကို အပြစ်ရှိကြောင်း ဝန်ခံပြီး အယူခံဝင်အောင် ဆွဲဆောင်ပြီး ပြစ်ဒဏ်ကို လျှော့ပေးစေမယ်။ တရားစရိတ်လည်း အကုန်သက်သာတာပေါ့။" "ခင်ဗျားက ကျွန်တော့်ကို အယူခံဝင်ဖို့ ဈေးလာဆစ်နေတာလား" "ဟုတ်တယ်"

ဂက်ဗီနာဘယ် သူ့စားပွဲသို့ လက်လှမ်းလိုက်ပြီး တစ်စုံတစ်ခုကို ရှာဖွေနေ၏။ "ငါ့ ပြက္ခဒိန်ကို ရှာလို့မတွေ့ဘူး။ ဒီနေ့ဘာနေ့လဲ ခင်ဗျားသိလား။" "ဂျွန် တစ်ရက်။ ဘာလို့လဲ" "အော်..ကျွန်တော်က ခရစ္စမတ်လို့ထင်လိုက်လို့ပါ။ မဟုတ်ရင် ခင်ဗျားက ဒီလို လက်ဆောင်မျိုးလာတောင်းမှာ မဟုတ်ဘူးလေ။" "ဂက်..."

ဗီနာဘယ်က ရှေ့ညွှတ်လိုက်ပြီး "ဒီမှာ အလန်..ပုံမှန်ဆိုရင်တော့ ကျွန်တော်လည်း ခင်ဗျားနဲ့ လိုက်လျောချင်တယ်။ အမှန်အတိုင်းပြောရရင် အခုချိန်မှာ ကျွန်တော် အလာစကာသွားပြီး ငါးမျှားနေချင်တယ်။ ဒါပေမဲ့ အဖြေကတော့ 'နိုး' ပဲ။ ခင်ဗျားဟာ အကူအညီမဲ့လူနာကို ပိုက်ဆံအတွက် သတ်ခဲ့တဲ့ သွေးအေးလူသတ်သမားကို ကာကွယ်နေတာပဲ။ ကျွန်တော်ကတော့ သေဒဏ်ချပေးဖို့ တောင်းဆိုနေမှာ။"

"ကျွန်တော်ကတော့ သူမမှာ အပြစ်မရှိဘူးထင်တယ်။ ပြီးတော့ ကျွန်တော်…." ဗီနာဘယ်က ရယ်လိုက်သည်။ "မဟုတ်ဘူး။ မင်းမထင်ပါဘူး။ တခြားဘယ်သူမှလည်း မထင်ဘူး။ ဒါရှင်းနေတာပဲ။ မင်းအမူသည်က အပြစ်ရှိတယ်။"

"ဂျူရီက မပြောမချင်း မရှိဘူး၊ ဂက်"

"ပြောမှာပါ….ပြောမှာပါ"

အလန်ပန်း ထွက်သွားပြီးနောက် ဂက်ဗီနာဘယ် သူတို့ စကားဝိုင်းအကြောင်း စဉ်းစားနေသည်။ ပန်း သူ့ဆီလာသည်ဆိုသည်မှာ အားနည်းခြင်း၏ ပြယုဂ်ဖြစ်သည်။ ဘယ်လိုမှ တရား မနိုင်နိုင်မှန်း ပန်း သိသည်။ ဂက်ဗီနာဗယ်သည် သူ၏ ငြင်းမရသော သက်သေများနှင့် မျက်မြင်များအကြောင်း စဉ်းစားမိပြီး ကျေနပ်သွားသည်။

မေးနေစရာမလိုပါဘူး။ ဒေါက်တာ ပေ့ချ်တေစ်လာကတော့ ဓာတ်ငွေ့စီရင်ခန်းထဲ သွားရမှာပါ။

ဂျူရီတစ်ယောက်ကို ရွေးသည်ဆိုတာမှာ မလွယ်ပေ။ အမှုကလည်း ခေါင်းစီးတွေတွင် လန့်ချီ နေရာယူထားခဲ့သည်။ သွေးအေးလူသတ်မှုက

ဒေါသလှိုင်းတံပိုးများကို ဖော်ဆောင်ခဲ့သည်။ ကြားနာမည့် တရားသူကြီးမှာ ဗန်နက်ဆာယန်း။ စိတ်ဓာတ်မာကျောပြီး အလွန်တော်သော လူမည်း ဥပဒေပညာရှင်။ အမေရိကန် အထူးတရားရုံး အတွက် နောက်နှစ် ပြိုင်ပွဲဝင်မည့်သူဟု သတင်းထွက်နေသူ။ သူမဟာ စိတ်ဆတ်သလို ရှေ့နေများအပေါ်လည်း စိတ်မရှည်ပေ။ ဆန်ဖရန်စစ္စကို တရားရုံး ရှေ့နေများတွင် ဆိုရိုးတစ်ခုရှိသည်။

"တကယ်လို့ မင်းအမှုသည်ဟာ အပြစ်ရှိပြီး ကြင်နာသနားဖို့ မျှော်လင့်နေမယ်ဆိုရင်၊ တရားသူကြီး ယန်းရဲ့ တရားရုံးက ဝေးဝေးမှာနေ"။ တရားမစခင်တွင် တရားသူကြီး ယန်းက ရှေ့နေနှစ်ယောက်လုံးအား သူမအခန်းတွင်းသို့ ဖိတ်ခေါ်လိုက်သည်။

"ကျွန်မတို့ အခြေခံစည်းမျဉ်းနည်းနည်း ထားလိုက်ရအောင်။ ဒီအမှုရဲ့ ပြင်းထန်တဲ့ သဘောသဘာဝအရ တရားခံကို မျှတတဲ့ တရားခွင်ဖြစ်အောင် ကျွန်မက လိုက်လျောမှုအချို့လုပ်ပေးမယ်။ ဒါပေမဲ့ ဒီအပေါ်အခွင့်အရေးမယူဖို့ ရှင်တို့ နှစ်ယောက်လုံးကို သတိပေးရလိမ့်မယ်။ ရှင်းရဲ့လား။"

"ဟုတ်ကဲ့ပါ ခင်ဗျား"

"ဟုတ်ကဲ့ပါ ခင်ဗျား"

ဂက်ဗီနာဘယ်က သူ၏ ရှေးဦးကြေညာချက်ကို အဆုံးသတ်နေသည်။ "ဒါကြောင့် ဂျူရီလူကြီးလူကောင်းအပေါင်းတို့ခင်ဗျား။ ကျွန်တော်တို့ဘက်က အဆိုတင်သွင်းပါတယ်။ ဒေါက်တာ ပေ့ချ်တေစ်လာဟာ သူမရဲ့လူနာ ဂျွန်ခရိုနင်ကို သတ်ခဲ့တယ်ဆိုတာ သံသယပွားဖွယ်မရှိပါဘူး။ သူမဟာ လူသတ်မှု ကျူးလွန်ရုံမက မြောက်များစွာသော ပိုက်ဆံအတွက် ကျူးလွန်ခဲ့တာပါ။ သူမဟာ ဂျွန်ခရိုနင်ကို ဒေါ်လာတစ်သန်းအတွက် သတ်ခဲ့တာပါ။"

"ကျွန်တော့်ကို ယုံပါ။ လူကြီးမင်းတို့ သက်သေတွေအားလုံးကို ကြားနာပြီးတဲ့အခါ ဒေါက်တာပေ့ချ်တေစ်လာမှာ အပြစ်ရှိကြောင်း ဆုံးဖြတ်ဖို့ ဘာအခက်အခဲမှ ရှိတော့မှာ မဟုတ်ပါဘူး။ ကျေးဇူးတင်ပါတယ်"

ဂျူရီများက တိတ်ဆိတ်စွာ ထိုင်နေကြပြီး မရွှေ့လျားပေမဲ့ ဆက်ပြောမည်ကို မျှော်နေကြသည်။ ဂက်ဗီနာဘယ်က တရားသူကြီးဘက် လှည့်လိုက်ပြီး "လူကြီးမင်းခွင့်ပြုမယ်ဆိုရင် ကျွန်တော် ဂယ်ရီဝီလျံကို ပထမသက်သေအဖြစ် ဆင့်ခေါ်ချင်ပါတယ် ခင်ဗျား"။

သက်သေ ကျမ်းသစ္စာကျိန်ဆိုပြီးသောအခါ ဂက်ဗီနာဘယ်က "ခင်ဗျားဟာ အန်ဘာကာဒီရို ဆေးရုံက အထွေထွေဝန်ထမ်းဟုတ်ပါသလား"

"ဟုတ်ကဲ့။ မှန်ပါတယ်"

"ခင်ဗျားဟာ ဂျွန်ခရိုနင် မနစ်က ဆေးရုံတက်တုန်းက အဆောင်သုံးမှာ အလုပ်လုပ်နေခဲ့သလား"

"ဟုတ်ကဲ့"

"သူ့ရဲ့ တာဝန်ကျဆရာဝန်ဟာ ဘယ်သူလဲဆိုတာ ပြောပြနိုင်မလား"

"ဒေါက်တာ တေစ်လာ ပါ"

"ဒေါက်တာ တေစ်လာနဲ့ ဂျွန်ခရိုနင်တို့ရဲ့ ဆက်ဆံရေးအကြောင်း ခင်ဗျား ပြောပြနိုင်မလား"

"ကန့်ကွက်ပါတယ်" အလန်ပန်းက မတ်တတ်ရပ်လိုက်သည်။ "သူဟာ မျက်မြင်ကနေ သုံးသပ်ချက် တောင်းခံနေပါတယ်"

"လက်ခံပါတယ်"

"ကျွန်တော် ပြန်ပြောင်းမေးပါ့မယ်။ ခင်ဗျား ဒေါက်တာတေစ်လာနဲ့ ဂျွန်ခရိုနင်တို့ စကားပြောတာကို ကြားဖူးပါသလား"

"အိုး...ကြားဖူးတာပေါ့။ ကျွန်တော်တစ်ချိန်လုံး အဲဒီအဆောင်မှာ အလုပ်လုပ်ခဲ့တာကိုး.."

"သူတို့စကားတွေကို ရင်းရင်းနှီးနှီး ရှိတယ်လို့ ခင်ဗျား ပြောမလား"

"မဟုတ်ပါဘူး ခင်ဗျာ"

"တကယ်လား။ ဘာကြောင့် ဒီလို ပြောတာလဲ"

"ဟို...မစ္စတာခရိုနင် ရောက်လာတဲ့ ပထမဆုံးနေ့ကို ကျွန်တော်မှတ်မိပါတယ်။ ဒေါက်တာတေစ်လာက သူ့ကို စစ်ဆေးမယ်အလုပ်မှာ သူက သူမရဲ့ ...." သူ ထစ်အသွားသည်။ "ကျွန်တော် ဒါကို ပြန်ပြောခွင့်ရှိမလား မသိဘူး"

"ပြောပါ။ မစ္စတာ ဝီလျံ။ ဒီတရားရုံးထဲမှာ ကလေးတွေရှိလိမ့်မယ်လို့ ကျွန်တော်မထင်ဘူး"

"ဟို...သူက သူမရဲ့ သောက်လက်တွေကို ဖယ်ပစ်ဖို့ ပြောပါတယ်"

"သူက ဒေါက်တာတေစ်လာကို ဒီလို ပြောတယ်ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ကျေးဇူးပြုပြီး တခြား ခင်ဗျား ကြားခဲ့ မြင်ခဲ့တာတွေကို ရုံးတော်ကို ပြောပြစေချင်ပါတယ်"

"ဟို...သူက ဒေါက်တာ့ကို အမြဲတမ်း ဟိုခွေးမလို့ ခေါ်ပါတယ်။ သူမ အနားကပ်လာတာကို မကြိုက်ပါဘူး။ သူ့အခန်းထဲဝင်လာပြီဆိုရင် ဟိုခွေးမတော့ ရောက်လာပြန်ပြီတို့၊ အဲဒီခွေးမကို မနှောင့်ယှက်ဖို့ ပြောလိုက်ပါတို့၊ ဘာလို့ငါ့ကို တကယ့်ဆရာဝန်တစ်ယောက်မပေးတာလဲတို့ အဲဒါမျိုးတွေ ပြောတတ်ပါတယ်။"

ဂက်ဗီနာဘယ်က ခဏနားလိုက်ပြီး ဒေါက်တာတေစ်လာ ထိုင်နေရာကို ကြည့်လိုက်၏။ ဂျူရီလူကြီးများ၏ မျက်လုံးများက သူ့နောက်လိုက်လာသည်။ ဗီနာဘယ်က ဝမ်းနည်းသလိုဖြင့် ခေါင်းကိုရမ်းလိုက်ပြီး သက်သေဘက်သို့ ပြန်လှည့်လိုက်သည်။ "ခင်ဗျားအနေနဲ့ဆိုရင် မစ္စတာခရိုနင်ဟာ ဒေါက်တာတေစ်လာကို ဒေါ်လာတစ်သန်းပေးခဲ့မယ်လို့ ထင်ပါသလား"

အလန်ပန်း ထပ်ရပ်လိုက်သည်။ "ကန့်ကွက်ပါတယ်။ သူဟာ ထင်မြင်ချက်ကို ထပ်မံတောင်းခံနေပါတယ်"

တရားသူကြီးယန်းက "ပယ်ချပါတယ်။ သက်သေခံဟာ မေးခွန်းကို ဖြေဆိုနိုင်ပါတယ်"

အလန်ပန်းသည် ပေ့ချ်တေစ်လာအား ကြည့်လိုက်ပြီး သူ့ခုံတွင် ပြန်ထိုင်လိုက်သည်။ "ချီးမှုပဲ။ သူဟာ သူမကို အသေ မုန်းနေပြီ"

* * *

ဒေါက်တာ အာသာကိန်းသည် သက်သေခံဝန်းထဲရောက်နေ၏။ ဂက်ဗီနာဘယ်က "ဒေါက်တာ အာသာကိန်းခင်ဗျား။ ဂျွန်ခရိုနင်ဟာ

သွေးကြောထဲကို အင်ဆူလင်ထိုးသွင်းခံရပြီး အသတ်ခံရကြောင်း သိရှိတဲ့အချိန်မှာ ခင်ဗျားဟာ တာဝန်ခံဆရာဝန်ဖြစ်ကြောင်း သိရပါတယ်။ ဟုတ်ပါသလားခင်ဗျာ"

"ဟုတ်ပါတယ်"

"ပြီးတော့ ခင်ဗျားဟာ ဒေါက်တာတေစ်လာမှာ တာဝန်ရှိကြောင်း တွေ့ရှိခဲ့တယ်"

"မှန်ပါတယ်"

"ဒေါက်တာကိန်းခင်ဗျား။ ဒေါက်တာတေစ်လာလက်မှတ်ထိုးထားတဲ့ ဆေးရုံကသေဆုံးလက်မှတ်ကို ကျွန်တော်ပြပါမယ်။" သူသည် စက္ကူတစ်ရွက်ကို ယူလိုက်ပြီး ကိန်းလက်ထဲထည့်လိုက်သည်။ "ကျေးဇူးပြုပြီး ဒါကို ကျယ်ကျယ်ဖတ်ပေးပါခင်ဗျာ"

ကိန်း စဖတ်၏။ "ဂျွန်ခရိုနင်။ သေဆုံးရခြင်းအကြောင်းရင်း- အဆုတ်သွေးကြောပိတ်မှုကြောင့် နှလုံးကြွက်သားများသေဆုံးကာ အသက်ရှူရပ်ခြင်း"

"လူသာမန်စကားအရဆိုရင်ကော"

"အစီရင်ခံစာအရဆိုရင်တော့ လူနာဟာ နှလုံးရပ်ပြီး သေဆုံးတာပါ"

"ဒီစာရွက်ကို ဒေါက်တာတေစ်လာ လက်မှတ်ထိုးခဲ့ပါသလား"

"ဟုတ်ပါတယ်"

"ဒေါက်တာကိန်းခင်ဗျား။ ဒါဟာ ဂျွန်ခရိုနင်ရဲ့ သေဆုံးရခြင်းအကြောင်းရင်း အမှန်ဟုတ်ပါသလားခင်ဗျား"

"မဟုတ်ပါဘူး။ အင်ဆူလင်ထိုးသွင်းလိုက်ခြင်းကြောင့် သေရတာပါ"

"ဒါဆိုရင် ဒေါက်တာတေစ်လာဟာ သေစေလောက်တဲ့ အင်ဆူလင်ပမာဏကို ထိုးသွင်းလိုက်ပြီး သေကြောင်းအစီရင်ခံစာကိုလည်း အတုလုပ်ခဲ့တာပေါ့"

"ဟုတ်ပါတယ်"

"နောက်တော့ ဒေါက်တာက ဆေးရုံအုပ်ချုပ်ရေးမှူး ဒေါက်တာ ဝေါလေ့ဆီကို သတင်းပို့ခဲ့ပြီး သူကတစ်ဆင့် သက်ဆိုင်ရာကို သတင်းပို့တယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်။ ကျွန်တော်မှာ တာဝန်ရှိတယ်လို့ ခံစားမိလို့ပါ" သူ့အသံမှာ အမုန်တရားဘက်မှ မခံမရပ်နိုင်ဖြစ်နေပုံပေါ်သည်။ "ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ပါ။ လူသားတစ်ယောက်အသက်ကို နှုတ်ယူသင့်တယ်လို့

ခြအနေမျိုးမှာပဲဖြစ်ဖြစ် ကျွန်တော်မယုံကြည်ပါဘူး"

ဆင့်ခေါ်သော သက်သေမှာ ဂျွန်ခရိုနင်၏ မိန်းမဖြစ်သည်။ ဟေဇယ်ခရိုနင်မှာ အသက် သုံးဆယ်ကျော် လေးဆယ်နီးပါး၊ အနီရောင်ဆံပင်နှင့် ဖြစ်ပြီး ရှိုက်ကြီးဖိုငယ်အသွယ်သွယ်မှာ ဝတ်ဆင်ထားသော အနက်ရောင်ဝတ်စုံက မဖုံးကွယ်ထားနိုင်လောက်အောင် ပေါ်လွင်လှသည်။ ဂက်ဗီနာဘယ်က "မစ္စစ်ခရိုနင်အနေနဲ့ ဘယ်လောက်တောင် နာကျင်ခံစားရမလဲဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ အစ်မကြီးနဲ့ ကွယ်လွန်သူယောက်ျားတို့ရဲ့ ဆက်ဆံရေးအခြေအနေကို ကျွန်တော်မေးပြီး ဂျူရီလူကြီးမင်းများကို ရှင်းပြရမယ်"။ မုဆိုးမ ခရိုနင်က မျက်လုံးများကို ဇာလက်ကိုင်ပဝါဖြင့် ခပ်ဖွဖွသုတ်လိုက်ပြီး "ဂျွန်နဲ့ကျွန်မမှာ ချစ်ခြင်းနဲ့ပြည့်နေတဲ့ အိမ်ထောင်ရေးရှိပါတယ်။ သူဟာ

အံ့ချီးဖွယ်ကောင်းသူတစ်ယောက်ပါ။ ကျွန်မဟာ သူ့အတွက် ပျော်ရွှင်ဖွယ်အကောင်းဆုံးတွေ ယူဆောင်လာပေးတယ်လို့ မကြာခဏပြောပါတယ်”

“ဂျွန်ခရိုနင်ကို လက်ထပ်တာ ဘယ်လောက်ကြာပြီလဲ”

“၂ နှစ်ပါ။ ဒါပေမဲ့ ဂျွန်ကတော့ နတ်ပြည်မှာ ၂ နှစ်နေရသလိုပဲလို့ အမြဲပြောပါတယ်”

“မစ္စစ်ခရိုနင်...အစ်မကြီးယောကျ်ားက ဒေါက်တာတေစ်လာနဲ့ ပတ်သက်ပြီး ဆွေးနွေးဖူးပါသလား။ သူမဟာ အလွန်တော်တဲ့ ဆရာဝန်ဖြစ်ကြောင်း၊ ဘယ်လောက်အကူအညီပေးကြောင်း၊ သူဘယ်လောက် နှစ်သက်ကြောင်း စသည်ဖြင့်ပေါ့”

“သူတစ်ခါမှ သူမ အကြောင်းမပြောဖူးပါဘူး”

“လုံးဝ?”

“လုံးဝပါပဲ”

“ဂျွန်က အစ်မကြီးနဲ့ အစ်မကြီး မောင်တွေကို သူ့သေတမ်းစာထဲက ထုတ်ထားကြောင်း ပြောဆိုဆွေးနွေးဖူးပါသလား”

“မဖြစ်နိုင်တာရှင်။ သူဟာ ကမ္ဘာပေါ်မှာ အရက်ရောဆုံးသူပါ။ သူက ကျွန်မလိုချင်တာမရ မရှိစေရဘူးလို့ အမြဲပြောပါတယ်။ ပြီးတော့ သူသေတဲ့အခါ...” သူမအသံ ပျော့ဝင်သွားသည်။ “သူသေတဲ့အခါ ကျွန်မဟာ ချမ်းသာတဲ့ မိန်းမတစ်ယောက်ဖြစ်လာမယ်တဲ့။ ပြီးတော့...” သူမဆက်မပြောနိုင်တော့။

တရားသူကြီးယန်းက “ကျွန်ုပ်တို့ ဆယ့်ငါးမိနစ် နားကြမယ်” ဟု ပြောလိုက်သည်။

တရားခွင်၏ နောက်ဘက်ခုံတွင် ထိုင်နေသည့် ဂျေဆင်ကားတစ် ဒေါသများဖြင့် ပြည့်လာသည်။ သက်သေများက ပေ့ချ်အကြောင်းပြောသွားသည်ကို သူမယုံနိုင်ဖြစ်နေသည်။ ဒါ ငါချစ်တဲ့ မိန်းကလေးပဲ။ သူတွေးမိ၏။ ငါလက်ထပ်မယ့် မိန်းမပဲ။

ပေ့ချ်ကို ဖမ်းပြီးပြီးချင်း သူမရှိရာထောင်သို့ ဂျေဆင်ကားတစ် အလည်သွားသည်။ “ငါတို့ ဒါကို တိုက်ကြမယ်” သူမကို အားပေး၏။ “မင်းအတွက် တစ်နိုင်ငံလုံးမှာ အကောင်းဆုံး ပြစ်မှုရှေ့နေ ရအောင်ခေါ်ပေးမယ်။ နာမည်တစ်ခု သူ့စိတ်ထဲ ပေါ်လာ၏။ အလန်ပန်း။ ဂျေဆင် သူ့အားတွေ့ရန် ထွက်သွားသည်။

“ကျွန်တော် ဒီအမှုအကြောင်းကို သတင်းစာတွေမှာ ဖတ်ရပါတယ်”

[illegible] က ပြောသည်။ “မီဒီယာတွေက သူမကို ပိုက်ဆံအတွက်

[illegible] သတ်တာဖြစ်ကြောင်း စစ်ဆေးအပြစ်ချ စီရင်ပြီးပြီ။

ပြီးတော့ သူမကလည်း သတ်ကြောင်း ဝန်ခံပြီးပြီ”

“ကျွန်တော်သူမကို သိတယ်” ဂျေဆင်ကားတစ်က ပြော၏။ “ယုံပါ။ ပေ့ချ်ဟာ ပိုက်ဆံအတွက် လုပ်တယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး”

“သူမက သတ်ကြောင်း ဝန်ခံလိုက်တဲ့အတွက်” ပန်းက ပြော၏။ “ကျွန်တော်တို့ အခုရင်ဆိုင်နေရတာက ယူသနေးစီးယား(ဆရာဝန်က လူနာကို သနားသဖြင့် သတ်ခြင်း)ပဲ။ သနားလို့သတ်တာဟာလဲ အခြားပြည်နယ်အများစုလိုပဲ ကယ်လီဖိုးနီးယားမှာလည်း ဥပဒေနဲ့ ဆန့်ကျင်နေတယ်။ ဒါပေမဲ့ မတူညီတဲ့ ခံစားမှုတွေတော့ ရှိတာပေါ့လေ။ ကျွန်တော့်အနေနဲ့တော့ ဖလောရင့်နိုက်တင်ဂေးဟာ

အထက်ကအသံတွေကို နားထောင်ပြီး လုပ်လိုက်တာတို့ ဘာတို့ ပြောပြီး အမှုကို ကြည့်လုအောင် လုပ်လို့တော့ရတယ်။ ဒါပေမဲ့ ပြဿနာက ခင်ဗျားအမျိုးသမီးက သူမအတွက် ဒေါ်လာတစ်သန်း သေတမ်းစာထဲထားခဲ့တဲ့ လူနာတစ်ယောက်ကို သတ်လိုက်တာပဲ။ ကြက်နဲ့ ကြက်ဥဘယ်ဟာ အရင်လဲဆိုတာလို ဖြစ်နေပြီ။ သူမဟာ တစ်သန်းအကြောင်း လူမသတ်ခင်သိသလား။ ပြီးမှ သိသလား။"

"ပေ့ချ်ဟာ ပိုက်ဆံအကြောင်း တစ်လုံးမှ မသိပါဘူး" ဂျေဆင်က ခိုင်မြဲစွာပြော၏။

ပန်း၏ လေသံမှာ မယုတ်မလွန်ပင်။ "ကောင်းပြီ။ ဒါဟာ တိုက်ဆိုင်မှုပဲပေ့ါ။ ပြည်နယ်ရှေ့နေကတော့ လူသတ်မှုအဖြစ် စွဲချက်တင်ပြီး သေဒဏ်ချမှတ်ဖို့ တောင်းဆိုနေပြီ"

"ခင်ဗျား အမှုကို လက်ခံမှာလား"

ပန်း တုံ့ဆိုင်းနေသည်။ ဂျေဆင်ကားတစ်က ဒေါက်တာတေစ်လာကို ယုံကြည်ကြောင်း သိသာလှ၏။ ဆမ်ဆင်က ဒေလီလာကို ယုံသလို ယုံခြင်းဖြစ်သည်။ (ဆမ်ဆင်၊ ဒေလီလာ - သမ္မာကျမ်းစာထဲမှ အမည်များဖြစ်သည်) သူ ဂျေဆင်ကို ကြည့်ပြီး စဉ်းစားမိသည် - ဒီခွေးမသားက သူ့ကိုယ်သူတောင် သိရဲ့လား မသိဘူး။

ဂျေဆင်က အဖြေကို စောင့်နေသည်။

"ကျွန်တော် အမှုကို လက်ခံမယ်လေ။ ဒါဟာ ရေဆန်ခရီးပဲဆိုတာ ခင်ဗျားသိထားရင်ပေ့ါ။ နိုင်ဖို့ဆိုတာ တော်တော် ခဲယဉ်းလိမ့်မယ်"။ အလန်ပန်း၏ မှတ်ချက်မှာ တော်တော် အကောင်းမြင်ဆန်လွန်းသည်။

နောက်တစ်နေ့ တရားခွင်ပြန်စသောအခါ ဂက်ဗီနာဘယ်က မျက်မြင်သက်သေ တစ်တန်းကြီးကို ခေါ်လာသည်။ သူနာပြုတစ်ယောက်  သက်သေစင်ပေါ်သို့ ရောက်နေ၏။ "ဂျွန်ခရိုနင်က ဒီလိုပြောတာကို ကျွန်မကြားပါတယ်။ ငါခွဲစင်ပေါ်မှာ သေရတော့မယ်မှန်းငါသိတယ်။ မင်းဟာ ငါ့ကို သတ်တော့မယ်။ မင်းကို လူသတ်မှုနဲ့ ဖမ်းပါစေလို့ ငါမျှော်လင့်တယ်"

ရှေ့နေ ရိုဒရစ်ပယ်ဟန် စင်ပေါ်သို့ ရောက်၏။ ဂက်ဗီနာဘယ်က "ခင်ဗျား ဒေါက်တာတေစ်လာကို ဂျွန်ခရိုနင်ရဲ့ ပိုင်ဆိုင်မှုထဲက ဒေါ်လာတစ်သန်းအကြောင်း ပြောတဲ့အခါ သူမဘာပြောလဲ"

"သူမက ဒါဟာ သမားကျင့်ဝတ်နဲ့ မညီကြောင်း၊ သူဟာ သူမရဲ့ လူနာဖြစ်ကြောင်း အဲဒါမျိုးတွေ ပြောပါတယ်"

"သူမက ဒါဟာ ကျင့်ဝတ်မညီဘူးလို့ ဝန်ခံတယ်ပေ့ါ"

"ဟုတ်ပါတယ်"

"ဒါပေမဲ့ သူမဟာ ငွေတွေကို ယူဖို့ သဘောတူခဲ့ပါသလား"

"အိုး...တူတာပေ့ါ။ အသေအချာပါပဲ"

အလန်ပန်းက ပြန်လှန်စစ်ဆေးနေသည်။

"မစ္စတာ ပယ်ဟန်ခင်ဗျား။ ဒေါက်တာတေစ်လာဟာ ခင်ဗျားလာမှာကို ကြိုမျှော်နေပါသလား"

"ဘာလို့လဲ။ မမျှော်ဘူး။ ကျွန်တော်..."

"ခင်ဗျားဟာ သူကို ဖုန်းဆက်ပြီး 'ဂျွန်ခရိုနင်က မင်းကို ဒေါ်လာတစ်သန်းပေးခဲ့တယ်' လို့ မပြောခဲ့ဘူး မဟုတ်လား"

"မပြောပါဘူး။ ကျွန်တော်..."

“ဒါဆို သူမကို ပြောတဲ့အခါ ခင်ဗျားတို့ မျက်နှာချင်းဆိုင်ပဲ မဟုတ်လား”

“ဟုတ်ပါတယ်”

“သူမဟာ ဒီသတင်းကို ဘယ်လိုတုံ့ပြန်သလဲဆိုတာ မြင်နိုင်တဲ့ အနေအထားမှာ ဟုတ်ပါသလား”

“ဟုတ်ပါတယ်”

“ဒါဆို ခင်ဗျားက သူ့ကို ပိုက်ဆံအကြောင်းပြောလိုက်တဲ့အခါ သူမ ဘယ်လို တုံ့ပြန်သလဲ”

“ဟို...သူမ..သူမ အံ့သြပုံပေါက်ပါတယ်။ ဒါပေမဲ့...”

“ကျေးဇူးတင်ပါတယ်။ မစ္စတာ ပယ်ဟန်။ ဒီလောက်ပါပဲ။”

တရားခွင်မှာ လေးပတ်တိုင်ခဲ့လေပြီ။ ပရိသတ်နှင့် စာနယ်ဇင်းတို့က ဆွဲချရှေ့နေနှင့် ခုခံရှေ့နေတို့ကို စွဲမက်ဖွယ်ရာအဖြစ် ရှုမြင်ကြသည်။ ဂက်ဗီနာဘယ်က အဖြူရောင်ဝတ်စားထားပြီး အလန်ပန်းကတော့ အနက်ရောင်ဖြစ်၏။ သူတို့နှစ်ယောက်လုံး တရားရုံးထဲတွင် လှုပ်ရှားသွားလာနေပုံမှာ အသေအကျေတိုက်ကြသည့် စစ်တုရင်ပွဲတွင် ပေ့ချ်တေစ်လာအား စတေးခံနယ်ရုပ်အဖြစ်ထားသည့် ကစားသမားများနှင့် တူသည်။

ဂက်ဗီနာဘယ်က ပျော့ကွက်များကို နင်းသည်။ “တရားရုံးက လက်ခံမယ်ဆိုရင် အယ်မာရော်ဂျာကို သက်သေခံစင်ပေါ်ကို ခေါ်ချင်ပါတယ်”

သက်သေ ကျမ်းကျိန်ပြီးသောအခါ ဗီနာဘယ်က

“မစ္စရော်ဂျာ...ခင်ဗျားဘာအလုပ်လုပ်ပါသလဲ”

“မစ္စစ်ရော်ဂျာပါ”

“ခင်ဗျာ...ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ”

“ကျွန်မဟာ ကော်နီရှီ ခရီးသွားအဖွဲ့မှာ လုပ်ပါတယ်”

“ခင်ဗျားတို့ အဖွဲ့ဟာ နိုင်ငံပေါင်းစုံကို သွားဖို့ စီစဉ်ပေးသလို ဟိုတယ်အပါအဝင် အခြားနေထိုင်မှုတွေကို ခရီးသည်တွေအတွက် စီစဉ်ပေးတာလား”

“ဟုတ်ပါတယ်ရှင်”

“တရားခံကို တစ်ချက်လောက် ကြည့်စေချင်ပါတယ်။ သူမကို အရင်က မြင်ဖူးပါသလား”

“အိုး...ဟုတ်ကဲ့။ သူမဟာ ကျွန်မတို့ ခရီးသွားအဖွဲ့ကို လွန်ခဲ့တဲ့ ၂ နှစ်၊ ၃ နှစ်က လာဖူးပါတယ်”

“သူမ ဘာအလိုရှိလို့လဲ”

“သူမက လန်ဒန်၊ ပဲရစ်နဲ့ ကျွန်မအထင် ဗင်းနစ်မြို့တွေကို ခရီးသွားဖို့ စိတ်ဝင်စားတယ်ပြောပါတယ်”

“သူမဟာ ပက်ကေ့ချ်တိုးကို (တိုးအဖွဲ့က အလုံးစုံ ကြိုတင်စီမံပြီးသား ခရီးစဉ်) မေးပါသလား”

“အိုး...မမေးပါဘူး။ သူမက လေယာဉ်၊ ဟိုတယ် အရာရာ ပထမတန်းပဲလိုချင်တယ်လို့ ပြောပါတယ်။ ပြီးတော့ ကျွန်မထင်တယ် သူမဟာ ရွက်လှေတစ်စီးငှားဖို့ စိတ်ဝင်စားနေပါတယ်”

တရားရုံးတစ်ခုလုံး တိတ်ဆိတ်နေသည်။ ဂက်ဗီနာဘယ်

ဆွဲချရှေ့နေစားပွဲသို့ လျှောက်သွားပြီး ဖိုင်တွဲတချို့ကို ကိုင်မြှောက်လိုက်သည်။ ရဲတွေက ဒီလက်ကမ်းစာစောင်တွေကို ဒေါက်တာတေစ်လာရဲ့ တိုက်ခန်းကနေတွေ့ခဲ့တာပါ။ ဒါတွေကတော့ ပဲရစ်၊ လန်ဒန်နဲ့ ဗင်းနစ်မြို့တွေအတွက် ခရီးသွားလမ်းညွှန်တွေနဲ့ ဈေးကြီးတဲ့ ဟိုတယ်တွေ၊ လေကြောင်းလိုင်းတွေရဲ့ လက်ကမ်းကြော်ငြာတွေပါ။ တစ်ခုဆိုရင် ကိုင်ပိုင်ရွက်လှေငှားဖို့အတွက် ကုန်ကျစရိတ်ကို ရေးပြထားပါတယ်"

တရားရုံးအတွင်း တီးတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ဆွဲချရှေ့နေက လက်ကမ်းစာစောင်တစ်ခုကို ဖွင့်လိုက်သည်။

"ဒါကတော့ ငှားရမ်းဖို့ စက်လှေ စာရင်းပါ" သူ အသံကျယ်ကျယ်ဖတ်လိုက်သည်။ "ခရစ်တီးနား (ဝ)...တစ်ပတ် ဒေါ်လာ နှစ်သောင်းခြောက်ထောင်၊ အပေါင်း သဘော်၏ စရိတ်....လပ်ကီးဒရင်း တစ်ပတ် ဒေါ်လာ နှစ်သောင်းခုနစ်ထောင်သုံးရာ" သူမော့ကြည့်လိုက်ပြီး "ဒီမှာ လပ်ကီးဒရင်းကို မှတ်ထားတဲ့ အမှတ်ရှိပါတယ်။ ပေ့ချ်တေစ်လာဟာ တစ်ပတ်ကို နှစ်သောင်းခုနစ်ထောင်သုံးရာပေးရတဲ့ ရွက်လှေကို ရွေးချယ်ထားပါတယ်။ သူ့သားကောင်ကိုသာ မရွေးချယ်ရသေးတာပါ"

"ကျွန်တော်တို့ ဒါတွေကို သက်သေခံအထောက်အထား 'အေ' အဖြစ်ထားပါ့မယ်"။ ဗီနာဘယ်က အလန်ပန်းဘက်လှည့်လိုက်ပြီး ပြုံး၏။ အလန်ပန်းက ပေ့ချ်ကို ကြည့်၏။ သူမသည် စားပွဲကို ငုံ့ကြည့်နေပြီး မျက်နှာမှာ သွေးဆုတ်နေ၏။ "ခင်ဗျားရဲ့ သက်သေ"

ပန်း တုံ့ဆိုင်းမနေပဲ ချက်ချက်ထရပ်လိုက်၏။ "ဒီရက်ပိုင်းအတွင်း ခရီးသွားလုပ်ငန်းအခြေအနေဘယ်လိုရှိပါသလဲ၊ မစ္စစ်ရော်ဂျာ"

"ရှင်...ခွင့်လွှတ်ပါရှင်"

"ကျွန်တော်က စီးပွားရေးကို မေးတာပါ။ ကော်နီရှီဟာ ခရီးသွားလုပ်ငန်း အကြီးစားမဟုတ်လား"

"အတော့်ကို ကြီးပါတယ်။ ဟုတ်ပါတယ်"

"ဒါဆို လူတွေအများကြီးက လာပြီး ခရီးစဉ်တွေအကြောင်း မေးမြန်းကြမယ်လို့ ကျွန်တော်ထင်ပါတယ်"

"အိုး...ဟုတ်ပါတယ်"

"တစ်ရက်ကို ငါးယောက်ခြောက်ယောက်လောက်ရှိတယ်လို့ ပြောမလား"

"အိုး...မကပါဘူး" သူမက မခံချင်သလိုပြန်ပြောသည်။ "ကျွန်မတို့တွေဟာ ခရီးသွားအစီအစဉ်တွေကို နေ့စဉ် လူငါးဆယ်လောက်အထိကို ပြောပြကြရပါတယ်"

"တစ်နေ့အယောက်ငါးဆယ်?" သူ နှစ်ခြိုက်သည့် လေသံဖြင့် မေး၏။ "ကျွန်တော်တို့ အခုပြောနေတာက လွန်ခဲ့တဲ့ ၂ နှစ်၊ ၃ နှစ် ကိုဆိုတော့ ငါးဆယ်ကို ရက်ပေါင်း ကိုးရာနဲ့ မြှောက်လိုက်တော့ လူပေါင်း လေးသောင်းခွဲလောက်ရှိမယ်"

"အဲဒီလောက်ရှိမယ်ထင်ပါတယ်"

"အဲဒါဆို ဒီလူအားလုံးထဲမှာမှ ခင်ဗျားက ဒေါက်တာတေစ်လာကို မှတ်မိနေတယ်နော်။ ဘာကြောင့်လဲ"

"ဟို...သူမနဲ့ သူငယ်ချင်းနှစ်ယောက်လုံးဟာ ယူရိုခရီးစဉ်အတွက် အရမ်းကို စိတ်လှုပ်ရှားနေကြပါတယ်။ ဒါကို ချစ်စရာကောင်းတယ်လို့

ကျွန်မထင်တယ်လေ။ သူတို့ဟာ ကျောင်းသူလေးတွေလိုပါပဲ။ ဟုတ်တယ်။ သူတို့ကို ကျွန်မကောင်းကောင်းမှတ်မိတယ်။ ဘာလို့လဲဆိုတော့ သူတို့ဟာ ရွက်လှေတစ်စီးကို ငှားရမ်းနိုင်လောက်တဲ့ ပုံမရှိဘူးလေ"

"ကောင်းပြီ။ ဒါဆို ရောက်လာပြီး လက်ကမ်းစာစောင်တောင်းတဲ့ လူတိုင်းက ခရီးတစ်ခုခုကို သွားတာပေါ့ ဟုတ်လား"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ။ ဒါပေမဲ့..."

"ဒေါက်တာတေစ်လာဟာ ခရီးတစ်ခုခုကို စာရင်းမပေးခဲ့ဘူး။ ဟုတ်တယ်မို့လား"

"ဟို..မဟုတ်ပါဘူး။ ကျွန်မတို့ဆီမှာ မဟုတ်ပါဘူး။ သူမ..."

"အခြားဘယ်သူ့ဆီမှာမှ မလုပ်ခဲ့ပါဘူး။ သူမဟာ လက်ကမ်းစာစောင်တွေကို ကြည့်ချင်ရုံသက်သက်ပါ"

"ဟုတ်ကဲ့။ သူမ..."

"ဒါဟာ လန်ဒန် ဒါမှမဟုတ် ပဲရစ်ကို သွားတာနဲ့ မတူပါဘူး။ ဟုတ်တယ်မို့လား"

"ဟို...မဟုတ်ပါဘူး။ ဒါပေမဲ့..."

"ကျေးဇူးတင်ပါတယ်။ ဆင်းနိုင်ပါပြီ"

ဗီနာဘာယ်သည် တရားသူကြီး ယန်းဘက်သို့ လှည့်လိုက်ပြီး "ကျွန်တော် ဒေါက်တာ ဘန်ဂျမင်ဝေါလေ့ကို စင်ပေါ်ကို ခေါ်ချင်ပါတယ်..."

"ဒေါက်တာဝေါလေ့ခင်ဗျား။ ဒေါက်တာဟာ အန်ဘာကာဒီရှိ ဆေးရုံရဲ့ အုပ်ချုပ်ရေးတာဝန်ခံဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဒါဆို ဒေါက်တာတေစ်လာရယ် သူမအလုပ်ရယ်နဲ့ ရင်းနှီးနေမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒေါက်တာအနေနဲ့ ဒေါက်တာတေစ်လာဟာ လူသတ်မှုနဲ့ အစွပ်စွဲခံရတာကို အံ့ဩပါသလား"

ပန်း ထရပ်လိုက်၏။ "ကန့်ကွက်ပါတယ် တရားသူကြီးမင်း ခင်ဗျာ။ ဒေါက်တာဝေါလေ့အဖြေဟာ မသက်ဆိုင်နိုင်ပါဘူး"

"ကျွန်တော်ရှင်းပြပြီးရင်..." ဗီနာဘာယ်က ဝင်ဖြတ်ပြော၏။ "အလွန့်ကို သက်ဆိုင်သွားမှာပါ၊ တကယ်လို့ ကျွန်တော့်ကို..."

"ကောင်းပြီ။ ဘာဖြစ်မလဲဆိုတာ ကြည့်ကြတာပေါ့" တရားသူကြီး ယန်းက ပြောသည်။ "ဒါပေမဲ့ မဟုတ်တရုတ်တွေတော့ မပါပါစေနဲ့၊ မစ္စတာ ဗီနာဘာယ်"

"ကျွန်တော်ကို နောက်တစ်နည်းနဲ့ မေးခွင့်ပြုပါ" ဗီနာဘာယ်က ဆက်ပြောသည်။ "ဒေါက်တာဝေါလေ့ခင်ဗျား...သမားတော်တိုင်းဟာ ဟစ်ပိုကရက်တစ် ကျမ်းသစ္စာ (ဆရာဝန်တိုင်း လိုက်နာရမည့် ကျင့်ဝတ်များ) ကို လိုက်နာကြရမယ် မဟုတ်လားခင်ဗျာ"

"ဟုတ်ပါတယ်"

"ပြီးတော့ ကျမ်းသစ္စာရဲ့ အပိုင်းတစ်ခုက..." ဆွဲချရှေ့နေက လက်ထဲမှ စာရွက်တစ်ခုကို ဖတ်လိုက်၏။ "'ကျွန်ုပ်သည် မမှန်သောအပြုအမူ၊ အကျင့်စာရိတ္တပျက်ပြားခြင်းမှ ရှောင်ကြဉ်ပါ့မည်' ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"အတိတ်မှာ ဒေါက်တာတေစ်လာလုပ်ခဲ့သမျှထဲက ဟစ်ပိုကရက်တစ်

ကျမ်းသစ္စာကို ဖောက်ဖျက်တယ်လို့ ဒေါက်တာ

ယုံကြည်ခဲ့တာမျိုးရှိပါသလား"

"ကန့်ကွက်ပါတယ်"

"ပယ်ချပါတယ်"

"ဟုတ်ကဲ့။ ရှိခဲ့ပါတယ်။"

"ကျေးဇူးပြုပြီး ဘာလဲဆိုတာ ရှင်းပြပါခင်ဗျာ"

"ကျွန်တော်တို့မှာ လူနာတစ်ယောက်ရှိခဲ့ပါတယ်။ သူ့ကို ဒေါက်တာတေစ်လာက သွေးသွင်းဖို့ လိုတယ်လို့ ဆုံးဖြတ်ပါတယ်။ သူ့မိသားစုကတော့ ခွင့်ပြုချက်ပေးဖို့ငြင်းဆန်တယ်"

"နောက် ဘာဆက်ဖြစ်လဲ"

"ဒေါက်တာတေစ်လာဟာ ဘာဖြစ်ဖြစ် လူနာကို သွေးသွင်းလိုက်ပါတယ်"

"ဒါတရားဝင်ရဲ့လား"

"လုံးဝ မဝင်ပါဘူး။ တရားရုံး အမိန့်မပါရင်ပေါ့"

"ဒီတော့ ဒေါက်တာတေစ်လာ ဘာလုပ်လဲ"

"သူမဟာ တရားရုံးအမိန့်ကို နောက်မှ တောင်းခံပြီး ရက်စွဲကို ပြောင်းလိုက်ပါတယ်"

"ဒါဆိုရင် သူမဟာ တရားမဝင်လုပ်ရပ်ကို လုပ်ခဲ့တယ်ပေါ့။ ပြီးတော့ ဆေးရုံမှတ်တမ်းတွေကို အတုလုပ်ပြီး ဖုံးကွယ်ခဲ့တယ်ပေါ့"

"မှန်ပါတယ်" အလန်ပန်း ပေ့ချ်ကို ဒေါသတကြီး လှမ်းကြည့်လိုက်သည်။ သူမ ဘာတွေများ ငါ့ကို ထပ်ဖုံးထားသေးလဲမသိဘူး။ သူတွေးမိသည်။

အကယ်၍ ပရိသတ်များက ပေ့ချ်တေစ်လာ၏ မျက်နှာမှ စိတ်လှုပ်ရှားမှုများကို ရှာဖွေခဲ့မည်ဆိုလျှင် စိတ်ပျက်သွားပေလိမ့်မည်။ ရေခဲလို အေးစက်တယ်ဟု ဂျူရီခေါင်းဆောင် တွေးနေသည်။

ဂက်ဗ်ီနာဘယ်သည် ခုံတန်းဘက်လှည့်လိုက်ပြီး "တရားသူကြီးမင်း ခင်ဗျား။ လူကြီးမင်းသိပြီးဖြစ်တဲ့အတိုင်း ဒေါက်တာလောရင့်ဘာကာဟာ သက်သေခံတွေထဲက တစ်ယောက်ပါ။ ကံမကောင်းစွာနဲ့ပဲ သူဟာ လေဖြတ်ဝေဒနာကို ခံစားနေရပြီး တရားရုံးကို လာရောက် သက်သေမခံနိုင်ဘူး။ အဲ့ဒီအစား ကျွန်တော်က ဒေါက်တာဘာကာနဲ့ အလုပ်အတူလုပ်တဲ့ ဆေးရုံဝန်ထမ်းတချို့ကို မေးခွန်းများ မေးပါမယ်"

ပန်း ထရပ်လိုက်သည်။ "ကျွန်တော် ကန့်ကွက်ပါတယ်။ ဆီလျော်မှုကို ကျွန်တော်မတွေ့ပါဘူး။ ဒေါက်တာဘာကာဟာ ဒီမှာ မရှိပါဘူး။ တရားခွင်မှာလည်း မဟုတ်ပါဘူး။ တကယ်လို့..." ဗီနာဘယ်က ဝင်ပြောသည်။ "တရားသူကြီးမင်းခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းတွေဟာ ရှေ့က ထွက်ဆိုချက်တွေနဲ့ အလွန် သက်ဆိုင်ကြောင်း အခိုင်အမာ ပြောရဲတယ်။ ဒါ့အပြင် တရားခံရဲ့ ဆရာဝန်အဖြစ် အရည်အချင်းပြည့်မီ မမီနဲ့လည်း သက်ဆိုင်ပါတယ်"

တရားသူကြီး ယန်းက သံသယသံဖြင့် ပြောသည်။ "ကျွန်ုပ်တို့ စောင့်ကြည့်ရအောင်။ ဒါဟာ တရားရုံးတော်ပါ။ မြစ်မဟုတ်ဘူး။ ငါးဖမ်းဖို့ လိုက်ရှာနေတာမျိုးဆိုရင်တော့ ကျွန်ုပ်သည်းခံမှာ မဟုတ်ဘူး။ သင့်ရဲ့ သက်သေတွေကို ခေါ်နိုင်ပါပြီ"

"ကျေးဇူးတင်ပါတယ်"

ဂက်ဗ်ီနာဘယ်က ဘီလစ်စာရေးဘက်လှည့်ပြီး "ဒေါက်တာ

မက်သရူးပီတာဆင်ကို ခေါ်ချင်ပါတယ်"

သပ်ရပ်ကျနစွာ ဝတ်စားထားသော အသက် ခြောက်ဆယ်အရွယ်ရှိ လူတစ်ဦး သက်သေခုံထဲသို့ ရောက်လာသည်။ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ထိုင်ခုံတွင် ထိုင်လိုက်၏။ ဂက်ဗီနာဘယ်က "ဒေါက်တာပီတာဆင်ခင်ဗျား... အန်ဘာကာဒီရိုဆေးရုံမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"၈ နှစ်ရှိပါပြီ"

"ဒေါက်တာက ဘာအထူးကုပါလဲ"

"ကျွန်တော် နှလုံးခွဲစိတ်ဆရာဝန်ပါ"

"အန်ဘာကာဒီရိုဆေးရုံမှာ လုပ်ခဲ့တဲ့ နှစ်တွေအတွင်းမှာ ဒေါက်တာလောရင့်ဘာကာနဲ့ တွဲလုပ်ခဲ့ရတာမျိုးတွေ ရှိဖူးပါသလား"

"အိုး..ရှိတာပေါ့။ အများကြီးပါပဲ"

"ဒေါက်တာသူ့ကို ဘယ်လိုမြင်လဲ"

"သူများတွေအမြင်နဲ့ အတူတူပါပဲ။ ကျွန်တော့်အထင် ဒီဘိတ်ကီးနဲ့ ကူးလီး တို့ကလွဲရင် ဒေါက်တာဘာကာဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး နှလုံးခွဲစိတ်ဆရာဝန်ပါ"

"ဒေါက်တာပေ့ချ်က လူနာတစ်ယောက်ကို ခွဲစိတ်နေချိန်မှာ ဒေါက်တာခွဲခန်းထဲမှာ ရှိပါသလား။ လူနာနာမည်က..." သူ စာရွက်ကို ကြည့်သလို ဟန်ဆောင်လိုက်သည်။ "...လန့်ကယ်လီ"

သက်သေ၏ အသံပြောင်းသွားသည်။ "ဟုတ်ကဲ့။ ကျွန်တော်အဲဒီမှာ ရှိခဲ့ပါတယ်"

"အဲဒီမနက်တုန်းက ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြောနိုင်မလား"

ပီတာဆင်က အင်တင်တင်နှင့်ပြောသည်။ "ဟို...အမှားတွေ စဖြစ်တာပဲ။ ကျွန်တော်တို့ လူနာကို ဆုံးရှုံးခဲ့ပါတယ်"

"လူနာကို ဆုံးရှုံးတယ်ဆိုတာ..."

"သူနှလုံးခုန်ရပ်သွားတာပါ။ ကျွန်တော်တို့ သူ့ကို ပြန်ရှင်အောင် ကြိုးစားခဲ့ပါတယ်။ ပြီးတော့..."

"ဒေါက်တာဘာကာကို အခေါ်လွှတ်ခဲ့ပါသလား"

"ဟုတ်ကဲ့"

"ခွဲစိတ်နေတုန်းမှာ သူခွဲခန်းထဲကို ဝင်ရောက်လာခဲ့သလား"

"ပြီးခါနီးမှာပါ။ ဟုတ်ကဲ့။ ဒါပေမဲ့ အရာရာကို လုပ်ဆောင်ဖို့ နောက်ကျသွားပါပြီ။ ကျွန်တော်တို့ လူနာကို မကယ်တင်နိုင်ခဲ့ပါဘူး"

"ဒေါက်တာဘာကာက ဒေါက်တာတေစ်လာကို အဲဒီတုန်းက တစ်ခုခုများ ပြောသေးလား"

"ဟို...ကျွန်တော်တို့ အားလုံးဟာ အလွန်ပဲ စိတ်မကောင်းဖြစ်ရပါတယ်။ ပြီးတော့..."

"ကျွန်တော်မေးတာက ဒေါက်တာဘာကာက ဒေါက်တာတေစ်လာကို တစ်ခုခုပြောသေးလားပါ"

"ဟုတ်ကဲ့"

"ဒေါက်တာဘာကာက ဘာပြောပါသလဲ"

ခဏမျှ တုံ့ဆိုင်းသွားသည်။ ယင်းအချိန်အတွင်း အပြင်တွင် မိုးခြိမ်းသံကြားလိုက်ရသည်။ ဘုရားသခင်က စကားပြောသလိုပင်။ ခဏကြာတော့ မုန်တိုင်းရောက်လာပြီး တရားရုံးခေါင်မိုးပေါ်သို့ မိုးစက်တို့ ပစ်ခွင်းလာကြသည်။

"ဒေါက်တာဘာကာက 'မင်းသူ့ကို သတ်လိုက်တာပဲ' လို့ ပြောပါတယ်"

ပရိသတ်များ အုတ်အော်သောင်းနင်းဖြစ်ကုန်သည်။ တရားသူကြီး ယန်းက သူမတူကို ထုလိုက်ပြီး "တော်သင့်ပြီ။ ရှင်တို့ဟာ ဂူထဲက လူသားတွေလား။ ဒီလိုမျိုးနောက်တစ်ခါအော်ရင် ရှင်တို့အားလုံး အပြင်ထွက်ပြီး မိုးထဲမှာ မတ်တတ်ရပ်နေရမယ်"

ဂက်ဗီနာဘယ် အသံများငြိမ်သွားအောင် စောင့်လိုက်သည်။ တိတ်ဆိတ်သွားသောအခါ " 'မင်းသူ့ကို သတ်လိုက်တာပဲ' လို့ ဒေါက်တာဘာကာက ဒေါက်တာတေစ်လာကို ပြောတာသေချာရဲ့လား"

"သေချာပါတယ်"

"ဒေါက်တာ ပြောခဲ့တယ်နော်။ ဒေါက်တာဘာကာရဲ့ ဆေးပညာအမြင်ဟာ တန်းဖိုးထားရမယ်လို့"

"အိုး...ဟုတ်ပါတယ်"

"ကျေးဇူးတင်ပါတယ်။ ဒီလောက်ပါပဲ ဒေါက်တာ"

ပန်း ရပ်လိုက်ပြီး သက်သေဝန်းရှိရာသို့ ချဉ်းကပ်သွားသည်။ "ဒေါက်တာ ပီတာဆင်ခင်ဗျား။ ကျွန်တော် ခွဲစိတ်တာကို တစ်ခါမှတော့ မကြည့်ဖူးပါဘူး။ ဒါပေမဲ့ ဖိအားတွေအလွန်များမယ်လို့ ထင်ပါတယ်။ အထူးသဖြင့် နှလုံးခွဲစိတ်တာလို ကြီးကြီးမားမားတွေ လုပ်ရင်ပေါ့"

"ဖိအားတွေ အလွန်များပါတယ်"

"ဒီလိုအချိန်မျိုးမှာဆိုရင် လူဘယ်နယောက်လောက် အခန်းထဲမှာ ရှိလဲ။ သုံးယောက်? လေးယောက်?

"အိုး...ဘယ်ကသာ...အမြဲတမ်း ဒါဇင်ဝက်မကရှိတယ်"

"တကယ်?"

"ဟုတ်ပါတယ်။ အမြဲတမ်း ခွဲစိတ်ဆရာဝန်နှစ်ယောက်ရှိပါတယ်။ တစ်ယောက်က လက်ထောက်ပါ။ တစ်ခါတလေဆို မေ့ဆေးဆရာဝန်နှစ်ယောက်ပါ။ ကူတဲ့ သူနာပြုတစ်ယောက်နဲ့ အနည်းဆုံး အခန်းထဲလှည့်ပတ်သွားကူညီပေးတဲ့ သူနာပြုတစ်ယောက်တို့ ရှိပါတယ်"

"ကျွန်တော်သိပြီ။ ဒါဆိုရင် ဆူညံသံတွေအများကြီးနဲ့ စိတ်လှုပ်ရှားမှုတွေ ရှိနေမှာပေ့ါ။ ညွှန်ကြားချက်ပေးတဲ့ အသံတွေနဲ့ ပြည့်နေမှာပေါ"

"ဟုတ်ပါတယ်"

"ပြီးတော့ ခွဲခန်းထဲမှာ သီချင်းဖွင့်တာကလည်း လုပ်ရိုးလုပ်စဉ်လို့ ကျွန်တော်နားလည်ထားပါတယ်"

"ဟုတ်ပါတယ်"

"ဒေါက်တာဘာကာဝင်လာပြီး လန့်ကယ်လီ သေခါနီးပြီလို့ သိတဲ့အခါ၊ အဲဒါက ရှုပ်ထွေးနေမှုကို ပိုဆိုးစေမှာပေ့ါ"

"ဟို...လူတိုင်းက လူနာကို ကယ်ဖို့အတွက် အလွန်အလုပ်များနေတာပါ"

"ဆူညံသံတွေလည်း အများကြီးပေ့ါ"

"အဲဒီတုန်းက အလွန်ဆူညံပါတယ်"

"ဟုတ်ပြီ။ ဒါဆို ရှုပ်ထွေးမှုတွေ ဆူညံသံတွေ၊ ပြီးတော့ သီချင်းသံတွေကြားထဲမှာ ဒေါက်တာက ဒေါက်တာတေစ်လာဟာ

လူနာကို သတ်တယ်လို့ ဒေါက်တာဘာကာပြောတာကို ကြားနိုင်ခဲ့တယ်နော်။ ဒီလိုစိတ်လှုပ်ရှားမှုတွေနဲ့ဆို ဒေါက်တာ့အနေနဲ့ မှားနိုင်တာပေ့ါ။ မဖြစ်နိုင်ဘူးလား"

"မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် မမှားနိုင်ပါဘူး"

"ဘာလို့ သေချာပြောနိုင်တာလဲ"

ဒေါက်တာ ပီတာဆင် သက်ပြင်းချလိုက်၏။ "ဘာလို့လဲဆိုတော့ ကျွန်တော်က အဲဒီစကားပြောတဲ့အချိန်မှာ ဒေါက်တာဘာကာဘေးမှာ ရပ်နေလို့ပါ"

ဘယ်လိုမှထွက်ပေါက်မရှိတော့။ "မေးစရာမရှိတော့ပါဘူး" အမှုက စတင်ယိုယွင်းလာပြီ။ သူဘာမှ မတတ်နိုင်တော့။ ပိုဆိုးလာဖို့သာရှိတော့သည်။

ဒန်းနစ်ဘယ်ရီ သက်သေခံပေါ် ရောက်လာ၏

"ခင်ဗျားဟာ အန်ဘာကာဒီရိုဆေးရုံက သူနာပြုတစ်ယောက်နော်"

"ဟုတ်ကဲ့ရှင့်"

"အဲ့ဒီမှာလုပ်တာဘယ်လောက်ကြာပြီလဲ"

"ငါးနှစ်ရှိပါပြီ"

"အဲဒီအချိန်အတွင်းမှာ ဒေါက်တာတေစ်လာနဲ့ ဒေါက်တာဘာကာတို့ စကားပြောတာကို ကြားဖူးပါသလား"

"ကြားဖူးတာပေ့ါ။ အခါခါပဲ"

"တချို့ကို ပြန်ပြောလို့ရမလား"

သူနာပြုဘယ်ရီ ဒေါက်တာတေစ်လာကို ကြည့်လိုက်ပြီး တုံ့ဆိုင်းနေ၏။ "ဟို..ဒေါက်တာတေစ်လာဟာ အလွန့်ကို တော်..."

"ကျွန်တော်မေးတာ ဒါမဟုတ်ပါဘူး...သူနာပြုဘယ်ရီ။ ကျွန်တော်က ခင်ဗျားကို မေးတာက ဒေါက်တာတေစ်လာကို ပြောခဲ့တဲ့ စကားအတိအကျတချို့ကို ပြန်ပြောခိုင်းတာပါ"

အတန်ကြာ တုံ့နှေးနေပြီးနောက် "ဟို...တစ်ခါကတော့ သူက သူမဟာ အရည်အချင်းမပြည့်မီဘူးလို့ ပြောပါတယ်၊ ပြီးတော့..."

ဂက်ဗီနာဘယ် အုံ့သြပုံ ဖမ်းလိုက်၏။ "ဒေါက်တာဘာကာက ဒေါက်တာတေစ်လာဟာ အရည်အချင်းမပြည့်မီဘူးလို့ ပြောတာကို ခင်ဗျားကြားခဲ့တယ်ပေ့ါ"

"ဟုတ်ပါတယ်ရှင်။ ဒါပေမဲ့ သူဟာ အမြဲတမ်း..."

"တခြားဘယ်လိုမှတ်ချက်များ ဒေါက်တာတေစ်လာကို ပေးတာကြားဖူးပါသလဲ"

သက်သေမှာ စကားပြောလိုစိတ်မရှိတော့။ "ကျွန်မ တကယ်ကို မမှတ်မိတော့ပါဘူးရှင်"

"ဒီမှာ မစ္စစ်ဘယ်ရီ။ ခင်ဗျားဟာ ကျိန်စာဆိုထားတာနော်"

"ဟို...တစ်ခါက သူပြောတာက..." ဝါကျနောက်ပိုင်းများမှာ ဗလုံးဗထွေးဖြစ်နေသည်။

"ကျွန်တော်တို့ မကြားရပါဘူး။ ကျေးဇူးပြုပြီး ကျယ်ကျယ်ပြောပါ။ သူဘာပြောတာကို ခင်ဗျားကြားလဲ"

"သူက...သူက ဒေါက်တာတေစ်လာကို သူ့ခွေးကိုတောင် ခွဲစိတ်ခွင့်မပြုနိုင်ဘူးတဲ့"

တရားရုံးအတွင်း ပင့်သက်ရှိုက်သံများ ပေါ်ထွက်လာ၏။ "ဒါပေမဲ့..ကျွန်မအထင် သူဆိုလိုချင်တာက..."

"ဒေါက်တာဘာကာ ဘာကိုဆိုလိုချင်တယ်ဆိုတာ ကျွန်တော်တို့အားလုံး သိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

မျက်လုံးအားလုံး ပေ့ချ်တေစ်လာပေါ် စုသွားသည်။

တရားလိုရှေ့နေ၏ ပေ့ချ်အပေါ် စွဲချက်များက အလွန်များလှသည်။ ယခုထိတော့ အလန်ပန်းသည် တရားရုံး၏ မှော်ဆရာအဖြစ် ကျော်ကြားနေသေးသည်။ ယခု တရားခံဘက်မှ ခုခံရန် သူ့အလှည့်ရောက်လာ၏။ သူ့ဦးထုပ်အတွင်းမှ နောက်ထပ်ယုန်တစ်ကောင် ဆွဲထုတ်နိုင်ပါ့မလား?

အလန်ပန်းမေးခွန်းထုတ်ရန် ပေ့ချ်တေစ်လာ သက်သေစင်ပေါ် ရောက်နေ၏။ ယင်းသည် လူတိုင်းစောင့်မျှော်နေသည့် အချိန်ဖြစ်သည်။

"ဂျွန်ခရိုနင်ဟာ ဒေါက်တာရဲ့ လူနာတစ်ယောက်ပါလား၊ ဒေါက်တာတေစ်လာ"

"ဟုတ်ပါတယ်"

"သူ့အပေါ် ဒေါက်တာ့ခံစားချက်ကဘယ်လိုရှိပါသလဲ"

"ကျွန်မသူ့ကို နှစ်သက်ပါတယ်။ သူဘယ်လောက်တောင် နာမကျန်းဖြစ်လဲဆိုတာ သူသိပါတယ်။ ဒါပေမဲ့ သူက သတ္တိအလွန်ကောင်းတယ်။ နလုံးအကြိတ်အတွက် သူခွဲစိတ်ခံခဲ့တယ်"

"ဒေါက်တာက သူ့နလုံးကို ခွဲစိတ်ခဲ့တာလား"

"ဟုတ်ကဲ့"

"ဒါဆို ခွဲစိတ်တုန်း ဘာတွေတွေ့ရှိပါသလဲ"

"ကျွန်မတို့ သူ့ရင်ဘတ်ကို ဖွင့်လိုက်တဲ့အခါ ပျံ့နေပြီဖြစ်တဲ့ မလင်နိုမာကို တွေ့ခဲ့ပါတယ်။"

"နောက်တစ်မျိုးပြောရရင် ခန္ဓာကိုယ်အနှံ့ပျံ့နေပြီဖြစ်တဲ့ ကင်ဆာပေါ့"

"ဟုတ်ပါတယ်။ ပြန်ရည်ကြိတ်တစ်လျှောက်ပျံ့သွားတာပါ"

"ဆိုလိုတာက သူ့အတွက် မျှော်လင့်ချက်မရှိတော့ဘူးပေါ့။ ဘယ်လို လူစွမ်းကောင်းလုပ်ရပ်မျိုးကမှ သူ့ကို မကျန်းမာစေတော့ဘူးပေါ့"

"ဘယ်ဟာမှ မတတ်နိုင်ပါဘူး"

"ဂျွန်ခရိုနင်ဟာ အသက်ကယ်စက်ပေါ်တင်ထားသလား"

"မှန်ပါတယ်"

"ဒေါက်တာတေစ်လာ...ဒေါက်တာ သေစေလောက်တဲ့ အင်ဆူလင်ပမာဏကို တမင်ပေးပြီး ဂျွန်ခရိုနင်ရဲ့ အသက်ကို ဆုံးရှုံးစေခဲ့ပါသလား"

"ကျွန်မလုပ်ခဲ့ပါတယ်"

ရုတ်တရက် တရားရုံးတွင်း ကျွက်ကျွက်ဆူသွားသည်။

သူမဟာ တကယ့်ကို အေးဆေးတဲ့ လူတစ်ယောက်ပဲဟု ဂက်ဗ်ီနာဘယ် တွေးမိ၏။ သူမက လက်ဖက်ရည်တစ်ခွက်ပေးသလို လေသံမျိုးဖြင့် ပြောခဲ့သည်။

"ဘာကြောင့် ဂျွန်ခရိုနင်ကို ဇီဝိန်ချွေလိုက်လဲဆိုတာ ဂျူရီတွေကို ပြောပြပါလား"

"ဘာလို့လဲဆိုတော့ သူက ကျွန်မကို တောင်းဆိုလို့ပါ။ သူက အသနားခံလို့ပါ။ ကျွန်မကို ညသန်းခေါင် အလွန်အမင်းနာကျင်နေချိန်မှာ အခေါ်လွှတ်ခဲ့ပါတယ်။ ကျွန်မတို့ပေးနေတဲ့ ဆေးဝါးတွေဟာ အလုပ်မလုပ်တော့ဘူး" သူမ အသံမှာ တည်ငြိမ်နေသည်။ "သူက

ပြောတယ်။ သူဆက်မခံစားချင်တော့ဘူးတဲ့။ သူ့သေချိန်ဟာ ရက်အနည်းငယ်ပဲလိုတော့တာပဲ။ သူက ကျွန်မကို ခယပြီး အဆုံးသတ်ပေးဖို့ပြောပါတယ်။ ကျွန်မက လုပ်ပေးခဲ့တယ်”

“ဒေါက်တာ၊ သူ့ကို မသေစေချင်ဘူးလား။ အပြစ်ရှိတယ်လို့ကော ခံစားရလား”

ဒေါက်တာပေ့ချ်က ခေါင်းခါလိုက်သည်။ “ဟင့်အင်း။ ရှင်တို့သာ မြင်နိုင်မယ်ဆိုရင်...သူ့ကို ဘယ်လိုနည်းနဲ့မှ ဆက်ခံစားဖို့ ခွင့်မပြုနိုင်ဘူး”

“ဒေါက်တာ အင်ဆူလင်ကို ဘယ်လို ပေးခဲ့သလဲ”

“ကျွန်မ သူ့သွေးကြောထဲ ထိုးသွင်းခဲ့တာပါ”

“ဒါကကောသူ့ကို နောက်ထပ်နာကျင်မှုတွေ ခံစားစေရသလား”

“ဟင့်အင်း။ သူ သက်သက်သာသာ အိပ်မောကျသွားတာပါ”

ဂက်ဗီနာဘယ် ထရပ်လိုက်ပြီး “ကန့်ကွက်ပါတယ်။ ကျွန်တော့်အထင် တရားခံဟာ သူ့ဟာသူသေသွားတယ်လို့ ဆိုလိုချင်ပုံရပါတယ်။ ကျွန်တော်...”

တရားသူကြီး ယန်း တူကို ထုချလိုက်သည်။ “မစ္စတာဗီနာဘယ်၊ ရှင်နဲ့ မဆိုင်သေးပါဘူး။ တန်ပြန်စစ်မေးဖို့ ရှင့်မှာလည်း အခွင့်အရေးရှိပါတယ်။ ထိုင်ပါ”

ဆွဲချရှေ့နေက ဂျူရီများကို ကြည့်ကာ ခေါင်းခါလိုက်ပြီး သူ့ထိုင်ခုံတွင် နေရာယူလိုက်သည်။

“ဒေါက်တာတေစ်လာခင်ဗျား...ဂျွန်ခရိုနင်ကို အင်ဆူလင်သွင်းတုန်းက သူ့သေတမ်းစာထဲမှာ ဒေါက်တာ့အတွက် ငွေတစ်သန်း ထားခဲ့တာ သိပါသလား”

“မသိပါဘူး။ ကျွန်မသိလိုက်ရတဲ့အချိန်မှာ ကြက်သေသေသွားပါတယ်”

သူမနာခေါင်းကြီးလာသင့်သည်ဟု ဂက်ဗီနာဘယ် တွေး၏။

“ငွေတို့ လက်ဆောင်တို့ ဒါမှမဟုတ် တစ်ခုခုကို ဂျွန်ခရိုနင်ဆီက တစ်ခါမှ မတောင်းခံဖူးဘူးလား”

သူမပါးပြင်များ ရဲခနဲဖြစ်သွားပြီး “လုံးဝပဲ”

“ဒါပေမဲ့ ဒေါက်တာဟာ သူနဲ့ ဆက်ဆံရေး ပြေပြစ်ခဲ့တယ်မဟုတ်လား”

“ဟုတ်ပါတယ်။ လူနာတစ်ယောက်ဟာ ဒီလောက်နာမကျန်းဖြစ်နေချိန်ဆိုရင် ဆရာဝန်လူနာ ဆက်ဆံရေး ပြောင်းလဲလာပါတယ်။ ကျွန်မတို့ သူ့လုပ်ငန်းပြဿနာတွေနဲ့ မိသားစုပြဿနာတွေကို ဆွေးနွေးခဲ့ပါတယ်”

“ဒါပေမဲ့ ဒေါက်တာအနေနဲ့ သူ့ဆီက တစ်ခုခုမျှော်လင့်စရာ အကြောင်းရှိခဲ့သလား”

“မရှိပါဘူး”

“သူဟာ ဒေါက်တာကို လေးစားယုံကြည်လာပြီး ငွေဒီလောက်ထားခဲ့တာပေါ့။ ကျေးဇူးတင်ပါတယ်။ ဒေါက်တာတေစ်လာ”။ ပန်း ဂက်ဗီနာဘယ်ဘက်သို့လှည့်လိုက်ပြီး “ခင်ဗျားသက်သေ” ဟုပြောလိုက်လေသည်။

ပန်း ခုံရှေ့နေထိုင်ခုံသို့ ပြန်သွားသောအခါ တရားရုံးနောက်သို့ ပေ့ချ်တေစ်လာကြည့်လိုက်သည်။ ဂျေဆင် ထိုနေရာတွင် ထိုင်နေသည်။ အားပေးကြည့်ဖြင့် ကြည့်နေ၏။ သူ၏ ဘေးတွင် ဟန်နီ။ ဟန်နီ့ဘေးတွင်တော့ လူစိမ်းတစ်ယောက် ထိုင်နေသည်။ အမှန်ဆိုလျှင်

၈

ထိုနေရာတွင် ကိတ်ရှိနေသင့်သည်။ အကယ်၍ သူမသာ အသက်ရှိဦးမည်ဆိုလျှင်။ သို့သော် ကိတ်မှာ ဆုံးသွားပြီ။ သူမကိုလည်း ငါသတ်လိုက်တာပဲဟု တွေးမိသည်။

ဂက်ဗီနာဘယ်ထလိုက်ပြီး သက်သေခံဝန်းရှိရာသို့ ဖြေးညင်းစွာဖြင့် ခြေလှမ်းစိပ်စိပ်လျှောက်လာသည်။ သတင်းထောက်ခုံတန်းများကို ကြည့်လိုက်၏။ ခုံတိုင်းမှာ ပြည့်နေပြီး သတင်းထောက်များမှာ ခပ်သော့သော့ရေးကာ အလုပ်များနေကြသည်။ "ငါမင်းတို့ကို ရေးစရာတွေ ပေးဦးမယ်" ဟု ဗီနာဘယ်တွေး၏။

သူသည် တရားခံရှေ့တွင် အတန်ကြာ ရပ်ရင်း သူမကို လေ့လာနေသည်။ ထို့နောက် ပေါ့ပေါ့ပါးပါးလေသံဖြင့် "ဒေါက်တာတေစ်လာ...ဂျွန်ခရိုနင်ဟာ အန်ဘာကာဒီရိုဆေးရုံမှာ ဒေါက်တာ ပထမဆုံး သတ်ခဲ့တဲ့ လူနာလား"

အလန့်ပန်း ဒေါသတကြီး ထရပ်လိုက်သည်။ "လူကြီးမင်း ခင်ဗျာ၊ ကျွန်တော်..."

တရားသူကြီးယန်းက သူမ၏ တူငယ်ကို ထုပြီး ဖြစ်၏။ "ကန့်ကွက်ခွင့်ပြုပါတယ်"။ ရှေ့နေနှစ်ယောက်ဘက်လှည့်လိုက်ပြီ "ဆယ့်ငါးမိနစ်နားကြမယ်။ ရှေ့နေတို့ကို ကျွန်မအခန်းထဲမှာ တွေ့ချင်တယ်"

ရှေ့နေနှစ်ယောက်လုံး သူမအခန်းတွင်း ရောက်သောအခါ တရားသူကြီးယန်းက ဂက်ဗီနာဘယ်ဘက်လှည့်လိုက်ပြီး "ရှင် ဥပဒေကျောင်း တက်ခဲ့ပါတယ်နော်၊ ဂက်?"

"ကျွန်တော် တောင်းပန်ပါတယ်၊ လူကြီးမင်းခင်ဗျာ။ ကျွန်တော်..."

"ရှင် အပြင်မှာ ရွက်ဖျင်တဲတစ်ခုများ တွေ့ခဲ့လား"

"ခင်ဗျာ..."

သူမအသံက ပြတ်သားသည်။ "ကျွန်မ တရားရုံးတော်ဟာ ဆပ်ကပ်မဟုတ်ဘူး။ ဖြစ်လည်း မဖြစ်စေချင်ဘူး။ ဘာလို့ သတ္တိကောင်းပြီး ဒီလို ဒေါသထွက်စေတဲ့ မေးခွန်းမျိုးမေးရတာလဲ"

"ကျွန်တော် တောင်းပန်ပါတယ်၊ လူကြီးမင်းခင်ဗျာ။ ကျွန်တော် မေးခွန်းကို ပုံစံပြောင်းမေးပါ့မယ်။ ပြီးတော့..."

"ရှင် ဒီထက်ပို လုပ်ပေးရမယ်" တရားသူကြီးယန်းက ဖြတ်ဝင်ပြောသည်။ "ရှင့် သဘောထားကိုပါ ပုံစံပြောင်းရမယ်။ ကျွန်မသတိပေးနေတာပါ။ ဒီလို အဆန်းမျိုး နောက်တစ်ခေါက်ထပ်လုပ်မယ်ဆိုရင် ကျွန်မ တရားပိတ်ကြောင်း ကြေညာလိုက်မယ်"

"ဟုတ်ကဲ့ပါ၊ လူကြီးမင်း"

သူတို့ တရားရုံးတွင်း ပြန်ရောက်သောအခါ တရားသူကြီးယန်းသည် ဂျူရီများကို ပြောလိုက်သည်။ "ဂျူရီလူကြီးမင်းများ...ဆွဲချရှေ့နေရဲ့ နောက်ဆုံးမေးခွန်းကို ပယ်ရပါလိမ့်မယ်"။

ဆွဲချရှေ့နေဘက်လှည့်လိုက်ပြီး "ရှေ့ဆက်နိုင်ပါပြီ"

ဂက်ဗီနာဘယ် သက်သေစင်ရှိရာသို့ လျှောက်လာပြီး "ဒေါက်တာတေစ်လာခင်ဗျာ...ဒေါက်တာသတ်ခဲ့တဲ့လူက ဒေါက်တာ့အတွက် ဒေါ်လာတစ်သန်းထားခဲ့တယ်ဆိုတာကို

သိလိုက်တော့ တော်တော်အံ့ဩမှာပေါ့နော်"

အလန်ပန်း ထရပ်လိုက်သည်။ "ကန့်ကွက်ပါတယ်"

"ကန့်ကွက်ခွင့်ပြုတယ်"။ တရားသူကြီးယန်း ဗီနာဘယ်ဘက်လှည့်လိုက်ပြီး "ရှင်ဟာ ကျွန်မရဲ့ သည်းခံနိုင်မှုကို စမ်းနေတာပဲ"

"ကျွန်တော် တောင်းပန်ပါတယ်။ လူကြီးမင်း"။ သူ သက်သေဘက် ပြန်လှည့်လိုက်ပြီး "ဒေါက်တာဟာ လူနာနဲ့ အလွန်ရင်းနှီးတဲ့ ဆက်ဆံရေးရှိမှာပဲ။ ကျွန်တော်ဆိုလိုတာက လုံးဝလူစိမ်းတစ်ယောက်က ဒေါ်လာတစ်သန်းထားခဲ့တယ်ဆိုတာ နိစ္စဓူဝမဖြစ်နိုင်ဘူးလေ။ မဟုတ်ဘူးလား"

ပေ့ချ်တေစ်လာ အနည်းငယ် မျက်နှာရဲခနဲဖြစ်သွားသည်။ "ကျွန်မတို့ ဆက်ဆံရေးဟာ ဆရာဝန်-လူနာ ဆက်ဆံရေး ဘောင်အတွင်းမှာပဲ ရှိပါတယ်"

"ဒီထက် နည်းနည်းလေးမှ မပိုတော့ဘူးလား။ ဆွဲဆောင်မှုတစ်ခုခု မရှိဘဲနဲ့တော့ လူတစ်ယောက်ဟာ သူ့ရဲ့ ချစ်ဇနီးနဲ့ မိသားစုကို သေတမ်းစာက ဖယ်ထုတ်ပြီး လူစိမ်းတစ်ယောက်ကို ဒေါ်လာတစ်သန်း မပေးခဲ့နိုင်ဘူး။ ဒေါက်တာပြောခဲ့တဲ့ သူ့ရဲ့ စီးပွားရေးပြဿနာနဲ့ ပတ်သက်တဲ့ စကားဝိုင်းတွေက..."

တရားသူကြီးယန်း ရှေ့သို့ကိုင်းလိုက်ပြီး သတိပေးသည့်လေသံဖြင့် "မစ္စတာဗီနာဘယ်..."။ ဆွဲချရှေ့နေသည် အရှုံးပေးသည့် ပုံစံဖြင့် သူ့လက်များကို မြှောက်လိုက်သည်။ တရားခံဘက်သို့လှည့်လိုက်ပြီး "ဒါဆို ဒေါက်တာနဲ့ ဂျွန်ခရိုနင်တို့ ရင်းရင်းနှီးနှီး စကားလက်ဆုံကျတာတွေရှိမှာပေါ့။ သူက သူ့အကြောင်းတွေ၊ သူ ဒေါက်တာ့ကို နှစ်သက်လေးစားတဲ့အကြောင်းတွေ ဒေါက်တာ့ကို ပြောခဲ့မှာပေါ့။ ဒါကို ဒေါက်တာ သင့်တော်တဲ့ အကျဉ်းရုံးချက်လို့ ပြောနိုင်မလား"

"ဟုတ်ကဲ့"

"ဒီလို လုပ်ပေးတဲ့အတွက် သူက ဒေါက်တာကို ဒေါ်လာတစ်သန်းပေးခဲ့တာလား"

ပေ့ချ် တရားရုံးအပြင်ဘက်သို့ ကြည့်လိုက်၏။ သူမ ဘာမျှမပြော။ သူမတွင် အဖြေမရှိချေ။

ဗီနာဘယ် ဆွဲချရှေ့နေစားပွဲရှိရာသို့ စတင် လျှောက်လာသည်။ ထို့နောက် ရုတ်တရက် တရားခံဘက်လှည့်ပြီး မျက်နှာချင်းဆိုင်လိုက်သည်။

"ဒေါက်တာတေစ်လာ။ ဒေါက်တာအစကပြောခဲ့တာက ဂျွန်ခရိုနင်ဟာ ပိုက်ဆံတွေပေးခဲ့တာကော၊ သူ့မိသားစုကို သေတမ်းစာက ထုတ်လိုက်တာကော ဒေါက်တာလုံးဝမသိဘူးနော်"

"မှန်ပါတယ်"

"အန်ဘာကာဒီရှိဆေးရုံက ဆရာဝန်တစ်ယောက် ဝင်ငွေဘယ်လောက်ရှိပါသလဲ"

အလန်ပန်း ထရပ်လိုက်သည်။ "ကန့်ကွက်ပါတယ်။ ကျွန်တော် မထင်..."

"ဒါသင့်တော်တဲ့ မေးခွန်းပါ။ သက်သေဖြေပါ"

"တစ်နှစ်သုံးသောင်းခြောက်ထောင်ပါ"

## ၈

ဗီနာဘယ် ဂရုဏာသံဖြင့်ပြောသည်။ "ဒါဟာ အခုခေတ်အနေနဲ့ဆို မများဘူး။ ဟုတ်တယ်မို့လား။ ဒီအထဲက အဖြတ်အတောက်တွေ၊ အခွန်ဆောင်တာတွေ၊ နေထိုင်စရိတ်တွေ ရှိသေးတယ်။ လန်ဒန်၊ ပဲရစ် ဒါမှမဟုတ် ဗင်းနစ်တို့ကို ဇိမ်ခံခရီးထွက်ဖို့ လုံလုံလောက်လောက်ကျန်မှာမဟုတ်ဘူး။ ဟုတ်တယ်မို့လား"

"ကျွန်မလည်း ကျန်မယ်မထင်ပါဘူး"

"မကျန်ဘူး။ ဒါဆို ဒေါက်တာ ဒီလိုခရီးမျိုးကို မပြင်ဆင်ထားခဲ့ဘူးပေါ့။ ဘာလို့လဲဆိုတော့ ဒေါက်တာမှ မတတ်နိုင်ပဲ"

"မှန်ပါတယ်"

အလန်ပန်း ထရပ်လိုက်ပြန်သည်။ "လူကြီးမင်းခင်ဗျာ..."

တရားသူကြီးယန်း ဆွဲချရှေ့နေဘက်သို့ လှည့်လိုက်ပြီး "ဒါဘာကို ဆိုလိုချင်တာလဲ၊ မစ္စတာဗီနာဘယ်"

"ကျွန်တော်က တရားခံဟာ တစ်စုံတစ်ယောက်ဆီက ပိုက်ဆံတွေမရဘဲနဲ့ ဇိမ်ခံခရီးတစ်ခုကို မပြင်ဆင်နိုင်ဘူးဆိုတာ သက်သေထူပြချင်လို့ပါ"

သူတစ်ခုခုလုပ်ရတော့မည်မှန်း အလန်ပန်းသိသည်။ သူစိတ်မပါတော့သော်လည်း သက်သေစင်ရှိရာသို့ မကြာသေးမီက ထိုးပေါက်ထားသူတစ်ယောက်ကဲ့သို့သော အားပေးချီးမြှောက်ခြင်းမျိုးဖြင့် ချဉ်းကပ်သွားသည်။

"ဒေါက်တာတေစ်လာ။ ဒီခရီးသွား လက်ကမ်းကြော်ငြာတွေ ယူခဲ့တာကို မှတ်မိသေးပါသလား"

"ဟုတ်ကဲ့"

"ဒေါက်တာဟာ ဥရောပကို ခရီးသွားဖို့ ဒါမှမဟုတ် ရွက်လှေတစ်စီး ငှားရမ်းဖို့ စီစဉ်နေပါသလား"

"ဘယ်ဟုတ်မလဲ။ ဒါဟာ ဟာသတစ်ခုပါ။ မဖြစ်နိုင်တဲ့ အိပ်မက်တစ်ခုပဲ။ ကျွန်မတို့သူငယ်ချင်းတစ်သိုက်က ဒါကို ကျွန်မတို့စိတ်ဓာတ်တွေ မြှင့်တင်ပေးနိုင်လိမ့်မယ်လို့ ထင်တယ်လေ။ ကျွန်မတို့ အရမ်းကို ပင်ပန်းနေခဲ့တယ်။ ပြီးတော့...အဲဒီအချိန်ကတော့ ဒါဟာ စိတ်ကူးကောင်းတစ်ခုလိုဖြစ်နေခဲ့တယ်လေ" သူမ အသံက တိုးပျော့သွားသည်။

အလန်ပန်း ဂျူရီများဘက်သို့ တိတ်တခိုးကြည့်လိုက်၏။ သူတို့၏ မျက်နှာများတွင် မယုံကြည်မှုများ ပေါ်လွင်နေသည်။

ဂက်ဗီနာဘယ်သည် တရားခံကို တန်ပြန်စစ်မေးနေသည်။ "ဒေါက်တာတေစ်လာ...ဒေါက်တာဟာ ဒေါက်တာလောရင့်ဘာကာနဲ့ ရင်းနှီးပါသလား"

သူမတွင် ရုတ်တရက် မှတ်ဉာဏ်များ ပေါ်လာသည်။ ငါ လောရင့်ဘာကာကို သတ်မယ်။ ငါဖြည်းဖြည်းချင်းသတ်မယ်။ ငါသူ့ကို အရင် ဝေဒနာ ခံစားစေမယ်။ ပြီးမှ သူ့ကို သတ်မယ်။ "ဟုတ်ကဲ့။ ကျွန်မ ဒေါက်တာဘာကာကို သိပါတယ်"

"ဘယ်လို ပတ်သက်ပါသလဲ"

"ဒေါက်တာဘာကာနဲ့ ကျွန်မဟာ လွန်ခဲ့တဲ့ ၂ နှစ်အတွင်းက မကြာခဏ အတူအလုပ်လုပ်ဖူးပါတယ်"

"သူဟာ အရည်အချင်းပြည့်ဝတဲ့ ဆရာဝန်တစ်ယောက်လို့

ဒေါက်တာပြောမလား”

အလန်ပန်း သူ့ထိုင်ခုံမှ ခုန်ထလိုက်သည်။ “ကျွန်တော် ကန့်ကွက်ပါတယ်။ တရားသူကြီးမင်းခင်ဗျာ။ သက်သေ...”

သို့သော်၊ သူ့စကားမဆုံးမီ၊ တရားသူကြီး အမိန့်မချမီ ပေ့ချ်က ဖြေလိုက်သည်။ “သူဟာ အလွန်တော်ပါတယ်။ ဉာဏ်လည်း အလွန်ကောင်းတယ်”။ ပန်း သူ့ထိုင်ခုံထဲ ဝင်သွားပြီး အလွန်တုန်လှုပ်ကာ စကားမပြောနိုင်ဖြစ်သွားသည်။

“ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြနိုင်မလားခင်ဗျာ”

“ဒေါက်တာဘာကာဟာ ကမ္ဘာပေါ်မှာ အကျော်ကြားဆုံး နှလုံးနဲ့ သွေးကြောခွဲစိတ်ဆရာဝန်တစ်ယောက်ပါ။ သူမှာ ကိုယ်ပိုင်ဆေးခန်းကြီးကြီးတစ်ခုရှိပါတယ်။ ဒါပေမဲ့ သူရဲ့ တစ်ပတ်မှာ သုံးရက်ကို အန်ဘာကာဒီရိုဆေးရုံကို လှူဒါန်းထားပါတယ်”

“ဒါဆို သူ့ရဲ့ ဆေးပညာဆိုင်ရာဆုံးဖြတ်ချက်တွေကို ဒေါက်တာအလေးထားတယ်ပေါ့”

“ဟုတ်ပါတယ်”

“သူဟာ အခြားဆရာဝန်တစ်ယောက်ရဲ့ အရည်အချင်းပြည့်မီမှုကိုလည်း ဆုံးဖြတ်ပေးနိုင်လိမ့်မယ်လို့ ဒေါက်တာခံစားမိပါသလား”

ပန်းက ပေ့ချ်အား သူမ မသိဟု ဖြေစေချင်သည်။ သူမ တုံ့ဆိုင်းနေ၏။ “ဟုတ်ကဲ့”

ဂက်ဇီနာဘယ် ဂျူရီများဘက်သို့ လှည့်လိုက်ပြီး “တရာခံဟာ ဒေါက်တာဘာကာရဲ့ ဆေးပညာဆိုင်ရာ ဆုံးဖြတ်ချက်တွေကို အလေးထားကြောင်း ထွက်ဆိုတာ လူကြီးမင်းတို့ ကြားပြီးဖြစ်ပါတယ်။ သူမဟာ ဒေါက်တာဘာကာရဲ့ သူမအပေါ် အရည်အချင်းပြည့်မီမှု ဒါမှမဟုတ် မရှိမှု ဆုံးဖြတ်ချက်တွေကို ဂရုပြုနားထောင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်”

အလန်ပန်း ဒေါသတကြီး ထရပ်သည်။ “ကန့်ကွက်ပါတယ်”

“ကန့်ကွက်ခွင့်ပြုတယ်”

သို့သော် အလွန်နောက်ကျသွား၏။ ထိခိုက်မှုက ဖြစ်ပြီးသွားပြီ။

နောက်တစ်ခါ အနားယူချိန်အတွင်း အလန်ပန်းသည် ဂျေဆင်ကို အမျိုးသားအိမ်သာတွင်းသို့ ဆွဲခေါ်သွားသည်။ “ခင်ဗျားကျွန်တော့်ကို ဘယ်လို ငရဲမျိုးထဲ ထည့်နေတာလဲ” ပန်းဒေါသတကြီး ပြော၏။ “ဂျွန်ခရိုနင်က သူမကို မုန်းတယ်။ ဘာကာက သူမကို မုန်းတယ်။ ကျွန်တော့်အမှုသည်တွေကို အမှန်ကို ပြောပါ၊ လုံးဝအမှန်ကို ပြောပါလို့ တစ်ချိန်လုံး ပြောတယ်။ ဒါဟာ သူတို့ကို ကူညီဖို့ တစ်ခုတည်းသောနည်းလမ်းပဲ။ ကဲ၊ ခု ကျွန်တော် သူမကို မကူညီနိုင်ဘူး။ ခင်ဗျားရဲ့ အမျိုးသမီးမိတ်ဆွေက ကျွန်တော့်ကို အလိမ်အညာတွေချည်း ပေးခဲ့တယ်။ သူမစကားပြောဖို့ ပါးစပ်ဟလိုက်တဲ့အချိန်တိုင်း သူမအခေါင်းအတွက် သံမှိုတစ်ချောင်း ရိုက်ပေးလိုက်သလိုပဲ။ ဒီသောက်အမှုကတော့ လုံးလုံးကို ရှုံးမှာပဲ”

ထိုနေ့လယ်တွင် ဂျေဆင်ကားတစ် ပေ့ချ်အားတွေ့ရန် သွား၏။ “ဧည့်သည် ရောက်တယ်။ ဒေါက်တာ တေစ်လာ”။ ပေ့ချ်အကျဉ်းခန်းသို့

ဂျေဆင် ဝင်သွားပြီး "ပေ့ချ်..."။ သူမ သူ့ဘက်လှည့်လိုက်သည်။ မျက်ရည် ထိန်းနေရ၏။ "ဒါအတော်ဆိုးဝါးပုံပေါ်တယ်။ ဟုတ်တယ်မို့လား"

ဂျေဆင် အားတင်းပြုံးလိုက်၏။ "မင်းကြားဖူးတယ်မဟုတ်လား 'ဆုံးခန်းမတိုင်မချင်း မပြီးဆုံးသေးဘူး' ဆိုတာလေ"

"ဂျေဆင်...ပိုက်ဆံအတွက် ဂျွန်ခရိုနင်ကို တို့သတ်တယ်ဆိုတာ မယုံဘူးမဟုတ်လားဟင်။ တို့ လုပ်ခဲ့တာဟာ သူ့ကို ကူညီဖို့သက်သက်ပါ"

"ကိုယ်မင်းကို ယုံပါတယ်" ဂျေဆင် ညင်သာစွာပြော၏။ "ကိုယ်မင်းကို ချစ်တယ်"။ သူမအား ပွေ့ဖက်လိုက်သည်။ ငါသူမကို မဆုံးရှုံးချင်ဘူးဟု ဂျေဆင်တွေး၏။ မဖြစ်နိုင်ပါဘူး။ သူမဟာ ငါ့ဘဝအတွက် အကောင်းဆုံးပဲ။ "အားလုံးအဆင်ပြေသွားမှာပါ။ ကိုယ်တို့ တစ်သက်လုံးအတူနေသွားရလိမ့်မယ်လို့ ကိုယ်ကတိပေးပါတယ်"

ပေ့ချ်သူ့အား တိုးဖက်ထားလိုက်ပြီး တွေးမိ၏။ ဘယ်ဟာမှ ထာဝစဉ် မမြဲပါဘူး။ ဘယ်အရာမှ။ ဘာလို့များ အရာရာ အားလုံးဟာ အရမ်းကို မှားယွင်းနေရတာလဲ။ အရမ်းကို မှားနေတာလဲ။ မှားနေတာလဲ။



**စာအုပ် ၁**

(အခန်း ၁)

ဆန်ဖရန်စစ္စကို ဇူလိုင် ၁၉၉၀

"ဟန်တာ ကိတ်"

"ရှိ"

"တက် ဘက်တီလု"

"ကျွန်မဒီမှာ"

"တေစ်လာ ပေ့ချ်"

"ဒီမှာပါ"

သူတို့သည် အန်ဘာကာဒီရိုဆေးရုံရှိ ကြီးမားခြောက်ကပ်သော အခန်းကျယ်ကြီးထဲတွင် စုဝေးနေကြသည့် ပထမနှစ် အလုပ်သင် ဆရာဝန်များထဲတွင် သုံးဦးတည်းသော အမျိုးသမီးများ ဖြစ်ကြလေသည်။ အန်ဘာကာဒီရိုဆေးရုံမှာ ဆန်ဖရန်စစ္စကိုတွင် အအိုဟောင်းဆုံး ဖြစ်သည့်ပြင် တစ်နိုင်ငံလုံးရှိ အအိုဆုံးဆေးရုံများတွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၈၉ ခုနှစ် ငလျင်တွင် ဘုရားသခင်သည် ဆန်ဖရန်စစ္စကို မြို့နေလူထုများအပေါ် ကျီစားခဲ့ပြီး ဆေးရုံကိုမူ အလွတ်ပေးခဲ့သည်။

ထိုဆေးရုံသည် အုတ်၊ ကျောက်တုံးတို့ဖြင့် သုံးဘလောက်ကျော်မျှ နေရာယူတည်ဆောက်ထားကာ နှစ်ပေါင်းများစွာက တင်ခဲ့သည့် အညစ်အကြေးအထပ်ထပ်ဖြင့် ညှိုမည်းနေသည့် ကြည့်ရဆိုးလှသော

၈

အဆောက်အအုံ အစုအဝေးဖြစ်သည်။ ပင်မအဆောက်အအုံ၏ ရှေ့အဝင်ပေါက်တွင် ဆရာဝန်နှင့်တွေ့ဆုံရန် ကျယ်ပြောသော စောင့်စားခန်းတည်ရှိပြီး ၎င်းတွင် လူနာများ၊ ဧည့်သည်များထိုင်ရန် သစ်သားခုံတန်းများရှိသည်။ နံရံများမှာ ဆယ်စုနှစ်ပေါင်းများစွာက အထပ်ထပ်သော ဆေးများနှင့် အလွှာလိုက် ကွာကျနေသည်။ လူသွားစင်္ကြန်များမှာလည်း ထောင်ပေါင်းများစွာသော လူနာများ၏ တွန်းလှည်းများ၊ ချိုင်းထောက်များနှင့် လမ်းလျှောက်သူများကြောင့် မညီမညာပျက်စီးနေသည်။ အချိန်က  အဆောက်အအုံစုတစ်ခုလုံးကို အောက်သိုးသိုး ရေညှိတို့ဖြင့် ဖုံးလွှမ်းထားသည်။

အန်ဘာကာဒီရှိဆေးရုံမှာ မြို့တော်တစ်ခုတွင်းမှ မြို့တော်တစ်ခုဖြစ်သည်။ ဆေးရုံတွင် လူပေါင်း ကိုးထောင်ကျော်ကို အလုပ်ခန့်ထားသည်။ ဝန်ထမ်း ဆရာဝန် ၄၀၀၊ အချိန်ပိုင်း လုပ်အားပေး ဆရာဝန် ၁၅၀၊ အလုပ်သင်ဆရာဝန် ၈၀၀ နှင့် သူနာပြုသုံးထောင်တို့အပြင် နည်းပညာရှင်များ၊ ဌာနအကူများနှင့် အခြား နည်းပညာဆိုင်ရာဝန်ထမ်းများရှိသည်။ အပေါ်လွှာများတွင် ခွဲစိတ်ခန်း ၁၂ ခန်း၊ ပင်မထောက်ပံ့ရေးခန်း၊ သွေးဘဏ်၊ ပင်မအစီအစဉ်ဆွဲရေးခန်း၊ အရေးပေါ်လူနာဆောင် ၃ ဆောင်၊ အေအိုင်ဒီအက်(စ်) လူနာဆောင်နှင့် လူနာခုတင် ၂၀၀၀ ကျော်တို့ စုဝေးတည်ရှိသည်။ ယခု၊ ဇူလိုင်လအတွင်း အလုပ်သင်ဆရာဝန်များရောက်ရှိလာသည့် ပထမဆုံးရက်တွင် ဆေးရုံ အုပ်ချုပ်ရေးမှူး ဒေါက်တာ ဘန်ဂျမင်ဝေါလေ့သည် ၎င်းတို့အား ကြိုဆိုရန် ထလိုက်သည်။ ဝေါလေ့မှာ စံပြုလောက်သော နိုင်ငံရေးသမားဖြစ်သည်။ အရပ်မြင့်မြင့်နှင့် အထင်ကြီးလောက်သောရုပ်ရည်ရှိသူဖြစ်ပြီး အရည်အချင်းနည်းနည်း နှစ်လိုဖွယ်အဆင်းများများဖြင့် လူတကာနှင့် လိုက်လျောညီထွေပြောဆိုဆက်ဆံကာ လက်ရှိရာထူးနေရာသို့ တက်လှမ်းလာသူဖြစ်သည်။

"ဒီမနက်မှာ အသစ်ရောက်ရှိလာတဲ့ အလုပ်သင်ဆရာဝန်အားလုံးကို ကျွန်တော်က ကြိုဆိုပါတယ်။ ဆေးကျောင်းရဲ့ ပထမ ၂ နှစ်မှာ မင်းတို့ဟာ လူသေကောင်တွေနဲ့ပဲ ဆက်ဆံခဲ့တယ်။ နောက်ဆုံး ၂ နှစ်မှာတော့ ဆေးရုံကလူနာတွေကို စီနီယာဆရာဝန်တွေရဲ့ ကြီးကြပ်မှုနဲ့ ဆက်ဆံခဲ့တယ်။ အခု မင်းတို့လူနာတွေအတွက် မင်းတို့မှာ တာဝန်ရှိလာပြီ။ ဒါဟာ အလွန်ပြောင်မြောက်တဲ့ တာဝန်ယူမှုပဲ။ ဒီအတွက် စူးစူးစိုက်စိုက်လုပ်ဆောင်ခြင်းနဲ့ ကျွမ်းကျင်မှုတို့ လိုအပ်တယ်"

သူ့မျက်လုံးများက အခန်းတစ်ခုလုံးကို ကြည့်လိုက်၏။ "မင်းတို့ထဲက တချို့က ခွဲစိတ်ကုပညာကို သွားဖို့ ပြင်နေကြတယ်။ တခြားလူတွေကတော့ ဖျားနာဆေးပညာကို သွားကြတော့မယ်။ အဖွဲ့တစ်ခုချင်းဆီကို စီနီယာဆရာဝန်တစ်ယောက်က တာဝန်ယူလိမ့်မယ်။ သူကမင်းတို့ကို နေ့စဉ် လုပ်ရိုးလုပ်စဉ် လုပ်ငန်းတာဝန်တွေကို  ရှင်းပြလိမ့်မယ်။ အခုချိန်ကစပြီး မင်းတို့ လုပ်သမျှတိုင်းဟာ သေရေးရှင်ရေးတွေချည်းပဲ"

ဆရာဝန်သစ်များ ဂရုပြုအလေးထား နားထောင်နေကြသည်။ စကားလုံးတိုင်းကို မှတ်သားကြသည်။

"အန်ဘာကာဒီရှိဟာ ပြည်နယ်ဆေးရုံဖြစ်တယ်။ ဆိုလိုတာက တံခါးဝရောက်လာတဲ့ ဘယ်လူနာမဆို ငါတို့ ကုသရမယ်။ လူနာအကုန်လုံးနီးပါးဟာ နွမ်းပါးကြတယ်။ သူတို့

ဒီကိုလာတယ်ဆိုတာကလည်း ပုဂ္ဂလိကဆေးရုံတွေကို မတတ်နိုင်လို့။ ငါတို့ အရေးပေါ်ခန်းတွေဟာ တစ်ရက်ကို ၂၄ နာရီ အလုပ်ရှုပ်နေကြတယ်။ မင်းတို့ဟာ အလုပ်ပိုလုပ်ရပြီး လခတော့နည်းလိမ့်မယ်။ ပုဂ္ဂလိကဆေးရုံတွေမှာဆိုရင် မင်းတို့ရဲ့ ပထမနှစ်တွေမှာ ရိုးရိုး နေ့စဉ်အလုပ်တွေလုပ်ရမယ်။ ဒုတိယနှစ်မှာတော့ ခွဲစိတ်နေတဲ့ဆရာဝန်ကို ခွဲစိတ်ဓားကမ်းပေးခွင့်ရမယ်။ အဲ...ပြီးတော့ တတိယနှစ်မှာဆိုရင် မင်းတို့ဟာ ခွဲစိတ်မှုအသေးစားတွေကို ကြီးကြပ်မှုအောက်မှာ လုပ်ကိုင်ခွင့် ရလာလိမ့်မယ်။ ကဲ...မင်းတို့ ဒါတွေအားလုံးက မေ့ပစ်လိုက်နိုင်တယ်။ ဒီမှာငါတို့ ဆောင်ပုဒ်က 'တစ်ခုကြည့်၊ တစ်ခုလုပ်၊ တစ်ခုသင်' ဒါပဲ။

"ငါတို့ဟာ ဆိုးဆိုးရွားရွား ဝန်ထမ်းအင်အားနည်း ခွဲစိတ်ခန်းထဲ မြန်မြန်ထည့်နိုင်လေ၊ ပိုကောင်းလေပဲ

အလုပ်သင်ဆရာဝန် အသစ်များတွင် မေးချင်သည့် သန်းပေါင်းများစွာသော မေးခွန်းများနှင့် ပြည့်နေသည်။

"မရှိဘူးလား။ ကောင်းတယ်။ မင်းတို့ရဲ့ ပထမနေ့ဟာ မနက်ဖြန် တရားဝင်စပြီ။ မနက်ဖြန်မနက် ငါးနာရီခွဲ ပင်မဧည့်ကြိုစားပွဲကို မင်းတို့ သတင်းပို့ရလိမ့်မယ်။ ကံကောင်းပါစေ"

လုပ်ငန်းနှင့်ပတ်သက်သည့် အသေးစိတ်ရှင်းလင်းပြောကြားချက်များ ပြီးသွား၏။ တံခါးပေါက်ဆီသို့ စုပြုံတိုးဝှေ့သွားကြပြီး စိတ်လှုပ်ရှားသည့် စကားသံတို့ တစီစီ မြည်နေသည်။ အမျိုးသမီးသုံးယောက် မိမိတို့ အတူတကွ ရပ်နေမိကြောင်း တွေ့သွားသည်။

"တခြားအမျိုးသမီးတွေကော" "ကျွန်မအထင်တော့ ကျွန်မတို့ပဲ ရှိလိမ့်မယ်" "ဒါဆေးကျောင်းက ပုံစံနဲ့ အတော်တူတယ်၊ ဟုတ်?။ ယောကျ်ားတွေ ကလပ်ပဲ။ ဒီနေရာဟာ မဖွံ့ဖြိုးခဲ့ဖူးလို့ ကျွန်မခံစားရတယ်" ပြောနေသူမှာ အပြစ်အနာအဆာမရှိ ချောမောလှပသော လူမည်း အမျိုးသမီးဖြစ်သည်။ ခြောက်ပေနီးပါးမြင့်ပြီး ကြီးမားသော အရိုးတည်ဆောက်ပုံရှိသော်လည်း အတော်လေးပင် ကြည့်ကောင်းသည်။ သူမလမ်းလျှောက်ပုံ၊ နေပုံထိုင်ပုံ၊ သရော်တော်တော်အကြည့် စသည့် သူမနှင့်ပတ်သက်သည့်အရာအားလုံးပင် အထီးကျန်နေကြောင်း သတင်းပေးနေသည်။ "ကျွန်မက ကိတ်ဟန်တာ။ လူတွေကတော့ ကိတ်လို ခေါ်ကြတယ်"

ငယ်ရွယ်ဖော်ရွှေပြီး ဉာဏ်ကောင်းသလို ၊ရှိပုံရသော အမျိုးသမီးက မိတ်ဆက်သည်"

သူတို့ တတိယမြောက်အမျိုးသမီးဘက် လှည့်လိုက်သည်။

"ဘက်တီလုတက်။ လူတွေကတော့ ဟန်နီလို့ ခေါ်ကြတယ်" သူမက တောင်ပိုင်းလေသံပျော့ဖြင့် ပြောသည်။ သူမတွင် ပွင့်လင်းဟန်ဆောင်မှုကင်းသော မျက်နှာ၊ အညိုဖျော့ရောင်မျက်လုံးများနှင့် နွေးထွေးသော အပြုံးတို့ရှိသည်။

"နင်ဘယ်ကလာတာလဲ" ကိတ်ကမေး၏။

"မန်းဖစ်၊ တန်နစ်ဆီ"

သူတို့ ပေ့ချ်ကို ကြည့်ကြ၏။ သူမက ရိုးရှင်းသော အဖြေကိုသာ ပေးရန် ဆုံးဖြတ်လိုက်သည်။ "ဘော်စတွန်က"

"မင်နီပိုလစ်" ကိတ်က ပြော၏။ ဒါအတော်နီးစပ်ပြီပဲဟု သူမတွေး၏။

ပေ့ချ်က "ကြည့်ရတာ ငါတို့အားလုံး အိမ်ကနေ ခရီးတော်တော်ဝေးတယ်။ နင်တို့ ဘယ်မှာ နေကြလဲ"

"ငါကတော့ ကြမ်းပိုးပေါတဲ့ ဟိုတယ်မှာနေတယ်" ကိတ်က ပြောသည်။ "နေစရာနေရာရှာဖို့ အခွင့်အရေးမရသေးဘူး"

ဟန်နီကလည်း "ငါရောပဲ" ဟု ပြောသည်။

ပေ့ချ် အားတက်သွား၏။ "ငါ တိုက်ခန်းတချို့ကို ဒီမနက်ကြည့်ခဲ့တယ်။ တစ်ခုကတော့ တော်တော်ကောင်းတယ်။ ဒါပေမဲ့ ငါမတတ်နိုင်ဘူး။ အဲဒီမှာ အိပ်ခန်းသုံးခန်း..."

သူတို့ တစ်ယောက်ကို တစ်ယောက်ကြည့်ကြ၏။ "တကယ်လို့ တို့သုံးယောက်သာ အတူတူနေကြရင်..." ကိတ် ကပြောသည်။

တိုက်ခန်းမှာ မာရီနာနယ်ဘက်ရှိ ဘေးဘက်လမ်းတွင် ဖြစ်သည်။ သူတို့နှင့် အံကိုက်ပင်။ အခန်းအပြင်အဆင်မှာ ရှေးဆန်သော်လည်း သန့်ရှင်းသပ်ရပ်သည်။ အမျိုးသမီးသုံးယောက် အခန်းကို လှည့်ပတ်ကြည့်ရှုပြီးသောအခါ ဟန်နီက "ဒါချစ်စရာလေးလို့ ငါထင်တယ်"။ ကိတ်ကလည်း "ငါလည်းပဲ" ဟု ဝင်ထောက်ခံသည်။ သူတို့ ပေ့ချ်ကို ကြည့်လိုက်၏။ "ဒါဆိုလည်း ဒီအခန်းကို ယူကြတာပေ့ါ"

သူတို့ တိုက်ခန်းကို ထိုနေ့လယ်တွင် ပြောင်းရွှေ့ကြသည်။ တံခါးစောင့်က သူတို့၏ ခရီးဆောင်အိတ်များကို အပေါ်ထပ်သို့ ကူညီသယ်ဆောင်ပေးသည်။ "ခင်ဗျားတို့က ဆေးရုံမှာ အလုပ်လုပ်ကြမယ်ပေ့ါ။ သူနာပြုတွေ..."

"ဆရာဝန်တွေပါ" ကိတ်က ပြင်ပြောသည်။

သူက သူမကို ဇဝေဇဝါကြည့်ပြီး "ဆရာဝန်? ခင်ဗျားပြောတာ အစ်မ်...တကယ့်ဆရာဝန်တွေလား"

"ဟုတ်တယ်။ တကယ့်ဆရာဝန်တွေပါ" ပေ့ချ်က သူ့အားပြောသည်။

သူက ခပ်ပြတ်ပြတ်ပြန်ပြောသည်။ "အမှန်အတိုင်းပြောရရင် ကျွန်တော်သာ ဆေးကုဖို့လိုအပ်ခဲ့မယ်ဆိုရင် မိန်းမတစ်ယောက်က ကျွန်တော့်ခန္ဓာကိုယ်ကို စမ်းသပ်စစ်ဆေးမှာ ကျွန်တော်မလိုလားဘူး"

"ကျွန်မတို့ မှတ်ထားပါ့မယ်"

"ရုပ်မြင်သံကြားစက်တွေကောဘယ်မှာလဲ။ ကျွန်မမမြင်ပါလား" ကိတ်က မေး၏။

"ဒေါက်တာလိုချင်မယ်ဆိုရင် ဝယ်ရလိမ့်မယ်။ တိုက်ခန်းမှာ ပျော်ပျော်နေကြပါ၊ အမျိုးသ...အာ...ဒေါက်တာတို့"

သူထွက်သွားသည်ကို ကြည့်နေကြ၏။

ကိတ်က တံခါးစောင့်ပြောသလိုလေသံဖြင့် "သူနာပြုတွေလား" ဟု ရှုံ့မဲ့ပြောသည်။ "ပုရိသဝါဒီသမား။ ကဲ...တို့အိပ်ခန်းတွေရွေးရအောင်"

"ဘယ်ဟာပဲဖြစ်ဖြစ် ငါနဲ့ အဆင်ပြေပါတယ်" ဟန်နီက ချိုသာစွာပြော၏။ သူတို့ အိပ်ခန်းသုံးခန်းစလုံးကို စစ်ဆေးကြည့်ရှုကြသည်။ မာစတာအိပ်ခန်းမှာ အခြားအခန်းနှစ်ခုထက်ပိုကြီးသည်။ ကိတ်က "ပေ့ချ်၊ နင် ဒီအခန်းကို ယူလိုက်ပါလား။ နင်ဒီတိုက်ခန်းကို ရှာတွေ့ခဲ့တာပဲ"

ပေ့ချ် ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီလေ"

သူတို့ သက်ဆိုင်ရာအခန်းအသီးသီးဆီထွက်သွားရပြီး အထုပ်များဖြေနေရာချကြသည်။ ပေ့ချ်သည် သူမ၏ သေတ္တာထဲမှ အသက်သုံးဆယ်စွန်းစွန်းလူတစ်ယောက်၏ ဘောင်သွင်းဓာတ်ပုံကို ဂရုတစိုက်ထုတ်ယူလိုက်သည်။ သူသည် ဆွဲဆောင်မှုရှိပြီး အနက်ရောင်ကိုင်းမျက်မှန်က ပညာတတ်တစ်ယောက်၏ ရုပ်ရည်မျိုးကို ဖြစ်ပေါ်စေသည်။ ပေ့ချ်က ဓာတ်ပုံကို သူမအိပ်ရာဘေးတွင် နေရာချလိုက်ပြီး ဘေးတွင် စာအထပ်တစ်ထပ်ကို ထားလိုက်သည်။

ကိတ်နှင့် ဟန်နီတို့ ဝင်ရောက်လာသည်။ "အပြင်ထွက်ပြီး ညစာလေးဘာလေးစားကြရအောင်၊ ဘယ်လိုလဲ"

"ငါကတော့ အသင့်ပဲ" ပေ့ချ်က ပြောသည်။

ကိတ်က ဓာတ်ပုံကို မြင်သွားပြီး "ဒါဘယ်သူလဲ"

ပေ့ချ်ပြုံးလိုက်သည်။ "ဒါ ငါလက်ထပ်မယ့် ယောကျ်ားလေ။ သူကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ အလုပ်လုပ်နေတဲ့ ဆရာဝန်တစ်ယောက်ပဲ။ သူ့နာမည်က အဲဖရက်တာနာတဲ့။ လက်ရှိတော့ အာဖရိကမှာ လုပ်နေတယ်။ ဒါပေမဲ့ သူ ဆန်ဖရန်စစ္စကို ကိုလာတော့မှာ။ ဒါဆို ငါတို့ အတူတူနေနိုင်ပြီ"

"ကံကောင်းလိုက်တာ" ဟန်နီက တမ်းတမ်းတတပြောသည်။ "သူဟာ ကောင်းမွန်တဲ့ ပုံပဲ"။ ပေ့ချ်က သူမအားကြည့်လိုက်ပြီး "နင်ကော တစ်ယောက်ယောက်နဲ့ ဇာတ်လမ်းတွေဖြစ်နေလား" "ဟင့်အင်း။ ယောကျ်ားတွေနဲ့ ပတ်သက်လို့ ငါက ကံမကောင်းတတ်ပါဘူးဟာ"။ ထိုအခါ ကိတ်က "နင့်ကံတရားက အန်ဘာကာဒီရှိမှာ ပြောင်းလဲချင်ပြောင်းလဲမှာပေ့ါ"။ သုံးယောက်သား တိုက်ခန်းနှင့် သိပ်မဝေးသော တာရာတီနိုတွင် ညစာစားကြ၏။ ညစာစားချိန်အတွင်း သူတို့၏ ဘဝနောက်ခံများအကြောင်း ပြောဆိုကြသော်လည်း တစ်စုံတစ်ခုက သူတို့စကားဝိုင်းကို ထိန်းချုပ်ထားသည်။ သူတို့သည် လူစိမ်းများဖြစ်သည့်အလျောက် တစ်ယောက်ကို တစ်ယောက် သတိထား ဆက်ဆံနေကြသည်။

ဟန်နီက စကားနည်း၏။ သူမသည် ရှက်ကြောက်တတ်သည်ဟု ပေ့ချ်တွေးမိ၏။ သူမသည် ထိခိုက်လွယ်သည်။ မန်ဖစ်ရှိ လူအချို့က သူမအား အသည်းခွဲခဲ့သည်။ ပေ့ချ် ကိတ်အားကြည့်လိုက်သည်။ ဣန္ဒြေကြီးကြီးနှင့် ကိုယ်ကိုယ်ကို ယုံကြည်မှုရှိသည်။ သူမစကားပြောပုံကို နှစ်သက်သည်။ သူမသည် ကောင်းမွန်သည့်မိသားစုမှ ဆင်းသက်လာကြောင်း သိသာသည်။

တစ်ချိန်တည်းမှာပင် ကိတ်ကလည်း ပေ့ချ်ကို အကဲခတ်နေသည်။ ဘဝတွင် ဘာတစ်ခုမှ ပင်ပင်ပန်းပန်းမလုပ်ခဲ့ရသော ချမ်းသာသည့် မိန်းကလေးဖြစ်ကြောင်း သူမ၏ အသွင်အပြင်တို့က ဖော်ပြနေသည်။ ဟန်နီကလည်း သူတို့နှစ်ယောက်ကို ကြည့်ရင်း တွေး၏။ သူတို့မှာ ယုံကြည်မှုအပြည့်ရှိတယ်။ ကိုယ့်ကိုကိုယ် အရမ်းသေချာနေကြတယ်။ သူတို့အတွက် အရာရာဟာလွယ်ကူမှာပါ။ သူတို့အားလုံး မှားယွင်းခဲ့ကြသည်။

သူတို့ တိုက်ခန်းဆီပြန်ရောက်ကြသောအခါ ပေ့ချ်မှာ စိတ်လှုပ်ရှားလွန်း၍ အိပ်မပျော်ချေ။ အိပ်ရာပေါ်တွင် လဲလျောင်းရင်း အနာဂတ်ကို

တွေးနေမိသည်။ ပြတင်းပေါက်အပြင်ဘက် လမ်းပေါ်တွင် ကားတိုက်သံကို ကြားလိုက်ရသည်။ ထို့နောက် လူများ၏ အော်ဟစ်သံများ ပေါ်လာသည်။ ထိုအသံများသည် ပေ့ချ်၏ စိတ်ထဲတွင် အာဖရိက တိုင်းရင်းသားတို့၏ အော်ဟစ်သံများ၊ သီဆိုသံများနှင့် သေနတ်ပစ်သံများအဖြစ်ပြောင်းလဲသွားသည်။ သူမအတိတ်သို့ လွင့်မျောသွားပြီး အရှေ့အာဖရိကရှိ ကျေးရွာငယ်အတွင်း ဖြစ်ပွားနေသော ကြောက်မက်ဖွယ် လူမျိုးစုစစ်ပွဲအတွင်း ပိတ်မိနေသည်။

ပေ့ချ် ကြောက်လန့်နေသည်။ "သူတို့ သမီးတို့ကို သတ်တော့မယ်"

သူမအဖေက သူမကို ဖက်ထားလိုက်ပြီး "သူတို့ အဖေတို့ကို ဒုက္ခမပေးလောက်ပါဘူး၊ သမီးရယ်။ တို့က ဒီနေရာကို ကူညီဖို့ ရောက်လာတာပဲ။ အဖေတို့ဟာ မိတ်ဆွေတွေမှန်း သူတို့သိပါတယ်"

ထို့နောက် ရုတ်တရက် လူမျိုးစုတစ်ခု၏ ခေါင်းဆောင် သူတို့ တဲငယ်အတွင်းသို့ ဝင်ရောက်လာပြီး...

ဟန်နီ အိပ်ရာထဲတွင် လှဲရင်း တွေးနေမိသည်။ မန်းဖစ်၊ တန်နက်ဆီ ကနေ အဝေးကြီးကို ရောက်နေပြီပဲ၊ ဘက်တီလု။ ငါဘယ်တော့မှ အဲဒီကို ပြန်မသွားနိုင်တော့ဘူး ထင်တယ်။ ဘယ်တော့မှ ပြန်မသွားနိုင်တော့ဘူး။ ရဲအရာရှိပြောသော စကားသံများကို သူမပြန်ကြားယောင်နေသည်။ "သူ့မိသားစုကို လေးစားသောအားဖြင့် ကျွန်တော်တို့ ဆရာတော်ဒေါက်ဂလက်လစ်တန်ရဲ့ သေဆုံးမှုကို 'အကြောင်းရင်းမသိ မိမိကိုယ်ကို သတ်သေမှု' အဖြစ်ပဲ ထားလိုက်တော့မယ်။ ဒါပေမဲ့ မင်းကိုတော့ ဒီမြို့ကနေ အမြန်ဆုံးထွက်သွားဖို့ အကြံပေးချင်တယ်။

ပြီးတော့ အဝေးမှာပဲနေ...

ကိတ်ကတော့ အိပ်ခန်းအတွင်း ပြတင်းပေါက်မှ ငေးကြည့်ရင်း မြို့တွင်းမှ အသံများကို နားစွင့်နေသည်။ မိုးစက်များက တီးတိုးပြောသံကို သူမကြားရသည်။ မင်းလုပ်နိုင်ခဲ့ပြီ၊ မင်းလုပ်နိုင်ခဲ့ပြီ။ သူတို့အားလုံးမှားကြောင်း ငါပြခဲ့ပြီးပြီ။ မင်းဆရာဝန်ဖြစ်ချင်သလား။ လူမည်းအမျိုးသမီးဆရာဝန်လေ။ ပြီးတော့ ဆေးကျောင်းတွေရဲ့ ငြင်းစာတွေ.."ကျောင်းလျှောက်လွှာတင်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကံမကောင်းစွာနဲ့ပဲ ကျွန်ုပ်တို့ ကျောင်းသားခေါ်ယူသောဦးရေ ပြည့်သွားပါပြီ"

"သင့်ရဲ့ ကျောထောက်နောက်ခံအခြေအနေအရ အခြားတက္ကသိုလ်အငယ်တစ်ခုမှာ ပိုပျော်မယ်လို့ အကြံပေးပါတယ်"။ သူမ ထိပ်တန်းအမှတ်များရခဲ့သည်။ သို့သော် လျှောက်လွှာတင်ခဲ့သည့် ၂၅ ကျောင်းအနက် တစ်ကျောင်းသာ သူမကို လက်ခံခဲ့၏။ ထိုကျောင်းအုပ်ကြီးက သူမကို ပြောခဲ့သည်။ "ဒီလိုခေတ်မျိုးမှာ ပုံမှန် ကောင်းမွန်တဲ့ နောက်ကြောင်းရာဇဝင်ရှိသူကို တွေ့မြင်ရတာ အလွန်ပဲ ကောင်းပါတယ်။

သူသာ ဆိုးရွားလှသည့် အဖြစ်မှန်ကို သိခဲ့ပါလျှင်...

(အခန်း ၂)

နောက်တစ်နေ့ နံနက် ၅း၃၀၊ ဆရာဝန်အသစ်များ

သတင်းပို့သောအခါတွင် ဆေးရုံဝန်ထမ်းများက ၎င်းတို့၏ ဆိုင်ရာအလုပ်တာဝန်များကို ညွှန်ကြားပြသပေးသည်။ နံနက်စောစောအချိန်ပင် ရှိသေးသော်လည်း ပြောင်းဆန်ဆူညံသံများက စတင်လာသည်။

လူနာများက တစ်ညလုံး လူနာတင်ယာဉ်များ၊ ရဲကားများ၊ အချို့က ခြေကျင်ဖြင့် အဆက်မပြတ်  ရောက်လာနေသည်။ ဝန်းထမ်းများက ၎င်းတို့က အပိုင်းအပျက်အစီးများဟု သမုတ်ကျပြီး အရေးပေါ် ခန်းများထဲသို့ ပို့ဆောင်ကြသည်။ ကျိုးပဲ့သွေးထွက်ကြသူများ၊ သေနတ်ပစ်ခံရသူ၊ ဓားထိုးခံရသူများ၊ ယာဉ်တိုက်ခံရသူများ၊ စိတ်ဒဏ်ရာရသူများ၊ အိမ်ခြေယာခြေမဲ့သူများစသည့် လူ့အသိုင်းအဝိုင်း၏ အပိုင်းအပျက်အစီးများသည် မြို့ကြီးတိုင်း၏ မည်းမှောင်သော ရေဆိုးမြောင်းများမှတစ်ဆင့် ညစဉ်စီးဆင်းနေသည်။

နေရာအနှံ့သို့ ပျံ့နေသော ပရမ်းပတာခံစားမှုများ၊ သုတ်တီးသုတ်ပျာလှုပ်ရှားမှုများ၊ စူးစူးရှရှအော်ဟစ်သံများနှင့် မြောက်များစွာသော မမျှော်လင့်သည့် အဓိကရုဏ်းများစသည့် ဂရုပြုဖြေရှင်းရမည့် အရာများပြည့်နေသည်။

ဆရာဝန်သစ်များ တစ်ယောက်နှင့် တစ်ယောက်ပူးကပ် ကာကွယ်နေကြပြီး ပတ်ဝန်းကျင်သစ်နှင့် သဟဇာတဖြစ်အောင် ကြိုးပမ်းနေကြသည်။ ပတ်ဝန်းကျင်ရှိ လှို့ဝှက်ဆန်းကျယ်သော အသံများကို နားစွင့်နေကြသည်။

ပေ့ချ်၊ ကိတ်နှင့် ဟန်နီတို့ လူသွားလမ်းတွင် စောင့်နေစဉ် စီနီယာအလုပ်သင်ဆရာဝန်တစ်ယောက် သူတို့နားရောက်လာသည်။

“ဒေါက်တာတို့ထဲက ဘယ်သူက ဒေါက်တာတက်လဲ”

ဟန်နီ မော့ကြည့်ပြီး ပြော၏။ “ကျွန်မပါဘဲ”

ဆရာဝန်က ပြုံးလိုက်ပြီး သူ့လက်ကို ဆန့်ထုတ်လိုက်သည်။ “ဒေါက်တာ့ကို တွေ့ရတာ ဂုဏ်ယူပါတယ်။ ဒေါက်တာ့ကို ကြည့်ရှုကူညီဖို့ ကျွန်တော့်ကို ပြောထားပါတယ်။ ဒေါက်တာဟာ ဒီဆေးရုံကို လာသမျှထဲမှာ ဆေးကျောင်းရမှတ် အများဆုံးရတဲ့သူဖြစ်ကြောင်း ကျွန်တော်တို့ ဝန်ထမ်းခေါင်းဆောင်က ပြောထားပါတယ်။”

ဟန်နီ ရှက်ပြုံးပြုံးလိုက်ပြီး “ကျေးဇူးတင်ပါတယ်ရှင်”

ကိတ်နှင့် ပေ့ချ်တို့ ဟန်နီအား အံ့သြတကြီး ငေးမိ၏။ သူမဒီလောက် တော်လိမ့်မယ်လို့ ငါလုံးဝမထင်မိဘူးဟု ပေ့ချ်တွေးမိသည်။ “ဒေါက်တာတက်က ဖျားနာဆေးပညာကို သွားမယ်ဆိုတာ ဟုတ်ပါသလား” “ဟုတ်ပါတယ်”

ဆရာဝန်က ကိတ်ဘက်လှည့်လိုက်ပြီး “ဒေါက်တာဟန်တာလား”

“ဟုတ်ကဲ့”

“ဒေါက်တာကတော့ ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ကို စိတ်ဝင်စားတာနော်”

“ဟုတ်ပါတယ်”

သူ စာရင်းစာရွက်ကို ကြည့်လိုက်ပြီး “ဒေါက်တာက ဒေါက်တာလူးဝစ်လက်အောက်ကို လွှဲပြောင်းပေးခံရပါတယ်”။ ဆရာဝန်က ပေ့ချ်အားကြည့်လိုက်ပြီး “ဒေါက်တာတေစ်လာလား”

“ဟုတ်ကဲ့”

“ဒေါက်တာက နှလုံးခွဲစိတ်ကို သွားမှာနော်”

"မှန်ပါတယ်"

"ဟုတ်ပြီ။ ဒေါက်တာနဲ့ ဒေါက်တာဟန်တာကို ကျွန်တော်တို့ ခွဲစိတ်ဆောင်ဘက် တာဝန်ချထားပါတယ်။ သူနာပြုအုပ် မာဂရက်စပန်ဆာဆီ သတင်းပို့နိုင်ပါပြီ။ ဟောခန်း အဆုံးမှာပါ။"

"ကျေးဇူးတင်ပါတယ်"

ပေ့ချ် အခြားလူများကို ကြည့်လိုက်ပြီး အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။ "ငါသွားတော့မယ်နော်။ တို့အားလုံးကံကောင်းပါစေလို့ ဆုတောင်းပါတယ်"

သူနာပြုအုပ် မာဂရက်စပန်ဆာမှာ မိန်းမတစ်ယောက်ပုံစံထက် စစ်သင်္ဘောတစ်စင်းနှင့် ပိုတူသည်။ ကြီးမားသောခန္ဓာ၊ တင်းမာခက်ထန်သောအကြည့်နှင့် ရိုင်းပြတ်ပြတ်ဟန်ပန်တို့ရှိသည်။ ပေ့ချ်ရောက်လာသောအခါ သူမသည် သူနာပြုကောင်တာတွင် အလုပ်ရှုပ်နေသည်။

"တစ်ဆိတ်ရှင့်..."

သူနာပြုစပန်ဆာ မော့ကြည့်သည်။ "ဟုတ်ကဲ့"

"ဒီနေရာကို သတင်းပို့ရမယ်လို့ ပြောထားလို့ပါရှင်။ ကျွန်မက ဒေါက်တာ တေစ်လာပါ"

သူနာပြုစပန်ဆာ စာရွက်တစ်ရွက်ကို ကြည့်လိုက်သည်။ "ခဏနော်"။ သူမ တံခါးတစ်ခုသို့ လျှောက်ဝင်သွားပြီး တစ်မိနစ်ခန့်အကြာတွင် ခွဲခန်းဝတ်စုံ၊ အဖြူရောင်ဂျူတီကုတ် အချို့တို့နှင့် ပြန်လာသည်။

"ဒီမှာရော့။ ခွဲခန်းဝတ်စုံတွေက ခွဲစိတ်ခန်းအထဲမှာနဲ့ လူနာတွေကို ရောင်း(round) လှည့်တဲ့အခါ ဝတ်ဖို့။ ရောင်းလှည့်နေတဲ့အခါမှာ အဖြူရောင်ဂျူတီကုတ်တစ်ခုကို ခွဲခန်းဝတ်စုံပေါ်က ထပ်ဝတ်ထားပါ"

"ကျေးဇူးတင်ပါတယ်"

"အိုး...ပြီးတော့ ရှိသေးတယ်"။ သူမ ငုံ့ယူလိုက်ပြီး ပေ့ချ်ကို "ပေ့ချ်တေစ်လာ၊ အစ်မ်.ဒီ" ဟု ရေးထားသော သတ္တုနာမည်ပြားတစ်ခုကို ပေးလိုက်၏။ "ဒါကတော့ နာမည်ကတ်ပြားပါ ဒေါက်တာ"

သူနာပြုစပန်ဆာက သူမအားကြည့်လိုက်ပြီး "ဒေါက်တာ နေလို့ကောင်းရဲ့လား" "ကျွန်မကောင်းပါတယ်" ပေ့ချ် ပြုံးပြီး ပြောလိုက်၏။ "ကျွန်မ ပုံမှန်ပါပဲ။ ကျေးဇူးတင်ပါတယ်။ ကျွန်မ ဘယ်နေရာမှာများ...?"

"ဆရာဝန် အဝတ်လဲခန်းကတော့ ကော်ရစ်ဒါအတိုင်းလျှောက်သွားပြီး ဘယ်ဘက်မှာပါ။ ဒေါက်တာ ရောင်းလှည့်ရတော့မယ်။ ဒါကြောင့် အဝတ်လဲရမယ်နော်" "ကျေးဇူးတင်ပါတယ်"

ပေ့ချ် ကော်ရစ်ဒါအတိုင်း လျှောက်သွားပြီး သူမဘေးတွင်ဖြစ်ပျက်နေသော လှုပ်ရှားမှုများကို အံ့အားတသင့်ကြည့်မိသည်။ ကော်ရစ်ဒါမှာ ဆရာဝန်များ၊ သူနာပြုများ၊ နည်းပညာရှင်များ၊ လူနာများဖြင့် ပြည့်ကျပ်နေသည်။ အမျိုးမျိုးသော နေရာများသို့ သုတ်ချီတင်နေကြသည်။ အဆက်မပြတ်ထွက်နေသော မိုက်ခရိုဖုန်းမှ ခေါ်သံများကလည်း ဆူညံသံများကို တိုးပွားစေသည်။

"ဒေါက်တာ ကီနန်...ခွဲခန်း ၃...ဒေါက်တာကီနန်...ခွဲခန်း ၃"

"ဒေါက်တာတဲဘော့...အရေးပေါ်ခန်း ၁...ချက်ချင်းလာပါ။ ဒေါက်တာတဲဘော့ အရေးပေါ်ခန်း ၁...ချက်ချင်းလာပါ"

"ဒေါက်တာအန်ဂျယ်...အခန်း ၂၁၂...ဒေါက်တာအန်ဂျယ်...အခန်း ၂၁၂"

ဆရာဝန်များ အဝတ်လဲခန်းဟု ရေးထားသော အခန်းသို့ ပေ့ချ်ရောက်သွားပြီး တံခါးဖွင့်လိုက်၏။ အတွင်းတွင် အဝတ်အစားလဲနေသော ဆရာဝန်တစ်ဒါဇင်ခန့် ရှိ၏။ နှစ်ယောက်မှာ လုံးဝ အဝတ်အစားကင်းမဲ့နေသည်။ သူတို့ တံခါးပွင့်လာသောအခါ ပေ့ချ်ကို ငေးကြည့်ကြသည်။

"အိုး! ကျွန်မ...ကျွန်မ တောင်းပန်ပါတယ်" ပေ့ချ် ဗလုံးဗထွေးပြောပြီး တံခါးကို အလျင်အမြန် ပြန်ပိတ်လိုက်၏။ သူမ ထိုနေရာတွင် ရပ်နေပြီး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေသည်။ ကော်ရစ်ဒါ၏ နောက်ထပ် ပေအနည်းငယ်အကွာတွင် သူနာပြုများ အဝတ်လဲခန်းဟု ရေးထားသော တံခါးတစ်ခုကို သူမတွေ့လိုက်၏။ ပေ့ချ်လျှောက်သွားပြီး တံခါးဖွင့်လိုက်သည်။ အတွင်းတွင် သူနာပြုများ ၎င်းတို့၏ ဝတ်စုံများကို ဝတ်ဆင်နေကြသည်။

တစ်ယောက်က ကြည့်လိုက်ပြီး "ဟယ်လို...မင်းက သူနာပြုအသစ်လား"

"မဟုတ်ပါဘူး" ပေ့ချ် ပြန်ပြောသည်။ "ကျွန်မသူနာပြုမဟုတ်ပါဘူး"။ သူမတံခါးကို ပြန်ပိတ်လိုက်ပြီး ဆရာဝန်များ အဝတ်လဲခန်းသို့ ပြန်လျှောက်သွားသည်။ သူမ ခဏမျှရပ်နေလိုက်၏။ ထို့နောက် အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး အထဲသို့ ဝင်လိုက်သည်။ စကားသံများ ရပ်သွား၏။

လူတစ်ယောက်က ပြောသည်။ "စိတ်မကောင်းပါဘူး၊ မိန်းကလေးရယ်။ ဒီအခန်းက ဆရာဝန်တွေ အတွက်ကွဲ့"

"ကျွန်မက ဆရာဝန်တစ်ယောက်ပဲ" ပေ့ချ် ပြောသည်။

သူတို့ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြပြီး "အိုး...အာ...ကြိုဆိုပါတယ်"

"ကျေးဇူးတင်ပါတယ်"။ သူမ တစ်ခဏမျှ တွေဝေနေပြီးနောက် ဗီရိုအံဆွဲအလွတ်တစ်ခုဆီ လျှောက်သွား၏။ လူများက သူမ၏ ဆေးရုံအဝတ်အစားများ ဗီရိုလွတ်ထဲထည့်သည်ကို ကြည့်နေကြ၏။ သူမက ထိုလူများကို ခဏမျှ ကြည့်လိုက်ပြီးသည်။ ထို့နောက် ဖြည်းညင်းစွာဖြင့် သူမ၏ ဘလောက်အင်္ကျီကို ကြယ်သီးဖြုတ်နေ၏။

ဆရာဝန်များ ထိုနေရာတွင် ရပ်နေကြပြီး ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်တော့သည်။ တစ်ယောက်က "ကျွန်တော်တို့...အာ...ဆရာဝန်မလေးကို တစ်ယောက်တည်းရှိပါစေလား၊ လူကြီးမင်းတို့"

"ကျေးဇူးတင်ပါတယ်" ဟု ဆရာဝန်မလေးပေ့ချ်က ပြောလိုက်သည်။ သူမထိုနေရာတွင် ဆရာဝန်များ အဝတ်လဲပြီး အခန်းထဲမှ ထွက်သွားသည်အထိ ရပ်စောင့်နေသည်။ ငါဒီလိုမျိုး နေ့တိုင်းကြုံနေရမှာလားဟု သူမစဉ်းစားမိသည်။

ဆေးရုံတွင်းလူနာများ လှည့်ကြည့်ရှုခြင်း (round) တွင် ဘယ်တော့မျှ မပြောင်းလဲသော ရိုးရာအစဉ်အလာတစ်ခုရှိသည်။ သမားတော်ကြီးက ရှေ့ဆောင်သည်။ ထို့နောက် စီနီယာအလုပ်သင်ဆရာဝန်များ၊ အခြားအလုပ်သင်ဆရာဝန်များနှင့် ဆေးကျောင်းသူကျောင်းသား တစ်ယောက်နှစ်ယောက်ခန့်တို့ နောက်မှ လိုက်ကြသည်။ ပေ့ချ်နှင့် တာဝန်ချထားပေးသော သမားတော်ကြီးမှာ ဒေါက်တာဝီလျံရက်နော ဖြစ်သည်။ ပေ့ချ်နှင့် အခြားဆရာဝန် ငါးယောက်တို့ ဟောခန်းထဲတွင်

သူ့အားစောင့်နေကြသည်။

ထိုအဖွဲ့ထဲတွင် တရုတ်ဆရာဝန်တစ်ယောက်ရှိသည်။ သူက လက်ကို ဆန့်တန်းလိုက်ပြီး "တွန်ချန်းပါ။ ခင်ဗျားတို့အားလုံး ကျွန်တော့်လိုပဲ စိတ်လှုပ်ရှားနေမယ်လို့ ထင်ပါတယ်"

ပေ့ချ် သူ့ကို ချက်ချင်း သဘောကျသွားသည်။

လူတစ်ယောက် အဖွဲ့ရှိရာသို့ လှမ်းလာနေသည်။ "မင်္ဂလာနံနက်ခင်းပါ" သူက ပြောသည်။ "ကျွန်တော် ဒေါက်တာရက်နောပါ"။ သူသည် တောက်ပသောအပြာရောင်မျက်လုံးများနှင့်ဖြစ်ပြီး စကားပြောသံမှာ ညင်သာသည်။ ဆရာဝန်တစ်ယောက်ချင်းစီက မိမိတို့ကိုယ်ကို မိတ်ဆက်သည်။

"ဒါ မင်းတို့အတွက် ရောင်းပထမဆုံးနေ့ပဲ။ မင်းတို့ ကြားသမျှ၊ မြင်သမျှအားလုံးကို သေသေချာချာအာရုံ စိုက်စေချင်တယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ မင်းတို့ သက်တောင့်သက်သာရှိနေပုံပေါ်ဖို့လည်း အရေးကြီးတယ်"။ ပေ့ချ် စိတ်ထဲတွင် မှတ်သားလိုက်သည်။ အရာရာကို အာရုံစိုက်၊ ဒါပေမဲ့ သက်တောင့်သက်သာရှိနေပုံပေါ်ရမယ်။

"တကယ်လို့ လူနာဟာ မင်းတို့ စိုးရိမ်ပုံပေါ်နေကြောင်း မြင်သွားရင် သူတို့ကိုယ်တိုင်လည်း စိုးရိမ်သွားမယ်။ မင်းတို့က မပြောထားတဲ့ သေစေနိုင်လောက်တဲ့ ရောဂါတစ်ခုခု သူတို့မှာ ရှိနေတယ်လို့ ထင်သွားလိမ့်မယ်"

လူနာကို စိုးရိမ်အောင် မလုပ်ရ။

"အခုချိန်ကစပြီး မှတ်ထားရမယ်။ မင်းတို့ဟာ အခြား လူသားတွေရဲ့ အသက်တွေအတွက် တာဝန်ရှိတယ်"

အခြားအသက်တွေအတွက် တာဝန်ရှိတယ်။ အိုး...ဘုရားရေ! ဒေါက်တာရက်နောကြာကြာပြောလေလေ ပေ့ချ် ပိုပို စိတ်လှုပ်ရှားလာလေဖြစ်သည်။ သူ့စကားဆုံးသောအခါ ပေ့ချ်မှာ မိမိကိုယ်ကို ယုံကြည်မှုများလုံးဝ ဆိတ်သုဉ်းသွားသည်။ "ငါ ဒါအတွက် အဆင်သင့်မဖြစ်သေးဘူး" ဟု တွေးမိသည်။ "ငါဘာတွေလုပ်နေတာလဲ ငါမသိတော့ဘူး။ ဘယ်သူကများ ငါဆရာဝန်ဖြစ်နိုင်တယ်လို့ ပြောခဲ့လဲ။ တကယ်လို့ ငါလူတစ်ယောက်ယောက်ကို သတ်မိရင်ကော!"

ဒေါက်တာရက်နော ဆက်ပြောနေသည်။ "လူနာတိုင်းရဲ့ ဓာတ်ခွဲခန်းစစ်ဆေးချက် အသေးစိတ်မှတ်စုတွေကို မင်းတို့ဆီကရဖို့ ငါမျှော်လင့်တယ်။ ရှင်းရဲ့လား"

"ဟုတ်ကဲ့ပါ ဒေါက်တာ" ဟူသော တိုးတိုးသံများ ထွက်လာသည်။

"ဒီမှာ ခွဲစိတ်လူနာ သုံးဆယ်ကနေ လေးဆယ်အထိ တစ်ချိန်တည်းမှာ ရှိနေတတ်တယ်။ သူတို့အတွက် အစစအရာရာ အစီအစဉ်ကျအောင် လုပ်ထားဖို့က မင်းတို့ တာဝန်ပဲ။ အခု ငါတို့ မနက်ရောင်း စလိုက်ကြရအောင်။ နေ့လယ်ခင်းကျရင်လည်း ဒီရောင်းကိုပဲ ထပ်ပြန်စဦးမယ်"

ဆေးကျောင်းတွင် အရာရာလွယ်ကူခဲ့သည်။ လေးနှစ်တာဆေးကျောင်းတွင် ကုန်ဆုံးခဲ့သောအချိန်များကို ပေ့ချ်ပြန်တွေးမိ၏။ ကျောင်းသားပေါင်း ၁၅၀ ရှိသည့်အနက် အယောက် ၅၀ သာ မိန်းကလေးပါ၏။ သူမ ခန္ဓာဗေဒပထမဆုံးအတန်းကို

လုံးဝမမေ့နိုင်ပေ။ ကျောင်းသူကျောင်းသားတို့ စားပွဲ ၂၀ တန်းစီထားသော အဖြူရောင်ကျောက်ပြားခင်း အခန်းကျယ်ထဲသို့ ဝင်လာကြသည်။ စားပွဲတစ်ခုစီကို အဝါရောင် အဝတ်များဖြင့် ဖုံးအုပ်ထားသည်။ ကျောင်းသားငါးယောက်လျှင် စားပွဲတစ်ခု တာဝန်ကျ၏။

ပါမောက္ခက ပြော၏။ "ကောင်းပြီ။ အဝတ်စကို ဆွဲဖယ်လိုက်"။ ထိုနေရာ ပေ့ချ်၏ ရှေ့မှောက်တွင် သူမ၏ ပထမဆုံး လူသေအလောင်းရှိနေသည်။ သူမကြောက်လွန်း၍ မူးမေ့အော့အန်တော့မလိုဖြစ်သွား၏။ သို့သော် သူမ ထူးထူးခြားခြား တည်ငြိမ်နေကြောင်းခံစားမိသည်။ လူသေလောင်းမှာ မပုပ်သိုးအောင် စီမံထား၏။ ထိုသို့ စီမံထားချက်ကပင် ၎င်းအား လူအဖြစ်မှ နှုတ်ပယ်ထားသလိုဖြစ်နေ၏။

အစပိုင်းများတွင် ကျောင်းသားများသည် တိုးတိုးတိတ်တိတ်နှင့် ခန္ဓာဗေဒဓာတ်ခွဲခန်းတွင် လေးစားသမှုကို ပြကြသည်။ သို့သော် တစ်ပတ်အတွင်းမှာပင် သူတို့သည် ခွဲစိတ်နေစဉ်အတွင်း အသားညှပ်ပေါင်မုန့်များစားကြသည်။ ညစ်ညမ်းသော ဟာသများပြောကြသည်။ ပေ့ချ်အံ့သြမိ၏။ သူတို့ကိုယ်သူတို့ ကာကွယ်ခြင်းတစ်မျိုးပင် ဖြစ်ပေလိမ့်မည်။ သေဆုံးခြင်းတရားကို ငြင်းပယ်ခြင်းပင် ဖြစ်ပေလိမ့်မည်။ သူတို့သည် အလောင်းများကို နာမည်များပေးကြသည်။ သူငယ်ချင်းဟောင်းများလို ဆက်ဆံကြသည်။ အခြားကျောင်းသားများလို ပေါ့ပေါ့ပါးပါး နေထိုင်ဖို့ ပေ့ချ် အားတင်းကြည့်သော်လည်း သူမအတွက်တော့ ခက်ခဲနေ၏။ သူမ ခွဲစိတ်နေသော အလောင်းကောင်အား ကြည့်လိုက်ပြီး စဉ်းစားမိ၏။ ဒီလူမှာ အိမ်နဲ့ မိသားစု ရှိမှာပဲ။ သူဟာ နေ့စဉ်ရုံးသွားမယ်။ ပြီးတော့ တစ်နှစ်တစ်ခါ သူ့မိန်းမ၊ ကလေးတွေနဲ့ အပန်းဖြေခရီးထွက်မယ်။ သူဟာ အားကစားကို ချစ်မြတ်နိုးခဲ့နိုင်တယ်။ ရုပ်ရှင်ကြည့်ရတာကို ပျော်မွေ့မယ်။ သူရယ်ခဲ့မယ်။ ငိုခဲ့မယ်။ သူ့ကလေးတွေ ကြီးပြင်းလာတာကို ကြည့်ခဲ့မယ်။ သူတို့ရဲ့ ပျော်ရွှင်မှုတွေ၊ ဝမ်းနည်းမှုတွေကို မျှဝေမယ်။ သူ့မှာ အံ့သြဖို့ကောင်းတဲ့ အိပ်မက်အကြီးစားတွေရှိမယ်။ ဒါတွေအားလုံးဖြစ်လာပါစေလို့ ငါမျှော်လင့်ပါတယ်။ ဝမ်းနည်းဝမ်းသာ ခံစားမှုတစ်ခုက သူမကို လွှမ်းခြုံသွားသည်။ အဘယ်ကြောင့်ဆိုသော် သူက သေနေပြီး သူမကတော့ အသက်ရှင်နေသည်။

အချိန်ကြာလာသည်နှင့်အမျှ ခွဲစိတ်ခြင်းသည် ပေ့ချ်အတွက် လုပ်ရိုးလုပ်စဉ်ဖြစ်လာသည်။ ရင်ဘတ်ကိုဖွင့်သည်။ နံရိုးများ၊အဆုတ်များ၊ နှလုံးအမြှေးပါး၊ သွေးပြန်ကြောများ၊ သွေးလွှတ်ကြောများနှင့် အာရုံကြောများအား စစ်ဆေးသည်။

ဆေးကျောင်း ပထမ ၂ နှစ်၏ အချိန်တော်တော်များများသည် ခန္ဓာကိုယ်အစိတ်အပိုင်းတို့အကြောင်းရေးထားသည့် စာရည်ကြီးများကို ကျက်မှတ်ခြင်းဖြင့်သာ ကုန်လွန်ခဲ့သည်။ ကျောင်းသားများက အတိုကောက်များသုံးပြီး မှတ်မိအောင် ကျက်ကြ၏။ (မူရင်းစာရေးသူက စာအုပ်တွင် ဦးနှောက် အာရုံကြောများအား အတိုကောက်ကျက်မှတ်နည်းကို နမူနာ ထည့်ထားခဲ့သည်။ သို့သော် ကျွန်တော်သိသလောက် ထိုအာရုံကြောအမည်များအားလုံးအား မြန်မာပြန်ထားသည် မရှိပါ။ ထို့ကြောင့် ချန်လှပ်ခဲ့ရန်

စဉ်းစားခဲ့သော်လည်း ဝတ္ထု၏ရသ မပြတ်စိမ့်သောငှာ အင်္ဂလိပ်လိုပင်ရေး၍ ထည့်လိုက်ပါသည်။)

ဦးနှောက်အာရုံကြောများ - olfactory, optic, oculomotor, trochlear, trigeminal, abducens, facial, auditory, glossopharyngeal, vagus, spinal, and hypoglossal.

ရှေးဟောင်း အတိုကောက်ကျက်မှတ်ပုံမှာ "On old Olympus's towering tops, a French and German vended some tops"။ ခေတ်ပေါ်ကျက်မှတ်ပုံမှာမူ "Oh, oh, oh, to touch and feel a girl's v-gina - such heaven"

ဆေးကျောင်း၏ နောက်ဆုံး ၂ နှစ်မှာ ပိုမို စိတ်ဝင်စားဖွယ်ကောင်းသည်။ ဖျားနာဆေးပညာအကြောင်း၊ ခွဲစိတ်ပညာအကြောင်း၊ ကလေးဆေးပညာအကြောင်းနှင့် သားဖွားနှင့်မီးယပ်ဘာသာအကြောင်းတို့ ပါဝင်ပြီး မြို့နယ်ဆေးရုံတစ်ခုတွင် သင်ကြားရသည်။ ငါဒီအချိန်တွေကို မှတ်မိနေတုန်းပဲဟု ပေ့ချ်တွေးနေသည်။ "ဒေါက်တာတေစ်လာ…" စီနီယာဆရာဝန်တစ်ယောက်က သူမကို စိုက်ကြည့်နေသည်။ ပေ့ချ်စတင်လှုပ်ရှားလာသည်။ အခြားလူများမှာမူ ကော်ရစ်ဒါတစ်ဝက်ခန့်အထိ ရောက်နေပေပြီ။ "လာနေပါပြီ" သူမ အလျင်အမြန် ပြန်ပြောလိုက်၏။

ပထမဆုံးကြည့်သည့်နေရာမှာ ထောင့်မှန်စတုဂံပုံ ကျယ်ဝန်းသော လူနာဆောင်ဖြစ်ပြီး လူနာခုတင်များအား အခန်း၏ တစ်ဖက်တစ်ချက်တွင် စီတန်းထားရှိ၏။ ခုတင်တစ်ခုစီ၏ ဘေးတွင် ထိုင်ခုံငယ်တန်းတစ်ခုစီ ရှိသည်။ ပေ့ချ်မှာ ခုတင်များအား လိုက်ကာများဖြင့် ခြားထားပေးမည်ဟု ထင်ခဲ့သည်။ သို့သော် ထိုနေရာတွင်တော့ ကိုယ်ပိုင်လွတ်လပ်ခွင့် လုံးဝမရှိ။

ပထမဆုံးလူနာမှာ ဝါကြန့်ကြန့်အသားရောင်နှင့် အဖိုးအိုတစ်ယောက်ဖြစ်၏။ သူသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပြီး လေးပင်စွာ အသက်ရှူနေသည်။ ဒေါက်တာရက်နော ခုတင်ခြေရင်းဆီသို့ လျှောက်လှမ်းလိုက်ပြီး လူနာဖိုင်တွဲကို ကြည့်လိုက်၏။ ထို့နောက် လူနာ၏ ဘေးသို့ သွားလိုက်ပြီး လူနာပခုံးကို ဖြည်းညင်းစွာ ထိလိုက်သည်။ "မစ္စတာပေါ်တာ"

လူနာက မျက်လုံးများကို ဖွင့်လိုက်သည်။ "ခင်ဗျာ"

"မင်္ဂလာ နံနက်ခင်းပါခင်ဗျာ။ ကျွန်တော်က ဒေါက်တာရက်နောပါ။ ဦးနေရတာကောင်းရဲ့လားလို့ ကျွန်တော်လာကြည့်တာပါ။ ညက သက်တောင့်သက်သာရှိရဲ့လား" "အဆင်ပြေပါတယ်"

"နာကျင်တာမျိုးကောရှိလား"

"ရှိတယ်။ ကျွန်တော် ရင်ဘတ်အောင့်တယ်"

"ကျွန်တော် တစ်ချက်လောက် ကြည့်ပါရစေ"

သူ စမ်းသပ်စစ်ဆေးပြီးသောအခါ "ဦးက နေကောင်းနေပါတယ်။ ကျွန်တော် ဦးလေးရင်ဘတ်အောင့်တာအတွက် သူနာပြုနဲ့ ဆေးတစ်ခုခု ပေးခိုင်းလိုက်မယ်" "ကျေးဇူးတင်ပါတယ်။ ဒေါက်တာ"

သူတို့ ခုတင်အဝေးသို့ ထွက်ခွာသွားကြသည်။ ဒေါက်တာရက်နောက ဆရာဝန်များဘက်သို့လှည့်လိုက်ပြီး "အမြဲတမ်း ဟုတ်တယ်မဟုတ်ဘူးသာ ဖြေဖို့လိုတဲ့မေးခွန်းမျိုးတွေကို ကြိုးစားမေးပါ။

ဒါမှ လူနာမပင်ပန်းမှာ။ ပြီးတော့ သူသက်သာလာကြောင်း အားပေးစကားပြော။ မင်းတို့ သူ့ဖိုင်တွဲကို လေ့လာပြီး မှတ်စုတွေ ထုတ်ထားလိုက်။ ငါတို့ ဒီနေရာကို နေ့လယ်ပြန်လာပြီး သူဘယ်လိုနေသေးလဲဆိုတာ ပြန်ကြည့်မယ်။ လူနာတိုင်းရဲ့ အဓိကပြဿနာနဲ့ အခြားလိုအပ်တဲ့ ရောဂါရာဇဝင်တွေကို မှတ်သားထားပါ။ သူ အရက်သောက်လား၊ ဆေးလိပ်သောက်လား အစရှိသဖြင့်ပေါ့။ လူနာတိုင်းရဲ့ တိုးတက်မှုအခြေအနေ အစီရင်ခံစာကို ငါလိုချင်တယ်”

သူတို့ အသက် လေးဆယ်ကျော်ရှိ နောက်လူနာတစ်ယောက်၏ အိပ်ရာဆီသို့ ရွေ့သွားကြသည်။

“မင်္ဂလာနံနက်ခင်းပါ၊ မစ္စတာရော်လင်း”

“မင်္ဂလာနံနက်ခင်းပါ၊ ဒေါက်တာ”

“ဒီမနက် နေရတာ သက်သာလာပြီလား”

“သိပ်မသက်သာဘူး။ မနေ့ညက ခဏခဏ နိုးနေတယ်။ ဗိုက်ကလဲ နာတယ်”

ဒေါက်တာရက်နောသည် စီနီယာအလုပ်သင်ဆရာဝန်ဘက်လှည့်လိုက်ပြီ “စအိုမှန်ပြောင်းကြည့်တဲ့ အဖြေက ဘာလဲ”

“ဘာပြဿနာမှ မရှိကြောင်း အဖြေထွက်ပါတယ်”

“ဒါဆို ဘေရီယမ် ဓာတ်မှန်ရိုက်မယ်၊ စတက်” (ဘေရီယမ်ဓာတ်မှန် - လူနာ၏ အူနှင့် ဆက်စပ်အင်္ဂါများအား ပိုမို မြင်နိုင်ရန် အရည်တစ်မျိုးသောက်၍ ဓာတ်မှန်ရိုက်ခြင်း)

စီနီယာအလုပ်သင်ဆရာဝန် မှတ်စုတွင် ရေးမှတ်လိုက်သည်။ ပေ့ချ်ဘေးနားတွင် ရှိသော ဆရာဝန်က သူမအား နားတွင် ခပ်တိုးတိုးပြောသည်။ “စတက်ဆိုတာ ဘာကိုပြောတာလဲဆိုတာ မင်းသိမယ်ထင်တယ်။ ချက်ချင်းဖင်ကြွလိုက်လို့ပြောတာလေ”

ဒေါက်တာ ရက်နောကြားသွား၏။ “စတက်ဆိုတာ လက်တင်စကား စတက်တင် ကလာတာ။ အချိန်မဆိုင်းဘဲလို့ အဓိပ္ပာယ်ရတယ်”

ရှေ့လာမည့်နှစ်များတွင် မကြာခဏ ထိုစတက်ကို ပေ့ချ်ကြားရတော့မည်။

နောက်လူနာတစ်ယောက်မှာ ဘိုင်ပက်(စ)ခွဲစိတ်မှုခံယူထားသော အသက်ကြီးကြီး မိန်းမလူနာဖြစ်သည်။ (ဘိုင်ပက်(စ) - အကြောင်းတစ်စုံတစ်ခုကြောင့် ပုံမှန်သွားနေကြလမ်းကြောင်းမှ လွှဲ၍ အခြားတစ်ခုကို အသုံးပြုခြင်း။ ဥပမာ - အူတစ်နေရာတွင် ပိတ်နေပါက ထိုပိတ်သောနေရာကို လွှဲ၍ အခြားနေရာနှင့် ဆက်ခြင်း)

“မင်္ဂလာနံနက်ခင်းပါ၊ မစ္စစ်တာကယ်”

“ကျွန်မကို ဘယ်အချိန်ထိ ဒီမှာ ဆက်ထားဦးမှာလဲ”

“သိပ်မကြာတော့ပါဘူး။ ခွဲစိတ်မှုက အောင်မြင်တယ်။ မကြာခင် အိမ်ပြန်ရတော့မှာပါ”

ထို့နောက် သူတို့ နောက်လူနာတစ်ယောက်ဆီ သွားကြသည်။

ပုံသေကားချပ်များ ထပ်ခါတလဲလဲ ပြုလုပ်နေပြီး မနက်ခင်းမှာ လျင်မြန်စွာ ကုန်လွန်သွားသည်။ သူတို့ လူနာ သုံးဆယ်ကို ကြည့်ခဲ့၏။ လူနာတစ်ယောက်ပြီးတိုင်း ဆရာဝန်အသစ်များသည် မှတ်စုများ

အသည်းအသန်မှတ်ကြသည်။ နောက် ထိုမှတ်စုများကို နားလည်ပါစေဟု ဆုတောင်းကြသည်။

ပေ့ချ်အတွက် လူနာတစ်ယောက်မှာ ပဟေဠိ ဖြစ်နေ၏။ သူမသည် ကျန်းမာသူတစ်ယောက်ပုံစံပေါက်နေသည်။ သူတို့ သူမအဝေးသို့ရောက်သောအခါ ပေ့ချ်က "သူမ ဘာဖြစ်တာလဲ ဒေါက်တာ" ဟုမေးလိုက်သည်။

ဒေါက်တာရက်နော သက်ပြင်းရှိုက်လိုက်ပြီး "သူမမှာ ဘာရောဂါမှ မရှိပါဘူး။ သူမဟာ 'ဂိုမာ' ပါ။ ဆေးကျောင်းမှာ သင်ခဲ့တာတွေကို မေ့သွားသူတွေအတွက်ပြောမယ်။ ဂိုမာဆိုတာ ငါ့အခန်းထဲက ထွက်သွားလို့ အဓိပ္ပာယ်ရတယ်။ ဂိုမာဆိုတာ ကျန်းမာရေးမကောင်းတာကို ကြိုက်တဲ့ လူတွေကို ပြောတာ။ ဒါသူတို့ ဝါသနာပဲ။ ငါ သူမကို မနှစ်က ခြောက်ကြိမ်တောင် ဆေးရုံမှာ တွေ့လိုက်တယ်"

သူတို့ နောက်ဆုံးလူနာထံသို့ ရောက်လာခဲ့သည်။ သူမမှာ အသက်ရှူစက်နှင့် အသက်ရှူနေရသည့် မေ့မြောနေသော အဘွားအိုဖြစ်သည်။ "သူမ မေ့မြောနေတာ ခြောက်ပတ်ရှိပြီ။ သူမရဲ့ သက်ရှိလက္ခဏာတွေဟာ ကျဆင်းနေပြီ။ သူမအတွက် ငါတို့ ဒီထက်ပိုလုပ်ပေးနိုင်တာမရှိတော့ဘူး။ ငါတို့ စက်တွေအားလုံးကို ဒီနေ့လယ်ရပ်လိုက်တော့မယ်"

ပေ့ချ်သူ့အား ထိတ်လန့်တကြား ကြည့်လိုက်၏။ "စက်ကို ရပ်လိုက်တော့မယ်?"

ဒေါက်တာရက်နောက ညင်သာစွာ ပြော၏။ "ဆေးရုံက ဆေးပညာကျင့်ဝတ်ကော်မတီက ဒီမနက်မှာပဲ ဆုံးဖြတ်ချက်ချပြီးပြီ။ သူမဟာ အသက်ရှင်ရုံသာရှိပြီး ဘာမှမလုပ်နိုင်မစွမ်းနိုင်တော့ဘူး။ အသက်က ၈၇ နှစ်ရှိပြီ။ ဦးနောက်ကလည်း သေနေပြီ။ သူမကို ဒီအတိုင်းအသက်ဆက်ရှင်နေစေတာဟာ ရက်စက်လွန်းရာကျပါတယ်။ ပြီးတော့ သူမမိသားစုအနေနဲ့လည်း ငွေရေးကြေးရေးအနေနဲ့ ထိခိုက်မယ်လေ။ ကဲ...နေ့လယ်ရောင်းမှ မင်းတို့အားလုံးကို တွေ့မယ်"

သူထွက်သွားသည်ကို သူတို့ ကြည့်နေကြ၏။ ပေ့ချ်သူနာကို နောက်တစ်ဖန် ပြန်ကြည့်မိ၏။ သူမသည် အသက်ရှိနေသေးသည်။ သိပ်မကြာမီအချိန်အတွင်း သူမသေဆုံးတော့မည်။ ငါတို့ ဒီနေ့လယ်စက်ကို ပိတ်လိုက်တော့မယ်။ ဒါဟာ လူသတ်မှုပဲ ဟု ပေ့ချ်တွေးမိသည်။

(အခန်း ၃)

ထိုနေ့လယ်၊ 'ရောင်း'လှည့်ခြင်းများ ပြီးသွားသောအခါ အလုပ်သင်ဆရာဝန်အသစ်များသည် အပေါ်ထပ်ရှိ ဧည့်ခန်းထဲတွင် စုဝေးနေကြသည်။ အခန်းထဲတွင် စားပွဲ ၈ လုံး၊ ရှေးဟောင်း အဖြူအမည်း တယ်လီဗေးရှင်းတစ်ခု၊ သိုးနေသောအစားညှပ်ပေါင်မုန့်နှင့် ခါးလွန်းသော ကော်ဖီတို့ကိုသာ ထုတ်ပေးသော အလိုအလျောက်ရောင်းချစက် ၂ ခုတို့ ရှိသည်။

စားပွဲတိုင်း၏ ပြောနေသောစကားဝိုင်းမှာ အတော်တူညီသည်။

ဆရာဝန်တစ်ယောက်ကပြော၏။ "ကျွန်တော့် လည်ချောင်းကို တစ်ချက်လောက်ကြည့်စမ်းပါ။ တစ်ခုခုများ ဖြစ်နေလားလို့"

"ကျွန်တော်ဖျားနေတယ်လို့ ထင်တယ်။ နေလို့ထိုင်လို့ မကောင်းဘူး"

"ကျွန်တော့်ဗိုက်တွေ တင်းပြီး နာနေတယ်။ ကျွန်တော် အူအတက်ရောင်နေမှန်း ကျွန်တော်သိတယ်"

"ကျွန်တော့်ရင်ဘတ်ထဲမှာ ဆုတ်ချေသလို နာနေတယ်။ ဘုရားရေ...နှလုံးရောဂါမဟုတ်ပါစေနဲ့"

ပေ့ချ်နှင့် ဟန်နီတို့ရှိရာစားပွဲသို့ ကိတ်လာရောက်ထိုင်သည်။ "အခြေအနေဘယ်လိုလဲ" သူမက မေး၏။

ဟန်နီက "အားလုံး အဆင်ပြေပြေပြီးသွားတယ်လို့ ထင်တာပဲ"

သူတို့နှစ်ယောက်လုံး ပေ့ချ်ကို ကြည့်လိုက်သည်။ "ငါတော့ စိတ်ထဲမှာတင်းနေတယ်၊ ဒါပေမဲ့လည်း သက်တောင့်သက်သာရှိတယ်။ ငါစိတ်လှုပ်ရှားနေတယ်၊ ဒါပေမဲ့လည်း တည်ငြိမ်နေတယ်" သူမ သက်ပြင်းရှိုက်လိုက်သည်။ "အတော် ပင်ပန်းတဲ့ နေ့ပဲ။ ဒီနေရာကနေထွက်ပြီး ဒီည ပျော်စရာတစ်ခုခု သွားလုပ်လိုက်ချင်တယ်"

"ငါလည်းပဲ" ဟု ကိတ်က ထောက်ခံသည်။ "ငါတို့ ညစာစားပြီးတော့ ရုပ်ရှင် သွားကြည့်ရအောင်"

"ကောင်းတယ်"

အထွေထွေ ဝန်ထမ်းတစ်ယောက် သူတို့ စားပွဲရှိရာသို့ ရောက်လာသည်။ "ဒေါက်တာတေစ်လာလား"

ပေ့ချ် မော့ကြည့်လိုက်ပြီး "ကျွန်မ ဒေါက်တာတေစ်လာပါ"

"ဒေါက်တာဝေါလေ့က ဒေါက်တာကို သူ့ရုံးခန်းမှာ တွေ့ချင်ပါတယ်တဲ့"

ဆေးရုံ၏အုပ်ချုပ်ရေးမှူးပဲ! ငါဘာများ လုပ်ခဲ့လို့လဲ။ ပေ့ချ်တွေး၏။ ထိုဝန်ထမ်းမှာ စောင့်နေသည်။ "ဒေါက်တာတေစ်လာ..."

"ကျွန်မ လာခဲ့မယ်" သူမ အသက်ပြင်းပြင်းရှူလိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ "နောက်မှ တွေ့ကြတာပေါ့"

"ဒီဘက်၊ ဒေါက်တာ"

ပေ့ချ် ဓာတ်လှေကားအတွင်းသို့ အထွေထွေလုပ်သားနောက်မှ ဝင်သွားပြီး ဒေါက်တာဝေါလေ့ရုံးခန်းရှိရာ ငါးလွှာသို့ စီးသွားသည်။ ဘန်ဂျမင်ဝေါလေ့သည် စားပွဲနောက်တွင်ထိုင်နေသည်။ ပေ့ချ်ဝင်သောသောအခါ မော့ကြည့်လိုက်ပြီး "မင်္ဂလာနေ့လယ်ခင်းပါ၊ ဒေါက်တာတေစ်လာ" "မင်္ဂလာနေ့လယ်ခင်းပါ"

ဝေါ့လေ့ လည်ချောင်းရှင်းလိုက်ပြီး "ကဲ...မင်းရဲ့ ပထမနေ့မှာပဲ မင်းဟာ အထင်ကြီးစရာ လုပ်ပြနိုင်ခဲ့တယ်"

ပေ့ချ် သူ့ကို ဇဝေဇဝါကြည့်လိုက်ပြီး "ကျွန်မ...ကျွန်မ နားမလည်ဘူး"

"ဒီမနက် ဆရာဝန်များအဝတ်လဲခန်းမှာ မင်းပြဿနာအနည်းငယ်ဖြစ်ခဲ့တယ်လို့ ငါကြားတယ်"

"အိုး" လတ်စသတ်တော့ ဒီကိစ္စလား။ ဝေါလေ့ သူမအားကြည့်ပြီး ပြုံးလိုက်၏။ "မင်းနဲ့ အခြားမိန်းကလေးတွေအတွက် တစ်ခုခုစီစဉ်ပေးရတော့မယ်လို့ ငါထင်တယ်" "ကျွန်မတို့ဟာ..." ကျွန်မတို့ဟာ မိန်းကလေးတွေ မဟုတ်ဘူးဟု ပေ့ချ်ပြောတော့မလို ဖြစ်သွားသည်။

"ကျွန်မတို့ ကျေးဇူးတင်ပါတယ်"

"တစ်ချိန်တည်းမှာပဲ၊ မင်းတို့ဟာ သူနာပြုတွေနဲ့ အတူတူ အဝတ်မလဲချင်ဘူးဆိုတော့..."

"ကျွန်မ သူနာပြုမဟုတ်ဘူး" ပေ့ချ်ပြတ်ပြတ်သားသားပြောလိုက်သည်။ "ကျွန်မဟာ ဆရာဝန်တစ်ယောက်ပါ" "ဒါပေါ့။ ဒါပေါ့။ ကျွန်တော်တို့ ဒေါက်တာတို့အတွက် စီစဉ်လိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

သူက ပေ့ချ်အား စာရွက်တစ်ရွက်ထုတ်ပေးလိုက်သည်။ "ဒါဒေါက်တာရဲ့ အချိန်ဇယားပဲ။ ဒေါက်တာဟာ နောက် ၂၄ နာရီ အတွက် အွန်ကော ပဲ။ (အွန်ကော - လူနာတွင် ပြဿနာတစ်စုံတစ်ခု သို့မဟုတ် ရောဂါဖောက်လာပါက တာဝန်ယူဖြေရှင်းရသော တာဝန်ခံဆရာဝန်) ခြောက်နာရီကနေစမယ်။" လက်ပတ်နာရီကို ကြည့်လိုက်ပြီးနောက် "အခုကဆိုရင် နောက် မိနစ် ၃၀ ပေါ့"

ပေ့ချ် သူ့အား အံ့သြတကြီး ကြည့်နေ၏။ သူမသည် နံနက် ၅း၃၀ ကတည်းက စတင်အလုပ်ဝင်ခဲ့သည်။ "၂၄ နာရီ?" "အမှန်ကတော့ ၃၆ ပါ။ ဘာလို့လဲဆိုတော့ ဒေါက်တာဟာ မနက်မှာလည်း ထပ်ပြီး ရောင်းလှည့်ရဦးမယ်"

"၃၆ နာရီ။ ငါ ဒါကို ခံနိုင်ပါ့မလား။" သူမ မကြာမီ သိရတော့မည်။

ကိတ်နှင့် ဟန်နီတို့အား ရှာရန် ပေ့ချ်ထွက်သွားသည်။ "ညစာသွားစားဖို့နဲ့ ရုပ်ရှင်ကြည့်ဖို့ကို ငါမေ့ပစ်လိုက်ရတော့မယ်" ပေ့ချ် ပြောသည်။ "ငါ ၃၆ နာရီ အွန်ကောတဲ့"။ ကိတ်က ခေါင်းညိတ်၏။ "ငါတို့လည်း သတင်းဆိုးတွေ ခုပဲ ရတယ်။ ငါက မနက်ဖြန် အွန်ကောနဲ့ ဟန်နီကတော့ ဗုဒ္ဓဟူးနေ့"

"ဒါ အရမ်းကြီးတော့ ဆိုးမယ် မထင်ပါဘူး" ပေ့ချ် အားပေးစကားပြော၏။ "အွန်ကောဆရာဝန်အတွက် အိပ်စရာနေရာတော့ရှိမှာပါ။ ငါ ပျော်ပျော်ကြီးနေသွားမယ်"

သူမ မှားယွင်းခဲ့သည်။

အထွေထွေဝန်ထမ်းတစ်ယောက်က ပေ့ချ်အား ကော်ရစ်ဒါအတိုင်း ခေါ်ဆောင်သွားသည်။ "ကျွန်မက ၃၆ နာရီအတွက် အွန်ကောလို့ ဒေါက်တာဝေါ့လေ့ကပြောတယ်။ ဆရာဝန်တိုင်း ဒီလောက် အလုပ်ချိန်ရှိလား" ပေ့ချ် မေးသည်။ "ပထမဆုံးသုံးနှစ်အတွက်ပါပဲ" ဝန်ထမ်းက နှစ်သိမ့်သည်။ တော်ပါသေးရဲ့။

"ဒါပေမဲ့ အနားယူဖို့ အခွင့်အရေးတွေအများကြီးရမှာပါ ဒေါက်တာ"

"တကယ်?"

"ဒီနေရာပဲ။ ဒါက အွန်ကောဆရာဝန်အခန်းပါ" သူအခန်းတံခါးကို ဖွင့်လိုက်ပြီး ပေ့ချ်အတွင်းသို့ ခြေလှမ်းလိုက်သည်။ အခန်းမှာ ဆင်းရဲသော ဘုန်းကြီးကျောင်းမှ ဘုန်းကြီး၏အခန်းနှင့်ဆင်တူသည်။ အခန်းတွင်းတွင် ဖုထစ်နေသောမွေ့ရာနှင့် ခေါက်ခုတင်တစ်လုံး၊ ကွဲအက်နေသော လက်ဆေးဘေဇင်တစ်ခု၊ တယ်လီဖုန်းတစ်လုံးတင်ထားသော အိပ်ရာဘေး စင်ငယ်တစ်ခုတို့မှ လွဲ၍ ဘာမျှမရှိချေ။ "မခေါ်ခင်စပ်ကြားမှာ ဒေါက်တာ ဒီမှာ အိပ်နိုင်ပါတယ်" "ကျေးဇူးပဲ"

သူမ ကော်ဖီဆိုင်တွင် ညစာစတင်စားချိန်မှစ၍ သူမကို

စတင်ခေါ်တော့သည်။ “ဒေါက်တာတေစ်လာ…အရေးပေါ်ခန်း ၃…ဒေါက်တာတေစ်လာ…အရေးပေါ်ခန်း ၃”

“နံရိုးကျိုးလူနာတစ်ယောက်ရောက်နေပါတယ်…” “မစ္စတာဟီနဂန်က ရင်ဘတ်အောင့်တယ်လို့ ပြောနေပါတယ်…” “အဆောင် ၂ က လူနာက ခေါင်းကိုက်နေပါတယ်။ သူ့ကို အဆီတာမီနိုဖန် (အကိုက်အခဲပျောက်ဆေးတစ်မျိုး) ပေးလို့ ရပါသလား…” သန်းခေါင်ချိန်တွင်မှ ပေ့ချ်စတင် အိပ်စက်နိုင်တော့သည်။ အိပ်ပျော်ပျော်ချင်းတွင်ပင် တယ်လီဖုန်းနှင့် အနှိုးခံရသည်။ “အရေးပေါ်ခန်း ၁ ကို သတင်းပို့ပါ”။ ဓားထိုးခံရသော လူနာဖြစ်၏။ ပေ့ချ် စီစဉ်ကုသပေးပြီးသောအခါ နံနက် ၁း၃၀ လေပြီ။

၂း၁၅ တွင် သူမ နောက်တစ်ဖန် အနှိုးခံရသည်။ “ဒေါက်တာတေစ်လာ…အရေးပေါ်ခန်း ၂။ ချက်ချင်းလာပါ” “ကောင်းပြီ” ပေ့ချ် အိပ်မှုန်စုံမွှား ပြောလိုက်သည်။ ချက်ချင်းဆိုတာဘာလဲ။ ဒီဖင်ကို ချက်ချင်းကွဲခိုင်းတာပဲ။ သူမ အားတင်းထလိုက်ပြီး ကော်ရစ်ဒါတစ်လျှောက် အရေးပေါ်ခန်းဆီသို့ ထွက်သွားသည်။

ခြေထောက်ကျိုးနေသော လူနာတစ်ယောက်ကို ခေါ်ဆောင်လာသည်။ သူသည် နာကျင်လွန်း၍ အော်ဟစ်နေသည်။ “ဓာတ်မှန်ရိုက်ပါ” ပေ့ချ် အမိန့်ပေး၏။ “ပြီးတော့ သူကို ဒီမီရော (အနာသက်သာဆေးတစ်မျိုး) ၅၀ မီလီဂရမ် ပေးလိုက်”။ လူနာ့လက်မောင်းပေါ်သို့ သူမလက်တင်လိုက်ပြီး “သက်သာသွားမှာပါ။ မစိုးရိမ်ပါနဲ့”

မိုက်ခရိုဖုန်း လူခေါ်စနစ်မှတစ်ဆင့် အသံအက်အက်တစ်ခုထွက်လာသည်။

“ဒေါက်တာတေစ်လာ…အဆောင် ၃။ ချက်ချင်းလာပါ”

ပေ့ချ် ညည်းညူနေသော လူနာကို ကြည့်လိုက်၏။ သူ့ကို မထားခဲ့ချင်။ အသံကထပ်မံပေါ်လာပြန်သည်။ “ဒေါက်တာတေစ်လာ…အဆောင် ၃။ ချက်ချင်းလာပါ”

“လာနေပါပြီ” ပေ့ချ် ရေရွတ်လိုက်၏။ သူမ တံခါးမှ ထွက်သွားပြီး ကော်ရစ်ဒါမှတစ်ဆင့် အဆောင် ၃ ရှိရာသို့ ကတိုက်ကရိုက်ဆက်သွားသည်။ လူနာတစ်ယောက်မှာ အန်ခဲ့ပြီး အံဖတ်ဆို့ကာ နင်နေသည်။

“သူအသက်ရှူလို့မရဖြစ်နေသည်” သူနာပြုက ပြော၏။

“ဆက်ရှင် (ပိတ်နေသည့်အရာများကို စုပ်ထုတ်သည်) လုပ်လိုက်” ပေ့ချ် ညွှန်ကြားလိုက်သည်။ လူနာ အသက်စတင်ရှူနိုင်လာသည်ကို သူမတွေ့သည့်အချိန်တွင် လူခေါ်စနစ်မှ သူမအမည်ကို ထပ်မံကြားလိုက်ရပြန်သည်။ “ဒေါက်တာတေစ်လာ…အဆောင် ၄။ အဆောင် ၄”။ ပေ့ချ် ခေါင်းကို ယမ်းလိုက်ပြီး အဆောင် ၄ သို့ ပြေးသွား၏။ ဗိုက်နာသဖြင့် အော်ဟစ်နေသောလူနာတစ်ယောက်ကို တွေ့၏။ ပေ့ချ်သူ့အား အလျင်အမြန် စစ်ဆေးလိုက်ပြီး “ဒါ အူအလုပ်လုပ်ပုံမမှန်လို့ဖြစ်တာပဲ။ အာထရာဆောင်းရိုက်လိုက်” ပေ့ချ် ပြောလိုက်သည်။

ခြေကျိုးနေသော လူနာထံသို့ ပေ့ချ်ပြန်ရောက်လာသောအခါ အနာသက်သာဆေးက အစွမ်းပြပြီးဖြစ်၏။ သူမ သူ့အား ခွဲခန်းသို့ ရွှေ့လိုက်ပြီး ခြေထောက်ကို ကျောက်ပတ်တီးစီးလိုက်သည်။ ပြီးခါနီးတွင် သူမအမည်ကို ခေါ်သံ ကြားလိုက်ရပြန်၏။ “ဒေါက်တာတေစ်လာ။

အရေးပေါ်ခန်း ၂ ကို ချက်ချင်း သတင်းပို့ပါ"

"အဆောင် ၄ က အစာအိမ်နာရှိတဲ့ လူနာက နာနေပါတယ်..." နံနက် ၃း၃၀ တွင် "ဒေါက်တာတေစ်လာ၊ အခန်း ၃၁၀ က လူနာ သွေးထွက်နေပါတယ်..."

အဆောင်တစ်ခုတွင် လူနာ နှလုံးထဖောက်သည်။ ပေ့ချ် လူနာ၏ နှလုံးခုန်သံအား စိတ်လှုပ်ရှားစွာ နားထောင်နေစဉ်မှာပင် လူခေါ်စနစ်မှ သူမ အမည်ကို ကြားလိုက်ရသည်။

"ဒေါက်တာတေစ်လာ...အရေးပေါ်ခန်း ၂။ ချက်ချင်း...ဒေါက်တာတေစ်လာ...အရေးပေါ်ခန်း ၂။ ချက်ချင်း" ငါ ကြောက်နေလို့ မဖြစ်ဘူးဟု ပေ့ချ်တွေး၏။ ငါ တည်ငြိမ်အေးဆေးနေရမယ်။ သို့သော် သူမတုန်လှုပ်နေသည်။ ဘယ်သူက ပိုအရေးကြီးသလဲ။ သူမ လက်ရှိ စမ်းသပ်နေသောလူနာလော။ နောက်တစ်ယောက်လော။ "ဒီမှာ နေဦးနော်" သူမ ပြောလိုက်၏။ "ကျွန်မ ပြန်လာခဲ့မယ်"

ပေ့ချ် အရေးပေါ်ခန်း ၂ သို့ အပြေးအလွှားသွားရောက်နေစဉ်မှာပင် သူမအမည်ကို ထပ်ခေါ်ပြန်သည်။ "ဒေါက်တာ တေစ်လာ...အရေးပေါ်ခန်း ၁။ ချက်ချင်း...ဒေါက်တာတေစ်လာ...အရေးပေါ်ခန်း ၁။ ချက်ချင်း"

"ဘုရားရေ။ မဆုံးနိုင်တဲ့ အိပ်မက်ဆိုးထဲမှာ ငါပိတ်မိနေတာပါလား" ဟု ပေ့ချ်တွေးမိ၏။

ကျန်ညပိုင်းအချိန်များတွင် ပေ့ချ်သည် အစာအဆိပ်သင့်လူနာ၊ လက်ကျိုးလူနာ၊ အူကျလူနာနှင့် နံရိုးကျိုးလူနာတို့ကို ကြည့်ရှုကုသရသည်နှင့် နိုးနေတော့သည်။ သူမအခန်းဆီသို့ ပြန်သွားနိုင်သောအချိန်တွင် မောဟိုက်လွန်း၍ လှုပ်ဖို့ပင် အတော်အားယူရ၏။ ခေါက်ကုတင်ဆီသို့ တရွတ်တိုက်သွားလိုက်ပြီး အိပ်ပျော်စတွင်ပင် တယ်လီဖုန်းက မြည်လာပြန်သည်။

သူမ မျက်စိပိတ်လျက်နှင့်ပင် လက်လှမ်းလိုက်သည်။ "ဟယ်လို...ဒေါက်တာတေစ်လာ ကျွန်မတို့ ဒေါက်တာ့ကို စောင့်နေကြပါတယ်" "ရှင်?" သူမ လဲလျောင်းနေပြီး ဘယ်ရောက်နေသလဲဟု ဆန်းစစ်နေသည်။ "ဒေါက်တာ ရောင်းရတော့မယ်လေ"။ "ကျွန်မ 'ရောင်း'ရမယ်?"။ ဒါအတော်ဆိုးရွားတဲ့ ဟာသပဲဟု ပေ့ချ်တွေးမိသည်။ ဒါလူမဆန်တာပဲ။ သူတို့ လူတစ်ယောက်ကို ဒီလောက်မခိုင်းသင့်ဘူး။ သို့သော် သူတို့ သူမကို စောင့်နေကြသည်။

ဆယ်မိနစ်ခန့်အကြာတွင် အိပ်ချင်မူးတူးဖြင့်ပင် ပေ့ချ် လူနာများကို လိုက်ကြည့်နေသည်။ သူမ ဒေါက်တာရက်နောနှင့် တွေ့သောအခါ "ခွင့်ပြုပါရှင်" သူမ ပြောလိုက်သည်။ "ကျွန်မ နည်းနည်းမှကို မအိပ်ရသေးပါဘူး..."

သူက သူမပခုံးကို စာနာစွာပုတ်လိုက်ပြီး "မင်းအကျင့်ရသွားမှာပါ"။

နောက်ဆုံး ပေ့ချ် တာဝန်မှ ထွက်ပြီးသောအခါ ၁၄ နာရီတိတိ တစ်ဆက်တည်း အိပ်လိုက်လေသည်။

ပြင်းထန်သောစိတ်ဖိစီးမှုနှင့် ပင်ပန်းလှသောအချိန်များက အချို့ဆရာဝန်များအတွက် သည်းမခံနိုင်ဖြစ်ရသည်။ ထို့နောက် သူတို့

ဆေးရုံမှ ပျောက်သွားကြသည်။ ငါ ဒါမျိုးမဖြစ်စေရဘူးဟု ပေ့ချ် သန္နိဋ္ဌာန်ချမိသည်။

စိတ်ဖိစီးမှုမှာ မရပ်မနားဖြစ်နေသည်။ ပင်ပန်းလှသော ၃၆ နာရီတာဝန်ချိန်အပြီးတွင် ပေ့ချ်သည် အလွန်နွမ်းလျလွန်း၍ သူမဘယ်ရောက်နေမှန်းပင် မသိတော့။ သူမ ဓာတ်လှေကားရှိရာသို့ ဒယီးဒယိုင်လျှောက်သွားပြီး ရပ်နေသည်။ သူမ စိတ်ကတော့ ထုံနေ၏။

တွန်ချန်း သူမဆီ ရောက်လာပြီး "နင်နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ်" ပေ့ချ် ဗလုံးဗထွေး ပြန်ဖြေသည်။

သူ ပြုံးလိုက်၏။ "နင့်ပုံစံက ရွဲနေတာပဲ"

"ကျေးဇူးပဲ။ ဘာလို့များ ငါတို့ကို ဒီလိုလုပ်ရတာလဲ" ပေ့ချ်မေးလိုက်၏။ ချန်း ပခုံးတွန့်လိုက်ပြီး "ငါ့အထင်ကတော့ ဒီလိုလုပ်ခြင်းအားဖြင့် လူနာတွေနဲ့ ငါတို့ အဆက်မပြတ်တော့ဘူး။ တကယ်လို့ လူနာတွေကို ထားခဲ့ပြီး ငါတို့အိမ်ပြန်ရင် ငါတို့မရှိတဲ့အချိန် သူတို့ဘာတွေဖြစ်နေလဲ သိမှာမဟုတ်ဘူးလေ"

ပေ့ချ်ခေါင်းညိတ်လိုက်သည်။ "ဒါ အဓိပ္ပာယ်ရှိတယ်" ။ အမှန်က လုံးဝအဓိပ္ပာယ်မရှိချေ။ "တကယ်လို့ ငါတို့တွေ မတ်တတ်အိပ်ပျော်နေရင် သူတို့ကို ငါတို့ ဘယ်လို ဂရုစိုက်နိုင်မလဲ"။ ချန်း ပခုံး တွန့်ပြန်သည်။ "ငါ စည်းကမ်းတွေကို ဆွဲခဲ့တာမဟုတ်ဘူး။ ဒီပုံအတိုင်းပဲ ဆေးရုံအားလုံး လုပ်ကြတာပဲ"။ သူပေ့ချ်အား ပို၍ နီးနီးကပ်ကပ်ကြည့်လိုက်ပြီး "နင် အိမ်ကိုရော ပြန်နိုင်ရဲ့လား"

ပေ့ချ်သူ့အား ကြည့်လိုက်ပြီး "ပြန်နိုင်တာပေါ့" ဟု မာနသံဖြင့် ပြောလိုက်သည်။ "ဂရုစိုက်သွားနော်" ချန်း ကော်ရစ်ဒါတစ်လျှောက် ပျောက်သွားသည်။ ပေ့ချ် ဓာတ်လှေကားအလာကို စောင့်နေ၏။ ရောက်လာသောအခါ သူမ ထိုနေရာတွင် မတ်တတ်ရပ်နေရင်းပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။

နှစ်ရက်အကြာတွင် ပေ့ချ်သည် ကိတ်နှင့် မနက်စာ စားနေ၏။ "နင် ဆိုးရွားလွန်းတဲ့ ဝန်ခံချက်တစ်ခုကို ကြားချင်လား" ပေ့ချ် မေး၏။ "တစ်ခါတလေ လူနာတစ်ယောက်ကို အက်စပရင်ပေးဖို့ မနက်လေးနာရီမှာ ငါ့ကို နှိုးတယ်။ ငါဟောခန်းထဲက နိုးတစ်ဝက်နဲ့ ဖြတ်သွားတဲ့အချိန်မှာ လူနာအခန်းတွေကို ကျော်သွားရတယ်။ လူနာအားလုံးကတော့ စောင်အောက်မှာ ကွေးပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်နေတာပေါ့။ ငါလေ တံခါးတွေအားလုံးကို ထုလိုက်ပြီး "အားလုံး ထကြ" လို့ အော်ပစ်လိုက်ချင်တယ်"

ကိတ် သူမလက်ကို ဆန့်ထုတ်လိုက်ပြီး "ငါလည်း အဲ့လိုပဲ" ဟု ပြောလိုက်သည်။

ပုံစံအမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ အသက်အမျိုးမျိုးနှင့် အရောင်အမျိုးမျိုးသော လူနာတို့ လာကြသည်။ သူတို့သည် ကြောက်ကြ၏။ ရဲရင့်ကြ၏။ နူးညံ့၏။ မာနကြီး၏။ အထက်စီးဆန်၏။ စာနာတတ်၏။ သူတို့သည် နာကျင်နေသော လူသားများဖြစ်၏။

ဆရာဝန်အများစုမှာ မိမိတို့၏ အချိန်၊ စွမ်းအားများကို ပေးဆပ်ထားသူများဖြစ်သည်။ အခြားအလုပ်များမှာကဲ့သို့ပင် ကောင်းသောနှင့် မကောင်းသော ဆရာဝန်တို့ရှိသည်။ ပျိုရွယ်သူနှင့်

အိုမင်းသူ၊ မကျွမ်းကျင်သူနှင့် ကျွမ်းကျင်သူ၊ နှစ်လိုဖွယ်ကောင်းသူနှင့် မုန်းစရာကောင်းသူ စသည်ဖြင့်ရှိကြသည်။ တစ်ချိန်မဟုတ်တစ်ချိန်တွင် ဆရာဝန်အနည်းစုက ပေ့ချ်အား လိင်ပိုင်းဆိုင်ရာချဉ်းကပ်မှု ပြုလုပ်ကြသည်။ အချို့မှာ မသိမသာပြုကြသော်လည်း အချို့မှာ အလွန်ရိုင်းသည်။

"ညဘက်တွေမှာ အထီးမကျန်ဘူးလား? ကျွန်တော်ကတော့ အထီးကျန်တယ်။ ကျွန်တော်များ..."

"ဒီအချိန်တွေက လူကို သတ်နေသလိုပဲ။ ဟုတ်တယ်မို့လား။ ကျွန်တော့်ကို ဘယ်ဟာကများ စွမ်းအင်တွေပေးသလဲသိလား။ ကောင်းမွန်တဲ့ လိင်ဆက်ဆံခြင်းပဲ။ ကျွန်တော်တို့..." "ကျွန်တော့်မိန်းမ ဒီရက်ပိုင်း မြို့ထဲမှာ ရှိမှာမဟုတ်ဘူး။ ကာမယ်နားမှာ ကျွန်တော်ပိုင် အခန်းရှိတယ်။ ဒီပိတ်ရက်မှာ ကျွန်တော်တို့..."

ထို့နောက် လူနာများ။ "ကျွန်တော့်ဆရာဝန်လား။ ဒေါက်တာသိလား။ ကျွန်တော့်ကို ဘယ်ဟာကများ ကုသပေးနိုင်သလဲဆိုတော့..."

"ကလေးရယ်။ အိပ်ရာနားကို တိုးစမ်းပါ။ အဲ့ဟာတွေက အစစ်တွေလားလို့ ငါတွေ့ချင်လိုက်တာ..."

ပေ့ချ်အံကြိတ်ပြီး အားလုံးကို ဥပေက္ခာပြုထားသည်။ အဲဖရက်နဲ့ ငါလက်ထပ်ပြီးချိန်ဆိုရင် ဒါတွေအားလုံး ရပ်သွားမှာပါ။ အဲဖရက်အကြောင်းတွေးမိရုံနှင့်ပင် သူမ တောက်ပလာသည်။ သူ အာဖရိကက ပြန်လာတော့မှာပါ။ မကြာတော့ပါဘူး။

မနက်ရောင်းမတိုင်ခင် မနက်စာစားနေချိန်တွင် ပေ့ချ်နှင့် ကိတ်တို့ သူတို့ခံစားနေရသော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများအကြောင်းကို ပြောနေကြသည်။

"ဆရာဝန်တော်တော်များများကတော့ တကယ့်လူကြီးလူကောင်းတွေလို နေထိုင်ကြပါတယ်။ ဒါပေမဲ့ လူနည်းစုကတော့ နေရာလိုက်ပြီး ငါတို့ဟာ အခွင့်အရေးရှာသူတွေလို့ ထင်နေတယ်။ ငါတို့က သူတို့ကို ပြုစုကြလိမ့်မယ်လို့ ထင်နေတယ်လေ" ကိတ်ကပြောသည်။ "ပြီးတော့ 'ကိုယ့်နေရာသွားပြီး တစ်ခုခုသောက်ကြရအောင်' တို့၊ 'ကိုယ့်ဆီမှာ တကယ်ကောင်းတဲ့ စီဒီခွေတွေရှိတယ်' တို့ ဒီလိုစကားမျိုးတွေ အပြောမခံရတဲ့ ရက်သတ္တပတ်တစ်ပတ်တောင် ရှိလိမ့်မယ်လို့ ငါမထင်ဘူး။ ဒါမှမဟုတ် ခွဲခန်းထဲမှာဆိုရင်လည်း ငါကကူညီခွဲစိတ်နေရင် ခွဲစိတ်ဆရာဝန်က သူ့လက်မောင်းနဲ့ ငါ့ရင်သားတွေကို ပွတ်တယ်။ အရူးတစ်ယောက်ဆိုရင် ငါ့ကို ပြောပုံက 'မင်းသိလား၊ ငါကြက်သားမှာစားတိုင်း၊ ငါက အမည်းရောင်အသားကို ကြိုက်တယ်' တဲ့။

ပေ့ချ် သက်ပြင်းချလိုက်သည်။ "ငါတို့ကို လိင်ပစ္စည်းတွေလို့ သဘောထားတာဟာ ငါတို့ကို မြှောက်ပင့်ပေးတာပဲလို့ သူတို့ ထင်နေကြတယ်။ ငါကတော့ သူတို့ ငါ့တို့ကို ဆရာဝန်တွေလိုပဲ ဆက်ဆံစေချင်တယ်"

"အဲဒီထဲက တော်တော်များများက တို့တွေ အနားရှိနေရင် မကြိုက်ကြဘူး။ သူတို့က ငါ့တို့နဲ့ လိင်ဆက်ဆံချင်တာပဲသိတယ်။ ဒါလုံးဝ မတရားဘူး။ ငါတို့သက်သေမပြမချင်း မိန်းမတွေဟာ နိမ့်ကျနေဦးမှာပဲ။ ဒီသောက်ကောင်တွေက မြင့်နေဦးမှာပဲ" "ဒါက ယောကျ်ားပတ်ဝန်းကျင်ပဲလေ" ပေ့ချ် ကပြော၏။ "တကယ်လို့

ငါတို့တွေသာ ပိုများလာမယ်ဆိုရင် မိန်းကလေးပတ်ဝန်းကျင်အသစ်ကို ငါတို့ စတင်နိုင်မှာပေါ့"

*   *   *

ပေ့ချ် အာသာကိန်း အကြောင်းကို ကြားဖူးသည်။ သူသည် ဆေးရုံတွင်း အဆက်မပြတ် အတင်းပြောခံရသူ ဖြစ်၏။ သူ၏ နာမည်ပြောင်မှာ ၀၀၇-လိုင်စင်ရလူသတ်သမားဖြစ်၏။ ပြဿနာတိုင်းကို သူဖြေရှင်းပုံမှာ ခွဲစိတ်လိုက်ခြင်းပင်။ အခြားဆရာဝန်များထက် သူသည် ခွဲစိတ်နှုန်းပိုမြင့်သည်။ ထို့ပြင် လူနာသေနှုန်းလည်း ပိုများသည်။

သူသည် နဖူးပြောင်ပြောင်၊ ပုပု၊ သိန်းငှက်နှာခေါင်းနှင့် ဆေးလိပ်ချိုးကပ်နေသော သွားများဖြင့် အဝလွန်နေသူဖြစ်သည်။ အံ့သြဖို့ကောင်းသည်မှာ သူသည် သူ့ကိုယ်သူ မိန်းမကြည်သူအဖြစ် သဘောတွေနေခြင်းပင်။ သူသည် သူနာပြုအသစ်များ၊ အမျိုးသမီးဆရာဝန်များကို "အစာသစ်လေးတွေ" ဟု ကင်ပွန်းတတ်တတ်သည်။

ပေ့ချ်တေစ်လာမှာ အစာသစ်ဖြစ်၏။ သူမကို အပေါ်ထပ်နားနေခန်းထဲတွင် တွေ့သွားပြီး သူမစားပွဲတွင် မဖိတ်ခေါ်သော်လည်း ဝင်ထိုင်လိုက်သည်။

"ကိုယ်မင်းကို ကြည့်နေတာ ကြာပြီ"

ပေ့ချ် ကြောင်သွားသည်။ မော့ကြည့်လိုက်ပြီး "ဘာကို ဆိုလိုတာလဲ"

"ကိုယ်က ဒေါက်တာကိန်းပါ။ သူငယ်ချင်းတွေကတော့ အာသာလို့ ခေါ်ကြတယ်" သူ့အသံတွင် ရာဂအပြုံးတို့ ပါဝင်နေသည်။

သူ့တွင် သူငယ်ချင်း ဘယ်နယောက်ရှိမည်နည်းဟု ပေ့ချ်စဉ်းစားမိသည်။

"ဒီမှာ နေရတာဘယ်လိုလဲ"

မေးခွန်းက ပေ့ချ်အား သတိလွတ်သွားစေသည်။

"ကျွန်မ...ကောင်းတယ်လို့ ထင်တာပဲ"

သူရှေ့ကိုင်းလိုက်ပြီး "ဒါက ဆေးရုံအကြီးတစ်ခုပဲ။ ဒီမှာ လမ်းပျောက်သွားနိုင်တယ်နော်။ ကိုယ်ဘာကို ဆိုလိုလဲ သိလား"

ပေ့ချ် သတိထားပြီး ပြောလိုက်၏။ "ဟင့်အင်း"

"မင်းဟာ လူအုပ်ထဲက အခြားလူတွေနဲ့မတူပဲ သိပ်ကို ချောလွန်းတယ်။ ဒီမှာ တစ်နေရာရာကို ရောက်ချင်ရင် လူတစ်ယောက်ယောက်ရဲ့ အကူအညီလိုတယ်။ လမ်းကြောင်းသိတဲ့ လူတစ်ယောက်ပေါ့"

အချိန်ကြာလာသည်နှင့်အမျှ အဆင်မပြေဖြစ်လာသည်။

"ရှင်က ကျွန်မကို ကူညီချင်တယ်ပေါ့"

"မှန်တယ်"။ သူက ဆေးလိပ်ချိုးကပ်နေသော သွားများကို ဖော်လိုက်ပြီး "ကိုယ်တို့ ညစာစားရင်း ဒီအကြောင်းဆွေးနွေးရအောင်"

"ဆွေးနွေးစရာ ဘာအကြောင်းမှ မရှိဘူး" ပေ့ချ် ပြော၏။ "ကျွန်မ စိတ်မဝင်စားပါဘူး"

ပေ့ချ် ထထွက်သွားသည်ကို အာသာကိန်း ကြည့်နေ၏။ သူ့မျက်နှာပေါ်တွင်တော့ ယုတ်မာမည့်အသွင်အပြင်တစ်ခု ရှိနေသည်။

ပထမနှစ် ခွဲစိတ်အလုပ်သင်ဆရာဝန်များသည် ၂ လ အချိန်ဇယားအတိုင်း လုပ်ကြရသည်။ သူတို့သည် သားဖွားဆောင်၊ အရိုးဆောင်၊ ဆီးလမ်းကြောင်းဆောင်နှင့် ခွဲစိတ်ဆောင်တို့သို့

တစ်လှည့်စီ သွားကြရသည်။

နွေရာသီတွင် သင်ကြားရေးဆေးရုံသို့ ပြင်းပြသောရောဂါဝေဒနာတို့ဖြင့် တက်ရောက်ကုသခြင်းသည် အန္တရာယ်များကြောင်း ပေ့ချ်သတိထားမိသည်။ အဘယ့်ကြောင့်ဆိုသော် ဝန်ထမ်းဆရာဝန် အတော်များများမှာ အပန်းဖြေခရီးထွက်နေပြီး လူနာတွေမှာ မကျွမ်းကျင်သော ငယ်ရွယ်သည့် အလုပ်သင်ဆရာဝန်များ လက်ထဲတွင်သာ ရှိနေသည်။

ခွဲစိတ်ဆရာဝန်အားလုံးနီးပါးသည် ခွဲခန်းထဲတွင် သီချင်းဖွင့်ထားသည်ကို နှစ်သက်၏။ ဆရာဝန်တစ်ယောက်ကို မိုးဇက်ဟု အမည်ပြောင်ခေါ်ပြီး အခြားတစ်ယောက်ကို အက်ရို့ဟု ခေါ်သည်။ သူတို့ နှစ်သက်ရာ ဂီတကို အစွဲပြုခေါ်ခြင်း ဖြစ်၏။

အကြောင်းတစ်စုံတစ်ခုကြောင့် ခွဲစိတ်ခန်းသည် လူတိုင်းကို ဆာလောင်စေသလို ဖြစ်နေ၏။ သူတို့ အစားအသောက်အကြောင်း အဆက်မပြတ်ဆွေးနွေးကြသည်။ ဆရာဝန်တစ်ယောက်သည် လူနာတစ်ယောက်၏ ပုပ်ပွနေသော သည်းခြေအိတ်ကို ထုတ်ယူနေချိန်တွင် ပြောနိုင်သည့် စကားများမှာ "ငါမနေ့ညက အရမ်းကောင်းတဲ့ ညစာကို ဘာဒယ်လီမှာ စားခဲ့တယ်။ ဆန်ဖရန်စစ္စကို တစ်မြို့လုံးမှာ အကောင်းဆုံး အီတလီအစားအသောက်ဆိုင်ပဲ" "မင်းတို့ စိုက်ပရက်ကလပ်က ကဏန်းကိတ်စားပြီးပြီလား…" "တကယ်လို့ မင်းတို့ အမဲသားကောင်းကောင်းကြိုက်တတ်တယ်ဆိုရင် ဗန်နက်က ဟောက်အော့ပရိုင်းရစ်မှာ သွားစားကြည့်ပါလား" စသည်တို့ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် သူနာပြုတစ်ယောက်က လူနာ၏ သွေးများနှင့် အူများကို လှည်းကျင်းရှင်းလင်းနေသည်။

အစားအသောက်အကြောင်း မပြောသည့်အချိန်များတွင် ဆရာဝန်များသည် ဘေ့စ်ဘောသို့မဟုတ် ဘောလုံးပွဲ အမှတ်များအကြောင်းကို ပြောကြသည်။

"ပြီးခဲ့တဲ့ တနင်္ဂနွေက ၄၉ အာ ကစားတဲ့ ပွဲကို ကြည့်ဖြစ်လား။ သူတို့ ကျိုးမွန်တနာကို မျှော်နေလိမ့်ကို ငါလောင်းရဲတယ်။ သူဟာ နောက်ဆုံး ၂ မိနစ်ကျရင်တောင် ပွဲအဖြေကို ပြောင်းလဲစေနိုင်တယ်"

ထို့နောက် ပေါက်နေသော အူအတက်ကို ဆွဲထုတ်လိုက်မည်။

ပေ့ချ်စဉ်းစားမိသည်။ ကပ်(ဖ)ကာသာဆို ဒါကို နှစ်ခြိုက်မှာပဲ။

နံနက် ၃ နာရီ၊ ပေ့ချ် အွန်ကောအခန်းထဲတွင် အိပ်ပျော်နေစဉ် တယ်လီဖုန်းက နိုးခြင်းကို ခံရ၏။

အသံစူးစူးတစ်ခုက "ဒေါက်တာတေစ်လာ အခန်း ၄၁၉၊ နှလုံးရောဂါလူနာ။ ဒေါက်တာ အမြန်သွားပါ" ဖုန်းလိုင်း ကျသွားသည်။ ပေ့ချ်ကုတင်စောင်းတွင် ထိုင်ပြီး အိပ်ချင်စိတ်ကို ထိန်းကာ ခြေထောက်ပေါ် ရပ်လိုက်သည်။ အမြန်သွားရမယ်။ သူမ ကော်ရစ်ဒါဆီ လျှောက်သွားသည်။ သို့သော် ဓာတ်လှေကားကို စောင့်ဖို့ အချိန်မရှိတော့။ သူမ လှေကားမှပင် ကမန်းကတန်းတက်သွား၏။ သူမ နှလုံးက တဒုန်းဒုန်း ခုန်နေသည်။ သူမ တံခါးကို ဆွဲဖွင့်လိုက်ပြီး ကြောင်ကြည့်ကာ ရပ်နေမိသည်။

အခန်း ၄၁၉ မှာ စတိုခန်းသာဖြစ်၏။

* * *

ကိတ်ဟန်တာမှာ ဒေါက်တာရစ်ချတ်နှင့် အတူ လူနာများကို ရောင်းနေ၏။ သူသည် အသက်လေးဆယ်ကျော်အရွယ် သွက်သွက်လက်လက်ဖြစ်၏။ သူသည်လူနာတစ်ယောက်ကို ၂ မိနစ်၊ ၃ မိနစ်ထက်ပိုမကြည့်။ ဖိုင်တွဲများကို ခဏ ကြည့်၏။ ထို့နောက် ခွဲစိတ်အလုပ်သင်ဆရာဝန်များအား ညွှန်ကြားချက်များ စက်သေနတ်ပစ်သလို ဆက်တိုက်ပေးသည်။

"ဟီမိုဂလိုဘင် (သွေးနီဥအတွင်းရှိ ဓာတုပစ္စည်းတစ်မျိုး) ကို စစ်ကြည့်၊ မနက်ဖြန် ခွဲစိတ်ဖို့ အစီအစဉ်ဆွဲထားလိုက်..."

"သူ့ ကိုယ်အပူချိန်ဇယားကို မျက်ခြေမပြတ်စောင့်ကြည့်..."

"သွေး ၄ ယူနစ် စစ်ထား..."

"ရင်ဘတ်ဓာတ်မှန် ရိုက်လိုက်..."

ကိတ်နှင့် အခြား အလုပ်သင်ဆရာဝန်များမှာ သူပြောသမျှ မီအောင်လိုက်ရင်း မှတ်စုများရေးမှတ်နေရသည်နှင့် အလုပ်ရှုပ်နေ၏။

သူတို့ ဆေးရုံတက်နေသည်မှာ တစ်ပတ်ကြာပြီဖြစ်သော လူနာအနီး ရောက်လာ၏။ အပူချိန်ကြီးခြင်းအတွက် စစ်ဆေးမှုများ တသီတတန်းကြီး ပြုလုပ်ထားသော်လည်း မည်သည့်အကြောင်းကြောင့်မှန်း မသိရ။

သူတို့ ကော်ရစ်ဒါ ရောက်သောအခါ ကိတ် မေးလိုက်၏။ "သူက ဘာဖြစ်တာလဲ"

"ဘုရားသခင်မှပဲ သိမှာ" အလုပ်သင်ဆရာဝန်တစ်ယောက်က ဖြေသည်။ "ဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်၊ သံလိုက်စက်ကွင်းဓာတ်မှန် အပြင် ခါးရိုးဖောက်စစ်တာ၊ အသည်းအသားစယူစစ်တာ အားလုံးလုပ်ပြီးပြီ။ သူ့ဆီမှာ ဘာမှားနေလဲ ငါတို့ မသိသေးဘူး"

လူငယ်လူနာတစ်ယောက်ရှိရာ အဆောင်သို့ သူတို့သွားကြသည်။ လူနာမှာ ခွဲစိတ်ပြီး ခေါင်းတွင် ပတ်တီးစီးထားကာ အိပ်မောကျနေသည်။ ဒေါက်တာဟက်တန် ခေါင်းမှ ပတ်တီးများကို စဖြည်သောအခါ လူနာ အထိတ်တလန့်ဖြင့် နိုးလာပြီး "ဘာ...ဘာတွေ ဖြစ်နေတာလဲ"

"မတ်မတ်ထိုင်" ဒေါက်တာဟက်တန်က တုံးတိတိပြန်ပြောသည်။ လူငယ်မှာ တုန်နေလေပြီ။

ငါ့လူနာကို ငါဒီလိုမျိုး ဘယ်တော့မှ မဆက်ဆံဘူးဟု ကိတ် သန္နိဋ္ဌာန်ချမိသည်။ နောက်လူနာတစ်ယောက်မှာ အသက် ၇၀ ကျော်သော်လည်း ကျန်းမာနေသေးပုံပေါ်သည့် သူဖြစ်၏။ ဒေါက်တာ ဟက်တန် ကုတင်နားချဉ်းကပ်သွားစဉ်မှာပင် လူနာက ထအော်သည်။ "အရှူးကောင်။ ငါမင်းကို တရားစွဲမယ်။ ခွေးမသား"

"ကဲ...မစ္စတာစပါရိုလီနီ..."

"ဘာ မစ္စတာစပါရိုလီနီလဲ။ မင်းငါ့ကို သောက်မိန်းမစိုးဖြစ်အောင်လုပ်တယ်"

"မစ္စတာစပါရိုလီနီ။ သုတ်ကြောဖြတ်ဖို့ မစ္စတာပဲ သဘောတူခဲ့တယ်လေ။ ပြီးတော့ -" "ဒါငါ့မိန်းမစိတ်ကူးကွ။ သောက်ခွေးမ။ ငါအိမ်ပြန်ရောက်မှ သိမယ်"

သူတို့ တစ်ယောက်တည်း ရေရွတ်နေသော လူနာကို ထားခဲ့သည်။

"သူ့ပြဿနာက ဘာလဲ" အလုပ်သင်ဆရာဝန်တစ်ယောက်က မေး၏။ "သူ့ပြဿနာကတော့ သူဟာ အရမ်းကို ရာဂထန်တဲ့ အဖိုးကြီးပဲ။ သူ့မိန်းမက ကလေးခြောက်ယောက်ရပြီးနေပြီ။ သူမ ထပ်မလိုချင်တော့ဘူးလေ"

နောက်လူနာတစ်ယောက်မှာ အသက် ၁၀နှစ်အရွယ်ရှိ မိန်းကလေးတစ်ယောက်ဖြစ်၏။ ဒေါက်တာဟက်တန် သူမဖိုင်တွဲအားကြည့်လိုက်ပြီး "သမီးဆီမှာရှိတဲ့ မကောင်းတဲ့ပိုးမွှားတွေထွက်သွားအောင် ဆေးတစ်လုံးထိုးမယ်နော်"

သူနာပြုတစ်ယောက်က ဆေးထိုးအပ်တွင် ဆေးများဖြည့်လိုက်ပြီး ကလေးမလေးဆီသို့ ဦးတည်လိုက်သည်။ "မလုပ်ပါနဲ့" ကောင်မလေးက အော်၏။ "သမီးကို နာအောင်လုပ်တော့မယ်" "ဒါမနာပါဘူး၊ ကလေးရယ်" သူနာပြုက သူမကို နှစ်သိမ့်လိုက်၏။

ထိုစကားလုံးများက ကိတ်၏ စိတ်ထဲတွင် မဟူရာပဲ့တင်သံများဖြစ်ခဲ့၏။

ဒါ မနာပါဘူး၊ ကလေးရယ်...၎င်းမှာ သူမ ပထွေးက သူမအား ခြောက်ခြားဖွယ် အမှောင်ထဲတွင် တိုးတိုး ပြောခဲ့သော စကားလုံးများဖြစ်သည်။

"နေလို့ ကောင်းသွားမှာပါ။ မင်းခြေထောက်တွေကို ကားထားလိုက်။ ဟုတ်ပြီ၊ ချွေးမလေး!"။ ထို့နောက် သူမ၏ ခြေထောက်များကို တွန်းကားလိုက်ပြီး သူ၏ မာကျောနေသောအရာကို သူမထဲ အတင်းထိုးသွင်းလိုက်သည်။ သူ့လက်များကတော့ သူမပါးစပ်ပေါ်တွင်အုပ်ထားပြီး နာကျင်မှုကြောင့် သူမ မအော်နိုင်အောင် တားထား၏။ သူမအသက် ၁၃ နှစ်သာရှိသေးသည်။ ထိုညပြီးနောက်တွင်လည်း သူ၏ ထပ်မံလာရောက်မှုက ညစဉ်ကြောက်မက်ဖွယ်ခလေ့တစ်ခုသဖွယ် ဖြစ်တော့သည်။

သူက သူမအား ပြော၏။ "ငါ့လိုလူတစ်ယောက်က မင်းကို လိင်ဆက်ဆံနည်းသင်ပေးတာဟာ မင်းကံကောင်းတာပဲ" "ကိတ်ဆိုတာဘာလဲသိလား။ မိန်းမအဂ်္ဂါ အငယ်စားလေးကွ။ ငါလိုချင်ပြီ"။ ထို့နောက် သူသည် သူမပေါ်တက်ဖိလိုက်ပြီး သူမကို ဖမ်းကိုင်လိုက်၏။ မည်မျှလောက်သော ငိုယိုမှု သို့မဟုတ် တောင်းပန်မှုမျိုးမှ သူ့အား ရပ်တန့်သွားအောင် မစွမ်းနိုင်ချေ။

ကိတ်သည် သူမအဖေကို လုံးဝ မသိခဲ့ချေ။ သူမအမေမှာ သူမတို့ နေထိုင်ရာ အင်ဒီယားနား၊ ဂယ်ရီရှိ သေးငယ်သောတိုက်ခန်းအနီး ရုံးခန်းတစ်ခုတွင် ညပိုင်းအလုပ်လုပ်သည့် သန့်ရှင်းရေးသမတစ်ယောက် ဖြစ်သည်။ ကိတ်၏ ပထွေးမှာ ကြီးမားထွားကျိုင်းသော လူတစ်ယောက်ဖြစ်၏။ သူသည် စတီးစက်ရုံတွင် မတော်တဆဒဏ်ရာရပြီးနောက် အချိန်တိုင်းနီးပါး အရက်သောက်နေပြီး အိမ်တွင်သာရှိနေသည်က များ၏။ ညဘက် ကိတ်၏ အမေ အလုပ်သွားချိန်တွင် သူသည် ကိတ်အခန်းတွင်းသို့ ဝင်သွားသည်။

"မင်းရဲ့ အမေ ဒါမှမဟုတ် မောင်လေးကို ဒီအကြောင်း တစ်ခွန်းပြောကြည့် ငါသူ့ကို သတ်ပစ်မယ်" သူက ကိတ်ကို ပြောခဲ့၏။ သူ'မိုက်' ကိုလက်ဖျားနဲ့တောင် မတို့စေရဘူး။ ကိတ်တွေး၏။ သူမမောင်လေးမှာ သူမထက် ငါးနှစ်ငယ်ပြီး ကိတ်မှာ သူ့ကို အလွန်ချစ်၏။ သူ့ကို အမေသဖွယ် ပြုစုစောင့်ရှောက်ပြီး သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ခဲ့သည်။

တစ်မနက်တွင် ကိတ်သည် ပထွေး၏ ခြောက်လှန့်မှုကို ကြောက်ရွံ့သည့်အလျောက် သူမအမေကို ဖြစ်ပျက်ခဲ့သည်တို့ ပြောပြရန် ဆုံးဖြတ်ခဲ့သည်။ သူမအမေက ဒါကို တားနိုင်မှာပါ။ သူမကို ကာကွယ်ပေးနိုင်မှာပါ။

"မေမေ။ မေမေ့ယောက်ျားက ညဘက် အမေမရှိတဲ့အချိန် သမီးအိပ်ရာဆီကိုလာပြီး သူ့ကိုယ်လုံးကို သမီးပေါ်အတင်းဖိထားတယ်"

သူမအမေက သူမကို တစ်ခဏမျှ စိုက်ကြည့်လိုက်ပြီး ကိတ်မျက်နှာအား အရှိန်ပြင်းပြင်း ရိုက်ချလိုက်သည်။

"ဒီလို အလိမ်အညာမျိုးကို လုပ်ရဲတယ်ပေါ့။ မိန်းမပျက်"။ ကိတ် ထိုအကြောင်းကို လုံးဝ ထပ်မပြောတော့။ အိမ်တွင်နေသည့် သူမ၏ တစ်ခုတည်းသော အကြောင်းပြချက်မှာ 'မိုက်' ဖြစ်သည်။ ငါမရှိရင် သူလမ်းပျောက်နေမှာပဲဟု ကိတ်တွေး၏။ သို့သော် သူမတွင် ကိုယ်ဝန်ရှိနေကြောင်း သိသည့်နေ့တွင် မင်နီပိုလစ်တွင်နေသော အဒေါ်တစ်ယောက်နှင့်နေထိုင်ရန် သူမ ထွက်ပြေးလာခဲ့သည်။

ကိတ် အိမ်မှ ထွက်ပြေးလာသောနေ့တွင် သူမဘဝမှာ လုံးဝ ပြောင်းလဲခဲ့သည်။

"နင်ဘာတွေဖြစ်လာလဲဆိုတာ ငါ့ကို ပြောဖို့ မလိုဘူး" သူမအဒေါ်ဆိုဖီက ပြောခဲ့၏။ "ဒါပေမဲ့ အခုချိန်ကစပြီး မင်းထွက်ပြေးတာကို ရပ်ရလိမ့်မယ်။ ဆက်စမီလမ်းပေါ်မှာ ဆိုတဲ့ ဟိုသီချင်းကို သိတယ်မဟုတ်လား။ 'စိမ်းနေရတာ မလွယ်ဘူး' ဆိုတာကိုလေ။ အေး...လူမည်းဖြစ်ရတာလည်း မလွယ်ဘူးကွယ့်။ မင်းမှာ ရွေးချယ်စရာ နှစ်ခုရှိတယ်။ မင်းထွက်ပြေးမယ်၊ ပုန်းမယ်၊ ဖြစ်သမျှပြဿနာတွေအတွက် ကမ္ဘာကြီးကို အပြစ်ဖို့မယ်။ ဒါမှမဟုတ် မင်းကိုယ့်ကိုယ်ကို ရပ်တည်မယ်၊ ပြီးတော့ အရေးပါတဲ့လူတစ်ယောက်ဖြစ်ဖို့ ဆုံးဖြတ်ချက်ချမယ်"

"ဘယ်လိုဖြစ်အောင်လုပ်ရမှာလဲ"

"မင်းဟာ အရေးပါတဲ့လူဖြစ်ကြောင်း သိထားခြင်းအားဖြင့်ပေါ့။ ပထမဆုံးအနေနဲ့ မင်းဘယ်လိုလူဖြစ်ချင်လဲ၊ ဘာဖြစ်ချင်လဲ ဆိုတာ မင်းစိတ်ထဲမှာ ပုံဖော်ကြည့်ရမယ်၊ ကလေးရဲ့။ ပြီးတော့ အဲဒီလိုလူဖြစ်လာဖို့ မင်းအလုပ်လုပ်ရတော့မယ်"။ ငါဒီကလေးကို မလိုချင်ဘူး။ ငါ ကိုယ်ဝန်ဖျက်ချချင်တယ်ဟု ကိတ်ဆုံးဖြတ်လိုက်သည်။

ရုံးပိတ်ရက်တစ်ရက်တွင် သိုသိုသိပ်သိပ် စီစဉ်လိုက်ကြသည်။ ကိတ်အဒေါ်၏ မိတ်ဆွေ သားဖွားဆရာမတစ်ယောက်က လုပ်ပေးသည်။ ကိစ္စပြီးသောအခါ ကိတ် ပြင်းပြင်းထန်ထန် စဉ်းစားမိသည်။ ဘယ်ယောက်ျားကမှ ငါ့ကို ထိခွင့် မပေးတော့ဘူး။ ဘယ်တော့မှ မထိစေရဘူး!

မင်နီပိုလစ်မှာ ကိတ်အတွက်တော့ ဒဏ္ဍာရီတိုင်းပြည် ဖြစ်ခဲ့၏။ အိမ်တိုင်းလိုလို၏ ဘလောက်အနည်းငယ်အကွာတွင်ပင် ရေကန်များ၊ စမ်းချောင်းများနှင့် မြစ်များရှိသည်။ ထို့ပြင် ဧက ၈ ထောင်ကျော်ကျယ်သော မြေပြင်ရှိသည်။ သူမသည် မြို့၏ ရေကန်များတွင် ရွက်လွှင့်ခဲ့၏။ မစ္စစ္စပီတွင် လှေစီးခဲ့၏။ တိရစ္ဆာန်ဥယျာဉ်အား သူမအဒေါ်ဆိုဖီနှင့် လည်ပတ်ခဲ့ပြီး တနင်္ဂနွေနေ့များအား ဗယ်လီဖဲအပန်းဖြေဥယျာဉ်တွင် ကုန်ဆုံးခဲ့သည်။ သူမ ဆီတာခရိလယ်ကွင်းများဆီ ခရီးထွက်ခဲ့ပြီး သံချပ်ကာဝတ်စစ်သူရဲကောင်းများ ရှာကိုပီရီနိုင်ဆန့်ပွဲတော်တွင် စီးချင်းထိုးသည်ကို ကြည့်ခဲ့၏။

ကိတ်ကို ကြည့်ပြီး ဒီကောင်မလေး ကလေးဘဝကို မခံစားခဲ့ရဟု အန်တီဆိုဖီ တွေးမိသည်။

ကိတ် မိမိကိုယ်ကို ပျော်အောင်နေဖို့ သင်ယူနေ၏။ သို့သော် အန်တီဆိုဖီကတော့ သူမရင်ထဲတွင် မည်သူမျှ မရောက်နိုင်သော နေရာတစ်ခုရှိသည်ဟု ခံစားမိသည်။ သူမနောက်တစ်ဖန် မနာကျင်အောင် ကာခြားပေးထားသော တံတိုင်းတစ်ခုဖြစ်၏။

သူမ ကျောင်းတွင် သူငယ်ချင်းများဖွဲ့၏။ သို့သော် ယောကျ်ားလေးမပါ။ သူမ၏ မိန်းကလေးသူငယ်ချင်းအားလုံး ရည်းစားထားကြ၏။ သို့သော် ကိတ်မှာ အဖော်မဲ့၏။ ဘာကြောင့်မထားချင်သလဲဆိုတာ အခြားသူများကို မပြောပြ။ သူမအဒေါ်ကို သူမ အထင်ကြီး၏။ အလွန် ချစ်၏။

အရင်က ကိတ်သည် ကျောင်းနှင့် စာဖတ်ခြင်းကို စိတ်မဝင်စား။ သို့သော် အန်တီဆိုဖီက အရာရာကို ပြောင်းလဲစေခဲ့သည်။ သူမအိမ်မှာ စာအုပ်များဖြင့် ပြည့်နေပြီး ဆိုဖီ၏ စာအုပ်များအပေါ်ထားသည့်စိတ်က ကိတ်အား ကူးစက်ခဲ့သည်။

"ဒီထဲမှာ အံ့သြဖို့ကောင်းတဲ့ ကမ္ဘာတွေ ရှိတယ်" သူမက ကိတ်ကို ပြော၏။ "ဖတ်ကြည့်။ ဒါဆို နင်ဘယ်ကလာလဲ၊ ဘယ်ကို သွားနေလဲဆိုတာ သိသွားလိမ့်မယ်။ နင်တစ်နေ့မှာ ကျော်ကြားလိမ့်မယ်လို့ ငါခံစားမိတယ်။ ဒါပေမဲ့ အရင်ဆုံး ပညာသင်ဖို့ လိုတယ်။ ဒါက အမေရိကား။ နင်ဖြစ်ချင်တဲ့ လူဖြစ်ခွင့်ရှိတယ်။ နင်ဟာ လူမည်းဖြစ်တယ်၊ ဆင်းရဲတယ်။ ဒါပေမဲ့ တချို့သော ကွန်ဂရက်အမျိုးသမီးတွေ၊ ရုပ်ရှင်သရုပ်ဆောင်တွေ၊ သိပ္ပံပညာရှင်တွေနဲ့ အားကစားသမားတွေဟာလည်း နင့်လိုပဲ စခဲ့တာပဲ။ တစ်နေ့မှာ ငါတို့ဟာ လူမည်းသမ္မတကို မြင်ရလိမ့်မယ်။ နင်ဖြစ်ချင်တာ ဖြစ်လို့ရတယ်။ နင့်ပေါ်မှာပဲ မူတည်တယ်" ထိုမှ အစပြုခဲ့လေသည်။

ကိတ်အတန်းထဲတွင် အတော်ဆုံး ကျောင်းသူဖြစ်လာခဲ့၏။ စာများကို စိတ်အားထက်သန်စွာ ဖတ်၏။ တစ်နေ့ ကျောင်းစာကြည့်တိုက်ထဲတွင် သူမသည် ဆင်ကလဲယားလူးဝစ်၏ အာရိုစမစ်ကို ဖတ်ခဲ့ပြီးနောက် ထိုဝတ္ထုထဲမှ အလုပ်ထဲတွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားသည့် လူငယ် ဆရာဝန်ကို အားကျမိသည်။ ထို့နောက် အက်နီကူးပါး၏ 'စောင့်ထိန်းရမယ့် ကတိများ'၊ ဒေါက်တာအလ်ရိုး၏ 'ခွဲစိတ်ဆရာဝန်မ' စသည်တို့ကို ဖတ်ပြီးနောက် ကိတ်အတွက် ကမ္ဘာသစ်တစ်ခု အစပြုခဲ့သည်။ ဤမြေကြီးပေါ်တွင် အခြားသူများကို ကူညီကယ်တင်ရန် မိမိတို့ကိုယ်ကို ပေးဆပ်ထားသူများရှိကြောင်း သူမသိလာခဲ့သည်။ တစ်နေ့ ကိတ်ကျောင်းမှ အိမ်သို့ပြန်လာသောအခါ သူမ အဒေါ်ဆိုဖီကို ပြောလိုက်သည်။ "သမီး ဆရာဝန်ဖြစ်ချင်တယ်။ နာမည်ကြီးတဲ့ ဆရာဝန်"

(အခန်း ၄)

တနင်္လာနေ့မနက်တွင် ပေ့ချ် လူနာသုံးယောက်၏ ဖိုင်တွဲများများ ပျောက်ဆုံးနေ၏။ ထိုအတွက် ပေ့ချ်အပြစ်တင်ခံရသည်။

ဗုဒ္ဓဟူးနေ့ မနက် ၄ နာရီအချိန်တွင် အွန်ကောခန်းထဲမှ ပေ့ချ်နိုးလာသည်။ အိပ်ချင်မူးတူးဖြင့်ပင် သူမ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ "ဒေါက်တာတေစ်လာပါ"

အသံမကြား။

"ဟယ်လို...ဟယ်လို"

တစ်ဖက်မှ အသက်ရှူသံများကို သူမကြားရ၏။ ထို့နောက် ကလစ်သံနှင့် အတူ ဖုန်းကျသွားသည်။ ထိုတစ်ညလုံး ပေ့ချ်နိုးနေတော့သည်။

မနက်တွင် ပေ့ချ် ကိတ်ကို ပြော၏။ "ငါကပဲ ယုန်ထင်ကြောင်ထင် ထင်နေတာလား၊ တစ်ယောက်ယောက်ကပဲ ငါ့ကို မုန်းနေလားမသိဘူး"။ ကိတ်အား ဖြစ်ခဲ့သမျှကို ပြောပြလိုက်သည်။

"တစ်ခါတလေ လူနာတွေက ဆရာဝန်တွေပေါ် မကျေနပ်ချက်လေးတွေ ရှိတတ်တယ်" ကိတ်က ပြော၏။ "ဖြစ်နိုင်ချေရှိတဲ တစ်ယောက်ယောက်ကိုများ..."

ပေ့ချ် သက်ပြင်းရှိုက်လိုက်သည်။ "ဒါဇင်လိုက်ရှိတယ်"

"ငါကတော့ စိုးရိမ်စရာရှိမယ်လို့ မထင်ပါဘူးကွာ"

ပေ့ချ်လည်း ဤကဲ့သို့ပင် ယုံချင်နေသည်။

နွေရာသီနှောင်းပိုင်းတွင် ကြည်နူးဖွယ်ရာ ကြေးနန်းတစ်ခု ရောက်လာခဲ့သည်။ ထိုကြေးနန်းသည် ညဘက် ပေ့ချ် တိုက်ခန်းဆီသို့ ပြန်ရောက်လာသည်အထိ စောင့်နေခဲ့၏။ ၎င်းတွင် ရေးထားသည်မှာ "ဆန်ဖရန်စစ္စကိုကို တနင်္ဂနွေနေ့လယ် ရောက်မယ်။ မင်းကို တွေ့ဖို့ မစောင့်နိုင်တော့ဘူး။ ချစ်တဲ့ အဲဖရက်"

သူ သူမဆီ ပြန်လာနေပြီ။ ပေ့ချ်ကြေးနန်းအား အခါခါဖတ်နေပြီး သူမ၏ စိတ်လှုပ်ရှားမှုမှာ အခါနှင့်အမျှ တိုးလား၏။ အဲဖရက်! သူနာမည်က စိတ်လှုပ်ရှားဖွယ်ကောင်းသော အတိတ်မှတ်ဉာဏ်များကို တယ်လီဖန်သားပြင်ကဲ့သို့ ပေါ်လာစေသည်။

ပေ့ချ်နှင့် အဲဖရက်တို့သည် အတူတူ ကြီးပြင်းခဲ့၏။ သူတို့အဖေများမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အရာရှိဆရာဝန်များဖြစ်ကြသည်။ သူတို့သည် တတိယနိုင်ငံများသို့ ခရီးထွက်ရကာ ဆိုးရွားပြင်းထန်လှသော ရောဂါများကို တိုက်ဖျက်ရ၏။ ပေ့ချ်နှင့် သူ့အမေက အဖွဲ့ခေါင်းဆောင် ဒေါက်တာတေစ်လာနှင့် အဖော်ပြုလိုက်ကြသည်။

ပေ့ချ်နှင့် အဲဖရက်တို့တွင် ပျော်ရွှင်ဖွယ် ကလေးဘဝများရှိခဲ့၏။ အိန္ဒိယတွင် ပေ့ချ် ဟင်ဒီ စကားပြော သင်ခဲ့၏။ အသက် ၂ နှစ် တွင်ပင် သူမနေထိုင်သော ဝါးအိမ်ငယ်လေးကို ဘာရှာဟု ခေါ်မှန်း သိ၏။ ဟင်ဒီအခေါ်ဖြင့် သူမအဖေမှာ ဂိုရာဆာဟစ် (လူဖြူ)၊ သူမက နာနီ (ကလေးငယ်) ဖြစ်၏။ သူတို့က သူမအဖေအား အဘာဟန် (ခေါင်းဆောင်) သို့မဟုတ် ဘာဘ (အဖေ) ဟု ရည်ညွှန်းကြသည်။

မိဘများမရှိသည့်အချိန်တွင် ပေ့ချ်သည် ဘန်ဂါဟုခေါ်သော ဆေးခြောက်အရွက်မှ ထုတ်လုပ်ထားသည့် ဖျော်ရည်ကို သောက်ပြီး ချာပါတီနှင့် ဂီကို စားသည်။

သူတို့ အာဖရိကသို့ ပြောင်းရွှေ့သွားသောအခါ နောက်ထပ် စွန့်စားခန်းတစ်ခု အစပြုလေသည်။

မိကျောင်းများ၊ ရေမြင်းများရှိသည့် မြစ်ထဲတွင် ပေ့ချ်နှင့် အဲဖရက်တို့ ရေချိုးလေ့၊ ရေကူးလေ့ရှိ၏။ သူတို့အတွက် အချစ်တော်တိရိစ္ဆာန်များမှာ

မြင်းကျားပေါက်များ၊ ကြောင်ကျားသစ်ပေါက်များနှင့် မြွေများဖြစ်သည်။ သူတို့ကြီးပြင်းခဲ့သောအိမ်မှာ ပြတင်းပေါက်မရှိ၊ နံရံများမှာ သစ်ကိုင်းသစ်ခက်များကို ရွှံ့စေးဖြင့်လိမ်းကျံထားပြုလုပ်ထားခြင်းဖြစ်ပြီး ကြမ်းပြင်မှာ ဖုန်ထူညစ်ပေနေကာ ကတော့ပုံသက်ကယ်များဖြင့် မိုးထားသည်။ ပေ့ချ် မိမိကိုယ်ကို ကတိပြုမိ၏။ ငါတစ်နေ့ တကယ့်အိမ်အစစ်အမှန်မှာ နေရမယ်။ တစ်ထပ်အိမ်လှလှလေးရယ်၊ စိမ်းလန်းတဲ့ မြက်ခင်းပြင်ရယ်၊ ဖြူဖွေးတဲ့ ခြံစည်းရိုးတွေရယ်နဲ့ပေါ့။

ဆရာဝန်နှင့် သူနာပြုများအတွက်တော့ အလွန်ပင် ခက်ခဲ စိတ်ပျက်စရာကောင်းသော ဘဝပင်။ သို့သော် ကလေးနှစ်ယောက်အတွက်မူ ခြင်ထောင်၊ သစ်ကုလားအုပ်နှင့် ဆင်များရှိသည့် မြေတွင်နေထိုင်ရခြင်းမှာ အဆက်မပြတ် စွန့်စားခန်းဝင်နေသလို ဖြစ်နေ၏။ သူတို့ ရှေးဟောင်းအင်္ဂတေတုံးများဖြင့် ဆောက်လုပ်ထားသော ကျောင်းများတွင် ပညာသင်ကြသည်။ ကျောင်းသို့ မသွားနိုင်သောအခါ သူတို့အတွက် နည်းပြများရှိ၏။

ပေ့ချ်မှာ ဉာဏ်ကောင်းသော ကလေးဖြစ်၏။ သူမစိတ်မှာ ရေမြှုပ်လိုပင် တွေ့သမျှ အရာရာကို စုပ်ယူနိုင်သည်။ အဲဖရက်က သူမကို သဘောကျ၏။

"ငါနင့်ကို တစ်နေ့ လက်ထပ်မယ် ပေ့ချ်" သူအသက် ၁၄ နှစ်၊ ပေ့ချ် ၁၂ နှစ်တွင် ပြောခဲ့သည်။

"ငါလည်း နင့်ကို လက်ထပ်မှာ၊ အဲဖရက်"

သူတို့နှစ်ဦးလုံး ကျန်ရှိနေသေးသော ဘဝတစ်လျှောက်လုံး အတူနေကြဖို့ လေးနက်တည်ကြည်စွာ ဆုံးဖြတ်ခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆရာဝန်များမှာ ကိုယ်ကျိုးမကြည့်သည့်အပြင် အလုပ်အား စိတ်ရောကိုယ်ပါနှစ်မြှုပ်ထားသည့် အမျိုးသား၊ အမျိုးသမီးများဖြစ်ကြ၏။ သူတို့သည် အသက်ကိုပင် သူတို့လုပ်ငန်းတွက် စွန့်လွှတ်ပေးအပ်ထားကြသည်။ သူတို့သည် ခက်ခဲကြမ်းတမ်းသော အခြေအနေမျိုးတွင် အမြဲလိုလို လုပ်ကြရ၏။ အာဖရိကတွင် သူတို့သည် 'ဝိုဂီရှာ' ခေါ် အာဖရိကတိုင်းရင်းဆေးဆရာများနှင့် ယှဉ်ပြိုင်ရ၏။ ထိုသူများ၏ ရှေးဟောင်းဆေးနည်းများမှာ အဖေမှ သားသို့ လက်ဆင့်ကမ်းခဲ့ခြင်းဖြစ်ပြီး အမြဲလိုလိုပင် သေစေနိုင်သော အကျိုးဆက်ရှိ၏။ အပေါ်ယံအရေပြားအနာများအတွက် မာဆိုင်းရိုးရာဆေးနည်းမှာ အော်ကီလော်ရိုက်ဟုခေါ်သော နွားသွေး၊ အသားစိမ်းနှင့် ထူးဆန်းသည့်အမြစ်မှ အရည်များကို ရောစပ်ထားသည့် ဆေးတစ်မျိုးဖြစ်၏။ ကျောက်ပေါက်ရောဂါနှင့် ကလေးအတွက် ကစ်ကူယုဆေးနည်းမှာ ထိုရောဂါအား တုတ်ဖြင့် ရိုက်ထုတ်ပစ်ခြင်းပင်။

"ခင်ဗျားတို့ ဒါကို ရပ်တန့်ရမယ်" ဒေါက်တာတေစ်လာက သူတို့ကို ပြော၏။ "ဒါ ပျောက်အောင်လုပ်မပေးနိုင်ဘူး"

"ခင်ဗျားက ကျွန်တော်တို့အရေပြားတွေကို အပ်ချုန်ချုန်နဲ့ ထိုးတာထက်တော့ ပိုကောင်းပါတယ်" သူတို့က ပြန်ပြော၏။

ဆေးကုခန်းများမှာ သစ်ပင်အောက်တွင်ရှိပြီး စားပွဲများမှာ ခွဲစိတ်ဖို့အတွက်ဖြစ်သည်။ ဆရာဝန်များသည် တစ်နေ့တစ်နေ့လျှင် လူနာ ရာပေါင်းများစွာကို ကြည့်ရပြီး အမြဲတမ်းပင် ပြဖို့စောင့်နေသည့် လူနာ တသီတတန်းကြီးရှိ၏။ သူတို့မှာ အနာကြီးရောဂါသည်များ၊

အဆုတ်တီဘီဖြစ်ပွားနေသည့် တိုင်းရင်းသားများ၊ ကြက်ညှာချောင်းဆိုးလူနာများနှင့် ဝမ်းကိုက်လူနာများ ဖြစ်သည်။

ပေ့ချ်နှင့် အဲဖရက်တို့ ခွဲမရအောင် တွဲနေလေသည်။ သူတို့ အရွယ်ရောက်လာသောအခါ ဈေးသို့ အတူလည်ပတ်ကြ၏။ ရွာမှ မိုင်ပေါင်းများစွာ လမ်းလျှောက်ကြ၏။ ထို့နောက် အနာဂတ်အတွက် သူတို့အစီအစဉ်များကို ပြောဆိုကြသည်။

ဆေးပညာသည် ပေ့ချ်၏ငယ်ဘဝ တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့သည်။ သူမ လူနာများကို ကြည့်ရှုပြုစုဖို့ သင်ယူခဲ့၏။ ဆေးထိုးနည်း၊ ဆေးစပ်နည်းတို့ သင်ခဲ့၏။ သူမအဖေကို ကူညီဖို့ မျှော်လင့်ခဲ့သည်။

ပေ့ချ် သူမအဖေကို ချစ်၏။ ကက်တေစ်လာမှာ သူမတွေ့ဖူးသမျှထဲတွင် ကူညီစောင့်ရှောက်တတ်ဆုံး၊ ကိုယ်ကျိုးမကြည့်ဆုံးဖြစ်၏။ သူသည် မွေးရာပါပင် လူများကို နှစ်သက်သူဖြစ်ပြီး အကူအညီလိုသူများကို သူ့ဘဝတစ်ခုလုံးအပ်နှင်းကာ ကူညီတတ်၏။ ထိုစိတ်ဓာတ်ကို သူသည် ပေ့ချ်အား အမွေပေးခဲ့သည်။

အလုပ်ချိန်တွေအများကြီးလုပ်နေသော်လည်း သူ့သမီးနှင့် နေနိုင်ရန် ကြိုးစားခဲ့၏။ သူတို့နေထိုင်သော သက်တောင့်သက်သာမရှိသည့် ရှေးဟောင်းနေရာလေးအား ပျော်စရာအဖြစ် ဖန်တီးခဲ့၏။

ပေ့ချ်နှင့် သူမအမေဆက်ဆံရေးမှာမူ မတူကွဲပြားသည်။ သူမအမေသည် လူချမ်းသာမျိုးရိုးမှ ဆင်းသက်လာသူ မိန်းမချောတစ်ဦးဖြစ်သည်။ သူမ၏ အေးစက်စက်တစ်ကိုယ်တည်းနေတတ်ပုံက ပေ့ချ်နှင့် စည်းခြားစေ၏။ ဝေးသီခေါင်သောနေရာများတွင် အလုပ်လုပ်မည့် ဆရာဝန်တစ်ယောက်နှင့် လက်ထပ်ခြင်းသည် သူမအတွက် စိတ်ကူးယဉ်ဆန်ဆန် ကြည်နူးခဲ့၏။ သို့သော် လက်တွေ့ဘဝကတော့ သူမကို နာကျည်းစေခဲ့သည်။ သူမသည် နွေးထွေးကြင်နာသော မိန်းမတစ်ယောက်မဟုတ်၊ ပေ့ချ်အတွက်တော့ အမြဲတမ်း မကျေမနပ်ညည်းညူနေသူတစ်ယောက်ဖြစ်၏။

"ဒီလို စိတ်ပျက်စရာကောင်းလောက်တဲ့နေရာမျိုးကို ကျွန်မတို့ ဘာကြောင့်လာရတာလဲ၊ ကက်"

"ဒီမှာ နေတဲ့ လူတွေက တိရစ္ဆာန်တွေလိုပဲ။ သူတို့ဆီက ရောဂါဆိုးတွေ ကျွန်မတို့ဆီ ကူးတော့မှာပဲ"

"ရှင်ဘာလို့ အမေရိကားမှာ ဆေးကုစားပြီး တခြားဆရာဝန်တွေလို ပိုက်ဆံမရှာချင်ရတာလဲ"

စသည် စသည်ဖြင့် ဖြစ်၏။

သူမအမေက သူ့အဖေကို အပြစ်တင်လေလေ၊ ပေ့ချ် သူမအဖေကို ပိုချစ်လေလေဖြစ်၏။

ပေ့ချ် အသက် ၁၅ နှစ် အရွယ်ရောက်သောအခါ သူမအမေသည် ဘရာဇီးမှ ကိုကာခြံပိုင်ရှင်နှင့် အတူ ပျောက်သွားသည်။ "သူမ ပြန်မလာတော့ဘူးမဟုတ်လား" ပေ့ချ် မေး၏။

"ဟင့်အင်း...သမီး။ အဖေလည်း ဝမ်းနည်းပါတယ်"

"သမီးကတော့ ပျော်တယ်" သူမ ဤကဲ့သို့ ပြောရန် မရည်ရွယ်ခဲ့။ သူမနှင့် သူမအဖေကို ဂရုမစိုက်ပဲ စွန့်ပစ်သွားသည့်အတွက်တော့ နာကျင်နေသည်။

ထိုအတွေ့အကြုံက ပေ့ချ်အား အဲဖရက်တာနာနှင့် ပိုနီးကပ်အောင်

ပြုလုပ်လိုက်၏။ သူတို့ အတူကစားကြပြီး လေ့လာရေးခရီးများ အတူထွက်ကြသည်။ အိပ်မက်များကို ဖလှယ်ကြ၏။

"ငါလည်း ကြီးလာရင် ဆရာဝန်လုပ်မယ်" အဲဖရက်က အသိပေး၏။ "ငါတို့ လက်ထပ်ရမယ်။ ပြီးတော့အတူတူ အလုပ်လုပ်ကြမယ်" "ပြီးတော့ ကလေးတွေအများကြီး မွေးမယ်!"

"ဒါပေါ့။ မင်းနစ်သက်မယ်ဆိုရင်"

ပေ့ချ်၏ ၁၆ နှစ်ပြည့်မွေးနေ့ညတွင် သူတို့၏ ဘဝတစ်သက်တာ ရင်းနှီးကျွမ်းဝင်မှုများသည် အခြားအသွင်တစ်ခုသို့ ကူးပြောင်းသွားသည်။ အရှေ့အာဖရိကရှိ ကျေးရွာငယ်ကလေးတွင် ရောဂါတစ်ခု ပျံ့နှံ့နေပြီး အရေးပေါ်အခြေအနေဖြစ်နေသောကြောင့် ဆရာဝန်များသည် ထိုနေရာသို့ သွားရ၏။ ပေ့ချ်၊ အဲဖရက်နှင့် ထမင်းချက်တစ်ယောက်သာ ရွက်ဖျင်တဲထဲတွင် ကျန်ခဲ့သည်။

သူတို့ ညစာစားသောက်ကြပြီး အိပ်ရာဝင်ကြ၏။ သို့သော် ညသန်းခေါင်ချိန်တွင် အဝေးနေရာမှ သားရဲတိရိစ္ဆာန်များ၏ အော်ဟစ်သံများကြောင့် ပေ့ချ်နိုးလာ၏။ သူမလဲလျောင်းနေသည်။ မိနစ်ကြာလာသည်နှင့်အမျှ ထိုအသံများသည် ပို၍ နီးကပ်လာပြီး သူမစတင် ကြောက်စိတ်ဝင်လာသည်။ သူမ အသက်ရှူမြန်လာ၏။ သူမ၏ အဖေနှင့် အခြားသူများ မည်သည့်အချိန်မှ ပြန်ရောက်မည် မသိရ။

သူမ အိပ်ရာမှ ထလိုက်၏။ အဲဖရက်၏ တဲမှာ ပေအနည်းငယ်အကွာတွင် ရှိ၏။ ပေ့ချ်ကြောက်ကြောက်လန့်လန့်နှင့်ပင် ရွက်ဖျင်စကို ဆွဲဖွင့်ပြီး အဲဖရက်တဲရှိရာသို့ ပြေးသွားလေသည်။

သူ အိပ်မောကျနေ၏။

"အဲဖရက်"

သူ ရုတ်ချည်းနိုးသွားပြီး ထထိုင်၏။ "ပေ့ချ်? ဘာဖြစ်တာလဲ" "ငါကြောက်နေလို့။ ငါနင်နဲ့အတူ အိပ်ရာထဲမှာ ခဏလောက်နေလို့ရမလား"

"ရတာပေါ့"။ သူတို့ အတူလဲလျောင်းနေပြီး တိရစ္ဆာန်များ ချုံများထဲမှ တိုးထွက်သွားသည့် အသံများကို နားစွင့်နေသည်။

မိနစ်အနည်းငယ်ကြာသောအခါ အသံများ ဝေး၍ ဝေး၍ ပျောက်ကွယ်သွားသည်။

အဲဖရက် သူ့ဘေးတွင် လှဲနေသော ပေ့ချ်၏ နွေးထွေးသော ခန္ဓာကိုယ်ကို စတင်သတိထားမိလာသည်။

"ပေ့ချ်။ နင့်တဲကို နင်ပြန်သွားရင် ကောင်းမယ်ထင်တယ်"

ပေ့ချ်လည်း သူမကို ဖိတွန်းနေသော အဲဖရက်၏ မာကျောကျောအရာကို ခံစားမိ၏။ သူတို့၏ သွေးသားဆန္ဒများ ဆူပွက်လာသည်။

"အဲဖရက်"

"အင်း" သူ့အသံမှာ တုန်နေ၏။

"ငါတို့က လက်ထပ်ကြမှာ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဆို ကိစ္စမရှိပါဘူး"

ထို့နောက် သူတို့ ဘေးပတ်ပတ်လည်မှ တောတွင်းသံများ

ပျောက်ကွယ်သွား၏။ သူတို့ကိုယ်တိုင်မှလွဲ၍ အခြားမည်သူမျှ မပိုင်ဆိုင်သော ကမ္ဘာသစ်တစ်ခုကို သူတို့ ရှာဖွေစူးစမ်းကြ၏။ သူတို့သည် ချစ်သူများဖြစ်သွားကြ၏။ ထိုအရာ၏ အံ့ဖွယ်များကို ခံစားကြ၏။ အရက်တက်ချိန်တွင် ပေ့ချ်သူမအခန်းရှိရာသို့ ပြန်သွားပြီး ပျော်ရွှင်စွာတွေးမိ၏။ ငါ အရွယ်ရောက် မိန်းမတစ်ယောက်ဖြစ်ပြီ။

မကြာခဏဆိုသလိုပင် ကက်တေစ်လာသည် ပေ့ချ်အား အမေရိကသို့ပြန်ပြီး ချီကာဂိုမြောက်ဘက် ဒီယားဖီးရှိ လှပသောအိမ်ကလေးတွင် သူမအစ်ကိုနှင့် အတူပြန်နေရန် ပြော၏။

"ဘာလို့လဲ" ပေ့ချ်က မေးသည်။

"ဒါမှ သမီးက အမျိုးသမီးကောင်းလေးအဖြစ် ကြီးပြင်းမှာပေါ့"

"သမီး အမျိုးသမီးကောင်းလေးပဲလေ"

"အမျိုးသမီးကောင်းလေးတွေက မျောက်တွေနဲ့ မဆော့သလို မြင်းကျားပေါက်လေးတွေကိုလည်း မစီးဘူး သမီးရဲ့"

သူမအဖြေမှာ အမြဲ တစ်ပုံစံတည်းပင် "သမီးဘယ်တော့မှ အဖေ့ကို မခွဲဘူး"

ပေ့ချ် အသက် ၁၆ နှစ်တွင် ကျန်းမာရေးအဖွဲ့သည် တောင်အာဖရိကရှိ တောရွာတစ်ခုသို့ အူရောင်ငန်းဖျားရောဂါပျံ့ပွားမှုကို ထိန်းချုပ်ရန် ထွက်သွားသည်။ ဆရာဝန်အဖွဲ့ ရောက်ပြီး သိပ်မကြာမီ လူမျိုးစုနှစ်စုကြား စစ်ပွဲစတင်လိုက်ခြင်းက သူတို့ကို ပိုမို အန္တရာယ်များစေသည်။ ကက်တေစ်လာသည် ထွက်ခွာသွားရန် သတိပေးခြင်းခံရ၏။

"ဘုရားသခင်အတွက် ကျွန်တော်မသွားနိုင်ဘူး။ ကျွန်တော့်မှာ လူနာတွေရှိတယ်။ ကျွန်တော်သာ စွန့်ပစ်ခဲ့ရင် သူတို့သေမှာ"

လေးရက်ကြာသောအခါ ထိုကျေးရွာ တိုက်ခိုက်ခံရသည်။ ပေ့ချ်နှင့် သူမအဖေတို့ သူတို့တဲငယ်ထဲတွင် နေကြပြီး အပြင်ဘက်မှ အော်ဟစ်သံများ၊ သေနတ်ပစ်သံများကို နားစွင့်နေကြသည်။

ပေ့ချ်မှာ ကြောက်လန့်နေ၏။ "သူတို့ သမီးတို့ကို သတ်တော့မယ်"

သူမအဖေက သူမအား သိုင်းဖက်ထားလိုက်ပြီး "သူတို့ အဖေတို့ကို အန္တရာယ်မပြုပါဘူး၊ သမီးရယ်။ အဖေတို့က ကူညီဖို့လာတာပဲ။ အဖေတို့ဟာ မိတ်ဆွေတွေဆိုတာ သူတို့သိပါတယ်"

သူ မှန်ခဲ့လေသည်။

လူမျိုးစုတစ်စု၏ ခေါင်းဆောင်သည် စစ်သားအနည်းငယ်နှင့်အတူ သူတို့ တဲတွင်းသို့ ဝင်လာသည်။ "မစိုးရိမ်ပါနဲ့။ ကျွန်တော်တို့ စောင့်ရှောက်ပါ့မယ်"။ သူတို့ အမှန်ပင် စောင့်ရှောက်ခဲ့ကြသည်။

တိုက်ခိုက်ပစ်ခတ်မှုများ ပြီးဆုံးသွား၏။ မနက်တွင် ကက်တေစ်လာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သူ့အစ်ကိုထံ စာတစ်စောင်ပို့လိုက်သည်။ ပေ့ချ်ကို နောက်ထွက်မည့် လေယာဉ်နဲ့ တင်လိုက်တယ်။ အသေးစိတ်ကို ကြေးနန်းထပ်ပို့မယ်။ ကျေးဇူးပြုပြီး သူ့ကို လေဆိပ်မှာ သွားကြိုလိုက်ပါ။ ထိုသတင်းကို ပေ့ချ်ကြားသောအခါ ဒေါသထွက်နေ၏။ သူမရှိက်ကြီးတငင်ဖြစ်နေစဉ်ပင် လေဆိပ်ရှိရာသို့ ခေါ်ဆောင်သွားခံရ၏။ ထိုနေရာတွင် သူမအား လေယာဉ်ငယ်တစ်စီးက စောင့်နေပြီး မြို့တစ်မြို့သို့ခေါ်ဆောင်သွားမည်။ ထိုမှတစ်ဆင့် သူမ ဂျိုဟန်နက်စဘက်ရှိရာသို့ ပျံသန်းသွားမည့်

လေယာဉ်ကို ပြောင်းစီးမည်။

"အဖေက သမီးကို အဝေးပို့ပစ်တယ်။ အဖေသမီးကို မလိုချင်တော့ဘူး" သူမ ငိုယိုပြောသည်။

သူမအဖေက သူမအား ဖက်ထားလိုက်ပြီး "အဖေသမီးကို ကမ္ဘာပေါ်က အရာအားလုံးထက် ပိုချစ်ပါတယ်။ သမီးကို မိနစ်တိုင်း လွမ်းနေမယ်။ ဒါပေမဲ့ အဖေလည်း မကြာခင် အမေရိကားကို ပြန်လာတော့မှာပါ။ အဖေတို့ ပြန်ပြီး အတူတူနေရမှာပါ"

"ကတိ?"

"ကတိ"

အဲဖရက်လည်း ပေ့ချ်အား လိုက်ပို့ရန် ရောက်နေသည်။

"မစိုးရိမ်ပါနဲ့" အဲဖရက်က ပေ့ချ်အား ပြော၏။ "ကိုယ်မင်းနဲ့ အမြန်ဆုံးနီးနိုင်အောင် ကြိုးစားမယ်။ ကိုယ့်ကို စောင့်နေမှာလား"

ဖြတ်သန်းခဲ့သောနှစ်ပေါင်းများစွာအတွင်း ထိုမေးခွန်းသည် အတော်ကြောင်သောမေးခွန်းဖြစ်၏။ "ဒါပေါ့။ စောင့်နေမှာပေါ့"

သုံးရက်ကြာပြီးနောက် ပေ့ချ်စီးလာသောလေယာဉ်သည် ချီကာဂိုရှိ အိုဟဲလေဆိပ်သို့ ဆိုက်ရောက်သည်။ ပေ့ချ်၏ ဦးလေးရစ်ချက်က သူမအား စောင့်ကြိုနေ၏။ သူ့အား ပေ့ချ်အရင်က မတွေ့ဖူး။ သူမသိသလောက်တော့ သူသည် အလွန်ချမ်းသာကြွယ်ဝသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး သူ့ဇနီးမှာ လွန်ခဲ့သော နှစ်အနည်းငယ်က ကွယ်လွန်သွားခဲ့သည်။ "မိသားစုထဲမှာတော့ သူက အောင်မြင်တဲ့သူပဲ" ပေ့ချ်အဖေက အမြဲပြော၏။ ပေ့ချ်ဦးလေး၏ ပထမဆုံး စကားလုံးများက သူမအား အံ့ဩ သတိလစ်သွားစေသည်။

"ပေ့ချ်...မင်းကို ပြောပြရတာစိတ်မကောင်းပါဘူး။ ငါ မကြာခင်ကပဲ သတင်းတစ်ခုရထားတယ်။ မင်းအဖေဟာ တိုင်းရင်းသားပုန်ကန်မှုတစ်ခုထဲမှာ အသတ်ခံခဲ့ရတယ်တဲ့"

သူမ၏ ကမ္ဘာတစ်ခုလုံး ရုတ်ချည်း အပိုင်းပိုင်းပြတ်သွားသလိုပင်။ နာကျင်မှုက ပြင်းထန်လွန်း၍ ခံနိုင်မည်ဟုပင် သူမ မထင်။ ငါ့ဦးလေးက ငါငိုတာ မမြင်စေရဘူး။ ပေ့ချ် ဆုံးဖြတ်၏။ ငါမငိုဘူး။ ငါ လုံးဝ မထွက်လာသင့်ဘူး။ ငါအဲဒီကို ပြန်သွားမယ်။

လေဆိပ်မှ အပြန်လမ်းတွင် ကားပြတင်းပေါက်မှ နေ၍ အပြင်ဘက်ရှိ ရှုပ်ထွေးနေသော ကားလမ်းကို ပေ့ချ် ငေးကြည့်လာသည်။

"ကျွန်မ ချီကာဂိုကို မုန်းတယ်"

"ဘာလို့လဲ ပေ့ချ်"

"ဒါ တောကြီးပဲ"

ရစ်ချက်သည် ပေ့ချ်အား သူမအဖေ အသုဘအတွက် အာဖရိကသို့ ပြန်သွားလိုသည်ကို ခွင့်မပြုခဲ့။ ၎င်းက သူမအား ဒေါသထွက်စေသည်။ သူမနှင့် အကျိုးသင့် အကြောင်းသင့် ပြောရန် ကြိုးစားခဲ့သည်။ "ပေ့ချ်...သူတို့က မင်းအဖေကို သင်္ဂြိုဟ်ပြီးပြီ။ ဟိုပြန်သွားဖို့ ဘာအကြောင်းမှ မရှိဘူး"။ သို့သော် အကြောင်းတစ်ခု ရှိသည်။ အဲဖရက်က ဟိုမှာ။

ပေ့ချ်ရောက်ပြီး ရက်အနည်းငယ်အကြာ သူမဦးလေးက သူမနှင့် အတူထိုင်ပြီး သူမ၏ အနာဂတ်အကြောင်း ဆွေးနွေးကြသည်။

"ဆွေးနွေးစရာမလိုပါဘူး" ပေ့ချ်က သူ့အား အသိပေးလိုက်သည်။ "သမီး ဆရာဝန်ပဲ လုပ်မှာ"

အသက် ၂၁ နှစ်တွင် ပေ့ချ် ကောလိပ်ပြီးခဲ့၏။ သူမ ဆေးကျောင်း ၁၀ ကျောင်းသို့ လျှောက်လွှာတင်ခဲ့ပြီး အားလုံးက သူမကို လက်ခံကြသည်။ သူမကတော့ ဘောစတွန်ရှိ ကျောင်းတစ်ကျောင်းကို ရွေးခဲ့၏။

ဖိုင်ရီမှ အဲဖရက်ထံသို့ ဖုန်းအခေါ်ရောက်ဖို့ နှစ်ရက်စောင့်ရသည်။ ထိုနေရာတွင် သူသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချိန်ပိုင်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသည်။

ပေ့ချ်က သူ့အား ထိုသတင်းပြောပြလိုက်သောအခါ "ဒါ ကောင်းတာပေါ့။ အချစ်ရယ်။ ကိုယ်လည်း ကိုယ့်ရဲ့ ဆေးသင်ခန်းစာတွေ ပြီးတော့မယ်။ ကိုယ် ကမ္ဘာ့ကျန်းမျာရေးအဖွဲ့နဲ့ ခဏတော့ နေလိုက်ဦးမယ်။ ဒါပေမဲ့ နှစ်အနည်းငယ်အတွင်းမှာပဲ ကိုယ်တို့ အတူတူ ဆေးကုစားကြတာပေါ့။

အတူတူ။ မှော်ဆန်သည့်စကားလုံးပင်။ "ပေ့ချ် ကိုယ်မင်းကို တအား တွေ့ချင်နေပြီ။ တကယ်လို့ ကိုယ်ခဏလောက်ထွက်လာလို့ ရခဲ့ရင် မင်းကိုယ့်ကို ဟာဝိုင်ရီမှာ တွေ့နိုင်မလား"။ စိုးစဉ်းမျှသော တုံ့ဆိုင်းမှုပင် မရှိပါချေ။ "တွေ့နိုင်တယ်"။ ထို့နောက် သူတို့နှစ်ယောက် တွေ့ဖို့ လုပ်ဆောင်ခဲ့ကြသည်။ နောက်ပိုင်းတွင်မှ အဲဖရက်အတွက် ထိုခရီးရှည်ကြီးကို လာရသည်မှာ ဘယ်လောက်ပင်ပန်းမှန်း ပေ့ချ်သိလာ၏။ သို့သော် သူကတော့ ဘယ်တုန်းကမျှ မပြောခဲ့ချေ။

သူတို့ ဟာဝိုင်ရီရှိ ဆန်နီကို့ဟု အမည်ရသော ဟိုတယ်ငယ်တစ်ခုအတွင်းတွင် ပျော်ရွှင်ဖွယ် သုံးရက်တာကို ကုန်ဆုံးခဲ့သည်။ ထိုသုံးရက်အတွင်းတွင် သူတို့ ဘယ်တုန်းကမှ မခွဲခွဲဖူးသလို ပျော်ရွှင်ခဲ့၏ ပေ့ချ်သည် အဲဖရက်အား ဘောစတွန်သို့ ပြောင်းလာပြီး သူမနှင့်အတူနေထိုင်ရန် အလွန်အမင်း တောင်းဆိုချင်ခဲ့သည်။ သို့သော် အလွန် တစ်ကိုယ်ကောင်းဆန်ရာကျမည်မှန်းလည်း သိ၏။ သူလုပ်နေသောအလုပ်မှာ ပိုမို အရေးကြီးလေသည်။

သူတို့အတူနေသည့် နောက်ဆုံးနေ့၊ သူတို့ အဝတ်အစားလဲနေချိန်အတွင်း ပေ့ချ်က မေး၏။ "အဲဖရက်...သူတို့ ကို့ကို ဘယ်ကို ပို့မှာလဲ" "ဂန်ဘီယာ၊ ဒါမှမဟုတ် ဘင်္ဂလားဒေ့ရှ်"။ အသက်များကို ကယ်တင်ရန်၊ လိုအပ်သူများကို အကူအညီပေးရန် သွားရောက်ရမည်။ သူမ သူ့အား တင်းတင်းကြပ်ကြပ်ဖက်လိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်သည်။ သူမ သူ့အား လုံးဝပြန်မလွှတ်ချင်တော့။ သူမ၏ အတွေးများကို သိနေသလိုပင် သူကပြော၏။ "ကိုယ်မင်းကို ဘယ်တော့မှ အဝေးသွားခွင့်မပြုဘူး"

ပေ့ချ် ဆေးကျောင်းစတက်သည်။ သူမနှင့် အဲဖရက်တို့ မှန်မှန် ဆက်သွယ်ဖြစ်ကြသည်။ ကမ္ဘာ့၏ ဘယ်နေရာပင်ရောက်နေပါစေ၊ အဲဖရက်သည် ပေ့ချ်အား မွေးနေ့နှင့် ခရစ်စမတ်နေ့များတွင် ဖုန်း ဆက်ဖြစ်အောင် ဆက်သည်။ နှစ်သစ်ကူးညမတိုင်မီ၊ ပေ့ချ် ဒုတိယနှစ်တွင် အဲဖရက် သူမအား တယ်လီဖုန်း ဆက်၏။

"ပေ့ချ်လား?"

"ချစ်...ဘယ်ရောက်နေလဲ"

"ကိုယ်အခု ဆီနီဂေါမှာ။ ဒီနေရာက ဆန်နီကို့ပော်တယ်နဲ့ မိုင်ပေါင်း ၈၀၀၀ ပဲဝေးတယ်လို့ ကိုယ်တွက်မိတယ်"

သူဆိုလိုသည်ကို သဘောပေါက်ဖို့ အချိန်တစ်မိနစ်မျှ ယူရ၏။

"ကို့ သဘောက...?"

"နှစ်သစ်ကူးည ကိုယ့်ကို ဟာဝိုင်ရီမှာ တွေ့နိုင်မလား"

"အိုး...တွေ့နိုင်တာပေါ့။ ဟုတ်ကဲ့"

သူမကို တွေ့ရန် အဲဖရက် ကမ္ဘာတစ်ပတ်နီးပါးမျှ ခရီးသွားခဲ့၏။ ထိုအချိန်တွင် ပဉ္စလက်တို့က ပိုမိုဆန်းကြယ်၏။ သူတို့နှစ်ယောက်အတွက် အချိန်တို့ ရပ်တန့်ခဲ့ကြသည်။

"နောက်နှစ်ဆိုရင် ကိုယ်အဖွဲ့တာဝန်ခံဖြစ်တော့မယ်" အဲဖရက်က ပြော၏။ "မင်းကျောင်းပြီးသွားရင် ကိုယ်တို့ လက်ထပ်ချင်ပြီ..."

နှစ်ဦးသား နောက်တစ်ဖန် အတူနေခွင့် ရပြန်သည်။ သူတို့ မတွေ့ရသောအချိန်များတွင် စာများသည် အချိန်နှင့် နေရာတို့ကို ဖြတ်ကျော်ဝင်ရောက်ခဲ့၏။

ထိုနှစ်များအတွင်း အဲဖရက်သည် တတိယကမ္ဘာနိုင်ငံများတွင် သူ့အဖေနှင့် ပေ့ချ်အဖေတို့ကဲ့သို့ ဆရာဝန်အဖြစ် အလုပ်လုပ်ခဲ့သည်။ သူတို့ အဖေများလုပ်ခဲ့သလို အံ့ဩချီးမွမ်းဖွယ်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့၏။ ယခုတော့ သူမကို တွေ့ရန် သူအိမ်ပြန်လာလေပြီ။

ပေ့ချ် အဲဖရက်ထံမှ ကြေးနန်းကို ငါးကြိမ်မြောက်ဖတ်ပြီးနောက် သူ ဆန်ဖရန်စစ္စကိုသို့ ထွက်လာနေလောက်ပြီဟု တွေးမိသည်။

ကိတ်နှင့် ဟန်နီတို့ သူတို့ အိပ်ခန်းများတွင် အိပ်ပျော်နေကြသည်။

ပေ့ချ်သူတို့အား လှုပ်နှိုးလိုက်၏။ "အဲဖရက် လာတော့မယ်။ သူရောက်တော့မယ်။ သူ တနင်္ဂနွေဆို ရောက်ပြီ"

"ကောင်းတာပေါ့" ကိတ် မပွင့်တပွင့် ပြောလိုက်၏။ "ငါ့ကို တနင်္ဂနွေနေ့မှ နှိုးပြောပါလား။ ငါအခုပဲ အိပ်ရာဝင်တာ"

ဟန်နီကတော့ ပိုပြီး လိုလိုလားလားရှိ၏။ သူမ ထထိုင်လိုက်ပြီး "ဒါ သတင်းကောင်းပဲ။ သူ့ကို တွေ့ချင်လိုက်တာ။ နင်ကော သူ့ကို မတွေ့တာ ဘယ်လောက်ကြာပြီလဲ"

"၂ နှစ်" ပေ့ချ် ဖြေ၏။ "ဒါပေမဲ့ ငါတို့ အမြဲတမ်း အဆက်အသွယ်တော့ရှိပါတယ်"

"နင်ကတော့ ကံကောင်းတဲ့မိန်းကလေးပဲ" ကိတ် သက်ပြင်းချပြီး ပြော၏။ "ကဲ...အခု ငါတို့အားလုံးနိုးနေပြီ။ ငါကော်ဖီနည်းနည်း သွားစီစဉ်လိုက်ဦးမယ်"

သုံးယောက်သား မီးဖိုချောင်ရှိ စားပွဲတွင် ထိုင်လိုက်ကြသည်။ "ငါတို့ အဲဖရက်အတွက် ပါတီတစ်ခုပေးရအောင်" ဟန်နီက အကြံပေး၏။ "သတို့သားလောင်းကြိုဆိုတဲ့ ပါတီမျိုးလေ"

"ကောင်းလိုက်တဲ့ စိတ်ကူး" ကိတ်က သဘောတူသည်။

"ငါတို့ ပွဲတစ်ခုလောက်လုပ်ရအောင်။ ကိတ်မုန့်တွေ ဘောလုံးတွေနဲ့"

"ငါတို့ သူ့အတွက် ညစာချက်ထားပေးမယ်" ဟန်နီက ပြောသည်။

ကိတ်က သူမခေါင်းခါလိုက်ပြီး "နင်ချက်တာကို ငါမြည်းဖူးတယ်။ ညစာချက်ဖို့ကို မေ့ထားလိုက်ဟာ"

တနင်္ဂနွေနေ့ ရောက်ရန် လေးရက် လိုသေးသည်။ သူတို့အားလုံး

အားလပ်ချိန်များတွင် အဲဖရက်ရောက်လာမည့်အကြောင်းကို ဆွေးနွေးနေကြသည်။ အံ့ဖွယ်သရဲ သူတို့ သုံးယောက်လုံး တနင်္ဂနွေနေ့တွင် ဂျူတီမရှိချေ။

စနေနေ့တွင် ပေ့ချ် အလှပြင်ဆိုင်သို့ သွား၏။ သူမ ရှော့ပင်းထွက်ပြီး အဝတ်အစားအသစ်တစ်စုံ ဝယ်ယူလာခဲ့သည်။

"ကြည့်ရတာအဆင်ပြေရဲ့လား။ သူ နှစ်သက်မယ်လို့ နင်တို့ ထင်လားဟင်" "နင်က ရင်ခုန်စရာကောင်းတယ်" ဟန်နီက သူမကို အားပေး၏။ "သူက နင်နဲ့ ထိုက်တန်ပါစေလို့ ငါမျှော်လင့်တယ်"

ပေ့ချ် ပြုံးလိုက်၏။ "ငါက သူနဲ့ ထိုက်တန်ပါစေလို့ ငါမျှော်လင့်တာ။ နင်တို့ သူ့ကို ကြိုက်သွားမှာပါ။ သူက ခင်ဖို့ သိပ်ကောင်းတယ်"

တနင်္ဂနွေနေ့၊ ထမင်းစား စားပွဲပေါ်တွင် သူတို့ အသေးစိတ်ပြင်ဆင်ထားသော နေ့လယ်စာကို တည်ခင်းထားသည်။ ရေခဲစိမ်ရှန်ပိန်တစ်ပုလင်းလည်း ပြင်ထား၏။ မိန်းကလေးသုံးဦး စားပွဲကို ပတ်လည်ရပ်နေပြီး အဲဖရက်ရောက်လာမည်ကို ရင်ခုန်စွာ စောင့်မျှော်နေကြသည်။

နေ့လယ် ၂ နာရီတွင် တံခါးမှ ဘဲလ် မြည်လာ၏။ ပေ့ချ်အပြေးသွားပြီး တံခါးကို ဖွင့်လိုက်၏။ အဲဖရက် ရောက်လာပြီ။ အနည်းငယ် ပင်ပန်းနေသယောင်ရှိပြီး အနည်းငယ်ပိန်သွား၏။ သို့သော် သူက သူမ၏ အဲဖရက်ပင်ဖြစ်၏။ သူ့ဘေးတွင်တော့ အသက်သုံးဆယ်ကျော်ရှိ ဆံပင်အနက်ရောင်နှင့် အမျိုးသမီးတစ်ဦး ရပ်နေသည်။ "ပေ့ချ်" အဲဖရက် အော်ခေါ်လိုက်သည်။

ပေ့ချ် သူ့အား လှမ်းဖက်လိုက်၏။ ထို့နောက် သူမ ဟန်နီနှင့် ကိတ်တို့ဘက်လှည့်လိုက်ပြီး ဂုဏ်ယူစွာပြောလိုက်သည်။ "ဒါ အဲဖရက်တာနာလေ။ အဲဖရက်...ဒါ တို့အခန်းဖော်တွေပေါ့။ ဟန်နီတက်နဲ့ ကိတ်ဟန်တာ" "တွေ့ရတာ ဝမ်းသာပါတယ်" အဲဖရက်က ပြော၏။ သူ့ဘေးမှ အမျိုးသမီးဘက်သို့ လှည့်လိုက်ပြီး "ဒါကတော့ ကာရန်တာနာတဲ့။ ကျွန်တော့်ဇနီးပါ"။ အမျိုးသမီးသုံးယောက်လုံး ထိုနေရာတွင် တုပ်တုပ်ပင် မလှုပ် ရပ်နေကြ၏။ ပေ့ချ်က ဖြေးညင်းစွာ ပြော၏။ "ကို့ရဲ့ ဇနီး?" "အင်း..ဟုတ်တယ်" သူ မျက်မှောင်ကြုတ်လိုက်၏။ "ကိုယ့်စာကို မရ...မရဘူးလား"

"စာ?"

"ဟုတ်တယ်လေ။ လွန်ခဲ့တဲ့ လေးငါးပတ်လောက်က ပို့လိုက်တာလေ"

"ဟင့်အင်း..."

"အိုး...ကိုယ်...ကိုယ် တကယ့်ကို တောင်းပန်ပါတယ်။ ကိုယ် ဒါတွေအားလုံးကို ကိုယ့်ရဲ့...ဒါပေမဲ့..အေးလေ...မင်းကမှ မရ...."။ သူ့အသံက တိုးဝင်သွားသည်။ "ကိုယ် အရမ်းကို စိတ်မကောင်းပါဘူး။ ပေ့ချ်။ ကိုယ်နဲ့မင်းက ကွဲနေတာကြာပြီလေ။ ဒါကြောင့် ကိုယ်...ပြီးတော့ ကာရင်ကို ကိုယ်တွေ့တယ်...ပြီးတော့...မင်းလည်းသိမှာပါ ဘယ်လိုဖြစ်..."

"ဘယ်လိုဖြစ်လဲဆိုတာ တို့သိပါတယ်" ပေ့ချ် ခံစားချက်မဲ့ ပြောလိုက်၏။ သူမ ကာရင်ဘက်လှည့်လိုက်ပြီး အားတင်းပြုံးပြလိုက်၏။ "ကျွန်မ...ကျွန်မ ရှင်နဲ့ အဲဖရက်တို့ အလွန်ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပါတယ်" "ကျေးဇူးပါပဲ"

ကသ်ကအောက်နိုင်လုသော တ်တ်ဆ်တ်မှုက ဖုံးလွှမ်းသွား၏။ ကာရင်က စပြော၏။ "ကျွန်မတို့ သွားသင့်ပြီထင်တယ်၊ အချစ်" "အင်း။ ရှင်တို့ သွားသင့်ပြီ" ပေ့ချ်ကပြော၏။ အဲဗရက်က သူ့၏ လက်ချောင်းများဖြင့် ပေ့ချ်၏ ဆံပင်အားဖွလိုက်ပြီး "ကိုယ် တောင်းပန်ပါတယ်၊ ပေ့ချ်။ ကိုယ်...ဟို...ဂွတ်ဘိုင်"

"ဂွတ်ဘိုင် အဲဗရက်"

အမျိုးသမီးသုံးယောက်သား ထွက်ခွာသွားသော ကြင်စဦးမောင်နှံကို ငေးရင်း ရပ်နေသည်။

"ဒီကောင်စုတ်ကတော့" ကိတ်က ပြော၏။ "ဘယ်လောက်တောင် ဆိုးရွားတဲ့ လုပ်ရပ်လဲ"

ပေ့ချ်မျက်ဝန်းများတွင် မျက်ရည်များ လျှံတက်လာသည်။ "ငါ..သူ မရည်ရွယ်...ငါပြောချင်တာက...သူ အာလုံးကို စာထဲမှာ ရေးထားခဲ့မှာပါ"

ဟန်နီက ပေ့ချ်အား သိုင်းဖက်လိုက်ပြီး "ယောကျ်ားအားလုံးကို သင်းကွပ်သင့်တယ်ဆိုတဲ့ ဥပဒေတစ်ခု ရှိသင့်နေပြီ"

"ငါလည်း ထောက်ခံတယ်" ကိတ်က ပြော၏။

"ငါ့ကို ခွင့်ပြုဦး" ပေ့ချ်က ပြော၏။ သူမ အိပ်ခန်းသို့ ပြေးဝင်သွားပြီး တံခါးကို ပိတ်ထားလိုက်သည်။

တစ်နေ့လုံး သူမအခန်းထဲမှ ထွက်မလာတော့။

(အခန်း ၅)

နောက် လအနည်းငယ်အတွင်း ပေ့ချ်သည် ကိတ်နှင့် ဟန်နီတို့ကို သိပ်မတွေ့ဖြစ်။ သူတို့ ကော်ဖီဆိုင်ထဲတွင် ကမန်းကတန်း မနက်စာစားရင်း ဆုံသည်။ ထို့နောက် ကော်ရစ်ဒါပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် မျက်မှန်းတန်းမိကြသည်။ သူတို့ဆက်သွယ်သည့် အဓိကနည်းလမ်းမှာ တိုက်ခန်းအတွင်း မှတ်စုစာရွက်များ ထားခဲ့ခြင်းပင်။

"ညစာ ရေခဲသေတ္တာထဲမှာ"

"မိုက်ကရိုဝေ့ဗ် မကောင်းဘူး"

"တောင်းပန်ပါတယ်။ ငါ သန့်ရှင်းရေးလုပ်ဖို့ အချိန်မရဘူး"

"ငါတို့သုံးယောက် စနေနေ့ည အပြင်ထွက်ပြီး ညစာ စားကြရအောင်"

ပင်ပန်းလွန်းသောအချိန်များက ဒုက္ခများကို ဆက်တိုက်ခံစားစေသည်။ အလုပ်သင်ဆရာဝန်များ၏ ခံနိုင်ရည်စွမ်းအင်ကို စမ်းသပ်နေကြသည်။

ပေ့ချ်က ဖိအားများကို ကြုံဆို၏။ ၎င်းတို့က သူမအား အဲဗရက်နှင့် သူမတို့အတူ ရေးဆွဲခဲ့သော လှပသည့်အနာဂတ်တို့ကို စဉ်းစားရန် မချိန်မပေး။ သို့သော်လည်း သူ့အား သူမရင်ထဲမှ ထုတ်လို့ မရသေး။ သူလုပ်ခဲ့သည်တို့က သူမအား ပြင်းပြင်းထန်ထန်နာကျင်စေသည်။ သူမကိုယ့်ကိုကိုယ် "တကယ်လို့" ဆိုသည့် အကျိုးမရှိသည့်စကားလုံးတို့နှင့် နှိပ်စက်နေသည်။

တကယ်လို့ ငါသာ အဲဗရက်နဲ့ အာဖရိကမှာ နေခဲ့လို့ရှိရင်? တကယ်လို့ သူသာ ငါနဲ့ ချီကာဂိုကို လိုက်လာခဲ့ရင်? တကယ်လို့ သူသာ ကာရင်နဲ့ မတွေ့ခဲ့ရင်? တကယ်လို့...?

သောကြာနေ့တစ်နေ့တွင် ပေ့ချ်သည် အဝတ်လဲခန်းတွင်းသို့ ခွဲစိတ်ခန်းဝတ်စုံလဲရန် သွား၏။ "ခွေးမ" ဟူသော စာလုံးက

မင်အမည်းဖြင့် သူမအင်္ကျီပေါ်တွင် ရေးထားသည်။

နောက်တစ်နေ့တွင် ပေ့ချ်သည် သူမ၏ မှတ်စုစာအုပ်ကို လိုက်ရှာ၏။ ၎င်းမှာ ပျောက်နေသည်။ သူမ၏ မှတ်စုအားလုံး ပျောက်ဆုံးနေ၏။ ငါနေရာမှားထားမိတာဖြစ်မှာပါဟု ပေ့ချ်တွေး၏။ သို့သော် သူမကိုယ်တိုင်ပင် ထိုသို့ မယုံချင်။

ဆေးရုံအပြင်ဘက်မှ ကမ္ဘာမှာ ပေ့ချ်အတွက် ပျောက်ဆုံးခဲ့သည်။ အီရတ်က ကူဝိတ်ကို လုယက်တိုက်ခိုက်နေမှန်း ပေ့ချ်သိ၏။ သို့သော် သွေးကင်ဆာခံစားနေရသည့် ၁၅ နှစ် အရွယ်လူနာ၏ အကူအညီလိုအပ်မှုတို့က ထိုအရေးတို့ကို လွှမ်းမိုးထားသည်။ အရှေ့နှင့် အနောက်ဂျာမဏီ ပေါင်းစည်းသည့်နေ့တွင် ပေ့ချ်သည် ဆီးချိုဝေဒနာရှင်တစ်ယောက်၏ အသက်ကို ကယ်ဆယ်နေခြင်းဖြင့် အလုပ်များနေသည်။ မာဂရက်သက်ချာသည် အင်္ဂလန်ပြည်၏ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ သို့သော် ပေ့ချ်အတွက် ပိုမိုအရေးကြီးသည်မှာ အခန်း ၂၁၄ ရှိ လူနာက တစ်ဖန် လမ်းပြန်လျှောက်နိုင်ခြင်းပင်။

ပေ့ချ်အား သည်းခံစိတ်တို့ မွေးပေးသည်မှာ သူမနှင့်အတူ အလုပ်လုပ်သည့် ဆရာဝန်များဖြစ်သည်။ ခြွင်းချက်အချို့မှလွဲ၍ သူတို့သည် အခြားလူများအား ကုသရန်၊ နာကျင်မှုတို့ သက်သာစေရန်နှင့် အသက်ကယ်ဖို့ရန် မိမိတို့ ဘဝကို မြှုပ်နှံထားသူများဖြစ်သည်။ သူတို့ နေ့စဉ်ပြုလုပ်သည့် အံ့ဖွယ်ရာများကို ပေ့ချ်ကြည့်၏။ ၎င်းတို့က သူမအား ဂုဏ်ယူခြင်းတို့နှင့် ပြည့်စေ၏။

စိတ်ဖိစီးမှုအများဆုံးမှာ အရေးပေါ်ခန်းတွင် အလုပ်လုပ်ရခြင်းဖြစ်သည်။ ထိုအရေးပေါ်ခန်းသည် အမြဲတစေပင် စိတ်ကူး၍ရသမျှသော ဒဏ်ရာဒဏ်ချက်များ ခံစားရသည့် လူနာများဖြင့် ပြည့်နေသည်။ ဆေးရုံတွင် ရှည်ကြာသောအလုပ်ချိန်များ လုပ်ရခြင်းနှင့် ကြီးမားလှသော စိတ်ဖိစီးမှုတို့က အလုပ်ခွင်ဝင်နေသော ဆရာဝန်များနှင့် သူနာပြုများကို ဖိစီးနေသည်။ ဆရာဝန်များအကြား လင်မယားကွာရှင်းမှုနှုန်းမှာ သိသိသာသာပင် မြင့်တက်နေ၏။ ထို့ပြင် အိမ်ထောင်ပြင်ပ ဖောက်ပြန်ခြင်းတို့ကလည်း ပေါများသည်။

တွန်ချန်းသည် ထိုကဲ့သို့သော ပြဿနာကို ခံစားရသူတစ်ဦးဖြစ်သည်။ သူက ပေ့ချ်အား ကော်ဖီသောက်ရင်း ထိုအကြောင်းကို ပြော၏။

"ငါ ဒီကအချိန်တွေကို သည်းခံနိုင်ပါတယ်" ချန်းက ပွင့်လင်းစွာ ပြော၏။ "ဒါပေမဲ့ ငါ့မိန်းမကတော့ မရဘူး။ သူမက ငါ့ကို နောက်ထပ်မတွေ့တော့ဘူးလို့ ပြောတယ်။ ငါက ငါတို့ သမီးလေးအတွက် လူစိမ်းတစ်ယောက်ဖြစ်နေပြီတဲ့။ သူမ မှန်ပါတယ်လေ။ ဘယ်လိုလုပ်ရမှန်း ငါမသိတော့ဘူး"

"နင့် မိန်းမ ဆေးရုံကို လာဖူးလား"

"ဟင့်အင်း"

"ဒါဆိုသူ့ကို ဒီမှာ နေ့လယ်စာ စားဖို့ ခေါ်လိုက်ပါလား။ ငါတို့ ဒီမှာ ဘာတွေလုပ်နေလဲ၊ ဘယ်လောက်အရေးကြီးလဲဆိုတာတွေ သူမတွေ့သွားပစေပေါ့"

ချန်းမျက်နှာ ဝင်းလက်သွား၏။ "ဒါ စိတ်ကူးကောင်းတစ်ခုပဲ။ ကျေးဇူး၊ ပေ့ချ်။ ငါခေါ်လိုက်မယ်။ သူမကို နင်နဲ့ တွေ့ပေးချင်တယ်။ နင်ငါတို့နဲ့

နေ့လယ်စာအတူစားမလား"

"အင်း...စားမယ်လေ"

ချန်း၏ အမျိုးသမီး 'ဆီး'မှာ မဟာဆန်ဆန်လှသည့် ငယ်ရွယ်ချစ်ဖွယ်ကောင်းသော အမျိုးသမီးတစ်ဦးဖြစ်သည်။ ချန်းက သူမအား ဆေးရုံအနှံ့လိုက်ပြသည်။ ထို့နောက် သူတို့ ကော်ဖီဆိုင်ထဲတွင် ပေ့ချ်နှင့်အတူ နေ့လယ်စာစားကြသည်။

ချန်းက ပေ့ချ်အား ဆီးသည် ဟောင်ကောင်တွင် မွေး၍ ဟောင်ကောင်တွင် ကြီးပြင်းခဲ့ကြောင်းပြော၏။

"ဆန်ဖရန်စစ္စကို ကို ကြိုက်ရဲ့လား" ပေ့ချ်က မေး၏။

တစ်ခဏမျှ အသံတိတ်သွားသည်။ "ဒါ စိတ်ဝင်စားဖို့ ကောင်းတဲ့ မြို့တော်တစ်ခုပါပဲ" သူမက ယဉ်ယဉ်ကျေးကျေး ပြန်ပြောသည်။ "ဒါပေမဲ့ ကျွန်မကတော့ ဒီမှာ လူစိမ်းတစ်ယောက်လို့ ခံစားရတယ်။ ဒီမြို့က အရမ်းကြီးပြီး အရမ်းလည်း ဆူညံတယ်"

"ဒါပေမဲ့ ဟောင်ကောင်ကလည်း ကြီးပြီး ဆူတာပဲ မဟုတ်လား"

"ကျွန်မက ဟောင်ကောင်ကနေ တစ်နာရီလောက်ဝေးတဲ့ ကျေးရွာငယ်ကလေးကနေ လာတာပါ။ အဲဒီမှာဆို ဆူညံသံလည်းမရှိ၊ မော်တော်ကားတွေလည်းမရှိဘူး။ လူတိုင်းကလည်း အိမ်နီးချင်းတွေကို သိကြတယ်" သူမ၏ အမျိုးသားအား ကြည့်လိုက်သည်။ "တွန်၊ ကျွန်မနဲ့ ကျွန်မတို့ သမီးလေးဟာ အဲဒီမှာ အရမ်းပျော်ခဲ့ကြတယ်။ အဲဒီနေရာလေးက အရမ်းလှပပြီး လီယာမာကျွန်းပေါ်မှာ ရှိတယ်။ အဖြူရောင်ကမ်းခြေတွေ၊ လယ်ကွင်းလေးတွေ၊ ပြီးတော့ အနားမှာလည်း 'ဆက်ကူဝမ်'လို့ခေါ်တဲ့ ငါးဖမ်းရွာလေးတစ်ရွာရှိတယ်။ အဲဒီမှာ အရမ်း အေးချမ်းတာပဲ"

သူမအသံမှာ အတိတ်ကို လွမ်းဆွတ်သည့် ကြေကွဲခြင်းတို့နှင့် ပြည့်နေသည်။ "မိသားစုတစ်စုဖြစ်နေသင့်သလို ကျွန်မယောက်ျားနဲ့ ကျွန်မဟာ အချိန်တော်တော်များများ အတူတူရှိခဲ့ကြတယ်။ ဒီမှာကျတော့ ကျွန်မသူ့ကို လုံးဝမတွေ့ရဘူး"

ပေ့ချ်က ပြော၏။ "မစ္စစ်ချန်း...လက်ရှိအချိန်က ရှင့်အတွက် ခက်ခဲမှန်းကျွန်မသိပါတယ်။ ဒါပေမဲ့ နှစ်အနည်းငယ်အတွင်းမှာပဲ တွန်လည်း ကိုယ်ပိုင်ဆေးခန်းဖွင့်နိုင်တော့မယ်။ ဒါဆို သူ့အလုပ်ချိန်တွေဟာ ပိုပြီး လွယ်လွယ်ကူကူရှိလာမယ်"။ တွန်ချန်းက သူ့ဇနီးလက်အား ဆုပ်ကိုင်လိုက်ပြီး "တွေ့ပြီလား။ အားလုံး အဆင်ပြေသွားမှာပါ၊ ဆီး၊ မင်းစိတ်ရှည်ဖို့ပဲလိုတယ်"

"ကျွန်မ နားလည်ပါတယ်" သူမက ပြော၏။ သူမအသံကတော့ အသိအမှတ်ပြုပုံမရ။

သူတို့စကားပြောနေကြစဉ် ကော်ဖီဆိုင်တွင်းသို့ လူတစ်ယောက်ဝင်လာသည်။ ထို့နောက် သူတံခါးတွင် ရပ်လိုက်၏။ ပေ့ချ် သူ၏ ဦးခေါင်းနောက်ပိုင်းကိုသာ မြင်နိုင်သည်။ သူမ နှလုံးခုန်နှုန်းတွေ မြန်လာ၏။ သူတစ်ပတ်လှည့်လိုက်သည်။ သူမလုံးဝမသိသည့် လူစိမ်းတစ်ယောက်သာ ဖြစ်နေသည်။

ချန်းက ပေ့ချ်အား ကြည့်နေ၏။ "နင် နေလို့ ကောင်းရဲ့လား" "အင်း" ပေ့ချ် ညာလိုက်သည်။ ငါသူ့ကို မေ့ပစ်ရမယ်။ အားလုံး ပြီးသွားပြီပဲ။ ဒါပေမဲ့ ကြည်နူးဖို့ကောင်းတဲ့ နှစ်တွေ၊ ပျော်စရာတွေ၊ စိတ်လှုပ်ရှားစရာတွေ၊ တစ်ယောက်ပေါ်တစ်ယောက်ထားတဲ့

ချစ်ခြင်းမေတ္တာတွေ...ဒါတွေ ငါဘယ်လို မေ့ပစ်ရမှာလဲ။ ဒီက ဆရာဝန်တွေထဲက တစ်ယောက်ယောက်ကိုများ ငါ့ဦးနှောက်တစ်ပိုင်းကို ဖြတ်ထုတ်ပေးဖို့ ငါစည်းရုံးလိုက်ရင် ကောင်းမယ်ထင်တယ်။

ပေ့ချ်သည် ဟန်နီနှင့် ကော်ရစ်ဒါတွင် တွေ့သည်။ ဟန်နီမှာ မောပန်းနေပြီး စိုးရိမ်နေပုံလည်း ပေါ်သည်။

"အဆင်ပြေရဲ့လား" ပေချ်က မေး၏။

ဟန်နီ မချိုပြုံးပြုံးလိုက်ပြီး "အင်း။ပြေပါတယ်"။ သူမ အလောတကြီး ထွက်သွားသည်။ ဟန်နီသည် ဆေးရုံတွင် စည်းကမ်းတင်းကျပ်လွန်းသူဟု လူသိများသည့် ဆရာဝန်ကြီး ချားစ်အစ်စလာနှင့်အတူ တာဝန်ချထားခြင်းခံရသည်။

ဟန်နီ၏ ပထမဆုံး 'ရောင်း'လိုက်သည့်နေ့တွင် သူက ပြောခဲ့၏။ "ဒေါက်တာတက်...ဒေါက်တာနဲ့အတူ အလုပ်လုပ်ဖို့ ကျွန်တော် မျှော်လင့်နေတာပါ။ ဒေါက်တာဝေါလေ့က ဒေါက်တာရဲ့ ထူးချွန်တဲ့ ဆေးကျောင်းက မှတ်တမ်းတွေအကြောင်း ပြောပြထားတယ်။ ဒေါက်တာ ဖျားနာဆေးပညာဘက်ကို လိုက်မယ်လို့ သိထားပါတယ်" "ဟုတ်ကဲ့"

"ကောင်းပြီ။ ဒါဆို ကျွန်တော်တို့ ဒေါက်တာ့ကို ၃ နှစ် ရထားမှာပေါ့"။ သူတို့ စ'ရောင်း'ကြသည်။

ပထမဆုံးလူနာမှာ မက်ဆီကိုလူမျိုး ကောင်လေးတစ်ယောက်ဖြစ်၏။ ဒေါက်တာအစ်စလာက အခြားအလုပ်သင်ဆရာဝန်များကို လျစ်လျူရှုလိုက်ပြီး ဟန်နီဘက် လှည့်လှုကာသည်။

"ဒေါက်တာတက်...ဒီကေ့စ်ကတော့ ဒေါက်တာ့အတွက် စိတ်ဝင်စားစရာဖြစ်မယ်ထင်တယ်။ လူနာမှာ ဖြစ်ရိုးဖြစ်စဉ် ရောဂါလက္ခဏာတွေ အားလုံးရှိတယ်။ အစာမစားချင်ဘူး။ ပိန်သွားတယ်။ သတ္တု အရသာတွေရတယ်။ မောပန်းလွယ်တယ်။ သွေးအားနည်းတယ်။ ဂနာမငြိမ်ဖြစ်တယ်။ ဆက်ဆံရခက်တယ်။ ဘယ်လို ရောဂါမျိုးလဲ" သူက မျှော်လင့်တကြီး ပြုံးပြသည်။

ဟန်နီသူ့ကို ခဏမျှ ကြည့်လိုက်သည်။ "ဟို...ဒါ အမျိုးမျိုးဖြစ်နိုင်ပါတယ်။ မဟုတ်ဘူးလား"

ဒေါက်တာအစ်စလာ သူမကို စိတ်ရှုပ်ထွေးသွားသည့်ဟန်ဖြင့်ကြည့်၏။ "ဒါ အရမ်းကို ရှင်းလင်းတဲ့..."

အခြား အလုပ်သင်ဆရာဝန်တစ်ယောက်က ဝင်ဖြေသည်။ "ခဲသတ္တုအဆိပ်သင့်တာပါ" "မှန်တယ်" ဒေါက်တာအစ်စလာက ပြောသည်။

ဟန်နီ ပြုံးလိုက်၏။ "ဒါပေါ့။ ခဲဆိပ်သင့်တာပေါ့"

ဒေါက်တာအစ်စလာ ဟန်နီဘက်လှည့်ပြီး မေးလိုက်ပြန်သည်။ "ဘယ်လိုကုရမလဲ"။ ဟန်နီက ဝေ့လည်ကြောင်ပတ် ဖြေ၏။ "ဟို...ကုသပုံနည်းလမ်းအမျိုးမျိုးရှိပါတယ်။ ဟုတ်တယ်မို့လား"

အခြား အလုပ်သင်ဆရာဝန်တစ်ယောက်က ပြောသည်။ "တကယ်လို့ လူနာက ခဲနဲ့ အကြာကြီးထိတွေ့နေခဲ့ရင် သူ့ကို ဦးနှောက်ရောဂါဖြစ်နိုင်တဲ့လူနာတစ်ယောက်လိုထားပြီး ကုသရပါမယ်"

ဒေါက်တာအစ်စလာ ခေါင်းညိတ်လိုက်သည်။ "ဟုတ်တယ်။ ငါတို့

ဒီလိုကုနေတာပဲ။ ငါတို့က အရည်နဲ့ ဓာတ်ဆားဆုံးရှုံးမှုတွေကို ပြန်ဖြည့်ပေးတယ်။ ပြီးတော့ ဖြေဆေးလည်း ပေးထားတယ်” သူက ဟန်နီ့ကို ကြည့်လိုက်၏။ သူမ သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

နောက်လူတစ်ယောက်မှာ အသက် ၈၀ ကျော်အရွယ် အဖိုးကြီးတစ်ယောက်ဖြစ်သည်။ သူ့မျက်လုံးများမှာ နီရဲနေပြီး မျက်တောင်များမှာလည်း ပူးကပ်နေသည်။

“ကျွန်တော်တို့ အဘမျက်လုံးအတွက် ခဏနေ လုပ်ပေးပါ့မယ်”။ ဒေါက်တာအစ်စလာ သူ့အား နှစ်သိမ့်လိုက်၏။ “အဘအခု နေရတာ ဘယ်လိုလဲ”

“အိုး…အဖိုးအိုတစ်ယောက်အတွက်တော့ အဆိုးလှကြီး မဟုတ်ပါဘူး”

ဒေါက်တာအစ်စလာသည် စောင်ကို ဖယ်လိုက်ပြီး လူနာ၏ ဖောင်းနေသောဒူးခေါင်းနှင့် ခြေကျင်းဝတ်တို့ကို ဖော်လိုက်၏။ လူနာ၏ ခြေဖဝါးတွင် အနာများကို တွေ့ရ၏။

ဒေါက်တာအစ်စလာ အလုပ်သင်ဆရာဝန်များဘက်သို့လှည့်လိုက်ပြီး “ဒီဖောင်းနေတာတွေက အဆစ်ရောင်တာကြောင့်ဖြစ်တာ”။ သူ ဟန်နီ့အား ကြည့်လိုက်၏။ “အနာတွေရယ်၊ မျက်စိအမြှေးရောင်နေတာတွေရယ်နဲ့ ပေါင်းလိုက်ရင် ဘာရောဂါလဲဆိုတာ ဒေါက်တာသိမယ်လို့ ကျွန်တော်ယုံကြည့်တယ်”

ဟန်နီက တစ်လုံးချင်းပြော၏။ “ဟို..ဖြစ်နိုင်တာကတော့…ဟိုလေ..”

“ဒါ ရီးတာရောဂါပါ” အလုပ်သင်ဆရာဝန်တစ်ယောက်က ပြော၏။ “ဘာကြောင့် ဖြစ်လဲဆိုတာတော့ မသိရဘူး။ ဌေ့ဌေ့ဖျားတာနဲ့တော့ မကြာခဏ တွဲတတ်တယ်”

ဒေါက်တာအစ်စလာ ခေါင်းညိတ်၏။ “မှန်တယ်”။ သူဟန်နီ့အား ကြည့်လိုက်ပြီး “ရောဂါအလားအလာကကော ဘယ်လိုလဲ”

“အလားအလာ?”

အခြား အလုပ်သင်ဆရာဝန်တစ်ယောက်က ဖြေသည်။ “ရောဂါအလားအလာကတော့ ရှင်းရှင်းလင်းလင်းမရှိပါဘူး။ ဒါကို အရောင်ကျစေတဲ့ ဆေးတွေနဲ့ ကုလို့တော့ ရတယ်”

“အရမ်း တော်တယ်” ဒေါက်တာအစ်စလာက ပြောသည်။

သူတို့ နောက်ထပ် လူနာတစ်ဒါဇင်လောက်ကို ရောင်းလှည့်ကြည့်ကြသည်။ အားလုံးပြီးသွားသောအခါ ဟန်နီသည် ဒေါက်တာအစ်စလာအား ပြောလိုက်သည်။ “ကျွန်မ ဒေါက်တာနဲ့ ခဏလောက်တွေ့လို့ရမလား”

“ရတယ်။ ကျွန်တော့် ရုံးခန်းကို လာခဲ့ပါ”

သူတို့ ရုံခန်းထဲတွင် ထိုင်ပြီးသောအခါ ဟန်နီက ပြော၏။ “ကျွန်မကို ဒေါက်တာ စိတ်ပျက်သွားမှန်းသိပါတယ်”

“အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်တော်ဟာ နည်းနည်းတော့ အံ့သြမိတယ်။ ဒေါက်တာက…”။ ဟန်နီ ဖြတ်ပြောသည်။ “ကျွန်မသိပါတယ်။ ဒေါက်တာအစ်စလာ။ ကျွန်မ မနေ့က တစ်ညလုံးမျက်လုံးတောင် မမှိတ်ခဲ့ရဘူး။ အမှန်အတိုင်းပြောရရင် ကျွန်မလေ ဒေါက်တာနဲ့အတူ အလုပ်လုပ်ရမယ်ဆိုတော့ စိတ်လှုပ်ရှားလွန်းပြီး ကျွန်မ…ကျွန်မ အိပ်မပျော်ခဲ့ဘူး”။ သူက သူမအား အံ့သြစွာကြည့်၏။ “အိုး..ကျွန်တော်သိပြီ။ ကျွန်တော်ထင်သားပဲ

အကြောင်းတစ်ခုခုတော့ရှိရမယ်လို့၊ ဆိုလိုတာက ဒေါက်တာရဲ့ ဆေးကျောင်းမှတ်တမ်းတွေက အရမ်းကောင်းတာကိုး။ ဘယ်အရာကများ ဒေါက်တာ့ကို ဆရာဝန်အဖြစ်လုပ်ဖို့ တွန်းအားပေးခဲ့သလဲ"။ ဟန်နီ ခဏမျှ အောက်ကို စိုက်ကြည့်နေပြီးနောက် ညင်သာစွာ ပြောလိုက်၏။ "ကျွန်မမှာ မောင်လေးတစ်ယောက်ရှိခဲ့ပါတယ်။ သူက အက်စီးဒင့်တစ်ခုမှာ ဒဏ်ရာရခဲ့တယ်။ ဆရာဝန်တွေက သူ့ကို ကယ်နိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားကြတာပဲ။ ဒါပေမဲ့...သူသေသွားတာကို ကျွန်မ ကြည့်နေရတယ်။ အချိန်တွေ ကြာခဲ့ပါပြီ။ ဒါပေမဲ့ ကျွန်မ အကူအညီမဲ့သလို ခံစားရတယ်။ အဲဒီအချိန်ကစပြီး ကျွန်မရဲ့ဘဝကို အခြားလူတွေ ကျန်းမာဖို့ ကူညီရင်းနဲ့ပဲ အဆုံးသတ်သွားဖို့ ဆုံးဖြတ်ခဲ့တယ်လေ"။ သူမမျက်ဝန်းများတွင် မျက်ရည်များဖြင့် ပြည့်လာသည်။ သူမက သိပ်ကို ထိခိုက်လွယ်တာပဲဟု အစ်စလာတွေးမိ၏။ "ငါတို့ ဒီလိုစကားပြောဖြစ်တာကို ဝမ်းသာတယ်"။ ဟန်နီက သူ့အားကြည့်ပြီး တွေးမိသည်။ သူတော့ ငါ့ကို ယုံသွားပြီ။

(အခန်း ၆)

မြို့၏ အခြားတစ်ဖက် တစ်နေရာတွင်တော့ သတင်းထောက်များ၊ ကင်မရာအဖွဲ့သားများသည် တရားရုံးထဲမှထွက်လာမည့် လုဒိုင်နက်တိုကို လမ်းထဲတွင် စောင့်နေကြသည်။ သူထွက်လာသောအခါ တော်ဝင်ဟန်ပန်မျိုးဖြင့် ပြုံးပြ လက်ဝှေ့ရမ်းကာ နှုတ်ဆက်သွား၏။ သူ့နံဘေးတွင် သက်တော်စောင့် ၂ ယောက်၊ ရှဲဒိုးဟုခေါ်သော ပိန်ပိန်ရှည်ရှည်တစ်ယောက်နှင့် ရိုင်နိုခေါ်သော တုတ်တုတ်ခိုင်ခိုင်တစ်ယောက်တို့ ဖြစ်သည်။ လုဒိုင်နက်တိုမှာ အမြဲတမ်းကဲ့သို့ပင် တောက်ပစွာ၊ တန်ဖိုးကြီးစွာ ဝတ်စားထား၏။ အညိုရောင်ပိုးသားကုတ်အင်္ကျီ၊ အဖြူရောင် ရှပ်၊ အပြာရောင်လည်စီး၊ မိကျောင်းသားရေဖိနပ်တို့ဖြင့် တောက်ပနေသည်။ သူ့အဝတ်အစားများမှာ သူ့အား ချပ်ချပ်ရပ်ရပ်ဖြစ်သည့်ပုံပေါ်စေရန် သေချာဂရုစိုက်စွာ ချုပ်ရ၏။ အဘယ့်ကြောင့်ဆိုသော် သူသည် ပုပုဝဝဖြစ်သည့်ပြင် ခြေကလည်း ခွင်၏။ အမြဲပြုံးနေတတ်ပြီး စာနယ်ဇင်းသမားတို့အတွက် ဟာသများပြော၏။ သူတို့ကလည်း သူ့အား ကိုးကားရသည်ကို နှစ်ခြိုက်၏။ ဒိုင်နက်တိုသည် တရားစွဲဆိုခံရပြီး သုံးကြိမ်တိုင်တိုင် တရားခွင်ဝင်ရသည်။ အမှုများမှာ မီးရှို့မှုမှစ၍ လူသတ်မှုတို့ ပါဝင်၏။ အကြိမ်တိုင်း သူသည် လွတ်မြောက်ခဲ့၏။

ယခုလည်း သူတရားရုံးမှ ထွက်လာလေပြီ။ သတင်းထောက်တစ်ယောက်က အော်ပြော၏။ "မစ္စတာဒိုင်နက်တို...ကွင်းလုံးကျွတ်လွတ်လိမ့်မယ်ဆိုတာ သိနေခဲ့ပါသလား"

ဒိုင်နက်တိုက ရယ်လိုက်ပြီး "ဒါပေါ့။ သိခဲ့တာပေါ့။ ကျွန်တော်က အပြစ်မရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးပဲလေ။ အစိုးရအနေနဲ့ ကျွန်တော့်ကို တရားစွဲဆိုဖို့ကလွဲပြီး တခြားကောင်းတဲ့လုပ်ငန်းလုပ်စရာတွေမရှိဘူးထင်တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ အခွန်အခတွေက အရမ်းကို

မြင့်နေတာပေါ့”

တီဗီကင်မရာတစ်ခုက သူ့အား ချိန်ရိုက်နေ၏။ လုဒိုင်နက်တို ရပ်လိုက်ပြီး ပြုံးပြလိုက်သည်။

“မစ္စတာဒိုင်နက်တို..မစ္စတာ့ကို ဆန့်ကျင်သက်သေခံမယ့် လူနှစ်ယောက် ဘာလို့ တရားရုံးမှာ ပေါ်မလာတာလဲဆိုတာ ရှင်းပြပေးနိုင်မလား”

“ကျွန်တော် ရှင်းပြနိုင်ပါတယ်” ဒိုင်နက်တိုက ပြောသည်။ “သူတို့ဟာ မုသားသက်သေမခံချင်တဲ့ ရိုးသားတဲ့နိုင်ငံသားတွေဖြစ်လို့ပါပဲ”

“အစိုးရက မစ္စတာဟာ အနောက်ကမ်းခြေလူဆိုးဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်တယ်လို့ စွပ်စွဲတယ်။ ပြီးတော့ မစ္စတာကပဲ စီစဉ်ပြီး...”

“ကျွန်တော် စီစဉ်တဲ့ တစ်ခုတည်းသောအရာက ကျွန်တော့်စားသောက်ဆိုင်မှာ လူတွေထိုင်ဖို့နေရာပဲ။ ကျွန်တော် လူအားလုံးကို သက်တောင့်သက်သာ ရှိစေချင်တယ်”။ သူသည် ပြုံတိုးလာသော သတင်းထောက်လူစုကြီးကို ပြုံးပြလိုက်၏။

“စကားမစပ်...လူကြီးမင်းတို့အားလုံးကို အခမဲ့ညစာနဲ့ အဖျော်ယမကာများအတွက် ကျွန်တော့်စားသောက်ဆိုင်ဆီကို ဖိတ်ခေါ်ပါတယ်”

သူသည် ယာဉ်ရပ်နားရာနေရာသို့ လျှောက်သွား၏။ ထိုနေရာတွင် အနက်ရောင်ဇိမ်ခံကားရှည်ကြီးက သူ့အား စောင့်နေ၏။

“မစ္စတာဒိုင်နက်တို...”

“မစ္စတာဒိုင်နက်တို...”

“မစ္စတာဒိုင်နက်တို...”

“ခင်ဗျားတို့အားလုံးကို ကျွန်တော့်စားသောက်ဆိုင်မှာ ဒီညတွေ့မယ်။ ဆိုင်ဘယ်မှာလဲဆိုတာ ခင်ဗျားတို့ သိပါတယ်”

ထို့နောက် လုဒိုင်နက်တို ကားထဲဝင်သွားပြီး လက်ဝှေ့ရမ်းပြုံးပြ နှုတ်ဆက်နေသည်။ ရိုင်နိုက ဇိမ်ခံကားတံခါးကို ပိတ်လိုက်ပြီး ရှေ့ထိုင်ခုံတွင် နေရာယူလိုက်၏။ ရှဲဒိုးကတော့ ကားမောင်းသူနေရာသို့ ဝင်လိုက်သည်။

“ကောင်းလိုက်တာ။ ဘော့စ်” ရိုင်နိုက ပြော၏။ “ဒီတောင်းရမ်းစားသောက်သူအုပ်စုကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ ဘော့စ်ကောင်းကောင်းသိတယ်”

“ဘယ်သွားမလဲ” ရှဲဒိုးက မေး၏။ “အိမ်။ ငါ ရေနွေးနွေးချိုးပြီး အသားကင်ကောင်းကောင်း စားလိုက်ဦးမယ်”။ ကား စထွက်လာသည်။

“သက်သေတွေနဲ့ ပတ်သက်တဲ့ မေးခွန်းကို ငါမကြိုက်ဘူး” ဒိုင်နက်တိုက ပြော၏။ “မင်းတို့သေချာရဲ့လား။ သူတို့ ဘယ်တော့မှ...?”

“သူတို့ ရေအောက်မှာ စကားမပြောနိုင်ပါဘူး၊ ဘော့စ်”။ ဒိုင်နက်တို ခေါင်းညိတ်လိုက်၏။ “ကောင်းတယ်”။ ကားက ဖေမိုးလမ်းတစ်လျှောက် အရှိန်နှင့် ပြေးနေ၏။ ဒိုင်နက်တိုက “မင်းတို့ ပြည်နယ်ရှေ့နေမျက်နှာကို တွေ့လိုက်လား။ တရားသူကြီးက တရားပယ်လိုက်တဲ့အချိန်မှာလေ”

ခွေးအသေးလေးတစ်ကောင် ဘယ်ကပေါ်လာမှန်းမသိ ဇိမ်ခံကားကြီးရှေ့သို့ ရောက်လာ၏။ ရှဲဒိုးဘေးသို့ကွေ့လိုက်ပြီး ထိုခွေးကို မထိအောင် ရှောင်လိုက်သည်။ ထို့နောက် ဘရိတ်များကို ဆောင့်နင်းလိုက်၏။ ကားက ပလက်ဖောင်းကို ကျော်ပြီး လမ်းဘေးမီးတိုင် တစ်ခုကို ဝင်တိုက်မိသည်။ ရိုင်နို၏ခေါင်းက

လေကာမှန်ကို ဝင်ဆောင့်၏။

"မင်းဘာလုပ်နေတာလဲ" ဒိုင်နက်တို အော်လိုက်၏။ "မင်းငါ့ကို သတ်နေတာလား"

ရှဲဒိုး တုန်နေ၏။ "ခွင့်လွှတ်ပါ၊ ဘော့စ်။ ခွေးတစ်ကောင် ကားရှေ့ကို ပြေးဝင်...."

"ဒီတော့ မင်းက ခွေးအသက်ဟာ ငါ့အသက်ထက် ပိုတန်ဖိုးရှိတယ်လို့ ဆုံးဖြတ်လိုက်တယ်ပေါ့။ သောက်သုံးမကျတဲ့ကောင်"

ရိုင်နီမှာ ညည်းနေ၏။ သူလှည့်လိုက်သောအခါ သူ့နဖူးရှိ ကြီးမားသော ကွဲကြောင်းမှနေ၍ သွေးများစီးကျနေကြောင်း ဒိုင်နက်တို တွေ့သွားသည်။

"ဘုရားရေ" ဒိုင်နက်တို အော်၏။ "မင်းလုပ်ခဲ့တာကို ကြည့်စမ်း"

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး" ရိုင်နီက ဗလုံးဗထွေးဖြေ၏။ "သွားသေလိုက်ပါလား" ဒိုင်နက်တို ရှဲဒိုးသို့ လှည့်ပြီး ပြော၏။ "သူ့ကို ဆေးရုံပို့လိုက်"။ ရှဲဒိုးက ကားကို ပလက်ဖောင်းအောက်သို့ ပြန်မောင်းလာသည်။ "အန်ဘာကာဒီရိုဆေးရုံက ဒီနဲ့ သိပ်မဝေးတော့ဘူး။ ငါတို့ သူ့ကို အရေးပေါ်ဆောင်ကို ခေါ်သွားမယ်"

"ကောင်းပါပြီ။ ဘော့စ်"

ဒိုင်နက်တို သူ့ထိုင်ခုံတွင် ပြန်ထိုင်လိုက်သည်။ "ခွေးတစ်ကောင်" သူ ရွံ့မုန်းစွာ ပြောလိုက်၏။ "ဘုရားရေ"

ဒိုင်နက်တို၊ ရှဲဒိုးနှင့် ရိုင်နီတို့ အရေးပေါ်ဆောင်တွင်းသို့ ဝင်လာသောအခါ ကိတ်ရှိနေ၏။ ရိုင်နီမှာ သွေးအလွန်ထွက်နေ၏။

ဒိုင်နက်တို ကိတ်အား အော်ခေါ်လိုက်၏။ "ဟေး...မင်းကို ပြောတာ"

ကိတ် မော့ကြည့်လိုက်ပြီး "ရှင် ကျွန်မကို စကားပြောနေတာလား"

"တခြားဘယ်သူ့ကို ပြောနေတယ်ထင်လို့လဲ။ ဒီမှာ သွေးထွက်နေတယ်။ သူ့ကို ချက်ချင်း ကုသပေးလိုက်"

"လူ ဒါဇင်ဝက်လောက် သူ့ရှေ့မှာ ရှိသေးတယ်" ကိတ်က တည်ငြိမ်စွာ ပြော၏။ "သူ့အလှည့်ရောက်ဖို့ စောင့်ရဦးမယ်"

"သူ ဘာကိုမှ မစောင့်နိုင်ဘူး" ဒိုင်နက်တိုက သူမအား ပြော၏။

"မင်းသူ့ကို အခု ကုရမယ်"

ကိတ် ရိုင်နီဆီ လျှောက်သွားပြီး စစ်ဆေးလိုက်၏။ သူမ ဝါဂွမ်းတစ်စယူလာပြီး ကွဲရာအား ဖိထားလိုက်သည်။

"ဒီနေရာကို ဖိထား။ ကျွန်မ ပြန်လာခဲ့မယ်"

"သူ့ကို အခုချက်ချင်း ကုပေးလိုက်လို့ ငါပြောနေတယ်" ဒိုင်နက်တိုက မာဆတ်ဆတ်ပြော၏။ ကိတ်က ဒိုင်နက်တိုဘက်လှည့်လိုက်ပြီး "ဒါက ဆေးရုံရဲ့ အရေးပေါ်လူနာဆောင်။ ကျွန်မက တာဝန်ခံဆရာဝန်။ ဒါကြောင့် တိတ်တိတ်နေပါ။ ဒါမှမဟုတ် ထွက်သွားပါ"

ရှဲဒိုးက ပြောသည်။ "ဒီမှာ အမျိုးသမီး..ခင်ဗျား ဘယ်သူနဲ့ စကားပြောနေတာလဲဆိုတာ မသိဘူးထင်တယ်။ ဒီလူပြောတာကို ခင်ဗျားလုပ်လိုက်ရင်ကောင်းမယ်။ သူက မစ္စတာလုဒိုင်နက်တိုပဲ"

"ကဲ အခု မိတ်ဆက်တာတွေ ပြီးသွားပြီ" ဒိုင်နက်တိုက စိတ်မရှည်စွာ ဝင်ပြော၏။ "ငါ့လူကို ကုပေးတော့"

"ရှင့်မှာ အကြားအာရုံပြဿနာ ရှိတယ်ထင်တယ်" ကိတ်က ပြော၏။ "ကျွန်မ နောက်တစ်ခေါက် ထပ်ပြောမယ်။ တိတ်တိတ်နေ၊ မဟုတ်ရင် ဒီက ထွက်သွား။ ကျွန်မမှာ လုပ်စရာတွေ ရှိသေးတယ်"။ ရိုင်နီက

ပြောသည်။ "ခင်ဗျား ဒီလို မပြောသင့်…"

ဒိုင်နက်တို သူ့ဘက်လှည့်လိုက်၏။ "ပါးစပ်ပိတ်ထားစမ်း"။ သူနောက်တစ်ဖန်ပြန်ကြည့်လိုက်ပြီး လေသံလည်းပြောင်းကာ ပြောလိုက်၏။ "သူ့ကို အတတ်နိုင်ဆုံးအမြန်ကုသပေးနိုင်မယ်ဆိုရင် ကျွန်တော် ကျေးဇူးမမေ့ပါဘူး"

"ကျွန်မ အကောင်းဆုံး လုပ်ဆောင်ပေးပါ့မယ်"။ ကိတ်သည် ရိုင်နီအား ခေါက်ကုတင်တစ်ခုပေါ်တွင် လှဲစေသည်။ "လှဲချလိုက်။ မိနစ်ပိုင်းအတွင်း ကျွန်မ ပြန်လာခဲ့မယ်"။ သူမ ဒိုင်နက်တိုအား ကြည့်လိုက်ပြီး "ထောင့်မှာ ထိုင်ခုံတွေရှိတယ်"

ဒိုင်နက်တိုနှင့် ရှဲဒိုးတို့ အဆောင်တစ်ဖက်သို့ အခြားလူနာများအား ကြည့်ရှုကုသရန် ထွက်သွားသော သူမကို ကြည့်နေသည်။ "ဘုရားရေ" ရှဲဒိုးက ပြော၏။ "ဘောစ့်ဘယ်သူလဲဆိုတာ သူမ လုံးဝမသိဘူး" "ဒါက ဘာမှ မပြောင်းလဲစေပါဘူးကွာ။ သူမက သတ္တိရှိတယ်ကွ"

၁၅ မိနစ်ခန့်အကြာတွင် ကိတ် ရိုင်နီဆီပြန်ရောက်လာပြီး သူ့အား စမ်းသပ်စစ်ဆေးလေသည်။ "ဦးခေါင်းတွင်းကို ထိသွားတာတော့မရှိပါဘူး" သူမက ကြေညာလိုက်၏။ "ရှင် ကံကောင်းတယ်။ ဒါ အပေါ်ယံပဲ ကွဲသွားတာ"

ရိုင်နီ၏ နဖူးကို ကျွမ်းကျင်စွာဖြင့် ချုပ်နေသော ကိတ်ကို ဒိုင်နက်တို ရပ်ကြည့်နေသည်။

ဒဏ်ရာကိုချုပ်ပြီးသွားသောအခါ ကိတ်က ပြော၏။ "အနာ ကျက်သွားမှာပါ။ ၅ ရက်ကြာရင် ပြန်လာခဲ့။ ကျွန်မ ချုပ်ရိုးဖြေပေးမယ်"။ ဒိုင်နက်တို ရိုင်နီဆီ လျှောက်သွားပြီး သူ၏ နဖူးကို ကြည့်လိုက်၏။

"လက်ရာက တော်တော်ကောင်းတာပဲ"

"ကျေးဇူးတင်ပါတယ်" ကိတ်က ပြော၏။ "ကဲ..ခု..ကျွန်မကို ခွင့်ပြုပါဦး"

"ခဏနေပါဦး" ဒိုင်နက်တိုက လှမ်းခေါ်၏။ သူ ရှဲဒိုးဘက်လှည့်လိုက်ပြီး "သူမကို စီ-နတ် ပေးလိုက်"

ရှဲဒိုး အိတ်ကပ်ထဲမှ ဒေါ်လာတစ်ရာတန်စာရွက်ကို ထုတ်ပေးလိုက်၏။ "ဒီမှာပါ"

"ငွေထုတ်ရုံးက အပြင်မှာရှိတယ်"

"ဒါဆေးရုံအတွက် မဟုတ်ပါဘူး။ ဒေါက်တာ့အတွက်ပါ"

"ဟင့်အင်း…မယူပါရစေနဲ့။ ကျေးဇူးတင်ပါတယ်"

ဒိုင်နက်တိုသည် ကိတ်အဝေးသို့ ထွက်သွားပြီး အခြားလူနာတစ်ယောက်ကို ကုသနေသည်ကို ငေးကြည့်နေ၏။

ရှဲဒိုးက ပြောသည်။ "ကြည့်ရတာ နည်းနေလို့လားမသိဘူး၊ ဘောစ့်"

ဒိုင်နက်တို ခေါင်းခါလိုက်သည်။ "သူမက မှီခိုကင်းတဲ့ မိန်းကလေးပဲ။ ငါက ဒါမျိုးကို ကြိုက်တာ"။ သူခဏမျှ အသံတိတ်နေပြီးနောက် "ဒေါက်တာအီဗန်က အနားယူတော့မှာ မဟုတ်လား"

"ဟုတ်ကဲ့"

"အိုကေ။ ဒီဆရာဝန်အကြောင်း မင်းတတ်နိုင်သလောက် စုံစမ်းစမ်းကွာ"

"ဘာအတွက်လဲ"

"ဝါဒဖြန့်လို့ရအောင်လို့။ ငါ့အထင် သူမက အတော် အသုံးဝင်လိမ့်မယ်"

(အခန်း ၇)

ဆေးရုံများသည် သူနာပြုများဖြင့် လည်ပတ်နေရ၏။ သူနာပြုအုပ်မာဂရက်စပန်ဆာသည် အန်ဘာကာဒီရှိဆေးရုံတွင် အနှစ် ၂၀ ကျော်အလုပ်လုပ်ခဲ့ပြီး ဘယ်နေရာတွင် ဘာရှိသည်ကို အကုန်သိသည်။ သူနာပြုစပန်ဆာမှာ ဆေးရုံကို အုပ်ချုပ်သူဖြစ်သည်။ ထိုအချက်ကို လက်မခံသည့် ဆရာဝန်များ ဒုက္ခရောက်ကြရသည်။ မည်သည့်ဆရာဝန်သည် ဆေး သို့မဟုတ် အရက်စွဲနေသည်၊ မည်သည့်ဆရာဝန်သည် အရည်အချင်း မပြည့်မီသည်၊ မည်သည့်ဆရာဝန်သည် သူ၏ထောက်ခံမှုနှင့် ထိုက်တန်သည် စသည်ဖြင့် အလုံးစုံ သိ၏။ သူမတာဝန်ယူထားရသည်မှာ သူနာပြုသင်တန်းသူများ၊ မှတ်ပုံတင်ထားသောသူနာပြုများနှင့် ခွဲစိတ်ခန်းမှ သူနာပြုများဖြစ်သည်။ သူမသည် မည်သည့်ခွဲစိတ်ခြင်းကို မည်သည့်သူနာပြုအားလုပ်ဆောင်ရမည်ဟု တာဝန်ချပေးသည်။ သူနာပြုများတွင်လည်း မရှိမဖြစ်လိုအပ်သူများနှင့် အရည်အချင်းမပြည့်သူများရှိလေရာ ဆရာဝန်များက သူမနှင့် လိုက်လျောညီထွေဖြစ်အောင် နေကြရသည်။ သူမတွင် လုပ်ပိုင်ခွင့်တို့ရှိသည်။ ခက်ခဲလှသည့် ကျောက်ကပ်ခွဲထုတ်ခြင်းလို ခွဲစိတ်ခြင်းမျိုးအား မကျွမ်းကျင်သည့် သူနာပြုကို ကူညီလုပ်ဆောင်စေရန် တာဝန်ချထားပေးနိုင်သည်။ သို့မဟုတ် သူမက ဆရာဝန်ကို နှစ်သက်လျှင် အတော်ဆုံးသူနာပြုကို စေလွှတ်ပြီး ရိုးရှင်းလှသည့် အာသီးခွဲခြင်းမျိုးကို ကူညီစေသည်။ မာဂရက်စပန်ဆာ၏ အစွဲအလန်းများထဲတွင် အမျိုးသမီးဆရာဝန်များနှင့် လူမည်းများကို မုန်းတီးခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ကိတ်ဟန်တာမှာ လူမည်းအမျိုးသမီးဆရာဝန်ဖြစ်လေသည်။

ကိတ်မှာ ခက်ခဲသည့် အချိန်တို့ကို ရင်ဆိုင်ရ၏။ ပြောင်ပြောင်တင်းတင်း မပြောဆိုမလုပ်ကိုင်သော သူနာပြုအုပ်၏ မလိုမုန်းထားမှုတို့က ဖော်ထုတ်ပြောဆိုရန်လည်း ခက်ခဲလွန်းသည်။ သူမတောင်းဆိုသော သူနာပြုတို့မှာ ဘယ်တော့မှ မအား၊ သူမနှင့်အတူ ကူညီရန်စေလွှတ်လိုက်သူများမှာ မကျွမ်းကျင်သူများသာ။ လိင်နှင့်ပတ်သက်သည့် ရောဂါများရှိသော အမျိုးသားလူနာများကို သူမ မကြာခဏ စမ်းသပ်စစ်ဆေးနေရကြောင်း ကိတ် သတိထားမိသည်။ ပထမလူနာအနည်းငယ်ကို သူမက အမှုမဲ့အမှတ်မဲ့ လက်ခံလိုက်သည်။ သို့သော် သူမအား တစ်နေ့လျှင် ဒါဇင်ဝက်လောက် စမ်းသပ်ရန် ပေးလာသည့်အခါ သူမ စတင် သံသယ ဝင်လာသည်။

ထမင်းစားနားချိန်တစ်ခုတွင် သူမ ပေ့ချ်အား ပြောလိုက်၏။ "နင် လိင်နဲ့ဆက်စပ်ရောဂါရှိတဲ့ ယောကျ်ားတွေကို စမ်းသပ်ရလား"

ပေ့ချ် ခဏမျှ စဉ်းစားလိုက်၏။ "ပြီးခဲ့တဲ့ အပတ်က တစ်ယောက်ရှိတယ်၊ အထွေထွေ လုပ်သားတစ်ယောက်ပဲ"။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါတစ်ခုခုလုပ်ရတော့မယ်ဟု ကိတ်တွေး၏။ သူနာပြုစပန်ဆာသည် ဒေါက်တာဟန်တာ၏ ဘဝအား စိတ်ပျက်စရာများဖြင့် ပြည့်နေအောင်လုပ်ပြီး ဖိအားပေးကာ အလုပ်မှ ထွက်သွားစေရန် အစီအစဉ်ချလုပ်ဆောင်ခဲ့သည်။ သို့သော် သူမ ထည့်မတွက်မိသည်မှာ ကိတ်၏ အလုပ်အပေါ် စူးစိုက်နှစ်မြှုပ်ထားမှုနှင့်

သူမ၏ အရည်အသွေးတို့ဖြစ်သည်။ တဖြည်းဖြည်းခြင်းဖြင့် ကိတ်သည် သူမနှင့်အတူ အလုပ်တွဲလုပ်သူများကို သူမဘက်ပါလာအောင် လုပ်ဆောင်နိုင်ခဲ့သည်။ သူမတွင် လုပ်ဖော်ကိုင်ဖက်များကိုသာမက လူနာများကိုပါ ကျေနပ်အောင် စွမ်းဆောင်နိုင်သည့် သဘာဝကပေးထားသော အရည်အသွေးတစ်ခုရှိ၏။ သို့သော် တကယ်တမ်း သူမကို ဆေးရုံတစ်ခုလုံးတွင် ကျော်ကြားစေသည်က ဝက်သွေးကိစ္စဖြစ်သည်။

မနက်'ရောင်း'တစ်ခုတွင် ကိတ်သည် ဒန်းဒက်ဟု အမည်ရှိသော စီနီယာအလုပ်သင်ဆရာဝန်နှင့်အတူ အလုပ်လုပ်နေ၏။ သူတို့သည် သတိမေ့နေသော လူနာ၏ ကုတင်ဘေးတွင် ရောက်နေသည်။

"မစ္စတာလီဗီက ကားအက်စီးဒင့်ဖြစ်တာ" ဒန်းဒက်က ပိုငယ်သော အလုပ်သင်ဆရာဝန်များကို ပြောပြ၏။ "သူ သွေးတွေအများကြီး ဆုံးရှုံးခဲ့တယ်။ ချက်ချင်း သွေးသွင်းဖို့ လိုနေပြီ။ ဆေးရုံမှာကလည်း လက်ရှိ သွေးပြတ်နေတယ်။ ဒီလူမှာ မိသားစုရှိတယ်။ သူ့မိသားစုက သွေးလှူဖို့ ငြင်းဆန်နေတယ်။ တော်တော် ဒေါသထွက်ဖို့ ကောင်းတယ်"

ကိတ်က မေး၏။ "သူ့မိသားစု ဘယ်မှာလဲ"

"ဧည့်သည်များစောင့်နေခန်းမှာ" ဒေါက်တာ ဒန်းဒက်က ပြော၏။ "ကျွန်မ သူတို့နဲ့ စကားပြောလို့ရမလား" ကိတ်က မေးသည်။ "ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး။ ငါသူတို့ကို ပြောခဲ့ပြီးပြီ။ သူတို့က ဆုံးဖြတ်ပြီးပြီတဲ့"

'ရောင်း'လှည့်ခြင်းများ ပြီးသွားသောအခါ ကိတ်သည် ဧည့်သည်များစောင့်နေခန်းသို့ ထွက်သွားသည်။ လူနာ၏ ဇနီးနှင့် အရွယ်ရောက်ပြီး သားနှင့်သမီးတို့ ထိုနေရာတွင် ရှိနေ၏။ သားဖြစ်သူမှာ ဂျူးအမျိုးသားခေါင်းဆောင်းနှင့် ဆုတောင်းခြုံထည်တို့ကို ဝတ်ဆင်ထားသည်။ "မစ္စစ်လီဗီလား?" ကိတ်က အမျိုးသမီးကို မေးလိုက်၏။ သူမ မတ်တတ်ရပ်လိုက်ပြီး "ကျွန်မခင်ပွန်းဘယ်လိုနေလဲ။ ဆရာဝန်တွေ သူ့ကို ခွဲစိတ်တော့မလား"

"ဟုတ်ကဲ့" ကိတ်က ပြောသည်။

"ဟို..ကျွန်မတို့ကို သွေးလှူဖို့ မတိုက်တွန်းနဲ့နော်။ ဒီခေတ်ကြီးထဲမှာ သွေးလှူတာ အရမ်းအန္တရာယ်များတယ်။ အေအိုင်ဒီအက်စ်တို့ ဘာတို့နဲ့"

"မစ္စစ်လီဗီ" ကိတ်က ပြော၏။ "သွေးလှူတာနဲ့ အေအိုင်ဒီအက်စ်မရနိုင်ပါဘူး။ ဒါ လုံးဝ မဖြစ်နိုင်..."

"မပြောပါနဲ့တော့။ ကျွန်မ သတင်းစာတွေမှာ ဖတ်ရတယ်။ ဘာက ဘယ်လိုလဲဆိုတာ သိတယ်"။ ကိတ်သူမအား ခဏမျှ ကြည့်လိုက်သည်။ "ကျွန်မနားလည်နိုင်ပါတယ်။ ကဲ...ကောင်းပါပြီ၊ မစ္စစ်လီဗီ။ ဆေးရုံမှာ လောလောဆယ်သွေးမရှိဘူးဖြစ်နေတယ်။ ဒါပေမဲ့ ဒီပြဿနာကို ကျွန်မတို့ ဖြေရှင်းပြီးပါပြီ"

"ကောင်းတယ်"

"ကျွန်မတို့ ရှင့်ခင်ပွန်းကို ဝက်သွေး သွင်းပေးလိုက်မယ်"

အမေနှင့် သားတို့ ကိတ်အား အံ့သြတကြီး ငေးကြည့်နေသည်။

"ဘာ..ဘယ်လို"

"ဝက်သွေးလေ" ကိတ်က အားတက်သရော ပြောသည်။ "ဝက်သွေးက သူ့ကို ဘာမှ မဖြစ်စေလောက်ပါဘူး" သူမ ထွက်သွားရန် လှည့်လိုက်၏။

"ခဏနေပါဦး" မစ္စစ်လီဗီက အော်ပြောသည်။

ကိတ် ရပ်လိုက်ပြီး "ဟုတ်ကဲ့?"

"ကျွန်မ...အာ...ကျွန်မတို့ကို တစ်မိနစ်လောက် အချိန်ပေးပါလား၊ ပေးမယ်မဟုတ်လားဟင်"

"အသေအချာပေါ့"

၁၅ မိနစ်ခန့်အကြာတွင် ကိတ် ဒေါက်တာဒန်းဒက်ဆီ သွား၏။ "မစ္စတာလီဗီရဲ့ မိသားစုကြောင့် ဒေါက်တာ စိုးရိမ်စရာမလိုတော့ဘူး။ သူတို့အားလုံးက ပျော်ပျော်ကြီးကို သွေးလှူမယ်တဲ့"

ထိုဇာတ်လမ်းက ဆေးရုံတွင် ချက်ချင်းပင် ကမ္ဘည်းတင်သွားသည်။ သူမအားအရင်က လျစ်လျူရှုခဲ့သော ဆရာဝန်နှင့် သူနာပြုများ သူမကို စကားလာပြောကြသည်။

ရက်အနည်းငယ်အကြာတွင် ကိတ်သည် အစာအိမ်အနာလူနာ တွန်လီယိုနက်ရှိသည့် သီးသန့်ခန်းသို့ သွားသည်။ သူသည် အနီးရှိ အသင့်စားဆိုင်မှ ဝယ်ယူလာသော များပြားလှသည့် နေလယ်စာကို စားနေ၏။

ကိတ် လူနာကုတင်သို့ လျှောက်သွားပြီး "ရှင်ဘာလုပ်နေတာလဲ"။ သူက မော့ကြည့်ပြီး ပြုံးလိုက်၏။ "အပြောင်းအလဲအနေနဲ့ နေ့လယ်စာကောင်းကောင်းစားနေတာ။ စားပါဦးလား။ ဒီမှာ အများကြီးပဲ"

ကိတ် သူနာပြု တစ်ယောက်ကို ခေါ်လိုက်၏။

"ဟုတ်ကဲ့။ ဒေါက်တာ"

"ဒီစားစရာတွေ ယူသွားစမ်း။ မစ္စတာလီယိုနက်က ဆေးရုံရဲ့ ဓာတ်စာကိုပဲ စားရမှာ။ သူ့ဖိုင်တွဲကို မဖတ်ထားဘူးလား"

"ဟုတ်ကဲ့။ ဒါပေမဲ့ သူက အတင်းအကျပ်..."

"ကျေးဇူးပြုပြီး အဲဒီအစာတွေကို ဖယ်လိုက်ပါ"

"ဟေ့...ခဏနေပါဦး" လီယိုနက်က ကန့်ကွက်သည်။ "ဒီဆေးရုံက ပေးနေတဲ့ ပျော့စိစိဟာတွေကို ငါမစားနိုင်ဘူး"

"ရှင့်အစာအိမ်အနာကို ပျောက်ချင်ရင်တော့ စားရလိမ့်မယ်"

ကိတ် သူနာပြုအား ကြည့်လိုက်သည်။ "ယူသွားတော့"

မိနစ် ၃၀ ကြာသောအခါ ကိတ်သည် အုပ်ချုပ်ရေးမှူးရုံးခန်းသို့ အခေါ်ခံရသည်။

"ကျွန်မကို တွေ့ချင်တာလား၊ ဒေါက်တာဝေါလေ့"

"ဟုတ်တယ်။ ထိုင်ပါဦး။ တွန်လီယိုနက်က ဒေါက်တာ့ လူနာတစ်ယောက်မဟုတ်လား"

"မှန်ပါတယ်။ ကျွန်မသူ့ကို အမဲကျပ်တိုက်အသားညှပ်ပေါင်မုန့်ရယ်၊ အချဉ်တွေရယ် ပြီးတော့ အားလူးသုပ်ရယ်ကို ဒီနေ့ နေ့လယ်စာအဖြစ်စားနေတာကို တွေ့လိုက်တယ်။ ငရုတ်သီးတွေလည်း အပြည့်ပါနေပြီး..."

"ဒေါက်က သူ့ဆီက အဲဒါတွေကို ယူသွားတယ်ပေါ့"

"အင်းပေါ့"

ဝေါလေ့ သူကုလားထိုင်မှ ရှေ့ကိုင်းလိုက်ပြီး "ဒေါက်တာ...တွန်လီလိုနက်ဟာ ဆေးရုံကြီးကြပ်ရေးအဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်ဆိုတာ

သတိမမူမိဘူးထင်တယ်။ ကျွန်တော်တို့ သူ့ကို ပျော်ရွှင်စေချင်တယ်။ ကျွန်တော်ဆိုလိုတာကို သဘောပေါက်ရဲ့လား”

ကိတ် သူ့အား ကြည့်လိုက်ပြီး ခေါင်းမာစွာပင် ပြန်ပြောသည်။ “ဟင့်အင်း..”။ သူမျက်တောင်ခတ်လိုက်ပြီး “ဘာ?”

“ကျွန်မမြင်တာကတော့ တွန်လီယိုနက်ကို ပျော်စေချင်ရင် ကျန်းမာအောင် လုပ်ပေးရမှာပေ့ါ။ သူ့အစာအိမ်ကို သူဖျက်ဆီးနေရင် သူဘယ်တော့မှ ရောဂါပျောက်မှာ မဟုတ်ဘူး”

ဘန်ဂျမင်ဝေါလေ့ အားတင်းပြုံးလိုက်သည်။ “ကျွန်တော်တို့ သူ့ကိုပဲ ဆုံးဖြတ်ချက်ချခိုင်းတာ မကောင်းဘူးလား”

ကိတ် မတ်တတ်ရပ်လိုက်သည်။ “ဘာလို့လဲဆိုတော့ ကျွန်မက သူ့ဆရာဝန်ပါ။ တခြား ဘာပြောစရာရှိပါသေးသလဲ”

“ကျွန်တော်....အာ...မရှိတော့ပါဘူး။ ဒါပါပဲ”

ကိတ် ရုံးခန်းတွင်းမှ ထွက်လာခဲ့လေသည်။

ဘန်ဂျမင်ဝေါလေ့ ထိုင်ရင်း ကြက်သေသေနေ၏။ အမျိုးသမီးဆရာဝန်တွေ...

ညဂျူတီရက်တစ်ရက်တွင် ကိတ်ဖုန်းတစ်ကော လက်ခံရသည်။ “ဒေါက်တာဟန်တာ...အခန်း ၃၂၀ ကို အမြန်လာရင် ကောင်းမယ်ထင်တယ်”

“ချက်ချင်းလာခဲ့မယ်”

အခန်း ၃၂၀ မှ လူနာမှာ မစ္စစ်မော်လီဖြစ်သည်။ အသက် ၈၀ ကျော် ကင်ဆာလူနာဖြစ်ပြီး ရောဂါအလားအလာမှာ မကောင်းချေ။ ကိတ်တံခါးနားနီးကပ်လာသောအခါ အတွင်းမှ ငြင်းခုံနေသံများကို ကြားကြသည်။ ကိတ် အခန်းတွင်းသို့ ဝင်လိုက်၏။

မစ္စစ်မော်လီမှာ အိပ်ရာတွင်းတွင်ရှိနေပြီး အိပ်ဆေးများပေးထားသော်လည်း သတိကတော့ ရှိနေ၏။ သူမ၏ သား ၁ ယောက်နှင့် သမီး ၂ ယောက်တို့ အခန်းတွင်းတွင် ရှိနေသည်။

သားဖြစ်သူက ပြောနေ၏။ “ခြံကို သုံးပုံပုံလိုက်မယ်”

“မပုံဘူး” သမီးတစ်ယောက်က ပြော၏။ “လော်ရီနဲ့ ငါကသာ အမေ့ကို စောင့်ရှောက်လာတာ။ အချက်အပြုတ်၊ အလျှော်အဖွပ်အားလုံး သူမအတွက် လုပ်ပေးလာတာ။ ဒါကြောင့် သူမပိုက်ဆံအားလုံးဟာ ငါတို့နဲ့ပဲ ဆိုင်တယ်။ ပြီးတော့...”

“ငါကလည်း နင်တို့လိုပဲ သူမရဲ့ သွေးသားအရင်းပါ” ထိုလူက အော်ပြော၏။

မစ္စစ်မော်လီမှာတော့ အကူအညီမဲ့ အိပ်ရာထက်တွင် လဲလျောင်းရင်း နားထောင်နေသည်။

ကိတ် ဒေါသပုန်ထတော့၏။ “ခွင့်ပြုပါရှင်” သူမက ပြောသည်။

အမျိုးသမီးတစ်ယောက်က သူမအား ကြည့်လိုက်၏။ “နောက်မှ ပြန်လာခဲ့၊ သူနာပြုဆရာမရေ။ ကျွန်မတို့ အလုပ်များနေတယ်”

ကိတ် ဒေါသတကြီး ပြောလိုက်၏။ “ဒါကျွန်မလူနာ။ ကျွန်မ ရှင်တို့အားလုံး အခန်းအပြင်ထွက်ဖို့ ၁၀ စက္ကန့်အချိန်ပေးမယ်။ ရှင်တို့ ဧည့်သည်များနားနေခန်းမှာ စောင့်နေလို့ရတယ်။ ကဲ...ကျွန်မ လုံခြုံရေးကို ခေါ်ပြီး ရှင်တို့ကို ဆွဲထုတ်မသွားခိုင်းခင် အခုချက်ချင်း

ထွက်သွားတော့”

အမျိုးသားက တစ်ခုခုပြောရန် ဟန်ပြင်လိုက်၏။ သို့သော် ကိတ်မျက်လုံးများကို မြင်ပြီး ရပ်တန့်လိုက်သည်။ သူ၏ ညီမများဘက် လှည့်လိုက်ပြီး ပခုံးတွန့်လိုက်သည်။ “ငါတို့ အပြင်မှာ ပြောကြတာပေါ့”

သူတို့သုံးယောက်အခန်းတွင်းမှ ထွက်သွားသည်ကို ကိတ် ကြည့်နေ၏။ သူမ အိပ်ရာထဲရှိ မစ္စစ်မော်လီဘက်လှည့်လိုက်ပြီး ဦးခေါင်းကို ပွတ်သပ်လိုက်ကာ “သူတို့က တကယ်ပြောတာမဟုတ်ပါဘူး” ကိတ်က ငြင်သာစွာပြောလိုက်သည်။ သူမ ကုတင်ဘေးတွင် ထိုင်လိုက်ပြီး အဖွားအို၏ လက်ကို ကိုင်ဆွဲထားကာ အိပ်ပျော်သွားသည်အထိ ကြည့်နေသည်။

ငါတို့ အားလုံးဟာ သေကြမှာပဲ။ ကိတ် တွေး၏။ အကောင်းဆုံးနီးလမ်းကတော့ ညင်ညင်သာသာ သွားတာပါပဲ။

အထွေထွေလုပ်သားက အဆောင်တွင်းသို့ ဝင်လာသောအခါ ကိတ်သည် လူနာတစ်ယောက်ကို ကုသပေးနေ၏။ “စားပွဲပေါ်မှာ ဒေါက်တာ့အတွက် အရေးကြီးဖုန်းဝင်နေတယ်”

ကိတ် မျက်မှောင်ကြုတ်လိုက်သည်။ “ကျေးဇူးပဲ”။ သူမ တစ်ကိုယ်လုံးပတ်တီးစီးခံထားရပြီး ခြေထောက်များကိုလည်း စက်သီးဖြင့် ချိတ်ဆွဲခံထားရသော လူနာဘက် လှည့်လိုက်ပြီး “ကျွန်မ ချက်ချင်း ပြန်လာခဲ့မယ်” ဟုပြောလိုက်သည်။

ကော်ရစ်ဒါပေါ်ရှိ သူနာပြုစားပွဲတွင် စားပွဲတင်တယ်လီဖုန်းကို ကိတ် ကောက်ကိုင်လိုက်သည်။ “ဟယ်လို”

“ဟိုင်း...မမ”

“မိုက်!” သူ့အသံကိုကြားရသောအခါ သူမစိတ်လှုပ်ရှားသွား၏။ သို့သော် သူမ၏ ပျော်ရွှင်မှုတို့က စိုးရိမ်မှုသို့ ကူးပြောင်းသွားသည်။ “မိုက်...ငါ့ကို ဒီနေရာမှာ မခေါ်နဲ့လို့ ပြောထားတယ်မဟုတ်လား။ နင့်ဆီမှာ တိုက်ခန်းဖုန်းနံပါတ်ရှိနေတာပဲ။ တကယ်လို့...”

“ကျွန်တော်တောင်းပန်ပါတယ်။ မစောင့်နိုင်လို့ပါ။ ကျွန်တော် ပြဿနာနည်းနည်း တက်နေတယ်”

ဘာဆက်ဖြစ်တော့မည်ကို ကိတ်သိနေ၏။

“ကျွန်တော် မိတ်ဆွေတစ်ယောက်ဆီက အလုပ်လုပ်ဖို့ ပိုက်ဆံချေးခဲ့တယ်...”

ဘယ်လို အလုပ်မျိုးလဲဟု ကိတ်မမေးချင်တော့။ “ပြီးတော့ ရှုံးခဲ့တယ် မဟုတ်လား”

“ဟုတ်တယ်။ အခု သူက သူ့ပိုက်ဆံကို ပြန်လိုချင်နေပြီ”

“ဘယ်လောက်လဲ၊ မိုက်”

“ဟို...တကယ်လို့ မမသာ ငါးထောင်လောက် ပို့နိုင်ရင်...”

“ဘာ?”

စားပွဲမှသူနာပြုက ကိတ်အား စပ်စုသလို လှမ်းကြည့်၏။

ဒေါ်လာ ငါးထောင်။ ကိတ်သူမအသံကို တိုးလိုက်၏။ “ငါ့ဆီမှာ ဒီလောက်အများကြီး မရှိဘူး။ ငါ..ငါ တစ်ဝက်လောက်အရင်ပို့ပြီး ကျန်တာကို နောက်တစ်ပတ်နှစ်ပတ်လောက်နေ ထပ်ပို့မယ်။ ဒါဆိုရင် အဆင်ပြေနိုင်မလား”

“ထင်တာပဲ။ ကျွန်တော်လည်း မမကို အနှောင့်အယှက်မပေးချင်ပါဘူး။

ဒါပေမဲ့ မမလည်း သိသားနဲ့"

ဘယ်လိုလဲဆိုသည်ကို ကိတ်သိသည်။ သူမမောင်လေးမှာ အသက် ၂၁ နှစ် ရှိပြီဖြစ်ပြီး အမြဲလိုလိုပင် လျှို့ဝှက်အရောင်းအဝယ်များတွင် ပါဝင်ခဲ့သည်။ လူဆိုးဂိုဏ်းများဖြင့် တွဲခဲ့၏။ ဘုရားသခင်သာ သူတို့ဆက်လုပ်မည်များကို သိသည်။ သို့သော် ကိတ်ကတော့ သူ့အတွက် လေးလေးနက်နက်ပင် တာဝန်ရှိသည်ဟု ခံယူထားသည်။ ဒါ့ဒါအမှားကြောင့်ပဲဟု ကိတ်တွေး၏။ ငါသာ အိမ်က ထွက်မပြေးခဲ့ဘူး၊ သူ့ကို မထားခဲ့ဘူးဆိုရင်..."ဒက္ခတွေက ဝေးဝေးရှောင်၊ မိုက်။ နင့်ကို ချစ်တယ်"

"မမကိုလည်း ချစ်တယ်"

ငါသူ့ကို တစ်နည်းနည်းနဲ့ ဒီပိုက်ဆံတွေရအောင် လုပ်ပေးရမယ်ဟု ကိတ်တွေး၏။ ကမ္ဘာပေါ်မှာ မိုက်ပဲ ငါ့အတွက်ရှိတော့တာ။

ဒေါက်တာအစ်စလာမှာ ဟန်နီတက်နှင့် ထပ်မံ၍ အလုပ်အတူတွဲလုပ်ရန် မျှော်လင့်နေသည်။ သူမ၏ မကျွမ်းကျင်မှုများကို သူခွင့်လွှတ်ပေးခဲ့၏။ ထို့ပြင် သူမက သူ့အပေါ် လေးစားနေခြင်းအပေါ်လည်း ဂုဏ်ယူမိ၏။ ယခုလည်း သူမနှင့် နောက်တစ်ခါ 'ရောင်း'ရပြန်ပြီ။ ဟန်နီသည် အခြားအလုပ်သင်ဆရာဝန်များနောက်တွင် နေနေပြီး သူ့မေးခွန်းများကို ဘယ်တော့မှ ကိုယ့်သဘောနှင့်ကိုယ် ဝင်မဖြေချေ။

'ရောင်း'လှည့်အပြီး မိနစ် ၃၀ ခန့်အကြာတွင် ဒေါက်တာအစ်စလာသည် ဘန်ဂျမင်ဝေါလေ့၏ ရုံးခန်းထဲတွင် ထိုင်နေသည်။

"ဘာပြဿနာများ ဖြစ်လို့လဲ" ဝေါလေ့က မေး၏။

"ဒေါက်တာတက်လေ"

ဝေါလေ့က သူ့အား အမှန်တကယ်ပင် အံ့ဩစွာ ကြည့်လိုက်၏။ "ဒေါက်တာတက်? သူမက ကျွန်တော်မြင်ဖူးသမျှထဲမှာ အကောင်းဆုံး ထောက်ခံချက်တွေရထားတဲ့သူပဲ"

"ဒါကပဲ ကျွန်တော့်ကို စဉ်းစားရကျပ်စေတာ" ဒေါက်တာအစ်စလာ ပြောသည်။ "တခြားအလုပ်သင်ဆရာဝန်တွေဆီကနေ ကျွန်တော် သတင်းပို့ချက်တွေရတယ်။ သူမဟာ ရောဂါတွေ မှားကုနေပြီး ပြင်းထန်တဲ့ အမှားတွေလည်း လုပ်နေတယ်။ ဘာတွေဖြစ်နေလဲဆိုတာ ကျွန်တော်သိချင်တယ်"

"ကျွန်တော်နားမလည်ဘူး။ သူမက ကောင်းမွန်တဲ့ ဆေးကျောင်းကို တက်ခဲ့တာပါ" "ခင်ဗျား သူ့ကျောင်းအုပ်ကြီးကို ဖုန်းတစ်ချက်လောက် ဆက်ကြည့်ပါလား" ဒေါက်တာ အစ်စလာက အကြံပေးသည်။

"ဂျင်ပီယာဆင်ပဲ။ သူက လူကောင်းတစ်ယောက်ပါ။ ကျွန်တော်သူ့ကို ခေါ်လိုက်မယ်"

မိနစ်ပိုင်းအကြာတွင် ဝေါလေ့သည် ဂျင်ပီယာဆင်နှင့် ဖုန်းပြောနေသည်။ သူတို့ သာကြောင်းမာကြောင်းတွေ ဖလှယ်ကြပြီးနောက် ဝေါလေ့က ပြောသည်။ "ကျွန်တော် ဘက်တီလုတက် အကြောင်း သိချင်လို့ ဆက်တာ"

ခဏမျှ အသံတိတ်သွားပြီး "ဟုတ်ကဲ့?"

"ကျွန်တော်တို့ ဒီမှာ သူမနဲ့ ပတ်သက်ပြီး ပြဿနာ နည်းနည်းဖြစ်နေတယ်၊ ဂျင်။ သူက ခင်ဗျားရဲ့ ထောက်ခံချက်နဲ့ ဒီကို ရောက်လာတာလေ"

"ဟုတ်ပါတယ်"

"အမှန်အတိုင်းပြောရရင် ခင်ဗျားရဲ့ ညွှန်းစာ ကျွန်တော့်ရှေ့မှာ ရှိတယ်။ သူမဟာ ကျောင်းသူကျောင်းသားတွေထဲမှာ အတော်ဆုံးလို့တောင် ပြောထားတယ်"

"မှန်တယ်လေ"

"ပြီးတော့ သူမဟာ ဆေးလောကကို ဂုဏ်ဆောင်ပေးမယ်လို့လည်း ရေးထားတယ်"

"ဟုတ်ကဲ့"

"နည်းနည်း သံသယရှိစရာများ...?"

"မရှိပါဘူး" ဒေါက်တာပီယာဆင်က ပြတ်သားစွာပြော၏။ "လုံးဝမရှိပါဘူး။ ကြည့်ရတာ သူမ စိတ်လှုပ်ရှားနေပုံပေါ်တယ်။ သူမက ထိတ်ထိတ်ပျာပျာဖြစ်နေလို့ပါ။ သူမကို အခွင့်အရေးတစ်ကြိမ်ပေးလိုက်၊ သူမ ကောင်းမွန်လာလိမ့်မယ်ဆိုတာ ကျွန်တော်သေချာပြောရဲတယ်"

"ဟုတ်ကဲ့။ အခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ သူမကို အခွင့်အရေးတွေ ပေးလိုက်ပါ့မယ်။ ကျေးဇူးတင်ပါတယ်"

"ရပါတယ်" ဖုန်းလိုင်းကျသွားသည်။

ဂျင်ပီယာဆင် ထိုနေရာတွင် ထိုင်နေ၏။ သူလုပ်ခဲ့သည့်အရာအတွက် သူ့ကိုယ်သူ မုန်းနေမိသည်။ သို့သော် ဇနီးနှင့် သားသမီးတို့က ရှိသေးသည် မဟုတ်လား။

## အခန်း ၈

အလွန်အောင်မြင်သူများ၏ မိသားစုထဲတွင် ဟန်နီတက် မွေးဖွားလာရခြင်းမှာ သူမအတွက် ကံဆိုးခြင်းပင်ဖြစ်၏။ သူမ၏ ချောမောခန့်ညားသည့် ဖခင်မှာ မန်းဖစ်၊ တန်နက်ဆီရှိ ကွန်ပျူတာကုမ္ပဏီကြီးတစ်ခုကို တည်ထောင်သူဖြစ်ပြီး ဥက္ကဋ္ဌလည်းဖြစ်သည်။ သူမ၏ ချစ်ဖွယ်ကောင်းသောမိခင်မှာ မျိုးရိုးဗီဇသိပ္ပံပညာရှင်တစ်ဦး ဖြစ်၏။ အမွှာအစ်မနှစ်ယောက်လုံးမှာလည်း မိဘများကဲ့သို့ပင် စွဲဆောင်မှုလည်းရှိ၊ ဉာဏ်လည်းကောင်း၊ ရည်မှန်းချက်လည်း ကြီးမားသူများဖြစ်သည်။ တက်မိသားစုမှာ မန်းဖစ်တွင် အထင်ပေါ်ဆုံးမိသားစုတစ်စုဖြစ်၏။

သူမ၏အစ်မများ ခြောက်နှစ်အရွယ်တွင် သူမသည် မိသားစုထဲသို့ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့သည်။ "ဟန်နီက ငါတို့ထဲ မတော်တဆ ရောက်လာတာပဲ"ဟု သူမအမေက သူငယ်ချင်းများကို ပြောလေ့ရှိသည်။ "ကျွန်မ ကိုယ်ဝန်ဖျက်ချချင်ခဲ့တယ်လေ။ ဒါပေမဲ့ ဖရက်က ခွင့်မပြုခဲ့ဘူး။ အခုတော့ သူလည်း စိတ်ညစ်နေရပြီ"

ဟန်နီ၏ အစ်မများကရင်သပ်ရှုမောဖွယ် ကောင်းလောက်အောင် လှသလောက် ဟန်နီကတော့ ရိုးရိုးကြီးဖြစ်သည်။ သူတို့က ဉာဏ်ကောင်းသော်လည်း ဟန်နီကတော့

သာမန်အဆင့်တွင်သာရှိသည်။ သူမအစ်မများသည် အသက် ကိုးလတွင် စကားစတင်ပြော၏။ ဟန်နီကတော့ အသက် ၂ နှစ် ပြည့်ခါနီးအထိ စကားတစ်ခွန်းပင် မပြော။

"ကျွန်တော်တို့က သူ့ကို အရုပ်မလေးလို့ခေါ်တယ်" သူမအဖေက ရယ်ရင်းပြော၏။ "ဟန်နီက တက်မိသားစုရဲ့ ဘဲရုပ်ဆိုးလေးပဲ။ ကျွန်တော်ကတော့ သူမဟာ ငန်းအဖြစ် ပြောင်းလဲလာနိုင်လိမ့်မယ်လို့ မထင်ဘူး"

ဟန်နီသည် ရုပ်မဆိုး။ သို့သော် လှလည်း မလှချေ။ သူမသည် ရွက်ကြမ်းရေကျိုရုပ်ရည်ရှိသူဖြစ်သည်။ သွယ်သောကိုယ်၊ ဖြူတွန့်တွန့်မျက်နှာ၊ ရွှေရောင်ဆံပင်နှင့် အများက အားကျဖွယ်မရှိသည့် ခန္ဓာကိုယ်အချိုးအစားတို့နှင့် ဖြစ်၏။ ဟန်နီပိုင်ဆိုင်ထားသည်မှာ အလွန်အမင်းချစ်ဖွယ်ကောင်းသည့် ပင်ကိုယ်စရိုက်ပင်ဖြစ်သည်။ သို့သော် အောင်မြင်သူများ၏ မိသားစုအတွင်းတွင်တော့ တန်ဖိုးထားသော အရည်အချင်းတစ်ခု မဟုတ်ပါချေ။

အစောဆုံး ဟန်နီမှတ်မိသည့်အချိန်မှစ၍ ဖြစ်ပေါ်ခဲ့သော သူမ၏ အကြီးမားဆုံးဆန္ဒမှာ သူမ၏ မိဘများနှင့် အစ်မများကို ပျော်ရွှင်စေရန်ဖြစ်ပြီး သူမကိုလည်း ချစ်လာစေရန်ဖြစ်သည်။ ထိုလုပ်ရပ်မှာ အကျိုးမဖြစ်ထွန်းသော အားစိုက်မှုတစ်ရပ်သာဖြစ်ခဲ့၏။ သူမ၏ မိဘများက အလုပ်များဖြင့် မအားမလပ်ဖြစ်နေပြီး အစ်မများကတော့ အလှပြိုင်ပွဲများ၊ လူရည်ချွန်ရွေးပွဲများ ဝင်ပြိုင်နေခြင်းဖြင့် အလုပ်ရှုပ်နေသည်။ ဟန်နီအား ပိုမိုစိတ်ပျက်စေသည်မှာ သူမသည် အလွန်အမင်း ရှက်တတ်ခြင်းပင်။

သိသိကြီးနှင့်သော်လည်းကောင်း၊ မသိဘဲနှင့်သော်လည်းကောင်း သူမ၏ မိသားစုသည် သူမ၏စိတ်ထဲတွင် သူမသည်နိမ့်ကျနေကြောင်း အသိတစ်ခု ထည့်ပေးခဲ့သည်။

အထက်တန်းကျောင်းတွင် ဟန်နီအား ပိုင်ရှင်မဲ့ပန်းအဖြစ် လူသိများသည်။ သူမသည် ကျောင်းကပွဲများ၊ ပါတီများအား သူ့ဘာသူသွားသည်။ ပြုံးပြပြီး သူမ၏ စိတ်ပျက်စရာများကို မမြင်အောင် ဖုံးကွယ်၏။ အဘယ်ကြောင့်ဆိုသော် သူမသည် အခြားသူများ၏ ပျော်ရွှင်မှုကို မပျက်စီးစေချင်သောကြောင့်ပင်။ အိမ်တွင် သူမ၏ အစ်မများအား ကျောင်းမှ အထင်ပေါ်ဆုံး ကောင်ကလေးများက လာခေါ်သွားသည်ကို ကြည့်၏။ ထို့နောက် သူမ၏ အထီးကျန်အခန်းထဲသို့သွားကာ သူမအိမ်စာများကို ကြိုးစားလုပ်ဆောင်နေသည်။ မငိုမိအောင်လည်း ကြိုးစားရသည်။

ကျောင်းပိတ်ရက်များနှင့် နွေရာသီအားလပ်ရက်များတွင် ကလေးထိန်းခြင်းဖြင့် ဟန်နီသည် မုန့်ဖိုးငွေများ ရှာခဲ့သည်။ ကလေးတွေကို ကြည့်ရှုရတာ သူမ နှစ်သက်သည်။ ကလေးများကလည်း သူမကို ချစ်၏။

ဟန်နီ အလုပ်မလုပ်သောအချိန်များတွင် သူမသည် တစ်ယောက်တည်း လျှောက်သွားပြီး မန်းဖစ်ကို စူးစမ်းလေ့လာ၏။ သူမသည် အဲဗက်စ်ပရက်စလေနေခဲ့သော ဂရေ့စ်လန်းကို အလည်သွားသည်။ ဘလူးဂီတစတင်ခဲ့သည် ဘီးလ်လမ်းတွင် စကြံန်လျှောက်၏။ ပန်းရောင်နန်းတော်ပြတိုက်နှင့် နက္ခတ်ဗေဒပြခန်းတို့တွင် လျှောက်ကြည့်၏။ ရေသတ္တဝါများပြတိုက်သို့ သွား၏။ ဟန်နီမှာ

အမြဲတမ်း တစ်ယောက်တည်းပင်ဖြစ်သည်။

သူမဘဝသည် အလျင်အမြန်ပြောင်းလဲတော့မည်မှန်း သူမသတိမမူမိခဲ့ပေ။

သူမ၏ အတန်းဖော်အတော်များများတွင် ချစ်ရေးကိစ္စများရှိကြောင်း ဟန်နီသိသည်။ သူတို့သည် ကျောင်းတွင် ထိုအကြောင်းကို အဆက်မပြတ်ဆွေးနွေးနေကြသည်။ "နင် ရစ်ကီနဲ့ အတူအိပ်ပြီးပြီလား? သူဟာ အကောင်းဆုံး. . ." "ဂျိုးက တကယ့်ကို ပြီးခါနီးဖြစ်နေ. . ."

"ငါမနေ့ညက တိုနီနဲ့ အပြင်သွားခဲ့တယ်။ လူကို နံးသွားတာပဲ။ သူက တိရစ္ဆာန်လိုပဲ။ ငါ ဒီညလည်း သူနဲ့ တွေ့ဦးမှာ. . ."

သူတို့ စကားဝိုင်းများကို ဟန်နီ ရပ်ပြီးနားထောင်နေမိ၏။ သူမတွင် ဝမ်းနည်းဝမ်းသာ ဝန်တိုမှုတို့နှင့် ပြည့်လာ၏။ ထို့နောက် လိင်ဆက်ဆံခြင်းသည် မည်သို့နည်းဆိုသည့် ခံစားမှုတို့နှင့် ပြည့်လာ၏။ ဘယ်သူကများ ငါ့ကို လိုချင်မှာလဲ? ဟန်နီ တွေးမိ၏။

သောကြာတစ်ညတွင် ကျောင်းကပွဲရှိ၏။ ဟန်နီသွားလိုစိတ်မရှိပေ။ သို့သော် သူမအဖေက ပြောသည်။ "သမီးသိလား။ အဖေ စိတ်ပူမိတယ်။ သမီးအစ်မတွေကပြောတယ် သမီးက အဖော်မဲ့တဲ့ပန်းကလေးတဲ့။ ဒီကျောင်းကပွဲကို မသွားတာကလည်း အဖော်မရှိလို့တဲ့"

ဟန်နီ ရှက်သွား၏။ "ဒါ မမှန်ပါဘူး" သူမက ပြော၏။ "သမီးမှာ အဖော်ရှိပါတယ်။ သမီးသွားမှာပါ"။ ငါ့အဖော်ဘယ်သူလည်းဆိုတာ အဖေမမေးပါစေနဲ့ ဟု ဟန်နီ ဆုတောင်းမိသည်။ သူမမေးချေ။

ယခုတော့ ဟန်နီသည် ကျောင်းကပွဲထဲ ရောက်နေ၏။ ထိုင်နေကျ ထောင့်မှ ထိုင်ခုံတွင် ထိုင်နေပြီး အခြားသူများ ကကြ ပျော်ပါးကြသည်များကို ကြည့်နေ ....

ထို့နောက် အံ့ဖွယ်ဖြစ်ရပ်က ဖြစ်လာခဲ့သည်။

ဘောလုံးအသင်းခေါင်းဆောင်ဖြစ်သည့်ပြင် ကျောင်းတွင်လည်း အကျော်ကြားဆုံးဖြစ်သည့် ရော်ဂျာမာတွန်သည် သူ့ရည်းစားနှင့် ကပွဲကြမ်းပြင်ပေါ်တွင် ရန်ဖြစ်နေသည်။ သူအရက်သောက်ထား၏။ "နင်ဟာ ကောင်းကျိုးမပေး တစ်ကိုယ်ကောင်းဆန်တဲ့ ခွေးမသား" သူမက ပြော၏။ "နင်ကတော့ ညာဏ်ထိုင်းတဲ့ ခွေးမ" "ကိုယ့်ဟာကိုယ်သွား ိုးလိုက်ပါလား" "ငါကိုယ့်ဟာကိုယ် ိုးစရာမလိုဘူး၊ ဆယ်လီ။ တခြားလူကို လုပ်လို့ရတယ်။ ငါကြိုက်တဲ့ ဘယ်သူ့ကို မဆိုပေါ့" "သွားလိုက်စမ်းပါ" သူမ ကပွဲကြမ်းပြင်မှ ဝုန်းဒိုင်းကြဲထွက်သွားသည်။ ဟန်နီ သူတို့အသံများကို ကြားမိ၏။ သူမသူ့ကိုကြည့်နေမှန်း မာတွန်တွေ့သွား၏။ "နင်က ဘာကြည့်နေတာလဲ" သူအာလေးလျှာလေးဖြင့် ပြော၏။ "ဘာမှမဟုတ်ပါဘူး" ဟန်နီက ပြော၏။

"ငါဒီခွေးမကို ပြမယ်။ ငါလုပ်မပြနိုင်ဘူးလို့ နင်ထင်လား?"

"ငါ..အင်း..လုပ်နိုင်မှာပါ"

"သောက်ရမ်းမှန်တယ်။ နည်းနည်းလောက် သောက်ကြရအောင်"။ ဟန်နီ တုန့်ဆိုင်းနေသည်။ မာတွန်မှာ သိသိသာသာပင် မူးနေ၏။ "ဟို...ငါ မသောက်တတ်..."

"ကောင်းတယ်။ ကားထဲမှာ တစ်ပုလင်းရှိသေးတယ်" "ငါတကယ့်ကို မထင်..."။ သူက ဟန်နီလက်ကိုဆွဲပြီး အခန်းတွင်းမှ

ခေါ်ထုတ်သွားသည်။ ရုတ်ရုတ်သဲသဲမဖြစ်စေလိုသည်က တစ်ကြောင်း၊ သူ့အားလည်း အရှက်မရစေလိုသည်က တစ်ကြောင်းမို့ သူမအသာတကြည်ပင်လိုက်သွားသည်။

အပြင်ရောက်သောအခါ သူမ စတင် ရုန်းလေသည်။

"ရော်ဂျာ...ဒါမကောင်းဘူးထင်တယ်...ငါ..."

"နင်ဘာဖြစ်နေတာလဲ...ကြောက်နေလား" "မဟုတ်ပါဘူး..ငါ..."

"အိုကေ။ ဒါဆိုလည်း လာခဲ့"။ သူမအား သူ့ကားဆီခေါ်သွားပြီး တံခါးဖွင့်လိုက်သည်။ ဟန်နီထိုနေရာတွင် ရပ်နေ၏။ "ဝင်လေ" "ငါခဏပဲနေမှာနော်" ဟန်နီက ပြောသည်။

ရော်ဂျာအား စိတ်မကောင်းမဖြစ်စေလိုသောကြောင့် သူမ ကားအတွင်း ဝင်လိုက်သည်။ သူက သူမဘေးနား ဝင်ထိုင်သည်။

"ငါတို့ ဟိုခပ်ထုံထုံကောင်မကို အကြောင်းပြလိုက်ရအောင်" သူက ဝီစကီတစ်ပုလင်းကို ထုတ်လိုက်၏။ "ဒီမှာကြည့်"

ဟန်နီသည် အရက်ကို တစ်ကြိမ်သာ သောက်ခဲ့ဖူးပြီး လုံးဝလည်း မကြိုက်ပေ။ သို့သော် သူမ ရော်ဂျာကို စိတ်ဒဏ်ရာရအောင်မလုပ်ချင်။ သူ့ကို ကြည့်လိုက်ပြီး မသောက်ချင်သောက်ချင်နှင့်ပင် တစ်ငုံသောက်လိုက်၏။

"နင်က အိုကေပါတယ်" သူက ပြော၏။ "နင်က ကျောင်းသူအသစ်မဟုတ်လား၊ ဟမ်?"။ ဟန်နီသည် သူနှင့် အတန်း သုံးခုတူခဲ့သည်။ "ဟင့်အင်း" ဟန်နီ ပြော၏။ "ငါ..."

သူက ရှေ့ကိုင်းလိုက်ပြီး ဟန်နီ၏ သားမြတ်များကို စတင်ကိုင်တော့သည်။ ကြောက်လန့်တကြားဖြင့် ဟန်နီ ဖယ်ထုတ်၏။

"ဟေး...လာစမ်းပါ။ နင်ငါ့ကို မကျေနပ်စေချင်ဘူးလား?" သူက ပြော၏။ ထိုစကားလုံးများမှာ ဟန်နီ့အတွက် မှော်စကားစုတို့ ဖြစ်ခဲ့၏။ ဟန်နီသည် လူတိုင်းကို ကျေနပ်စေချင်သည်။ အကယ်၍ ဤအရာကသာ သူ့ကို ကျေနပ်စေလျှင်. . . .

မာတွန်၏ မသက်မသာရှိလှသော ကားနောက်ခန်းထဲတွင် ဟန်နီသည် ပထမဆုံးအကြိမ်အဖြစ် လိင်ဆက်ဆံဖူးခဲ့သည်။ ၎င်းကပင် သူမအတွက် ဆန်းကျယ်သောကမ္ဘာသစ်ကို ဖွင့်ပေးခဲ့သည်။ သူမ လိင်ဆက်ဆံခြင်းကို အမှန်တကယ်တော့ မနှစ်သက်၊ သို့သော် ဒါက အရေးမကြီး။ အရေးကြီးသည်က မာတွန်သည် ဆက်ဆံခြင်းကို နှစ်ခြိုက်ခြင်းပင်။ အမှန်ဆိုလျှင် သူအလွန်အမင်းသဘောကျခြင်းကိုတောင် ဟန်နီအံ့သြမိသည်။ သူ့ကြည့်ရသည်မှာ အလွန်ပျော်နေပုံရ၏။ လူတစ်ယောက်ယောက်က ဤမျှလောက်ပျော်နေသည်ကို ဟန်နီမမြင်ဖူးခဲ့။ ဒါဆို ဒါလူတစ်ယောက်ကို ကျေနပ်အောင်လုပ်နည်းပေါ့ဟု ဟန်နီတွေးမိသည်။

ထိုမှ အစပြုခဲ့လေသည်။

ဟန်နီသည် ထိုအံ့ဖွယ်ကိစ္စကို သူမစိတ်အတွင်းမှ မထုတ်နိုင်ဖြစ်နေ၏။ သူမအိပ်ရာထဲတွင် လဲလျောင်းရင်း မာတွန်၏ မာကျောကျောဖိုအင်္ဂါက သူမကိုယ်တွင်း ဝင်ရောက်ခဲ့ပြီး ပို၍ ပို၍ မြန်အောင် ဆောင့်သွင်းခဲ့သည်ကို ပြန်ပြောင်းစဉ်းစားနေသည်။ "အိုး. . .အင်း. . .အင်း. .အရမ်းကောင်းတာပဲ. . .ဆယ်လီ. . ."

ဟန်နီ ဒါကို စိတ်မကွက်ခဲ့။ သူမသည် တစ်ကျောင်းလုံးတွင် အကျော်ကြားဆုံးယောက်ျားလေးဖြစ်သည့်

ဘောလုံးအသင်းခေါင်းဆောင်ကို ကျေနပ်အောင် လုပ်ဆောင်ပေးနိုင်ခဲ့သည် မဟုတ်လား။ ဒါတောင် ငါဘာတွေလုပ်ခဲ့လဲဆိုတာ ငါမသိသေးဘူးဟု ဟန်နီတွေးမိသည်။ ငါ သေသေချာချာသင်ယူပြီး ယောက်ျားတစ်ယောက်ကို ကျေနပ်စေရမယ်။ ထိုအချိန်မှစ၍ ဟန်နီ၏ ဒုတိယခရီး စခဲ့သည်။

နောက်တစ်နေ့ နံနက်တွင် ဟန်နီသည် ပေါ်ပလာလမ်းပေါ်ရှိ ပျော်စရာသေတ္တာဟု အမည်ရှိသော လိင်စာပေစာအုပ်ဆိုင်သို့ သွားခဲ့ပြီး လိင်ဆက်ဆံခြင်းနှင့်ဆိုင်သည့် စာအုပ်ဒါဇင်ဝက်မျှ ဝယ်လာခဲ့လေသည်။ သူမ ထိုစာအုပ်တို့ကို အိမ်တွင်းသို့ ခိုးယူသွားပြီး သူမအခန်းတွင်းတွင် တစ်ယောက်တည်း ဖတ်လေ၏။ သူမဖတ်နေသည့်စာအုပ်တို့က သူမအား အံ့သြမင်တက်စေသည်။

သူမသည် 'ရေမွှေးဥယျာဉ်နှင့် ကာမသျှတ္တရ'၊ 'တိဘက်လိင်ဆက်ဆံနည်း'၊ 'ပျော်ရွှင်မှုအတွက်လျှို့ဝှက်နည်း' စသည်တို့ကို ဖတ်ခဲ့ပြီးနောက် နောက်ထပ်စာအုပ်များဝယ်ရန် သွားခဲ့သေးသည်။ သူမသည် 'ဂီဒန်ချော်ပယ်၏ စကားလုံးများ'၊ 'ကန်ချင်နာသာ၏ လျှို့ဝှက်နည်း' စသည်တို့ကို ဖတ်ခဲ့၏။ စိတ်လှုပ်ရှားဖွယ်ကောင်းသည့် လိင်ဆက်ဆံပုံ ၃၇ မျိုး ဓာတ်ပုံများကို လေ့လာခဲ့သည်။ ထို့နောက် ၎င်းတို့အတွင်းမှ အဓိပ္ပာယ်များကို သင်ယူခဲ့သည်။

ဟန်နီသည် ပါးစပ်ဖြင့် လိင်ဆက်ဆံခြင်း ၈ မျိုးကို ကျွမ်းကျင်လာခဲ့၏။ ထို့နောက် သာယာမှု ၁၆ မျိုးရရန် လုပ်ဆောင်ပုံ၊ ဘဝင်ခိုက်အောင်လုပ်ဆောင်ပုံ စသည်တို့ကို တတ်မြောက်လာ၏။

သူမသည် ယောက်ျားတစ်ယောက်၏ ပျော်ရွှင်မှုတို့ကို ဆပွားစေရန် 'ကာရူးနား'နည်းကို ၎င်းတို့အား မည်သို့ သင်ရမည်မှန်း သိသည်။ စာတွေ့သိခြင်းပင် ဖြစ်၏။ ယခုတော့ ဟန်နီသည် သူသိထားသမျှတို့ကို လက်တွေ့အသုံးချရန် အသင့်ဖြစ်နေလေပြီ။

ကာမသျှတ္တရကျမ်းထဲတွင် လိင်စိတ်ကြွစေသည့် အစားအစာတို့အကြောင်း အခန်းအချို့ပါသည်။ သို့သော် ထိုထဲတွင်ပါသည့် ဟီဒီဆာရန် ဂန်ဂီတီကန်၊ ကရုစ်ရီကာနှင့် ဇန်သိုခိုင်းမက် ပစ်တိုးရီးယက် စသည့်အပင်တို့ကို မည်သည့်နေရာမှ ရမည်မှန်းမသိချေ။ ထို့ကြောင့် သူမကိုယ်ပိုင်များဖြင့် အစားထိုးလိုက်သည်။ နောက်တစ်ပတ်တွင် ဟန်နီသည် ရော်ဂျာမာတွန်အား အတန်းထဲတွင် တွေ့သောအခါ သူမ သူ့ဆီလျှောက်သွားပြီး "ဟိုတစ်ညကို ငါတော်တော်သဘောကျခဲ့တယ်။ ငါတို့ အဲဒီလို ထပ်လုပ်ဦးမလား"

ဟန်နီမည်သူနည်းဆိုသည်ကို မှတ်မိဖို့ သူအချိန်အနည်းငယ်ယူစဉ်းစားရသည်။ "အိုး...ရတာပေါ့။ ဘာလို့ မရရမှာလဲ။ ငါ့မိသားစုက ဒီည အပြင်သွားမှာ။ နင် ငါ့ဆီကို ည ၈ နာရီလောက်လာခဲ့ပါလား"

ဟန်နီ မာတွန်အိမ်သို့ ရောက်သောအခါ သူမတွင် ခရားသေးသေးလေးနှင့် ထည့်လာသော မေဘယ်ဖျော်ရည်ပါ ပါလာသည်။

"ဒါက ဘာလုပ်ဖို့လဲ" မာတွန်က မေး၏။

"ငါနင့်ကို ပြမှာပေါ့" ဟန်နီက ပြောသည်။

သူမ သူ့အား ပြခဲ့သည်။

နောက်တစ်နေ့တွင် မာတွန်သည် ကျောင်းတွင် ဟန်နီ့အကြောင်း သူ့သူငယ်ချင်းများအား ပြောပြနေ၏။ "သူမက တကယ်ကောင်းတယ်" သူက ပြော၏။ "ဖျော့ရည်နွေးနွေးလေးနဲ့ သူမလုပ်ခဲ့တာကို မင်းတို့ ယုံမှာတောင် မဟုတ်ဘူး"

ထိုနေ့နေ့လယ်တွင် ယောက်ျားလေး ဒါဇင်ဝက်မျှ ဟန်နီအား အပြင်သွားရန် လာခေါ်ကြ၏။ ထိုအချိန်မှ စ၍ သူမသည် ညတိုင်း အပြင်ထွက်လေသည်။ ယောက်ျားလေးများမှာ အလွန်ပျော်ကြ၏။ ၎င်းက ဟန်နီ့အား ပျော်စေ၏။ ဟန်နီ၏ ရုတ်တရက်ကျော်ကြားလာမှုတို့က မိဘများကို ကျေနပ်စေခဲ့သည်။

"ငါတို့သမီးလေး ဖူးပွင့်ဖို့ အချိန်နည်းနည်းယူခဲ့ရတာပေါ့" သူမအဖေက ဂုဏ်ယူစွာ ပြောသည်။ "ဒါပေမဲ့ အခုတော့ သူမက တကယ့်'တက်'တစ်ယောက်ဖြစ်နေပြီလေ"။ ဟန်နီသည် သင်္ချာတွင် အမြဲလိုလိုပင် အမှတ်နည်းခဲ့သည်။ နောက်ဆုံးစာမေးပွဲတွင် သူမ ဆိုးဆိုးရွားရွား ကျမည်မှန်းလည်း သိ၏။ သူမ၏ သင်္ချာဆရာ မစ္စတာဂျန်ဆင်မှာ လူပျိုကြီးတစ်ဦးဖြစ်ပြီး ကျောင်းအနီးတွင်ပင်နေသည်။ ဟန်နီ သူ့ထံသို့ တစ်ညနေတွင် အလည်သွားခဲ့၏။ သူက တံခါးဖွင့်ပေးလိုက်ပြီး သူမကို တအံ့တဩ ကြည့်၏။

"ဟန်နီပါလား။ ဒီကို ဘာလာလုပ်တာလဲ"

"သမီး ဆရာ့ရဲ့ အကူအညီ လိုချင်လို့ပါ" ဟန်နီက ပြော၏။ "သမီးသာ စာမေးပွဲကျခဲ့ရင် ဖေဖေက သတ်မှာ။ သမီး သင်္ချာပုစ္ဆာတချို့ ယူခဲ့တယ်။ ဆရာကများ သမီးနဲ့အတူ ကူပေးနိုင်မလားလို့"။ သူခဏမျှ တုံ့ဆိုင်းနေ၏။ "ဒါမျိုး ငါ သင်ပေးလေ့တော့မရှိဘူး။ ဒါပေမဲ့...ကောင်းပြီလေ"

မစ္စတာဂျန်ဆင်သည် ဟန်နီ့အား နှစ်သက်ခဲ့၏။ သူမသည် အတန်းထဲရှိ အခြားမိန်းကလေးများနှင့်မတူ။ သူတို့သည် ဟောင်ဖွာဟောင်ဖွာနှင့် မည်သည့်အရာကိုမျှ အလေးမထားသော်လည်း ဟန်နီကတော့ စိတ်ခံစားလွယ်ပြီး ဂရုစိုက်တတ်ကာ အမြဲလိုပင် အခြားလူများအား ပျော်စေလိုသည်။ သူမတွင် သင်္ချာအထုံပါရမီပိုရှိပါစေဟု သူဆုတောင်းမိ၏။ မစ္စတာဂျန်ဆင်သည် ဟန်နီ့နံဘေး ဆိုဖာပေါ်တွင်ထိုင်လိုက်ပြီး ရှုပ်ထွေးဆန်းကြယ်သည့် သင်္ချာပုစ္ဆာများကို စတင်ရှင်းပြလေတော့သည်။

ဟန်နီသည် သင်္ချာပုစ္ဆာများကို စိတ်မဝင်စား။ မစ္စတာဂျန်ဆင် ရှင်းပြနေသည့်အချိန်တွင် သူ့နံဘေးနား ပို၍ ပို၍ တိုးသွားသည်။ သူမသည် သူ၏ လည်ပင်းနှင့် နားတို့အပေါ်တွင် ဝင်လေထွက်လေတို့ကို စတင်ထိတွေ့စေလိုက်သည်။ ဘာဖြစ်နေမှန်း မသိသေးလိုက်သေးခင်မှာပင် သူ၏ဘောင်းဘီ ဇစ်များ ပြုတ်ကုန်ကြောင်း မစ္စတာဂျန်ဆင် တွေ့လိုက်ရ၏။

သူက ဟန်နီအား အံ့ဩတကြီး ကြည့်လိုက်ပြီး "ဘာတွေလုပ်နေတာလဲ"

"ပထမဆုံး တွေ့တဲ့အချိန်ကတည်းက ဆရာ့ကို သမီးလိုချင်ခဲ့တာပါ"

ဟန်နီက ပြော၏။ သူမ၏ ပိုက်ဆံအိတ်ကို ဖွင့်လိုက်ပြီး အမြှုပ်ထနေသောအဆီပါသည့် ဗူးကလေးကို ထုတ်လိုက်သည်။

"ဒါက ဘာလဲ"

"သမီး ပြမယ်လေ..."

သချာတွင် ဟန်နီ ဂရိတ်အေ ရခဲ့လေသည်။

ဟန်နီသုံးခဲ့သည့် ပစ္စည်းများကသာ သူမကို ကျော်ကြားစေသည်မဟုတ်။ သူမဖတ်ခဲ့ဖူးသော ရှေးဟောင်းလိင်စာအုပ်များမှ စုဆောင်းခဲ့သည့် ဗဟုသုတများကြောင့်လည်းဖြစ်သည်။ သူမသည် လိင်ဆက်ဆံဖက်များကို သူတို့တစ်ခါမျှ စိတ်ကူးပင်မယဉ်ခဲ့ဖူးသော နည်းလမ်းများဖြင့် ပျော်ရွှင်စေခဲ့သည်။ ထိုနည်းများမှာ နှစ်ပေါင်းထောင်ချီကြာပြီး မေ့လျော့ထားခဲ့သည်မှာ ကြာခဲ့လေပြီ။ သူမသည် 'ဘဝင်ခိုက်ခြင်း' ဆိုသည့် စကားလုံးအတွက် အဓိပ္ပာယ်သစ် ယူဆောင်လာခဲ့သည်။

ဟန်နီ၏ ကျောင်းအဆင့်များသည် အလျင်အမြန်တိုးတက်လာသည်။ သူမသည် အထက်တန်းကျောင်းတွင် သူမ၏အစ်မများ ကျော်ကြားခဲ့သည်ထက် ပိုမိုကျော်ကြားလာခဲ့သည်။ ဟန်နီသည် ပရိုင်းဗိတ်အိုင်းနှင့် ဘုံဘောစက်ဘီးကလပ်တို့တွင် ညစာစားခဲ့၏။ မန်းဖစ်ကုန်တိုက်ရှိ အိုက်စ်ကာပါတီသို့ ခေါ်သွားခံရသည်။ ယောက်ျားလေးများက သူမအား ဆီတာကာလစ်သို့ ခေါ်သွားပြီး စကိတ်စီးခဲ့သည်။ လန်ဒန်အဲပို့တွင် ကောင်းကင်ဒိုင်ဗင်ထိုးခဲ့သည်။

ဟန်နီ၏ ကောလိပ်နှစ်များမှာလည်း လူမှုရေးအရအောင်မြင်ခဲ့လေသည်။ တစ်ညနေညစာစားချိန်တွင် သူမ အဖေက ပြော၏။ "သမီးလည်း မကြာခင် ဘွဲ့ရတော့မယ်။ အနာဂတ်အတွက် စဉ်းစားဖို့ အချိန်တန်ပြီ။ သမီးဘာလုပ်ချင်လဲဆိုတာ သိပြီလား"

သူမ ချက်ချင်ပင် အဖြေပေးလိုက်သည်။ "သမီး သူနာပြုတစ်ယောက်ဖြစ်ချင်တယ်"။ သူမအဖေ၏ မျက်နှာရဲသွားသည်။ "ဆရာဝန်လို့ ပြောချင်တာထင်တယ်"

"မဟုတ်ဘူး။ ဖေဖေ။ သမီး..."

"သမီးဟာ 'တက်' တစ်ယောက်ပဲ။ သမီးက ဆေးလောကထဲဝင်ချင်ရင် သမီးဆရာဝန်တစ်ယောက်လုပ်ရမယ်။ နားလည်ရဲ့လား"

"ဟုတ်ကဲ့။ ဖေဖေ"

သူမအဖေကို သူမ သူနာပြုတစ်ယောက်ဖြစ်ချင်ကြောင်း ပြောဆိုခဲ့သည်မှာ သူမ၏ ဆန္ဒအရင်းအမှန် ဖြစ်သည်။ သူမ လူတွေကို ပြုစုစောင့်ရှောက်ရသည်ကို နှစ်သက်၏။ သူတို့ကို ကူညီပြီး ပြုစုပျိုးထောင်ပေးချင်သည်။ ဆရာဝန်တစ်ယောက်ဖြစ်ရမည်၊ ထို့ပြင် လူ့အသက်များအတွက်လည်း တာဝန်ယူရမည်ဆိုသော အတွေးစိတ်ကူးက သူမကို ကြောက်လန့်စေ၏။ သို့သော် သူမ၏ ဖခင်ကိုတော့ စိတ်မပျက်စေသင့်မှန်း သူမသိသည်။ သူမသည် 'တက်' တစ်ယောက်ဖြစ်လေသည်။

ဟန်နီ၏ ကောလိပ်ရမှတ်များမှာ ဆေးကျောင်းဝင်ရန်

မလုံလောက်ခဲ့ချေ။ သို့သော် သူမအဖေ၏ လွှမ်းမိုးမှုများဖြင့် လုံလောက်စေခဲ့သည်။ သူမအဖေသည် နောက်ဗီလီ၊ တန်နက်ဆီရှိ ဆေးကျောင်းတစ်ခုသို့ အလှူငွေအတော်များများ ထောက်ပံ့ထားသူဖြစ်သည်။ သူမအဖေသည် ကျောင်းအုပ်ကြီး ဒေါက်တာဂျင်ပီယာဆင်နှင့် တွေ့ဆုံခဲ့၏။

"လူကြီးမင်းက အခွင့်အရေး ကြီးကြီးကို တောင်းတာပဲ" ပီယာဆင်က ပြော၏။ "ဒါပေမဲ့ ကျွန်တော်တို့ လုပ်ပေးနိုင်တာကို ပြောပြပါ့မယ်။ ကျွန်တော်တို့ ဟန်နီကို အစမ်းသဘောနဲ့ လက်ခံထားမယ်။ ခြောက်လကြာတဲ့အခါ သူမဟာ အရည်အချင်းမပြည့်မီဘူးလို့ ကျွန်တော်တို့ ယူဆရင် သူ့ကို ထွက်သွားစေမယ်" "မျှတပါတယ်။ သူမက ခင်ဗျားတို့ကို အံ့ဩစေလိမ့်မယ်" သူပြောတာ မှန်ခဲ့သည်။

ဟန်နီ့အဖေသည် သူမ နောက်ဗီလီတွင် သူ့အစ်ကိုတစ်ဝမ်းကွဲ ဆရာတော်ဒေါက်ကာလပ်လစ်တန်နှင့် အတူနေနိုင်ရန် စီစဉ်ပေးသည်။ ဒေါက်ကာလပ်လစ်တန်သည် နှစ်ခြင်းခရစ်ယာန်ကျောင်း၏ သင်းအုပ်ဆရာတော်ဖြစ်၏။ အသက် ၆၀ ကျော်ရှိနေပြီး သူ့ထက် ၁၀ နှစ်မျှကြီးသော မိန်းမကို ယူထားသည်။ သင်းအုပ်ဆရာတော်သည် ဟန်နီ့အား အိမ်တွင် လက်ခံထား၏။ "သူမ လေပြည်ညင်းကလေးပါပဲ" ဟု သူ့ဇနီးအား ပြောပြ၏။ သူမလောက် သူတစ်ပါးအား ပျော်ရွှင်စေလိုသည့်လူမျိုး အရင်က သူတစ်ခါမျှ မတွေ့ဖူးခဲ့။

ဟန်နီဆေးကျောင်းတွင် ကောင်းကောင်းမွန်မွန်နေခဲ့သည်။ သို့သော် သူမတွင် စူးစိုက်နှစ်မြှုပ်မှုတော့မရှိ။ သူမ ကျောင်းတက်နေရခြင်းမှာ သူမအဖေကို ကျေနပ်စေရန်သာ ဖြစ်၏။ ဟန်နီ၏ ဆရာ၊ ဆရာမများက သူမကို နှစ်သက်ကြသည်။ သူမ၏ မွေးရာပါချိုသာပုံက ပါမောက္ခများအား သူမကို အောင်မြင်သူ ဖြစ်စေချင်ခဲ့သည်။ အထင်နှင့် အမြင်လွဲခဲ့သည်မှာ သူမသည် ဓန္ဓာဗေဒတွင် အလွန်အားနည်း၏။ ရှစ်ပတ်မြောက်တွင် သူမ၏ ဓန္ဓာဗေဒဆရာက သူမကို အခေါ်လွှတ်ခဲ့သည်။ "ဆရာသမီးကို စာမေးပွဲ ချရတော့မယ်" သူက ဝမ်းနည်းစွာ ပြောပြ၏။ ငါကျလို့ မဖြစ်ဘူးဟု ဟန်နီတွေးသည်။ ငါ့အဖေကို စိတ်မပျက်စေရဘူး။ စာရေးဆရာဘိုကာစီယိုက ဘာအကြံပေးခဲ့သလဲ?

ဟန်နီ ပါမောက္ခနား ကပ်သွားသည်။ "သမီးဒီကျောင်းကို လာတယ်ဆိုတာ ဆရာ့ကြောင့်ပါ။ ဆရာ့အကြောင်း သမီး သတင်းတွေ အများကြီးကြားထားတယ်"။ သူမ သူ့အနား ပိုတိုးသွားသည်။ "သမီး ဆရာ့လို သိပ်ဖြစ်ချင်တာပဲ"။ ပို၍ တိုးကပ်သွားသည်။ "ဆရာဝန်တစ်ယောက်ဖြစ်ဖို့ဆိုတာဟာ သမီးအတွက် အရမ်းကို အရေးပါတယ်"။ ပို၍ ကပ်သွားသည်။ "သမီးကို ကူညီပါနော်..." တစ်နာရီခန့်အကြာတွင် ဟန်နီ သူ့ရုံးခန်းအတွင်းမှ ထွက်လာသည်။ သူမတွင် နောက်ဖြေမည့်စာမေးပွဲအတွက် အဖြေများ ပါလာခဲ့သည်။

ဟန်နီသည် ဆေးကျောင်းမပြီးမီအချိန်အတွင်း ပါမောက္ခအတော်များများကို သွေးဆောင်နိုင်ခဲ့သည်။ သူမကို ခုခံနိုင်စွမ်း သူတို့တွင် မရှိခဲ့ကြ။ သူတို့အားလုံးသည် သူတို့ကိုယ်တိုင်ကသာ သူမကို

သွေးဆောင်ခဲ့သည်ဟု ထင်မြင်နေကြပြီး သူမ၏ ဖြူစင်မှုကို အခွင့်ကောင်းယူမိသည်ဆိုကာ အပြစ်ရှိသည်ဟု ခံစားနေကြသည်။

ဒေါက်တာ ဂျင်ပီယာဆင်မှာ ဟန်နီလက်တွင်းသို့ နောက်ဆုံးကျရှုံးခဲ့သူဖြစ်၏။ သူသည် သူမအကြောင်း တင်ပြချက်များအားလုံးကို နှစ်သက်သဘောကျနေခဲ့သည်။ သူမ၏ ထူးခြားလှသော လိင်စွမ်းဆောင်ရည်အကြောင်း သတင်းများ ထွက်နေခဲ့သည်။ တစ်နေ့တွင် သူသည် သူမရမှတ်များအကြောင်း ဆွေးနွေးရန် ဟန်နီအား ခေါ်တွေ့ခဲ့၏။ သူမက သကြားမှုန့်များပါဝင်သည့် သေတ္တာအသေးလေးကို သူမနှင့်အတူ ယူဆောင်လာခဲ့သည်။ နေ့လယ်ခင်းမတိုင်မီပင် ဒေါက်တာပီယာဆင်သည် အခြားသူများကဲ့သို့ပင် သူမကို တမ်းတမ်းစွဲသွားသည်။ ဟန်နီသည် သူ့အား တစ်ဖန်ငယ်ရွယ်နုပျိုစေပြီး မတင်းတိမ်နိုင်ဖြစ်အောင် လုပ်ဆောင်ထားသည်။ သူမသည် သူ့အား ဘုရင်တပါးအသွင် ထင်မြင်စေ၏။ သူက သူမကို သိမ်းပိုက်ထားပြီး သူ့မောင်းမတော်ပြုထားသည်ဟု ခံစားစေသည်။ သူသည် ဇနီးနှင့် သားသမီးများအကြောင်း အကြောင်းမတွေးမိအောင် ကြိုးစားနေရ၏။

ဟန်နီသည် ဆရာတော်ဒေါက်ကလက်လစ်တန်ကို အမှန်တကယ်ပင် နှစ်သက်နေ၏။ သူမကို စိတ်မကောင်းဖြစ်စေသည်မှာ သူ့ဇနီးသည် အေးစက်စက်နှင့် ကာမဆန္ဒအားနည်းသူဖြစ်သည့်ပြင် သူ့အားလည်း အမြဲတမ်း အပြစ်ရှာနေ၏။ ဟန်နီသည် သင်းအုပ်ဆရာတော်အတွက် ဝမ်းနည်းမိသည်။ သူ ဒီလို မဖြစ်သင့်ဘူးဟု သူမတွေးမိ၏။ သူကို နှစ်သိမ့်ပေးဖို့ လိုအပ်နေပြီ။

ညသန်းခေါင်အချိန်၊ မစ္စစ်လစ်တန်သည် ညီအစ်မတစ်ယောက်ထံ အလည်သွားနေခိုက် ဟန်နီ သင်းအုပ်ဆရာတော်၏ အိပ်ခန်းတွင်းသို့ ဝင်သွားသည်။ သူမကိုယ်တွင် အဝတ်အစားမပါ။ "ဒေါက်ကလက်..."

သူ့ မျက်လုံးများ ကျယ်သွား၏။ "ဟန်နီ? သမီး နေကောင်းရဲ့လား?"

"ဟင့်အင်း" သူမက ပြော၏။ "ဆရာတော်နဲ့ စကားပြောလို့ ရမလား"

"ရတာပေါ့"။ သူက မီးအိမ်ဆီ လက်လှမ်းလိုက်သည်။

"မီးမဖွင့်ပါနဲ့"။ သူမ အိပ်ရာပေါ်သို့ တက်လိုက်ပြီး သူ့ဘေးတွင် လှဲလိုက်သည်။ "ဘာဖြစ်နေတာလဲ? သမီး နေလို့မှ ကောင်းရဲ့လား"

"သမီး စိုးရိမ်နေတာ"

"ဘာကိုလဲ"

"ဆရာတော့်ကိုပေါ့။ ဆရာတော်ဟာ ချစ်ခြင်းခံသင့်တယ်လေ။ သမီး ဆရာတော့်ကို အချစ်တွေ ပေးချင်တယ်"

သူ မျက်လုံးပြူးသွား၏။ "ဘုရားရေ" သူကပြော၏။ "သမီးက အခုမှ ကလေးပဲရှိသေးတာ။ အတည်ပြောတာ မဟုတ်ဘူးမလား"

"အတည်ပြောတာ။ ဆရာတော့်မိန်းမက ဆရာတော့်ကို အချစ်တွေမပေးတော့ဘူး မဟုတ်လား"

"ဟန်နီ၊ ဒါလုံးဝ မဖြစ်နိုင်ဘူး။ ကိုယ့်အခန်းကို အခုချက်ခင်းပြန်တော့၊ ပြီး..."

သူမ၏ အဝတ်မဲ့ခန္ဓာကိုယ်က သူ့ကို ဖိထားသည်ကို ခံစားမိ၏။ "ဟန်နီ၊ ငါတို့ ဒီလိုလုပ်လို့ မဖြစ်ဘူး။ ငါက..."

သူမနှုတ်ခမ်းများက သူ့နှုတ်ခမ်းပေါ် ရောက်လာ၏။ သူမခန္ဓာက သူ့ပေါ်ရောက်လာ၏။ အဝတ်အစားများ ကွာကျကုန်၏။ သူမသည်

သူ့အိပ်ရာပေါ်တွင်သာ ညကို ကုန်ဆုံးစေသည်။

မနက် ၆ နာရီထိုးတွင် အိပ်ခန်းတံခါးပွင့်သွားပြီး မစ္စစ်လစ်တန် ဝင်လာ၏။ သူတို့ကို ရပ်လျက် ငေးကြည့်နေပြီးနောက် စကားတစ်ခွန်းမျှ မပြောဘဲ အပြင်ပြန်ထွက်သွားသည်။

၂ နာရီခန့်အကြာတွင်၊ ဆရာတော်ဒေါက်ကလက်လစ်တန်သည် ကားဂိုဒေါင်ထဲတွင် မိမိကိုယ်ကို သတ်သေခဲ့သည်။

ထိုသတင်းကို ဟန်နီကြားသောအခါ ဆောက်တည်ရာမရဖြစ်သွား၏။ ဖြစ်ခဲ့သည်ကို မယုံနိုင်ဖြစ်နေ၏။

ရဲအရာရှိအိမ်သို့ ရောက်လာပြီး မစ္စစ်လစ်တန်နှင့် စကားပြော၏။ ပြီးသောအခါ ဟန်နီအား ရှာရန်ထွက်သွား၏။ "သူ့မိသားစုကို လေးစားသောအားဖြင့် ကျွန်တော်တို့ ဆရာတော်ဒေါက်ဂလက်လစ်တန်ရဲ့ သေဆုံးမှုကို 'အကြောင်းရင်းမသိမိမိကိုယ်ကို သတ်သေမှု' အဖြစ်ပဲ ထားလိုက်တော့မယ်။ ဒါပေမဲ့ မင်းကိုတော့ ဒီမြို့ကနေ အမြန်ဆုံးထွက်သွားဖို့ အကြံပေးချင်တယ်။ ပြီးတော့ ဝေးဝေးမှာပဲနေပါ"

ဟန်နီသည် ဆန်ဖရန်စစ္စကိုရှိ အန်ဘာကာဒီရိုဆေးရုံသို့ ထွက်သွားခဲ့သည်။ ဒေါက်တာဂျင်ပီယာဆင်၏ တောက်ပသော ထောက်ခံချက်နှင့် သွားခဲ့ခြင်းဖြစ်သည်။

(အခန်း ၉)

အချိန်ကာလသည် ပေ့ချ်အတွက် အဓိပ္ပာယ်များ ပျောက်ဆုံးခဲ့သည်။ အစလည်းမရှိ၊ အဆုံးလည်းမဲ့ကာ နေ့နှင့်ညတို့သည် အဆုံးမဲ့သံစဉ်တို့နှင့် တစ်လှည့်စီ စီးဆင်းနေကြသည်။ ဆေးရုံသည် သူမ၏ ဘဝဖြစ်လာခဲ့၏။ ပြင်ပကမ္ဘာမှာ သူမအတွက် စိမ်းနေပြီး အလှမ်းဝေးသည့် ဂြိုဟ်တစ်ခုသာ ဖြစ်နေခဲ့သည်။ ခရစ္စမတ်ရောက်လာပြီး ကုန်ဆုံးသွား၏။ နှစ်သစ် စတင်ခဲ့သည်။ ပြင်ပကမ္ဘာတွင်တော့ အမေရိကန်စစ်သားများသည် ကူဝိတ်နိုင်ငံအား အီရတ်နိုင်ငံလက်အောက်မှ လွတ်မြောက်စေခဲ့သည်။

အဲဖရက်ထံမှ သတင်းမကြားရ။ သူမှားခဲ့တယ်ဆိုတာ တစ်နေ့တော့ သူသိမှာပဲဟု ပေ့ချ်တွေး၏။ သူငါ့ဆီ ပြန်လာမှာပါ။

မနက်မိုးလင်း တယ်လီဖုန်းခေါ်သံများသည် စတင်ခဲ့စဉ်ကလိုပင် ရုတ်တရက်ပင် ရပ်တန့်သွားသည်။ ထူးဆန်းကြောက်ဖွယ်ကောင်းသည့် မတော်တဆမှုများ သူမထံရောက်မလာတော့သည့်အတွက် သူမ စိတ်အေးရသည်။ ထိုအရာအားလုံးသည် အိပ်မက်ဆိုးတစ်ခုလိုဖြစ်ခဲ့သည်။

သူမအချိန်ဇယားမှာ ဆက်လက်၍ ကသုတ်ကရက်နိုင်နေဆဲပင်။ လူနာများကို သိဖို့ အချိန်မရှိ။ သူမသိသည်မှာ သည်းခြေအိတ်များ၊ ပေါက်နေသော အသည်းများ၊ ကျိုးနေသောပေါင်ရိုးများနှင့် ကျိုးနေသောခါးများဖြစ်သည်။

ဆေးရုံကြီးသည် အသက်ရှူစက်များ၊ နှလုံးခုန်နှုန်းတိုင်းစက်များ၊ ကွန်ပျူတာဓာတ်မှန် ပစ္စည်းကိရိယာများ၊ ဓာတ်မှန်စက်များစသည့် စက်ရုပ်မိစ္ဆာတို့နှင့် ပြည့်နေသော တောအုပ်ကြီးသာဖြစ်သည်။ စက်တိုင်းတွင် မတူကွဲပြားသော အသံကိုယ်စီရှိ၏။ ရှီရှီသံများ၊ ဝီဝီသံများနှင့် လူခေါ်စနစ်မှ အဆက်မပြတ်စကားသံများစသည့်

အသံစုတို့သည် ပေါင်းစည်းသွားပြီး ကျယ်လောင်ရှူးသွပ်စေသော အသံတို့အဖြစ်ပြောင်းသွားသည်။

အလုပ်သင်ဆရာဝန် ဒုတိယနှစ်သည် ဘဝ၏ အလှည့်အပြောင်းသို့ သွားရာလမ်းဖြစ်၏။ ထိုအလုပ်သင်ဆရာဝန်များသည် ပိုမိုအားထုတ်ရသော တာဝန်များကို ယူရ၏။ အလုပ်သင်အဖွဲ့သစ်များ လာသည်ကို တွေ့ရသောအခါ အထင်သေးခြင်း၊ အရေးမစိုက်ခြင်းတို့ ပေါင်းစည်းခံစားမိ၏။

"ဒီမကောင်းဆိုးရွားလေးတွေလေ" ကိတ်က ပေ့ချ်အား ပြော၏။ "သူတို့ဘာအတွက်ရောက်လာရတယ်ဆိုတာ မသိကြသေးဘူး"

"မကြာခင် သူတို့ သိသွားမှာပါ"

ပေ့ချ်နှင့် ဟန်နီသည် ကိတ်အား စိုးရိမ်လာ၏။ သူမသည် ပိန်လာပြီး စိတ်ဓာတ်ကျနေပုံလည်း ပေါ်၏။ စကားပြောနေရင်းတန်းလန်းတွင် ကိတ်သည် အပြင်ဘက်သို့ ငေးကြည့်နေတတ်ပြီး သူမစိတ်ကို တစ်စုံတစ်ခုက အပိုင်စီးထား၏။ တစ်ခါမဟုတ်တစ်ခါ သူမသည် ထူးဆန်းသည့် ဖုန်းကောများကို လက်ခံရသည်။ ထိုဖုန်းတစ်ခါလာပြီးတိုင်း သူမ၏ စိတ်ကျမှုမှာ ပိုမိုဆိုးရွားလာခဲ့သည်။ ပေ့ချ်နှင့် ဟန်နီတို့ သူမနှင့် စကားပြောရန် ထိုင်လိုက်၏။

"အားလုံးအဆင်ပြေရဲ့လား" ပေ့ချ်က မေး၏။

"ငါတို့ နင့်ကို ချစ်တယ်ဆိုတာ နင်လည်း သိပါတယ်။ တကယ်လို့ ပြဿနာတစ်ခုခုရှိခဲ့ရင် ငါတို့ကူညီချင်ပါတယ်"

"ကျေးဇူးပါပဲဟာ။ ငါ တန်ဖိုးထားပါတယ်။ ဒါပေမဲ့ နင်တို့ ကူညီနိုင်မှာ မဟုတ်ဘူး။ ဖြစ်နေတာက ပိုက်ဆံပြဿနာ"

ဟန်နီ သူမအား အံ့သြတကြီး ကြည့်လိုက်သည်။ "ဘာအတွက် နင် ငွေလိုနေတာလဲ။ ငါတို့ ဘယ်မှ သွားတာလည်းမဟုတ်။ ဝယ်ဖို့ဆိုတာကလည်း အချိန်မရှိ။ ငါတို့..."

"ငါ့အတွက် မဟုတ်ပါဘူး။ ငါ့မောင်လေးအတွက်ပါ" ကိတ်သည် သူမ၏ မောင်လေးအကြောင်း အရင်က မပြောခဲ့ဖူးပေ။

"နင့်ဆီမှာ မောင်တစ်ယောက်ရှိမှန်း ငါမသိခဲ့ပါလား" ပေ့ချ်က ပြော၏။

"သူ ဆန်ဖရန်စစ္စကိုမှာပဲနေတာလား" ဟန်နီက မေးသည်။

ကိတ် တုံ့ဆိုင်းနေ၏။ "ဟင့်အင်း။ သူက အရှေ့ပိုင်းမှာနေတာ။ ဒီထရိုက်မှာ။ နင်တို့ သူနဲ့ တစ်နေ့တွေ့ရမှာပါ"

"ငါတို့လည်း တွေ့ချင်ပါတယ်။ သူက ဘာအလုပ်လုပ်လဲ"

"သူက ပွဲစားတစ်မျိုးပေါ့ဟာ" ကိတ်က မရေမရာ အဖြေပေး၏။ "သူအခု ကံသိပ်မကောင်းဘူး။ ဒါပေမဲ့ မိုက်က ပြန်လုပ်လာနိုင်မှာပါ။ အမြဲတမ်းလည်း လုပ်ခဲ့တာပဲလေ"။ ငါပြောတာမှန်ပါစေလို့ ဘုရားကို ဆုတောင်းပါတယ် ဟု ကိတ် တွေး၏။

ဟာရီဘိုးမန်းသည် အီယိုဝါးရှိ အလုပ်သင်ဆရာဝန်အဖြစ်မှ ပြောင်းလာခဲ့သည်ဖြစ်သည်။ သူသည် ကိုယ်တိုင်လည်း ပျော်ပျော်နေတတ်ပြီး လူတိုင်းအားလည်း ပျော်ပျော်ပင် ဆက်ဆံတတ်သည်။

တစ်နေ့တွင် သူက ပေ့ချ်အား ပြောသည်။ "ငါ မနက်ဖြန်ည ပါတီတစ်ခုပေးမလို့။ တကယ်လို့ မင်းရယ်၊ ဒေါက်တာဟန်တာရယ်၊ ဒေါက်တာတက်ရယ် အားမယ်ဆိုရင် လာခဲ့ပါလား။ မင်းတို့ ပျော်သွားလိမ့်မယ်" "ကောင်းပြီလေ" ပေ့ချ်က ပြော၏။ "ငါတို့ ဘာယူလာခဲ့ရမလဲ"

ဘိုးမန်းက ရယ်လိုက်ပြီး "ဘာမှ မယူလာပါနဲ့"

"သေချာရဲ့လား" ပေ့ချ်က မေး၏။ "ဝိုင်းတစ်ပုလင်းဖြစ်ဖြစ်၊ ဒါမှ မဟုတ်..." "မေ့ထားလိုက်စမ်းပါ။ ငါ့ တိုက်ခန်းလေးထဲမှာပဲ လုပ်မှာနော်"

ဘိုးမန်း၏ တိုက်ခန်းလေးဆိုသည်မှာ အခန်း ၁၀ ခန်းပါဝင်သည့် အမိုးပေါ်မှ တိုက်ခန်းဖြစ်နေပြီး ရှေးဟောင်းပရိဘောဂများဖြင့် အလှဆင်ထားသည်။ အမျိုးသမီးသုံးယောက်တို့ လမ်းလျှောက်ဝင်ရောက်လာပြီး မြင်မြင်သမျှကို အံ့သြစိတ်ဖြင့် ငေးကြည့်မိသည်။

"ဘုရားရေ" ကိတ်က ပြောသည်။ "ဒါတွေအားလုံး ဘယ်ကရောက်လာတာလဲ"

"ငါ့အဖေက ချမ်းသာတယ်လေ" ဘိုးမန်းက ပြောသည်။ "သူ့ပိုက်ဆံအားလုံး ငါ့အတွက် ထားခဲ့တယ်"

"ဒါတောင် နင်က အလုပ်လုပ်နေသေးလား" ကိတ်က အံ့သြစွာ မေး၏။

ဘိုးမန်းက ပြုံးလိုက်ပြီး "ဆရာဝန်ဖြစ်ရတာကို ငါ သဘောကျတယ်လေဟာ"

မိမိနှစ်သက်သလို ယူဆောင်စားနိုင်သည့် စားဖွယ်များမှာ ဝေလငါးဆားနယ်၊ စကော့ဆယ်မွန်ကျပ်တိုက်၊ ကမုတ်၊ ကဏန်းသား၊ ကြက်သွန်နီဆီမွှေးနှင့် ခရစ်စတယ်ရှန်ပိန်အရက်တို့ ပါဝင်သည်။

ဘိုးမန်းပြောတာ မှန်သည်။ သူတို့ သုံးယောက်လုံး ပျော်ရွှင်ဖွယ် အချိန်များ ရခဲ့၏။

"ငါ နင့်ကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိဘူး" ပေ့ချ်က သူတို့ ပြန်ခါနီးတွင် ဘိုးမန်းအား ပြောလိုက်၏။

"နင် စနေနေ့အားလား" သူက မေး၏။

"အင်း၊ အားတယ်"

"ငါ့ဆီမှာ မော်တော်ဘုတ်အသေးလေးတစ်ခုရှိတယ်။ နင်တို့နဲ့အတူတူ လျှောက်စီးမယ်လေ" "ပျော်ဖို့ ကောင်းမယ့်ပုံပဲ"

မနက် ၄ နာရီတွင် ကိတ်သည် အွန်ကောခန်းထဲတွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေရာမှ အနှိုးခံရသည်။ "ဒေါက်တာဟန်တာ၊ အရေးပေါ်ခန်း ၃...ဒေါက်တာ ဟန်တာ၊ အရေးပေါ်ခန်း ၃ . . ."

ကိတ်သည် နွမ်းလျမှုကို အံ့တုရင်း အိပ်ရာမှ ထလိုက်သည်။ မျက်လုံးများကို ပွတ်သပ်ရင်း ဓာတ်လှေကားဖြင့် အောက်ထပ်ရှိ အရေးပေါ်ခန်းဆီ သွား၏။ အထွေထွေဝန်ထမ်းတစ်ယောက်က သူမကို တံခါးဝတွင် နှုတ်ဆက်၏။ "လူနာက ဟိုထောင့်က တွန်းလှည်းပေါ်မှာ။ သူတော်တော် နာနေတယ်"

ကိတ် သူ့ထံ လျှောက်သွားလိုက်ပြီး "ကျွန်မ ဒေါက်တာဟန်တာပါ" သူမက အိပ်ချင်မူးတူး ပြောလိုက်သည်။

သူ ညည်းညူလိုက်ပြီး "ဘုရားရေ..ဒေါက်တာ၊ တစ်ခုခု လုပ်ပေးပါ။ ကျွန်တော့်ခါးက ကျွန်တော့်ကို သတ်နေတယ်"

ကိတ် သန်းချင်သည်ကို အောင့်ထားလိုက်ပြီး "နာနေတာ ဘယ်လောက်ကြာပြီလဲ"

"၂ ပတ်လောက်ရှိပြီ"

ကိတ် သူ့အား နားမလည်သည့်ပုံဖြင့် ကြည့်လိုက်၏။ "၂ ပတ်တောင်?။ ဘာလို့ စောစောက လာမပြတာလဲ"

သူ လှုပ်ရှားဖို့ ကြိုးစား၏။ ထို့နောက် မျက်နှာရှုံ့မဲ့မဲ့ဖြင့် "အမှန်အတိုင်းပြောရရင် ကျွန်တော် ဆေးရုံတွေကို မုန်းလို့"

"ဒါဆို ခုကော ဘာလို့ လာပြသေးလဲ"

သူ့မျက်နှာ ဝင်းသွားပြီး "ဂေါက်သီးရိုက်ပြိုင်ပွဲက နီးလာပြီလေ။ ကျွန်တော့်ခါးသာ ပြန်မကောင်းဘူးဆိုရင် ကျွန်တော် ကောင်းကောင်းကြည့်နိုင်မှာ မဟုတ်ဘူး"။ ကိတ် အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။ "ဂေါက်ရိုက်ပြိုင်ပွဲဟုတ်လား?" "ဟုတ်ကဲ့"

သူမကိုယ်သူမ မနည်းထိန်းနေရသည်။ "ကျွန်မ ရှင့်ကို ပြောမယ်။ အိမ်ပြန်တော့။ အက်စပရင် ၂ လုံးသောက်၊ မနက်နေလို့မှ မသက်သာသေးရင် ကျွန်မကို ဖုန်းဆက်လိုက်"။ သူမ လှည့်လိုက်ပြီး အခန်းတွင်းမှ ထွက်သွားသည်။ လူနာမှာတော့ ပါးစပ်အဟောင်းသား ကျန်ခဲ့၏။

ဟာရီဘိုးမန်း၏ မော်တော်ဘုတ်အသေးလေးဆိုသည်မှာ ချောမွတ်တောက်ပြောင်နေသော ပေ ၅၀ အရှည်ရှိ မော်တာတပ်လှေကြီးဖြစ်နေ၏။

"ကြိုဆိုပါတယ်" သူက ပေ့ချ်၊ ကိတ်နှင့် ဟန်နီတို့ကို ကုန်းပတ်ပေါ်မှနေ၍ ခရီးကြိုလိုက်၏။

ဟန်နီက လှေကို သဘောကျစွာ ကြည့်လိုက်၏။ ပေ့ချ်က "လှလိုက်တာ" ဟု ပြောသည်။

သူတို့ ပင်လယ်အော်တစ်လျှောက် သုံးနာရီမျှစီးနင်းခဲ့ပြီး နွေးထွေးတောက်ပသော နေရောင်ကို ခံစားခဲ့သည်။ ထိုအချိန်သည် သူတို့အတွက် ရက်သတ္တပတ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် အနားယူခြင်းဖြစ်သည်။

သူတို့ နတ်သမီးကျွန်းတွင် ကျောက်ချရပ်နားပြီး နေ့လယ်စာကို မြိန်ရည်ရှက်ရည်စားသုံးနေခိုက် ကိတ်က ပြော၏။ "ဘဝဆိုတာ ဒါပဲ။ ကမ်းပြန်မကပ်နဲ့တော့ဟာ"

"ဒီအကြံကောင်းတယ်" ဟု ဟန်နီက ပြောသည်။

နောက်ဆုံးတွင်တော့ ထိုနေ့သည် အလွန်ကောင်းမွန်သော နေ့တစ်ရက်ဖြစ်ခဲ့သည်။

သူတို့ ဆိပ်ကမ်းသို့ ပြန်ကပ်သောအခါ ပေ့ချ်က ပြော၏။ "ငါ ပြောမပြနိုင်လောက်အောင်ကို ပျော်တယ်"

"ငါလည်း ဝမ်းသာပါတယ်" ဘိုးမန်းက သူမလက်မောင်းအား ပုတ်ပြီး ပြောလိုက်၏။ "ငါတို့ ထပ်သွားကြမယ်လေ။ ဘယ်အချိန်ပဲဖြစ်ဖြစ်။ နင်တို့သုံးယောက်ကို အမြဲတမ်းကြိုဆိုပါတယ်"။ အလွန် နှစ်သက်စရာကောင်းသူပဲ ပေ့ချ်သတ်မှတ်လိုက်သည်။

ဟန်နီသည် သားဖွားဆောင်တွင် အလုပ်လုပ်ရသည်ကို နှစ်သက်၏။

ထိုအဆောင်သည် ဘဝသစ်၊ မျှော်လင့်ချက်သစ်တို့ဖြင့် အချိန်ကာလကင်းမဲ့ကာ ပျော်ရွှင်ခြင်းတို့နှင့် ပြည့်နေသည်။ ပထမဆုံးမိခင်ဖြစ်မည့်သူများကတော့ စိတ်အားထက်သန်သလို စိုးရိမ်မှုများလည်းရှိ၏။ မွေးဖွားသူများကတော့ မြန်မြန်သာ မီးဖွားလိုက်ချင်သည်။

မီးဖွားခါနီးအမျိုးသမီးတစ်ယောက်က ဟန်နီအား ပြော၏။ "ဘုရားကျေးဇူးပဲ။ ကျွန်မခြေမတွေကို ကျွန်မ ပြန်မြင်ရတော့မယ်"

အကယ်၍ ပေ့ချ်သာ ဒိုင်ယာရီစာအုပ်ထားသည့် အလေ့ရှိပါက ဩဂုတ်လ ၁၅ ရက်နေ့ကို မင်နီဖြင့် မှတ်သားထားမိပေလိမ့်မည်။ ထိုနေ့တွင် ဂျင်မီဖော့သည် သူမဘဝထဲ ဝင်ရောက်လာခဲ့သည်။

ဂျင်မီသည် ဆေးရုံအထွေထွေလုပ်သားတစ်ဦးဖြစ်ပြီး ပေ့ချ်တွေ့ဖူးသမျှထဲတွင် အတောက်ပဆုံးအပြုံးနှင့် အလင်းလက်ဆုံး ပင်ကိုယ်သဘာဝရှိသူဖြစ်သည်။ သူသည် သေးသေးပိန်ပိန်နှင့် ၁၇ နှစ်ခန့်သာရှိမည်ဟု ထင်ရ၏။ အမှန်မှာ ၂၅ နှစ် ဖြစ်သည်။ သူသည် တက်ကြွကာ လေဆင်နှာမောင်းကဲ့သို့ပင် ဆေးရုံထဲ လှည့်ပတ်လှုပ်ရှားနေသည်။ သူ့အတွက် မည်သည့်အရာကမျှ ဒုက္ခဟုမခေါ်ဆိုနိုင်ပေ။

သူသည် လူတိုင်းအတွက် တောက်တိုမယ်ရအလုပ်များကို အဆက်မပြတ်လုပ်ပေးတတ်သည်။ သူ့တွင် အဆင့်အတန်းခွဲခြားခြင်းမျိုးလုံးဝမရှိ၊ ဆရာဝန်များ၊ သူနာပြုများ၊ တံခါးစောင့်များအားလုံးကို တစ်ပုံစံတည်းပင် ဆက်ဆံသည်။

ဂျင်မီဖော့သည် ဟာသများပြောရသည်ကိုလည်း နှစ်သက်၏။

"တစ်ကိုယ်လုံး ပတ်တီးစီးခံထားရတဲ့ လူအကြောင်းကြားပြီးပြီလား။ သူ့ကုတင်ဘေးက လူက သူဘာအလုပ်လုပ်သလဲလို့ မေးတယ်။ သူကပြောတယ် 'ကျွန်တော်က အင်ပါယာစတိတ်အဆောက်အအုံက ပြတင်းပေါက်ဆေးသမားပါ'"

"အဲဒီလူက မေးတယ် ခင်ဗျားဘယ်တုန်းက အလုပ်ထွက်လိုက်တာလဲတဲ့"

"ပြုတ်ကျတဲ့နေ့တုန်းကပေါ့တဲ့ဗျာ.."

ထို့နောက် ဂျင်မီသည် ပြုံးလိုက်ပြီး အခြားတစ်ယောက်ကို ကူညီရန် အလျင်အမြန်ထွက်သွားပေလိမ့်မည်။

သူက ပေ့ချ်ကို လေးစား၏။ "တစ်နေ့မှာ ကျွန်တော်လည်း ဆရာဝန်တစ်ယောက်ဖြစ်လာမှာပါ။ ကျွန်တော် ဒေါက်တာ့လို ဖြစ်ချင်တယ်"

သူသည် သူမအတွက် သကြားလုံးချောင်းများ၊ အရုပ်များစသည့် လက်ဆောင်အသေးအမွှားများ ယူလာပေးတတ်သည်။ လက်ဆောင်တစ်ခုနှင့်အတူ ဟာသတစ်ခုပါ ပါလာသည်။

"ဟူစတွန်မှာပေါ့၊ သူတစ်ယောက်က လမ်းလျှောက်နေသူကို မေးတယ် 'ဆေးရုံသွားဖို့အတွက် အမြန်ဆုံးလမ်းက ဘာလဲ' တဲ့"

"တက်ဆက်မကောင်းကြောင်း တစ်ခုခု ပြောလိုက်တဲ့"

ဟာသများမှာ ဆိုးရွားလှသည်။ သို့သော် ဂျင်မီကတော့ ရယ်စရာဖြစ်အောင် ပြောတတ်၏။ သူသည် ဆေးရုံသို့

ပေ့ချ်ရောက်သည့်အချိန် ရောက်နေတတ်သည်။ ပေ့ချ်နောက်သို့ သူ့မော်တော်ဆိုင်ကယ်နှင့် လိုက်သွားတတ်သည်။

"လူနာက မေးတယ်တဲ့ - ကျွန်တော်ခွဲစိတ်မှုက အန္တရာယ်များလားဟင်တဲ့" "အဲဒီအခါ ခွဲစိတ်ဆရာဝန်ကပြောလိုက်တယ် 'မများပါဘူး၊ ခင်ဗျား ဒေါ်လာ ၂၀၀ ထဲနဲ့ အန္တရာယ်ရှိတဲ့ ခွဲစိတ်မှုမျိုးကို မရနိုင်ဘူး' တဲ့"

ထို့နောက် သူသည် ထွက်သွားလိမ့်မည်။

ပေ့ချ်၊ ကိတ်နှင့် ဟန်နီတို့ တစ်ရက်တည်းအတူအားသည့်နေ့တိုင်း ဆန်ဖရန်စစ္စကိုမြို့တွင်းသို့ အလည်အပတ်ထွက်ကြသည်။ သူတို့ ဒက်ချ်ကြိတ်ခွဲစိတ်နှင့် ဂျပန်လက်ဖက်ရည်ဥယျာဉ်သို့ လည်ပတ်ခဲ့သည်။ သူတို့ ငါးဖမ်းဆိပ်ခံတံတားသို့ရောက်ပြီး ကောင်ကင်ကြိုးတန်းကား စီးကြသည်။ ကာရန်ဇာတ်ရုံမှ ပြဇာတ်များ ကြည့်ကြသည်။ ထို့နောက် ပို့စ်လမ်းရှိ မဟာရာနီတွင် ညစာစားကြသည်။ ထိုဆိုင်တွင် စားပွဲထိုးအားလုံးမှာ အန္ဒိယလူမျိုးများဖြစ်ကြသည်။ ကိတ်နှင့် ဟန်နီတို့ကို အံ့သြစေသည်မှာ ပေ့ချ်သည် စားပွဲထိုးများအား ဟင်ဒီဘာသာဖြင့် ပြောခြင်းပင်။

"ဟန် ဟင်ဒူစတန်နီ ဘန့် ဘဟွန် အောချို ဘောတာ ဟီ"။ ထိုအချိန်မှစ၍ စားသောက်ဆိုင်သည် သူတို့ဆိုင်ဖြစ်သွား၏။

"မင်း အိန္ဒိယစကား ဘယ်ကသွားသင်လာတာလဲ" ဟန်နီက မေးသည်။

"ဟင်ဒီစကားပါ" ပေ့ချ်က ပြော၏။ သူမ တုံ့ဆိုင်းနေ၏။ "ငါတို့...ငါ အိန္ဒိယမှာ ခဏနေခဲ့သေးတယ်"။ အရာရာကို ရှင်းရှင်းလင်းလင်းမြင်နေဆဲပင်ဖြစ်သည်။ သူမနှင့် အဲဖရက်တို့သည့် အဂါရာတွင် ရှိနေပြီး တပ်ဂျ်မဟာကို ငေးကြည့်နေခဲ့ကြသည်။ ရှာဂျဟန်က သူ့၏ဇနီးအတွက် ဆောက်ပေးခဲ့တာတဲ့။ အနှစ် ၂၀ တောင်ကြာခဲ့တယ်၊ အဲဖရက်။ ကိုယ်လည်းမင်းအတွက် တပ်ဂျ်မဟာတစ်ခု ဆောက်ပေးမယ်။ ဘယ်လောက်ကြာကြာ ကိုယ်ဂရုမစိုက်ဘူး။
ဒါက ကာရင်တာနာတဲ့။ ကိုယ့်ဇနီးလေ။
သူမ၏ အမည်ကို ခေါ်သံကြားလိုက်ရပြီး လှည့်ကြည့်လိုက်သည်။

"ပေ့ချ်. . . " ကိတ် မျက်နှာပေါ်တွင် စိုးရိမ်ပုံပေါ်နေသည်။
"နင်နေကောင်းရဲ့လား"

"ကောင်းပါတယ်။ ငါနေကောင်းပါတယ်"

ခက်ခဲလှသည့် အချိန်များက ဆက်လက်ရောက်ရှိလာခဲ့သည်။ နောက်ထပ်နှစ်သစ်တစ်ခု ရောက်ရှိလာခဲ့၏။ ဒုတိယနှစ်သည် တတိယသို့ ပြောင်းလဲသွား၏။ ဘာမှတော့ ပြောင်းလဲမလာခဲ့။ ဆေးရုံသည် ပြင်ပကမ္ဘာအထိအတွေ့များမှ ကင်းလွတ်ဆဲဖြစ်သည်။ အဝေးတိုင်းပြည်များမှ စစ်ပွဲများ၊ အငတ်ဘေးဒုက္ခများနှင့် ကပ်ဘေးဆိုးများကို ဆေးရုံအတွင်းရှိ သူတို့ ၂၄ နာရီ ရင်ဆိုင်နေရသော သေရေးရှင်ရေးများက အရောင်မှေးမှိန်စေခဲ့သည်။

ကိတ်နှင့် ပေ့ချ်တို့ ဆေးရုံကော်ရစ်ဒါတွင်တွေ့တိုင်း ကိတ်က ပြုံးပြပြီး ပြောလေ့ရှိသည်။ "ဘယ်လိုလဲ၊ အခြေအနေကောင်းရဲ့လား"

"နင် နောက်ဆုံး ဘယ်အချိန်က အိပ်ခဲ့တာလဲ" ပေ့ချ်က မေး၏။

ကိတ်က သက်ပြင်းချလိုက်ပြီး "ဘယ်သူမှတ်မိနိုင်မှာလဲ"

သူတို့သည် ပင်ပန်းလှသည့် နေ့များ၊ ညများကို ဖြတ်ကျော်ပြီး အဆက်မပြတ်ဝင်ရောက်လာသော ဖိအားများဒဏ်ကို ကြံ့ကြံ့ခံကြရသည်။ အချိန်လေးရလျှင် အသားညှပ်ပေါင်မုန့်စားကာ စက္ကူခွက်ထဲမှ အေးနေသော ကော်ဖီကို သောက်ကြရ၏။

လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများသည် ကိတ်ဘဝတွင် အစိတ်အပိုင်းတစ်ခုဖြစ် ပါဝင်လာခဲ့သည်။ အရိပ်အမြွက် ပြောကြားချက်များကို ဆရာဝန်များထံမှသာမကဘဲ သူမကို အိပ်ရာထဲဆွဲသွင်းချင်သော လူနာများထံမှပါ အဆက်မပြတ် ကြားရ၏။ သူတို့သည်လည်း ဆရာဝန်များကဲ့သို့ပင် တူညီသောအဖြေကိုသာ ပြန်ရ၏။ ကျွန်မကို ထိခွင့်ပြုထားတဲ့ ယောကျ်ား ကမ္ဘာပေါ်မှာ မရှိဘူး။

ဤသည်ကို သူမအမှန်တကယ်ပင် ယုံကြည်ထားခဲ့သည်။

အလုပ်များသော နံနက်ခင်းတစ်ခုတွင် မိုက်ထံမှ နောက်ထပ်ဖုန်းတစ်ကော ဝင်လာ၏။

"ဟိုင်း...မမ"

ဘာဆက်ပြောမည်ကို ကိတ်သိ၏။ သူမစုဆောင်းထားသမျှ ပိုက်ဆံအားလုံး သူ့ထံပို့ပြီးပြီ။ သို့သော် စိတ်ထဲတွင်တော့ သူမ ဘယ်လောက်ပို့ပို့ မလုံလောက်မှန်း သိထားပြီးဖြစ်၏။

"မမကို ကျွန်တော် လုံးဝ အနှောင့်အယှက်မပေးချင်ပါဘူး။ တကယ်ပါ။ ဒါပေမဲ့ ကျွန်တော် နည်းနည်းကျပ်တည်းနေတယ်" သူ့အသံက လေးပင်နေ၏။ "မိုက်...နင်အဆင်ပြေရဲ့လား"

"အိုး...ပြေပါတယ်။ ဘာမှ ဆိုးဆိုးရွားရွားမရှိပါဘူး။ ကျွန်တော် လူတစ်ယောက်ကို အကြွေးတင်နေပြီး သူက သူ့ပိုက်ဆံကို အခုပြန်လိုချင်တယ်တဲ့။ မမများ..."

"ငါဘာလုပ်ပေးနိုင်လဲဆိုတာ ကြည့်လိုက်ဦးမယ်" ကိတ် နွမ်းလျစွာ ပြန်ပြောသည်။

"ကျေးဇူး။ ကျွန်တော် မမကို အမြဲတမ်း အားကိုးနိုင်တာပဲ၊ မဟုတ်ဘူးလား မမ။ မမကို ချစ်တယ်"

"ငါလည်း နင့်ကို ချစ်ပါတယ်၊ မိုက်"

တစ်နေ့တွင် ကိတ်က ပေ့ချ်နှင့် ဟန်နီတို့အား ပြောလိုက်၏။ "ငါတို့အားလုံး လိုအပ်နေတာဘာလဲသိလား"

"တစ်လစာ အိပ်ရေး?"

"အပန်းဖြေခရီး။ ငါတို့ရှိနေသင့်တဲ့ နေရာက 'ချန့်အီလစ်ဆီ' (ပြင်သစ်မြို့မှ တစ်နေရာ)၊ အေးအေးဆေးဆေးလမ်းလျှောက်ရင်း ဈေးကြီးတဲ့ ဆိုင်တွေကို လျှောက်ကြည့်ကြမယ်လေ"

"မှန်တယ်။ တစ်လမ်းလုံး ပထမတန်းတွေပဲ သုံးမယ်နော်" ပေ့ချ်က ရယ်ရင်း ပြောသည်။ "ငါတို့ တစ်နေ့လုံး အိပ်ပြီး တစ်ညလုံး ဆော့ကြမယ်လေ"

ဟန်နီက ရယ်လိုက်ပြီး "ပျော်စရာ ကောင်းမယ့်ပုံပဲ"

"နောက်လနည်းနည်းကြာရင် ငါတို့ အားလပ်ရက်တွေ ရောက်လာတော့ယ်" ပေ့ချ်က တွက်ချက်၏။ "ငါတို့

တစ်နေရာရာကိုသွားဖို့ အစီအစဉ်ဆွဲကြရအောင်”

“ဒီအကြံကောင်းတယ်” ကိတ်က အားတက်သရော ဝင်ပြောသည်။

“စနေနေ့မှာ ခရီးသွားအဖွဲ့တစ်ခုဆီ သွားစုံစမ်းကြမယ်”

သူတို့ နောက်သုံးရက်အတွင်း အစီအစဉ်များကို စိတ်လှုပ်ရှားစွာ ရေးဆွဲကြသည်။ “ငါလန်ဒန်ကို ရောက်ချင်တာ တစ်ပိုင်းသေနေပြီ။ ငါတို့ ဘုရင်မကြီးနဲ့တောင် တွေ့နိုင်တယ်” “ငါကတော့ ပဲရစ်ကို သွားချင်တာ။ ပဲရစ်က ကမ္ဘာပေါ်မှာ ကြည်နူးဖွယ်အကောင်းဆုံးမြို့ပဲ” “ငါကတော့ ဗင်းနစ်မြို့က လရောင်ထဲမှာ ဂွန်ဒိုလာ (ဗင်းနစ်မြို့တူးမြောင်းများတွင်သုံးသည့်ဦးကော့ပဲ့ကော့လှေ) စီးချင်တယ်”။ အဲဖရက်က သူမကို ပြောခဲ့သည် - ပျားရည်ဆမ်းခရီးအတွက် ဗင်းနစ်ကို သွားရအောင်၊ ပေ့ချ်၊ သဘောကျရဲ့လား။ အိုး..သိပ်ကြိုက်တာပေါ့။

အဲဖရက်က ကာရင်အား ဗင်းနစ်မြို့သို့ ပျားရည်ဆမ်းခရီး ခေါ်သွားသလားဟု သူမ မေးနေမိသည်။

စနေနေ့မနက်တွင် သူတို့သုံးယောက်သည် ပေါ်ဝဲလမ်းရှိ ကော်နီချီခရီးသွားအဖွဲ့သို့ သွားရောက်ကြသည်။

ကောင်တာနောက်မှ အမျိုးသမီးသည် ပျူငှာ၏။ “ဘယ်လို ခရီးစဉ်မျိုးကို စိတ်ဝင်စားပါသလဲရှင်”

“ကျွန်မတို့ ဥရောပကို သွားချင်ပါတယ်။ လန်ဒန်၊ ပဲရစ်နဲ့ ဗင်းနစ်...”

“ကောင်းတယ်။ ကျွန်မတို့ဆီမှာ ဈေးမကြီးတဲ့ ခရီးသွားအစီအစဉ်တွေ...”

“ဟင့်အင်း...” ပေ့ချ် ဟန်နီအား ကြည့်ပြီး ပြုံးလိုက်၏။

“ပထမတန်းပဲလိုချင်တယ်”

“မှန်တယ်။ ပထမတန်းစားလေယာဉ်ခရီးစဉ်” ကိတ်ကပါ ဝင်ပြော၏။

“ပထမတန်းစားဟိုတယ်ကော” ဟန်နီက ထပ်ဖြည့်၏။

“ဟုတ်ပြီ။ ကျွန်မကတော့ လန်ဒန်က ရစ်ဇ်ဟိုတယ်၊ ပဲရစ်က ခရီလွန်နဲ့ ဗင်းနစ်က ချီပရီယန်နီတို့ကို ညွှန်ပါတယ်။ ပြီးတော့...”

ပေ့ချ်က ပြော၏။ “ကျွန်မတို့ လက်ကမ်းစာစောင်တချို့ ယူသွားမယ်လေ။ ကျွန်မတို့လေ့လာကြည့်ပြီး စဉ်းစားလိုက်ဦးမယ်”

“သင့်လျော်ပါတယ်” ခရီးသွားအကျိုးဆောင်က ပြော၏။

ပေ့ချ် လက်ကမ်းစာစောင်တစ်ခုကို ကြည့်လိုက်ပြီး “ဒီမှာ ရွက်လှေငှားဖို့လည်း စီစဉ်ပေးတာလား?”

“ဟုတ်ပါတယ်ရှင်”

“ကောင်းတယ်။ ကျွန်မတို့ တစ်စီးငှားချင်ငှားမှာ”

“အတိုင်းထက်အလွန်ပေါ့ရှင်” ခရီးသွားအကျိုးဆောင်က လက်ကမ်းစာစောင် တစ်ဆုပ်လိုက်ကြီးအား ပေ့ချ်လက်ထဲ ထည့်ပေးလိုက်၏။ “လူကြီးမင်းတို့ အသင့်ဖြစ်တဲ့ အချိန်ကျရင် ကျွန်မကို ပြောပါ။ လူကြီးမင်းတို့အတွက် ဝမ်းသာစွာနဲ့ ကြိုတင်စီစဉ်ပေးပါ့မယ်”

“ကျွန်မတို့ အကြောင်းပြန်ပါ့မယ်” ဟန်နီက ကတိပေးခဲ့သည်။

သူတို့ အပြင် ရောက်သောအခါ ကိတ်က ရယ်ပြီး ပြောလိုက်သည်။ “အိပ်မက်ကြီးကြီးမက်လိုက်တာပဲ၊ ဟုတ်တယ်မို့လား”

“မစိုးရိမ်ပါနဲ့” ပေ့ချ်က သူမကို အားပေးလိုက်သည်။ “တစ်နေ့ကျရင် ငါတို့ အဲဒီနေရာတွေကို သွားနိုင်မှာပါ”

(အခန်း ၁၀)

ဖျားနာဆေးပညာဌာနမှူး ဆေမောဝေဆင်သည် ခက်ခဲသည့်အလုပ်များကို စိတ်ပျက်နေသည့် လူတစ်ယောက်ဖြစ်သည်။ လူနာမှာ အလွန်များပြီး ဆရာဝန်နှင့် သူနာပြုများက အလွန်နည်းကာ တစ်နေ့တာတွင်လည်း နာရီတို့က နည်းပါးလွန်းသည်။ သူသည် နစ်မြုပ်နေသော သင်္ဘောတစ်စင်း၏ ခေါင်းဆောင်အဖြစ် မိမိကိုယ်ကို ခံစားမိသည်။ ဟိုပြေးဒီပြေးနှင့် အပေါက်များကို ပိတ်ဆို့နေရသည်။

ထိုအချိန်တွင် ဒေါက်တာဝေဆင်၏ ရုတ်ချည်းဖြစ်ပေါ်လာသော ပူပန်မှုတစ်ခုမှ ဟန်နီတက်ဖြစ်၏။ အချို့သော ဆရာဝန်များက သူမကို အလွန်နှစ်သက်ကြသော်လည်း အားထားရသော အလုပ်သင်ဆရာဝန်များနှင့် သူနာပြုများကတော့ သူမသည် အလုပ်ကို နိုင်နင်းအောင် မလုပ်နိုင်သည့်သူဖြစ်ကြောင်း အဆက်မပြတ် သတင်းပို့နေသည်။

နောက်ဆုံး ဝေဆင်သည် ဘန်ဝေါလေ့ကို တွေ့ရန် သွား၏။ "ကျွန်တော်တို့ထဲက ဆရာဝန်တစ်ယောက်ကို ထုတ်ပစ်ချင်တယ်" သူက ပြော၏။ "သူမနဲ့အတူ 'ရောင်း'လှည့်တဲ့ အလုပ်သင်ဆရာဝန်တွေက သူမဟာ အရည်အချင်းမပြည့်မီဘူးလို့ ပြောတယ်"

ဝေါလေ့ ဟန်နီအား မှတ်မိသွားသည်။ သူမသည် အလွန်အမင်းကောင်းမွန်သောရမှတ်များနှင့် တောက်ပကောင်းမွန်သော ထောက်ခံစာများ ပိုင်ဆိုင်ထားသူဖြစ်၏။ "ကျွန်တော် နားမလည်ဘူး" သူက ပြောသည်။ "တစ်ခုခုတော့ မှားနေပြီထင်တယ်"။ သူခဏမျှ စဉ်းစားလိုက်သည်။ "ကျွန်တော် ဘာလုပ်မလဲဆိုတာ ပြောပြမယ်၊ ဆေမော။ ခင်ဗျားအဖွဲ့ထဲမှာ အရက်စက်ဆုံး ခွေးမသားက ဘယ်သူလဲ"

"တက်အယ်လင်ဆင်"

"ကောင်းပြီ။ မနက်ဖြန်မနက် ဟန်နီတက်ကို ဒေါက်တာအယ်လင်ဆင်နဲ့အတူ 'ရောင်း'ခိုင်းလိုက်။ ပြီးတော့ ဟန်နီ့အကြောင်း ရီပို့တင်ခိုင်း။ တကယ်လို့ သူက သူမဟာ အရည်အချင်းမပြည့်မီဘူးလို့ ပြောရင်၊ ကျွန်တော် သူမကို ထုတ်လိုက်တော့မယ်" "မဆိုးပါဘူး" ဒေါက်တာဝေဆင်က ပြော၏။ "ကျေးဇူးပဲ၊ ဘန်"

နေ့လယ်စာစားချိန်တွင် ဟန်နီသည် သူမ ဒေါက်တာအယ်လင်ဆင်နှင့် နောက်တစ်နေ့မနက်တွင် အတူ'ရောင်း'ရမည်ဖြစ်ကြောင်း ပေ့ချ်အား ပြောပြလိုက်သည်။ "ငါသူ့ကို သိတယ်" ပေ့ချ်က ပြော၏။ "သူက သတင်းဆိုးထွက်နေတဲ့လူ" "ငါလည်း အဲ့ဒီလိုပဲကြားတယ်" ဟန်နီက တွေးတွေးဆဆပြောလိုက်သည်။

တစ်ချိန်တည်းမှာပင် ဆေးရုံ၏ အခြားတစ်နေရာတွင် ဆေမောဝေဆင်သည် တက်အယ်လင်ဆင်နှင့် စကားပြောနေ၏။ အယ်လင်ဆင်သည် ၂၅ နှစ်တိုင်တိုင် အလျှော့မပေး ကြိုးစားလာခဲ့သူဖြစ်သည်။ သူသည် ဆေးမှူးအဖြစ် ရေတပ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူး၏။ အခြားသူများကို နာကျင်အောင်လုပ်ပြီး ဂုဏ်ယူတတ်သူဖြစ်သည်။

ဆေမောဝေဆင်က ပြော၏။ "ခင်ဗျား ဒေါက်တာတက်ကို မျက်ခြေမပြတ်စောင့်ကြည့်ထားစေချင်တယ်။ တကယ်လို့ သူမဟာ

ကောင်းကောင်းမလုပ်နိုင်ဘူးဆိုရင် ထွက်ခိုင်းလိုက်မယ်၊ နားလည်ရဲ့လား” “နားလည်ပါတယ်”

သူသည်လည်း ၎င်းကို မျှော်နေသူဖြစ်၏။ ဆေမောဝေဆင်ကဲ့သို့ပင် တက်အယ်လင်ဆင်သည်လည်း အရည်အချင်းမရှိသော ဆရာဝန်များကို မုန်းတီးသူဖြစ်၏။ ထို့ပြင် သူတွင်ရှိသည့် ပြင်းထန်သည့်အစွဲမှာ အကယ်၍ အမျိုးသမီးများသည် ဆေးလောကထဲဝင်လိုပါက သူနာပြုများသာလုပ်သင့်သည် ဟူ၍။ ဖလောရင့်နိုက်တင်ဂေးအတွက် ကောင်းလျှင် ကျန်မိန်းမများအတွက်လည်း ကောင်းမွန်ပေလိမ့်မည်။

နောက်တစ်နေ့နံနက် ၆ နာရီတွင် အလုပ်သင်ဆရာဝန်များသည် ကော်ရစ်ဒါတွင် ‘ရောင်း’များကို စတင်ရန် စုဝေးနေကြသည်။ ထို‘ရောင်း’အဖွဲ့တွင် ဒေါက်တာအယ်လင်ဆင်၊ သူ့လက်ထောက် တွန်ဘန်ဆင်နှင့် ဟန်နီတက်အပါအဝင် အလုပ်သင်ဆရာဝန် ငါးယောက်တို့ ပါဝင်သည်။ ထိုအချိန်တွင် အယ်လင်ဆင်သည် ဟန်နီ့အား ကြည့်ပြီး တွေး၏။ ကောင်းပြီ၊ ကောင်မလေးရေ။ မင်းဘာတတ်လဲဆိုတာ ကြည့်ကြတာပေါ့။ သူက အဖွဲ့ဘက်လှည့်လိုက်ပြီး “သွားကြရအောင်”

အဆောင် ၁ ရှိ ပထမဆုံးလူနာမှာ စောင်ထူများခြုံထားပြီး အိပ်ရာထဲတွင် လှဲနေသည့် ဆယ်ကျော်သက်မိန်းကလေးတစ်ဦးဖြစ်သည်။ အဖွဲ့က သူမနားရောက်လာသောအခါ သူမသည် အိပ်မောကျနေသည်။

“ကောင်းပြီ” ဒေါက်တာအယ်လင်ဆင်က ပြော၏။ “သူမဖိုင်တွဲကို မင်းတို့ တစ်ချက်လောက် ကြည့်လိုက်”

အလုပ်သင်ဆရာဝန်များ လူနာဖိုင်တွဲကို စတင် လေ့လာကြသည်။ ဒေါက်တာအယ်လင်ဆင်က ဟန်နီဘက်လှည့်လိုက်ပြီး “ဒီလူနာမှာ အဖျားရော၊ ချမ်းတုန်တာရော၊ မလုပ်ချင်မကိုင်ချင်ဖြစ်တာရော၊ အစားအသောက်ပျက်တာရောရှိတယ်။ ပြီးတော့ အပူချိန်တက်နေတယ်၊ ချောင်းဆိုးတယ်၊ အဆုတ်ရောင်နေတယ်။ ဒါဘာရောဂါလဲ၊ ဒေါက်တာတက်”။ ဟန်နီထိုနေရာတွင် မျက်မှောင်ကြုတ်ငြိမ်သက်စွာ ရပ်နေသည်။

“ကဲ?”

“ဟုတ်ကဲ့” ဟန်နီက စဉ်းစဉ်းစားစားပြော၏။ “ကျွန်မကတော့ သူမဟာ ‘စစ်တာကိုးစစ်’(ငှက်များမှ လူသို့ ကူးစက်တတ်သည့်ရောဂါတစ်မျိုး) လို့ ခေါ်တဲ့ ကြက်တူရွေးအဖျားရောဂါ ရနေတယ်လို့ထင်တယ်”

ဒေါက်တာ အယ်လင်ဆင် သူမအား တအံ့တဩ ကြည့်လိုက်ပြီး “ဘာလို့ ဒီလိုထင်တာလဲ”

“သူမရဲ့ ရောဂါလက္ခဏာတွေက စစ်တာကိုးစစ်ရဲ့ ပုံမှန်ရနေကျပုံစံမျိုးတွေလေ။ ပြီးတော့ သူမဟာ တိရစ္ဆာန်အရောင်းဆိုင်မှာ အချိန်ပိုင်းစာရေးအဖြစ် အလုပ်လုပ်တယ်လို့ ကျွန်မ သတိထားမိတယ်။ စစ်တာကိုးစစ်ဟာ ရောဂါရှိတဲ့ ကြက်တူရွေးကတစ်ဆင့် ကူးခဲ့တာပဲ”

အယ်လင်ဆင် ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်၏။ “ဒါဟာ...ဒါဟာ အလွန်တော်တာပဲ။ ကုသပုံက ဘယ်လိုလဲ ဆိုတာကော သိလား”

“ဟုတ်ကဲ့။ တက်ထရာဆိုင်ကလင်း (ပိုးသတ်ဆေးတစ်မျိုး) ကို ၁၀ ရက်ပေးရမယ်။ အိပ်ရာမှာပဲ အနားယူ၊ ပြီးတော့ အရည်များများ

သောက်နိုင်းရပါမယ်”

ဒေါက်တာအယ်လင်ဆင်သည် အဖွဲ့ရှိရာသို့ လှည့်လိုက်ပြီး “မင်းတို့အားလုံး ကြားကြရဲ့လား။ ဒေါက်တာတက်ပြောတာတွေ အကုန်မှန်တယ်”

သူတို့ နောက်လူနာတစ်ယောက်ထံသို့ သွားကြသည်။

ဒေါက်တာအယ်လင်ဆင်က ပြော၏။ “မင်းတို့ သူ့ဖိုင်တွဲကို ကြည့်ကြည့်မယ်ဆိုရင် သူ့ဆီမှာ အမြှေးပါးအကြိတ်ရယ်၊ သွေးဝင်နေတာရယ်၊ မောပန်းတဲ့လက္ခဏာရယ်ရှိကြောင်း တွေ့ရလိမ့်မယ်။ ဘာရောဂါလဲ”

အလုပ်သင်ဆရာဝန်တစ်ယောက်က မျှော်လင့်ချက်ဖြင့်ပြော၏။ “ဒါ အဆုတ်ရောင်ရောဂါတစ်မျိုးနဲ့ တူတယ်”

ဒုတိယအလုပ်သင်ဆရာဝင်က ဝင်ပြောသည်။ “ဒါကင်ဆာဖြစ်နိုင်တယ်” ဒေါက်တာအယ်လင်ဆင်က ဟန်နီဘက်လှည့်လိုက်ပြီး “ဒေါက်တာကရော ဘာရောဂါထင်လဲ”

ဟန်နီ စဉ်းစားနေ၏။ “လက်တန်းပြောရမယ်ဆိုရင်တော့ ကျွန်မကတော့ ဖိုင်းဘရိုနူမိုကိုနီယိုးစစ်(အဆုတ်ထဲသို့ အမှုန်များဝင်ခြင်းကြောင့်ဖြစ်သည့် ရောဂါတစ်မျိုး)လို့ ထင်တယ်။ ကျောက်ဂွမ်းဆိပ်သင့်ခြင်းတစ်မျိုးပေါ့။ သူ့ဖိုင်တွဲထဲမှာ သူဟာ ကောဇောစက်ရုံမှာအလုပ်လုပ်တယ်လို့ ရေးထားတယ်”

တက်အယ်လင်ဆင်သည် သူ၏ လေးစားမှုများကို မဖုံးကွယ်နိုင်တော့။ “ကောင်းတယ်။ တော်တယ်။ ကုထုံးကကော ဘယ်လိုလဲဆိုတာ သိရဲ့လား” “ကံမကောင်းစွာနဲ့ပဲ တိတိပပကုသနည်းတော့ မပေါ်သေးပါဘူး”

ထို့နောက် ပို၍ အထင်ကြီးဖွယ်ကောင်းသည်တွေ ဆက်လာ၏။ နောက် ၂ နာရီ အတွင်းတွင် ဟန်နီသည် ရှားပါးသည့် ရီးတားရောဂါ၊ သွေးပျစ်ရောဂါနှင့် ငှက်ဖျားတို့ကို ဖော်ထုတ်နိုင်ခဲ့သည်။

‘ရောင်း’လှည့်ပြီးသည့်နောက်တွင် ဒေါက်တာအယ်လင်ဆင်သည် ဟန်နီ့လက်အား ဆုပ်ကိုင်လိုက်ပြီး “ကျွန်တော်က လွယ်လွယ်နဲ့ အထင်မကြီးတတ်ဘူး၊ ဒေါက်တာရဲ့။ ဒါပေမဲ့ ကျွန်တော်ပြောချင်တာကတော့ ဒေါက်တာ့ဆီမှာ တအားကောင်းတဲ့ အနာဂတ်ရှိနေတယ်ဆိုတာပဲ”

ဟန်နီ ရှက်သွေးဖြာသွားသည်။ “ကျေးဇူးပါပဲ၊ ဒေါက်တာ အယ်လင်ဆင်”

“ကျွန်တော် ဘန်ဝေါလေ့ကိုလည်း ဒီအတိုင်း ပြောပြလိုက်ဦးမယ်” သူပြောရင်း အဝေးသို့ လျှောက်သွား၏။

အယ်လင်ဆင်၏လက်ထောက် တွန်ဘန်ဆင်က ဟန်နီ့အားကြည့်ပြီး ပြုံးလိုက်သည်။ “မင်းနဲ့ နောက်နာရီဝက်အတွင်းမှာ တွေ့မယ်နော်၊ ကလေး”

ပေ့ချ်သည် ဒေါက်တာအာသာကိန်း-ဝဝ၇ နှင့် မတွေ့အောင် ကြိုးစားရှောင်နေ၏။ သို့သော် အခွင့်အရေးရတိုင်း ကိန်းသည် ပေ့ချ်အား ခွဲခန်းထဲတွင် ကူညီခွဲစိတ်ခိုင်းသည်။ အခါတိုင်းတွင်လည်း သူသည် ပို၍ ရမ်းကားလာသည်။

“မင်းဘာပြောတာလဲ။ မင်း ငါနဲ့ အပြင်မသွားချင်ဘူး ဟုတ်လား။

မင်းတစ်ယောက်ယောက်နဲ့ ငြိနေတာ ဖြစ်ရမယ်"

ထို့ပြင် "ငါက ပုတိုတိုဖြစ်နေကောင်း ဖြစ်နေလိမ့်မယ်၊ မိန်းကလေး။ ဒါပေမဲ့ နေရာတိုင်းမဟုတ်ဘူး။ ငါဘာပြောလဲဆိုတာ မင်းသိပါတယ်"

သူမသည် သူနှင့် အလုပ်တွဲလုပ်ရမည်ကို ကြောက်ရွံ့လာသည်။ အချိန်ကြာလာသည်နှင့်အမျှ ပေ့ချ်သည် ကိန်းတစ်ယောက် မလိုအပ်သော ခွဲစိတ်ကုသမှုများလုပ်ပြီး ကျန်းမာသောအင်္ဂါများကို ထုတ်ယူနေသည်ကို ကြည့်နေရသည်။

တစ်ရက်တွင် ပေ့ချ်နှင့် ကိန်းတို့ ခွဲခန်းတွင်းသို့ လမ်းလျှောက်သွားသည့်အခါ ပေ့ချ်က မေးလိုက်သည်။ "ကျွန်မတို့ ဘာကို ခွဲမှာလဲ ဒေါက်တာ"

"သူ့ပိုက်ဆံအိတ်" သူ ပေ့ချ်မျက်နှာထားကို မြင်လိုက်၏။ "နောက်တာပါ၊ မိန်းကလေးရာ"

"သူ သားသတ်ရုံမှာ အလုပ်လုပ်ဖို့ကောင်းတယ်" ပေ့ချ်က နောက်ပိုင်းတွင် ကိတ်အား ဒေါသတကြီး ပြန်ပြောပြသည်။ "လူတွေကို ခွဲစိတ်ဖို့ သူမှာ အခွင့်အရေးမရှိဘူး"။ တစ်ခါတွင်လည်း သူမကျွမ်းကျင်သော အသည်းခွဲစိတ်ခြင်းအပြီးတွင် ဒေါက်တာကိန်းသည် ပေ့ချ်အား ကြည့်လိုက်ပြီး ခေါင်းရမ်းလိုက်၏။ "တော်တော်ဆိုးတာပဲ။ သူဒီတောင်ကို ကျော်နိုင်ပါ့မလား မသိဘူး"

ပေ့ချ်လုပ်နိုင်သည့်အရာမှာ သူမဒေါသများကို ထိန်းသိမ်းခြင်းပင်ဖြစ်၏။ သူမသည် တွန်ချန်းနှင့် ထိုအကြောင်း ဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။

"တစ်ယောက်ယောက်တော့ ဒေါက်တာကိန်းကို တိုင်သင့်ပြီ" ပေ့ချ်က ပြော၏။ "သူက လူနာတွေကို သတ်နေတယ်"

"စိတ်အေးအေးထားစမ်းပါ"

"မထားနိုင်ဘူး။ ဒီလိုလူတစ်ယောက်ကို ခွဲစိတ်ခွင့်ပြုထားတာမမှန်ဘူး။ ဒါရာဇဝတ်မှုပဲ။ သူ့ကို ဆေးကော်မတီရှေ့မှာ စစ်ဆေးသင့်တယ်"

"လုပ်တော့ရော ဘာထူးမှာလဲ။ သူ့ကို စွပ်စွဲဖို့ဆို တခြားဆရာဝန်တွေကို ခေါ်ရလိမ့်မယ်။ ဘယ်သူမှ အဲလိုလုပ်ချင်မှာ မဟုတ်ဘူး။  ဆေးလောကဆိုတာ ကျဉ်းကျဉ်းလေးပါ။ ငါတို့အားလုံး အဲဒီထဲမှာ ရှင်သန်ကြရတယ်၊ ပေ့ချ်။ ဆရာဝန်တစ်ယောက်က တခြားဆရာဝန်တစ်ယောက်ကို စွပ်စွဲဖို့ ဆိုတာ မဖြစ်နိုင်လောက်ဘူး။ ငါတို့အားလုံးဟာ ထိခိုက်လွယ်ကြပြီး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လိုအပ်ကြတယ်။ စိတ်လျှော့လိုက်ပါ။ အပြင်သွားမယ်လေ။ နင့်ကို နေ့လယ်စာ ဝယ်ကျွေးမယ်"။ ပေ့ချ် သက်ပြင်း ချလိုက်၏။ "ကောင်းပြီလေ။ ဒါပေမဲ့ ဒါက အသုံးမကျတဲ့ စနစ်ကြီးပဲဟာ"။

နေ့လယ်စာစားနေစဉ်တွင် ပေ့ချ်က မေးလိုက်သည်။ "နင်နဲ့ 'ဆီး'နဲ့ကော အခြေအနေဘယ်လိုလဲ"။ သူအဖြေပေးဖို့ အချိန်ခဏမျှ ယူလိုက်၏။ "ငါ...ငါတို့ ပြဿနာတွေ တက်နေတယ်။ ငါ့အလုပ်က ငါ့မိသားစုဘဝကို ဖျက်ဆီးနေတယ်ဟာ။ ဘာလုပ်ရမှန်း ငါမသိတော့ဘူး"

"အဆင်ပြေသွားမယ်လို့ ငါထင်တယ်" ပေ့ချ်က ပြော၏။

ချန်းက လေးလေးနက်နက် ပြောလိုက်၏။ "ကောင်းလာပါတယ်"

ပေ့ချ် သူ့အား ကြည့်လိုက်၏။

"သူမသာ ငါ့ကို ထားခဲ့ရင် ငါကိုယ့်ကိုယ်ကို သတ်သေလိုက်မယ်"

နောက်တစ်နေ့ မနက်တွင် အာသာကိန်းသည် ကျောက်ကပ်ခွဲစိတ်ခြင်းတစ်ခုပြုလုပ်ရန် အစီအစဉ်ဆွဲထားသည်။ ခွဲစိတ်ပညာဌာနမှူးက ပေ့ချ်အား ပြောဏ်။ "ဒေါက်တာကိန်းက ဒေါက်တာ့ကို ခွဲခန်း ၄ မှာ ကူညီခွဲပေးဖို့ ပြောထားတယ်"။ ပေ့ချ် ပါးစပ်များ ခြောက်သွားသည်။ သူ့အနားသွားရမည်ဟူသောအတွေးကို သူမမုန်းတီးဏ်။

ပေ့ချ်က "တခြားတစ်ယောက်ယောက်ကို..."

"သူက ဒေါက်တာ့ကို စောင့်နေတယ်"

ပေ့ချ် သက်ပြင်း ရှိုက်လိုက်ပြီး "ကောင်းပြီလေ"

ပေ့ချ် ခွဲခန်းဝတ်စုံဝတ်ဆင်ပြီးသောအခါ ခွဲစိတ်ခြင်းက စတင်ပြီး ဖြစ်ဏ်။

"ငါ့ကို ဒီမှာ လာကူစမ်းပါဦး၊ အချစ်ကလေးရဲ့" ကိန်းက ပေ့ချ်အား ပြောဏ်။ လူနာ၏ ဝမ်းဗိုက်အား အိုင်အိုဒင်းအရည်ဖြင့် သုတ်လိမ်းထားပြီး အပေါ်ညာဘက်ထောင့် နံရိုးအိမ်အောက်တွင် ခွဲရာပေးထားသည်။ အခုထိတော့ ကောင်းနေတုန်းပဲဟု ပေ့ချ်တွေးဏ်။

"ခွဲစိတ်ဓား"

သူနာပြုက ဒေါက်တာကိန်းအား ခွဲစိတ်ဓားတစ်ချောင်း ပေးလိုက်သည်။

သူ မော့ကြည့်လိုက်ပြီး "သီချင်းဖွင့်ပါဦး"

ခဏကြာသောအခါ သီချင်းသံ စတင်ကြားကြဏ်။

ဒေါက်တာကိန်း ခွဲနေရင်းမှ "နည်းနည်း မြူးတာလေး လုပ်ပါ" သူပေ့ချ်အား ကြည့်လိုက်ပြီး "ဘိုဗီ (လျှပ်စစ်ဓာတ်ဖြင့် တို့ကာ သွေးတိတ်အောင်လုပ်သည့် ကိရိယာ) စတော့၊ အသည်းလေး"

အသည်းလေးတဲ့။ ပေ့ချ် အံကြိတ်လိုက်ပြီး ဘိုဗီကို လှမ်းကိုင်လိုက်သည်။ သူမသည် သွေးလွှတ်ကြောများကို တို့လိုက်ပြီး ဝမ်းတွင်းသွေးယိုစီးကျမှုကို လျှော့ချလိုက်သည်။ ခွဲစိတ်ခြင်းက အဆင်ပြေပြေ သွားနေဆဲပင်။

ဘုရားသခင်ကျေးဇူးပဲဟု ပေ့ချ်တွေးဏ်။

"ညှပ်ပေး"

သူနာပြုက ကိန်းအား ညှပ်တစ်ချောင်း ပေးလိုက်ဏ်။

"ကောင်းပြီ။ နည်းနည်း စုပ်ထုတ်လိုက်ရအောင်"။ သူ ကျောက်ကပ်အနီးတဝိုက်ကို ကျောက်ကပ်ပေါ်သည်အထိ လှီးဖြတ်လိုက်သည်။ "ဟောဒီမှာ မကောင်းဆိုးရွားလေးပဲ" ဒေါက်တာကိန်းက ပြောသည်။ "စုပ်ထုတ်ပါဦး"။ သူသည် ကျောက်ကပ်ကို ညှပ်များဖြင့် ဆွဲမလိုက်သည်။ "ကောင်းပြီ။ ပြန်ချုပ်ပေးရအောင်"

အရာရာသည် အဆင်ပြေနေဏ်။ သို့သော် တစ်စုံတစ်ခုက ပေ့ချ်အား စိုးရိမ်စေသည်။ သူမ ကျောက်ကပ်အား အနီးကပ်ကြည့်လိုက်ဏ်။ ကောင်းနေပုံပေါ်ဏ်။ သူမ မျက်မှောင်ကြုတ် လိုက်ပြီး စဉ်းစားမိသည်။ အကယ်၍များ...

ဒေါက်တာကိန်း လူနာအား ပြန်ချုပ်နေစဉ်အတွင်းမှာပင် ပေ့ချ်သည် အလင်းပေးထားသောနံရံပေါ်မှ ဓာတ်မှန်ရှိရာသို့ ကမန်းကတန်းသွားလိုက်ဏ်။ သူမ ခဏမျှ ကြည့်လိုက်ပြီး အသံ တိုးတိုးဖြင့် ပြောမိသည်။ "အိုး...ဘုရားရေ" ဓာတ်မှန်ကို ပြောင်းပြန်ချိတ်ထားဏ်။ ဒေါက်တာကိန်း ကျောက်ကပ်မှား ထုတ်မိပြီ။

မိနစ် ၃၀ ကြာသောအခါ ပေ့ချ် ဘန်ဝေါလေ့ရုံးခန်းတွင်း၌ ရောက်နေ၏။ "သူက ကောင်းနေတဲ့ ကျောက်ကပ်ကိုထုတ်ပြီး မကောင်းတာကိုတော့ ချန်ထားခဲ့တယ်" ပေ့ချ် အသံများ တုန်နေ၏။ "ဒီလူကို ထောင်ထဲထည့်သင့်တယ်"။ ဘန်ဂျမင်ဝေါလေ့က ချိုချိုသာသာပင် "ပေ့ချ်၊ ကျွန်တော် ဒေါက်တာနဲ့ သဘောတူပါတယ်။ ဒါ အင်မတင် နောင်တရစရာကောင်းပါတယ်။ ဒါပေမဲ့ ဒါဟာ တမင်မရည်ရွယ်ခဲ့တာတော့ သေချာတယ်။ ဒါ မှားယွင်းမှုတစ်ခုပါ။ ပြီးတော့"

"မှားယွင်းမှုတစ်ခု ဟုတ်လား။ လူနာက ဘဝတစ်လျှောက်လုံး ကျောက်ကပ်ဆေးပြီးပဲနေရတော့မယ်။ တစ်ယောက်ယောက်တော့ သူ့ကို ထောက်ပံ့ပေးသင့်တယ်"

"ကျွန်တော့်ကို ယုံပါ။ ကျွန်တော်တို့ ပြန်လည်သုံးသပ်ကြည့်ပါ့မယ်"

ဘာကို ဆိုလိုသည်ကို ပေ့ချ်သိ၏။ သမားတော်အဖွဲ့တစ်ဖွဲ့က ဖြစ်ပျက်ခဲ့သည်ကို ပြန်လည်ဆွေးနွေးမည်။ သို့သော် လျှို့လျှို့ဝှက်ဝှက်သာ လုပ်မည်ဖြစ်၏။ အချက်အလက်များကို လူထုနှင့် လူနာတို့အား ဖုံးကွယ်ထားမည်။

"ဒေါက်တာဝေါလေ့. . ."

"ဒေါက်တာကလည်း ကျွန်တော်တို့ အဖွဲ့ထဲကပဲ၊ ပေ့ချ်။ အသင်းစိတ်ဓာတ်မွေးစမ်းပါ"

"သူဒီဆေးရုံမှာ ဆက်လုပ်စရာ အကြောင်းမရှိဘူး။ တခြားဆေးရုံတွေမှာရောပဲ"

"ဒေါက်တာ တစ်ခုလုံးကိုခြုံငုံကြည့်ဖို့ လိုပြီ။ သူ့ကို အလုပ်ဖြုတ်လိုက်ပြီ ဆိုပါစို့။ သတင်းဆိုးတွေထွက်လာပြီး ဆေးရုံရဲ့ ဂုဏ်သိက္ခာလည်း ထိခိုက်မယ်။ နောက်ပြီး ကျင့်ဝတ်နဲ့ပတ်သက်ပြီး တရားစွဲတာတွေအများကြီးလည်း ကြုံရနိုင်တယ်"

"လူနာတွေအတွက် ကျတော့ရော"

"ကျွန်တော်တို့ ဒေါက်တာကိန်းကို စောင့်ကြည့်ထားပါ့မယ်" သူ့ထိုင်ခုံမှ ရှေ့ကိုင်းလိုက်ပြီး "ကျွန်တော် ဒေါက်တာ့ကို အကြံနည်းနည်း ပေးချင်တယ်။ ဒေါက်တာကိုယ်ပိုင်ဆေးခန်းဖွင့်တဲ့အခါမှာ ညွှန်းလူနာတွေများများရဖို့က အခြားဆရာဝန်တွေနဲ့ အဆင်ပြေဖို့လိုအပ်တယ်။ မဟုတ်ရင်၊ ဒေါက်တာ ဘာမျှ ဖြစ်လာမှာမဟုတ်ဘူး။ ပြီးတော့ ဒေါက်တာဟာ တစ်ကိုယ်တည်းသမားဖြစ်ပြီး တခြားဘဝတူဆရာဝန်တွေကိုလည်း တိုက်ခိုက်တတ်တယ်လို့ သတင်းထွက်သွားရင် ဒေါက်တာ့ဆီ ဘယ်သူမှ ညွှန်းတော့မှာမဟုတ်ဘူး။ ဒါကို ကျွန်တော်သေချာပြောရဲတယ်"

ပေ့ချ် ထလိုက်၏။ "ဒါဆို ဒီကိစ္စဘာမှ မလုပ်ဘူးပေါ့" "ကျွန်တော် ပြောခဲ့ပြီးပြီပဲ။ ကျွန်တော်တို့ ပြန်လည်သုံးသပ်ကြည့်မယ်လို့" "ဒါပဲလား" "ဒါပါပဲ"

"ဒါ မတရားဘူး" ပေ့ချ်က ပြော၏။ သူမသည် ကော်ဖီဆိုင်တွင် ကိတ်နှင့်ဟန်နီတို့နှင့်အတူ နေ့လယ်စာ စားနေ၏။

ကိတ်က ခေါင်းခါလိုက်ပြီး "ဘယ်သူကမှ ဘဝဟာ တရားရမယ်လို့ မပြောခဲ့ပါဘူး"။ ပေ့ချ်သည် ပိုးသတ်ထားသော အဖြူရောင်ကြွေပြားများခင်းထားသည့်အခန်းကို

လှည့်ပတ်ကြည့်လိုက်၏။ "ဒီနေရာတစ်ခုလုံးက ငါ့ကို စိတ်ဓာတ်ကျစေတယ်။ လူတိုင်းက ဖျားနာနေကြတယ်။"

"မဟုတ်ရင် သူတို့ ဒီကို မလာကြတော့ဘူးလေ" ကိတ်က ထောက်ပြ၏။

"ငါတို့ ပါတီတစ်ခုလောက် လုပ်ရအောင်" ဟန်နီက အကြံပေး၏။

"ပါတီ? နင်က ဘယ်လိုဖြစ်ချင်တာလဲ"

ဟန်နီအသံမှာ တက်ကြွမှုများဖြင့် ပြည့်နေသည်။ "ငါတို့တွေ အစားကောင်းကောင်း၊ ယမကာ ကောင်းကောင်းတွေ မှာကြမယ်။ ပြီးတော့ အောင်ပွဲခံကြတာပေါ့။ ငါတို့ ကောင်းချီးသြဘာတွေ လိုအပ်နေပြီ"။ ပေ့ချ်တစ်စက္ကန့်မျှ တွေးလိုက်ပြီ "အင်း…ဒီစိတ်ကူးကောင်းတယ်။ လုပ်ကြတာပေါ့"

"ကောင်းပြီလေ။ ငါစီစဉ်လိုက်မယ်" ဟန်နီက သူတို့ကို ပြောသည်။ "ငါတို့ မနက်ဖြန် 'ရောင်း'တွေအပြီး လုပ်ကြတာပေါ့"

ကော်ရစ်ဒါတွင် အာသာကိန်းသည် ပေ့ချ်အနီးသို့ ကပ်သွားသည်။ သူ့အသံမှာ အေးစက်နေ၏။ "မင်းက ဆိုးတဲ့ မိန်းကလေးတစ်ယောက်ပဲ။ တစ်ယောက်ယောက်တော့ မင်းပါးစပ်ကို ပိတ်ထားဖို့ သင်ပေးရမယ်" ထို့နောက် သူ အဝေးသို့ ထွက်သွားသည်။

ပေ့ချ်သူ့အား အံ့သြတကြီး လိုက်ကြည့်မိ၏။ ဝေါလေ့စ်က ငါပြောခဲ့တာတွေ သူ့ကို ပြန်ပြောတယ်။ သူဒီလို မလုပ်သင့်ဘူး။ 'ဒေါက်တာဟာ တစ်ကိုယ်တည်းသမားဖြစ်ပြီး တခြားဘဝတူဆရာဝန်တွေကိုလည်း တိုက်ခိုက်တတ်တယ်လို့ သတင်းထွက်သွားရင်. . .' ငါဒီလို ထပ်လုပ်မှာလား။ ပေ့ချ် ပြန်မေးမိ၏။ လုပ်ကိုလုပ်မှာပဲ!

ကျင်းပတော့မည့် ပါတီအကြောင်း သတင်းက အလျင်အမြန်ပင် ပြန့်သွားသည်။ အလုပ်ဆရာဝန်အားလုံး ဝိုင်းပိုက်ဆံထည့်ကြသည်။ အာနီဆိုင်မှ အစားအသောက်ကောင်းကောင်းများ မှာကြပြီး ယမကာများကိုတော့ အနီးရှိစတိုးဆိုင်မှ ဝယ်ခဲ့သည်။ ပါတီအား ဆရာဝန်များဧည့်ခန်းတွင် ငါးနာရီစဖို့ ရည်ရွယ်ထားသည်။ အစားအသောက်များက လေးနာရီခွဲတွင် ရောက်လာခဲ့သည်။ ပုစွန်တုပ်၊ ပုစွန်ဆိတ်တို့နှင့် ပင်လယ်စာများ၊ ကြိတ်သားအမျိုးမျိုး၊ ဆွီဒင်အသားလုံးများ၊ အီတလီခေါက်ဆွဲများ၊ အသီးများ၊ အချိုပွဲများနှင့် အလျှံပယ်ဖြစ်၏။ ပေ့ချ်၊ ကိတ်နှင့် ဟန်နီတို့ ဧည့်ခန်းတွင်းသို့ ဝင်လိုက်သောအခါ ၎င်းမှာ စိတ်အားထက်သန်နေသော အလုပ်သင်ဆရာဝန်များ၊ ဘွဲ့လွန်တက်နေသူများ၊ သူနာပြုများဖြင့် ပြည့်နေပြီး စားသောက်ပျော်ရွှင်နေကြသည်။

ပေ့ချ် ဟန်နီဘက် လှည့်လိုက်ပြီး "နင့်စိတ်ကူးက တကယ်ကောင်းတယ်ဟာ"။ ဟန်နီပြုံးလိုက်ပြီး "ကျေးဇူး"ဟု ပြောလိုက်သည်။

လော်စပီကာထံမှ ကြေညာချက်ထွက်ပေါ်လာသည်။ "ဒေါက်တာဖင်လီနဲ့ ဒေါက်တာကတ်တစ်လာ အရေးပေါ်ခန်းကို ချက်ချင်းလာခဲ့ပါ"။ ဆရာဝန်နှစ်ယောက် ပုစွန်စားနေရင်းတန်းလန်းပင် တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး သက်ပြင်းချလိုက်၏။ ထို့နောက်

အခန်းတွင်းမှ အလျင်အမြန်ထွက်သွားသည်။

တွန်ချန်း ပေ့ချ်ထံသို့ ရောက်လာပြီး "ငါတို့ ဒါမျိုး တစ်ပတ်တစ်ခါ လုပ်သင့်တယ်" ဟု ပြောလိုက်၏။

"မှန်တယ်။ ဒါက. . ."

လော်စပီကာ အသံထပ်ပေါ်လာပြန်သည်။ "ဒေါက်တာချန်း. . .အခန်း ၇. . .ဒေါက်တာချန်း. . .အခန်း ၇"

နောက်တစ်မိနစ်အကြာ "ဒေါက်တာစမစ်သီ. . .အရေးပေါ်ခန်း ၂. . .ဒေါက်တာစမစ်သီ အရေးပေါ်ခန်း ၂"

လော်စပီကာအသံက ဘယ်တော့မှ မရပ်။ မိနစ် ၃၀ အတွင်းမှာပင် ဆရာဝန်နှင့် သူနာပြုအားလုံးနီးပါး အရေးပေါ်ကိစ္စများဖြင့် အခေါ်ခံရသည်။ ဟန်နီသည် သူမနာမည်ခေါ်သည်ကို ကြားလိုက်၏။ ထို့နောက် ပေ့ချ်၊ နောက် ကိတ်။

"မယုံနိုင်စရာပဲ" ကိတ်က ပြော၏။ "ကိုယ်စောင့်နတ်အကြောင်းကို လူတွေပြောကြတာသိသား? ငါကတော့ ငါတို့ သုံးယောက်ဟာ ကိုယ်စောင့်မိစ္ဆာရဲ့ ကျိန်စာမိနေတယ်လို့ ထင်တယ်"။ သူမ၏ဝဇီကံက နိမိတ်ဖြစ်ခဲ့လေသည်။

နောက်တစ်နေ့ တနင်္လာနံနက်တွင် ပေ့ချ် ဂျူတီထွက်ပြီး သူမကားရှိရာသို့ သွား၏။ တာယာ ၂ လုံးမှာ ထိုးခွဲထားခြင်းခံရ၏။ သူမ ကိုယ့်မျက်စိကိုယ် မယုံနိုင်ဖြစ်ရ၏။ တစ်ယောက်ယောက်တော့ မင်းပါးစပ်ကို ပိတ်ထားဖို့ သင်ပေးရမယ်!

သူမ တိုက်ခန်းသို့ ပြန်ရောက်သောအခါ ဟန်နီနှင့်ကိတ်တို့အား သတိပေးလိုက်၏။ "အာသာကိန်းကို သတိထား။ သူရူးနေပြီ"

(အခန်း ၁၁)

တယ်လီဖုန်းမြည်သံကြောင့် ကိတ်နိုးလာသည်။ မျက်လုံးမဖွင့်ဘဲ လက်လှမ်းယူလိုက်ကာ ဖုန်းခွက်ကို သူမနားနှင့် ကပ်လိုက်၏။

"ဟယ်လို"

"ကိတ်။ မိုက်ပါ"

သူမ ထထိုင်လိုက်၏။ သူမ နလုံးခုန်မြန်လာ၏။ "မိုက်။ နင် အဆင်ပြေရဲ့လား" သူ့ရယ်သံကို သူမကြားလိုက်ရ၏။

"တစ်ခါမှ ဒီလောက်မပြေဖူးဘူး၊ မမ။ မမကိုရော၊ မမမိတ်ဆွေကိုရော ကျေးဇူးတင်တယ်"

"ငါ့မိတ်ဆွေ"

"မစ္စတာဒိုင်နက်တိုလေ"

"ဘယ်သူလဲ" ကိတ် အိပ်ငိုက်နေသည့်ကြားမှ ကြိုးစားစဉ်းစားကြည့်သည်။

"မစ္စတာဒိုင်နက်တိုလေ။ သူ ကျွန်တော့်အသက်ကို ကယ်လိုက်တာပဲ"

သူဘာတွေ ပြောနေမှန်း ကိတ်လုံးဝမသိ။

"မိုက်. . ."

"ကျွန်တော်လူတစ်ယောက်ကို အကြွေးတင်ခဲ့တာ သိတယ်မဟုတ်လား။ မစ္စတာဒိုင်နက်တိုက ဒီကိစ္စကို ရှင်းလိုက်ပြီ။ သူက

တကယ့်လူကြီးလူကောင်းပဲ။ သူက မမကို အရမ်းလေးစားတာ”

ဒိုင်နက်တိုနှင့် အဖြစ်အပျက်ကို ကိတ်မေ့နေခဲ့၏။ သို့သော် ယခုတွင်တော့ သူမစိတ်အတွင်း ပြန်လည်ပုံပေါ်လာသည် - ဒီမှာ အမျိုးသမီး..ခင်ဗျား ဘယ်သူနဲ့ စကားပြောနေတာလဲဆိုတာ မသိဘူးထင်တယ်။ ဒီလူပြောတာကို ခင်ဗျားလုပ်လိုက်ရင်ကောင်းမယ်။ သူက မစ္စတာလုဒိုင်နက်တိုပဲ။

မိုက်က ဆက်ပြော၏။ "ကျွန်တော် မမကို ငွေနည်းနည်း ပို့လိုက်တယ်။ မမ မိတ်ဆွေက ကျွန်တော်အလုပ်ရဖို့ စီစဉ်ပေးထားတယ်။ အလုပ်က ဝင်ငွေတော်တော်ကောင်းတယ်”

မမမိတ်ဆွေ။ ကိတ်မှာ စိုးရိမ်နေ၏။ "မိုက်၊ ငါပြောတာနားထောင်။ နင်ကိုယ့်ကိုယ်ကို သေချာဂရုစိုက်”

သူ့ရယ်သံကို သူမ ထပ်ကြားရပြန်သည်။

"ကျွန်တော့်ကို မစိုးရိမ်ပါနဲ့။ ကျွန်တော် ပြောခဲ့တယ်မဟုတ်လား။ အားလုံး အဆင်ပြေသွားမှာပါလို့။ ကဲ. . .ကျွန်တော်မှန်တယ်မဟုတ်လား”

"သတိတော့ထားပါ မိုက်ရယ်။ မလုပ်. . .”

ဖုန်းလိုင်းကျသွား၏။

ကိတ် ပြန်မအိပ်နိုင်တော့။ ဒိုင်နက်တို။ သူ မိုက်အကြောင်းဘယ်လို သိသွားတာလဲ။ ဘာလို့ သူ့ကို ကူညီနေတာလဲ”

နောက်တစ်နေ့ညတွင် ကိတ်ဆေးရုံမှ ထွက်လာသောအခါ အနက်ရောင်ဇိမ်ခံကားကြီးတစ်စီးက ပလက်ဖောင်းဘေးတွင် စောင့်နေ၏။ ရှဲဒိုးနှင့် ရိုင်နီတို့ ကားဘေးတွင် ရပ်နေကြသည်။ ကိတ်အနားမှ စတင်ဖြတ်သွားသောအခါ ရိုင်နီက ပြော၏။ "အထဲဝင်ပါ၊ ဒေါက်တာ။ မစ္စတာဒိုင်နက်တိုက ဒေါက်တာ့ကို တွေ့ချင်နေတယ်”။ သူမ ခဏမျှ သူတို့ကို ကြည့်လိုက်၏။ ရိုင်နီမှာ မကောင်းသတင်းသယ်ဆောင်သူပုံစံရှိ၏။ သို့သော် သူမကို ကြောက်လန့်စေသည်မှာ ရှဲဒိုးဖြစ်၏။ သူ့တည်ငြိမ်မှုက ကြောက်လန့်စေသည်။ ဘယ်လိုအချိန်မျိုးမှာပဲဖြစ်ဖြစ် ကိတ်ကားအတွင်းသို့ မဝင်လိုပေ။ သို့သော် မိုက်တယ်လီဖုန်းက သူမကို စိတ်ရှုပ်ထွေးစေသည်။ စိုးရိမ်စေသည်။

သူမအား မြို့ပြင်ရှိ တိုက်ခန်းငယ်တစ်ခုထံသို့ ကားမောင်းခေါ်ဆောင်သွားကြသည်။ သူမရောက်သောအခါ ဒိုင်နက်တိုက သူမကို စောင့်နေကြောင်းတွေ့ရ၏။ "လာတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒေါက်တာဟန်တာ” သူက ပြော၏။ "ကျွန်တော် တကယ်ကို တန်ဖိုးထားပါတယ်။ ကျွန်တော့် မိတ်ဆွေတစ်ယောက် မတော်တဆထိခိုက်မှု နည်းနည်းဖြစ်သွားတယ်။ သူ့ကို ကြည့်ပေးစေချင်ပါတယ်”

"ရှင် မိုက်ကို ဘာလုပ်ထားတာလဲ” ကိတ်က မေးလိုက်၏။

"ဘာမှ မလုပ်ပါဘူး” သူက အပြင်းကင်းမဲ့စွာ ဖြေ၏။ "သူ ဒုက္ခနည်းနည်းရောက်နေတယ်လို့ ကျွန်တော် ကြားတယ်။ ဒါကြောင့် ကူညီလိုက်တာပါ”

"ဘယ်လို. . .သူ့ကို ဘယ်လို သိတာလဲ? ကျွန်မဆိုလိုတာက သူက ကျွန်မမောင်လေးဖြစ်ကြောင်းနဲ့ . . .”

ဒိုင်နက်တို ပြုံးလိုက်ပြီး "ကျွန်တော့် လုပ်ငန်းထဲမှာ ကျွန်တော်တို့အားလုံးဟာ မိတ်ဆွေတွေပဲ။ ကျွန်တော်တို့ အပြန်အလှန်ကူညီကြတယ်။ မိုက်က မကောင်းတဲ့ ကောင်လေးတချို့နဲ့ ပေါင်းမိနေခဲ့တယ်။ ဒါကြောင့် ကျွန်တော်က ကူညီကယ်တင်လိုက်တာပဲ။ ဒေါက်တာ ကျေးဇူးတင်သင့်ပါတယ်"

"တင်ပါတယ်" ကိတ်က ပြော၏။ "တကယ်ကို ကျေးဇူးတင်တာပါ"

"ကောင်းတယ်။ ဒေါက်တာ ဆိုရိုးတစ်ခုကြားဖူးလား။ လက်တစ်ဖက်က အခြားလက်တစ်ဖက်ကို ဆေးကြောပေးတယ်ဆိုတာလေ" ကိတ် ခေါင်းခါလိုက်၏။ "ကျွန်မ ဥပဒေနဲ့ မလွတ်ကင်းတာ ဘာမှမလုပ်ဘူး"

"ဥပဒေနဲ့ မလွတ်ကင်းတာ?" ဒိုင်နက်တိုက သံယောင်လိုက်၏။ သူ စိတ်ထိခိုက်သွားပုံ ပေါ်၏။ "ကျွန်တော် ဒေါက်တာ့ကို ဒီလိုမျိုးတွေ မတောင်းဆိုပါဘူး။ ကျွန်တော့် မိတ်ဆွေက မတော်တဆထိခိုက်ခဲ့တယ်။ သူက ဆေးရုံလည်း မသွားချင်ဘူး။ သူ့ကို တစ်ချက်လောက်ကြည့်ပေးလို့ ရမလား"

ငါဘယ်လို အရေးမျိုးတွေ ဝင်ပါနေတာလဲ? ကိတ် အံ့ဩမိ၏။ "ကောင်းပြီလေ"

"သူက အိပ်ခန်းထဲမှာ"

ဒိုင်နက်တို၏ မိတ်ဆွေမှာ ပြင်းပြင်းထန်ထန်ပင် အရိုက်ခံထားရသည်။ သူသည် အိပ်ရာပေါ်တွင် သတိကင်းမဲ့ကာ လဲနေ၏။

"သူဘာဖြစ်သွားတာလဲ" ကိတ်က မေး၏။

ဒိုင်နက်တို သူမကို ကြည့်ပြီး ပြောလိုက်၏။ "သူလှေကားပေါ်ကနေ ပြုတ်ကျတာ"

"သူ့ကို ဆေးရုံပို့သင့်တယ်"

"ကျွန်တော်ပြောပြီးပြီပဲ။ သူကဆေးရုံတွေကို မကြိုက်ဘူး။ ဒေါက်တာအတွက် ဆေးရုံက ဘယ်လိုပစ္စည်းမျိုးကိုမဆို ပေးမယ်။ ကျွန်တော့်မိတ်ဆွေတွေကို ကြည့်ပေးနေတဲ့ ဆရာဝန်တစ်ယောက်တော့ရှိတယ်။ ဒါပေမဲ့ သူလည်း မတော်တဆထိခိုက်ထားတယ်"

စကားလုံးများက ကိတ်အား ကျောချမ်းစေ၏။ ထိုနေရာမှ ထွက်ပြေးပြီး၊ အိမ်ပြန်လိုက်ချင်သည်။ ဒိုင်နက်တိုဟူသောအမည်ကို နောက်ဘယ်တော့မှ ထပ်မကြားချင်တော့။ သို့သော် ဘဝတွင် ဘယ်အရာမျှ အလကားမရ။ အပေးအယူရှိရသည်။ ကိတ်သူမ၏ ကုတ်အင်္ကျီကို ချွတ်လိုက်ပြီး အလုပ်စလုပ်တော့သည်။

(အခန်း ၁၂)

ဆရာဝန်သက် ၄ နှစ်မြောက်သောအခါ ပေ့ချ်သည် ခွဲစိတ်ခြင်း ရာပေါင်းများစွာ ကူညီခွဲစိတ်ဖူးခဲ့သည်။ ၎င်းတို့သည် သူမအတွက် အလေ့အကျင့်သဖွယ်ဖြစ်လာခဲ့သည်။ သူမသည် သည်းခြေအိတ်၊ ဘေလုံး၊ အသည်း၊ အူအတက်နှင့် နှလုံး ခွဲစိတ်နည်းလမ်းများကို သိ၏။ သို့သော် ပေ့ချ်မကျေနပ်သည်မှာ သူမကိုယ်တိုင် ခွဲခွင့်မရခြင်းပင်။ "တစ်ခုကြည့်၊ တစ်ခုလုပ်၊ တစ်ခုသင်" ဆိုသည်က ဘယ်ရောက်သွားလဲ သူမ စဉ်းစားမရ။

အဖြေက ခွဲစိတ်ဌာနမှူး ဂျော့အန်းလန်က သူမကို

အခေါ်လွှတ်သောအခါ ပါလာခဲ့သည်။

"ပေ့ချ်၊ မနက်ဖြန် ခွဲခန်း ၃မှာ ၇ နာရီခွဲ အူကျလူနာခွဲဖို့ရှိတယ်"

သူမ မှတ်စုတွင် မှတ်လိုက်၏။ "ဟုတ်ကဲ့။ ဘယ်သူက ခွဲမှာလဲရှင်"

"ဒေါက်တာလေ"

"ဟုတ်ကဲ့။ ကျွန်မ. . ." စကားလုံးတို့ ပျောက်ဆုံးကုန်၏။ "ကျွန်မ?"

"ဟုတ်တယ်။ ပြဿနာရှိလား"

ပေ့ချ်အပြုံးက အခန်းကို တောက်ပသွားစေသည်။ "မရှိပါဘူးရှင်။ ကျွန်မ. . .ကျေးဇူးတင်ပါတယ်"

"ဒေါက်တာက အသင့်ဖြစ်နေပါပြီ။ ကျွန်တော့်အထင် လူနာက ဒေါက်တာနဲ့ ခွဲရတာ ကံကောင်းတာပဲ။ သူ့နာမည်က ဝေါတာဟားဖော့။ အခန်း ၃၁၄ မှာ"

"ဟားဖော့။ အခန်း ၃၁၄။ ကောင်းပြီ" ပေ့ချ် အခန်းတွင်းမှ ထွက်လာခဲ့၏။

သူ ဘယ်တုန်းကမျှ ဤမျှလောက် စိတ်မလှုပ်ရှားဖူး။ ငါရဲ့ ပထမဆုံးခွဲစိတ်တာ လုပ်ရတော့မယ်။ လူတစ်ယောက်ရဲ့ အသက်ကို ငါ့လက်ထဲမှာ ဆုပ်ကိုင်ထားရတော့မယ်။ တကယ်လို့ ငါအသင့်မဖြစ်သေးရင် ဘယ်လိုလုပ်မလဲ။ တကယ်လို့ ငါ အမှားတွေလုပ်ခဲ့ရင်ကော။ တစ်ခုခု လွဲခဲ့ရင်ကော။ ပေ့ချ် သူမကိုယ်တိုင်နှင့် ငြင်းခုံအပြီးတွင် သူမ ကြောက်စိတ်ဝင်နေ၏။

သူမ ကော်ဖီဆိုင်သို့သွားပြီး ကော်ဖီကြမ်းတစ်ခွက်ကို ထိုင်သောက်နေ၏။ အားလုံးအဆင်ပြေသွားမှာပါ။ သူမ ကိုယ့်ကိုယ်ကို ပြော၏။ ငါ အူကျခွဲစိတ်တာမျိုး ဒါဇင်နဲ့ချီပြီး ကူညီပေးခဲ့ဖူးတာပဲ။ ဘာမှ ခက်ခက်ခဲခဲမရှိပါဘူး။ ငါခွဲတာကိုခံရတာ သူကံကောင်းတာပဲ။ သူမ ကော်ဖီသောက်ပြီးသောအခါ သူမ၏ ပထမဆုံးလူနာကို ရင်ဆိုင်ဖို့ တည်ငြိမ်နေလေပြီ။

ဝေါတာဟားဖော့မှာ အသက်ခြောက်ဆယ်အရွယ်၊ ပိန်ပိန်၊ နဖူးပြောင်ပြောင်နှင့် စိုးရိမ်နေပုံပေါ်၏။ ပေ့ချ် ပန်းတစ်စည်းကိုင်ပြီး ဝင်သွားသောအခါ သူသည် အိပ်ရာထက်တွင် သူ့ပေါင်ကြားအား လက်ဖြင့် ကိုင်ထား၏။

"သူနာပြုဆရာမရေ. . .ကျွန်တော် ဆရာဝန်တစ်ယောက်နဲ့ တွေ့ချင်တယ်"

ပေ့ချ် ခုတင်ရှိရာသို့ လျှောက်သွားပြီး ပန်းများအား သူ့ကို ပေးလိုက်၏။ "ကျွန်မက ဆရာဝန်ပါ။ လူကြီးမင်းကို ကျွန်မ ခွဲမှာ"

သူ ပန်းများကို ကြည့်လိုက်ပြီး "မင်းက ဘယ်သူ?"

"မစိုးရိမ်ပါနဲ့" ပေ့ချ်က အားပေးစကားပြောလိုက်၏။ "လူကြီးမင်းဟာ ကျွမ်းကျင်သူလက်ထဲမှာပါ"။ ခုတင်ခြေရင်းမှ လူနာဖိုင်တွဲအား ပေ့ချ်ကောက်ယူလိုက်ပြီး လေ့လာလိုက်၏။

"အဲဒီမှာ ဘာရေးထားလဲ" လူနာက စိုးရိမ်တကြီး မေး၏။ သူမ ဘာလို့ ငါ့အတွက် ပန်းတွေ ယူလာတာလဲ?

"လူကြီးမင်း ပြန်ကောင်းလာမယ်လို့ ရေးထားတယ်"

သူ တံတွေးမြိုချလိုက်ပြီး "မင်းတကယ်ပဲ ခွဲမှာလား" "ဟုတ်ပါတယ်"

"မင်းကိုကြည့်ရတာ မတရား. . .မတရား ငယ်လွန်းနေတယ်"

ပေ့ချ် သူ့လက်မောင်းအား ပုတ်လိုက်ပြီး "ကျွန်မ လူနာတစ်ယောက်မှ မဆုံးရှုံးဖူးဘူး"။ သူမ အခန်းကို လှည့်ပတ်ကြည့်လိုက်၏။ "နေရတာ

သက်တောင့်သက်သာ ရှိရဲ့လား? ဖတ်စရာ တစ်ခုခု ယူပေးရမလား? စာအုပ်တစ်အုပ် ဒါမှမဟုတ် မဂ္ဂဇင်းတစ်စောင်? သကြားလုံးကော?"

သူက စိုးရိမ်တကြီး နားစိုက်နေ၏။ "ဟင့်အင်း။ ကျွန်တော် အဆင်ပြေပါတယ်"။ ဘာလို့ သူမက သူ့အပေါ်အရမ်းကောင်းနေတာလဲ? သူ့ကို မပြောထားတာ တစ်ခုခုများ သူမဆီမှာ ရှိသလား?

"ကဲ. . .ဒါဆို မနက်ကျမှ တွေ့တာပေါ့" ပေ့ချ်က အားတက်သရော ပြောလိုက်၏။ စာတစ်ရွက်ပေါ်တွင် ပေ့ချ်တစ်စုံတစ်ခုကို ရေးလိုက်ပြီး သူ့အား ကမ်းပေးလိုက်၏။ "ဒါက ကျွန်မ အိမ်ဖုန်းနံပါတ်။ ညဘက်တစ်ခုခုဖြစ်ရင် ကျွန်မကို ခေါ်လိုက်။ ကျွန်မ ဖုန်းနားမှာပဲ နေနေမယ်"

ပေ့ချ်ထွက်သွားသောအခါ ဝေါတာဟားဇော့တစ်ယောက် ကြောက်ဒူးတုန်နေ၏။

မိနစ်အနည်းငယ်ကြာသောအခါ ပေ့ချ်အား ဂျင်မီသည် ခန်းမထဲတွင် တွေ့၏။ သူမထံ အပြုံးကြီးကြီးထားပြီး လျှောက်သွား၏။ "ဂုဏ်ယူပါတယ်။ ဒေါက်တာ ခွဲရတော့မယ်လို့ ကြားတယ်"

သတင်းပြန့်တာ မြန်တယ်ဟု ပေ့ချ်တွေးမိသည်။ "အင်း...ဟုတ်တယ်"

"သူက ဘယ်သူပဲဖြစ်ဖြစ်၊ သူကံကောင်းတယ်" ဂျင်မီက ပြော၏။ "ကျွန်တော်သာတစ်ခုခုဖြစ်ခဲ့ရင် ဒေါက်တာတစ်ယောက်ပဲ ကျွန်တော့်ကို ခွဲစိတ်ခွင့်ပြုနိုင်မယ်။

"ကျေးဇူးပဲ၊ ဂျင်မီ"

ဂျင်မီနှင့် တွေ့ဆုံးတိုင်လိုလိုပင် ဟာသတစ်ခုက အမြဲရှိသည်။ "ခြေကျင်းဝတ်မှာ ထူးထူးဆန်းဆန်း နာနေတဲ့ လူတစ်ယောက်အကြောင်း ကြားပြီးပြီလား? သူက ဆရာဝန်ဆီသွားပြရမှာလည်း နမြောတယ်။ ဒါကြောင့် သူ့မိတ်ဆွေတစ်ယောက်ဆီမှာလည်း အဲဒီလိုနာနေကြောင်း သူသိလိုက်တဲ့အခါ သူ့မိတ်ဆွေကို 'မင်းဆရာဝန်ဆီ ချက်ချင်းသွားပြရင်ကောင်းမယ်။ ပြီးတော့ ဆရာဝန်ပြောတဲ့အတိုင်း တစ်သဝေမတိမ်း ငါ့ကို ပြန်ပြောပြ' လို့မှာလိုက်တယ်"

"နောက်တစ်နေ့မှာ သူ့မိတ်ဆွေ သေနေတာကို သူသိသွားတယ်။ သူဆေးရုံကို အပြေးသွားပြီး ဒေါ်လာငါးထောင်တန်တဲ့ စစ်ဆေးမှုတွေလုပ်လိုက်တယ်။ ဘာမှားနေမှန်း မသိရသေးဘူး။ သူ့မိတ်ဆွေရဲ့ ဇနီးကိုခေါ်ပြီး မေးကြည့်တယ်။ 'ချက်စတာမသေခင်မှာ တော်တော်ကြီးနာနာကျင်ကျင် ခံစားရသေးလား' 'ဟင့်အင်း'လို့ သူမကပြောတယ်။ 'သူ့ကိုတိုက်တဲ့ကုန်ကားကိုတောင် သူမမြင်လိုက်ဘူး'တဲ့" ထို့နောက် ဂျင်မီ ထွက်သွားသည်။

ပေ့ချ် စိတ်လှုပ်ရှားလွန်း၍ ညစာပင် ကောင်းကောင်းမစားနိုင်။ တစ်ညနေလုံး ခွဲစိတ်ကြိုးထုံးပုံထုံးနည်းများကို စားပွဲခြေတိုင်များ၊ မီးအိမ်များတွင် ကျင့်နေသည်။ ငါ ညအိပ်ရေး ဝဝ အိပ်ရမယ်ဟု ပေ့ချ် ဆုံးဖြတ်လိုက်၏။ ဒါမှ ငါမနက်ကျရင် လန်းလန်းဆန်းဆန်းရှိမှာ။

သူမ တစ်ညလုံးနိုးနေ၏။ ခွဲစိတ်နည်းတို့ကို သူမစိတ်ထဲ အဖန်တလဲလဲ ပြန်မြင်ယောင်ကြည့်နေ၏။

အူကျခြင်း သုံးမျိုးရှိသည်။ ဆွဲတင်နိုင်သည့်အူကျခြင်း၊ ၎င်းတွင် ကပ္ပာယ်အိတ်အတွင်းရှိ အူများကို ဝမ်းဗိုက်အတွင်းသို့ ပြန်တွန်းပို့နိုင်သည်။ ဆွဲမတင်နိုင်တော့သည့်အူကျခြင်း၊ ၎င်းတွင်

အူများမှာ ကပ်ညိနေပြီး အပေါ်သို့ ပြန်တွန်းမတင်နိုင်တော့ချေ။ ထို့နောက် အန္တရာယ်အများဆုံးမှာ သွေးမလျှောက်အူကျခြင်းဖြစ်၏။ ၎င်းတွင် အူတွင်းသို့သွားနေသော သွေးကြောမှာ ပိတ်ဆို့သွားပြီး အူကို ထိခိုက်စေ၏။ ဝေါတာဟားဇော့တွင်ရှိသည်မှာ ဆွဲတင်နိုင်သည့် အူကျခြင်းဖြစ်၏။

မနက် ၆ နာရီထိုးတွင် ပေ့ချ်သည် ဆေးရုံကားရပ်နားဝန်းအတွင်းသို့ မောင်းဝင်သွားသည်။ သူမရပ်နားသည့်နေရာဘေးတွင် အနီရောင်ဖာရာရီတစ်စင်းရပ်ထားသည်။ မည်သူ့ကားဖြစ်မည်နည်းဟု ပေ့ချ်တွေးမိသည်။ ဘယ်သူပိုင်ပိုင်၊ ပိုင်ရှင်ကတော့ ချမ်းသာမှာပါပဲ။

မနက် ၇ နာရီတွင် ပေ့ချ်သည် ဝေါတာဟားဇော့အား ညဝတ်အင်္ကျီများမှ အပြာရောင်ဆေးရုံဝတ်စုံသို့ ပြောင်းလဲဝတ်ဆင်နိုင်ရန် ကူညီပေးနေ၏။ သူနာပြုက သူ့အား စိတ်လျှော့ထားစေရန် အိပ်ဆေးများ ပေးထား၏။ သူကို ခွဲခန်းတွင်းသို့ ခေါ်သွားမည့် တွန်းလှည်းကို စောင့်နေကြသည်။ "ဒါကျွန်တော့်ရဲ့ ပထမဆုံးခွဲစိတ်ခြင်းပဲ" ဝေါတာဟားဇော့က ပြောသည်။ ကျွန်မရောပဲဟု ပေ့ချ်အသံတိတ်ပြောလိုက်သည်။

တွန်းလှည်းရောက်လာပြီး ဝေါတာဟားဇော့အား ခွဲခန်း ၃ သို့ ခေါ်သွားသည်။ သူ့ဘေးနားမှနေ၍ ပေ့ချ် လမ်းလျှောက်လိုက်လာသည်။ သူမ နှလုံးမှာ ပြင်းပြင်းထန်ထန်ခုန်နေသောကြောင့် လူနာကြားမှာကိုပင် သူမစိုးရိမ်နေ၏။

ခွဲခန်း ၃ မှာ အခြားအခန်းများထက် ပိုကြီးသော အခန်းတစ်ခုဖြစ်၏။ နှလုံးစောင့်ကြည့်စက်တစ်လုံး၊ နှလုံး-အဆုတ်ချိတ်စက်တစ်လုံးနှင့် အခြားဆေးနှင့်ဆိုင်သော ပစ္စည်းများ ထားရှိသည်။ ပေ့ချ် အခန်းထဲသို့ ဝင်လာသောအခါ ဝန်ထမ်းများမှာ ပစ္စည်းများကို ပြင်ဆင်နေရင်း သူမအရင် ရောက်နှင့်နေကြသည်။

စောင့်ကြည့်သမားတော်တစ်ယောက်၊ မေ့ဆေးဆရာဝန်တစ်ယောက်၊ အလုပ်သင်ဆရာဝန်နှစ်ဦး၊ ကူညီသူနာပြုတစ်ဦးနှင့် လှည့်ပတ်ကူညီနေသော သူနာပြုနှစ်ဦးတို့ ရှိသည်။

ဝန်ထမ်းများက သူမကို မျှော်လင့်တကြီး ကြည့်နေကြ၏။ သူမ၏ ပထမဆုံးခွဲစိတ်ခြင်းကို မည်သို့ ပြုလုပ်မည်ကို စိတ်အားထက်သန်စွာ သိချင်နေကြ၏။ ဝေါတာဟားဇော့၏ ပေါင်ကြားမှ အမွေးများကို ရိတ်ထားပေးပြီး ပိုးသတ်ဆေးရည်ဖြင့် ဆေးကြောထား၏။ ပိုးသတ်ပြီးသား အဝတ်များက ခွဲစိတ်မည့်နေရာတစ်ဝိုက်တွင် ဖြန့်ခင်းထားသည်။

ဟားဇော့ ပေ့ချ်အား မော့ကြည့်လိုက်ပြီး ရီဝေဝေဖြင့် ပြောလိုက်၏။ "ကျွန်တော်ကို သေသွားခွင့် ပြုမှာမဟုတ်ဘူး၊ မဟုတ်လား"

ပေ့ချ် ပြုံးလိုက်၏။ "ဘာ? ကျွန်မရဲ့ စင်းလုံးချောစံချိန်က ဖျက်ပစ်ရမယ် ဟုတ်လား"။ သူမ မေ့ဆေးဆရာဝန်ကို ကျော်ကြည့်လိုက်၏။ သူသည် လူနာအား ခါးရိုးထုံဆေးပေးတော့မည်။ ပေ့ချ်အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ခွဲစိတ်ခြင်း စတင်လေပြီ။ "ခွဲစိတ်ဓားပေးပါ"

ပေ့ချ် အရေပြားတွင် ပထမဆုံးခွဲရာပေးတော့မည့်အချိန်တွင် လှည့်ပတ်ကူညီသည့်သူနာပြုက တစ်စုံတစ်ခုပြောလိုက်၏။

"ဘာပြောတာလဲ?"

"ဒေါက်တာသီချင်းကြိုက်တတ်လားလို့မေးတာပါ"

သူမအတွက်တော့ ပထမဆုံးအကြိမ် ထိုမေးခွန်းအမေးခံဖူးခြင်းပင်။ ပေ့ချ်ပြုံးလိုက်ပြီး "အင်း။ ဂျင်မီဘူဖက်ရဲ့သီချင်း ဖွင့်လိုက်"

ပေ့ချ် စတင်ခွဲလိုက်သည့်အချိန်တွင် သူမ၏ စိုးရိမ်စိတ်များပျောက်ကွယ်ကုန်သည်။ တစ်ဘဝလုံးလုပ်ခဲ့သလို သူမခွဲခဲ့၏။ ကျွမ်းကျင်စွာနှင့်ပင် အဆီနှင့် ကြွက်သားလွှာများကို ခွဲဖြတ်ပြီး အူကျနေသည့်နေရာရောက်အောင်သွား၏။ ထိုအချိန်တွင်ပင် သူမသည် ကြားနေကြအသံများ အခန်းထဲတွင် ပဲ့တင်ထပ်နေသည်ကို သတိပြုမိ၏။

"ညှပ်. . ."

"ဘိုဗီပေး. . ."

"ဒီမှာ. . ."

"ငါတို့ အချိန်မီ ခွဲလိုက်နိုင်တာပဲ. . ."

"ချုပ်ညှပ်"

"စုပ်ထုတ်လိုက်ပါ၊ ကျေးဇူးပြုပြီး"

သူမလုပ်နေသည့်အပေါ်တွင် ပေ့ချ်စိတ်သည် လုံးဝအာရုံဝင်စားနေ၏။ အူကျအိတ်ကိုရှာ. . .ရှင်းထုတ်. . .အူတွေကို ဝမ်းဗိုက်ထဲပြန်ထည့်. . .အိတ်အခြေကို ချည်. . .ကျန်တာကို ဖြတ်ထုတ်. . .ပေါင်ကြားကွင်းကိုရှာ. . .ချုပ်. . .

ပထမဆုံး ဓားတင်ပြီး ၁ နာရီနှင့် မိနစ် ၂၀ အကြာတွင် ခွဲစိတ်ခြင်းသည် ပြီးဆုံးခဲ့သည်။

ပေ့ချ် မောပန်းနေသင့်သည်။ သို့သော် သူမ အလွန်အမင်း တက်ကြွနေ၏။

ဝေါ်တာဟားဖော့ကို ပြန်ချုပ်ပေးပြီးသောအခါ သူနာပြုက ပေ့ချ်ဘက်လှည့်လိုက်ပြီး "ဒေါက်တာတေစ်လာ. . ." ပေ့ချ် မော့ကြည့်လိုက်၏။ "ဟုတ်ကဲ့. .?" သူနာပြုက ပြုံးလိုက်ပြီး "လှပသေသပ်တယ်၊ ဒေါက်တာ"

ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်ပြီး သူတို့သုံးယောက်လုံး အနားရကြသည်။ "ငါတို့ ဒီနေ့ဘာလုပ်မလဲ" ကိတ်က မေး၏။

ပေ့ချ်တွင် စိတ်ကူးတစ်ခုရှိ၏။ "ဒီနေ့က သာယာတဲ့နေ့ပဲ။ ငါတို့ ထရီးပန်းခြံကို ကားမောင်းသွားရအောင်။ ငါတို့ ပျော်ပွဲစားထွက်ပြီး နေ့လယ်စာစားကြမယ်လေ"

"မဆိုးဘူး" ဟန်နီက ပြော၏။

"ဒါဆို လုပ်လိုက်လေ" ကိတ်ကလည်း သဘောတူသည်။

တယ်လီဖုန်းမြည်လာ၏။ သူတို့သုံးယောက်လုံး ငေးကြည့်မိ၏။ "ဘုရားရေ" ကိတ်က ပြော၏။ "လင်ကွန်းက ငါတို့ကို လွတ်လပ်စေခဲ့တယ်လို့ ထင်ထားတာ။ အဲဒီဖုန်းကို မကိုင်နဲ့။ ဒါငါတို့ ပိတ်ရက်ပဲ"

"ငါတို့ဆီမှာ ပိတ်ရက်မရှိပါဘူး" ပေ့ချ်က သူမကို သတိပေးလိုက်၏။

ကိတ် ဖုန်းရှိရာသို့ လျှောက်သွားပြီး ကောက်ကိုင်လိုက်သည်။ "ဒေါက်တာဟန်တာပါ"။ သူမ ခဏမျှနားထောင်လိုက်ပြီး ပေ့ချ်ဆီသို့ တယ်လီဖုန်းပေးလိုက်၏။ "နင့်အတွက်။ ဒေါက်တာတေစ်လာတဲ့"

ဖြစ်လိုရာဖြစ်စေတော့ဟူသောပုံစံဖြင့် ပေ့ချ်ပြန်ပြောလိုက်၏။ "ကောင်းပြီလေ" သူမ ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။ "ဒေါက်တာတေစ်လာပါ. . .ဟယ်လို၊ တွန်. . .ဘာ. . .ဟင့်အင်း၊ ကျွန်မ အခုပဲအပြင်သွားတော့မလို့. . .ကျွန်မသိပြီ. . .ကောင်းပြီ။ ကျွန်မ အဲဒီကို ၁၅ မိနစ်အတွင်းလာခဲ့မယ်" သူမ ဖုန်းခွက်ကို နေရာပြန်ထားလိုက်သည်။ ပျော်ပွဲစားထွက်ဖို့ မလွယ်တော့ဘူးဟု သူမတွေးမိ၏။

"အခြေအနေဆိုးလို့လား" ဟန်နီက မေး၏။

"အင်း။ ငါတို့ လူနာတစ်ယောက် ဆုံးတော့မယ်။ ငါ ဒီနေ့ညစာတော့ ပြန်စားဖြစ်အောင် ကြိုးစားမယ်"

ပေ့ချ် ဆေးရုံသို့ ရောက်သောအခါ သူမ ဆရာဝန်များ ကားရပ်နားရန်နေရာသို့သွားပြီး အနီရောင်ဖာရာရီကားသစ်ဘေးတွင် ရပ်လိုက်၏။ ခွဲစိတ်တာဘယ်နှစ်ခုလောက်လုပ်ပြီးမှ ဒီလိုကားမျိုးဝယ်နိုင်တာလဲမသိဘူးဟု သူမတွေးမိသည်။

မိနစ် ၂၀ ကြာသောအခါ ပေ့ချ်သည် ဧည့်သည်များစောင့်ခန်းသို့ လမ်းလျှောက်ဝင်လာ၏။ အနက်ရောင်ဝတ်စုံနှင့် လူတစ်ယောက်သည် ကုလားထိုင်တွင် ထိုင်နေပြီး ပြတင်းပေါက်အပြင်သို့ ငေးနေသည်။ "မစ္စတာနယ်ယူတန်လား"။ သူမတ်တတ်ရပ်လိုက်ပြီး "ဟုတ်ပါတယ်"

"ကျွန်မ ဒေါက်တာတေစ်လာပါ။ ကျွန်မ ရှင့်ကလေးကို ကြည့်ဖို့ ခုပဲရောက်လာတာ။ သူက ဗိုက်အောင့်လို့ လာပြတာလား" "ဟုတ်ကဲ့။ ကျွန်တော် သူ့ကို အိမ်ပြန်ခေါ်သွားတော့မယ်" "မဖြစ်နိုင်ပါဘူး။ ပီတာက ဘေလုံးကွဲသွားတယ်။ သူချက်ချင်းသွေးသွင်းဖို့လိုအပ်ပြီး ခွဲစိတ်ရပါမယ်။ မဟုတ်ရင် သူသေသွားလိမ့်မယ်"

မစ္စတာနယ်ယူတန် ခေါင်းခါလိုက်၏။ "ကျွန်တော်တို့က ယေဟောဝဘာသာရေးဂိုဏ်းကပါ (ထိုဂိုဏ်းမှ လူများမှာ သွေးသွင်းမခံကြချေ)။ ဘုရားသခင်က သူ့ကို သေခွင့်ပြုမှာ မဟုတ်ဘူး။ ကျွန်တော်ကလည်း အခြားလူတစ်ယောက်ရဲ့သွေးနဲ့ သူ့ကို မစွန်းထင်းစေချင်ဘူး။ သူ့ကို ဒီခေါ်လာတာ ကျွန်တော့်မိန်းမပါ။ ဒီလိုလုပ်တဲ့အတွက် သူမ အပြစ်ပေးခံရလိမ့်မယ်"

"မစ္စတာနယ်ယူတန်။ အခြေအနေဘယ်လောက်တောင် ဆိုးရွားလဲဆိုတာ ရှင်နားမလည်သေးဘူးထင်တယ်။ ကျွန်မတို့ အခုချက်ချင်းမခွဲရင် ရှင့်သားက သေတော့မှာ"

ထိုလူက သူမအားကြည့်ပြီး ပြုံးလိုက်၏။ "ဘုရားသခင်ရဲ့ နည်းလမ်းတွေကို ဒေါက်တာမသိပါဘူး။ ဟုတ်တယ်မို့လား"

ပေ့ချ် ဒေါသထွက်နေ၏။ "ကျွန်မ ဘုရားသခင်ရဲ့နည်းလမ်းတွေအကြောင်း အများကြီးမသိပါဘူး။ ဒါပေမဲ့ ဘေလုံးကွဲတဲ့အကြောင်းတော့ ကျွန်မ တော်တော်သိထားတယ်"

သူမ စာရွက်တစ်ရွက်ကို ထုတ်လိုက်၏။ "သူက ကလေးပဲရှိသေးတယ်။ ဒါကြောင့် သူ့အတွက် ဒီစာရွက်မှာ လက်မှတ်ထိုးပေးပါ" သူမက လှမ်းပေးလိုက်သည်။

"ကျွန်တော် မထိုးပေးရင်ကော?" "ဘာလို့လဲ. . .ဒါဆို ကျွန်မတို့ မခွဲစိတ်နိုင်တော့ဘူး"။ သူက ခေါင်းညိတ်လိုက်၏။ "ဒေါက်တာ့ရဲ့စွမ်းအားတွေက ဘုရားသခင်ထက်သာလွန်တယ်လို့ ထင်နေသလားဟင်?"

ပေ့ချ် သူ့ကို စိုက်ကြည့်နေ၏။ "ရှင် ဒီမှာ လက်မှတ်မထိုးဘူးလား"

"မထိုးဘူး။ ဒေါက်တာ့ထက် ပိုမိုစွမ်းအားရှိတဲ့အရာက ကျွန်တော့်သားကို ကယ်လိမ့်မယ်။ ဒေါက်တာ တွေ့ပါလိမ့်မယ်"

ပေ့ချ် ဆေးကုဆောင်တွင်းသို့ ပြန်လာသောအခါ ခြောက်နှစ်သား ပီတာလေးမှာ မေ့မြောနေလေ၏။

"သူ ဒါကို မကျော်နိုင်တော့ဘူး" ချန်းက ပြော၏။ "သူ့သွေးတွေ အများကြီး ဆုံးရှုံးထားတယ်။ အခု နင်ဘာလုပ်ချင်သလဲ"

ပေ့ချ်ဆုံးဖြတ်ချက်ချလိုက်၏။ "သူ့ကို ခွဲခန်း ၁ ထဲထည့်လိုက်၊ ချက်ချင်း"။ ချန်းသူမကို တအံ့တဩကြည့်လိုက်၏။ "သူ့အဖေ စိတ်ပြောင်းသွားပြီလား"

ပေ့ချ် ခေါင်းညိတ်လိုက်သည်။ "အင်း။ သူစိတ်ပြောင်းသွားပြီ။ ကဲ သူ့ကို ရွှေ့လိုက်ရအောင်" "ကောင်းတယ်။ ငါသူ့ကို တစ်နာရီလောက်စကားပြောတာကို သူ့ကို ဖျောင်းဖြလို့မရဘူး။ သူက ဘုရားသခင်က ဒါကို ကယ်တင်ပေးမယ်လို့ပဲ ပြောနေတယ်"

"ဘုရားသခင်က ကယ်တင်ပေးနေပါတယ်" ပေ့ချ် သူ့ကို ယုံကြည်စေ၏။

၂ နာရီနှင့် သွေး ၄ ပုလင်း ကုန်သောအခါ ခွဲစိတ်ခြင်းသည် အောင်မြင်စွာ ပြီးဆုံးခဲ့သည်။ ကောင်ကလေး၏ သက်ရှိလက္ခဏာအားလုံး ကောင်းမွန်၏။ ပေ့ချ် သူ၏ နဖူးအား ပွတ်သပ်လိုက်သည်။ "သူပြန်ကောင်းသွားမှာပါ"

အထွေထွေလုပ်သားတစ်ဦး ခွဲခန်းထဲသို့ ကမန်းကတန်း ဝင်ရောက်လာ၏။ "ဒေါက်တာတေစ်လာ။ ဒေါက်တာဝေါလေ့က ခုချက်ချင်းလာတွေ့ပါတဲ့"။ ဘန်ဂျမင်ဖ

လွန်စွာဒေါသထွက်လွန်း၍ အသံများပင် အက်ကွဲနေ၏။ "မင်း ဒီလိုတရားလွန်လုပ်ရပ်မျိုးကို ဘာလို့လုပ်ရတာလဲ။ လူနာကို ခွင့်ပြုချက်မရဘဲ သွေးလည်းသွင်းတယ်၊ ခွဲလည်း ခွဲတယ်။ မင်း ဥပဒေကို ချိုးဖောက်လိုက်တာပဲ"

"ကျွန်မက ကလေးအသက်ကို ကယ်လိုက်တာ"

ဝေါလေ့ အသက်ပြင်းပြင်းရှူသွင်းလိုက်၏။ "တရားရုံးအမိန့်ကို အရင်ယူသင့်တယ်"

"အချိန်မှ မရှိတာ" ပေ့ချ်က ပြော၏။ "ဆယ်မိနစ်လောက် အဲဒီအတိုင်း ဆက်ထားကြည့်၊ လူနာသေပြီ။ ဘုရားသခင်က တခြားနေရာမှာ အလုပ်များနေတယ်"

ဝေါလေ့ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေ၏။ "ကျွန်တော်တို့အခု ဘာဆက်လုပ်မလဲ"

"တရားရုံးအမိန့်ယူမယ်လေ"

"ဘာအတွက်လဲ။ ဒေါက်တာ ခွဲတောင်ပြီးသွားပြီ"

"ကျွန်မ နေ့စွဲကို ပြန်ရေးလိုက်မယ်။ ဘာကွာသွားလဲဆိုတာ ဘယ်သူမှ သိမှာ မဟုတ်ပါဘူး"

ဝေါလေ့သူမအား ကြည့်လိုက်ပြီး အသက်ရှူများ စတင်မြန်လာ၏။ "ဘုရားရေ" သူ့မျက်ခုံးကို သုတ်လိုက်၏။ "ဒီလိုလုပ်ရင် ငါအလုပ်တောင် ပြုတ်သွားနိုင်တယ်"။ ပေ့ချ် သူ့အား အချိန်အတန်ကြာ ကြည့်နေခဲ့သည်။ ထို့နောက် သူမလှည့်လိုက်ပြီး တံခါးဆီသို့ ထွက်သွားသည်။

"ပေ့ချ်. . .?"

သူမ ရပ်လိုက်၏။ "ဟုတဲ့?"
"နောက် ဒီလိုမျိုးထပ်မလုပ်နဲ့တော့နော်"
"လုပ်သင့်မှပဲ လုပ်မှာပါ" ပေ့ချ် သူ့အား နှစ်သိမ့်လိုက်၏။

(အခန်း ၁၃)

ဆေးရုံတိုင်းလိုလိုသည် ဆေးခိုးမှု ပြဿနာနှင့် ကြုံတွေ့နေရသည်။ ဥပဒေအရဆိုလျှင် ဆေးသိုလှောင်ရုံမှ ထုတ်သမျှ မူးယစ်ဆေးတိုင်းကို လက်မှတ်ထိုး ထုတ်ရသည်။ သို့သော် လုံခြုံရေးမည်မျှပင် တင်းကျပ်စေကာမူ ဆေးစွဲသူတို့က နည်းလမ်းရှာပြီး ကျော်လွှားကြသည်။

အန်ဘာကာဒီရှိဆေးရုံသည်လည်း ထိုပြဿနာကို အကြီးအကျယ် ရင်ဆိုင်နေရသည်။ မာဂရက်စပင်ဆာသည် ဘန်ဝေါလေ့အား သွားတွေ့၏။ "ကျွန်မဘာလုပ်ရမှန်းမသိတော့ဘူး၊ ဒေါက်တာ။ ကျွန်မတို့ဆီက ဖန်တနိုင်းတွေ ပျောက်ပျောက်နေတယ်"

ဖန်တနိုင်းသည် အလွန်စွဲစေသည့်မူးယစ်ဆေးဖြစ်ပြီး မေ့ဆေးပေးရာတွင် သုံးသည့်ဆေးလည်း ဖြစ်သည်။

"ဘယ်လောက်တောင် ပျောက်နေလဲ"

"အများကြီးပဲ။ တကယ်လို့ ပုလင်းနည်းနည်းပဲပျောက်တာဆိုရင်တော့ သွေးရိုးသားရိုးဖြစ်နိုင်သေးတယ်။ ဒါပေမဲ့ ပုံမှန်ကို ပျောက်နေတယ်။ တစ်ပတ်ကို ပုလင်းတစ်ဒါဇင်ကျော် ပျောက်နေတယ်"

"ဘယ်သူယူတယ်လို့ သံသယရှိလဲ"

"ဟင့်အင်း။ ကျွန်မ လုံခြုံရေးတွေနဲ့ စကားပြောကြည့်ပြီးပြီ။ သူတို့လည်း ကြောင်နေတယ်"

"သိုလှောင်ရုံထဲ ဘယ်သူတွေဝင်ခွင့်ရှိလဲ"

"အဲဒါက ပြဿနာပေါ့။ မေ့ဆေးဆရာဝန်အတော်များများက တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာနိုင်တယ်။ ပြီးတော့ သူနာပြုနဲ့ ခွဲစိတ်ဆရာဝန်အတော်များများလည်း ဝင်ခွင့်ရှိတယ်" ဝေါလေ့ စဉ်းစားနေ၏။ "ကျွန်တော့်ဆီလာပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဆောင်ရွက်လိုက်ပါ့မယ်"

"ကျေးဇူးပါပဲ၊ ဒေါက်တာ" သူနာပြုစပင်ဆာ ထွက်သွား၏။

လောလောဆယ် ဒါတွေဖြစ်မလာသင့်ဘူးဟု ဝေါလေ့ ဒေါသတကြီးတွေးမိသည်။ ဆေးရုံဘုတ်အဖွဲ့အစည်းအဝေးမှာ နီးလာပြီ။ ထို့ပြင် ဖြေရှင်းစရာ ပြဿနာတွေကလည်း တစ်ပုံတစ်ခေါင်းကြီးရှိသည်။ ဘန်ဝေါလေ့သည် စာရင်းဇယားများကို အတော်သတိထားမိသူဖြစ်သည်။ အမေရိကားတွင် ဆရာဝန် ၁၀ ရာခိုင်နှုန်းကျော်သည် တစ်ချိန်မဟုတ် တစ်ချိန် ဆေးသို့မဟုတ် အရက်စွဲခဲ့ကြသည်။ ဆေးဝါးများကို လွယ်လွယ်ကူကူ လက်လှမ်းမီခြင်းက သူတို့ကို ဆွဲဆောင်ခဲ့၏။ ဆရာဝန်တစ်ယောက်အတွက်ဆိုလျှင် သေတ္တာကိုဖွင့်၊ လိုချင်သည့်ဆေးကိုယူ၊ ကြပ်ထုပ်စည်းပြီး ဆေးထိုးအပ်နှင့်ထိုးသွင်းရသည်မှာ လွယ်ကူလှသည်။ ဆေးစွဲနေသူသည် ၂ နာရီခြားတစ်ခါမျှ ဆေးကို လိုအပ်နိုင်သည်။

ယခုတော့ သူ့ဆေးရုံတွင် ထိုပြဿနာဖြစ်နေ၏။ ဘုတ်အဖွဲ့အစည်းအဝေးမတိုင်မီ တစ်ခုခုတော့ လုပ်သင့်ပြီ။ မဟုတ်လျှင် သူ့မှတ်တမ်းတွင် အမည်းစက်ကျန်ခဲ့တော့မည်။

တရားခံကို ရှာဖွေဖို့ မည်သူ့ကို ယုံကြည်ရမည်မှန်း ဘန်ဝေါလေ့ မသိ။ သူ့ဂရုစိုက်မှုဖြစ်မည်။ ဒေါက်တာတေစ်လာနှင့် ဒေါက်တာဟန်တာတို့ မပါဝင်မှန်းတော့ သူသေချာသိသည်။ ထို့နောက် အချိန်အတော်ကြာစဉ်းစားပြီးနောက် သူတို့နှစ်ယောက်ကို အသုံးချရန်

ဆုံးဖြတ်ခဲ့သည်။

သူတို့နှစ်ယောက်ကို ခေါ်တွေ့၏။ "ဒေါက်တာတို့ဆီက ကျွန်တော် တစ်ခုတောင်းဆိုစရာရှိတယ်" သူတို့ကို ပြော၏။ သူသည် ဖန်တနိုင်းများ ပျောက်နေသည့်အကြောင်း ရှင်းပြလိုက်သည်။ "ဒေါက်တာတို့ကို မျက်စိရှင်ရှင်ထားစေချင်တယ်။ ဒေါက်တာတို့နဲ့ အတူတူ အလုပ်လုပ်တဲ့ ဆရာဝန်တွေထဲက တစ်ယောက်ယောက်ကများ ခွဲစိတ်နေတုန်းမှာ ခွဲခန်းထဲက ထွက်သွားတာဖြစ်ဖြစ် ဆေးစွဲပုံပေါက်တဲ့သူဖြစ်ဖြစ် တွေ့ခဲ့ရင် ကျွန်တော်ကို အသိပေးစေချင်တယ်။ ပင်ကိုယ်စရိုက်ပြောင်းလဲသွားတာ၊ စိတ်အတက်အကျမြန်တာ၊ ဒါမှမဟုတ် တွေဝေနေတာ ဒါမှမဟုတ် ချိန်းထားတာတွေပျက်တတ်တာတွေကို ရှာဖွေကြည့်ပါ။ ဒီကိစ္စကို လျှို့ဝှက်ထားပေးမယ်ဆိုရင် ကျွန်တော် ကျေးဇူးအထူးတင်ပါတယ်"

သူတို့ ရုံးခန်းမှ ထွက်လာသောအခါ ကိတ်က ပြောသည်။ "ဒါက ဆေးရုံကြီးတစ်ခုပဲ။ ငါတို့တော့ ရှားလော့ဟုန်းကို လိုတော့မှာပဲ"

"ဟင့်အင်း။ မလိုပါဘူး" ပေ့ချ်က ဝမ်းနည်းစွာပြော၏။ "ဘယ်သူလဲဆိုတာ ငါသိတယ်"

မစ်ကန်းပဲသည် ပေ့ချ်နှစ်သက်သည့်ဆရာဝန်များထဲမှ တစ်ယောက်ဖြစ်သည်။ ဒေါက်တာကန်းပဲသည် အသက်ငါးဆယ်ခန့်၊ ဆံပင်ငွေရောင်နှင့် ပျော်ပျော်နေတတ်ကာ နှစ်သက်ဖွယ်ကောင်းသူဖြစ်ပြီး ဆေးရုံရှိ အတော်ဆုံးခွဲစိတ်ဆရာဝန်များထဲမှ တစ်ယောက်လည်းဖြစ်သည်။ ပေ့ချ်မကြာမီက သတိထားမိသည်မှာ သူသည် ခွဲစိတ်ခန်းသို့ မိနစ်အနည်းငယ်နောက်ကျပြီးမှ ဝင်တတ်သည်။။ ထို့ပြင် သူ့လက်များမှာလည်း မြင်သာထင်သာပင် တုန်နေတတ်သည်။ သူက ပေ့ချ်အား တတ်နိုင်သမျှ သူ့အား ကူညီခွဲစိတ်စေသည်။ သူမအား ခွဲစိတ်ခြင်း၏ အဓိကနေရာများကိုလည်း လုပ်ခိုင်းသည်။ ခွဲနေတုန်းမှာပင် သူ့လက်များသည် တုန်လာတတ်ပြီး သူသည် ခွဲစိတ်ဓားကို ပေ့ချ်အား လွှဲပြောင်းပေးတတ်သည်။

"ငါနေလို့ မကောင်းဘူး" သူ ဗလုံးဗထွေးပြောမည်။ "မင်းဆက်လုပ်လိုက်မလား" ဟု မေးမည်။ ထို့နောက် သူသည် ခွဲခန်းအတွင်းမှ ထွက်သွားမည်။

သူဘာဖြစ်နေသနည်းဟု ပေ့ချ် တွေးပူမိခဲ့သည်။ ယခုတော့ သူမသိပြီ။ သူမဘာဆက်လုပ်ရမည်ကို ချီတုံချတုံစဉ်းစားနေ၏။ သူမသာ ဒီအကြောင်းကို ဝေါလေ့အား ပြောပြလိုက်ပါက ဒေါက်တာကန်းပဲအလုပ်ပြုတ်သွားနိုင်သည်။ ပိုဆိုးသည်မှာ သူ့ဆရာဝန်ဘဝပါ ပျက်သွားနိုင်သည်။ အခြားတစ်ဖက်တွင်လည်း သူမဘာမှမလုပ်ပါက သူမသည် လူနာအသက်ပေါင်းများစွာကို အန္တရာယ်တွင်းထဲပို့ပေးသလိုဖြစ်နေ၏။ ငါသူ့နဲ့စကားပြောကြည့်ရင်ကောင်းမယ်ဟု ပေ့ချ်တွေးမိသည်။ ငါသိနေကြောင်းသူ့ကို ပြောပြမယ်။ ပြီးတော့ သူ့ကို ဆေးဖြတ်ခိုင်းမယ်။ သူမ ထိုအကြောင်း ကိတ်နှင့် တိုင်ပင်၏။

"အဲဒါ ပြဿနာပဲ" ကိတ်က ထောက်ခံ၏။ "သူက လူကောင်းတစ်ယောက်၊ ဆရာဝန်ကောင်း တစ်ယောက်။ နင်သာ ဒီသတင်းကို ဖြန့်လိုက်ရင် သူ့ဘဝက သွားပြီ။ မပြောပြန်ရင်လည်း သူဆက်လုပ်မယ့် ထိခိုက်မှုတွေက ရှိနေသေးတယ်။ သူ့နဲ့ ရင်ဆိုင်ဖြေရှင်းရင်ကော ဘယ်လိုဖြစ်မယ်ထင်လဲ?"

"ကိတ်၊ သူကတော့ ငြင်းမှာပဲ။ ဒါဖြစ်နေကြပဲလေ" "အင်း၊ တော်တော်ခက်တဲ့ ကိစ္စပဲ"

နောက်တစ်နေ့တွင် ပေ့ချ်သည် ဒေါက်တာကန်းပဲနှင့်အတူ

ခွဲခန်းဝင်ရသည်။ ငါမှားပါစေဟု ပေ့ချ်ဲ ဆုတောင်းမိသည်။ သူနောက်ကျမှ မလာပါစေနဲ့၊ ခွဲနေတုန်းမှာလည်း မထွက်သွားပါစေနဲ့။ ကန်းပဲသည် ၁၅ မိနစ်နောက်ကျပြီးမှ ရောက်လာ၏။ ခွဲနေစဉ်တွင်လည်း သူက "ဆက်လုပ်လိုက်ပေတော့၊ ပေ့ချ်။ ငါခဏနေပြန်လာမယ်" ဟု ပြော၏။

ငါသူနဲ့ စကားပြောရမယ်ဟု ပေ့ချ်ဆုံးဖြတ်လိုက်သည်။ သူ့ဘဝကို မပျက်စီးစေချင်ဘူး။

နောက်တစ်နေ့နံနက်တွင် ပေ့ချ်နှင့်ဟန်နီတို့ ဆရာဝန်များယာဉ်ရပ်နားရန်နေရာသို့ ကားမောင်းဝင်သွားသည်။ ဟာရီဘိုးမန်းသည် သူတို့ဘေးတွင် အနီရောင်ဖာရာရီကားကို ထိုးရပ်လိုက်သည်။

"တကယ်လှတဲ့ ကားပဲ" ဟန်နီက ပြော၏။

"ဘယ်လောက်တောင်ပေးရလဲ?"

ဘိုးမန်း ရယ်လိုက်ပြီး "နင်မေးပြီးဘာလုပ်မှာလဲ။ နင်မဝယ်နိုင်ပါဘူး"။ သို့သော် ပေ့ချ်ကတော့ နားထောင်မနေ။ သူမသည် ကားကို စိုက်ကြည့်နေပြီး အမိုးပေါ်မှ အိမ်အကြောင်း၊ ခမ်းနားထည်ဝါသော ပါတီအကြောင်း၊ လှေကြီးအကြောင်း စဉ်းစားနေသည်။ ငါ့အဖေကချမ်းသာတယ်လေ။ သူ့ပိုက်ဆံအားလုံး ငါ့အတွက်ထားခဲ့တယ်။ ဒါတောင် ဘိုးမန်းက ပြည်နယ်ဆေးရုံတစ်ခုမှာ အလုပ်လုပ်နေရသေးတယ်။ ဘာကြောင့်လဲ?

ဆယ်မိနစ်ခန့်ကြာသောအခါ ပေ့ချ်သည် ဝန်ထမ်းရုံးသို့ ရောက်သွားပြီး မှတ်တမ်းထိန်းအတွင်းအရေးမှူး ကာရင်နှင့် စကားပြောနေ၏။

"ကျွန်မကို တစ်ခုလောက်လုပ်ပေးပါလား၊ ကာရင်။ ကျွန်မတို့နှစ်ယောက်ပဲ သိပါစေနော်။ ဟာရီဘိုးမန်းက ကျွန်မတို့ အပြင်သွားဖို့ လာချိန်းတယ်။ ကျွန်မက သူလက်ထပ်ပြီးသားလို့ ထင်နေတယ်။ သူ့ကိုယ်ရေးမှတ်တမ်းကို ကျွန်မတစ်ချက်လောက်ကြည့်လို့ရမလားရှင်?"

"ရတာပေါ့။ ဒီ ထန်တဲ့ ခွေးမသားတွေ။ သူတို့ဟာ ဘယ်တော့မှ မတင်းတိမ်နိုင်ဘူး။ သူ့မှတ်တမ်းကို ပေးကြည့်မယ်"။ သူမ ဗီရိုတစ်ခုဆီသွား၏။ ထို့နောက် သူမရှာသည်ကို တွေ့သွား၏။ ပေ့ချ်ထံသို့ စာရွက်အချို့ယူသွား၏။

ပေ့ချ် အလျင်အမြန်ပင် ဖတ်လိုက်၏။ ဒေါက်တာဟာရီဘိုးမန်း၏ လျှောက်လွှာက သူသည် အနောက်အလယ်ပိုင်းရှိ တက္ကသိုလ်ငယ်တစ်ခုမှ လာသူဖြစ်ကြောင်း၊ မှတ်တမ်းများအရ ဆေးကျောင်းတက်နေစဉ်တွင် အလုပ်လုပ်ခဲ့ရကြောင်း ဖော်ပြနေသည်။ သူသည် မေ့ဆေးဆရာဝန်ဖြစ်သည်။ သူ့အဖေသည် ဆံသဆရာဖြစ်သည်။

ဟန်နီတက်သည် အန်ဘာကာဒီရိုဆေးရုံရှိ ဆရာဝန်တော်တော်များများအတွက် ပုစ္ဆာတစ်ပုဒ်ဖြစ်နေခဲ့သည်။ မနက်'ရောင်း'သည့်အချိန်များတွင် သူမသည် မိမိကိုယ်မိမိ မယုံသလိုပုံစံမျိုးရှိသည်။ သို့သော် နေ့လယ်'ရောင်း'များတွင်တော့ နောက်လူတစ်ယောက်ပြောင်းသွားသလိုပင်။ သူမသည် လူနာတိုင်းအကြောင်းကို ခရေစေ့တွင်းကျသိသည်။ မှန်ကန်တိကျစွာဖြင့်

ရောဂါများကို ဖော်ထုတ်နိုင်ခဲ့သည်။

စီနီယာ အလုပ်သင်ဆရာဝန်တစ်ယောက်က လုပ်ဖော်ကိုင်ဖက်တစ်ယောက်နှင့် သူမအကြောင်း ဆွေးနွေးနေသည်။

"ငါလုံးဝကို နားမလည်နိုင်ဘူး" သူက ပြောသည်။ "မနက်မှာတော့ ဒေါက်တာတက်အကြောင်း မကျေနပ်ချက်တွေက တောင်လိုပုံနေတယ်။ အမှားတွေလည်း ဆက်တိုက်လုပ်တယ်။ အမြဲတမ်းအမှားလုပ်တဲ့ သူနာပြုအကြောင်းဟာသကြားဖူးလား။ ဆရာဝန်က သူမကို အခန်း ၄ ကလူနာကို ဆေး ၃လုံး ပေးဖို့ ပြောတယ်။ သူမကတော့ အခန်း ၃ က လူနာကို ဆေး ၄ လုံး ပေးတယ်လေ"။ သူ့ အလုပ်ဖော်က ရယ်လိုက်သည်။

"ဒေါက်တာတက်ကလည်း အဲ့ဒီလိုမျိုးပဲ။ ဒါပေမဲ့ နေ့လယ်ကျရင်တော့ သူမဟာ လက်ဖျားခါလောက်အောင် တော်တယ်။ သူမ ရောဂါနာမည်ပေးတာတွေကလည်း မှန်တယ်။ သူမမှတ်စုတွေကလည်း ကောင်းလိုက်တာ၊ သူမ အရမ်းကို ထက်မြက်နေတယ်။ နေ့လယ်မှ အာနိသင်ပြတဲ့ ဆေးစွမ်းတစ်ခု သောက်ထားသလိုပဲ"။ သူ့ခေါင်းကို ကုတ်လိုက်၏။ "ငါတော့ ဒီအကြောင်းတွေးရင်းနဲ့ ရူးတော့မှာပဲ"

ဒေါက်တာနေသန်ရစ်တာသည် စာအုပ်ကြီးအတိုင်း နေထိုင်လုပ်ဆောင်သူဖြစ်သည်။ ဉာဏ်သိပ်မထက်မြက်သော်လည်း သူသည် လုပ်ရည်ကိုင်ရည်ရှိကာ စူးစူးစိုက်စိုက်လုပ်ကိုင်တတ်သည်။ သူနှင့် တွဲလုပ်နေသူများကိုလည်း သူ့လိုပင် ဖြစ်ရမည်ဟု မျှော်လင့်ထားသည်။ သူ့အဖွဲ့တွင်း တာဝန်ချထားခြင်းခံရသည်မှာ ဟန်နီအတွက် ကံဆိုးခြင်းပင်။

သူတို့ ပထမဆုံးသွားရသည့်နေရာမှာ လူနာတစ်ဒါဇင်ခန့်ရှိသည့် ဆေးကုသဆောင်ဖြစ်သည်။ လူနာတစ်ယောက်သည် မနက်စာကို အပြီးသတ်နေ၏။ ရစ်တာက ကုတင်ခြေရင်းမှ လူနာဖိုင်တွဲအား ယူကြည့်လိုက်သည်။

"ဒေါက်တာတက်၊ သူက ဒေါက်တာ့လူနာဖြစ်ကြောင်း ဖိုင်တွဲထဲမှာ ရေးထားတယ်"။ ဟန်နီ ခေါင်းညိတ်လိုက်သည်။ "ဟုတ်ပါတယ်"

"သူဒီနေ့ အဆုတ်မှန်ပြောင်းကြည့်မှာမဟုတ်လား"။ ဟန်နီခေါင်းညိတ်လိုက်၏။ "မှန်ပါတယ်"

"သူ့ကို အစာစားခွင့်ပေးထားတယ်?" ဒေါက်တာရစ်တာက ငေါက်ဆတ်ဆတ်ပြောသည်။ "အဆုတ်မှန်ပြောင်းမကြည့်ခင်မှာတောင်?"

ဟန်နီကပြော၏။ "ဒီလူက သနားပါတယ်။ အစာမစားရတာ. . ."

နေသန်ရစ်တာ သူ့လက်ထောက်ဘက်လှည့်လိုက်သည်။ "မှန်ပြောင်းကြည့်ဖို့ကို ရွှေ့ဆိုင်းထားလိုက်"။ သူဟန်နီကို တစ်ခုခုလှမ်းပြောရန် ဟန်ပြင်လိုက်သည်။ ထို့နောက် သူ့ကိုယ်သူ ထိန်းလိုက်ပြီး "ဆက်သွားရအောင်"

နောက်လူနာတစ်ဦးမှာ ပေါ်တူရီကန်လူမျိုးဖြစ်ပြီး အလွန်အမင်း ချောင်းဆိုးနေသည်။ ဒေါက်တာရစ်တာ သူ့ကို စမ်းသပ်စစ်ဆေးလိုက်ပြီး "ဒါဘယ်သူ့လူနာလဲ?" "ကျွန်မလူနာပါ" ဟန်နီက ပြော၏။

သူ မျက်မှောင်ကြုတ်လိုက်၏။ "သူ့ရောဂါက ဒီအချိန်လောက်ဆို ပျောက်ဖို့ ကောင်းပြီ"။ လူနာဖိုင်တွဲအား ယူကြည့်လိုက်၏။ "မင်းက သူ့ကို အန်ပစလင် ၅၀ မီလီဂရမ် တစ်နေ့လေးကြိမ်ပေးနေတာလား"

"မှန်ပါတယ်"

"မမှန်ဘူး။ မှားနေတယ်။ ၅၀၀ မီလီဂရမ် တစ်နေ့လေးကြိမ်ဖြစ်ရမှာ။ မင်း သုညတစ်လုံး ပြုတ်ကျန်ခဲ့တယ်" "ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ. . ."

"ဒါကြောင့် လူနာက မသက်သာလာတာကိုး။ အခုချက်ချင်း ပြောင်းလိုက်"

"ဟုတ်ကဲ့။ ဒေါက်တာ"

သူတို့ ဟန်နီ၏ နောက်လူနာတစ်ယောက်ထံသို့ ရောက်လာကြ၏။ ဒေါက်တာရစ်တာက စိတ်မရှည်သလို ပြောလိုက်၏။ "သူက အူမကြီးမှန်ပြောင်းကြည့်ဖို့ လုပ်ထားတာမဟုတ်လား။ သူ့ ဓာတ်မှန်ကော ဘယ်မှာလဲ"

"ဓာတ်မှန်?။ အိုး. . .ကျွန်မ လုပ်ဖို့မေ့သွားတယ်"

ရစ်တာသည် ဟန်နီ့အား အချိန်အတန်ကြာ စိုက်ကြည့်နေသည်။

မနက်သည် ပိုမို၍သာ ဆိုးရွားလာခဲ့သည်။

သူတို့၏ နောက် လူနာတစ်ယောက်မှာ မျက်ရည်လည်ရွဲဖြင့် အော်ဟစ်နေသည်။ "အရမ်းနာတာပဲ။ ကျွန်တော်ဘာဖြစ်နေတာလဲဟင်?"

"ကျွန်မတို့လည်း မသိဘူးရှင့်" ဟန်နီက ပြော၏။

ရစ်တာ သူမကို စိမ်းစိမ်းဝါးဝါးကြည့်လိုက်ပြီး "ဒေါက်တာတက်၊ အပြင်မှာ ခဏလောက် တွေ့ရအောင်"

ကော်ရစ်ဒါရောက်သောအခါ သူက "ဘယ်တော့၊ ဘယ်တော့မှ လူနာတစ်ယောက်ကို မင်းမသိပါဘူးလို့ မပြောနဲ့။ သူတို့က မင်းဆီက အကူအညီကို လာယူကြတာ။ မင်းက အဖြေကို မသိဘူးဆိုရင်တောင် တစ်ခုခု ပြောလိုက်။ နားလည်လား?"

"ဒါတော့ မှန်မယ်မထင်. . ."

"မှန်လား မှားလား မင်းကို ငါမေးနေတာမဟုတ်ဘူး။ ပြောတဲ့အတိုင်းသာ လုပ်"

သူတို့ အူကျလူနာတစ်ယောက်၊ အသည်းရောင်လူနာတစ်ယောက်၊ အဲလ်ဇိုင်းမားရောဂါလူနာတစ်ယောက်နှင့် အခြား နှစ်ဒါဇင်လောက်ကို စမ်းသပ်ကြည့်ရှုခဲ့ကြသည်။ 'ရောင်း'လှည့်ခြင်းများ ပြီးသောအခါ ဒေါက်တာရစ်တာသည် ဘန်ဂျမင်ဝေါလေ့စ်၏ ရုံးခန်းသို့ သွား၏။

"ကျွန်တော်တို့ ပြဿနာတစ်ခု ပေါ်နေတယ်" ရစ်တာက ပြောသည်။

"ဘာများလဲ၊ နေသန်"

"ကျွန်တော်တို့ဆီက အလုပ်သင်ဆရာဝန်တစ်ယောက်ပဲ။ ဟန်နီတက်လေ"

"လာပြန်ပြီ။ ဘာဖြစ်လို့လဲ"

"သူမက ကပ်ဆိုးတစ်ခုပဲ"

"ဒါပေမဲ့ သူမက ထောက်ခံစာကောင်းကောင်းတွေ ရှိထားတယ်"

"ဘန်၊ ဆေးရုံတစ်ခုလုံး ဒုက္ခမရောက်ခင် သူမကို ဖြုတ်လိုက်တာ ကောင်းမယ်။ သူမ လူနာတွေကို မသတ်ခင်ပေါ့"။ ဝေါလေ့ ခဏမျှ တွေးလိုက်၏။ ထို့နောက် ဆုံးဖြတ်ချက်ချလိုက်သည်။ "ကောင်းပြီ။ သူမကို ဒီမှာ မမြင်စေရတော့ဘူး"

ပေ့ချ်သည် ခွဲစိတ်ဆောင်ထဲတွင် တစ်မနက်လုံးနီးပါး အလုပ်ရှုပ်နေသည်။ သူမ အားအားချင်းပင် ဟာရီဘိုးမန်းနှင့် ပတ်သက်သည့် သူမသံသယကို ဒေါက်တာဝေါလေ့အား ပြောပြရန် သွားတွေ့၏။

"ဘိုးမန်း? သေချာလို့လား။ ဆိုလိုတာက. . .သူ့ဆီမှာ ဆေးစွဲတဲ့ လက္ခဏာတွေ ကျွန်တော်မတွေ့ဘူး"

"သူက ကိုယ်တိုင်တော့ မသုံးပါဘူး" ပေ့ချ်က ရှင်းပြ၏။ "သူက ရောင်းတာ။ အလုပ်သင်ဆရာဝန်လစာနဲ့ သူက မီလျံနာလို နေနိုင်တယ်လေ"။ ဘန်ဝေါလေ့ ခေါင်းညိတ်လိုက်ပြီး "ကောင်းတယ်။ ကျွန်တော် စစ်ဆေးကြည့်လိုက်ဦးမယ်။ ကျေးဇူးပဲ ပေ့ချ်ရေ"

ဝေါလေ့သည် လုံခြုံရေးခေါင်းဆောင် ဘရုအန်ဒါဆင်ကို ခေါ်လိုက်၏။ "ကျွန်တော်တို့ ဆေးသူခိုးကို ရှာတွေ့ပြီ" ဝေါလေ့က သူ့အား ပြော၏။ "ဒေါက်တာဟာရီဘိုးမန်းကို သေသေချာချာ ကြည့်ထားစေချင်တယ်"

"ဘိုးမန်း?" အံ့ဩမှုကို အန်ဒါဆင် ဖုံးကွယ်ထားရ၏။ ဒေါက်တာဘိုးမန်းသည် အစောင့်များကို ကျူးဘားဆေးပြင်းလိပ်နှင့် အခြားလက်ဆောင်များ အမြဲပေးတတ်သည်။ သူတို့အားလုံး သူ့ကို နှစ်သက်ကြသည်။

"သူ သိုလှောင်ရုံထဲဝင်သွားခဲ့ရင်၊ အထွက်မှာ သူ့ကို ရှာကြည့်"

"ဟုတ်ကဲ့ပါခင်ဗျာ"

ဟာရီဘိုးမန်းသည် ဆေးသိုလှောင်ရုံသို့ ဦးတည်သွားနေ၏။ သူ့တွင် ပို့စရာ အမှာများရှိနေသည်။ အမှာအများကြီးရှိနေပြီ။ ထိုကိစ္စသည် ကံကောင်းသည့် မတော်တဆတစ်ခုမှ စခဲ့ခြင်းဖြစ်သည်။ သူသည် အိမ်း၊ အီယိုးဝါးရှိ ဆေးရုံငယ်တစ်ခုတွင် အလုပ်လုပ်ခဲ့ပြီး အလုပ်သင်ဆရာဝန်လစာနှင့် ရုန်းကန်ခဲ့ရသည်။ ထို့နောက် ကံကြမ္မာက သူ့အား မျက်နှာသာပေးခဲ့၏။ ဆေးရုံမှ ဆင်းသွားသည့် သူ့လူနာတစ်ယောက် တစ်မနက်တွင် သူ့ဆီ ဖုန်းဆက်လာ၏။

"ဒေါက်တာ၊ ကျွန်တော် အရမ်းကို နာနေတယ်။ အဲဒီအတွက် ဆေးတစ်ခုခုပေးပါလား"

"ဆေးရုံပြန်တက်မလား?"

"ကျွန်တော် အိမ်ကို မထားခဲ့ချင်ဘူး။ ကျွန်တော့်အတွက် တစ်ခုခု ယူလာပေးလို့ မရဘူးလား"

ဘိုးမန်း စဉ်းစားလိုက်သည်။ "ကောင်းပြီလေ။ အိမ်ပြန်တဲ့အခါ ကျွန်တော် ဝင်ခဲ့ပါမယ်"

သူ လူနာဆီသို့ ရောက်သောအခါ သူနှင့်အတူ ဖန်တနိုင်းတစ်ပုလင်းပါ ပါလာခဲ့သည်။

လူနာက ယူလိုက်ပြီး "အရမ်းကောင်းတာပဲ" ဟု ပြော၏။ ထို့နောက် ပိုက်ဆံတစ်ထပ်ကြီး ပေးလိုက်၏။ "ဒီမှာယူပါခင်ဗျာ"

ဘိုးမန်း သူ့အား အံ့ဩတကြီးကြည့်လိုက်သည်။ "ဒီလောက်အများကြီး ပေးဖို့မလိုပါဘူး"

"ဒေါက်တာနောက်နေတာလား။ ဒီဆေးက ရွှေလိုပဲ။ ဒေါက်တာသာ ဒီဆေးမျိုးတွေ ယူလာနိုင်ရင် ငွေတွေအများကြီး ပေးဝယ်မယ့်သူငယ်ချင်းတွေ ကျွန်တော့်ဆီမှာ အများကြီးရှိတယ်"

ဤမှ စတင်ခဲ့လေသည်။ ၂ လအတွင်းမှာပင် ဟာရီဘိုးမန်းသည် အိပ်မက်ထဲတွင်ပင် မမက်ဖူးသည့် ပိုက်ဆံများကို ရှာဖွေလာနိုင်သည်။ ကံမကောင်းစွာနှင့်ပင် ဆေးရုံအုပ်က ဖြစ်ပျက်နေသည်တို့ကို သိသွား၏။ သတင်းဆိုးထွက်မှာကြောက်သည့်အတွက် သူက ဘိုးမန်းအား တိတ်တဆိတ်သာထွက်သွားမည်ဆိုပါက သူ့မှတ်တမ်းတွင် ဘာမှ မရေးဟု ပြောလိုက်လေသည်။

ငါထွက်ခဲ့တာကို ပျော်တယ်ဟု ဘိုးမန်းတွေး၏။ ဆန်ဖရန်စစ္စကိုတွင် ပိုမိုကြီးမားသော ဈေးကွက်ရှိသည်မဟုတ်လား။

သူ ဆေးသိုလှောင်ရုံသို့ ရောက်လာ၏။ ဘရုအန်ဒါဆင်သည် အပြင်တွင် ရပ်နေသည်။ ဘိုးမန်း သူ့အား ခေါင်းဆတ်ပြလိုက်ပြီး "ဟိုင်း၊ ဘရု" "ကောင်းသော နေ့လယ်ခင်းပါ၊ ဒေါက်တာဘိုးမန်း"

ငါးမိနစ်အကြာ ဘိုးမန်း ဆေးသိုလှောင်ရုံမှ ပြန်ထွက်လာသည့်အခါတွင် အန်ဒါဆင်က "ကျွန်တော့်ကို ခွင့်ပြုပါ။ ကျွန်တော် ဒေါက်တာ့ကို ရှာဖွေရပါလိမ့်မယ်"။ ဟာရီဘိုးမန်း သူ့အား စိုက်ကြည့်လိုက်၏။ "ကျွန်တော့်ကို ရှာမယ်။ ဘရု၊ ခင်ဗျား ဘာတွေပြောနေတာလဲ"

"စိတ်မကောင်းပါဘူး၊ ဒေါက်တာ။ ကျွန်တော်တို့ကို ဆေးသိုလှောင်ရုံထဲဝင်တဲ့ဘယ်သူ့ကိုမဆို ရှာဖွေဖို့ တာဝန်ပေးထားပါတယ်" အန်ဒါဆင် လိမ်လိုက်၏။

ဘိုးမန်း မခံမရပ်နိုင်ဖြစ်သွားသည်။ "တစ်ခါမှ မကြားဖူးဘူး။ ကျွန်တော် လုံးဝ မလိုက်နာနိုင်ဘူး"

"ဒါဆို ကျွန်တော်နဲ့အတူ ဒေါက်တာဝေါလေ့ရဲ့ ရုံးခန်းထဲကို လိုက်ခဲ့ရပါမယ်"

"ကောင်းပြီလေ။ သူသာ ဒီအကြောင်းသိရင် ဒေါသူပုန်ထမှာပဲ"။ ဝေါလေ့ရုံးခန်းတွင်သို့ ဘိုးမန်း တရကြမ်း ဝင်သွား၏။ "ဘာတွေဖြစ်ကုန်ပြီလဲ၊ ဘန်? ဒီလူက ကျွန်တော့်ကို ရှာဖွေချင်တယ်တဲ့။ ဘုရားရေ" "ဒေါက်တာက သူ့ရှာဖွေမှာကို ငြင်းဆန်ခဲ့သလား"

"ဒါပေါ့"

"ကောင်းပြီလေ" ဝေါလေ့က တယ်လီဖုန်းဆီ လက်လှမ်းလိုက်သည်။ "ဒါဆို ဆန်ဖရန်စစ္စကို ရဲတွေကိုပဲ ရှာခိုင်းလိုက်တော့မယ်။ ဒေါက်တာ သဘောကျရင်ပေါ့"

သူ နံပါတ်စတင်နှိပ်လေသည်။

ဘိုးမန်း ကြောက်တုန်သွား၏။ "ခဏနေပါဦး။ ဒီလောက် မလိုအပ်ပါဘူး"။ သူ့မျက်နှာ ချက်ချင်း ရှင်းသွား၏။ "အိုး. . .ဘာကိစ္စလဲဆိုတာ ကျွန်တော်သိပြီ" သူ့အိတ်ထဲ လက်နှိုက်လိုက်ပြီး ဖန်တနိုင်းတစ်ပုလင်းကို ထုတ်လိုက်၏။ "ကျွန်တော်ဒါကို ခွဲစိတ်တဲ့အခါ သုံးဖို့ ယူလာတယ်။ ပြီးတော့. . ."

ဝေါလေ့က တည်ငြိမ်စွာပင် ပြော၏။ "အိတ်ကပ်ထဲက အကုန်ထုတ်လိုက်ပါ"

ဘိုးမန်းမျက်နှာပေါ်တွင် မျှော်လင့်ချက်တို့ ပျောက်ဆုံးကုန်၏။

"ဘာအကြောင်းနဲ့မှ. . ."

"အိတ်ကပ်ထဲက အကုန်ထုတ်လိုက်ပါ"

၂ နာရီအကြာတွင် ဆန်ဖရန်စစ္စကို မူးယစ်တိုက်ဖျက်ရေးအဖွဲ့ထံတွင် လက်မှတ်ထိုးထားသောဝန်ခံစာတစ်ခုနှင့် ဘိုးမန်းဆီကဆေးဝယ်ယူနေသော လူများ၏ အမည်များ ရောက်သွားသည်။

ပေ့ချ် ထိုသတင်းကို ကြားပြီးသောအခါ သူမ မစ်ကန်းပဲဆီသို့ သွားသည်။ သူသည် ရုံးခန်းထဲတွင် ထိုင်အနားယူနေသည်။ ပေ့ချ် ဝင်သွားသောအခါ သူ့လက်များသည် စားပွဲပေါ်တွင် ရှိနေ၏။ လက်များတုန်နေသည်ကို ပေ့ချ် တွေ့ရ၏။

ကန်းပဲသည် သူ့လက်များကို ပေါင်ပေါ်သို့ လျင်မြန်စွာ ရွှေ့လိုက်၏။ "ဟယ်လို. . .ပေ့ချ်။ နေကောင်းရဲ့လား"

"ကောင်းပါတယ်။ မစ်။ ကျွန်မ ဒေါက်တာနဲ့ စကားပြောချင်တယ်"

"ထိုင်လေ"

သူမ သူနှင့် မျက်နှာချင်းဆိုင်တွင် ခုံဆွဲထိုင်လိုက်သည်။ "ပါကင်ဆင်ရောဂါ(အာရုံကြောရောဂါတစ်မျိုး) ရနေတာ ဘယ်လောက်ကြာပြီလဲ"

သူ မျက်နှာ ဖြူဆွတ်သွား၏။ "ဘာ?"

"ဟုတ်တယ်မဟုတ်လား။ ဒေါက်တာက ဒါကို ဖုံးကွယ်ဖို့ ကြိုးစားနေတယ်လေ"။ လုံးဝ တိတ်ဆိတ်သွား၏။ "ငါ. . .ငါ. . .ဟုတ်တယ်။ ဒါပေမဲ့ ငါ. . .ငါ ဆရာဝန်အလုပ်ကို ဆုံးရှုံးလို့ မဖြစ်ဘူး။ ငါ. . .ငါ. . . ဆုံးရှုံးခံလို့ မဖြစ်ဘူး။ ဒါငါ့ဘဝပဲ"

ပေ့ချ် ရှေ့ကိုင်းလိုက်ပြီး လေးလေးနက်နက်ပြောလိုက်၏။ "ဆရာဝန်အဖြစ်က ထွက်စရာမလိုပါဘူး။ ဒါပေမဲ့ ဒေါက်တာ ခွဲစိတ်တာတွေတော့ မလုပ်သင့်တော့ဘူး"။ သူကြည့်ရသည်မှာ ချက်ချင်း အိုစာသွားသည်။ "ငါသိပါတယ်။ မနှစ်ကတည်းက ထွက်မလို့ပါပဲ"။ သူ နွမ်းလျစွာ ပြုံးလိုက်၏။ "ငါအခု ထွက်ရတော့မယ် ထင်တယ်၊ ဟုတ်တယ်မို့လား။ မင်းက ဒေါက်တာဝေါလေ့စ်ကို သွားပြောမှာ မဟုတ်လား"

"ဟင့်အင်း" ပေ့ချ်က ညင်သာစွာ ပြောလိုက်၏။ "ဒေါက်တာကိုယ်တိုင်ပဲ သွားပြောရမှာ"

ပေ့ချ်သည် ကော်ဖီဆိုင်ထဲတွင် နေ့လယ်စာစားနေစဉ် တွန်ချန်း သူမအား ရောက်လာ၏။

"ဘာတွေဖြစ်ခဲ့လဲဆိုတာ ငါကြားတယ်" သူ့ ပြော၏။ "ဘိုးမန်းတဲ့။ မယုံနိုင်စရာပဲ။ နင် တော်တယ်ဟာ"

သူမ ခေါင်းခါလိုက်ပြီး "ငါလုပ်မှားတော့မလို့"

ချန်းက ထိုနေရာတွင် တိတ်ဆိတ်စွာ ထိုင်နေ၏။

"တွန်၊ နင် နေကောင်းရဲ့လား"

"ကောင်းပါတယ်လို့ ပြောတာကြားချင်လား၊ အမှန်အတိုင်းပြောတာ ကြားချင်လား" "ငါတို့က မိတ်ဆွေတွေလေ။ ငါအမှန်ကိုပဲ သိချင်တယ်"

"ငါတို့ အိမ်ထောင်ရေးကတော့ သွားပြီ" သူ့မျက်လုံးများတွင် ချက်ချင်း မျက်ရည်များဖြင့် ပြည့်လာ၏။ "ဆီးက ငါ့ကို ထားခဲ့ပြီ။ သူမ အိမ်ပြန်သွားပြီ" "ငါတကယ် စိတ်မကောင်းပါဘူးဟာ"

"သူမအမှားမှ မဟုတ်တာလေ။ ငါတို့ အိမ်ထောင်ရေးဆိုတာ

မရှိတော့ဘူး။ သူမက ပြော့တယ် ငါက ဆေးရုံကိုသာ လက်ထပ်ထားတာတဲ့။ သူမပြောတာမှန်တယ်။ ငါတစ်ဘဝလုံးကို ငါချစ်တဲ့လူတွေနဲ့အတူနေရမယ့်အစား ဒီမှာပဲ လူစိမ်းတွေကို ကုသရင်းနဲ့ အချိန်ဖြုန်းခဲ့တယ်လေ။"

"သူမ ပြန်လာမှာပါ။ အဆင်ပြေသွားမှာပါ" ပေ့ချ် အားပေးစကားပြောလိုက်၏။

"ဟင့်အင်း။ ဒီတစ်ခါတော့ မဖြစ်နိုင်တော့ဘူး"

"နင် အိမ်ထောင်ရေးနှစ်သိမ့်ဆွေးနွေးတဲ့အကြောင်း ကြားဖူးလား။ ဒါမှ မဟုတ်. . .?"

"သူမက မသွားချင်ဘူးတဲ့"

"ငါစိတ်မကောင်းပါဘူး၊ တွန်။ ငါလုပ်ပေးနိုင်တာ တစ်ခုခု. . ."။ သူမအမည်ကို လော်စပီကာထံမှ ကြားလိုက်ရ၏။

"ဒေါက်တာတေစ်လာ အခန်း ၄၁၀. . ."

ပေ့ချ် ချက်ချင်းပင် သတိပေးခံရသလိုဖြစ်သွား၏။ "ငါသွားရတော့မယ်" သူမက ပြော၏။ အခန်း ၄၁၀။ ဒါ ဆမ်ဘန်စတိန်းအခန်းပဲ။ သူသည် သူမအနှစ်သက်ဆုံးလူနာများထဲမှ တစ်ယောက်ဖြစ်သည်။ အသက် ၇၀ ကျော်အရွယ်ရှိ လူကြီးလူကောင်းတစ်ယောက်ဖြစ်ပြီး ဆေးရုံသို့ ခွဲစိတ်မကုနိုင်တော့သည့်အစာအိမ်ကင်ဆာနှင့် ရောက်လာခြင်းဖြစ်သည်။ ဆေးရုံရှိ လူနာတော်တော်များများသည် တစ်ချိန်လုံး မကျေမနပ်ညည်းညူနေတတ်သည်။ ထိုသူများထဲတွင် ဆမ်ဘန်စတိန်းမပါ။ ပေ့ချ်သည် သူ၏ သတ္တိနှင့် ဂုဏ်သိက္ခာတို့ကို လေးစားသည်။ သူ့ကို မှန်မှန်လာကြည့်နေသော ဇနီးတစ်ယောက်နှင့် အရွယ်ယောက်ပြီးသားနှစ်ယောက်တို့ရှိသည်။ သူတို့ကိုလည်း ပေ့ချ် သဘောကျ၏။ သူသည် အသက်ကယ်စက်နှင့် အတူနေနေကြပြီး ထိုအပေါ်တွင် စာတစ်ရွက်ရှိသည်။ ၎င်းတွင် ရေးထားသည်မှာ 'သူ့နှလုံးခုန်ရပ်သွားပါက မကယ်ပါနှင့်' ဟူ၍ ဖြစ်သည်။

ပေ့ချ် သူ့အခန်းတွင်းသို့ ဝင်သွားသောအခါ သူနာပြုတစ်ယောက်သည် ကုတင်ဘေးတွင် ရှိနေသည်။ ပေ့ချ်ဝင်လာသောအခါ သူမက ကြည့်လိုက်ပြီး "ဆုံးသွားပြီ။ ဒေါက်တာ။ ကျွန်မ အရေးပေါ်အသက်ကယ်နည်းတွေတော့ မလုပ်ခဲ့ဘူး။ ဘာလို့လဲဆိုတော့ . . ." သူမအသံ တိုးဝင်သွားသည်။

"မလုပ်တာမှန်ပါတယ်" ပေ့ချ် ဖြည်းငြင်းစွာပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်" "ကျွန်မ တစ်ခုခုများ. . ."

"ဟင့်အင်း။ ကျွန်မ စီစဉ်လိုက်ပါမယ်"။ ပေ့ချ် အိပ်ရာဘေးတွင် ရပ်နေရင်း တစ်ချိန်က အသက်ရှင်ခဲ့သော၊ ရယ်မောခဲ့သော၊ မိသားစုအပေါင်းအသင်းများရှိခဲ့သော၊ တစ်ဘဝလုံး ကြိုးကြိုးစားစားအလုပ်လုပ်ခဲ့ပြီး ချစ်ခင်သူများကို ဂရုစိုက်တတ်သောလူတစ်ယောက်၏ ရုပ်အလောင်းအား ငုံ့ကြည့်နေ၏။ ယခုတော့. . .

သူ့ပစ္စည်းများ ထားထားသည့် အံဆွဲရှိရာသို့ သူမ သွား၏။ ထိုနေရာတွင် ဈေးမကြီးသည့်လက်ပတ်နာရီတစ်ခု၊ သော့တွဲတစ်ခု၊ ၁၅ ဒေါ်လာနှင့် သူ့မိန်းမသို့ပေးစာတစ်စောင်တို့ရှိသည်။ လူတစ်ယောက်ဘဝ၏ အကြွင်းအကျန်များပင်။

သူမအပေါ်ကျရောက်နေသော စိတ်ဆင်းရဲမှုကို ပေ့ချ်ရှင်းမထုတ်နိုင်။ "သူက တကယ့်ကို နှစ်လိုဖွယ်ကောင်းသူတစ်ယောက်။ ဘာလို့များ. . .?" ကိတ်က ပြော၏။ "ပေ့ချ်၊ နင်လူနာတွေအတွက် ဒီလောက်ကြီးထိ စိတ်ထဲမှာ မခံစားနဲ့။ ဒါက နင့်ကို ဒုက္ခပေးလိမ့်မယ်" "ငါသိပါတယ်။ နင်ပြောတာမှန်တယ်၊ ကိတ်။ ဒီလိုဟာ. . .ဒါသိပ်မြန်လွန်းတယ်၊ မဟုတ်လား? ဒီမနက်ပဲ သူနဲ့ငါနဲ့ စကားတွေ ပြောခဲ့တယ်။ မနက်ဖြန်ကျတော့ သူ့အသုဘဖြစ်နေပြီ"

"နင်သွားဖို့တော့ မစဉ်းစားထားပါဘူးနော်"

"ဟင့်အင်း"

အသုဘအခမ်းအနားကို အီတာနတီသုသာန်ရှိတောင်ကုန်းပေါ်တွင် ကျင်းပခဲ့သည်။

ဂျူးဘာသာရေးထုံးစံမှာ သေဆုံးပြီးပြီးချင်း သဂြိုဟ်ရသည်။ ဆုတောင်းပွဲမှာ နောက်တစ်နေ့တွင် ပြုလုပ်သည်။

ဆမ်ဘန်စတိန်း၏ ရုပ်အလောင်းအား အဝတ်ဖြူဆင်ယင်ထားပြီး ဆုတောင်းပဝါဖြင့် ပတ်ထားသည်။ မိသားစုက အုတ်ဂူအနီးတွင် စုဝေးနေကြသည်။ တရားဟောဆရာက စတင် ရွတ်ဆိုနေ၏။ "ဟာမခွန် ရနာသိန် အက်ခန် ဘတော့ ရှာ အဗေလိုင် ဇူယွန် ဗီးရာရှုရှယ်လယင်"

ပေ့ချ်ဘေးနားတွင် ရပ်နေသူက သူမမျက်နှာပေါ်မှ နားမလည်သည့် အရိပ်အယောင်များကို တွေ့လိုက်၏။ သူမ အတွက် ဘာသာပြန်ပေးလိုက်သည်။ 'ဘုရားသခင်က သင့်ကို ဇီယွန်နဲ့ ဂျေရုဆလင်က ပူဆွေးသူများနှင့်အတူ နှစ်သိမ့်ပေးနိုင်ပါစေ'။

ပေ့ချ်အံ့ဩမိသည်မှာ မိသားစုဝင်များသည် သူတို့ ဝတ်ဆင်ထားသည့် အဝတ်အစားများကို တရားစာရွတ်ဆိုနေစဉ် ဆုတ်ဖြဲကြသည်။ "ဘာရော့ အတာ အဒိုနိုင် အီလိုဟိုင်နူ မီ လက် ဟောင်လန် ဒါရန် ဟာအီမက်"

"ဘာလို့. . .?"

"ဒါ လေးစားမှုကို ပြတာ" ထိုလူက လေသံဖြင့် ရှင်းပြသည်။

"မြေကြီးကနေလာပြီး မြေကြီးကိုပဲ ပြန်သွားကြတယ်။ ဒါပေမဲ့ ဝိညာဉ်ကတော့ ပေးခဲ့တဲ့ ဘုရားသခင်ဆီ ပြန်သွားတယ်"။

အခမ်းအနားမှာ ပြီးဆုံးခဲ့၏။

နောက်တစ်နေ့နံနက်တွင် ကိတ်သည် ကော်ရစ်ဒါပေါ်တွင် ဟန်နီနှင့် တွေ့သည်။ ဟန်နီမှာ စိုးရိမ်နေပုံပေါ်၏။

"တစ်ခုခု မှားနေလား?" ကိတ်က မေး၏။

"ဒေါက်တာဝေါလေ့က ငါ့ကို အခေါ်လွှတ်တယ်။ သူ့ရုံးခန်းမှာ ၂ နာရီထိုး လာတွေ့ပါတဲ့"

"ဘာအတွက်လဲ သိလား"

"ငါအထင်တော့ ဟိုတစ်နေ့က 'ရောင်း'တုန်းက ငါ ပေါက်ကရတွေ လုပ်လို့ထင်တယ်။ ဒေါက်တာရစ်တာက မကောင်းဆိုးရွားပဲ"

"ဖြစ်နိုင်တယ်" ကိတ်က ပြော၏။ "ဒါပေမဲ့ အားလုံး အဆင်ပြေသွားမှာပါဟာ"

"ငါလည်း မျှော်လင့်တာပဲ။ စိတ်ထဲကတော့ ထင့်နေတယ်"

၂ နာရီထိုးတိတိတွင် သူမသည် ဘန်ဂျမင်ဝေါလေ့၏ ရုံးခန်းသို့

ပျားရည်ထည့်ထားသော ခရားငယ်တစ်ခုကို ပိုက်ဆံအိတ်ထဲထည့်လာပြီး ရောက်လာ၏။ ဧည့်ကြိုဝန်ထမ်းမှာ ထမင်းစားထွက်နေ၏။ ဒေါက်တာဝေါလေ့အခန်းမှာ ပွင့်နေ၏။ "ဝင်လာခဲ့ပါ၊ ဒေါက်တာတက်" သူက အော်ပြောလိုက်သည်။

ဟန်နီ သူ့ရုံးခန်းထဲ လမ်းလျှောက်သွား၏။

"ကျေးဇူးပြုပြီး တံခါး ပိတ်ခဲ့ပေးပါ"

ဟန်နီ တံခါးပိတ်လိုက်၏။

"ထိုင်ပါဦး"

ဟန်နီ သူနှင့် ခပ်စောင်းစောင်းနေရာယူလိုက်၏။ သူမသည် တုန်မတတ်ဖြစ်နေသည်။ ဘန်ဂျမင်ဝေါလေ့ သူမအား ကြည့်လိုက်ပြီး ဒီကိစ္စက လွယ်လွယ်လေးပါဟု တွေးလိုက်၏။ လုပ်သင့်တာကို လုပ်ရတော့မည်။ "ကျွန်တော့်ဆီမှာ ဒေါက်တာအတွက် မကောင်းသတင်းတစ်ခု ရှိပါတယ်" သူက ပြောသည်။

တစ်နာရီကြာသောအခါ ဟန်နီသည် ကိတ်နှင့် နေဆာလှုံခန်းထဲတွင် တွေ့သည်။ သူမဘေးထိုင်ခုံတွင် ဟန်နီဝင်ထိုင်လိုက်ပြီး ပြုံးလိုက်၏။

"နင် ဒေါက်တာဝေါလေ့နဲ့ တွေ့ပြီးပြီလား" ကိတ်က မေးသည်။

"အိုး...ပြီးပြီ။ ငါတို့ စကားတွေ အကြာကြီး ပြောခဲ့တယ်။ သူ့ဇနီးက သူ့ကို ပြီးခဲ့တဲ့ စက်တင်ဘာက ထားခဲ့တာ သိလား။ သူတို့ လက်ထပ်တာ ၁၅ နှစ်တောင်ရှိသွားပြီ။ သူ့မှာ အရွယ်ရောက်ပြီး ကလေး ၂ ယောက်လည်းရှိတယ်။ ဒါပေမဲ့ သူတို့ကို သိပ်မတွေ့ရပါဘူး။ ဒီလူကြီးက အရမ်းအထီးကျန်နေတာဟ"

## စာအုပ် ၂

(အခန်း ၁၄)

နှစ်သစ်ကူးညက တစ်ဖန် ရောက်လာပြန်သည်။ ပေ့ချ်၊ ကိတ်နှင့် ဟန်နီတို့သည် ၁၉၉၄ ကို အန်ဘာကာဒီရိုဆေးရုံတွင်ပင် ကြိုဆိုကြသည်။ သူတို့အတွက်တော့ လူနာအမည်များမှ လွဲ၍ သူတို့ဘဝတွင် မည်သည်ကမျှ မပြောင်းလဲခဲ့။

ပေ့ချ် ကားရပ်နားဝန်းတွင်းသို့ လမ်းလျှောက်ဝင်သွားသောအခါ သူမသည် ဟာရီဘိုးမန်းနှင့် သူ၏ အနီရောင်ဖာရာရီကားတို့အကြောင်း သတိရမိ၏။ ဟာရီဘိုးမန်းရောင်းတဲ့ အဆိပ်ကြောင့် လူ့အသက်ပေါင်းဘယ်လောက်တောင် ပျက်စီးဆုံးရှုံးခဲ့ပြီလဲ ဟု သူမတွေးမိသည်။ ဆေးများသည် အလွန်စွဲလမ်းစေသည်။ အဆုံးတွင်တော့ သေကျကြသည်။

ဂျင်မီဖော့သည် ပေ့ချ်အတွက် ပန်းစည်းငယ်တစ်စည်းနှင့်အတူ ပေါ်လာသည်။

"ဂျင်မီ ဒါက ဘာအတွက်လဲ"

သူ ရှက်သွား၏။ "ကျွန်တော်က ဒေါက်တာကို ပေးချင်လို့ပါ။ ကျွန်တော် လက်ထပ်တော့မှာ သိလား"

"ဟင့်အင်း။ ဒါ ကောင်းတာပေါ့။ ဘယ်ကောင်မလေးနဲ့လဲ"

"သူမနာမည်က ဘက်ဆီတဲ့။ အဝတ်အစားအရောင်းဆိုင်မှာ အလုပ်လုပ်တယ်။ ကျွန်တော်တို့ ကလေး ဒါဇင်ဝက်လောက် ယူမယ်။

ပထမဆုံး မိန်းကလေးကို ပေ့ချ်လို့ နာမည်မှည့်မယ်။ ဒေါက်တာ စိတ်မဆိုးဘူးမဟုတ်လား"

"ကျွန်မနာမည်? ကျွန်မ ဘဝင်တောင် မြင့်သွားပြီ"

သူက ရက်နေ၏။ "အသက် ၂ ပတ်ပဲရှင်တော့မယ်လို့ လူနာကို ပြောခဲ့တဲ့ ဆရာဝန်အကြောင်း ကြားပြီးပြီလား။ လူနာက ကျွန်တော် ဒေါက်တာ့ကို အခု ဆေးဖိုး မပေးနိုင်ကြောင်း ပြောလိုက်တော့ ဆရာဝန်က ပြန်ပြောတယ်။ ကောင်းပြီ။ ဒါဆိုမင်းကို နောက်ထပ် ၂ ပတ် အသက်ရှင်ခွင့် ထပ်ပေးမယ်တဲ့"

ထို့နောက် ဂျင်မီ ထွက်သွားသည်။

ပေ့ချ်သည် တွန်ချန်းကို စိုးရိမ်နေ၏။ သူသည် အလွန်အမင်းစိတ်ပြောင်းမြန်နေ၏။ အလွန်အမင်း ပျော်ရွှင်နေရာမှ ချက်ချင်းကြီး စိတ်ဓာတ်ကျသွားတတ်သည်။

တစ်မနက်တွင် သူသည် ပေ့ချ်နှင့် စကားပြောနေ၏။ "ဒီမှာ ရှိတဲ့ လူနာတော်တော်များများဟာ ငါတို့သာမရှိရင် သေသွားမှာပဲဆိုတာ သိလား။ ငါတို့ဆီမှာ သူတို့ ကိုယ်ခန္ဓာတွေကို ကုသပေးပြီး ဘဝပြန်စအောင် လုပ်ပေးနိုင်တဲ့ စွမ်းအားတွေရှိတယ်"

နောက်တစ်နေ့နံနက်တွင် "ငါတို့ဟာ ကိုယ်ကိုယ့်ကို လိမ်ညာနေကြတာပါ၊ ပေ့ချ်။ ငါတို့လူနာတွေက ငါတို့မရှိလည်း ပြန်ကောင်းလာမှာပဲ။ ငါတို့က မရိုးသားတဲ့လူတွေ။ အရာရာကို သိတယ်လို့ ဟန်ဆောင်နေကြတယ်။ တကယ်တမ်းကျတော့လည်း မသိဘူး"

ပေ့ချ်သူ့ကို ခဏမျှ ကြည့်လိုက်သည်။ "နင် ဆီးဆီက ဘာသတင်းကြားသေးလဲ" "ငါ သူမနဲ့ မနေ့ညက စကားပြောခဲ့သေးတယ်။ သူမ ဒီပြန်မလာတော့ဘူးတဲ့။ ကွာရှင်းဖို့ကို ဆက်လုပ်နေပြီ"

သူ့လက်မောင်းပေါ်တွင် ပေ့ချ်လက်တင်လိုက်သည်။ "ငါ အရမ်းကို စိတ်မကောင်းပါဘူး၊ တွန်"

သူက ပခုံးတွန့်လိုက်သည်။ "ဘာလို့လဲ? ငါ ဘာမှ မဖြစ်ပါဘူး။ မဖြစ်တော့ပါဘူး။ ငါနောက်တစ်ယောက်ရှာမှာပေါ့" သူပြုံးလိုက်ပြီး "ကလေးနောက်တစ်ယောက်ထပ်ယူမှာပေါ့။ နင်တွေ့မှာပါ"

စကားဝိုင်းတွင် တစ်ခုခုက မှုမမှန်ခဲ့ပါချေ။

ထိုညတွင် ပေ့ချ်သည် ကိတ်နှင့် စကားပြော၏။ "ငါ တွန်ချန်းကို စိုးရိမ်မိတယ်။ နင်သူနဲ့ အခုတလော စကားပြောဖြစ်လား"

"အင်း"

"သူ့ပုံစံက ပုံမှန်ပဲလို့ ထင်လား"

"ဘယ်ယောက်ျားကမှ ငါ့အတွက် ပုံမှန်လို့ ငါမထင်ဘူး" ကိတ်က ပြော၏။

ပေ့ချ်ကတော့ ပူပန်နေတုန်းပင်။ "သူ့ကို မနက်ဖြန်ည ညစာစားဖို့ ဖိတ်လိုက်မယ်ဟာ"

"ကောင်းပြီလေ"

နောက်တစ်နေ့နံနက် ပေ့ချ်ဆေးရုံတွင် သတင်းပို့နေစဉ်မှာပင် သတင်းတစ်ခုက ဆီးကြိုနေ၏။ တံခါးစောင့်တစ်ယောက်က တွန်ချန်းအလောင်းကို မြေအောက်ပစ္စည်းထားခန်းတစ်ခုတွင် တွေ့ခဲ့ကြောင်း ကြားရ၏။ သူသည် အိပ်ဆေး အလွန်အကျွံသောက်ကာ သေဆုံးခြင်းဖြစ်သည်။

ပေ့ချ် ရူးမတတ်ဖြစ်သွား၏။ “ငါ သူ့ကို ကယ်တင်သင့်တယ်” သူမ ငို၏။ “တစ်ချိန်လုံး သူက အကူအညီတောင်းခံခဲ့တာ။ ငါက မကြားခဲ့ဘူး”

ကိတ်က ပြတ်ပြတ်သားသားပင် ပြော၏။ “ပေ့ချ်၊ နင်သူ့ကို ဘယ်လိုမှ မကူညီနိုင်ပါဘူး။ နင်က ပြဿနာမဟုတ်သလို ဖြေရှင်းချက်လည်း မဟုတ်ဘူး။ သူက သူ့ဇနီးနဲ့ ကလေးမရှိဘဲ အသက်ဆက်မရှင်ချင်တော့ဘူးလေ။ ရှင်းရှင်းလေးပဲဟာ”

ပေ့ချ် မျက်လုံးမှ မျက်ရည်များကို သုတ်လိုက်၏။ “ဒီသောက်နေရာကြီး” သူမက ပြော၏။ “ဒီက ဖိအားတွေ အလုပ်ချိန်တွေကြောင့်သာမဟုတ်ရင် သူ့မိန်းမက သူ့ကို စွန့်ပစ်ခဲ့မှာ မဟုတ်ဘူး”

“ဒါပေမဲ့ သူမ လုပ်ခဲ့တယ်လေ” ကိတ်က ညင်သာစွာပြော၏။ “ပြီးသွားပါပြီဟာ”

ကိတ်သည် တရုတ်အသုဘအခမ်းအနားသို့ တစ်ခါမျှ မရောက်ဖူးချေ။ ၎င်းသည် မယုံကြည်နိုင်လောက်သော ထူးခြားသည့် အခမ်းအနားဖြစ်၏။ ချိုင်းနားတောင်းရှိ ဂရင်းလမ်းမမှ မနက်စောစောတွင် စတင်ခဲ့ပြီး ထိုနေရာတွင်ပင် လူအုပ်ကြီးက စတင်စုဝေးလာကြသည်။ ကြေးတူရိယာများတီးမှုတ်နေပြီး စီတန်းလှည့်လည်မည့် လူအုပ်ကြီးက တန်းစီနေသည်။ လူအုပ်ကြီးရှေ့တွင်မူ ပူဆွေးနေသူများက တွန်ချန်း၏ ပုံကြီးချဲ့ထားသော ဓာတ်ပုံကြီးကို ကိုင်ဆောင်ထားသည်။

ကျယ်လောင်စွာ တီးမှုတ်နေသော တီးဝိုင်းနှင့်အတူ လူအုပ်ကြီးသည် ဆန်ဖရန်စစ္စကိုလမ်းများတစ်လျှောက် ကွေ့ဝိုက်သွားကြသည်။ နောက်တွင်တော့ အသုဘကားက ပါလာ၏။ အသုဘလိုက်ပို့သူတော်တော်များများက လမ်းလျှောက်လာကြသည်။ သို့သော် အသက်ကြီးသူတချို့ကတော့ ကားများနှင့် ပို့ဆောင်ကြသည်။

ပေ့ချ်အတွက်တော့ လူအုပ်ကြီးသည် မြို့အတွင်း ကြုံရာကျပန်း လျှောက်သွားနေသလို ဖြစ်နေ၏။ သူမ နားမလည်နိုင်။ “သူတို့ ဘယ်ကို သွားနေကြတာလဲ” သူမက လိုက်ပို့သူတစ်ဦးကို မေးလိုက်၏။

သူက အနည်းငယ် ခါးကိုင်းအရိုအသေပေးလိုက်ပြီး ပြော၏။ “သေဆုံးသူဘဝမှာ သွားရောက်ခဲ့တဲ့ နေရာတချို့တွေကို ပြန်သွားပေးရတာ ကျွန်တော်တို့ ရိုးရာပဲလေ။ သူစားခဲ့တဲ့ စားသောက်ဆိုင်တွေ၊ သူဝယ်ခဲ့တဲ့ ဈေးဆိုင်တွေ၊ လည်ပတ်ခဲ့တဲ့နေရာတွေ. . .”

“ကျွန်မသိပြီ”

လူအုပ်ကြီးသည် အန်ဘာကာဒီရိုဆေးရုံရှေ့သို့ ရောက်လာကြသည်။ လိုက်ပို့သူက ပေ့ချ်ဘက်လှည့်လိုက်ပြီး ပြော၏။ “ဒါက တွန်ချန်း အလုပ်လုပ်ခဲ့တဲ့ နေရာလေ။ သူ့ပျော်ရွှင်မှုတွေ ရှာတွေ့ခဲ့တဲ့နေရာပေါ့”

မှားတယ်ဟု ပေ့ချ်တွေးမိသည်။ ဒီနေရာက သူ့ပျော်ရွှင်မှုတွေ ဆုံးရှုံးခဲ့တဲ့နေရာပဲ။

တစ်မနက် ဈေးလမ်းအတွင်းတွင် ပေ့ချ်လမ်းလျှောက်နေစဉ် အဲဖရက်တာနာကို တွေ့လိုက်၏။ သူမ နှလုံးသားက ပြင်းပြင်းထန်ထန် ခုန်နေ၏။ သူ့ကို သူမစိတ်ထဲမှ ထုတ်လို့ မရသေး။ အချက်ပြမီး ပြောင်းတော့မည်ဖြစ်သောကြောင့် သူသည် လမ်းကူးတော့မည်။ ပေ့ချ် လမ်းဆုံသို့ ရောက်သောအခါ မီးမှာ နီသွားပြီ။ သူမ လျစ်လျူရှုလိုက်ပြီး လမ်းထဲသို့ ပြေးဝင်သွားသည်။ တီးနေသောဟွန်းသံများ၊ ကားမောင်းသူတို့၏ ဆဲဆိုသံများကို ဂရုမစိုက်နိုင်ချေ။

ပေ့ချ် လမ်းတစ်ဖက်သို့ ရောက်သောအခါ သူ့အား အလျင်အမြန် အမီလိုက်၏။ သူ့အင်္ကျီလက်စကို ဆွဲလိုက်ပြီး "အဲဖရက်. . ."

ထိုလူ လှည့်ကြည့်၏။ "ခင်ဗျာ. . .?"

လူစိမ်းတစ်ယောက်ဖြစ်နေ၏။

ပေ့ချ်နှင့် ကိတ်တို့သည် အလုပ်သင်ဆရာဝန် ၄ နှစ်မြောက်ဖြစ်ပြီး ခွဲစိတ်ခြင်းများကို ပုံမှန် လုပ်ဆောင်နေကြသည်။

ကိတ်သည် ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ရှိ ဆရာဝန်များနှင့်အတူ အလုပ်လုပ်နေ၏။ သူမသည် ဦးခေါင်းခွံအတွင်းရှိ ကုဋေရာပေါင်းများစွာသော နူရွန်ဟုခေါ်သည့် ကွန်ပျူတာအငယ်စားလေးတွေကို အံ့သြမဆုံးဖြစ်ရ၏။ အလုပ်မှာ စိတ်လှုပ်ရှားစရာကောင်း၏။

ကိတ်သည် အတူလုပ်ဆရာဝန်များထံမှ အထူးတလည်လေးစားမှုများ ရရှိခဲ့သည်။ သူတို့သည် ထက်မြက်ကျွမ်းကျင်သည့် ခွဲစိတ်ဆရာဝန်များဖြစ်သည်။ သို့သော် ဆရာဝန်အချို့ကတော့ သူမအား ခက်ခဲသည့် အချိန်များ ပေးခဲ့၏။ သူတို့က သူမကို အပြင်တွင် တွေ့ဆုံရန်ချိန်းကြ၏။ သူမက သူတို့နှင့် အပြင်သွားဖို့ ငြင်းဆန်လေလေ သူမသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာလေလေဖြစ်၏။

သူမသည် ဆရာဝန်တစ်ယောက် ရေရွတ်သံကို ကြားလိုက်၏။ "ဟောဒီမှာ သံဘောင်းဘီဝတ်ကြီးလာပါပြီ"။ သူမသည် ဒေါက်တာကစ်ဘလာ၏ ဦးနှောက်ခွဲစိတ်ခြင်းတွင် ကူညီနေ၏။ ဦးနှောက်၏ အပြင်လွှာတွင် ခွဲရာသေးသေးတစ်ခုပေးလိုက်၏။ ထို့နောက် ဒေါက်တာကစ်ဘလာသည် ရာဘာပိုက်ကလေးကို ဦးနှောက်၏ ဘယ်ဘက် အလယ် အခန်းသို့ ထိုးသွင်းလိုက်သည်။ ကိတ်ကတော့ ခွဲရာကို ကျယ်နေအောင် ဆွဲတံသေးသေးကလေးဖြင့် ဆွဲထား၏။ သူမ၏ အာရုံအားလုံးကို သူမရှေ့တွင် ဖြစ်ပျက်နေသည့် ခွဲစိတ်ခြင်းတွင်သာ စုပြုံထားသည်။

ဒေါက်တာကစ်ဘလာက ခွဲနေရင်း သူမကို လှမ်းကြည့်ကာ ပြော၏။ "အရက်အိုးတစ်ယောက်အကြောင်းကြားဖူးလား။ သူက အရက်ဘားထဲဝင်လာပြီး အရက်တစ်ခွက်မြန်မြန်ပေးလို့ ပြောလိုက်တယ်။ ဘားကောင်တာကလူက "ကျွန်တော်မပေးနိုင်ဘူး"လို့ ပြောလိုက်တယ်။ "ခင်ဗျားက အခုတောင် မူးနေပြီ"တဲ့

ဦးနှောက်မှ အပေါက်မှာ ပိုမို နက်လာ၏။

"တကယ်လို့ ခင်ဗျားကျွန်တော့်ကို အရက်မပေးဘူးဆိုရင် ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ်တဲ့"

ဦးနှောက်တွင်းမှ အရည်များ ပိုက်ကလေးမှတစ်ဆင့် ထွက်လာသည်။

"ကျွန်တော်ဘာလုပ်မလဲဆိုတာ ပြောပြမယ်လို့ ဘားကောင်တာက

လူကပြောတယ်။ ကျွန်တော် လိုချင်တာ ၃ ခု ရှိတယ်တဲ့။ ကျွန်တော့်အတွက် အဲဒါတွေကို လုပ်ပေး။ ဒါဆို ခင်ဗျားကို အရက်တစ်ပုလင်း ပေးမယ်တဲ့"

သူသည် စကားဆက်ပြောနေရင်းပင် လေ ၁၅ မီလီလီတာကို ဦးနှောက်အခန်းတွင်းသို့ ထိုးသွင်းလိုက်၏။ အရှေ့အနောက်နှင့် ဘေးဘက်မှ ဓာတ်မှန်များ ရိုက်ယူကြသည်။

"ဟိုထောင့်မှာ ထိုင်နေတဲ့ ဘောလုံးသမားကို တွေ့လားတဲ့။ သူ့ကို ကျွန်တော်ဒီက ထုတ်လို့မရဘူး။ သူ့ကို ဒီက နှင်ထုတ်ပေးတဲ့။ နောက်တစ်ခုက သူ့ဆီမှာ သွားမကောင်းတဲ့ မိကျောင်းတစ်ကောင်ရှိတယ်တဲ့။ အဲဒီကောင်က ဆိုးလွန်းလို့ တိရစ္ဆာန်ဆရာဝန်တောင် အနားကပ်လို့မရဘူးတဲ့။ နောက်ဆုံးတစ်ခုကတော့ ကျန်းမာရေးဌာနက အမျိုးသမီးဆရာဝန်တစ်ယောက်ရှိတယ်။ သူမက သူ့ဆိုင်ကို ပိတ်ခိုင်းဖို့ ကြိုးစားနေတယ်တဲ့။ ဒါကြောင့် အရက်သမားကို သူမနဲ့ လိင်ဆက်ဆံခိုင်းတယ်။ ပြီးတော့ အရက်ပုလင်းပေးမယ်တဲ့"

သူနာပြုက ခွဲစိတ်နေသည့်နေရာမှ သွေးများကို စုပ်စက်ဖြင့် စုပ်ထုတ်လိုက်သည်။

"အရက်ချိုးက ဘောလုံးသမားကို မောင်းထုတ်လိုက်တယ်။ ပြီးတော့ မိကျောင်းရှိရာကို သွားတယ်။ ၁၅ မိနစ်လောက်အကြာမှာ တစ်ကိုယ်လုံးသွေးတွေနဲ့ အဝတ်အစားတွေဆုတ်ပြဲပြီး ပြန်ထွက်လာတယ်။ ပြီးတော့ သွားမကောင်းတဲ့ အမျိုးသမီးဆရာဝန် ဘယ်မှာလဲလို့ မေးလိုက်တယ်တဲ့"

ဒေါက်တာကစ်ဘလာ အော်ဟစ်ရယ်လိုက်သည်။ "မင်း သိလိုက်လား။ သူက အမျိုးသမီးဆရာဝန်အစား မိကျောင်းနဲ့ လိင်ဆက်ဆံလိုက်တယ်လေ။ ဒါက ပိုကောင်းတဲ့ အတွေ့အကြုံတစ်ခု ဖြစ်ရင်ဖြစ်နေမှာ"

ကိတ် ထိုနေရာတွင် ရပ်နေရင်း ဒေါသထွက်နေ၏။ သူ့အားလည်း ရိုက်ပစ်လိုက်ချင်သည်။

ခွဲစိတ်ခြင်းပြီးဆုံးသောအခါ ကိတ်သည် အွန်ကောခန်းသို့သွားပြီး ဒေါသအရှိန်သေစေဖို့ ကြိုးစား၏။ ဒီရိုင်းစိုင်းသူကောင်တွေ ငါ့ကို အနိုင်မယူစေရဘူး။ ငါခွင့်မပြုနိုင်ဘူး။

တစ်ခါတစ်ရံတွင် ပေ့ချ်သည် ဆေးရုံမှ ဆရာဝန်များနှင့် အပြင်သွား၏။ သို့သော် မည်သူနှင့်မျှ မေတ္တာချင်း မဖယ်လှယ်လိုပေ။ အဲဖရက်တာနာသည် သူမကို နက်နက်ရှိုင်းရှိုင်းပင် နာကျင်စေ၏။ ထိုကဲ့သို့ သူမ နောက်တစ်ကြိမ် မကြုံဖို့ ဆုံးဖြတ်ထားသည်။

သူမ၏ နေ့နှင့် ညတို့သည် ဆေးရုံတွင်သာ ကုန်ဆုံးခဲ့သည်။ အချိန်ဇယားတို့က ပင်ပန်းလှသည်။ သို့သော် ပေ့ချ်သည် အထွေထွေခွဲစိတ်တွင် အလုပ်လုပ်နေပြီး ပျော်နေ၏။

တစ်မနက်တွင် ခွဲစိတ်ဌာနမှူးဂျော့အန်ဂလန်က သူမကို အခေါ်လွှတ်၏။

"ဒေါက်တာ့ရဲ့ အထူးပြုပညာကို ဒီနှစ် စတော့မှာနော်။ နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ"

သူမ ခေါင်းညိတ်လိုက်၏။ "မှန်ပါတယ်"

"ကဲ...ဒေါက်တာ့အတွက် ကောင်းတာတစ်ခုရှိတယ်။ ဒေါက်တာဘာကာကို ကြားဖူးလား?"

ပေ့ချ်သူ့အား အံ့သြတကြီး ကြည့်လိုက်၏။ "ဒေါက်တာလောရင့်ဘာကာလား?" "ဟုတ်တယ်"

"ကြားဖူးတာပေါ့"

လူတိုင်းသည် လောရင့်ဘာကာကို ကြားဖူးကြသည်။ သူသည် ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး နှလုံးနှင့်သွေးကြော ခွဲစိတ်ဆရာဝန်တစ်ယောက်ဖြစ်သည်။

"သူ ပြီးခဲ့တဲ့ အပတ်ကပဲ ဆော်ဒီအာရေဗီးယားကနေ ဘုရင်ကို ခွဲစိတ်ပြီး ပြန်ရောက်တယ်။ ဒေါက်တာဘာကာက ကျွန်တော့်ရဲ့ ငယ်သူငယ်ချင်းပဲ။ သူက တစ်ပတ်ကို ၃ ရက် အခကြေးငွေ မယူဘဲ ဒီမှာ လုပ်ပေးဖို့ သဘောတူခဲ့တယ်" "ဒါကောင်းတာပေါ့" ပေ့ချ် အာမေဍိတ်သံဖြင့်ပြော၏။

"ဒေါက်တာ့ကို သူ့အဖွဲ့ထဲ ထည့်ထားမယ်"

ထိုခဏတွင် ပေ့ချ် စကားလုံးတို့ ပျောက်ဆုံးကုန်သည်။ "ကျွန်မ. . .ကျွန်မ ဘာပြောရမှန်းတောင် မသိတော့ဘူး။ အရမ်းကျေးဇူးတင်ပါတယ်ရှင်"

"ဒါဒေါက်တာအတွက် တကယ့်အခွင့်အရေးကြီးပဲ။ သူ့ဆီကနေ ဒေါက်တာ အများကြီး သင်ယူနိုင်တယ်"

"သေချာတာပေါ့ရှင်။ ကျေးဇူးပဲ၊ ဂျော့။ ကျွန်မ တကယ့်ကို ကျေးဇူးတင်ပါတယ်"

"မနက်ဖြန်မနက် ၆ နာရီမှာ သူနဲ့ စ'ရောင်း'ရမယ်"

"ကျွန်မ မျှော်လင့်နေပါတယ်"

မျှော်လင့်နေပါတယ်ဟူသော စကားသည် နည်းနေသေးသည်။ ဒေါက်တာလောရင့်ဘာကာလိုလူမျိုးနှင့် အလုပ်အတူတွဲလုပ်ရန်မှာ ပေ့ချ်အိပ်မက်ဖြစ်သည်။ ငါဘာပြောမိပါလိမ့်။ ဒေါက်တာလောရင့်ဘာကာလိုလူမျိုးတဲ့လား။ ဒေါက်တာလော့ရင်ဘာကာဆိုတာ တစ်ယောက်ပဲရှိတယ်။

သူ့ကို ဓာတ်ပုံထဲမှာပင် မမြင်ဖူး။ သို့သော် သူမသည် သူဘယ်ပုံရှိမည်ကို စိတ်မှန်းဖြင့် ပုံဖော်နိုင်သည်။ သူသည် အရပ်မြင့်မြင့် ခန့်ခန့်ညားညားဖြစ်မည်။ ငွေရောင်ဆံပင်များနှင့် သေးသွယ်ကျွမ်းကျင်သော လက်များဖြင့်။ နွေးထွေးပျူငှာသော လူကြီးလူကောင်းတစ်ယောက်။ ပေ့ချ်တွေးမိ၏။ ငါတို့ အတူတူနီးနီးကပ်ကပ် တွဲလုပ်ကြမယ်။ ငါက သူ့အတွက် မရှိမဖြစ်လူတစ်ယောက်ဖြစ်အောင် လုပ်မယ်။ သူလက်ထပ်ပြီးပြီလား မသိဘူး. . .

ထိုညတွင်  ပေ့ချ်သည် ဒေါက်တာဘာကာနှင့် ရမ္မက်ဆန်သော အိပ်မက်တစ်ခုကို မက်သည်။ သူတို့သည် အဝတ်အစားမပါဘဲ ခွဲစိတ်ခြင်းတစ်ခုကို ပြုလုပ်နေ၏။ ခွဲနေစဉ်မှာပင် ဒေါက်တာဘာကာက ပြော၏။ "မင်းကို လိုချင်တယ်"။ သူနာပြုတစ်ယောက်က လူနာအား ခွဲကုတင်ပေါ်မှ ရွှေ့လိုက်ပြီး ဒေါက်တာဘာကာက ပေ့ချ်ကို ပွေ့ချီကာ ထိုအပေါ်သို့ တင်လိုက်သည်။ ထို့နောက် လိင်ဆက်ဆံကြသည်။ ပေ့ချ်နိုးသောအခါ သူမသည် အိပ်ရာပေါ်မှ ပြုတ်ကျနေသည်။

မနက် ၆ နာရီတွင် ပေ့ချ်သည် ဒုတိယထပ်ကော်ရစ်ဒါတွင် စီနီယာဆရာဝန်ဂျိုးဖီးလစ်နှင့် အခြားဆရာဝန် ၅ ယောက်နှင့်အတူ စိတ်လှုပ်ရှားစွာ စောင့်နေကြသည်။ အရပ်ပုပု မျက်နှာထားတင်းတင်းနှင့် လူတစ်ယောက် သူတို့ထံရောက်လာ၏။ သူသည် လေကို တွန်းလှန်ကာလမ်းလျှောက်လာရသလို ရှေ့ကို ကိုင်းကာလျှောက်လာ၏။

သူက အဖွဲ့နားသို့ တိုးသွားပြီး "ဒီမှာ ဘာစောင့်လုပ်နေတာလဲ။ သွားမယ်" ဟု ပြောလိုက်၏။

သူမ၏ တည်ငြိမ်မှုကို ရှာတွေ့ဖို့ ပေ့ချ်အချိန်တအောင့်မျှ ယူရသည်။ သူမသည် အဖွဲ့ကို မီအောင် ကမန်းကတန်းလိုက်သွားရ၏။ သူတို့ ကော်ရစ်ဒါတစ်လျှောက် သွားနေချိန်တွင် ဒေါက်တာဘာကာက ခပ်ဆတ်ဆတ်ပြော၏။ "တစ်နေ့ကို မင်းတို့ လူနာ ၃၀ ကနေ ၃၅ ယောက်အထိ ရှိလိမ့်မယ်။ အယောက်တိုင်းအတွက် အသေးစိတ်အချက်အလက်တွေ မှတ်ထားပါ။ ရှင်းရဲ့လား"

"ဟုတ်ကဲ့" ဟူသော တီးတိုးသံများ ထွက်လာသည်။

သူတို့ ပထမ ဆေးကုသဆောင်သို့ ရောက်လာ၏။ ဒေါက်တာဘာကာသည် အသက်လေးဆယ်အရွယ်ရှိ လူနာတစ်ယောက်ရှိရာ အိပ်ရာသို့ လျှောက်သွား၏။ ဘာကာ၏ သုန်သုန်မှုန်မှုန်နှင့် ဖော်ရွေမှုမရှိသည့်အမူအရာက ချက်ချင်းပြောင်းလဲသွားသည်။ သူက လူနာပခုံးကို ညင်သာစွာ ထိလိုက်ပြီး "ကောင်းသောမနက်ခင်းပါ။ ကျွန်တော်က ဒေါက်တာဘာကာပါ"

"ကောင်းသောမနက်ခင်းပါ၊ ဒေါက်တာ"

" ဒီမနက် နေရတာ ဘယ်လိုလဲ"

"ကျွန်တော် ရင်ဘတ်အောင့်တယ်"

ဒေါက်တာဘာကာသည် ခုတင်ခြေရင်းရှိ ဖိုင်တွဲအား ကြည့်လိုက်ပြီးနောက် ဒေါက်တာဖီးလစ်ထံ လှည့်လိုက်၏။ "ဓာတ်မှန်မှာ ဘာတွေတွေ့လဲ" "ဘာမှ မပြောင်းလဲပါဘူး။ သူ ပြန်ကောင်းလာပါပြီ"

"နောက်တစ်ခါ သွေးထပ်စစ်လိုက်"

ဒေါက်တာဖီးလစ်က မှတ်လိုက်၏။

ဒေါက်တာဘာကာက လူနာ့လက်မောင်းအား ပုတ်လိုက်ပြီး ပြုံးလိုက်၏။ "ကောင်းလာပါပြီ။ တစ်ပတ်အတွင်း ဆေးရုံကနေ ပေးဆင်းမယ်"။ သူက အလုပ်သင်ဆရာဝန်များဘက်လှည့်လိုက်ပြီး "သွားတော့။ ငါတို့ကြည့်စရာ လူနာတွေအများကြီး ရှိသေးတယ်" ဟု အသံပြတ်ဖြင့်ပြောလိုက်၏။ ဘုရားရေ၊ ချက်ချင်းကြီး ပြောင်းလဲသွားပါလားဟု ပေ့ချ်တွေးမိသည်။

နောက်လူနာတစ်ဦးမှာ နှလုံးခုန်စက်ထည့်သွင်းထားသော မိန်းမဝဝတစ်ယောက်ဖြစ်၏။ ဒေါက်တာဘာကာက သူမဖိုင်တွဲအားကြည့်လိုက်ပြီး "ကောင်းသောမနက်ခင်းပါ၊ မစ္စစ်ရဲဘီ"။ သူ့အသံမှာ ချော့မွေ့နေသည်။ "ကျွန်တော်က ဒေါက်တာဘာကာပါ" "ကျွန်မကို ဒီနေရာမှာ ဘယ်လောက်တောင်ထားဦးမှာလဲ" "အစ်မကြီးက တကယ့်ကို ချစ်စရာကောင်းတယ်။ ဒီမှာ တစ်သက်လုံးတောင်ခေါ်ထားချင်တာ။ ဒါပေမဲ့ ကျွန်တော့်မှာကလည်း မိန်းမရှိနေတယ်"

မစ္စစ်ရှဲဘီ ခိုးခိုးခစ်ခစ်ရယ်လိုက်၏။ "သူမကတော့ ကံကောင်းတဲ့သူပဲ"
ဘာကာက သူမဖိုင်တွဲအား ကြည့်နေ၏။ "အိမ်ပြန်ရဖို့
သိပ်မလိုတော့ပါဘူး"
"ကောင်းလိုက်တာ"
"ဒီနေ့လယ် ထပ်လာကြည့်ပေးမယ်"
လောရင့်ဘာကာသည် အလုပ်သင်ဆရာဝန်များဘက် လှည့်လိုက်၏။
"သွားကြမယ်"
သူတို့သည် လောရင့်ဘာကာ နောက်မှ ရိုကျိုးစွာ လိုက်လာပြီး
ဂွာတီမာလာလူမျိုးကောင်ကလေးရှိရာ အခန်းသို့ ရောက်လာကြ၏။
စိတ်ပူနေသော မိသားစုများက ဘေးတွင် ဝိုင်းနေသည်။
"ကောင်းသော မနက်ခင်းပါ" ဒေါက်တာဘာကာက နွေးထွေးစွာ
ပြော၏။ သူက လူနာ၏ ဖိုင်တွဲအားကြည့်လိုက်ပြီး
"ဒီမနက်ဘယ်လိုနေသေးလဲ" "ကျွန်တော်ကောင်းပါတယ်၊ ဒေါက်တာ"
ဒေါက်တာဘာကာသည် ဖီးလစ်ဘက် လှည့်လိုက်ပြီး
"ကိုယ်တွင်းဓာတုပစ္စည်း အပြောင်းအလဲရှိလား"
"မရှိပါဘူး၊ ဒေါက်တာ"
"သတင်းကောင်းပဲ"။ သူက ကောင်လေးလက်မောင်းကို ပုတ်လိုက်ပြီး
"ဒီမှာပဲ နေနေဦး၊ ဂျူအစ်မ်"
အမေဖြစ်သူက စိုးရိမ်တကြီး လှမ်းမေး၏။ "ကျွန်မသား
ပြန်ကောင်းမှာလားဟင်"
ဒေါက်တာဘာကာပြုံးလိုက်ပြီး "ကျွန်တော်တို့ တတ်နိုင်တာမှန်သမျှ
လုပ်ပေးပါ့မယ်"
"ကျေးဇူးပါပဲ၊ ဒေါက်တာ"

ဒေါက်တာဘာကာ ကော်ရစ်ဒါသို့ ထွက်လိုက်၏။
အခြားဆရာဝန်များက သူ့နောက်မှ လိုက်လာကြသည်။ သူ ရပ်လိုက်၏။
"လူနာက နလုံးကြွက်သားမကောင်းဘူး။
ပုံစံမမှန်တဲ့အဖုများလည်းရှိတယ်။ လက်တုန်တယ်။ ခေါင်းကိုက်တယ်။
ပြီးတော့ ဖောရောင်တာတွေရှိတယ်။ မင်းတို့ထဲက
ဉာဏ်ကြီးရှင်တစ်ယောက်လောက်က အဖြစ်နိုင်ဆုံး ရောဂါကို
ပြောပြနိုင်မလား"
တိတ်ဆိတ်နေကြ၏။ ပေ့ချ်က တုံ့ဆိုင်းဆိုင်း ဖြေ၏။
"ကျွန်မအထင်တော့ မွေးရာပါ. . .မျိုးရိုးလိုက်တာ ထင်တယ်"
ဒေါက်တာဘာကာက သူမကို ကြည့်လိုက်၏။ အားပေးသလို
ခေါင်းညိတ်ပြ၏။ ကျေနပ်သွားပြီး ပေ့ချ်ဆက်ပြောသည်။ "အဲဒါက. .
.ခဏနေဦး. . ." သူမ မှတ်မိဖို့ ကြိုးစား၏။ "ဒါက မျိုးဆက်တစ်ခုကို
ကျော်ပြီးဖြစ်တယ်။ အမေရဲ့ မျိုးရိုးဗီဇကြောင့် ဖြစ်တာ"။ သူမ
မိမိကိုယ်ကို ဂုဏ်ယူမိပြီး ရှက်သွေးဖြာနေ၏။
ဒေါက်တာဘာကာက သူမကို ခဏမျှ စိုက်ကြည့်နေ၏။ "ချီးမှုပဲ။ ဒါက
ချားဂတ်ရောဂါ။ လက်တင်အမေရိကနိုင်ငံက လူတွေမှာ
ဖြစ်တတ်တယ်"။ သူက ပေ့ချ်အား ရွံရှာစွာကြည့်လိုက်၏။ "ဘုရားရေ၊
မင်းဟာ ဆရာဝန်တစ်ယောက်လို့ ဘယ်သူများ ပြောခဲ့လဲ"

ပေ့ချ် မျက်နှာမှာ ဈွေးဈွေးနီနေသည်။

နောက်ပိုင်း 'ရောင်း'သည့်အရာများသည် ပေ့ချ်အတွက် ဝါးတားတားဖြစ်နေ၏။ သူတို့သည် လူနာ ၂၄ ယောက်ကို ကြည့်ခဲ့ပြီး ဒေါက်တာဘာကာသည် တစ်မနက်လုံး သူမကို ဟာသလုပ်နေသည်ကို ပေ့ချ် ထင်မိသည်။ ဘာကာ့မေးခွန်းများသည် သူမကိုသာ ဦးတည်နေ၏။ စမ်းသပ်စစ်ဆေးနေ၏။ သူမ မှန်သောအခါ သူသည် လုံးဝ မချီးမွမ်းချေ။ သူမမှားသောအခါ သူက သူမကို အော်ဟစ်ဆူပူသည်။ တစ်ချိန်တွင် ပေ့ချ် အမှားတစ်ခုလုပ်မိသောအခါ ဘာကာက သူမကို အော်ပြော၏။

"မင်းကို ငါ့ခွေးတောင် ခွဲစိတ်ခွင့်မပြုဘူး"

'ရောင်း'လှည့်ခြင်းပြီးသောအခါ စီနီယာဆရာဝန် ဒေါက်တာဖီးလစ်က "ငါတို့ ၂ နာရီမှာ ထပ် 'ရောင်း'ကြမယ်။ မှတ်စုစာအုပ်တွေ ယူလာကြနော်။ လူနာတိုင်းအတွက် မှတ်စုထုတ်ထား။ တစ်ခုမှ မကျန်စေနဲ့"

သူက ပေ့ချ်အား သနားကြင်နာစွာ ကြည့်လိုက်ပြီး တစ်ခုခု ပြောရန် ဟန်ပြင်လိုက်သည်။ ထို့နောက် လှည့်ထွက်ပြီး ဒေါက်တာဘာကာဆီ သွား၏။ ငါဒီ ရိုင်းစိုင်းသူကောင်ကို ထပ်မတွေ့ချင်တော့ဘူးဟု ပေ့ချ်တွေးမိသည်။

နောက်တစ်နေ့ညတွင် ပေ့ချ်မှာ အွန်ကောဆရာဝန်ဖြစ်၏။ သူမသည် သေရေးရှင်ရေးတစ်ခုမှ နောက်တစ်ခုသို့ ပြေးရသည်။ အရေးပေါ်ခွဲစိတ်ခန်းအတွင်းရှိ ကပ်ဆိုးများကို အလျင်အမြန်ကျော်လွှားရသည်။

နံနက် ၁ နာရီတွင် သူမ အိပ်မောကျသွားသည်။ သူမသည် လူနာတင်ယာဉ်၏ အရေးပေါ်အချက်ပေးသံကို မကြားလိုက်ချေ။ ထိုယာဉ်က ဆေးရုံ၏ အရေးပေါ်ပေါက်တွင် ရပ်လိုက်သည်။ ဆေးအကူနှစ်ယောက်က လူနာတင်ယာဉ်တံခါးကို ဆွဲဖွင့်လိုက်ပြီး သတိမေ့နေသောလူနာကို ထမ်းစင်ပေါ်မှ တွန်းလှည်းပေါ်သို့ ပြောင်းတင်လိုက်သည်။ ထို့နောက် အရေးပေါ်ခန်း ၁ သို့ အပြေးပို့ဆောင်ကြသည်။

ဝန်ထမ်းများကို ကြိုးမဲ့ တယ်လီဖုန်းနှင့် ကြိုတင် သတိပေးထား၏။ သူနာပြုတစ်ယောက်သည် လူနာဘေးမှ ပြေးလိုက်လာသည်။ နောက်သူနာပြုတစ်ယောက်က လမ်းထိပ်တွင် စောင့်နေ၏။ စက္ကန့် ၆၀ ခန့်ကြာပြီးသောအခါ လူနာအား တွန်းလှည်းပေါ်မှ စမ်းသပ်ခုတင်ပေါ်သို့ ပြောင်းပြီးဖြစ်သည်။

လူနာသည် လူရွယ်တစ်ယောက်ဖြစ်၏။ သွေးအလူးလူးဖြင့်ဖြစ်နေပြီး ဘယ်လိုပုံစံရှိမှန်းပင် ပြောဖို့ခက်နေ၏။ သူနာပြုတစ်ယောက်က လူနာ၏ စုတ်ပြဲအင်္ကျီများကို ကပ်ကြေးအကြီးနှင့် ညှပ်ပစ်လိုက်သည်။

"အကုန်လုံးကျိုးနေသလိုပဲ"

"သူက ဝက်တစ်ကောင်လိုပဲ သွေးထွက်နေတယ်"

"အွန်ကောက ဘယ်သူလဲ?"

"ဒေါက်တာတေစ်လာ"

"သူ့ကို ခေါ်လိုက်။ သူမသာ မြန်မြန်လာရင် အသက်မီနိုင်သေးတယ်"

ပေ့ချ်ကို တယ်လီဖုန်းမြည်သံက နှိုးလိုက်၏။

"ဟယ်လို. . ."

"အရေးပေါ်ခန်း ၁ မှာ လူနာရောက်နေတယ် ဒေါက်တာ။ သူ

အသက်တောင် ရှင်ပါ့မလားမသိဘူး”

ပေ့ချ် ခေါက်ခုတင်တွင် ထထိုင်လိုက်၏။ “ကောင်းပြီ။ ကျွန်မ လာနေပြီ” သူမ၏ လက်ပတ်နာရီကို ကြည့်လိုက်၏။ မနက် ၁း၃၀။ အိပ်ရာထက်မှ လူးလဲထလိုက်ပြီး ဓာတ်လှေကားရှိရာသို့ သွားလိုက်၏။

တစ်မိနစ်အကြာတွင် သူမသည် အရေးပေါ်ခန်းရှိရာသို့ လမ်းလျှောက်သွားနေ၏။ အခန်းတွင်း စမ်းသပ်ခုတင်ပေါ်တွင် သွေးများ ပေကျံနေသည့် လူနာတစ်ယောက်ရှိသည်။

“ဘာဖြစ်လာတာလဲ” ပေ့ချ်က မေး၏။

“မော်တော်ဆိုင်ကယ်မတော်တဆမှုပါ။ သူ့ကို ဘက်စ်ကားက ဝင်တိုက်သွားတယ်။ သူက ဦးထုပ်ဆောင်းမထားဘူး”

ပေ့ချ်သည် သတိမေ့မြောနေသူထံသို့ တိုးကပ်သွားသည်။ မျက်နှာကို မမြင်ရခင်မှာပင် သူမ တစ်ခုခုကို သိနေ၏။ သူမ ရုတ်တရက် နီးနီးကြားကြားဖြစ်သွားသည်။ “သွေးကြောပိုက် ၃ ပိုက် စိုက်ထားလိုက်” ပေ့ချ်က အမိန့်ပေး၏။ “သူ့ကို အောက်ဆီဂျင်ပေးထား။ အခုချက်ချင်း သွေးလိုချင်တယ်။ မှတ်တမ်းကို ကြည့်ပြီး သူ့သွေးအမျိုးအစားကို သိအောင်လုပ်”

သူနာပြုက သူမကို အံ့သြတကြီးကြည့်လိုက်၏။ “ဒေါက်တာ သူ့ကို သိလို့လား?”။ “အင်း” သူမ စကားလုံးများကို အားတင်းပြောရ၏။ “သူ့နာမည်က ဂျင်မီဖော့တဲ့”

ပေ့ချ် လက်ချောင်းများဖြင့် သူ့ဦးရေပြားကို ကိုင်လိုက်၏။ “ဒီမှာ အကြီးကြီး ရောင်နေတယ်။ ဦးခေါင်းဓာတ်မှန် လိုချင်တယ်။ ငါတို့ မြန်မြန်လုပ်ရမယ်။ ငါသူ့ကို အသက်ရှင်လျက် လိုချင်တယ်”

“ဟုတ်ကဲ့။ ဒေါက်တာ”

ပေ့ချ်သည် နောက် ၂ နာရီအတွင်းတွင် ဂျင်မီဖော့အတွက် လိုအပ်မည် ထင်သမျှကို မရပ်မနား စီစဉ်နေသည်။ ဓာတ်မှန်က ဦးခေါင်းခွံကွဲသွားကြောင်းနှင့် ဦးနှောက်ဒဏ်ရာရသွားကြောင်း ဖော်ပြ၏။ ထို့နောက် လက်မောင်းရိုးလည်းကျိုးနေပြီး ပွန်းပဲ့ဒဏ်ရာများလည်း ရှိ၏။ သို့သော် သူ့အခြေအနေပြန်ပြီး တည်ငြိမ်လာသည်အထိ ကျန်အရာများက စောင့်နိုင်သည်။

နံနက် ၃း၃၀ တွင် လက်ရှိတွင် ယခုထက်ပို၍ ဘာမှ မလုပ်ပေးနိုင်တော့ကြောင်း ပေ့ချ်ဆုံးဖြတ်၏။ သူသည် ပိုမိုကောင်းမွန်စွာ အသက်ရှူလာ၏။ သူ့သွေးခုန်နှုန်းမှာ ပိုမို သန်လာ၏။ သူမက မေ့မြောနေသည့် ကိုယ်ခန္ဓာအား ကြည့်လိုက်၏။ ကျွန်တော်တို့ ကလေးဒါဇင်ဝက်လောက်ယူမယ်။ ပထမဆုံး မိန်းကလေးကို ပေ့ချ်လို့ နာမည်မှည့်မယ်။ ဒေါက်တာ စိတ်မဆိုးဘူးမဟုတ်လား။ “တစ်ခုခု အပြောင်းအလဲဖြစ်ရင် ကျွန်မကို အကြောင်းကြားပါ” ပေ့ချ်က ပြော၏။ “စိတ်မပူပါနဲ့ ဒေါက်တာ” သူနာပြုတစ်ယောက်က ပြော၏။ “ကျွန်မတို့ သူ့ကို ကောင်းကောင်း ဂရုစိုက်ပါ့မယ်”

ပေ့ချ်သည် အွန်ကောခန်းဆီသို့ ပြန်သွားခဲ့၏။ သူမ မောဟိုက်နေပြီး ဂျင်မီအတွက် ပူပန်လွန်း၍ အိပ်ပင် မပျော်နိုင်တော့ချေ။

တယ်လီဖုန်းသံ ထပ်မြည်လာပြန်သည်။ သူမတွင် ဖုန်းကိုင်ဖို့ပင် စွမ်းအားမကျန်တော့။

“ဟယ်လို”

"ဒေါက်တာ တတိယထပ်ကို မြန်မြန်လာခဲ့ပါ။ ဒေါက်တာဘာကာရဲ့ လူနာတစ်ယောက် နလုံးထဖောက်နေတယ်ထင်တယ်"

"လာပြီ" ပေ့ချ်က ပြော၏။ ဒေါက်တာဘာကာ၏ လူနာတစ်ယောက်။ ပေ့ချ်အသက်ပြင်းပြင်းရှူလိုက်ပြီး အိပ်ရာထက်မှ ထလိုက်သည်။ ရေအေးအေးကို မျက်နှာပေါ်လောင်းချလိုက်ပြီး တတိယထပ်သို့ ထွက်သွား၏။

ကိုယ်ပိုင်အခန်းတစ်ခုရှေ့တွင် သူနာပြုတစ်ယောက်က စောင့်နေ၏။ "မစ္စစ်ဟန်းစ်ပါ။ သူနလုံးရုတ်တရက် ထဖောက်လို့"။ ပေ့ချ် အခန်းတွင်းသို့ ဝင်သွားသည်။

မစ္စစ်ဟန်းစ်မှာ အသက် ငါးဆယ်အရွယ်ရှိ အမျိုးသမီးတစ်ဦးဖြစ်သည်။ သူမမျက်နှာပေါ်တွင် တစ်ချိန်တုန်းက လှပခဲ့သည့် အရိပ်အယောင်တချို့ကျန်နေသေး၏။ သို့သော် သူမ ကိုယ်ခန္ဓာမှာမူ ဝဖိုင့်နေ၏။ သူမက ရင်ဘတ်ကို လက်ဖြင့် ဖိထားပြီး ညည်းညူနေသည်။ "ကျွန်မသေတော့မယ်" သူမက ပြော၏။ "ကျွန်မ သေတော့မယ်။ အသက်ရှူလို့ မရတော့ဘူး"

"ကောင်းသွားမှာပါ" ပေ့ချ်က အားပေးစကားပြော၏။ သူနာပြုဘက်သို့ လှည့်လိုက်ပြီး အီးကေဂျီ (အီးစီဂျီ) ဆွဲပြီးပြီလား"

"ကျွန်မကို အထိမခံဘူးရှင်။ သူမက ပြောတယ်။ သူမ သိပ်ကို . . ."

"ကျွန်မတို့ အီးကေဂျီလုပ်မှ ဖြစ်မယ်" ပေ့ချ်က လူနာအား ပြောလိုက်၏။ "ဟင့်အင်း။ ကျွန်မ မသေချင်သေးဘူး။ ကျွန်မကို ကယ်ပါ. . ."

ပေ့ချ်က သူနာပြုအား ပြောလိုက်၏။ "ဒေါက်တာဘာကာကိုသာ ခေါ်လိုက်။ သူ့ကို ဒီချက်ချင်းလာခိုင်းလိုက်"

သူနာပြု ကသုတ်ကရက်ထွက်သွားသည်။

ပေ့ချ်က နားကြပ်အား လူနာရင်ဘတ်ပေါ် တင်လိုက်၏။ သူမ နားထောင်ကြည့်သည်။ နလုံးခုန်သံမှာ ပုံမှန်ဖြစ်သည်။ သို့သော် နည်းနည်းလေးမျှ ပေ့ချ်အတိမ်းအစောင်းမခံနိုင်ချေ။

"ဒေါက်တာဘာကာက နောက်မိနစ်အနည်းငယ်ဆို ရောက်လာလိမ့်မယ်" သူမက မစ္စစ်ဟန်းစ်ကို ပြောလိုက်၏။

"စိတ်လျှော့ထားပါ"

"ကျွန်မ ဒီလောက်ထိ ဆိုးဆိုးရွားရွား မဖြစ်ဖူးဘူး။ ကျွန်မ ရင်ဘတ်တွေလေးနေတယ်။ ကျွန်မကို မထားခဲ့ပါနဲ့"

"မထားခဲ့ပါဘူး" ပေ့ချ်က ကတိပေးလိုက်၏။

ဒေါက်တာဘာကာရောက်လာမည်ကို စောင့်နေစဉ်မှာပင် ပေ့ချ်သည် အသည်းအသန်လူနာထားခန်းသို့ ဖုန်းဆက်လိုက်၏။ ဂျင်မီဖော့၏ အခြေအနေမှာ အပြောင်းအလဲမရှိ။ မေ့မြောနေတုန်းပင်။

မိနစ် ၃၀ ခန့်အကြာတွင် ဒေါက်တာဘာကာ ရောက်လာ၏။ သူသည် အလောတကြီး အဝတ်အစားဝတ်ပြီး ထွက်လာကြောင်း သိသာသည်။ "ဘာဖြစ်လို့လဲ" သူက မေး၏။

ပေ့ချ်က "ကျွန်မအထင် မစ္စစ်ဟန်းစ် နလုံးထဖောက်တယ်ထင်တယ်"

ဒေါက်တာဘာကာ ခုတင်ဘေးသို့ သွားလိုက်ပြီး "အီးကေဂျီဆွဲထားလား" "သူမက ပေးမလုပ်ပါဘူး"

"သွေးခုန်နှုန်းကော"

"ပုံမှန်ပဲ။ အဖျားလည်း မရှိဘူး"

ဒေါက်တာဘာကာသည် နားကြပ်ကို မစ္စစ်ဟန်းစ်၏ နောက်ကျောသို့ ထောက်လိုက်၏။ "အသက်ပြင်းပြင်းရှူလိုက်ပါ"

သူမ လိုက်နာ၏။

"နောက်တစ်ခါ"

မစ္စစ်ဟန်းစ်က ကျယ်ကျယ်လောင်လောင် လေတက်လိုက်၏။ "ခွင့်ပြုပါရှင်" သူမ ပြုံးလိုက်၏။ "အိုး. . .သက်သာလာတယ်"

သူမကို ခဏမျှ ကြည့်လိုက်၏။ "ညစာဘာစားထားလဲ မစ္စစ်ဟန်းစ်"

"ဟန်ဘာဂါ"

"ဟန်ဘာဂါပဲလား? ဒါပဲလား? တစ်ခုထဲလား?"

"နှစ်ခု"

"တခြားကော?"

"ဟို. . .ကြက်သွန်နဲ့ အာလူးကြော်"

"ဘာသောက်သေးလဲ?"

"ချောကလက်မစ်ရှိတ်"

ဒေါက်တာဘာကာ လူနာအား ငုံ့ကြည့်လိုက်၏။ "နှလုံးက ကောင်းပါတယ်။ အစ်မကြီးရဲ့ စားချင်စိတ်ကိုသာ ကျွန်တော်တို့ စိုးရိမ်ရမှာ"။ သူက ပေ့ချ်ဘက်သို့လှည့်လိုက်ပြီး "ဒီမှာ မင်းတွေ့နေတာက အစာအိမ်နာကွ။ မင်းကို အပြင်မှာ တွေ့ချင်တယ်"

သူတို့ ကော်ရစ်ဒါပေါ်ရောက်သောအခါ "ဆေးကျောင်းမှာ မင်းကို ဘာတွေသင်ပေးလိုက်သလဲဟေ? အစာအိမ်နာနဲ့ နှလုံးထဖောက်တာတောင် မင်းမခွဲတတ်ဘူး"

"ကျွန်မ ထင်တာ. . ."

"ပြဿနာက မင်း မသိဘူး။ တကယ်လို့ နောက်တစ်ခါ အစာအိမ်နာအတွက် ညသန်းခေါင်ကြီးငါ့ကို နှိုးမယ်ဆိုရင် မင်းဖင်ကို ငါဆောင့်ကန်ပစ်မယ်။ မင်း နားလည်ရဲ့လား"

ပေ့ချ် မျက်နှာ မှုန်ကုတ်ကုတ်နှင့် ထိုနေရာတွင် တောင့်တောင့်ကြီးရပ်နေလေသည်။

"သူ့ကို အစာအိမ်နာဆေးတွေပေးလိုက်၊ ဒေါက်တာ" လောရင့်ဘာကာက လှောင်ကာ ပြော၏။ "သူမ သက်သာသွားတာ တွေ့လိမ့်မယ်။ မနက် ၆ နာရီ 'ရောင်း' ကျမှ တွေ့တာပေ့ါ"

သူထွက်သွားသည်ကို ပေ့ချ် ကြည့်နေ၏။

ပေ့ချ် အွန်ကောခန်းထဲရှိ ခေါက်ခုတင်ဆီသို့ ပြန်ရောက်သောအခါ သူမတွေးမိသည်။ ငါ လောရင့်ဘာကာကို သတ်ပစ်မယ်။ သူ အရမ်းကို နာမကျန်းဖြစ်စေရမယ်။ သူ့ကိုယ်လုံးမှာ ပိုက် တစ်ဒါဇင်လောက် စိုက်ထားမယ်။ သူက ငါ့ကို အဲဒီဒုက္ခကနေကယ်တင်ဖို့ တောင်းပန်မယ်။ ငါကတော့ မကယ်ဘူး။ သူ့ကို ဝေဒနာခံစားစေမယ်။ သူသက်သာလာတဲ့အချိန်ကျတော့မှ ငါသူ့ကို သတ်ပစ်မယ်။

(အခန်း ၁၅)

ပေ့ချ်သည် မနက်'ရောင်း'များကို သူမက လူ့တိရစ္ဆာန်ဟု တိတ်တခိုး ကင်ပွန်းတပ်ထားသော ဒေါက်တာဘာကာနှင့်အတူ လုပ်ဆောင်ရသည်။

သူမသည် နှလုံးရင်ခေါင်းခွဲစိတ်မှု ၃ ခုကို သူနှင့်အတူ လုပ်ကိုင်ခဲ့သည်။ သူမသည် သူ့အပေါ် မုန်းတီးစိတ်များရှိသော်လည်း သူ၏စွမ်းရည်ကိုတော့ မလေးစားဘဲ မနေနိုင်။ သူလူနာကို စတင်ခွဲစိတ်ချိန်ဆိုလျှင် သူမ တအံ့တသြ ကြည့်နေရ၏။ သူသည် ကျွမ်းကျွမ်းကျင်ကျင်ပင် နှလုံးအဟောင်းကို ထုတ်လိုက်ပြီး လှူဒါန်းထားသည့်နှလုံးအသစ်နှင့် အစားထိုးလိုက်၏။ ထို့နောက် ချုပ်လိုက်သည်။ ခွဲစိတ်ချိန်တစ်ခုလုံး ၅ နာရီပင် မကြာ။

နောက် ရက်သတ္တပတ်အနည်းငယ်အတွင်းတွင် လူနာသည် ပုံမှန်ဘဝမျိုးပြန်ရောက်သွားလိမ့်မည်ဟု ပေ့ချ်တွေးမိ၏။ ဒါကြောင့်လည်း ခွဲစိတ်ဆရာဝန်တွေက သူတို့ကိုယ်သူတို့ ဘုရားသခင်တွေလို့ ထင်နေတာကိုး။ သူတို့က သေနေတဲ့လူတွေကို ပြန်ရှင်စေတယ်လေ။

အခါခါပင် ပေ့ချ်သည် နှလုံးတစ်ခုက ရပ်တန့်သွားပြီး ဘာမှ မလုပ်တော့သည့် အသားတုံးတစ်ခုဖြစ်သွားသည်ကို ကြည့်ခဲ့၏။ ထို့နောက် အံ့ဖွယ်တို့က ဖြစ်လာသည်။ အသက်မရှိသောထိုနှလုံးက စတင်ခုန်လာပြီး သေဆုံးတော့မည့် ခန္ဓာကိုယ်တစ်ခုလုံးဆီသို့ သွေးများ ပြန်ပို့ပေးသည်။

တစ်မနက်တွင် လူနာတစ်ယောက်အား သွေးကြောမကြီးအတွင်းဘောလုံးထည့်ရန် ခွဲစိတ်ခြင်းအတွက် စီစဉ်ထားသည်။ ပေ့ချ်သည် ခွဲခန်းထဲတွင် ဒေါက်တာဘာကာအား ကူညီခွဲရန် ရောက်နေ၏။ သူတို့ စတင်ခါနီးမှာပင် ဒေါက်တာဘာကာ သံပြတ်ဖြင့် ပြော၏။ "လုပ်လိုက်"

ပေ့ချ်သူ့အား ကြည့်လိုက်သည်။ "ရှင်...?"

"ဒီခွဲပုံက ရှင်းရှင်းလေးပဲ။ မင်းလုပ်နိုင်မယ်လို့ ထင်လား?" သူ့အသံတွင် အထင်သေးခြင်းတို့ စွက်နေ၏။

"ဟုတ်ကဲ့။ လုပ်နိုင်တယ်" ပေ့ချ်က တင်းတင်းပင် ပြန်ပြော၏။

"ကဲ...ဒါဆိုလည်း လုပ်လိုက်"

သူသည် ဒေါသထွက်စရာကောင်းသူတစ်ယောက်ဖြစ်လေသည်။

ဘာကာသည် ပေ့ချ်က ပိုက်လိုင်းတစ်ခုကို လူနာ၏ သွေးပြန်ကြောထဲထည့်ပြီးနောက် နှလုံးရှိရာသို့ ဆက်သွားနေသည်ကို ကြည့်နေ၏။ အမှားမရှိ ပြီးဆုံးခဲ့သည်။ ဘာကာက ထိုနေရာတွင် စကားတစ်ခွန်းမှ မပြောဘဲ ရပ်နေသည်။

သွားသေလိုက်ပါလားဟု ပေ့ချ်စိတ်ထဲက ပြောမိသည်။ ငါဘာလုပ်လုပ် သူ့ကို မကျေနပ်စေနိုင်ဘူး။

ပေ့ချ်သည် ဓာတ်မှန်မဖောက်နိုင်သော ဆိုးဆေးတစ်မျိုးကို ပိုက်ထဲမှတစ်ဆင့် ထိုးသွင်းလိုက်၏။ သူတို့သည် ဖန်သားပြင်ပေါ်တွင် ဆိုးဆေးက နှလုံးသွေးကြောများအတွင်းသို့ ဝင်သွားသည်ကို ကြည့်နေ၏။ အထူးဓာတ်မှန်မျက်နှာပြင်ပေါ်တွင် ပုံရိပ်များပေါ်လာသည်။ ၎င်းက သွေးကြောအတွင်းရှိ ပိတ်နေသည့်အတိုင်းအတာနှင့် နေရာများကို ဖော်ပြသည်။ ထိုအချိန်တွင်ပင် အလိုအလျောက်ကင်မရာက ဓာတ်မှန်များကို မှတ်တမ်းတင်ထားသည်။

စီနီယာဆရာဝန်က ပေ့ချ်အား ကြည့်ပြီး ပြုံးလိုက်၏။ "လုပ်တာကောင်းတယ်"

"ကျေးဇူးပါပဲ"။ ပေ့ချ် ဒေါက်တာဘာကာဘက် လှည့်လိုက်သည်။

"အရမ်းနေးလွန်းတယ်" သူက မာန်ဖီပြောသည်။ ထို့နောက်

သူထွက်သွားသည်။

ဒေါက်တာဘာကာဆေးရုံတွင် မရှိဘဲ သူ့ကိုယ်ပိုင်ဆေးခန်းတွင် လုပ်သည့်နေ့ရက်များကို ပေ့ချ်ကျေးဇူးတင်သည်။ သူမက ကိတ်အား ပြော၏။ "သူနဲ့ တစ်နေ့မတွေ့ရတာဟာ တစ်ပတ်လောက်အနားရသလိုပဲ"

"နင်သူ့ကို တော်တော်ကြီး မုန်းနေတယ်မဟုတ်လား"

"သူက တကယ်တော်တဲ့ ဆရာဝန်တစ်ယောက်ပါ။ ဒါပေမဲ့ စိတ်ပျက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ။ တကယ်လို့ သူ လူတွေကို အော်ငေါက်နေတာ မရပ်ဘူးဆိုရင် လေဖြတ်တော့မှာပဲ"

"ငါကြုံနေရတာတွေကိုလည်း နင့်ကို တွေ့စေချင်တယ်" ကိတ်က ရယ်ရင်းပြော၏။ "သူတို့တွေက သူတို့ဟာ မိန်းမအငဂါတွေအတွက် ဘုရားသခင်ရဲ့ လက်ဆောင်တွေလို့ ထင်နေကြတယ်လေ။ ဒီကမ္ဘာပေါ်မှာ ယောက်ျားတစ်ယောက်မှ မရှိရင် ကောင်းမယ်နော်"

ပေ့ချ် သူမအား ကြည့်လိုက်၏။ တစ်ခွန်းမှတော့ ပြန်မပြော။

ပေ့ချ်နှင့် ကိတ်တို့ ဂျင်မီဖော့အားကြည့်ရန် သွား၏။ သူသည် မေ့မြောနေဆဲပင်။ သူတို့ လုပ်နိုင်သည်မှာ ဘာမှ မရှိ။

ကိတ် သက်ပြင်းချလိုက်သည်။ "အံ့ပါရဲ့။ ဘာလို့ လူကောင်းတွေမှာ လာဖြစ်ရတာလဲ" "ငါသိပါစေလို့ ဆုတောင်းတယ်"

"သူ ဒီတောင်ကို ကျော်နိုင်ပါ့မလား"

ပေ့ချ် တုံ့ဆိုင်းနေ၏။ "ငါတို့ တတ်နိုင်တာ မှန်သမျှ ငါတို့လုပ်ပေးပြီးပြီပဲ။ ကျန်တာ ဘုရားသခင်ပေါ်ပဲ မူတည်တယ်"

"ရယ်ရတယ်။ ငါတို့ဟာ ဘုရားသခင်ပဲလို့ ငါထင်ခဲ့တာ"

နောက်တစ်နေ့တွင် ပေ့ချ်သည် နေ့လယ်ခင်း'ရောင်း'များကို တာဝန်ယူရသည်။ စီနီယာဆရာဝန်ကာပလန်က သူမကို ကော်ရစ်ဒါတွင် တားလိုက်ပြီး "နင့်အတွက်တော့ ကံကောင်းတဲ့နေ့ပဲ" သူက ပြုံးပြော၏။ "နင် ဆေးကျောင်းသားအသစ်တစ်ယောက်ကို ခေါ်ပြီး လျှောက်ပြပေးရမယ်" "တကယ်?"

"အင်း၊ 'တအ' လေ"

"တအ?"

"တူအလေ။ ဒေါက်တာဝေါလေ့မိန်းမမှာ ဆရာဝန်ဖြစ်ချင်နေတဲ့ တူတစ်ယောက်ရှိတယ်။ သူရဲ့နောက်ဆုံး ကျောင်း ၂ ကျောင်းကနေလည်း အထုတ်ခံရတယ်လေ။ ငါတို့အားလုံး သူ့ကို သည်းခံနေရတယ်။ ဒီနေ့တော့ နင့်အလှည့်ပဲ"။ ပေ့ချ် ညည်းလိုက်သည်။ "ကျွန်မမှာ ဒီအတွက် အချိန်မှ မရှိတာ။ ကျွန်မဆီမှာ. . ."

"ဒါ ရွေးချယ်လို့ မရဘူး။ လိမ်လိမ်မာမာနဲ့ပဲ လုပ်ပေးလိုက်ပါ။ ဒေါက်တာဝေါလေ့က နင့်ကို အမှတ်ကောင်းကောင်းပေးလိမ့်မယ်"။ ထို့နောက် ကာပလန်ထွက်သွားသည်။

ပေ့ချ် သက်ပြင်းရှိုက်လိုက်ပြီး 'ရောင်း'လှည့်ရန် စောင့်နေသည့် အလုပ်သင်ဆရာဝန်သစ်များရှိရာသို့ သွားလိုက်သည်။ အဲဒီ 'တအ'က ဘယ်မှာလဲ? သူမ နာရီကို ငုံ့ကြည့်လိုက်သည်။ သူသည် ၃ မိနစ်နောက်ကျနေ၏။ ငါသူ့ကို တစ်မိနစ်ထပ်စောင့်မယ်၊

မလာသေးရင်တော့ အသေပဲဟု ပေ့ရှ်ျ ဆုံးဖြတ်လိုက်သည်။ ထို့နောက်ပေ့ရှ်ျ သူ့ကို တွေ့လိုက်၏။ ပိန်ပိန်ရှည်ရှည်လူတစ်ယောက် ဟောခန်းမှနေ၍ သူမထံ အလောတကြီးလာနေ၏။

သူ ပေ့ရှ်ျထံသို့ အမောတကြီး လျှောက်လာ၏။ ထို့နောက် "ကျွန်တော့်ကို ခွင့်ပြုပါ။ ဒေါက်တာဝေါလေ့က ကျွန်တော့်ကို . . ."

"ရှင် နောက်ကျတယ်" ပေ့ရှ်ျက ဘွင်းဘွင်း ပြောချလိုက်သည်။

"ကျွန်တော်သိပါတယ်။ ကျွန်တော်တောင်းပန်တယ်။ ကျွန်တော် ပိတ်မိ . ."

"ကိစ္စမရှိပါဘူး။ ရှင့်နာမည်ဘယ်လိုခေါ်လဲ"

"ဂျေဆင်၊ ဂျေဆင်ကားတစ်"။ သူသည် အားကစားဂျက်ကက်ကို ဝတ်ဆင်ထား၏။

"ရှင့် အဖြူရောင်ဂျူတီကုတ်ရော?"

"ကျွန်တော့် အဖြူရောင်ဂျူတီကုတ်?"

"'ရောင်း'ရင် အဖြူရောင်ဂျူတီကုတ်ဝတ်ရမယ်လို့ တစ်ယောက်မှ ရှင့်ကို မပြောထားဘူးလား?"။ သူ စိတ်ရှုပ်သွားပုံ ပေါ်၏။ "ဟင့်အင်း။ ကျွန်တော်. . ."

ပေ့ရှ်ျ စိတ်မရှည်စွာ ပြန်ပြောလိုက်၏။ "သူနာပြုအုပ်ရုံးခန်းကိုသွား။ ပြီးတော့ သူမကို ရှင့်အတွက် ဂျူတီကုတ်တစ်ထည်ပေးခိုင်းလိုက်။ ရှင့်ဆီမှာ မှတ်စုစာအုပ်လည်း မရှိပါလား"

"ဟင့်အင်း"

'တူအ'ဆိုသည့် စကားလုံးသည် သူနှင့် စတင် လိုက်ဖက်လာသည်။ "အဆောင်တစ်မှာ ကျွန်မတို့နဲ့ ပြန်လာတွေ့"

"သေချာလို့လား? ကျွန်တော်. . ."

"သွားလုပ်လိုက်စမ်းပါ" ပေ့ရှ်ျနှင့် အခြားသူများ စေးစိုက်ကြည့်နေသော ဂျေဆင်ကားတစ်ကို ထားပြီး စတင်ထွက်သွားကြသည်။

ဂျေဆင်ကားတစ် အလောတကြီးနှင့် ပြန်လာသောအခါ သူတို့သည် တတိယမြောက်လူနာကို စစ်ဆေးနေသည်။ သူသည် အဖြူရောင်ဂျူတီကုတ်ကို ဝတ်ထား၏။ ပေ့က ပြောနေသည်။ "နှလုံးအကြိတ်ဟာ သူ့ဟာသူဖြစ်တာ ရှားတယ်။ တခြားနေရာကနေ ပျံ့ပြီးဖြစ်တာက ပိုပေါတယ်"

သူမ ကားတစ်ထံ လှည့်လိုက်၏။ "ရှင် အကြိတ်သုံးမျိုး နာမည်ကို ပြောနိုင်မလား"

သူ သူမကို ကြည့်လိုက်သည်။ "ကျွန်တော်. . .ကျွန်တော် မပြောနိုင်ပါဘူး"

ထင်သားပဲ။ "နှလုံးအပြင်လွှာကဖြစ်တဲ့အကြိတ်၊ နှလုံးကြွက်သားလွှာကဖြစ်တဲ့အကြိတ်နဲ့ နှလုံးအတွင်းလွှာက ဖြစ်တဲ့အကြိတ်"

သူက ပေ့ရှ်ျအား ကြည့်ပြီး ပြုံးပြလိုက်၏။ "ဒါတကယ့်ကို စိတ်ဝင်စားဖို့ ကောင်းပါတယ်"

ဘုရားရေ! ပေ့ရှ်ျတွေးမိ၏။ ဒေါက်တာဝေါလေ့ဖြစ်ဖြစ်ဘာဖြစ်ဖြစ် ငါ သူ့ကို မြန်မြန် ထုတ်ပစ်လိုက်တော့မယ်။

သူတို့ နောက်လူနာတစ်ယောက်ထံသို့ သွားကြ၏။ ပေ့ချ် လူနာကိုစစ်ဆေးစမ်းသပ်အပြီးတွင် သူမသည် အဖွဲ့အား လူနာမကြားနိုင်သည့် ကော်ရစ်ဒါဆီသို့ ခေါ်သွား၏။ "ဒီလူနာမှာ ဖြစ်နေတာက တိုင်းရိုက်အကြိတ်ရောင်တာရယ်၊ ဖျားတာရယ်၊ နလုံးခုန်အရမ်းမြန်နေတာရယ်ပဲ"။ သူမ ဂျေဆင်ကားတစ်ဘက်လှည့်လိုက်ပြီး "ရှင် လူနာကို ဘယ်လိုကုမလဲ"

သူရပ်နေရင် ခဏကြာမျှ စဉ်းစားနေ၏။ ထို့နောက် သူက "ညင်ညင်သာသာကုရမှာလား" ဟုပြောလိုက်သည်။

ပေ့ချ် ကိုယ့်ကိုယ်ကို မနည်းထိန်းနေရ၏။ "ရှင်က သူ့အမေ မဟုတ်ဘူး။ သူ့ဆရာဝန်။ သူ့ကို အရည်ဆုံးရှုံးတာမဖြစ်အောင် အဆက်မပြတ်အရည်သွင်းရမယ်။ ပြီးတော့ အိုင်းအိုဒင်းကိုလည်း သွင်းပေးရမယ်။ သိုင်းရွိုက်အကြိတ်အတွက်ဆေးတွေနဲ့ တက်တာအတွက် ငြိမ်ဆေးတွေလည်း ပေးရမယ်"

ဂျေဆင် ခေါင်းညိတ်လိုက်သည်။ "မှန်သလိုလို ရှိတယ်"

'ရောင်း' မှာ မဆင်မပြေ။ သူတို့ ပြီးသောအခါ ပေ့ချ်သည် ဂျေဆင်ကားတစ်ကို သူမဘေးခေါ်လိုက်၏။ "ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောရင် ရှင်စိတ်ဆိုးမလား"

"ဟင့်အင်း။ လုံးဝ မဆိုးပါဘူး" သူက လိုက်လိုက်လျောလျောပြန်ပြော၏။ "ကျေးဇူးတောင်တင်မှာပါ"

"ရှင် တခြား အလုပ်ရှာလိုက်တော့"

သူက မျက်မှောင်ကြုတ်ပြီး ရပ်နေ၏။ "ကျွန်တော်ဒီအလုပ်နဲ့ သင့်တော်တယ်လို့ မထင်ဘူးပေါ့"

"အရိုးသားဆုံးပြောရရင် မထင်ဘူး။ ရှင်ကလည်း သိပ်သဘောမကျဘူးမဟုတ်လား"

"ဟင့်အင်း။ သဘောမကျဘူး"

"ဒါဆို ဘာလို့များ ဒီအလုပ်ကို လာလုပ်တာလဲ"

"အမှန်အတိုင်းပြောရရင် ကျွန်တော့်က တွန်းအားပေးလုပ်ခိုင်းခံရတာပါ"

"ကဲ...ဒါဆို ဒေါက်တာဝေါလေ့စ်ကို သူမှားနေပြီဖြစ်ကြောင်း သွားပြောလိုက်။ ရှင့်ဘဝအတွက် တခြားတစ်ခုခုလုပ်သင့်ပြီလို့ ကျွန်မထင်တယ်" "ကျွန်တော့်ကို ပြောပြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်" ဂျေဆင်ကားတစ်က တက်ကြွစွာပင် ပြော၏။ "ကျွန်တော်တို့ ဒါကို ဆက်ဆွေးနွေးကြဦးမလား။ ဒီည ညစာအတွက် ဘာအစီအစဉ်မှ မရှိဘူးဆိုရင်. . ." "ကျွန်မတို့ ဆက်ဆွေးနွေးစရာ ဘာမှ မရှိတော့ဘူး" ပေ့ချ်က ခပ်ပြတ်ပြတ်ပင် ပြန်ပြော၏။ "ရှင့်ဦးလေးကို . . ."

ထိုအချိန်တွင်ပင် ဒေါက်တာဝေါလေ့စ်ရောက်လာသည်။ "ဂျေဆင်" သူက လှမ်းခေါ်၏။ "ကျွန်တော် ခင်ဗျားကို ရှာတာနဲ့နေပြီ"။ သူက ပေ့ချ်ဘက်လှည့်လိုက်ပြီး "ဒေါက်တာတို့ ၂ ယောက် တွေ့ပြီးကြပြီပေါ့"

"ဟုတ်ကဲ့။ ကျွန်မတို့ တွေ့ပြီးပါပြီ" ပေ့ချ်က ခပ်တင်းတင်းပြန်ပြောသည်။

"ကောင်းတယ်။ ဂျေဆင်က ကျွန်တော်တို့ ထပ်ဆောက်မယ့် အဆောက်အအုံသစ်အတွက် ဗိသုကာဆရာလေ"

ပေ့ချ်ထိုနေရာတွင် ကျောက်ရုပ်ပမာ ရပ်နေ၏။ "သူက...ဘာ?"

"ဟုတ်တယ်လေ။ သူက ဒေါက်တာ့ကို မပြောဘူးလား?"

သူမ မျက်နှာနီရဲလာသည်ဟု သူမခံစားမိသည်။ 'ရောင်း'ရင် အဖြူရောင်ဂျူတီကုတ်ဝတ်ရမယ်လို့ တစ်ယောက်မှ ရှင့်ကို မပြောထားဖူးလား? ဒါဆို ဘာလို့များ ဒီအလုပ်ကို လာလုပ်တာလဲ? အမှန်အတိုင်းပြောရရင် ကျွန်တော့်က တွန်းအားပေးလုပ်ခိုင်းခံရတာပါ။ သူမက တွန်းအားပေးခဲ့ခြင်းပင်။

ပေ့ချ်သည် အပေါက်တစ်ခုခုထဲ ဝင်ပုန်းလိုက်ချင်သည်။ သူက သူမကို အရူးလုပ်သွားခြင်းပင်။ သူမက ဂျေဆင်ဘက်လှည့်လိုက်ပြီး "ရှင်ဘယ်သူလဲဆိုတာ ဘာလို့ ကျွန်မကို မပြောပြတာလဲ"

သူက သူမကို ကြည့်လိုက်ပြီး သဘောကျနေ၏။ "ခင်ဗျားကမှ ကျွန်တော့်ကို အခွင့်အရေးမပေးတာ"

"သူမက ခင်ဗျားကို ဘာအခွင့်အရေးမပေးတာလဲဗျ?" ဒေါက်တာဝေါလေ့က မေး၏။ "ကျွန်မကို ခွင့်ပြုပါဦးရှင်" ပေ့ချ် တင်းတင်း ပြောလိုက်၏။

"ဒီည ညစာကော ဘယ်လိုလဲ"

"ကျွန်မ မစားဘူး။ ကျွန်မ အလုပ်များနေတယ်"။ ထို့နောက် ပေ့ချ်ထွက်သွားသည်။

ဂျေဆင်က သူမကို နစ်လိုစွာ လိုက်ကြည့်၏။ "တကယ့်မိန်းမပဲဗျ"

"ဟုတ်တယ်။ ကျွန်တော့်ရုံးခန်းကိုသွားပြီး ဒီဇိုင်းသစ်အကြောင်းပြောကျတာပေါ့"

"ကောင်းပြီလေ"။ သို့သော် သူ့အတွေးများကတော့ ပေ့ချ်ဆီတွင်။

ဇူလိုင်လဖြစ်သည်။ အမေရိကားတစ်နိုင်ငံလုံးရှိ ဆေးရုံတိုင်းတွင် ၁၂ လတစ်ကြိမ်ကျင်းပသည့် ပွဲအတွက် အချိန်ဖြစ်သည်။ အလုပ်သင်ဆရာဝန်အသစ်များသည် ဆရာဝန်စစ်စစ်များအဖြစ်ကူးပြောင်းရန် သူတို့၏ ခရီးကို စတင်သည့်အချိန်ဖြစ်သည်။

သူနာပြုများသည် အလုပ်သင်ဆရာဝန်အသစ်များလာမည်ကို မျှော်လင့်နေကြသည်။ သူတို့အတွက် ချစ်သူများ၊ ခင်ပွန်းများဖြစ်လာမည့်သူများကို အမိအရ ဖမ်းလိုကြသည်။ ထိုနေ့တွင် အလုပ်သင်ဆရာဝန်အသစ်များ ရောက်လာသည့်အခါ အမျိုးသမီးတိုင်း၏ မျက်လုံးများသည် ဒေါက်တာကန်မယ်လိုရီပေါ်တွင် ကျရောက်နေသည်။

ကန်မယ်လိုရီသည် အဘယ်ကြောင့် ဝါရှင်တန်ဒီစီရှိ ပုဂ္ဂလိက ဆေးရုံကြီးတစ်ခုမှ ဆန်ဖရန်စစ္စကိုရှိ အန်ဘာကာဒီရိုဆေးရုံသို့ ပြောင်းရွှေ့လာသနည်းဆိုသည်ကို မည်သူမျှ မသိကြ။ သူသည် ပဉ္စမနှစ်အလုပ်သင်ဆရာဝန်ဖြစ်ပြီး အထွေထွေခွဲစိတ်ဆရာဝန်ဖြစ်သည်။ ကောလဟာလများတွင်တော့ သူသည် ကွန်ဂရက်အမတ်တစ်ဦး၏ ဇနီးနှင့် ဖောက်ပြန်ခဲ့သောကြောင့် ဝါရှင်တန်မှ ထွက်ပြေးလာခဲ့သည်ဟု ဆိုသည်။ အခြားကောလာဟလတစ်ခုကတော့ သူနာပြုတစ်ယောက်သည် သူ့ကြောင့် မိမိကိုယ်ကို သတ်သေခဲ့သောကြောင့် သူ့အား ထွက်ခွာခိုင်းခြင်းဖြစ်သည်ဟု ပြောသည်။ သူနာပြုများအတွက် အသေချာဆုံးအရာတစ်ခုမှာ ကန်မယ်လိုရီသည် သံသယရှိစရာမလိုလောက်အောင်ပင်

တွေ့ဖူးသမျှထဲတွင် ကြည့်အကောင်းဆုံး လူတစ်ယောက်ဖြစ်သည်။ သူ့သည် အရပ်မြင့်မြင့်၊ ကြံ့ခိုင်သော ခန္ဓာ၊ ရွှေရောင်လှိုင်းတွန့်ဆံပင်နှင့် ရုပ်ရှင်ဖန်သားပြင်ပေါ်တွင် ကြည့်ကောင်းမည့် မျက်နှာတို့ကို ပိုင်ဆိုင်ထားသည်။

မယ်လိုရီသည် ဆေးရုံအချိန်ဇယားများကို တစ်သက်လုံးလုပ်လာသူကဲ့သို့ သဘာဇာတဖြစ်အောင် နေနိုင်သည်။ သူသည် ညို့ဓာတ်ရှိသူဖြစ်ပြီး ရောက်စမှာပင် သူနာပြုများက သူ့ဆီက သတိပြုခံရဖို့ ယှဉ်ပြိုင်ကြသည်။ တစ်ညပြီးတစ်ည အခြားဆရာဝန်များသည် မယ်လိုရီတစ်ယောက် အွန်ကောခန်းအလွတ်ထဲသို့ သူနာပြုတစ်ယောက်ပြီး တစ်ယောက်နှင့်အတူ ဝင်သွားသည်ကို တွေ့မြင်ရသည်။ သူသည် လိင်ထန်သူတစ်ဦးအဖြစ် ဆေးရုံတွင် စတင်ကျော်ကြားလာခဲ့သည်။

ပေ့ချ်၊ ကိတ်နှင့် ဟန်နီတို့ သူ့အကြောင်း ဆွေးနွေးနေကြသည်။

"အဲဒီသူနာပြုတွေ သူ့တို့ကိုယ်ကို မယ်လိုရီဆီ ပုံပေးလိုက်ကြတာ ယုံနိုင်ကြရဲ့လား" ကိတ်က ရယ်၏။ "သူတို့တွေဟာ တကယ်တော့ တစ်ပတ်အတွင်းအကောင်းဆုံးလူဖြစ်ဖို့ ယှဉ်ပြိုင်နေတာပဲ"

"သူက ဆွဲဆောင်မှု ရှိတာကိုတော့ နင် လက်ခံရလိမ့်မယ်" ဟန်နီက ထောက်ပြသည်။ ကိတ်က ခေါင်းခါလိုက်၏။ "ဟင့်အင်း။ ငါလက်မခံဘူး"

တစ်မနက်တွင် မယ်လိုရီ ဆရာဝန်များအဝတ်လဲခန်းတွင်းသို့ ဝင်လာသောအခါ ဆရာဝန် တစ်ဒါဇင်ခန့် အဝတ်လဲနေကြသည်။

"ကျွန်တော်တို့က ခင်ဗျားအကြောင်း ခုပဲ ပြောနေကြတာ" တစ်ယောက်က ပြော၏။ "ခင်ဗျား တော်တော် ပင်ပန်းနေမှာပဲနော်"

မယ်လိုရီက ပြုံးလိုက်၏။ "ဆိုးရွားတဲ့ ညတစ်ညတော့ မဟုတ်ပါဘူးဗျာ"။ သူသည် ထိုညကို သူနာပြု ၂ ယောက်နှင့်အတူ ကုန်ဆုံးခဲ့သည်။

အလုပ်သင်ဆရာဝန်တစ်ယောက်ဖြစ်သူ ဂရန်ဒီက "ခင်ဗျားက ကျွန်တော်တို့လို ကျန်တဲ့လူတွေကို သင်းကွပ်ထားတဲ့ လူတွေလို့ ထင်အောင် လုပ်နေတာပဲဗျ၊ ကန်။ ဒီဆေးရုံမှာ ခင်ဗျား ခေါ်မအိပ်နိုင်တဲ့လူ ရှိသေးလား"

မယ်လိုရီက ရယ်လိုက်ပြီး "ကျွန်တော်တော့ မထင်ဘူး" ဟု ပြောလိုက်သည်။

ဂရန်ဒီက ခဏမျှ တွေးလိုက်ပြီး "တစ်ယောက်ရှိမယ်လို့ ကျွန်တော်လောင်းရဲတယ်ဗျာ"

"ဟုတ်လား။ ဘယ်သူလဲ"

"ဒီက စီနီယာအလုပ်သင်ဆရာဝန်တစ်ယောက်ပေါ့။ သူမနာမည်က ကိတ်ဟန်တာတဲ့"

မယ်လိုရီ ခေါင်းညိတ်လိုက်သည်။ "လူမည်းရုပ်ကလေးလား။ ကျွန်တော် သူမကို တွေ့ဖူးတယ်။ သူမက တော်တော် ဆွဲဆောင်မှုရှိတယ်။ သူ့ကို ကျွန်တော် အိပ်ရာထဲ မသွင်းနိုင်ဘူးလို့ ဘာလို့ ထင်နေတာလဲ" "ဘာလို့လဲဆိုတော့ ကျွန်တော်တို့အားလုံး မတတ်နိုင်လို့ပဲ။ ကျွန်တော့်အထင် သူက ယောက်ျားတွေကို မကြိုက်ဘူးဗျ"

"ဒါမှမဟုတ် ကြိုက်တဲ့လူ မတွေ့သေးတာနေမှာပေါ့" မယ်လိုရီက အကြံပေးလိုက်၏။

ဂရမ်ဒီက ခေါင်းခါလိုက်သည်။ "မဟုတ်ဘူး။ ခင်ဗျားလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"။ စိန်ခေါ်ချက်တစ်ခု ဖြစ်သွားသည်။ "ခင်ဗျား မှားစေရမယ်လို့ ကျွန်တော် လောင်းရဲတယ်"။

အလုပ်သင်ဆရာဝန်တစ်ယောက်က ထပြော၏။ "ခင်ဗျားက အဲဒီကိစ္စကို လောင်းချင်တာလား"

မယ်လိုရီ ပြုံးလိုက်ပြီး "အင်းပေါ့။ ဘာလို့ မလောင်းရဲရမှာလဲ"

"ကောင်းပြီလေ"။ မယ်လိုရီနား လူဝိုင်းလာသည်။ "ခင်ဗျား သူနဲ့ မအိပ်နိုင်ဘူးလို့ ကျွန်တော် ဒေါ်လာ ၅၀၀ လောင်းမယ်ဗျာ"

"လက်ခံတယ်"

"ကျွန်တော်က ၃၀၀"

အခြားတစ်ယောက်ကလည်း "ကျွန်တော့်ကိုလည်း ပါခွင့်ပြုပါ။ ကျွန်တော် ၆၀၀ လောင်းမယ်"

အဆုံးတွင်တော့ ဒေါ်လာ ၅ ထောင် လောင်းကြေးဖြစ်သွားသည်။

"အချိန်အကန့်အသတ်ကကောဗျ" မယ်လိုရီက မေး၏။

ဂရန်ဒီ ခဏမျှ စဉ်းစားလိုက်ပြီး "ရက် ၃၀ ထားလိုက်မယ်။ တရားလား?"

"လုံးဝတရားတယ်။ ဒီလောက်အချိန်အများကြီး ကျွန်တော် မလိုပါဘူး"

ဂရန်ဒီက ပြော၏။ "ဒါပေမဲ့ ခင်ဗျား သက်သေပြရမှာနော်။ သူမကိုယ်တိုင်က ခင်ဗျားနဲ့ အိပ်ခဲ့ကြောင်း ဝန်ခံရမယ်"

"ပြဿနာ မရှိပါဘူး" မယ်လိုရီ ထိုအုပ်စုအားကြည့်လိုက်ပြီး ပြုံးလိုက်၏။ "အချဉ်ကောင်တွေ"

၁၅ မိနစ်အကြာတွင် ဂရန်ဒီသည် ကိတ်၊ ပေ့ချ်နှင့် ဟန်နီတို့ မနက်စာစားနေသော ကော်ဖီဆိုင်ထဲသို့ ရောက်နေ၏။ သူတို့ စားပွဲရှိရာသို့ လျှောက်သွားပြီး "ကျွန်တော် ဆရာဝန်မများနဲ့ ခဏလောက် ထိုင်လို့ရမလားခင်ဗျာ"

ပေ့ချ် မော့်ကြည့်လိုက်ပြီး "ရပါတယ်"

ဂရန်ဒီ ထိုင်ချလိုက်၏။ သူက ကိတ်ကိုကြည့်ပြီး တောင်းပန်သံနှင့် ပြောလိုက်၏။ "ဒီကိစ္စကို ကျွန်တော် မပြောချင်ပါဘူး။ ကျွန်တော် တော့်တော့်ကို ရှုံးခဲ့တယ်။ ဒေါက်တာသိမှ တရားမယ်လို့ ကျွန်တော်ထင်တယ်လေ. . ." ကိတ်က သူ့အား စိတ်ရှုပ်ထွေးစွာ ကြည့်၏။

"ဘာကို သိရမှာလဲ"

ဂရမ်ဒီ သက်ပြင်းချလိုက်၏။ "အသစ်ရောက်လာတဲ့ ဆရာဝန် အသစ်..ကန်မယ်လိုရီလေ"

"အင်း။ သူ ဘာဖြစ်လဲ?"

ဂရမ်ဒီက ပြော၏။ "ဟို. . .ကျွန်တော်။ ဘုရားရေ၊ တော်တော်ရုက်ဖို့ကောင်းတာပဲ။ သူက တခြားဆရာဝန်တွေနဲ့ ဒေါ်လာငါးထောင် လောင်းထားတယ်။ နောက်ရက်သုံးဆယ်အတွင်း ဒေါက်တာ့ကို အိပ်ရာထဲဆွဲသွင်းနိုင်မယ်တဲ့"

ကိတ်မျက်နှာ တင်းသွားသည်။ "သူက အဲဒီလိုလုပ်တယ်၊ ဟုတ်လား?"

ဂရမ်ဒီက ပြော၏။ "ဒေါက်တာဒေါသထွက်တာကို မပြစ်မမြင်ပါဘူး။ ကျွန်တော်ဒါကို ကြားလိုက်ကတည်းက နေလို့မကောင်းဘူး။ ဒါကြောင့် ဒေါက်တာ့ကို သတိပေးချင်လို့ပါ။ သူက ဒေါက်တာ့ကို

အပြင်သွားဖို့ခေါ်လိမ့်မယ်။ သူဘာကြောင့်ဒီလိုလုပ်တယ်ဆိုတာ ဒေါက်တာသိထားသင့်တယ်ထင်လို့ပါ"

"ကျေးဇူးတင်ပါတယ်" ကိတ်က ပြော၏။ "ကျွန်မကို လာပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျွန်တော် လုပ်နိုင်တာလေးပါ"

သူတို့ ဂရမ်ဒီထွက်သွားသည်ကို ကြည့်နေ၏။

ကော်ဖီဆိုင်အပြင်ဘက် ကော်ရစ်ဒါတွင် အခြားအလုပ်သင်ဆရာဝန်များက ဂရမ်ဒီကို စောင့်နေကြသည်။

"အခြေအနေဘယ်လိုလဲ" သူတို့က မေး၏။

ဂရမ်ဒီက ရယ်လိုက်ပြီး "ကွက်တိပဲ။ သူမတော့ ဒေါသထောင်းထောင်းထွက်နေပြီ။ ဟိုခွေးမသားတော့ အသေပဲ"

ကော်ဖီဆိုင်စားပွဲတွင်တော့ ဟန်နီက ပြောနေ၏။ "ဒါတော်တော် ဆိုးတယ်လို့ ငါထင်တယ်"

ကိတ်က ခေါင်းညိတ်၏။ "တစ်ယောက်ယောက်တော့ သူ့လိင်အင်္ဂါကို ဖြတ်ထုတ်သင့်ပြီ"

ပေ့ချ်က ထိုင်ပြီး တွေးနေ၏။ ခဏအကြာတွင် သူမကပြော၏။ "ကိတ်၊ နင်သိလား။ နင်သာ သူနဲ့ အပြင်လိုက်ထွက်သွားရင် စိတ်ဝင်စားစရာတွေ ဖြစ်လာနိုင်တယ်"

ကိတ်က သူမအား အံ့သြတကြီး ကြည့်လိုက်၏။ "ဘာ?"

ပေ့ချ်မျက်လုံးတွင် ဖျတ်ကနဲ လင်းသွား၏။ "ဘာလို့ မသွားရမှာလဲ? တကယ်လို့ သူက ကစားချင်ရင် သူ့ကို ကူညီလိုက်ပေ့ါ။ တစ်ခုပဲ၊ သူက ငါတို့ပွဲကို ကစားရမှာ" ။ ကိတ် ရှေ့တိုးလိုက်ပြီး "ဆက်ပြောပါဦး"

"သူ့အတွက် ရက် ၃၀ ရှိတယ် မဟုတ်လား သူက နင့်ကို အပြင်ခေါ်ထုတ်တဲ့အခါ ပျူငှာ၊ ချစ်ခင်၊ ကြင်နာပြလိမ့်မယ်။ ဆိုလိုတာက နင်က သူ့ကို အရူးအမူးဖြစ်သွားမယ်ဟာ။ နင်မလုပ်ရမယ့် တစ်ခုတည်းသောအရာက သူနဲ့အတူ မအိပ်ဖို့ပဲ။ ငါတို့သူ့ကို ဒေါ်လာ ၅ ထောင်တန် သင်ခန်းစာ ပေးလိုက်မယ်"

ကိတ် သူမ၏ ပထွေးကို ပြန်တွေးမိသည်။ ဒါကလဲ့စားချေနည်းတစ်မျိုးပဲ။ "ငါ ကြိုက်တယ်" ကိတ်က ပြော၏။

"နင် ဒါကို လုပ်တာ့မယ်ပေ့ါ" ဟန်နီက မေးသည်။

"အင်း၊ လုပ်တော့မယ်"

ထိုစကားလုံးများအကြောင်း ကိတ်မသိခဲ့ပေ။ သူမသည် သူမ၏ သေမိန့်ကို လက်မှတ်ထိုးခဲ့ခြင်းပင်။

(အခန်း ၁၆)

ဂျေဆင်ကားတစ်သည် ပေ့ချ်တေစ်လာအား သူ့၏ စိတ်ထဲမှ ထုတ်မရချေ။ သူ ဘန်ဝေါလေ့၏ အတွင်းရေးမှူးထံ ဖုန်းဆက်လိုက်သည်။ "ဟိုင်း. . .ကျွန်တော် ဂျေဆင်ကားတစ်ပါ။ ကျွန်တော် ဒေါက်တာပေ့ချ်တေစ်လာရဲ့ အိမ်ဖုန်းနံပါတ် လိုချင်လို့ပါ"

"ရပါတယ်၊ မစ္စတာကားတစ်၊ ခဏစောင့်ပါ"။ သူမက သူ့အား နံပါတ်ကို ပေးလိုက်၏။

ဟန်နီ ဖုန်းကိုင်လိုက်သည်။ "ဒေါက်တာတက်ပါ"

"ကျွန်တော်ဂျေဆင်ကားတစ်ပါ။ ဒေါက်တာတေစ်လာများ ရှိလားမသိဘူး" "ဟင့်အင်း၊ သူမ မရှိပါဘူး။ သူမက ဆေးရုံမှာ အွန်ကောတာဝန် ကျနေပါတယ်" "အိုး. . .ကံဆိုးတာပဲ"။ သူစိတ်ပျက်သွားသည်ကို သူ့အသံမှ ဟန်နီကြားလိုက်ရသည်။ "အရေးပေါ်ကိစ္စတစ်ခုခုရှိလို့ရှိရင် ကျွန်မ. . ." "ဟင့်အင်း။ မရှိပါဘူး"

"သူ့အတွက် တစ်ခုခုမှာထားခဲ့မလား။ ကျွန်မ သူ့ကို ပြန်ခေါ်ခိုင်းလိုက်မယ်လေ" "ကောင်းပါပြီ"။ ဂျေဆင်က သူ့တယ်လီဖုန်းနံပါတ်အား ပေးလိုက်၏။ "ကျွန်မ သူ့ကို ပြောလိုက်ပါ့မယ်" "ကျေးဇူးပဲနော်"

*   *   *

ပေ့ချ် တိုက်ခန်းဆီသို့ ပြန်ရောက်သောအခါ ဟန်နီက "ဂျေဆင်ကားတစ် ဖုန်းဆက်လာတယ်။သူ့အသံက ချစ်ဖို့ကောင်းတယ်ဟ။ ဒီမှာ သူ့နံပါတ်"

"မီးရှို့လိုက်"

"နင် သူ့ကို ပြန်မခေါ်ဘူးလား"

"ဟင့်အင်း။ လုံးဝပဲ"

"နင် အဲဖရက်ကို မပြတ်နိုင်သေးဘူး၊ ဟုတ်တယ်မို့လား?"

"အေးပေါ့"

ဟန်နီ သူမဆီမှ သိရသလောက်မှာ ထိုမျှသာဖြစ်သည်။

ဂျေဆင်သည် ၂ ရက်စောင့်နေပြီးနောက် ဖုန်းထပ်ခေါ်ပြန်သည်။ ဤတစ်ကြိမ်တွင်တော့ ပေ့ချ်က ဖုန်းကိုင်၏။ "ဒေါက်တာတေစ်လာပါ"

"ဟယ်လို" ဂျေဆင်ကပြော၏။ "ကျွန်တော် ဒေါက်တာကားတစ်ပါ"

"ဒေါက်တာ. . .?"

"ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်" ဂျေဆင်က ပေါ့ပေါ့ပါးပါးပင် ပြော၏။ "ဟိုတစ်ရက်က ဒေါက်တာနဲ့အတူ ကျွန်တော်'ရောင်း'လိုက်သေးတယ်လေ။ ဒေါက်တာ့ကို ညစာအတူစားဖို့ ခေါ်ခဲ့တယ်လေ။ ဒေါက်တာက. . ."

"ကျွန်မက အလုပ်များနေတယ်လေ။ အခုလည်း များနေတုန်းပဲ။ ဂွတ်ဘိုင်၊ မစ္စတာကားတစ်"

သူမ ဖုန်းခွက်ကို ပစ်ချလိုက်သည်။

"ဘာကိစ္စလဲဟင်?" ဟန်နီက မေး၏။

"ဘာမှ မဟုတ်ဘူး"

နောက်တစ်နေ့ မနက် ၆ နာရီ၊ ပေ့ချ်နှင့်အတူ အလုပ်သင်ဆရာဝန်များ 'ရောင်း'လှည့်ရန် စုဝေးနေကြစဉ် ဂျေဆင်ကားတစ် ရောက်လာ၏။ သူသည် အဖြူရောင်ဂျူတီကုတ်ကို ဝတ်ထား၏။

"ကျွန်တော် နောက်မကျဘူးလို့ ထင်ပါတယ်" သူက တက်ကြွစွာ ပြော၏။ "ကျွန်တော် အဖြူရောင်ကုတ်တစ်ထည် ဝတ်လာတယ်နော်။ ကျွန်တော် မဝတ်လာရင် ဒေါက်တာစိတ်ဆိုးမှန်း သိလို့"။ ပေ့ချ် ဒေါသဖြင့် အသက်ပြင်းပြင်း ရှူသွင်းလိုက်၏။ "ဒီကိုလာခဲ့" သူမက ပြော၏။ သူမသည် ဂျေဆင်အား လူမရှိတော့သည့် ဆရာဝန်များအဝတ်လဲခန်းသို့

ခေါ်သွားသည်။ "ရှင်ဒီမှာ ဘာလာလုပ်တာလဲ"

"အမှန်အတိုင်း ပြောရရင် ဟိုတစ်ရက်က ကျွန်တော်တို့ ကြည့်ခဲ့တဲ့ လူနာတချို့ကို စိုးရိမ်လို့" သူက ရုပ်တည်တည်နှင့် ပြော၏။ "အားလုံး အခြေအနေကောင်းမှကောင်းရဲ့လားလို့ ကျွန်တော်လာကြည့်တာ"

ထိုလူသည် တော်တော် ဒေါသထွက်စရာ ကောင်းသည်။

"ရှင် အဆောက်အအုံတစ်ခုခု သွားဆောက်နေပါလား"

ဂျေဆင် သူမအား ကြည့်လိုက်ပြီး တိုးတိုး ပြောလိုက်သည်။ "ကျွန်တော် ကြိုးစားနေပါတယ်"။ သူက လက်မှတ်တစ်ဆုပ်ကြီး ထုတ်လိုက်ပြီး "ဒီမှာ ကြည့်။ ကျွန်တော် ဒေါက်တာဘာကြိုက်တတ်မှန်း မသိလို့ အကုန်ဝယ်လာတယ်။ ဒီညကမယ့် ဘီလူးပွဲ၊ ပြဇာတ်၊ အော်ပရာ၊ တေးဂီတဖျော်ဖြေပွဲလက်မှတ်တွေ။ ကြိုက်တာရွေး။ ဒါတွေက ငွေပြန်ထုတ်လို့မရဘူး"

ထိုသူသည် စိတ်တိုအောင် လုပ်နေချေပြီ။ "ရှင့်ပိုက်ဆံတွေကို ရှင်ဒီလိုပဲ ဖြုန်းနေတာလား?"

"ကျွန်တော် ချစ်စိတ်ဝင်တဲ့အခါကျမှပါ" ဂျေဆင်က ပြော၏။

"ခဏနေ. . ."

သူက လက်မှတ်များကို သူမထံ လှမ်းပေးလိုက်သည်။ "ကြိုက်တာရွေးပါ"။ ပေ့ချ်က လက်လှမ်းလိုက်ပြီး အကုန်လုံးကို ယူလိုက်သည်။ "ကျေးဇူးပဲ" သူမက ချိုသာစွာပြော၏။ "ဒါတွေကို ကျွန်မရဲ့ ပြင်ပလူနာတွေကို ပေးလိုက်မယ်။ သူတို့ထဲက တော်တော်များများက ပြဇာတ်တို့ အော်ပရာတို့ကို မသွားနိုင်ကြဘူးရှင့်"။ သူက ပြုံးလိုက်၏။ "ကောင်းတယ်။ သူတို့ ပျော်ပါစေလို့ ကျွန်တော်မျှော်လင့်ပါတယ်။ ကျွန်တော်နဲ့ ညစာအတူစားမလားဟင်?"

"ဟင့်အင်း"

"ဘာပဲဖြစ်ဖြစ် ဒေါက်တာ စားရမယ်။ ဒေါက်တာ စိတ်ကို မပြင်တော့ဘူးလား"။ ပေ့ချ်သည် လက်မှတ်များ အတွက် အပြစ်ရှိသလို ရင်ထဲတွင် တလှပ်လှပ်ခံစားရ၏။ "ကျွန်မက အဖော်ကောင်းတစ်ယောက်တော့ မဟုတ်ဘူးနော်။ မနေ့ညက ကျွန်မ အွန်ကောလုပ်ခဲ့ရတယ်။ ပြီးတော့. . ."

"ညနေခင်းစောစောလောက် လုပ်လိုက်မယ်လေ။ စကောင့်အော်နာမှာ"။ သူမ သက်ပြင်းချလိုက်သည်။ "ကောင်းပြီလေ။ ဒါပေမဲ့. . ."

"ကောင်းတယ်။ ကျွန်တော် ဒေါက်တာ့ကို ဘယ်မှာ လာခေါ်ရမလဲ"

"ကျွန်မ ဒီကနေ ၇ နာရီလောက် ပြီးမယ်"

"အဲဒီအချိန်လောက် ဒီမှာ လာခေါ်မယ်"။ သူက သန်းလိုက်၏။ "အခုတော့ ကျွန်တော် အိမ်ပြန်ပြီး အိပ်လိုက်ဦးမယ်။ အိပ်ရာထဖို့ တော်တော် ဆိုးရွားတဲ့အချိန်ပဲ။ ဒေါက်တာ ဘယ်လိုများ ထနိုင်သလဲမသိဘူး?"

သူလမ်းလျှောက်ထွက်သွားသည်ကို ပေ့ချ်ကြည့်နေ၏။ သူမ မပြုံးဘဲ မနေနိုင်ချေ။

ထိုနေ့ ည ၇ နာရီတွင် ပေ့ချ်ကို ခေါ်ရန် ဂျေဆင် ဆေးရုံသို့ ရောက်လာခဲ့သည်။ သူနာပြုကြီးကြပ်တစ်ယောက်က "ကျွန်မအထင်တော့ ဒေါက်တာတေလ်လာ အွန်ကောခန်းထဲမှာ ရှိနေလိမ့်မယ်" "ကျေးဇူးပဲ"။ ကော်ရစ်ဒါတစ်လျှောက်

အခွန်ကောခန်းထဲသို့ ဂျေဆင်လျှောက်သွားသည်။ အခန်းတံခါးမှာ ပိတ်ထား၏။ သူ တံခါးခေါက်လိုက်၏။ ပြန်ဖြေသံမကြား။ သူ ထပ်ခေါက်လိုက်ပြန်၏။ ထို့နောက် တံခါးကို ဖွင့်လိုက်ပြီး အတွင်းကို ကြည့်လိုက်၏။ ပေ့ချ်သည် ခေါက်ခုတင်ပေါ်တွင် နစ်နစ်မြုပ်မြုပ် အိပ်မောကျနေသည်။ ဂျေဆင် သူမအိပ်နေရာသို့ လျှောက်သွားပြီး သူမကို အချိန်အကြာကြီး ငုံ့ကြည့်နေသည်။ ကိုယ်မင်းကို လက်ထပ်မယ်၊ မိန်းကလေးဟု သူစိတ်တွင်းမှ ပြောလိုက်သည်။ သူအခန်းတွင်းမှ ခြေဖျားထောက်ထွက်သွားပြီး အသံမမြည်အောင် တံခါးပိတ်ခဲ့သည်။

နောက်တစ်နေ့ နံနက် ဂျေဆင်အစည်းအဝေးခန်းတွင်း ရှိနေစဉ် သူ့အတွင်းရေးမှူးသည် ပန်းစည်းတစ်စည်းနှင့်အတူ ဝင်လာ၏။ ကတ်ပေါ်တွင် "ကျွန်မတောင်းပန်ပါတယ်" ဟု ရေးထားသည်။ ဂျေဆင် ရယ်လိုက်၏။ သူ ဆေးရုံရှိ ပေ့ချ်ထံသို့ ဖုန်းခေါ်လိုက်၏။

"ချိန်းထားတဲ့သူ ဆက်နေတာပါ"

"မနေ့ညအတွက် ကျွန်မ တကယ်ပဲ တောင်းပန်ပါတယ်" ပေ့ချ်က ပြော၏။ "ကျွန်မ ရှက်တောင်ရှက်တယ်"

"မရှက်ပါနဲ့။ ဒီည ညစာဆိုရင်ကော ဘယ်လိုလဲ။ ကျွန်တော်တို့ ထပ်စမ်းကြည့်တာပေါ့"။ သူမ တုံ့ဆိုင်းနေ၏။ ငါ ပတ်သက်မှုတွေ မဖြစ်ချင်ဘူး။ ငါအဲ့ဖရက်ကို စိတ်မကုန်သေးဘူး မဟုတ်လား။

"ဟယ်လို. . .ဖုန်းကိုင်ထားသေးလား?"

"ဟုတ်ကဲ့"။ တစ်ညနေလောက်နဲ့ ဘာမှ မဖြစ်လောက်ပါဘူး။ ပေ့ချ် ဆုံးဖြတ်လိုက်၏။ "ကောင်းပြီ။ ကျွန်မတို့ ညစာစားကြမယ်"

"ကောင်းလိုက်တာ"

ထိုညနေ ပေ့ချ် အဝတ်လဲနေစဉ်တွင် ကိတ်က "နင် အချိန်းအချက် ကြီးကြီးမားမား လုပ်ထားတယ်ထင်တယ်။ ဘယ်သူနဲ့လဲ?"

"သူက ဆရာဝန်-ဗိသုကာ" ပေ့ချ်က ပြော၏။

"ဘာ..ဘာရယ်"

ပေ့ချ်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်၏။

"သူက ပျော်ပျော်နေတတ်ပုံပဲ။ နင်သူ့ကို စိတ်ဝင်စားနေလား"

"မဝင်စားပါဘူးဟာ"

ညနေခင်းသည် သာယာစွာ ကုန်လွန်ခဲ့သည်။ ဂျေဆင်သည် ပေါင်းသင်းရလွယ်သူဖြစ်ကြောင်း ပေ့ချ် တွေ့ရှိရ၏။ သူတို့ အရာရာအကြောင်းကို ပြောခဲ့ကြ၏။ အချိန် အကုန်မြန်ခဲ့၏။

"မင်းအကြောင်း ပြောပြပါလား" ဂျေဆင်က ပြော၏။ "မင်း ဘယ်မှာ ကြီးပြင်းခဲ့တာလဲ" "ရှင် ကျွန်မကို ယုံမှာ မဟုတ်ဘူး"

"ယုံမယ်လို့ ကတိပေးတယ်"

"ကောင်းပြီ။ ကွန်ဂိုရယ်၊ ဗမာပြည်ရယ်၊ နိုင်ဂျီးရီးယားရယ်၊ ကန်ညာရယ်. . ." "ကိုယ်မင်းကို မယုံတော့ဘူး"

"ဒါအမှန်ပဲ။ ကျွန်မအဖေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ အလုပ်လုပ်တာ။ သူက ဆရာဝန်တစ်ယောက်လေ။ ကျွန်မကလေးဘဝတစ်လျှောက်လုံး သူနဲ့အတူ တတိယကမ္ဘာနိုင်ငံတွေကို သွားခဲ့တယ်"

"မင်းအတွက် ခက်ခက်ခဲခဲ ဖြစ်မှာပဲနော်"

"စိတ်လှုပ်ရှားဖို့ကောင်းတာ။ မကောင်းတဲ့အချက်က

သူငယ်ချင်းပေါင်းဖို့ ကြာကြာမနေလိုက်ရဘူးလေ”။ ကိုယ်တို့ တခြားဘယ်သူမှ မလိုပါဘူး၊ ပေ့ချ်။ ကိုယ်တို့ အပြန်အလှန် ရှိနေရပြီလေ. . .ဒါကိုယ့်ဇနီး၊ ကာရင်တဲ့။ သူမ မှတ်ဉာဏ်များကို ခါထုတ်ပစ်လိုက်သည်။ “ကျွန်မ ထူးဆန်းတဲ့ ဘာသာစကားတွေ၊ ရိုးရာတွေ အများကြီး သိခဲ့တယ်”

“ဥပမာ?”

“အင်း။ ဥပမာအားဖြင့်တော့ ကျွန်မ. . .” သူမ ခဏမျှ တွေးလိုက်၏။ “အိန္ဒိယမှာဆိုရင် သေပြီးရင် နောက်ဘဝရှိတယ်လို့ ယုံကြည်ကြတယ်။ အဲဒီနောက်ဘဝကလည်း ဒီဘဝမှာ ဘယ်လိုနေခဲ့လဲဆိုတာ မူတည်ပြီးဖြစ်တာ။ ရှင်က မကောင်းတာလုပ်ခဲ့ရင်၊ ရှင် တိရစ္ဆာန်အနေနဲ့ ပြန်လာရမယ်။ ကျွန်မမှတ်မိသေးတယ်။ ရွာတစ်ရွာမှာပေါ့။ ကျွန်မတို့ဆီမှာ ခွေးတစ်ကောင်ရှိတယ်။ အဲဒီခွေးက ဘယ်လိုလူမျိုးဖြစ်ခဲ့လဲ၊ ဘာတွေ ဆိုးဆိုးရွားရွားများလုပ်ခဲ့သလဲလို့ ကျွန်မတွေးကြည့်ဖူးတယ်”

ဂျေဆင်က ပြော၏။ “အဲဒီခွေးက သစ်ပင်မှား ဟောင်ခဲ့မိလို့ဖြစ်မှာပေါ့”

ပေ့ချ် ပြုံးလိုက်ပြီး “ပြီးတော့ ဂီရောင်း ဆိုတာ ရှိသေးတယ်”

“ဂီရောင်း?”

“ဒါက အရမ်းပြင်းထန်တဲ့ အပြစ်ပေးပုံမျိုးပဲ။ လူထုက အဲဒီလူကို ဝိုင်းထားလိုက်တယ်” သူမက ရပ်လိုက်၏။

“ပြီးတော့?”

“ဒါပဲလေ”

“ဒါပဲလား?”

“သူတို့က ဘာမှလည်း မပြော၊ ဘာမှလည်း မလုပ်ဘူး။ ဒါပေမဲ့ အပြစ်ပေးခံရတဲ့သူက မလှုပ်ရဘူး။ ဘယ်မှလည်း မသွားနိုင်ဘူး။ လူထုက လိုချင်တာကို အလျှော့ပေးတဲ့အထိ အဲဒီလူက ပိတ်မိနေတယ်။ နာရီပေါင်းများစွာကြာနိုင်တယ်။ သူက စက်ဝိုင်းထဲမှာ နေရတယ်။ လူထုကတော့ အလှည့်ကျ ပြောင်းနေတယ်။ လူတစ်ယောက်က အဲဒီဂီရောင်းကနေ ထွက်ပြေးဖို့ ကြိုးစားတာ တွေ့ဖူးတယ်။ လူထုက သူ့ကို ရိုက်သတ်လိုက်တယ်လေ”။ ထိုအကြောင်း မှတ်ဉာဏ်များက သူမကို ဖိန့်ဖိန့်တုန်သွားစေသည်။ ပုံမှန်အားဖြင့် ခင်မင်စရာကောင်းသူတို့က သွေးရူးသွေးတန်းဖြင့် အော်ဟစ်နေသည့် လူစုဖြစ်သွားသည်။ “ဒီကနေထွက် သွားရအောင်” အဲဖရက်က အော်ပြော၏။ သူမကို လက်မောင်းမှ ဆွဲပြီး တိတ်ဆိတ်သော တစ်ဖက်လမ်းသို့ ခေါ်သွားသည်။

“တော်တော်ဆိုးတာပဲနော်” ဂျေဆင်က ပြော၏။

“ကျွန်မအဖေက ကျွန်မတို့ကို နောက်တစ်နေ့မှာပဲ နေရာပြောင်းခဲ့တယ်”

“မင်းအဖေကို သိခွင့်ရခဲ့ရင် ကောင်းမယ်”

“သူက အံ့ချီးဖွယ်ကောင်းတဲ့ ဆရာဝန်တစ်ယောက်ပဲ။ ပန်းခြံရိပ်သာလမ်းထဲမှာဆိုရင် သူ အကြီးအကျယ်အောင်မြင်နိုင်တယ်။ ဒါပေမဲ့ သူက ပိုက်ဆံကို စိတ်မဝင်စားဘူး။ တစ်ခုတည်းသော သူစိတ်ဝင်စားတဲ့ဟာက လူတွေကို ကူညီဖို့ပဲ”။ အဲဖရက်လိုပေါ့ဟု သူမတွေးမိသည်။

“သူဘာဖြစ်ခဲ့လဲဟင်?”

"လူမျိုးစုစစ်ပွဲတစ်ခုမှာ သူအသတ်ခံခဲ့ရတယ်"

"ကိုယ်စိတ်မကောင်းပါဘူး"

"သူလုပ်တာတွေကို သူနှစ်သက်တယ်လေ။ အစမှာတော့ တိုင်းရင်းသားတွေက သူ့ကို ဆန့်ကျင်ကြတယ်။ သူတို့က အရမ်း အယူသည်းတာ။ ဟိုးအိန္ဒိယက ဝေးလံခေါင်ဖျားတဲ့ရွာတွေမှာဆိုရင် လူတိုင်းမှာ အဂ္ဂါတက်လို့ခေါ်တဲ့ ရွာနတ်ဆရာက သတ်မှတ်ပေးထားတဲ့ ဇာတာခွင်တွေ ရှိတယ်။ အဲဒီအတိုင်းပဲ သူတို့က နေကြတယ်" သူမ ပြုံးလိုက်၏။ "ကျွန်မအတွက် လုပ်ပေးခဲ့တာကိုလည်း ကျွန်မ သဘောကျခဲ့တယ်"

"သူတို့က မင်းကို မင်းဟာ ဗိသုကာဆရာ ငယ်ငယ်ချောချောနဲ့ လက်ထပ်ရမယ်လို့ ပြောခဲ့လား?"

ပေ့ချ် သူ့အား ကြည့်လိုက်ပြီး ပြတ်သားစွာပင် ပြောလိုက်၏။ "မပြောခဲ့ပါဘူး"။ စကားဝိုင်းမှာ ပုဂ္ဂိုလ်ရေးဆန်လာ၏။ "ရှင်က ဗိသုကာပညာရှင်ပဲ၊ ဒီပုံစံမျိုးကို တန်ဖိုးထားတတ်မှာပါ။ ကျွန်မဟာ သစ်ခက်တွေနဲ့ဆောက်ထားပြီး မြေကြီးအခင်းရယ်၊ ကြွက်တွေ၊ လင်းနို့တွေ အသိုက်ဆောက်ပြီးနေရတာကိုကြိုက်တဲ့ သက်ကယ်မိုးတွေနဲ့ တဲမှာ ကြီးပြင်းခဲ့တယ်။ ကျွန်မက ပြတင်းပေါက်မရှိတဲ့ မြက်အမိုးတွေနဲ့ အိမ်မှာ နေခဲ့တယ်။ ကျွန်မအိပ်မက်ကတော့ တစ်နေ့နေ့မှာ ဝရန်တာရယ်၊ အစိမ်းရောင်မြက်ခင်းရယ်နဲ့ ခြံစည်းရိုးအဖြူရောင်ကာထားတဲ့ နှစ်ထပ်အိမ်ကလေးမှာ နေချင်တယ်။ ပြီးတော့. . ." ပေ့ချ် ရပ်လိုက်၏။ "ခွင့်လွှတ်ပါ။ ကျွန်မ ဒီလိုပြောဖို့ မရည်ရွယ်ပါဘူး။ ရှင်က မေးလို့ပါ"

"ကျွန်တော် မေးမိတာကိုပဲ ဝမ်းသာပါတယ်" ဂျေဆင်က ပြော၏။

ပေ့ချ် သူမနာရီကို ကြည့်လိုက်ပြီး "ဒီလောက်နောက်ကျနေပြီမှန်း မသိလိုက်ဘူး" "ကျွန်တော်တို့ ဒီလို ထပ်သွားဦးမလား"

ငါသူနဲ့ ရှေ့မဆက်ချင်တော့ဘူး။ ပေ့ချ်က ပြော၏။ ဘာမှလည်း ဖြစ်လာမှာမဟုတ်ပါဘူး။ ကိတ်က သူမအား ပြောခဲ့သည်ကို သူမ ပြန်တွေးမိသည်။ နင်က တစ္ဆေတစ်ကောင်ကို တွယ်ကပ်နေတာပဲ။ လွှတ်လိုက်ပါတော့ဟာ။ သူမ ဂျေဆင်ကို ကြည့်လိုက်ပြီး "အင်း" ဟု ပြောလိုက်သည်။

နောက်တစ်နေ့ မနက်စောစောတွင် စာပို့သမားသည် အထုပ်တစ်ထုပ်နှင့်အတူ ရောက်လာ၏။ ပေ့ချ် တံခါးဖွင့်ပေးလိုက်ပြီး

"ဒေါက်တာတေစ်လာအတွက် ပစ္စည်းလာလို့တာပါ"

"ကျွန်မက ဒေါက်တာတေစ်လာပါ"

စာပို့သမားက သူ့အား အံ့အားသင့်စွာ ကြည့်လိုက်ပြီး "ခင်ဗျားက ဆရာဝန်တစ်ယောက်၊ ဟုတ်လား?"

"ဟုတ်တယ်" ပေ့ချ် စိတ်ရှည်ရှည်နှင့် ပြန်ပြောလိုက်၏။ "ကျွန်မက ဆရာဝန်တစ်ယောက်ပဲ။ ပြဿနာရှိလို့လား?"။ သူက ပခုံးတွန့်လိုက်ပြီး "ဟင့်အင်း။ မရှိပါဘူး။ ဒီနေရာမှာ ကျေးဇူးပြုပြီး လက်မှတ်ထိုးပေးပါ"

အထုပ်မှာ အံ့သြဖွယ်ကောင်းလောက်အောင်ပင် လေးလံလှသည်။ စိတ်ဝင်တစားနှင့်ပင် ပေ့ချ်သည် ၎င်းကို ဧည့်ခန်းစားပွဲရှိရာသို့ သယ်သွားပြီး ဖြေလိုက်၏။ ၎င်းမှာ ဝရန်တာနှင့် လှပသောအဖြူရောင်နှစ်ထပ်အိမ် ပုံစံ အငယ်စားလေးဖြစ်နေသည်။

အိမ်ရှေ့တွင် မြက်ခင်းပြင်နှင့် ဥယျာဉ်အငယ်လေးတစ်ခုရှိပြီး အဖြူရောင် ခြံစည်းရိုးက ဝန်းရံထားသည်။ သူတစ်ညလုံး ဒါကို လုပ်ထားရတာနေမှာ။ ကတ်တစ်ခုရှိ၏။ ရေးထားသည်မှာ

ကျွန်တော့်အိမ် [ ]

ကျွန်တော်တို့အိမ် [ ]

ကျေးဇူးပြုပြီး တစ်ခုမှာ အမှတ်ခြစ်လိုက်ပါ။

ပေ့ချ် ထိုင်ရင်း အချိန်အတန်ကြာ ကြည့်နေ၏။ အိမ်ကတော့ မှန်ပါတယ်။ ဒါပေမဲ့ လူက မှားနေတယ်။

ငါဘာဖြစ်နေတာလဲ။ ပေ့ချ် သူမကိုယ်ကို ပြန်မေး၏။ သူက ဉာဏ်ကောင်းတယ်၊ ဆွဲဆောင်မှုရှိတယ်၊ ချစ်ဖို့ကောင်းတယ်။ သို့သော် ဘာဖြစ်နေသည်ကို သူမ သိသည်။ သူသည် အဲဖရက်မဟုတ်ခြင်းကြောင့်ပင်။

တယ်လီဖုန်းမြည်လာ၏။ ဂျေဆင်ဖြစ်သည်။ "အိမ် ရရဲ့လား" သူက မေး၏။

"လှတယ်နော်" ပေ့ချ်က ပြော၏။ "ရှင့်ကို အရမ်း ကျေးဇူးတင်တယ်"။ "မင်းအတွက် ကိုယ် အစစ်အမှန်အိမ်တစ်ခု ဆောက်ပေးချင်တယ်။ ကွက်လပ်ကို ခြစ်ပြီးသွားပြီလား"

"ဟင့်အင်း"

"ကိုယ်က စိတ်ရှည်တဲ့လူတစ်ယောက်ပါ။ ဒီည ညစာအတွက် အားလားဟင်?"

"အင်း။ ဒါပေမဲ့ ရှင့်ကို သတိပေးရဦးမယ်။ ကျွန်မက တစ်နေကုန် ခွဲခန်းဝင်ရမှာ။ ညနေလောက်ဆိုရင် ကျွန်မ ခြေကုန်လက်ပန်းကျနေလောက်ပြီ" "ဒါဆို ညနေစောစောလုပ်တာပေါ့။ စကားမစပ်၊ ကိုယ့်မိဘအိမ်မှာ လုပ်မှာနော်"

ပေ့ချ် ခဏမျှ တုံ့ဆိုင်းသွားသည်။ "အို့?"

"မင်းအကြောင်း ကိုယ် သူတို့ကို ပြောပြပြီးပြီ"

"ကိစ္စမရှိပါဘူး" ပေ့ချ်က ပြော၏။ အဖြစ်အပျက်တို့က မြန်ဆန်လွန်းသည်။ သူမကို စိတ်ပူစေ၏။

ပေ့ချ် ဖုန်းချပြီးသောအခါ တွေးမိသည်။ ငါဒီလို မလုပ်သင့်တော့ဘူး။ ဒီညရောက်ရင် ငါပင်ပန်းလွန်းလို့ အိပ်ဖို့ကလွဲပြီး ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး။ သူမသည် ဂျေဆင်ဆီ ဖုန်းပြန်ဆက်ပြီး ချိန်းထားသည်ကို ဖျက်ပစ်လိုက်ချင်သည်။ သို့သော် ယခုမှ ဖျက်ဖို့ဆိုလျှင် နောက်ကျသွားပြီ။ သူတို့ ညနေစောစောတွင် တွေ့ကြမည်။

ပေ့ချ် ထိုည အဝတ်လဲနေစဉ် ကိတ်က "နင့်ကြည့်ရတာ ပင်ပန်းနေသလိုပဲ"

"ဟုတ်တယ်"

"ဘာလို့ အပြင်သွားဦးမှာလဲ? နင် အိပ်ရာ ဝင်သင့်ပြီ။ ဘာလဲ လူစားဝင် အလုပ်ဆင်းပေးရမှာလား?"

"မဟုတ်ပါဘူး"

"ဂျေဆင်ပဲ မဟုတ်လား?"

"အင်း။ ငါ သူ့မိဘတွေနဲ့ သွားတွေ့မလို့"

"အာ. . ." ကိတ် ခေါင်းခါလိုက်သည်။

"နင်ထင်သလို မဟုတ်ပါဘူး" ပေ့ချ်က ပြော၏။ လုံးဝ မဟုတ်ပါဘူး။

ဂျေဆင်၏ အဖေနှင့်အမေသည် ပစိဖိတ်ဟိုက်ရှိ ချစ်စရာ အိမ်အိုလေးတွင် နေထိုင်ကြသည်။ ဂျေဆင့် အဖေမှာ မဟာဆန်ဆန်နှင့် အသက် ၇၀ ခန့် ရှိသည်။ ဂျေဆင့်အမေမှာမူ နွေးထွေးပြီး လက်တွေ့ဆန်သည့် အမျိုးသမီးဖြစ်သည်။ သူတို့က ပေ့ချ်အား ချက်ချင်းပင် မိမိအိမ်ကဲ့သို့ ခံစားစေသည်။

"ဂျေဆင်က သမီးအကြောင်း အများကြီး ပြောပြထားတယ်" မစ္စစ်ကားတစ်က ပြော၏။ "သူက သမီး ဒီလောက်ချောတယ်ဆိုတာတော့ မပြောပြထားဘူး"

"ကျေးဇူးတင်ပါတယ်"

သူတို့ စာကြည့်တိုက်အတွင်းသို့ သွားကြသည်။ ၎င်းတွင် ဂျေဆင်နှင့် သူ့အဖေတို့ ဒီဇိုင်းဆွဲထားသည့် အဆောက်အအုံပုံစံ အငယ်စားများဖြင့် ပြည့်နေ၏။ "ဦးအထင် ဂျေဆင်ရယ်၊ သူ့အဘေးရယ်၊ ဦးရယ်ဟာ ဆန်ဖရန်စစ္စကိုက မြေနေရာတော်တော်များများကို ဆောက်ခဲ့တယ်ထင်တယ်" ဂျေဆင့်အဖေက ပြော၏။ "ဦးသားက ဉာဏ်ကြီးရှင်ပါပဲ"

"ပေ့ချ်ကို ကျွန်တော်က ဒါပဲပြောနေတာ" ဂျေဆင်က ပြော၏။ ပေ့ချ် ရယ်လိုက်၏။ "ကျွန်မ ယုံပါတယ်"။ သူမမျက်တောင်များစင်းလာပြီး အိပ်ပျော်မသွားအောင် မနည်းထိန်းနေရ၏။

ဂျေဆင်က သူမကို စိုးရိမ်တကြီး ကြည့်လိုက်၏။ "ညစာ စစားကြရအောင်" သူက အကြံပြုသည်။

သူတို့ ထမင်းစားခန်းထဲသို့ သွားကြသည်။ ၎င်းမှာ ဝက်သစ်ချသား ဘောင်များဖြင့် ဖြစ်ပြီး ဆွဲဆောင်မှုရှိသော ရှေးဟောင်းပစ္စည်းများ၊ ပုံတူပန်းချီကားများဖြင့် အလှဆင်ထားသည်။ အိမ်စေက စတင် တည်ခင်းနေသည်။

ဂျေဆင့်အဖေက ပြော၏။ "ဟိုပုံတူကားချပ်က ဂျေဆင်ရဲ့ အဘေးပေါ့။ သူဒီဇိုင်းဆွဲခဲ့တဲ့ အဆောက်အအုံအကုန်လုံးက ၁၉၀၆ ငလျင်မှာ ပျက်စီးကုန်တယ်လေ။ တော်တော်ဆိုးတယ်။ အဲဒါတွေက တန်ဖိုးမဖြတ်နိုင်ဘူး။ ထမင်းစားပြီးရင် ဓာတ်ပုံတချို့ပြမယ်လေ။ တကယ်လို့ သမီး. . ."

ပေ့ချ်ဦးခေါင်းသည် စားပွဲပေါ်သို့ ရောက်နေ၏။ သူမ နှစ်ခြိုက်စွာပင် အိပ်ပျော်နေသည်။

"ဟင်းရည်မတိုက်လိုက်မိတာကိုပဲ ကျွန်မ ဝမ်းသာတယ်" ဂျေဆင်အမေက ပြော၏။

* * *

ကန်မယ်လိုရီတွင် ပြဿနာတစ်ခုရှိသည်။ ကိတ်နှင့် ပတ်သက်သည့်အလောင်းအစားက ဆေးရုံတစ်ခုလုံးသို့ ပျံ့နှံ့သွားပြီး လောင်းကြေးကလည်း ဒေါ်လာတစ်သောင်းထိတိုင် အလျင်အမြန် မြင့်တက်သွားသည်။ မိမိအောင်မြင်မည်ကို ယုံကြည်လွန်းသော မယ်လိုရီသည် သူတတ်နိုင်သည့်ပမာဏထက် ပိုလောင်းခဲ့သည်။ တကယ်လို့ ငါသာ ရှုံးခဲ့ရင် ငါ ဒုက္ခအကြီးအကျယ်ရောက်ပြီ။ ဒါပေမဲ့ ငါမရှုံးနိုင်ပါဘူး။ အလုပ်စဖို့ အချိန်တန်ပြီ။

ကိတ်သည် ကော်ဖီဆိုင်တွင် ပေ့ချ်၊ဟန်နီတို့နှင့်အတူ နေ့လယ်စာစားနေစဉ် မယ်လိုရီသည် စားပွဲရှိရာသို့ ချဉ်းကပ်လာသည်။

"ကျွန်တော် ဒေါက်တာတို့နဲ့ အတူထိုင်လို့ ရမလားခင်ဗျာ?"

အမျိုးသမီးမဟုတ်၊ မိန်းကလေးမဟုတ်၊ ဒေါက်တာဖြစ်သည်။ သတိထားရမည့်သူဟု ကိတ်တွေးမိသည်။ "ရပါတယ်။ ထိုင်ပါ" ကိတ်က ပြောလိုက်၏။ ပေ့ချ်နှင့် ဟန်နီတို့ အပြန်အလှန်ကြည့်ကြ၏။

"ကဲ. . .ငါသွားစရာရှိသေးတယ်" ပေ့ချ်က ပြော၏။

"ငါရောပဲ။ နောက်မှ တွေ့တာပေါ့"

ပေ့ချ်နှင့် ဟန်နီတို့ ထွက်သွားသည်ကို မယ်လိုရီ ကြည့်နေ၏။

"မနက်က အလုပ်များလား?" မယ်လိုရီက မေးသည်။ သူ အမှန်တကယ် ဂရုစိုက်သည့် အသံဖြင့် မေးခြင်းဖြစ်၏။

"လူတိုင်း အလုပ်များတယ်မဟုတ်ဘူးလား?" ကိတ်က သူ့ကို နွေးထွေးဖိတ်ခေါ်သောအပြုံးမျိုးဖြင့် ပြန်ပြောလိုက်သည်။

မယ်လိုရီသည် သူ့နည်းဗျူဟာများကို သေချာစွာ ရေးဆွဲထားခဲ့သည်။ ငါသူမကို လူတစ်ယောက်အနေနဲ့ စိတ်ဝင်စားကြောင်း အသိပေးရမယ်။ မိန်းမ တစ်ယောက်အနေနဲ့မဟုတ်ဘူး။ သူတို့က လိင်အသုံးခံပစ္စည်းလို့ ပြောရင် မကြိုက်ကြဘူး။ ဆေးပညာအကြောင်း သူနဲ့ ဆွေးနွေးမယ်။ ဖြေးဖြေးမှန်မှန် လုပ်သွားမယ်။ သူ့ကို အပိုင်ကြံဖို့ အချိန်တစ်လလုံး ကြီးများတောင် ငါ့မှာ ရှိတာပဲ"

"မစ္စစ်တန်းဘောရဲ့ ရင်ခွဲစစ်ဆေးတဲ့အကြောင်း ကြားပြီးပြီလား?" မယ်လိုရီက စပြောသည်။ "အဲဒီမိန်းမရဲ့ အစာအိမ်ထဲမှာ ကိုကာကိုလာပုလင်းတွေ့မယ်။ ဘယ်လိုလုပ်ပြီးများ. . .?"

ကိတ် ရှေ့ကိုင်းလိုက်ပြီး "ကန်၊ ရှင် စနေနေ့ည ဘာလုပ်ဖို့ရှိလဲ?"

မယ်လိုရီ လုံးဝ ကြောင်သွား၏။ "ခင်ဗျာ?" "ရှင်က ကျွန်မကို ညစာခေါ်ကျွေးမယ်လို့ ကျွန်မထင်လို့ပါ"

သူ ကိုယ့်ကိုယ်ကို ရှက်နေမိသည်။ ဘုရားရေ၊ သူတွေး၏။ စည်ပိုင်းထဲက ငါးဖမ်းရသလိုပဲ။ သူက လိင်တူဆက်ဆံသူတော့ မဟုတ်ဘူး။ ဟိုကောင်တွေက သူ့ဘောင်းဘီထဲမဝင်နိုင်လို့ ဒီလိုပြောတာပဲဖြစ်မှာ။ ငါကတော့ ဝင်နိုင်မှာ။ သူမက အမှန်တကယ်ကို တောင်းဆိုနေပြီ။ သူသည် စနေနေ့တွင် မည်သူနှင့် ချိန်းထားကြောင်း စဉ်းစားလိုက်၏။ ဆယ်လီပဲ။ ခွဲစိတ်ခန်းက သူနာပြုမကလေး။ သူမကို ခေါက်ထားလိုက်မယ်။

"ဘာမှ အရေးတကြီးလုပ်စရာ မရှိပါဘူး" မယ်လိုရီက ပြော၏။ "ကျွန်တော် ခင်ဗျားကို ညစာခေါ်ကျွေးချင်တယ်"

ကိတ်က သူမလက်ကို သူ့လက်ပေါ်တင်လိုက်ပြီး "ကောင်းတယ်ရှင်" သူမက ညင်သာစွာ ပြောလိုက်၏။ "ကျွန်မကလည်း သွားချင်နေတာ"

သူ ပြုံးလိုက်၏။ "ကျွန်တော်လည်း ဒီလိုပါပဲ"။ မင်းဘယ်လောက်တောင် တန်လဲဆိုတာ မင်းမသိဘူးနော်။ ဒေါ်လာတစ်သောင်းကြီးများတောင်!

ထိုနေ့ နေ့လယ်တွင် ကိတ်သည် ပေ့ချ်နှင့် ဟန်နီတို့ထံ သတင်းပြန်ပို့၏။ "သူ ပါးစပ်အပေါင်းသားဖြစ်သွားတယ်" ကိတ်က ရယ်၏။ "သူ့မျက်နှာကို နင်တို့ မြင်စေချင်တယ်ဟာ။ ငှက်တစ်ကောင်လုံး မြိုချမိတဲ့ ကြောင်လိုဖြစ်နေတာ"

ပေ့ချ်က ပြော၏။ "နင်က ကြောင်၊ သူက ငှက်ဆိုတာလည်း မှတ်ထားဦးနော်"။ "နင်တို့ စနေညမှာ ဘာသွားလုပ်ကြမလဲ?" ဟန်နီက မေးသည်။ "အကြံလေးဘာလေး ပေးပါဦး"

"ငါ့ဆီမှာ ရှိတယ်" ပေ့ချ်က ဖြေ၏။ "ငါ့ အစီအစဉ်က. . ."

စနေနေ့ညနေတွင် ကိတ်နှင့် ကန်မယ်လိုရီသည် ပင်လယ်အော်ရှိ အီမီလီယိုစားသောက်ဆိုင်တွင် ညစာစားကြသည်။ သူမသည် သူ့အတွက် ဂရုပြုစွာ ဝတ်စားလာသည်။ ပန်းပေါ် အဖြူရောင်ကော်တွန်ဝတ်စုံကို ဝတ်လာ၏။

"နင်က စိတ်လှုပ်ရှားဖို့ ကောင်းတယ်" မယ်လိုရီက ပြော၏။ သူသည် ပစ်မှတ်ကို သေချာစွာ ချိန်ရွယ်လိုက်ခြင်းဖြစ်သည်။ ချီးကျူးတတ်ရမည်၊ သို့သော် ဖိအား မပေးရ။ နစ်သက်ရမည်၊ သို့သော် အကြံမပေးရ။ မယ်လိုရီသည် ချစ်စရာအကောင်းဆုံး ပုံစံဖြစ်ရန်ကြိုးစားမည်ဟု ဆုံးဖြတ်ထားသည်။ သို့သော် ထိုမျှလောက် မလိုအပ်ပေ။ မကြာမီမှာပင် သူ့ကိုသာ ကိတ်သည် ချစ်လာအောင် ကြိုးပမ်းနေကြောင်း ထင်ရှားလာသည်။

အအေးသောက်နေရင်း ကိတ်က ပြော၏။ "ကန်. . .လူတိုင်းက ရှင်ဟာ ဆရာဝန်ကောင်းတစ်ယောက်လို့ ပြောနေကြတယ်"

"ဟုတ်ကဲ့" မယ်လိုရီက နှိမ့်ချသံဖြင့် ပြော၏။ "ကျွန်တော့်က လေ့ကျင့်မှုကောင်းကောင်းရခဲ့တယ်လေ။ ပြီးတော့ ကျွန်တော့် လူနာတွေအပေါ် ကျွန်တော်က အရမ်းဂရုစိုက်တတ်လို့ပါ။ သူတို့တွေက ကျွန်တော့်အတွက်တော့ အရေးကြီးတယ်လေ"။ သူ့အသံမှာ ရိုးသားမှုများဖြင့် ပြည့်နေသည်။

ကိတ်က သူမလက်အား သူ့လက်ပေါ်တင်လိုက်၏။ "ဟုတ်မှာပါ။ ရှင်က ဘယ်နယ်သားလဲ။ ကျွန်မ ရှင့်အကြောင်း အကုန်သိချင်တယ်။ ရှင်အစစ်အမှန်ကို ပြောတာနော်"။ ဘုရားရေ၊ မယ်လိုရီ တွေးလိုက်၏။ ဒါ ငါသုံးနေကျ စကားလုံးတွေပဲ။ ထိုမျှ လွယ်နေသည်ကို သူတွေးရခက်နေ၏။ သူသည် မိန်းမနှင့်ပတ်သက်လာလျှင် ဆရာတစ်ဆူဖြစ်သည်။ သူ့စိတ်က မိန်းမတွေ ပြောသမျှကို အကဲခတ်တတ်၏။ သူတို့သည် ဟုတ်ကဲ့ဆိုသည်ကို အကြည့်တစ်ချက်၊ အပြုံးတစ်ခု၊ အသံတစ်သံတို့နှင့် ဖော်ပြနိုင်စွမ်းသည်။ သို့သော် ကိတ်၏ အပြုအမူတို့ကိုမူ သူအကဲမခတ်နိုင်ပေ။

သူမသည် သူ့နား တိုးလာ၏။ ထို့နောက် သူမသည် အသံအက်အက်ဖြင့်ပင် "ကျွန်မ အကုန်လုံးကို သိချင်တယ်" ဟု ပြော၏။

သူသည် သူ့အကြောင်းကို ထမင်းစားနေချိန်တစ်လျှောက်လုံး ပြောခဲ့၏။ အခြားအကြောင်းတစ်ခုကို ပြောင်းပြောဖို့ စကားစလိုက်တိုင်း ကိတ်က "ဟင့်အင်း။ ကျွန်မ ထပ်သိချင်သေးတယ်။ ရှင့်မှာ စိတ်ဝင်စားဖို့ကောင်းတဲ့ ဘဝရှိတယ်"

သူမတော့ ငါ့ကို အရူးအမူးစွဲနေပြီဟု မယ်လိုရီ ဆုံးဖြတ်လိုက်သည်။ သူ လောင်းကြေးကို ယခုထက်ပို၍ လက်ခံလိုက်လျှင်ကောင်းမည်ဟု တွေးမိသည်။ ငါဒီညတောင် အနိုင်ရနိုင်တယ်ဟု တွေးမိသည်။ ထိုအတွေးတို့ကို ကိတ်၏ ပြောစကားက သေချာစေသည်။ သူတို့ ကော်ဖီသောက်နေရင်း ကိတ်က "ကျွန်မ တိုက်ခန်းကို လာပြီး ညအတွက် တစ်ခွက်လောက် ဝင်သောက်သွားမလား?"

ပွဲပြီ။ မယ်လိုရီသည် သူမလက်မောင်းအား ပွတ်သပ်လိုက်ပြီး ညင်သာစွာပြောလိုက်သည်။ "ကျွန်တော် လာပါ့မယ်"။ ဟိုကောင်တွေအားလုံးဟာ အရူးတွေပဲဟု မယ်လိုရီ ကောက်ချက်ချလိုက်သည်။ သူမဟာ ငါတွေ့ဖူးသမျှ မိန်းမတွေထဲမှာ

အထန်ဆုံးပဲ။ သူသည် မုဒိန်းကျင့်ခံရတော့မည်ဟုပင် ခံစားမိနေသည်။

မိနစ် ၃၀ ကြာသောအခါ သူတို့သည် ကိတ်တိုက်ခန်းရှိရာသို့ လမ်းလျှောက်သွားနေကြသည်။

"ကောင်းတယ်" မယ်လိုရီက ပတ်ကြည့်လိုက်ပြီး ပြော၏။ "အရမ်းကောင်းတာပဲ။ ဒီမှာ တစ်ယောက်တည်းနေတာလား?"

"ဟင့်အင်း။ ဒေါက်တာတေစ်လာရယ် ဒေါက်တာတက်တို့က ကျွန်မနဲ့ အတူတူ နေတယ်"

"အိုး"။ သူမသည် သူ့အသံမှ နောင်တသံကို ကြားလိုက်သည်။ ကိတ်သည် သူ့အား ဆွဲဆောင်ပြုံးတစ်ခု ပေးလိုက်၏။ "ဒါပေမဲ့ သူတို့က တော်တော် နောက်ကျမှ ပြန်လာမှာပါ"

မယ်လိုရီ ပြုံးလိုက်ပြီး "ကောင်းတယ်"

"ရှင် တစ်ခုခု သောက်မလား?"

"အင်း တစ်ခုခုပေ့ါ"။ သူသည် ကိတ် အရက်ဗီရိုရှိရာသို့ ထွက်သွားပြီး နစ်ဖန်ခွက်ထည့်နေသည်ကို ကြည့်နေ၏။ သူမသည် အတော်ကြည့်ကောင်းသည်ဟု မယ်လိုရီတွေးနေမိသည်။ ငါကတော့ ဒီလိုမိန်းကလေးနဲ့ အတူတူအိပ်ပြီး ဒေါ်လာတစ်သောင်း ရတော့မယ်။ သူ ကျယ်လောင်စွာ ရယ်လိုက်၏။

ကိတ်က လှည့်လိုက်ပြီး "ဘာတွေ သဘောကျနေတာလဲ?"

"ဘာမှ မဟုတ်ပါဘူး။ ဒီမှာ ခင်ဗျားနဲ့အတူတူ နစ်ယောက်တည်းရှိနေတာ ကံကောင်းတယ်လို့ ကျွန်တော်တွေးနေတာ"

"ကျွန်မကသာ ကံကောင်းသူပါ" ကိတ်က နွေးထွေးစွာ ပြော၏။ သူ့ကို အရက်လှမ်းပေးလိုက်၏။

မယ်လိုရီက သူ့ဖန်ခွက်ကို မြှောက်လိုက်ပြီး စတင်ပြောသည်။ "ဒီဟာကတော့. . ."

ကိတ်က သူ့အား ဖြတ်ပြော၏။ "ဒီဟာကတော့ ကျွန်မတို့အတွက်"

သူ ခေါင်းညိတ်လိုက်ပြီး "ကျွန်တော် သောက်ပြီ"

သူက "သီချင်းဖွင့်မလား?" ဟု စတင်ပြောရန် ပါးစပ်ဟလိုက်စဉ်မှာပင် ကိတ်က "ရှင် သီချင်းနားထောင်ချင်လား?" ဟု မေးလိုက်သည်။ "ခင်ဗျားက စိတ်ကို ဖတ်တတ်တဲ့သူပဲ"

ကိတ်သည် ကိုးပေါ်တာခွေဖွင့်လိုက်၏။ သူမနာရီကို ခိုးကြည့်လိုက်ပြီးနောက် မယ်လိုရီဘက်လှည့်ကာ "ရှင် 'က'ချင်စိတ်ရှိလား" ဟု မေးလိုက်သည်။

မယ်လိုရီ သူမနား တိုးကပ်သွား၏။ "ဘယ်သူနဲ့ ကမလဲဆိုတာမှာ မူတည်ပါတယ်။ ခင်ဗျားနဲ့ဆိုရင်တော့ ကျွန်တော် ကချင်ပါတယ်"

ကိတ်က သူ့လက်မောင်းများအား ရွေ့လိုက်ပြီး အိပ်မက်ဆန်သည့် တေးသွားနှင့်အတူ ဖြည်းညင်းစွာ စတင်ကလေတော့သည်။ ကိတ်ကိုယ်လုံးက သူ့ကို လာဖိသည်ကို မယ်လိုရီ သတိထားမိ၏။ သူသည် လိင်ဆန္ဒများ ထကြွလာသည်ကို သတိထားမိသည်။ သူမကို တင်းနေအောင်ဖက်လိုက်၏။ ကိတ်က သူ့အား ပြုံးပြသည်။

ကိစ္စဖြတ်ဖို့ အချိန်ကျလာချေပြီ။

"ခင်ဗျားက ချစ်စရာကောင်းတယ်၊ သိလား" မယ်လိုရီက ပြော၏။ "ပထမဆုံးစတွေ့ကတည်းက ခင်ဗျားကို စိတ်ဝင်စားနေတာ"။

ကိတ်သူ့မျက်လုံးများအား ကြည့်လိုက်ပြီး "ကျွန်မလည်း ရှင်နဲ့ ထပ်တူထပ်မျှပါပဲ၊ ကန်"။ သူ့နှုတ်ခမ်းများက သူမထံ ရွေ့လာ၏။

သူသည် သူမအား နွေးထွေးကာ ခံစားမှုအပြည့်ဖြည့်ထားသည့် အနမ်းတစ်ခု ပေးလိုက်သည်။

"အိပ်ခန်းထဲ သွားရအောင်" မယ်လိုရီက ပြောသည်။ သူ အလျင်လိုနေ၏။

"အင်း၊ သွားမယ်လေ"

သူက သူမအား လက်မောင်းမှကိုင်လိုက်၏။ သူမက သူ့အား အိပ်ခန်းဆီ ခေါ်သွားမည်ပြု၏။ ထိုအချိန်တွင်ပင် အိမ်ရှေ့တံခါး ပွင့်လာပြီး ပေ့ချ်နှင့် ဟန်နီတို့ ဝင်ရောက်လာသည်။

"ဟိုင်း. . ." ပေ့ချ် အော်ပြော၏။ သူမက ကန်မယ်လိုရီအား အံ့အားတသင့် ကြည့်လိုက်၏။ "အိုး. . .ဒေါက်တာမယ်လိုရီပါလား။ ရှင့်ကို ဒီမှာ တွေ့လိမ့်မယ်လို့ မထင်ဘူး" "ဟို. . .ကျွန်တော်. . .ကျွန်တော်. . ."

"ငါတို့ ညစာအတူ သွားစားကြတာလေ" ကိတ်က ပြော၏။

မယ်လိုရီသည် ကြိတ်၍ ဒေါသထွက်နေ၏။ ထိန်းချုပ်ထားရ၏။ သူက ကိတ်ဘက်လှည့်လိုက်ပြီး "ကျွန်တော်သွားတော့မယ်။ နောက်ကျနေပြီ။ မနက်ဖြန် အလုပ်တွေရှိသေးလို့"

"အိုး. . .ရှင် သွားတော့မှာလား" ကိတ်က ပြော၏။ သူမ မျက်ဝန်းထဲတွင်တော့ ကတိတို့နှင့် ပြည့်နေသည်။

မယ်လိုရီက ပြော၏။ "မနက်ဖြန်ညဆိုရင်ကော ဘယ်လိုလဲ?"

"ကျွန်မလည်း တွေ့ချင်ပါတယ်. . ."

"ကောင်းလိုက်တာ"

". . .ဒါပေမဲ့ တွေ့လို့မရဘူး"

"အိုး. . .ဒါဆို သောကြာနေ့ကော?"

ကိတ် မျက်မှောင်ကြုတ်လိုက်သည်။ "အိုး. . .သောကြာနေ့လည်း အဆင်မပြေဘူးထင်တယ်"

မယ်လိုရီ စတင် စိတ်ပျက်လာသည်။ "စနေကော?"

ကိတ်က ပြုံးလိုက်ပြီး "စနေနေ့တော့ အဆင်ပြေမှာပါ"

သူက ပျော်သွားပြီး ခေါင်းညိတ်လိုက်၏။ "ကောင်းပြီ။ ဒါဆို စနေနေ့ပေါ့"။ သူက ပေ့ချ်နှင့် ဟန်နီတို့ဘက်လှည့်လိုက်ပြီး "ကောင်းသောညပါ" ဟု နှုတ်ဆက်လိုက်သည်။

"ကောင်းသောညပါ"

ကိတ်သည် မယ်လိုရီအား တံခါးဝအထိ လိုက်ပို့ပေး၏။ "အိပ်မက်လှလှ မက်ပါစေ" သူမက ချိုသာစွာ ပြောလိုက်သည်။ "ကျွန်တော် ခင်ဗျားကိုပဲ အိပ်မက် မက်မှာ"

မယ်လိုရီ သူမလက်အား ညှစ်လိုက်၏။ "ကျွန်တော့် အိပ်မက်တွေ အကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်တယ်။ လာမယ့်စနေနေ့ တွေ့ကြတာပေါ့" "ကျွန်မ မစောင့်နိုင်တော့ဘူး"

ထိုညတွင် ကိတ်သည် အိပ်ရာထဲလှဲရင်း မယ်လိုရီအကြောင်း တွေးနေမိသည်။ သူမ သူ့အား မုန်းသည်။ သို့သော် အံ့သြဖို့ ကောင်းသည်မှာ သူမ ထိုညနေတွင် ပျော်ရွှင်ခဲ့၏။ မယ်လိုရီသည်လည်း ကစားပွဲတစ်ခုပင်ဖြင့်လင့်ကစား ပျော်ခဲ့မည်ဟု သူမ သေချာသိသည်။ ဒါတွေအားလုံးဟာ ကစားပွဲမဟုတ်ဘဲ အစစ်အမှန်တွေသာဖြစ်ခဲ့ရင် ဘယ်လိုနေမလဲဟု စဉ်းစားမိသည်။ ထိုကစားပွဲသည် မည်မျှအန္တရာယ်များကြောင်း သူမ မရိပ်မိခဲ့ချေ။

## (အခန်း ၁၇)

ရာသီဥတုကြောင့်ဖြစ်မည်ဟု ပေ့ချ် နှမ်းလျစွာ တွေးလိုက်၏။ အပြင်ဘက်တွင် အေးစက်အုံ့မှိုင်းနေသည်။ မိုးမည်းမည်းက စိတ်ဓာတ်ကို ကျစေ၏။ သူမ၏ တစ်နေ့တာမှာ မနက် ၆ နာရီမှ စတင်ခဲ့ပြီး ပြဿနာများဖြင့် ပြည့်နေ၏။ ဆေးရုံတွင် ရောဂါမရှိရောဂါရှာလာတတ်သူများဖြင့်သာ ပြည့်နေသည်ဟု ထင်ရ၏။ အားလုံးက တစ်ပြိုင်တည်းလိုလို လာကြည့်ဖို့ ခေါ်ကြသည်။ သူနာပြုများမှာ ရိုင်းစိုင်းပြီး ဂရုစိုက်မှုမရှိကြ။ သူတို့သည် လူနာများ သွေးဖောက်ကြသည်။ အရေးပေါ်ဓာတ်မှန်များကို ဖျောက်ပစ်ကြသည်။ လူနာများကို ရိုင်းရိုင်းစိုင်းစိုင်း ပြန်ပြောကြသည်။ ထို့အပြင် တုပ်ကွေးဖျားပျံ့နှံ့မှုကလည်း ဝန်ထမ်းအင်အားကို နည်းစေ၏။ ထိုကဲ့သို့သော နေ့မျိုးဖြစ်သည်။

အသက်ရှူချောင်စေသည်မှာ ဂျေဆင်ကားတစ်ဆီမှ တယ်လီဖုန်းလာခြင်းဖြစ်သည်။

"ဟယ်လို" သူက တက်ကြွစွာ ပြော၏။ "လူနာတွေအားလုံး ဘယ်လိုနေလဲလို့ စုံစမ်းတယ်လို့ သဘောထားလိုက်"

"သူတို့အားလုံး အသက်ရှင်နေတုန်းပါပဲ"

"ကိုယ်တို့ နေ့လယ်စာ အတူစားလို့ ရမလား?"

ပေ့ချ် ရယ်လိုက်၏။ "ဘာနေ့လယ်စာလဲ? သိုးနေတဲ့ အသားညှပ်ပေါင်မုန့်တစ်ခုကို နေ့လယ် ၄ နာရီမှာ စားရရင်တောင် ကံကောင်း။ ဒီမှာ အရမ်းအလုပ်များနေတယ်"

"ကောင်းပြီလေ။ ခေါ်မထားတော့ပါဘူး။ ထပ်ပြီးကော ဖုန်းခေါ်လို့ရလား?"

"ရပါတယ်"။ ဘာမှ မဖြစ်နိုင်လောက်ပါ။

"ဘိုင်"

ပေ့ချ်သည် ညဥ့်သန်းခေါင်တိုင် လုံးဝမရပ်မနား အလုပ်လုပ်ခဲ့သည်။ နောက်ဆုံး သူမ အနားရသည့်အချိန်တွင် ပင်ပန်းလွန်း၍ လှုပ်ပင်မလှုပ်နိုင်တော့။ သူမသည် ဆေးရုံတွင်သာ ဆက်နေပြီး အွန်ကောခန်းတွင်းမှ ခေါက်ကုတင်တွင်သာ အိပ်လိုက်ရန် စိတ်ကူးမိ၏။ သို့သော် သူမအိမ်မှ နွေးထွေးဇိမ်ရှိသောအိပ်ရာအကြောင်းအတွေးက ပိုမို ဆွဲဆောင်နေ၏။ သူမ အဝတ်လဲလိုက်ပြီး ဓာတ်လှေကားရှိရာသို့ ဒယီးဒယိုင်သွားလိုက်၏။

ဒေါက်တာပီတာဆင်သူမထံရောက်လာပြီး "ဘုရားရေ"။ သူက ပြော၏။ "နင့်ကို ဘယ်ကြောင်ကများ ကုတ်သွားတာလဲ?"

ပေ့ချ်က နွမ်းလျစွာ ပြောလိုက်၏။ "ကျွန်မ ဒီလောက်တောင် ကြည့်ရဆိုးနေလို့လား?"

"ပိုတောင် ပိုနေသေးတယ်" ပီတာဆင်က ပြုံးလိုက်၏။ "အိမ်ပြန်တော့မလို့မလား"။

ပေ့ချ်က ခေါင်းညိတ်၏။

"နင် ကံကောင်းတာပဲ။ ငါကတော့ ခုမှ စလုပ်ရမှာ"

ဓာတ်လှေကားက ရောက်လာသည်။ ပေ့ချ်ထိုနေရာတွင် အိပ်ချင်မူးတူးဖြင့် ရပ်နေ၏။ ပီတာဆင်က ညင်သာစွာ ပြော၏။ "ပေ့ချ်?"

သူမကိုယ်ကို ခါလိုက်ပြီး နိုးအောင်လုပ်လိုက်၏။ "ဟုတ်?"

"နင်အိမ်ကိုရော ကားမောင်းနိုင်ရဲ့လား?"

"ရပါတယ်" ပေ့ချ် ဗလုံးဗထွေး ပြန်ပြောသည်။ "အိမ်ပြန်ရောက်တာနဲ့ ၂၄ နာရီ တစ်ဆက်တည်း အိပ်ပစ်မယ်"

သူမ ကားရပ်နားရာနေရာသို့ သွားပြီး ကားထဲဝင်လိုက်၏။ နွမ်းဟိုက်စွာဖြင့် ထိုင်ချလိုက်ပြီး စက်နှိုးဖို့ပင် မလှုပ်ချင်တော့ပေ။ ငါဒီမှာ

အိပ်ပျော်သွားလို့ မဖြစ်ဘူး။ ငါအိမ်မှာပဲ အိပ်မှာ။

ပေ့ချ် ယာဉ်ရပ်နားရာနေရာမှ ထွက်လိုက်ပြီး တိုက်ခန်းရှိရာသို့ ဦးတည်မောင်းလာ၏။ ကားမောင်းသူတစ်ယောက်က သူမကို အော်မပြောမချင်း သူမ မည်မျှလောက်ဆိုးဆိုးရွားရွားမောင်းနေမှန်း သူမကိုယ်သူမ သတိမမူမိပေ။ "ဟေ့. . .လမ်း ဟိုဘက်ကို တိုး၊ အရက်သမရဲ့"

သူမ အာရုံစိုက်ဖို့ ကြိုးစားသည်။ ငါအိပ်ပျော် မသွားရဘူး။ ငါအိပ်ပျော်မသွားရဘူး။ သူမ ရေဒီယိုဖွင့်လိုက်ပြီး အသံကို ကျယ်လိုက်၏။ သူမ တိုက်ခန်းရှိရာတိုက်သို့ ရောက်သောအခါ သူမကားထဲတွင် လေ့ကားတက်ဖို့ရန် အားအင်များစုဆောင်းရင်း အချိန်အကြာကြီးထိုင်လိုက်၏။

ကိတ်နှင့် ဟန်နီတို့သည် အိပ်ရာကိုယ်စီတွင် အိပ်ပျော်နေကြ၏။ သူမအိပ်ရာဘေးမှ နာရီကို ပေ့ချ်ကြည့်လိုက်သောအခါ မနက် ၁ နာရီထိုးနေကြောင်း သိလိုက်သည်။ သူမ အိပ်ခန်းထဲသို့ ဝင်ရောက်သွားပြီး အဝတ်များ စတင်ချွတ်၏။ သို့သော် ထိုအတွက်အားအင်ပင် သူမတွင် မရှိတော့။ သူမအင်္ကျီဝတ်လျက်နှင့်ပင် ကုတင်ပေါ်သို့ လှဲချလိုက်သည်။ ချက်ချင်းပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသည်။

စူးစူးရှရှတယ်လီဖုန်းသံက သူမကို နှိုးလိုက်၏။ ၎င်းသည် ဝေးကွာလှသော အခြားဂြိုလ်တစ်ခုမှ လာသယောင်ရှိသည်။ ပေ့ချ် ဆက်လက်အိပ်စက်ဖို့ ကြိုးစားသည်။ သို့သော် ဖုန်းမည်သံက သူမဦးနှောက်အား အပ်အစင်းပေါင်းများစွာက ထိုးဖောက်နေသလိုပင်။ အိပ်ချင်မူးတူးဖြင့် ထထိုင်လိုက်ပြီး တယ်လီဖုန်းထံ လက်လှမ်းလိုက်သည်။ "ဟလို" "ဒေါက်တာတေစ်လာလား?"

"ဟုတ်ပါတယ်" သူမ အသံမှာ ဗလုံးဗထွေးဖြစ်နေ၏။

"ဒေါက်တာဘာကာက ခွဲခန်း ၄ ထဲမှာ သူ့ကို ကူခွဲပေးဖို့ ပြောပါတယ်။ အခု ချက်ချင်းပါ"။ ပေ့ချ် သူမလည်ချောင်းကို ရှင်းလိုက်သည်။ "တစ်ခုခု မှားနေပြီထင်တယ်"။ သူမ ဗလုံးဗထွေးပြောသည်။ "ကျွန်မ အခုပဲ ဂျူတီထွက်လာတာ"

"ခွဲခန်း ၄ နော်။ သူ စောင့်နေတယ်"။ ဖုန်းလိုင်းကျသွားသည်။

ပေ့ချ် အိပ်ရာစွန်းတွင် ထိုင်လိုက်၏။ သူမစိတ်ကတော့ အိပ်ငိုက်နေ၏။ ကုတင်ဘေးစားပွဲပေါ်မှ နာရီကို ကြည့်မိတော့ ၄း၁၅။ ဘာလို့များ ဒေါက်တာဘာကာက ညဉ့်နက်သန်းခေါင်ကြီး ခေါ်ရတာလဲ? အဖြေကတော့ တစ်ခုသာရှိသည်။ သူမလူနာထဲကတစ်ယောက်ယောက်တော့ တစ်ခုခုဖြစ်နေပြီ။

ပေ့ချ် ရေချိုးခန်းသို့ တစ်ရှိန်ထိုး ဝင်ရောက်သွားပြီး မျက်နှာပေါ် ရေအေးအေးလောင်းချလိုက်သည်။ မှန်ထဲတွင် ကြည့်လိုက်ပြီး တွေးမိ၏။ ဘုရားရေ၊ ငါ့ရုပ်က မေမေနဲ့တောင် တူနေပါလား။ မဟုတ်ဘူး။ မေမေက ဒီလောက် ကြည့်ရမဆိုးဘူး။

ဆယ်မိနစ်အကြာတွင် ပေ့ချ်သည် ဆေးရုံသို့ ပြန်သွားရန် လမ်းပေါ်ရောက်နေ၏။ သူမသည် လေးထပ်မှ ခွဲခန်း ၄ သို့သွားရန် ဓာတ်လှေကားစီးချိန်အထိ နိုးတစ်ဝက်ဖြစ်နေဆဲပင်။ သူမ အဝတ်လဲခန်းသို့သွားပြီး အဝတ်များလဲလှယ်ကာ ခွဲခန်းထဲသို့ ဝင်သွား၏။ အထဲတွင် သူနာပြု ၃ ယောက်နှင့် အလုပ်သင်ဆရာဝန်တစ်ယောက် ဒေါက်တာဘာကာအား ကူညီနေကြသည်။

ပေ့ချ်ဝင်လာသောအခါ သူက မော့ကြည့်လိုက်ပြီး အော်လိုက်၏။ "ဘုရားသခင်၊ မင်းက ဆေးရုံဝတ်စုံကြီး ဝတ်ထားပါလား။ ခွဲခန်းထဲဝင်ရင် ခွဲခန်းဝတ်စုံဝတ်ရမယ်လို့ မင်းကို ဘယ်သူကမှ အသိမပေးထားဘူးလား?"

ပေ့ချ် ထိုနေရာတွင် ကြောင်ပြီး ရပ်နေ၏။ သူမ ချက်ချင်း နိုးကြားသွားသည်။ သူမမျက်လုံးများမှာ မီးဝင်းဝင်းတောက်နေ၏။ "ဒီမှာ၊

ကျွန်မပြောတာနားထောင်” သူမက ဒေါသတကြီး ပြော၏။ “ကျွန်မက ဂျူတီထွက်ပြီးနေပြီ။ ဒေါက်တာ့ကို အခွင့်အရေးပေးတဲ့အနေနဲ့ လာတာ။ ကျွန်မ မ. . .”

“ငါနဲ့ ခံမငြင်းနဲ့” ဒေါက်တာ ဘာကာက ပြတ်ပြတ်ပင်ပြောသည်။ “ဒီနားလာပြီး၊ ဆွဲတံကို ကိုင်ထားပေး”

ပေ့ချ် ခွဲစိတ်စင်ရှိရာသို့ လျှောက်သွားပြီး ကြည့်လိုက်၏။ စင်ပေါ်တွင် ရှိနေသူမှာ သူမလူနာမဟုတ်။ လူစိမ်းတစ်ယောက်ဖြစ်နေသည်။ ငါ့ကို ခေါ်စရာဘာအကြောင်းမှ မရှိဘူး။ သူ ငါ့ကို ဆေးရုံက ထွက်သွားအောင် ဖိအားပေးနေတာပဲ။ ငါ သေတောင် မထွက်နိုင်ဘူး။ သူမသည် သူ့အား ဒေါသအကြည့်တစ်ချက်ပေးလိုက်ပြီး ဆွဲတံကို ကိုင်လိုက်ကာ အလုပ်စတင်လေတော့သည်။

ခွဲစိတ်ခြင်းမှာ အရေးပေါ်နလုံးသွေးကြောအစားထိုးခြင်းဖြစ်သည်။ ရင်ညွန့်ရိုးထိတိုင်အောင် အရေပြားအား လှီးဖြတ်ထားပြီးဖြစ်၏။ ရင်ညွန့်ရိုးအား လျှပ်စစ်လွှဖြင့် ခွဲဖြတ်ထားသည်။ နလုံးနှင့်အတူ အဓိက သွေးကြောများကို တွေ့နေရ၏။

ပေ့ချ်သည် သတ္တုဆွဲတံကို ဖြတ်ထားသည့် ရင်ညွန့်ရိုးနစ်ခုကြားထည့်လိုက်ကာ အားထည့် ဆွဲခွာလိုက်၏။ ဒေါက်တာဘာကာက ကျွမ်းကျင်စွာပင် နလုံးပြင်ပအိတ်အားခွဲကာ နလုံးကို ဖော်လိုက်သည်ကို သူမကြည့်နေ၏။

ဘာကာက နလုံးသွေးကြောများအားကြည့်ကာ “ပြဿနာက ဒီမှာ” ဟု ပြောလိုက်၏။ “ငါတို့ သွေးကြောအစားထိုးတာ နည်းနည်းလုပ်မယ်”

သူသည် လူနာခြေထောက်တစ်ဖက်မှ သွေးပြန်ကြောအရှည်တစ်ချောင်းကို ထုတ်ယူပြီးဖြစ်သည်။ ၎င်း၏ တစ်ဖက်အား နလုံးမှထွက်လာသည့် ပင်မသွေးလွှတ်ကြောနှင့် တွဲချုပ်လိုက်သည်။ အခြားတစ်ဖက်ကို နလုံးသွေးကြောများဖြင့် ပိတ်နေသည့်နေရာကိုကျော်ကာ တွဲလိုက်သည်။ သွေးများက ပိတ်နေသည့်နေရာကိုကျော်ကာ အစားထိုးလိုက်သည့် သွေးကြောတစ်လျှောက်စီးဆင်းသွားကြသည်။

ပေ့ချ်သည် ဆရာသမားတစ်ယောက် လုပ်ဆောင်နေသည်ကို ကြည့်နေ၏။ သူသာ ဒီလောက်မဆိုးရင် ကောင်းမှာ။

ခွဲစိတ်ခြင်းသည် ၃ နာရီ ကြာခဲ့၏။ ခွဲပြီးသောအခါ ပေ့ချ်တွင် သတိတစ်ဝက်သာ ရှိတော့သည်။ ခွဲစိတ်ရာကို ပြန်ချုပ်ပြီးသောအခါ ဒေါက်တာဘာကာက ဝန်ထမ်းများအားကြည့်လိုက်ပြီး “အားလုံးကို ကျေးဇူးတင်ပါတယ်” ဟု ပြောလိုက်သည်။ ပေ့ချ်ကိုတော့ သူ မကြည့်။

ပေ့ချ် ခွဲခန်းထဲမှ စကားတစ်ခွန်းမှပင် မပြောဘဲ တစ်ရှိန်ထိုးထွက်သွားပြီး အပေါ်ထက်သို့ တက်ကာ ဒေါက်တာဘန်ဂျမင်ဝေါလေ့ ရုံးခန်းရှိရာသို့ သွား၏။

ဝေါလေ့မှာ ရောက်ခါစပင် ရှိသေး၏။ “ဒေါက်တာ့ကြည့်ရတာ ပင်ပန်းနေပုံပဲ” သူက ပြော၏။ “ဒေါက်တာအနားယူသင့်တယ်”

ပေ့ချ် သူမဒေါသများအား ထိန်းချုပ်ရန် အသက်ပြင်းပြင်းရှူလိုက်သည်။ “ကျွန်မ တခြား ခွဲစိတ်အဖွဲ့ကို ပြောင်းချင်တယ်”

ဝေါလေ့သူမအား ခဏမျှ ကြည့်လိုက်၏။ “ဒေါက်တာ့ကို ဒေါက်တာဘာကာနဲ့ အတူ တာဝန်ချထားတယ်။ ဟုတ်တယ်မို့လား?”

“ဟုတ်ပါတယ်”

“ဘာပြဿနာရှိလို့လဲ”

“သူ့ကိုသာ မေးကြည့်။ သူက ကျွန်မကို မုန်းနေတယ်။ သူက ကျွန်မကို ကန်ထုတ်ပစ်ချင်နေတာ။ ကျွန်မ ဘယ်သူနဲ့မဆို အတူတူ အလုပ်လုပ်မယ်။ ဘယ်သူမှ မရွေးတော့ဘူး”

“ကျွန်တော် သူနဲ့ ပြောကြည့်ပါဦးမယ်” ဝေါလေ့က ပြော၏။

"ကျေးဇူးတင်ပါတယ်"

ပေ့ချ် လှည့်လိုက်ပြီး ရုံးခန်းတွင်းမှ ထွက်လာလိုက်သည်။ သူတို့ ငါ့ကို ဟိုကောင်ဆီကနေ ရွှေ့ပေးရင်ကောင်းမယ်။ တကယ်လို့ သူ့ကိုသာ ငါထပ်တွေ့နေရရင် ငါသူ့ကို သတ်မိလိမ့်မယ်။

ပေ့ချ်အိမ်ပြန်လိုက်ပြီး ၁၂ နာရီ တိတိ အိပ်ပစ်လိုက်သည်။ သူမသည် စိတ်ချမ်းသာသည့် ခံစားမှုမျိုးဖြင့် နိုးလာသည်။ ဘာဆိုသည်ကို သူမ မှတ်မိသွား၏။ ငါ ဟိုအရိုင်းအစိုင်းကို ထပ်မတွေ့ရတော့ဘူး။ သူမ ဆေးရုံရှိရာသို့ လေချွန်၍ ထွက်လာခဲ့သည်။

ပေ့ချ် ကော်ရစ်ဒါတွင် လမ်းလျှောက်နေစဉ်တွင် အထွေထွေလုပ်သားတစ်ဦး သူမထံ ရောက်လာ၏။

"ဒေါက်တာတေစ်လာ. . ."

"ဟုတ်ကဲ့?"

"ဒေါက်တာဝေါလေ့က ဒေါက်တာ့ကို ရုံးခန်းမှာ တွေ့ချင်တယ်တဲ့"

"ကျေးဇူးတင်ပါတယ်" ပေ့ချ် ပြော၏။ သူမနှင့်အတူ တွဲလုပ်ရမည့် ခွဲစိတ်ဆရာဝန်အသစ်မှာ မည်သူများဖြစ်မည်နည်းဟု သူမ စဉ်းစားမိသည်။ ဘယ်သူနဲ့ပဲဖြစ်ဖြစ် ပိုကောင်းမှာပါလေဟု ပေ့ချ် တွေးမိသည်။ သူမ ဘန်ဂျမင်ဝေါလေ့ရုံးခန်းသို့ သွား၏။ "ဒီနေ့ ပိုကြည့်ကောင်းလာတယ်၊ ပေ့ချ်"

"ကျေးဇူး။ ကျွန်မ စိတ်ထဲက နေလို့ကောင်းနေလို့ပါ"။ အမှန်တကယ်ပင်ဖြစ်၏။ အလွန်အမင်းစိတ်သက်သာရာရသွားခြင်းဖြစ်သည်။

"ကျွန်တော် ဒေါက်တာဘာကာနဲ့ စကားပြောပြီးပြီ"

ပေ့ချ် ပြုံးလိုက်၏။ "ကျေးဇူးပါပဲ။ ကျွန်မ တကယ်ကို ကျေးဇူးတင်ပါတယ်"

"သူက ဒေါက်တာ့ကို ထွက်ခွာခွင့် မပြုဘူးတဲ့"

ပေ့ချ် အပြုံး ကွယ်ပျောက်သွားသည်။ ဘာ?

"သူက ပြောတယ်။ ဒေါက်တာက သူ့အဖွဲ့မှာ တာဝန်ချထားခံရတာတဲ့။ ဒေါက်တာ အဲဒီမှာပဲ နေရမယ်တဲ့"

သူမ ကြားရသည်ကိုပင် မယုံနိုင်ပေ။ "ဒါပေမဲ့. . .ဘာကြောင့်လဲ?"။ ဘာကြောင့်လဲဆိုသည်ကို သူမသိသည်။ နှိပ်စက်ရသည်ကို ကြိုက်သည့် ခွေးမသားသည် နှိပ်စက်စရာတစ်ယောက်၊ နှိမ်ချစရာတစ်ယောက် လိုအပ်နေခြင်းပင် ဖြစ်သည်။ "ကျွန်မ ဒါကို သည်းမခံနိုင်တော့ဘူး"။ ဝေါလေ့က စိတ်မကောင်းစွာပြော၏။ "ဒေါက်တာ့မှာ ရွေးချယ်စရာမရှိပါဘူး။ ဒေါက်တာဆေးရုံက မထွက်သွားချင်ရင်ပေါ့။ ဒေါက်တာ သွားဖို့ စိတ်ကူးထားလား?"

ပေ့ချ် စဉ်းစားစရာပင် မလိုချေ။ "ဟင့်အင်း"။ ဘာကာက သူမကို ဖိအားပေးထွက်ခိုင်းသည်ကို သူမ ခွင့်မပြုနိုင်။ ၎င်းမှာ သူ့အကြံဖြစ်၏။ "ဟင့်အင်း" သူမက ဖြေးညင်းစွာ ပြော၏။ "ကျွန်မ နေမှာပါ"

"ကောင်းပြီ။ ဒါဆို ဒီအတိုင်းပဲ လုပ်တာပေါ့"

သိပ်မကြာတော့ပါဘူး။ ငါ သူ့ကို ပြန်ထိအောင်လုပ်တော့မယ် ဟု ပေ့ချ် တွေးမိသည်။

ဆရာဝန်များအဝတ်လဲခန်းတွင် ကန်မယ်လိုရီသည် 'ရောင်း'လှည့်ရန် အဆင်သင့်ဖြစ်နေ၏။ ဒေါက်တာဂရမ်ဒီနှင့် အခြား ဆရာဝန် ၃ ယောက် ဝင်လာသည်။

"ငါတို့လူကြီးပါလား" ဂရမ်ဒီက ပြော၏။ "ဘယ်လိုလဲ၊ ကန်?"

"ကောင်းပါတယ်" မယ်လိုရီက ပြော၏။

ဂရမ်ဒီသည် အခြားသူများဘက် လှည့်လိုက်ပြီး "သူ မိန်းမနဲ့အတူတူ အိပ်ထားတဲ့ပုံ မပေါ်ဘူးကွ၊ ဟုတ်တယ်မို့လား?"။ သူ မယ်လိုရီဘက်လှည့်လိုက်ပြီး "လောင်းကြေးပိုက်ဆံတွေအတွက်

အသင့်လုပ်ထားမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော် ကားဝယ်ဖို့ အစီအစဉ်ဆွဲထားတယ်”

အခြားဆရာဝန်တစ်ယောက်က ဝင်ပြောသည်။ “ကျွန်တော်ကတော့ ဗီရိုအပြည့် အဝတ်အစားဝယ်မှာ”

မယ်လိုရီက သနားသလို ခေါင်းခါလိုက်သည်။ “ကျွန်တော် ဒါတွေကို အလေးမထားဘူး။ ကျွန်တော့်ကို ပေးဖို့သာ အသင့်ပြင်ထား”

ဂရမ်ဒီက သူ့အား ကြည့်လိုက်၏။ “မင်းဘာကို ဆိုလိုတာလဲ?”

“သူမကသာ လိင်တူဆက်ဆံသူဆိုရင် ကျွန်တော်လည်း မိန်းမထိန်းပဲ။ သူမက ကျွန်တော်တွေ့ဖူးသမျှထဲမှာ အထန်ဆုံးမိန်းမပဲ။ ဟိုတစ်ညကတောင် သူ့ကို ကျွန်တော် ရခါနီးဖြစ်သွားတယ်”

ဂရမ်ဒီတို့ တစ်ယောက်ကို တစ်ယောက် ပူပန်စွာ ကြည့်လိုက်၏။

“ဒါပေမဲ့ သူမကိုတော့ ဟတ္တာမလုပ်လိုက်ရဘူး မဟုတ်လား?”

“ကျွန်တော် မလုပ်လိုက်ရတဲ့ တစ်ခုတည်းသော အကြောင်းပြချက်က အိပ်ခန်းကို သွားနေစဉ်မှာ သူ့သူငယ်ချင်းတွေ ရောက်လာလို့ပဲ။ သူမနဲ့ စနေနေ့ညမှာလည်း ထပ်ချိန်းထားသေးတယ်။ မကြာခင် အရာရာ ပြီးသွားတော့မှာပါ”။ မယ်လိုရီ အဝတ်လဲပြီးသွားပြီ။ “ကဲ. . .လူကြီးမင်းတို့ ကျွန်တော့်ကို ခွင့်ပြုဦး. . .”

တစ်နာရီအကြာတွင် ကိတ်အား ကော်ရစ်ဒါပေါ်တွင် ဂရမ်ဒီက တား၏။ “ကျွန်တော် ခင်ဗျားကို ရှာနေတာ” သူက ပြောသည်။ သူ စိတ်ဆိုးနေပုံ ပေါ်၏။ “တစ်ခုခု မှားနေလို့လား?”

“ဟို ခွေးမသား မယ်လိုရီပေ့ါ။ သူ့ကိုယ်သူ သိပ်သေချာနေသလို ပြောနေတယ်။ ခင်ဗျားကို စနေနေ့ညမှာ အိပ်ရာထဲဆွဲသွင်းမယ်တဲ့”

“စိတ်မပူပါနဲ့” ကိတ်က တင်းတင်းပြန်ပြောလိုက်၏။ “သူ ရှုံးမှာပါ”

စနေနေ့ညတွင် ကန်မယ်လိုရီ ကိတ်ကို လာခေါ်သောအခါ သူမသည် သူမ၏ရှိုက်ကြီးဖိုငယ်အသွယ်သွယ်ကို ပေါ်လွင်စေသော လည်ဟိုက်ဝတ်စုံကို ဝတ်ထား၏။ “အရမ်းလှတာပဲ” သူက သဘောကျစွာ ပြော၏။

သူမလက်များဖြင့် သူ့ကို သိုင်းလိုက်ပြီး “ရှင့်အတွက် ကြည့်ကောင်းစေချင်တယ်”။ သူမသည် သူ့အား တွဲလွဲခိုနေချေပြီ။

ဘုရားရေ၊ သူမ တကယ့်ကို လိုချင်နေပြီ။ မယ်လိုရီ စကားပြောလိုက်သောအခါ သူ့အသံက အက်ကွဲနေ၏။ “ဒီမှာကြည့်၊ ကိတ်၊ ကျွန်တော့်မှာ စိတ်ကူးတစ်ခုရှိတယ်။ ကျွန်တော်တို့ အပြင်သွားပြီး ညစာမစားခင် အိပ်ခန်းထဲအရင်သွားပြီး . . .”။ သူမက သူ့မျက်နှာအား ပွတ်သပ်နေ၏။ “အိုး. . .အချစ်ရယ်။ ကျွန်မလည်း သွားချင်တာပေ့ါ။ ဒါပေမဲ့ ပေ့ချ်က အိမ်မှာ ရှိနေတယ်”။ အမှန်တကယ်မှာ ပေ့ချ်သည် ဆေးရုံတွင် အလုပ်လုပ်နေသည်။ “အိုး. . .”

“ဒါပေမဲ့ ညစာစားပြီးရင်တော့. . .” သူမက စကားကို ဖြတ်ထား၏။

“အင်း? ဘာဖြစ်လဲ?”

“ကျွန်မတို့ ရှင့်အိမ်ကို သွားကြတာပေ့ါ”

မယ်လိုရီသည် သူမအား ဖက်လိုက်ပြီး နမ်းလိုက်၏။

“ကောင်းလိုက်တဲ့ စိတ်ကူး”

သူသည် သူမအား အိုင်းရင်းဟော့သို့ ခေါ်သွားပြီး အရသာရှိလှသော ညစာကို စားသောက်ကြ၏။ သိနေသော်လည်း ကိတ်သည်

ပျော်စရာအချိန်များကို ရရှိခဲ့သည်။ သူသည် နှစ်လိုဖွယ်ကောင်းသည့်ပြင် ပျော်ရွှင်စေသည်။ အလွန်အမင်း ဆွဲဆောင်မှုရှိသည်။ သူမနှင့် ပတ်သက်သည့် အရာမှန်သမျှကို အမှန်တကယ်စိတ်ဝင်စားပုံရှိသည်။ သူသည် သူမအား မြှောက်ပင့်နေမှန်း သိ၏။ သို့သော် သူမကို ချီးကျူးသမျှသည် သူအမှန်တကယ်ဆိုလိုပုံရသည်။

ငါသာ ဒီလောက် မသိခဲ့ဘူးဆိုရင်. . .

မယ်လိုရီသည် အစာကို တို့ကနန်းဆိတ်ကနန်းသာ စား၏။ သူစဉ်းစားနေသည်မှာ နောက် ၂ နာရီကြာရင် ငါတော့ ဒေါ်လာ ၁ သောင်းရတော့မယ်။ နောက် ၁ နာရီကြာရင် ငါတော့ ဒေါ်လာ ၁ သောင်းရတော့မယ်။ နောက် မိနစ် ၃၀ ကြာရင်. . .”

သူတို့ ကော်ဖီကို အဆုံးသတ်လိုက်ကြသည်။

“အဆင်သင့်ဖြစ်ပြီလား?” မယ်လိုရီက မေး၏။

ကိတ်က သူမလက်ကို သူ့လက်ပေါ်တင်လိုက်ပြီး “ဘယ်လောက်တောင် အဆင်သင့်ဖြစ်နေလဲဆိုတာ အချစ်သိမှာတောင်မဟုတ်ဘူး။ သွားကြရအောင်”

သူတို့ တက္ကစီဖြင့် မယ်လိုရီ၏ တိုက်ခန်းရှိရာသို့ သွားကြသည်။ “ကိုယ်မင်းကို အရူးအမူးဖြစ်နေပြီကွာ” မယ်လိုရီက နှစ်ကိုယ်ကြားပြော၏။ “မင်းလိုမျိုး တစ်ယောက်မှ မတွေ့ခဲ့ဖူးဘူး”

ထို့နောက် သူမသည် ဂရမ်ဒီ၏ အသံကို ကြားယောင်လာ၏။ သူ့ကိုယ်သူ သိပ်သေချာနေသလိုပြောနေတယ်။ ခင်ဗျားကို စနေနေ့ညမှာ အိပ်ရာထဲဆွဲသွင်းမယ်တဲ့။

သူတို့ တိုက်ခန်းရှိရာသို့ ရောက်သောအခါ မယ်လိုရီသည် တက္ကစီမောင်းသမားအား ငွေရှင်းလိုက်ပြီး ဓာတ်လှေကားရှိရာသို့ ကိတ်ကို ခေါ်သွား၏။ သူ့တိုက်ခန်းပေါ်သို့ ရောက်ရန် တစ်ဘဝစာမျှ ကြာသည်ဟု သူထင်မိသည်။ တံခါးကို ဖွင့်လိုက်ပြီး စိတ်အားထက်သန်စွာပြော၏။ “ဒီမှာပဲ”

ကိတ် အထဲဝင်လိုက်သည်။

မိန်းမတစ်ယောက်၏ ပြုပြင်ထိန်းသိမ်းမှုကို လိုအပ်နေသည့် ပုံမှန်လူပျိုအခန်းတစ်ခန်းသာဖြစ်သည်။

“အိုး. . .ချစ်ဖို့ကောင်းလိုက်တာ” ကိတ်က အသက်ရှူထုတ်ပြီး ပြောလိုက်၏။ သူမက မယ်လိုရီဘက်လှည့်လိုက်၏။ “ရှင့်ကို ပြောတာ”

သူ ပြုံးလိုက်သည်။ “ကျွန်တော်တို့ အခန်းကို ပြမယ်။ သီချင်းဖွင့်လိုက်မယ်နော်”

သူ တိတ်ခွေစင်ရှိရာသို့သွားနေစဉ် ကိတ်သည် သူမနာရီကို ကြည့်လိုက်၏။ ဘာဘရာစထရိန်းဆန်း၏ အသံက အခန်းကို ဖုံးလွှမ်းသွားသည်။ မယ်လိုရီက သူမလက်အား ကိုင်လိုက်ပြီး “သွားကြရအောင်၊ အချစ်”

“ခဏစောင့်ပါဦး” ကိတ်က ညင်သာစွာ ပြောလိုက်သည်။

သူမကို နားမလည်သလို ကြည့်လိုက်ပြီး “ဘာအတွက်လဲ?”

“ရှင်နဲ့ ဒီအချိန်လေးကို တူတူနေချင်သေးတယ်။ ကျွန်မတို့ ဟိုဟာ . ..”

“အိပ်ခန်းထဲမှာ တူတူနေကြမယ်လေ”

“ကျွန်မ တစ်ခုခု သောက်ချင်သေးတယ်”

“သောက်စရာ?” သူ စိတ်မရှည်မှုကို ကြိုးစားဖုံးလိုက်သည်။ “ကောင်းပြီ။ ဘာသောက်ချင်လဲ?”

"ဗော့ကာနဲ့ တိုးနစ်၊ ကျေးဇူးပြုပြီး"

သူ ပြုံးလိုက်သည်။ "ငါတို့ သောက်နိုင်မယ်လို့ ထင်ပါတယ်"။ သူအရက်စင်ရှိရာသို့ သွားလိုက်ပြီး အရက် ၂ ခွက်ကို အလျင်အမြန် ရောစပ်လိုက်၏။

ကိတ် သူမ လက်ပတ်နာရီကို ကြည့်လိုက်ပြန်၏။

မယ်လိုရီ အရက် ၂ ခွက်နှင်အတူ ပြန်လာပြီး ကိတ်အား တစ်ခွက်ပေးလိုက်၏။ "ရော့ကလေး"။ သူ့ဖန်ခွက်ကို မြှောက်လိုက်သည်။ "အတူတူရှိခြင်း အထိမ်းအမှတ်" "အတူတူရှိခြင်းအထိမ်းအမှတ်" ကိတ်က ပြောလိုက်သည်။ သူမ တစ်ငုံမျှ သောက်လိုက်၏။ "အိုး. . .ဘုရားရေ"

သူသည် သူမအား ကြောင်ကာ ကြည့်လိုက်၏။ "ဘာဖြစ်တာလဲ?"

"ဒါ ဗော့ကာကြီးပဲ"

"မင်းတောင်းတဲ့ဟာပဲလေ"

"ကျွန်မ တောင်းခဲ့လို့လား? တောင်းပန်ပါတယ်။ ကျွန်မက ဗော့ကာ မကြိုက်ဘူး"။ သူမ သူ့မျက်နှာအား ပွတ်သပ်လိုက်ပြီး "ကျွန်မ စကော့ဝီစကီနဲ့ ဆော်ဒါနဲ့ ရနိုင်မလားဟင်?"

"ရတာပေါ့"။ စိတ်မရှည်မှုကို မြိုသိပ်လိုက်ပြီး အရက်စင်ရှိရာသို့ ထွက်သွားကာ နောက်ထပ် အရက်တစ်ခွက် ရောစပ်လိုက်၏။

ကိတ် သူမနာရီကို ကြည့်ပြန်၏။

"ကျေးဇူးပဲ၊ အချစ်"

သူမ ဖန်ခွက်မှ နှစ်ငုံသောက်လိုက်သည်။ သူမထံမှ ဖန်ခွက်ကို မယ်လိုရီယူလိုက်ပြီး စားပွဲတစ်ခုပေါ်တင်လိုက်၏။ သူ့လက်များဖြင့် သူမကို ဖက်လိုက်ပြီး သူ့ထံ ဆွဲသွင်းလိုက်၏။ သူစိတ်ကြွနေပြီဖြစ်ကြောင်း သူမ ခံစားသိရှိလိုက်၏။ "ကဲ" ကန်က ညင်သာစွာပြောသည်။ "သမိုင်းရေးထိုးလိုက်ကြရအောင်"

"အိုး. . .ကောင်းတာပေါ့" ကိတ်က ပြောသည်။ "ကောင်းတယ်"

အိပ်ခန်းရှိရာသို့ သူမအား ခေါ်ဆောင်ခွင့်ပြုလိုက်၏။

ငါတော့ လုပ်နိုင်ပြီ။ မယ်လိုရီ ပျော်ရွှင်မြူးတူးနေ၏။ ငါတော့လုပ်နိုင်ပြီ။  အကွက်ကောင်းကို ထိပြီ။ သူက ကိတ်ကိုကြည့်လိုက်ပြီး "အဝတ်အစားတွေချွတ်လိုက်ပါလား၊ ကလေးရယ်" "ရှင်အရင်ချွတ်၊ အချစ်။ ရှင်အရင် အဝတ်အစားချွတ်နေတာကို ကြည့်ချင်တယ်။ ဒါက ကျွန်မကို စိတ်ကြွစေတယ်"

"အိုး ... ဒါပေါ့"

ကိတ် ရပ်ကြည့်နေစဉ်မှာပင် မယ်လိုရီသည် ဖြေးညင်းစွာဖြင့် သူ့အဝတ်များကို ချွတ်လေတော့သည်။ ပထမဆုံး ဂျက်ကပ်၊ ထို့နောက် ရှပ်အင်္ကျီနှင့်လည်စီး၊ ထို့နောက် ရှူးဖိနပ်များနှင့် ခြေအိတ်များ၊ ထို့နောက် သူ့ဘောင်းဘီရှည်။ သူသည် အားကစားသမားတစ်ယောက်ကဲ့သို့ ကျစ်လစ်သော ခန္ဓာရှိသည်။

"ဒါမင်းကို စိတ်ကြွစေသလားဟင်?"

"ကြွစေတာပေါ့။ ကဲ. . .ခု အတွင်းခံဘောင်းဘီတိုကိုပါ ချွတ်လိုက်တော့"

ဖြည်းညင်းစွာဖြင့်ပင် မယ်လိုရီသည် သူ့အတွင်းခံဘောင်းဘီအား ကြမ်းပြင်ပေါ်သို့ ချွတ်ချလိုက်သည်။ သူသည်

ဖောင်းတင်းမာတောင်နေ၏။

"ကြည့်လို့ကောင်းတယ်" ကိတ်က ပြော၏။

"ကဲ အခု မင်းအလှည့်ပဲ"

"ကောင်းပြီလေ"

ထိုအချိန်တွင်ပင် ကိတ်၏ အချက်ပေးစက်မှ အသံမြည်လာ၏။

မယ်လိုရီ ကြောင်သွား၏။ "ဘာတွေ. . .?"

"သူတို့ ကျွန်မကို ခေါ်နေကြပြီ" ကိတ်က ပြော၏။ "ရှင့်ဖုန်းကို ကျွန်မသုံးလို့ ရမလား?"

"အခုလား?"

"အင်း။ အရေးပေါ်တစ်ခုခု ရှိတယ်ထင်တယ်"

"ဗိုး? ခဏထားလိုက်လို့ မရဘူးလား?"

"အချစ်ရယ်၊ စည်းကမ်းတွေကိုလည်း သိသားနဲ့"

"ဒါပေမဲ့. . ."

မယ်လိုရီကြည့်နေရင်းစဉ်မှာပင် ကိတ်သည် တယ်လီဖုန်းရှိရာသို့ လျှောက်သွားလိုက်ပြီး နံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"ဒေါက်တာဟန်တာပါ" သူမ နားထောင်နေ၏။ "တကယ်လား? ဒါပေါ့။ ကျွန်မ ချက်ချင်း လာခဲ့မယ်"

မယ်လိုရီသည် မင်သက်နေကာ သူမကို စိုက်ကြည့်နေ၏။

"ဘာတွေဖြစ်နေတာလဲ" "ကျွန်မ ဆေးရုံကို ပြန်သွားရတော့မယ်၊ နတ်သားလေးရယ်"

"အခုလား?"

"အင်း။ ကျွန်မ လူနာတစ်ယောက် သေတော့မလို ဖြစ်နေတယ်"

"စောင့်နေလို့ . . ."

"တောင်းပန်ပါတယ်။ ငါတို့ နောက်တစ်ညမှပဲ ဆက်လုပ်ကြတာပေါ့"

ကန်မယ်လိုရီသည် ဝတ်လစ်စလစ်နှင့်ပင် ထိုနေရာတွင် ရပ်နေပြီး ကိတ် တိုက်ခန်းမှ ထွက်သွားသည်ကို ကြည့်နေ၏။ သူမက တံခါးပိတ်သွားသောအခါ သူမအရက်ခွက်ကို ကောက်ကိုင်လိုက်ပြီး နံရံဆီသို့ ပစ်ပေါက်လိုက်လေသည်။ ခွေးမ. . .ခွေးမ. . .ခွေးမ. . .

ကိတ် မိမိတိုက်ခန်းရှိရာသို့ ပြန်ရောက်လာသောအခါ ပေ့ချ်နှင့် ဟန်နီတို့သည် တက်ကြွစွာပင် သူမကို စောင့်နေကြသည်။

"ဘယ်လိုလဲ?" ပေ့ချ်က မေး၏။ "ငါ အချိန်ကိုက်ပဲလား?" ကိတ်က မေး၏။ "နင့်အချိန်က ကွက်တိပဲ"

သူမသည် မယ်လိုရီနှင့် ညနေခင်းအကြောင်း ပြန်ပြောပြလိုက်သည်။ မယ်လိုရီတစ်ယောက် အိပ်ခန်းထဲတွင် ကိုယ်တုံးလုံးချွတ်ဖြင့် လိင်အင်္ဂါတောင့်တင်းနေသည့်အခန်း ရောက်သောအခါ သူတို့သည် မျက်ရည်များ ကျသည်အထိ ရယ်မောကြသည်။

ကိတ်သည် သူမ ကန်မယ်လိုရီနှင့် ဘယ်လောက်တောင် ပျော်ခဲ့ကြောင်း ပြောပြချင်နေ၏။ သို့သော် ရှုးမိုက်သည်ဟု ထင်မိ၏။ အမှန်ဆိုလျှင်လည်း သူသည် လောင်းကြေးကြောင့်သာ သူမကို လာတွေ့နေခြင်းဖြစ်သည်။

သို့သော် ပေ့ချ်သည် ကိတ်ခံစားနေရသည်ကို တစ်နည်းနည်းဖြင့် ရိပ်မိသွားသည်။ "ကိတ်၊ သူ့ကို သတိထားဦးနော်"

ကိတ် ပြုံးလိုက်၏။ "မစိုးရိမ်ပါနဲ့။ ငါသာ လောင်းကြေးအကြောင်း ကြိုမသိခဲ့ဘူးဆိုရင် အခြေအနေတစ်မျိုးပြောင်းသွားနိုင်တယ်လို့ ငါဝန်ခံပါတယ်။ သူက မြွေတစ်ကောင်ပဲဟ။ ဒါပေမဲ့ မြွေဆီကောင်းကောင်းတော့ ပေးပါတယ်ဟာ"

"သူ့ကို ဘယ်တော့ ထပ်တွေ့ဦးမှာလဲ?" ဟန်နီက မေး၏။ "တစ်ပတ်လောက် စိတ်ငြိမ်သွားဖို့ အချိန်ပေးလိုက်ဦးမယ်"။ ပေ့ချ်က သူမကို ကြည့်ပြီး မေး၏။ "သူ့အတွက်လား နင့်အတွက်လား?"

ဒိုင်နက်တို၏ အနက်ရောင်ဇိမ်ခံကားကြီးသည် ဆေးရုံအပြင်ဘက်တွင် ကိတ်အား စောင့်နေ၏။ ယခုတစ်ကြိမ်တွင် ရှဲဒိုးတစ်ယောက်သာရှိ၏။ ရှိင်နိပါရှိပါစေဟု ကိတ်ဆုတောင်းမိသည်။ ရှဲဒိုးနှင့်ပတ်သက်ပြီး တစ်စုံတစ်ခုက သူမကို ကြောက်လန့်စေ၏။ သူသည် လုံးဝမပြုံးသလို စကားလည်း ပြောခဲ၏။ သို့သော် အန္တရာယ်အငွေ့အသက်ကိုတော့ ထုတ်လွှင့်နေသည်။

"အထဲဝင်" ကိတ် ကားနားရောက်လာသောအခါ သူက ပြော၏။ "ဒီမှာ" ကိတ်က စိတ်ဆိုးမာန်ဆိုးပြောလိုက်၏။ "မစ္စတာဒိုင်နက်တိုကို ပြောပြလိုက်။ သူ ကျွန်မကို အမိန့်လာပေးလို့ မရဘူးလို့။ ကျွန်မ သူ့အတွက် အလုပ်လုပ်နေတာမဟုတ်ဘူး။ ကျွန်မတစ်ကြိမ်တစ်ခါလောက် သူ့အတွက်. . ."

"တက်ပါ။ သူ့ကို ကိုယ်တိုင် ပြောနိုင်ပါတယ်"

ကိတ် တုံ့ဆိုင်းနေသည်။ အဝေးသို့ လမ်းလျှောက်ထွက်သွားပြီး သူတို့နှင့် ဆက်မပတ်သက်အောင် ပြုရသည်ကို လွယ်၏။ သို့သော် ထိုကဲ့သို့ လုပ်လိုက်လျှင် မိုက်ကို မည်သို့ အကျိုးသက်ရောက်မည်နည်း? ကိတ် ကားထဲသို့ ဝင်လိုက်၏။

ယခုအကြိမ် လူနာမှာ သံချိန်းကြိုးဖြင့် ပြင်းပြင်းထန်ထန်ပင် ရိုက်ခံထားရသည်။ လုဒိုင်နက်တိုသည် လူနာနှင့်အတူ ရှိနေ၏။

ကိတ် လူနာအား တစ်ချက်မျှ ကြည့်လိုက်ပြီး "သူ့ကို ဆေးရုံးတစ်ရုံရုံကို ချက်ချင်း ပို့လိုက်သင့်တယ်"

"ကိတ်" ဒိုင်နက်တိုက ပြော၏။ "မင်း သူ့ကို ဒီမှာပဲ ကုလိုက်ပါ"

"ဘာလို့လဲ?" ကိတ် စောဒက တက်၏။ သို့သော် သူမ အဖြေကို သိပြီးဖြစ်၏။ ထိုအဖြေက သူမကို ထိတ်လန့်စေသည်။

## (အခန်း ၁၈)

ဆန်ဖရန်စစ္စကို၏ ကြည်လင်သာယာသောနေ့တစ်နေ့တွင် မှော်ဓာတ်တို့က လေထဲတွင် ပျံ့နေ၏။ ညလေက မိုးတိမ်များကို အဝေးသို့ ဇွတ်ထုတ်လိုက်ပြီး နေရောင်တောက်ပသော အိုက်စပ်စပ် တနင်္ဂနွေနံနက်ကို ဖြစ်ပေါ်စေသည်။

ဂျေဆင်သည် ပေ့ချ်အား တိုက်ခန်းတွင် သွားခေါ်ရန် အစီအစဉ်ဆွဲထားသည်။ သူရောက်သောအခါ ပေ့ချ်သည် သူ့ကို တွေ့လိုက်ရသည့်အတွက် သူမ ဘယ်လောက်ကျေနပ်ကြောင်းသိရှိသွားပြီး မိမိကိုယ်ကို ပြန်အံ့ဩမိသည်။

"ကောင်းသော မနက်ခင်းပါ" ဂျေဆင်က ပြောသည်။ "မင်း

သိပ်လှတယ်ကွာ” “ကျေးဇူး”

“ဒီနေ့ ဘယ်သွား ဘာလုပ်ချင်လဲ?”

ပေ့ချ်က ပြောသည်။ “ဒါရှင့် မြို့ပဲ။ ရှင်ဦးဆောင်ပေါ့။ ကျွန်မ လိုက်ခဲ့မယ်”

“ကောင်းပြီလေ”

“ရှင် စိတ်မထင့်ဘူးဆိုရင်” ပေ့ချ်က ပြော၏။ “ကျွန်မ ဆေးရုံကို တအောင့်ဝင်ချင်တယ်”

“ဒီနေ့က မင်းဂျူတီမရှိဘူးလို့ ကိုယ်သိထားတာ”

“ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်မ စိုးရိမ်နေတဲ့ လူနာတစ်ယောက်ရှိလို့”

“ကောင်းပါပြီ”။ ဂျေဆင်သည် သူမအား ဆေးရုံသို့ ကားမောင်းပို့လိုက်သည်။ “ကျွန်မ မကြာပါဘူး”။ ကားထဲမှ ထွက်နေရင်းက ပေ့ချ် ကတိပေးလိုက်သည်။

“ကိုယ်မင်းကို ဒီနေရာမှာပဲ စောင့်နေမယ်နော်”

ပေ့ချ် သုံးလွှာသို့ တက်သွားပြီး ဂျင်မီဖော့အခန်းရှိရာသို့ သွား၏။ သူသည် မေ့မြောနေဆဲပင်ဖြစ်ပြီး ပိုက်ပေါင်းများစွာက သူ့အား သွေးကြောအတွင်းမှ နေ၍ အစာသွင်းခြင်းဖြင့် အသက်ဆက်ပေးနေသည်။ သူနာပြုတစ်ယောက် အခန်းထဲတွင် ရှိနေသည်။ ပေ့ချ်ဝင်လာသောအခါ သူမက မော့ကြည့်လိုက်သည်။ “ကောင်းသော မနက်ခင်းပါ၊ ဒေါက်တာတေစ်လာ”

“ကောင်းသောမနက်ခင်းပါ” ပေ့ချ်သည် လူနာ ကုတင်ဘေးရှိရာသို့ သွား၏။ “တစ်ခုခု ထူးလာသေးလား?”

“မထူးပါဘူးရှင့်”

ပေ့ချ်သည် ဂျင်မီ၏ သွေးခုန်နှုန်းကို စမ်းသပ်လိုက်ပြီး နလုံးခုန်သံကို နားထောင်လိုက်၏။ “ရက်သတ္တပတ် တော်တော်တောင် ကြာသွားပြီ” သူနာပြုက ပြော၏။ “အခြေအနေမကောင်းဘူး မဟုတ်လား?”

“သူ ပြန်ကောင်းလာမှာပါ” ပေ့ချ်က ပြတ်သွားစွာ ပြော၏။

သတိမေ့မြောနေသောလူနာဘက်သို့လှည့်လိုက်ပြီး သူမ အသံကို မြှင့်ပြောလိုက်၏။ “ငါပြောတာကြားရဲ့လား။ မင်း ပြန်ကောင်းလာလိမ့်မယ်”။ ဘာတုံ့ပြန်မှုမှ မရှိ။ သူမ မျက်လုံးများကို ခဏမျှ မှိတ်လိုက်ပြီး အသံတိတ် ဆုတောင်းလိုက်၏။ “တစ်ခုခု အပြောင်းအလဲရှိရင် ကျွန်မအချက်ပေးစက်ကို အကြောင်းကြားခိုင်းပါ”

“ဟုတ်ကဲ့၊ ဒေါက်တာ”

သူ မသေစေရဘူး။ ပေ့ချ် တွေး၏။ ငါသူ့ကို သေခွင့် မပြုဘူး။

ပေ့ချ် ပြန်လာသောအခါ ဂျေဆင် ကားထဲမှ ထွက်လိုက်၏။ “အဆင်ပြေရဲ့လား”

သူမ ပြဿနာများဖြင့် သူ့အား ဝန်မပိစေချင်။ “အားလုံး အဆင်ပြေပါတယ်” ပေ့ချ်က ပြော၏။

“တကယ့်ခရီးသည်တွေလို လျှောက်သွားရအောင်” ဂျေဆင်က ပြော၏။ “ခရီးစဉ်အားလုံး ငါးဖမ်းသမားဆိပ်ခံတံတားကနေ စရမယ်လို့ ပြည်နယ်ဥပဒေရှိတယ်”။ ပေ့ချ် ပြုံးလိုက်၏။ “ကျွန်မတို့ ဥပဒေကို မချိုးဖောက်သင့်ဘူးထင်တယ်”

ငါးဖမ်းသမားဆိပ်ခံတံတားမှာ ကွင်းပြင်ပျော်ပွဲရှင်ပွဲ အသွင်ရှိသည်။ လမ်းဘေးဖျော်ဖြေရေးသမားများက အားနှင့်အင်နှင့်ရှိသည်။

သရုပ်ဖော်တင်ဆက်သူများ၊ လူရွှင်တော်များ၊ အကပညာရှင်များနှင့် ဂီတပညာရှင်များ စသည်ဖြင့် ရှိကြ၏။ ဈေးသည်များကလည်း အငွေ့တစ်ထောင်ထောင်းထနေသည့် အိုးများဖြင့် ကဏန်းများ၊ ခုံးကောင်ဟင်းချိုများကို ပေါင်မုန့်လတ်လတ်ဆတ်ဆတ်နှင့်အတူ တွဲရောင်းကြသည်။

"ဒီလိုနေရာမျိုး ကမ္ဘာပေါ်မှာ မရှိဘူး" ဂျေဆင်က နွေးထွေးစွာ ပြောသည်။

သူ့စိတ်ထက်သန်မှုက ပေ့ချ်အား စိတ်လှုပ်ရှားစေသည်။ သူမသည် ငါးဖမ်းသမားဆိပ်ခံတံတားနှင့် ဆန်ဖရန်စစ္စကိုရှိ အခြား အပန်းဖြေနေရာများကို အရင်ကလည်း ရောက်ဖူးခဲ့သည်။ သို့သော် သူ့ပျော်ရွှင်မှုကို ပေ့ချ် မပျက်စီးလိုပေ။ "မင်း ကောင်းကင်ကားစီးဖူးလား?" ဂျေဆင်က မေး၏။

"ဟင့်အင်း"။ ပြီးခဲ့သည့်အပတ်မှစ၍ ဖြစ်သည်။

"မင်း မရှင်သန်ရသေးဘူးပဲ။ လိုက်လာခဲ့"

သူတို့ ပေါ်ဝဲလမ်းပေါ်သို့ လမ်းလျှောက်သွားကြပြီး ကောင်းကင်ကားတစ်စီးပေါ်တက်လိုက်၏။ သူတို့ အမြင့်တစ်ခုသို့ စတင်တက်အခါ ဂျေဆင်က "ဒါကို  ဟောလီဒိုင်းရဲ့ မိုက်မဲတဲ့လုပ်ရပ်လို့ ခေါ်ခဲ့တယ်။ သူက ၁၈၇၃ မှာ ဒီကားတွေကို လုပ်ခဲ့တာလေ"

"ဒါတွေက အလုပ်မဖြစ်နိုင်ဘူးလို့ ပြောခဲ့မယ်လို့ ပြောရဲတယ်"

ဂျေဆင်ရယ်လိုက်၏။ "မှန်တယ်။ ကိုယ်အထက်တန်းကျောင်းတက်ခါနီးတုန်းက စနေ၊တနင်္ဂနွေဆို ခရီးသွားလမ်းညွှန်လုပ်ခဲ့ဖူးတယ်" "ရှင်က တော်တဲ့လမ်းညွှန်တစ်ယောက်ဖြစ်မှာ သေချာတယ်"

"အကောင်းဆုံးပဲပေ့ါ။ ကျွန်တော့်ရဲ့ လမ်းညွှန်လေသံကို ကြားချင်လား?" "အင်း။ ကြားချင်တယ်"

ဂျေဆင်သည် ခရီးသွားလမ်းညွှန်တစ်ဦး၏ နှာသံကို ပြုလုပ်လိုက်သည်။ "လူကြီးမင်းအပေါင်းတို့ခင်ဗျာ။ အချက်အလက်တွေအနေနဲ့ဆိုရင် ဆန်ဖရန်စစ္စကိုမြို့က အအိုဟောင်းဆုံးလမ်းဟာ ဂရန့်ရိပ်သာလမ်းပါခင်ဗျာ။ အရှည်ဆုံးကတော့ မစ်ရှင်လမ်းဖြစ်ပြီး မိုင်ဝက်လောက်ရှည်ပါတယ်။ အကျယ်ဆုံးကတော့ ဗန်နက်ရိပ်သာလမ်းဖြစ်ပြီး ၁၂၅ ပေ ကျယ်ပါတယ်။ အကျဉ်းဆုံးလမ်းကိုတော့ လူကြီးမင်းတို့ အံ့သြသွားလိမ့်မယ်။ ဒီဖောရက်လမ်းဖြစ်ပြီး လေးပေခွဲပဲ ကျယ်ပါတယ်။ ဟုတ်ပါတယ် လူကြီးမင်းတို့။ လေးပေခွဲပါ။ အမတ်စောက်ဆုံးလမ်းကတော့ ဖေးဘက်လမ်းဖြစ်ပြီး ၃၁.၅ ရာခိုင်နှုန်း မတ်ပါတယ်"။ သူက ပေ့ချ်ကို ကြည့်လိုက်ပြီး ပြုံးလိုက်၏။ "ကိုယ်ဒါတွေအားလုံးကို ခုထိ မှတ်မိနေတာ အံ့သြမိတယ်"

သူတို့ ကောင်းကင်ကားပေါ်မှ ဆင်းလာသောအခါ ပေ့ချ်သည် ဂျေဆင်အားကြည့်ပြီး ပြုံးလိုက်၏။ "နောက်ဘာလုပ်ဦးမလဲ?"

"ကိုယ်တို့ ရထားလုံးသွားစီးကြမယ်လေ"

၁၀ မိနစ်ကြာသောအခါ သူတို့သည် မြင်းတစ်ကောင်ဆွဲ ရထားလုံးပေါ်တွင် ထိုင်နေပြီး ငါးဖမ်းသမားဆိပ်ခံတံတားမှတစ်ဆင့် ဂီရာဒယ်လီကွင်းပြင်၊ ထိုမှတစ်ဆင့် မြောက်ပိုင်းကမ်းခြေသို့ သွားကြသည်။ လမ်းခရီးတစ်လျှောက် စိတ်ဝင်စားဖွယ်နေရာများကို

ဂျေဆင်က ညွှန်ပြပြောပြ၏။ ပေ့ချ် အလွန်ပျော်နေမှန်း မိမိကိုယ်ကိုသိသောအခါ အံ့ဩမိသည်။ ကိုယ့်ကိုယ်ကို အစီးမျောမခံနဲ့ဟု သတိပေးမိ၏။

သူတို့သည် မြို့ရှုခင်းကို ကြည့်ရန် ကော့မျှော်စင်သို့ ရောက်လာ၏။ သူတို့ အပေါ်တက်သောအခါ ဂျေဆင်က မေးသည်။ "ဗိုက်ဆာပြီလား?"

လတ်ဆတ်သောလေက ပေ့ချ်အား အလွန်ဆာလောင်နေစေသည်။ "အင်း"

"ကောင်းပြီ။ ကိုယ်မင်းကို ကမ္ဘာပေါ်မှာ အကောင်းဆုံး တရုတ်စားသောက်ဆိုင် တွန်မီတွိုင်ကို ခေါ်သွားမယ်"

ဆေးရုံဝန်ထမ်းများက ထိုဆိုင်အကြောင်း ပြောသည်ကို ပေ့ချ်ကြားဖူး၏။

စားသောက်ဖွယ်ရာများမှာ အလျှံပယ်ဖြစ်သည်။ ပုစွန်တုပ်ကြီးကို ငရုတ်ချဉ်နှင့် စစားကြသည်။ ထို့နောက် ပယ်လယ်စာချဉ်စပ်ဟင်းချိုကို စား၏။ ၎င်းအပြီးတွင် ကြက်အသားလွှာနင်းပဲ၊ နွားကလေးသားနှင့် စီချွမ်းအချဉ်၊ ရသာလေးမျိုးထမင်းကြော်တို့ကို ဆက်စား၏။ အချိုပွဲအတွက် ဖျော်ရည်ကို မှာခဲ့သည်။ စားဖွယ်တို့မှာ အရသာရှိလှ၏။

"ရှင်ဒီကို မကြာခဏလာသလား?" ပေ့ချ်က မေး၏။

"အချိန်ရတိုင်းလာတယ်"

ဂျေဆင်နှင့် ပတ်သက်ပြီး ယောက်ျားဆန်သည့် အရည်အချင်းတစ်ခုက ပေ့ချ်အား အလွန်ဆွဲဆောင်ထားသည်။

"ကျွန်မကို ပြောပါဦး" ပေ့ချ်က ပြော၏။ "ရှင် ဗိသုကာတစ်ယောက် ဖြစ်ချင်ခဲ့သလား?"

"ကိုယ့်မှာ ရွေးချယ်ပိုင်ခွင့်မရှိဘူးလေ" ဂျေဆင်က ပြုံးလိုက်၏။ "ကိုယ့်ကလေးဘဝရဲ့ ပထမဆုံးအရုပ်တွေက ဆောက်လုပ်ရေးပစ္စည်းတွေ။ တစ်ခုခုကို အိပ်မက်မက်ထားပြီး အဲဒီအိပ်မက်ကို ကွန်ကရစ်တွေ၊ အုတ်ခဲတွေ၊ ကျောက်တုံးတွေနဲ့ ဆောက်လုပ်၊ ပြီးတော့ ကောင်းကင်အမြင့်ဆီကို ထိုးထွက်သွား၊ ကိုယ်နေထိုင်တဲ့ မြို့ရဲ့အစိတ်အပိုင်းဖြစ်သွားတာကို တွေ့ရတာ စိတ်လှုပ်ရှားဖို့ကောင်းတယ်။ "

ကိုယ်မင်းအတွက် တပ်ဂျ်မဟာ တစ်ခု ဆောက်ပေးမယ်။ ဘယ်လောက်ကြာကြာကိုယ်ဂရုမစိုက်ဘူး။ အတိတ်က စကားသံကို ပေ့ချ်ပြန်ကြားမိသည်။

"ကိုယ်က ကံကောင်းသူတွေထဲက တစ်ယောက်ပဲ၊ ပေ့ချ်။ ကိုယ်လုပ်ချင်တာလုပ်ပြီး ဘဝကို ဖြတ်သန်းရတယ်။ ဘယ်သူကလဲမသိဘူး ပြောခဲ့တယ်။ လူအများစုဟာ တိတ်ဆိတ်မျှော်လင့်ချက်မဲ့တဲ့ ဘဝတွေမှာ နေထိုင်နေရတယ်တဲ့"

ဝေါ်လူနာတွေနဲ့ အတော်တူတာပဲဟု ပေ့ချ်တွေးမိသည်။

"တခြားအလုပ်လုပ်ချင်တာ၊ တခြားနေရာမှာ သွားနေချင်တာတွေ ကျွန်တော်မှာ မရှိဘူး။ ဒီမြို့က အံ့ဖွယ်မြို့တော်ကြီးပဲလေ"။ သူ့အသံက စိတ်လှုပ်ရှားမှုတို့နှင့် ပြည့်နေ၏။ "လူတိုင်းအတွက် လိုသမျှကို ပေးနိုင်တယ်။ ဒီမြို့ကြီးကို ကျွန်တော် ဘယ်တော့မှ ငြီးငွေ့မှာ မဟုတ်ဘူး"

ပေ့ချ် သူ့အား ခဏမျှ ကြည့်လိုက်၏။ သူ့စိတ်အားထက်သန်နေမှုကို သဘောကျသွား၏။ "ရှင် အိမ်ထောင်ကျဖူးလား?"

ဂျေဆင် ပခုံးတွန့်လိုက်၏။ "တစ်ခါ။ ကိုယ်တို့ နှစ်ယောက်လုံးက အဲဒီတုန်းက အရမ်းငယ်နေသေးတယ်။ အဆင်မပြေခဲ့ပါဘူး"

"တောင်းပန်ပါတယ်"

"မလိုပါဘူး။ သူမက အရမ်းချမ်းသာတဲ့ အသားလုပ်ငန်းသူဌေးနဲ့ လက်ထပ်သွားပြီ။ မင်းကော အိမ်ထောင်ကျဖူးလား?"

အတိတ်၏ အသံတို့က ဝင်ရောက်လာ၏။ ငါလည်း ကြီးလာရင် ဆရာဝန်ပဲ လုပ်မှာ။ ငါတို့ လက်ထပ်ကြမယ်၊ တူတူအလုပ်လုပ်ကြမယ်လေ။

"ဟင့်အင်း"

သူတို့ ဂိုဒင်းဂိတ်နှင့် ပင်လယ်အော်တံတားအောက်တို့မှ လျှောက်သွားကြသည်။ ဂျေဆင်က ခရီးသွားလမ်းညွှန်ဟန်ပန်မျိုး ဖမ်းလိုက်ပြန်သည်။ "လူကြီးမင်းအပေါင်းတို့ခင်ဗျာ။ ဒီမှာကတော့ အယ်ကာထရပ်လို့ခေါ်တဲ့ အကျဉ်းထောင်ပါ။ ကမ္ဘာ့အဆိုးဆုံး အကျဉ်းသားတွေဖြစ်တဲ့ စက်သေနတ်ကယ်လီ၊ အယ်ကာပုံ၊ လင်းနို့လူသားရောဘတ်စတောက်တို့ရဲ့ အိမ်ဖြစ်ခဲ့ဖူးပါတယ်။ 'အယ်ကာထရပ်' ဆိုတာ စပိန်လို ငှက်ကြီးဝန်ပိုလို့ အဓိပ္ပာယ်ရပါတယ်ခင်ဗျာ။ အစကတော့ ငှက်ကြီးဝန်ပိုတွေသာ အသိုက်ပြုနေထိုင်ခဲ့လို့ အစ်စလာ ဒီလော့ အယ်ကာထရေ့စစ် လို့ခေါ်ခဲ့ပါတယ်။ အဲဒီက အကျဉ်းသားတွေကို ဘာလို့ နေ့တိုင်း ရေနွေးနဲ့ ရေချိုးစေတာလဲဆိုတာ သိကြပါသလားခင်ဗျာ?" "ဟင့်အင်း"

"ဒါမှ သူတို့ ထွက်ပြေးဖို့ကြိုးစားတဲ့အခါ ပင်လယ်အော်က ရေအေးဒဏ်ကို မခံနိုင်အောင်ပါ"

"ဒါအမှန်ပဲလား" ပေ့ချ်က မေး၏။

"ကိုယ်မင်းကို ဘယ်တုန်းက လိမ်ဖူးလို့လဲ"

နေ့လယ်စောင်းသောအခါ ဂျေဆင်က ပြော၏။ "မင်း နိုးတောင်ကြားကို ရောက်ဖူးလား?"

ပေ့ချ် သူမ ဦးခေါင်းကို ရမ်းလိုက်ပြီး "ဟင့်အင်း"

"ကိုယ် ခေါ်ပြချင်တယ်။ အဲဒီနေရာက အရင်ကဆို လယ်ကွင်းတွေ စမ်းချောင်းတွေပဲရှိတာ။ အခုတော့ ဗိတိုရိယခေတ်အိမ်ကြီးတွေ၊ ဥယျာဉ်တွေနဲ့ ပြည့်နေတာပဲ။ အိမ်တွေက တော်တော်အိုနေပါပြီ။ ဘာလို့လဲဆိုတော့ ၁၉၀၆ ငလျင်ဒဏ်မခံခဲ့ရတာက အဲဒီတစ်နေရာပဲရှိတာ" "ချစ်စရာကောင်းမယ့်ပုံပဲနော်"

ဂျေဆင် တုံ့ဆိုင်းနေ၏။ "ကိုယ့်အိမ်က အဲဒီမှာ။ မင်း ကိုယ့်အိမ်ကို ကြည့်ချင်လား?"။ ပေ့ချ်တုံ့ပြန်မှုကို သူတွေ့လိုက်၏။ "ပေ့ချ်၊ ကိုယ် မင်းကို ချစ်နေပြီ" "ကျွန်မတို့က ကောင်းကောင်းတောင် မသိကြသေးဘူး။ ဘယ်လိုဖြစ်ပြီး ရှင်က . . .?" "မင်းကိုယ့်ကို စကားပြောကတည်းက ကိုယ်သိနေခဲ့တယ်။ 'ရောင်း'ရင် အဖြူရောင်ဂျူတီကုတ်ဝတ်ရမယ်လို့ တစ်ယောက်မှ ရှင့်ကို မပြောထားဘူးလား?'လို့ ပြောတဲ့အချိန်ကစပြီး မင်းကို ချစ်မိခဲ့တာပါ"

"ဂျေဆင်. . ."

"ကိုယ်က မြင်မြင်ချင်းချစ်မိတယ်ဆိုတဲ့ စကားကို စွဲစွဲမြဲမြဲယုံတယ်။ ကိုယ့်အဖိုးက ကိုယ့်အဖွားကို ပန်းခြံထဲမှာ စက်ဘီးစီးနေရင်းက တွေ့တယ်။ သူက သူမနောက် လိုက်သွားတယ်။ သုံးလအကြာမှ သူတို့ လက်ထပ်လိုက်ကြတယ်လေ။ သူသေသည်အထိ နှစ်ပေါင်း ၅၀ တိုင်တိုင်

အတူနေခဲ့ကြတယ်။ ကိုယ့်အဖေက ကိုယ့်အမေကို လမ်းဖြတ်ကူးတဲ့အချိန်မှာ တွေ့ခဲ့တယ်။ အဲဒီအချိန်မှာပဲ ဒီအမျိုးသမီးဟာ သူ့ဇနီးဖြစ်လာရမယ်လို့ သူသိနေတယ်လေ။ သူတို့ လက်ထပ်ခဲ့တာ ၄၅ နှစ် ရှိပြီ။ တွေ့လား။ မိသားစုထဲမှာကိုက ဒီလိုဖြစ်နေတာ။ ကိုယ်မင်းကို လက်ထပ်ချင်တယ်"

အမှန်တရား၏ အချိန်ကာလပင် ဖြစ်လေသည်။

ပေ့ချ် ဂျေဆင်အားကြည့်ပြီး စဉ်းစားမိသည်။ အဲဖရက်ပြီးတော့ သူက ငါ့ကို ဆွဲဆောင်နိုင်တဲ့ ပထမဆုံးယောက်ျားပဲ။ သူက နှစ်လိုဖွယ်ကောင်းတယ်၊ ဉာဏ်ကောင်းတယ်၊ ဟန်မဆောင်တတ်ဘူး။ မိန်းမတစ်ယောက်လိုချင်တဲ့ အရည်အချင်းတွေ သူ့ဆီမှာ ရှိတယ်။ ငါဘာဖြစ်နေတာလဲ။ ငါ တစ္ဆေကို လိုက်ဖမ်းနေတယ်။ သို့သော် သူမ၏ အတွင်းစိတ်တစ်နေရာတွင်တော့ တစ်နေ့နေ့တွင် အဲဖရက်သည် သူမထံ ပြန်လာမည်ဟု အလွန်အမင်း တွေးထား၏။

သူမသည် ဂျေဆင်အား ကြည့်လိုက်ပြီး ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။ "ဂျေဆင်. . ." ထိုအချိန်မှာပင် ပေ့ချ်၏ အချက်ပေးစက်အသံမြည်လာ၏။ အရေးကြီးကြောင်း၊ တစ်ခုခုမှားနေကြောင်း အသံထွက်နေ၏။

"ပေ့ချ်. . ."

"ကျွန်မ တယ်လီဖုန်းပြန်ဆက်ရမယ်"။ ၂ မိနစ်ကြာသောအခါ သူမသည် ဆေးရုံနှင့် စကားပြောနေ၏။

ပေ့ချ်မျက်နှာ ဖြူဖျော့သွားသည်ကို ဂျေဆင် တွေ့လိုက်၏။

သူမသည် တယ်လီဖုန်းအတွင်းသို့ အော်ပြောနေ၏။ "မလုပ်နဲ့။ လုံးဝမလုပ်နဲ့။ သူတို့ကို ပြောလိုက် ကျွန်မ ချက်ချင်းလာခဲ့မယ်လို့"။ သူမ တယ်လီဖုန်းကို ပစ်ချလိုက်သည်။ "ဘာဖြစ်တာလဲ?" ဂျေဆင်က မေး၏။

သူ့ဘက်လှည့်လိုက်၏။ သူမမျက်လုံးများတွင် မျက်ရည်များဖြင့် ပြည့်နေ၏။ "ဂျင်မီဖော့လေ၊ ကျွန်မလူနာ။ သူတို့က သူ့ကို အသက်ရှူစက်ကနေ ဖြုတ်လိုက်တော့မယ်တဲ့။ သူတို့က သူ့ကို အသေခံခိုင်းတော့မယ်တဲ့"

ဂျင်မီဖော့အခန်းသို့ ပေ့ချ်ရောက်သောအခါ လူနာကုတင်ဘေးတွင် လူသုံးယောက်ရောက်နေကြောင်း တွေ့ရ၏။ ဂျော့အန်ဂလန်၊ ဘန်ဂျမင်ဝေါလေ့စ်နှင့် ရှေ့နေ ဆေဗာစတာဒါမုန် တို့ဖြစ်၏။

"ဘာတွေ ဖြစ်နေကြတာလဲဟင်?" ပေ့ချ်က မေးလိုက်၏။

ဘန်ဂျမင်ဝေါလေ့စ်က ပြန်ဖြေသည်။ "ဒီမနက် ဆေးရုံကျင့်ဝတ်ကော်မတီအစည်းအဝေးမှာ ဂျင်မီဖော့ရဲ့ အခြေအနေဟာ မျှော်လင့်ချက်မဲ့နေပြီလို့ ဆုံးဖြတ်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ စက်တွေကို ဖြုတ်. . ." "မလုပ်ပါနဲ့" ပေ့ချ်က ပြော၏။ "ရှင်တို့ မလုပ်ရဘူး။ ကျွန်မက သူ့ဆရာဝန်ပဲ။ သူ ပြန်ကောင်းလာဖို့ အခွင့်အရေးရှိသေးတယ်လို့ ကျွန်မပြောခဲ့တယ်။ ကျွန်မတို့ သူ့ကို သေခွင့်မပေးနိုင်ဘူး"

ဆေဗာစတာဒါမုန်က ဝင်ပြော၏။ "ဒေါက်တာ ဆုံးဖြတ်ရမယ်ကိစ္စမျိုးမဟုတ်ပါဘူး ဒေါက်တာ"

ပေ့ချ်သူ့အား ရန်မူလိုစိတ်ဖြင့် ကြည့်လိုက်၏။ "ရှင်ကဘယ်သူလဲ?"

"ကျွန်တော်က မိသားစုရှေ့နေပါ"။ သူက စာရွက်တစ်ရွက်ကို ထုတ်လိုက်ပြီး ပေ့ချ်ကို ပေးလိုက်၏။ "ဒါက ဂျင်မီဖော့ ကောင်းစဉ်က ရေးထားတဲ့ သေတမ်းစာပါ"

ၣင်းစာတွင် အကယ်၍သူသည် အသက်အန္တရာယ်စိုးရိမ်ရသော ထိခိုက်အနာတရာမှုများ ဖြစ်ပေါ်ခဲ့လျှင် စက်ပစ္စည်းများဖြင့် မသက်မဆက်စေလိုကြောင်း တိတိကျကျ ရေးသားထားသည်။

"ဒါပေမဲ့ ကျွန်မ သူ့အခြေအနေကို စောင့်ကြည့်နေပါတယ်" ပေ့ချ်က တောင်းပန်၏။ "သူက အခြေအနေတည်ငြိမ်နေတာ ရက်သတ္တပတ်တော်တော်ကြာသွားပြီ။ သူ အချိန်မရွေး ပြန်ကောင်းလာနိုင်တယ်"

"ဒေါက်တာ အာမခံနိုင်လို့လား" ဒါမုန်က မေး၏။

"အာမတော့ မခံနိုင်ဘူးပေ့ါ။ ဒါပေမဲ့. . ."။ "ဒါဆိုရင် အထက်က ညွှန်ကြားတဲ့အတိုင်းပဲ ဆက်လုပ်လိုက်ပါ ဒေါက်တာ"။ ပေ့ချ် ဂျင်မီ၏ ကိုယ်ခန္ဓာအား ငုံ့ကြည့်လိုက်သည်။ "ဟင့်အင်း။ ရှင်တို့ နည်းနည်းလောက်တော့ ထပ်စောင့်ပေးပါ"

ရှေ့နေက ပြေပြေပြစ်ပြစ်ပင် ပြော၏။ "ဒေါက်တာ၊ လူနာတစ်ယောက်ကို ဆေးရုံမှာ ကြာကြာထားရင် ဆေးရုံအတွက် အကျိုးရှိတယ်ဆိုတာကို ကျွန်တော်သိပါတယ်။ ဒါပေမဲ့ မိသားစုကတော့ ဆေးဖိုးဝါးခတွေကို မတတ်နိုင်တော့ဘူး။ ဒါကြောင့် ကျွန်တော်က သူ့ရဲ့ အသက်ရှူစက်တွေကို ဖြုတ်ပစ်လိုက်ဖို့ တောင်းဆိုပါတယ်"

"နောက်ထပ် တစ်ရက်နှစ်ရက်ပဲစောင့်ပါ" ပေ့ချ်က ကြံမိကြံရာပြောလိုက်၏။ "ကျွန်မသေချာသိ. . ."

"ဟင့်အင်း" ဒါမုန်က တင်းတင်းပင် ပြန်ပြော၏။ "ဒီနေ့ပဲရမယ်"

ဂျော့အန်ဂလန်က ပေ့ချ်ဘက်လှည့်လိုက်၏။ "ကျွန်တော် စိတ်မကောင်းပါဘူး။ ကျွန်တော်တို့ဆီမှာ ရွေးချယ်စရာ မရှိတော့ဘူးလို့ ထင်ပါတယ်"

"ကျေးဇူးပါပဲ၊ ဒေါက်တာ" ရှေ့နေက ပြော၏။ "ဒီကိစ္စကို ဒေါက်တာ့ဆီ လွှဲပေးလိုက်မယ်နော်။ ကိစ္စပြီးပြီးချင်း ကျွန်တော် မိသားစုကို အကြောင်းကြားလိုက်ပါ့မယ်။ ဒါမှ သူတို့ အသုဘကိစ္စကို စတင် စီစဉ်လို့ရမှာ"။ သူ ဘန်ဂျမင်ဝေါလေ့ဘက် လှည့်လိုက်၏။ "ပူးပေါင်းဆောင်ရွက်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကောင်းသောနေ့ဖြစ်ပါစေ"

သူ အခန်းတွင်းမှ ထွက်သွားသည်ကို ကြည့်နေကြ၏။

"ကျွန်မတို့ ဂျင်မီကို ဒီလို မလုပ်သင့်ဘူး" ပေ့ချ်က ပြော၏။

ဒေါက်တာ ဝေါလေ့ လည်ချောင်းရှင်းလိုက်၏။ "ပေ့ချ်. . ."

"ကျွန်မတို့ သူ့ကို ဒီကနေထုတ်ပြီး တခြားအခန်းတစ်ခန်းမှာ ဖွက်ထားလိုက်မယ်လေ။ ကျွန်မတို့ မသိသေးတာ တစ်ခုခု ရှိနေမှာပါ။ အဲဒီတစ်ခုခု. . ."

ဘန်ဂျမင်ဝေါလေ့က ပြော၏။ "ဒါ တောင်းဆိုနေတာမဟုတ်ဘူး။ အမိန့်ပေးနေတာ"။ သူ ဂျော့အန်ဂလန်ဘက်လှည့်လိုက်ပြီး "ဒေါက်တာလုပ်လိုက်. . ."

"ဟင့်အင်း" ပေ့ချ်က ပြော၏။ "ကျွန်မ. . .ကျွန်မ လုပ်လိုက်မယ်"

"ကောင်းပြီလေ"

"ရှင်တို့ စိတ်မရှိဘူးဆိုရင် ကျွန်မသူနဲ့ နှစ်ယောက်တည်းပဲ ရှိနေချင်တယ်"

ဂျော့အန်ဂလန်က သူမလက်မောင်းအား ညှစ်လိုက်ပြီး "ပေ့ချ်၊ စိတ်မကောင်းပါဘူး"

"ကျွန်မသိပါတယ်"

သူတို့နှစ်ယောက် အခန်းတွင်းမှ ထွက်သွားသည်ကို ပေ့ချ် ကြည့်နေ၏။

သတိမေ့နေသော လူနာနှင့် ပေ့ချ် ကျန်ခဲ့သည်။ သူမသည် သူ့အား အသက်ဆက်ပေးနေသည့် အသက်ရှူစက်နှင့် အစာသွင်းပေးနေသည့် သွေးကြောပိုက်များကို ကြည့်လိုက်သည်။

အသက်ရှူစက်ကို ပိတ်လိုက်ပြီး လူ့အသက်တစ်ချောင်းကို ထုတ်ယူပစ်ဖို့ ဆိုသည်မှာ လွယ်ကူရိုးရှင်းလှပေသည်။ သို့သော် သူ့ထံတွင် အံ့ဩဖွယ်ကောင်းလောက်သော အိပ်မက်များစွာရှိသည်။ မျှော်လင့်ချက်ကြီးကြီးမားမားတွေရှိသည်။

ကျွန်တော် တစ်နေ့ ဆရာဝန်လုပ်မှာ။ ဒေါက်တာ့လိုမျိုးဖြစ်ချင်တယ်။

ကျွန်တော် လက်ထပ်တော့မှာ သိလား. . .သူမနာမည်က ဘက်ဆီတဲ့. . .ကျွန်တော်တို့ ကလေးတစ်ဒါဇင်လောက်ယူမှာ. . .ပထမဆုံးမိန်းကလေးကို ပေ့ချ်လို့ နာမည်ပေးမယ်. . .

သူ အသက်ရှင်စရာ အကြောင်းတွေ အများကြီး ကျန်သေး၏။

ပေ့ချ် သူ့အား ငုံ့ကြည့်လိုက်၏။ မျက်ရည်များက အခန်းမြင်ကွင်းကို ဝေဝါးသွားစေသည်။ "အရေးမပါတာ" သူမက ပြော၏။ "မင်းက လက်လျှော့တတ်တဲ့သူပဲ" သူမ ငိုနေချေပြီ။ "မင်းအိပ်မက်တွေ ဘာဖြစ်သွားပြီလဲ။ မင်းဆရာဝန်တစ်ယောက်ဖြစ်ချင်တယ်လို့ ငါထင်ထားခဲ့တာ။ ဖြေပါဦး။ ငါပြောတာ ကြားရဲ့လား? မင်းမျက်လုံးတွေ ဖွင့်ပါဦး" သူမသည် ဖြူဖျော့နေသည့် ခန္ဓာအား ကြည့်လိုက်၏။ တုံ့ပြန်မှုတစ်ခုမျှ မရှိ။ "တောင်းပန်ပါတယ်" ပေ့ချ်က ပြော၏။ "ကျွန်မ တကယ့်ကို တောင်းပန်ပါတယ်"။ သူမသည် သူ့ပါးပြင်အား နမ်းရန် ကိုင်းလိုက်၏။ သူမ ပြန်မတ်လာသောအခါ ပွင့်နေသော လူနာ၏ မျက်လုံးများကို တွေ့လိုက်၏။

"ဂျင်မီ၊ ဂျင်မီ"

သူ မျက်တောင်ခတ်လိုက်ပြီး မျက်လုံးများ ပြန်မှိတ်သွားသည်။ ပေ့ချ် သူ့လက်အား ဖျစ်ညှစ်လိုက်သည်။ သူမ ရှေ့သို့ ကိုင်းလိုက်ပြီး ငိုရှိုက်နေရင်းပင် ပြောလိုက်၏။ "ဂျင်မီ၊ မင်း သွေးကြောထဲအစာသွင်းခံရတဲ့ လူနာတစ်ယောက်အကြောင်း ကြားဖူးလား။ အဲဒီလူနာက ဆရာဝန်ကို အပိုတစ်ပုလင်းပေးဖို့ ပြောတယ်။ သူက ဧည့်သည်တစ်ယောက်ကို နေ့လယ်စာ ကျွေးချင်လို့တဲ့လေ"

(အခန်း ၁၉)

ဟန်နီသည် သူမဘဝတွင် အပျော်ရွှင်ဆုံးအချိန်များကို ပိုင်ဆိုင်နေ၏။ ဆရာဝန်အနည်းစုသာ ရနိုင်သည့် လူနာများနှင့် နွေးထွေးသည့် ဆက်ဆံရေးကို သူမရရှိနေသည်။ သူမသည် အမှန်တကယ်ပင် လူနာများကို ဂရုပြုအလေးထား၏။ သူမသည် သက်ကြီးလူနာဆောင်၊ ကလေးဆောင်နှင့် အခြား လူနာဆောင်များတွင် အလုပ်လုပ်ခဲ့သည်။ သူမ အန္တရာယ်မဖြစ်အောင် လုပ်ငန်းတာဝန်များအား ဒေါက်တာဝေါလေ့က စီစဉ်ပေးသည်။ သူမ ဆေးရုံတွင် တည်မြဲနေအောင်၊ သူ့အတွက် ရှိနေအောင် သေချာစီစဉ်ပေးထားသည်။

ဟန်နီသည် သူနာပြုများကို အားကျမိသည်။ သူတို့သည် လူနာများအား ဆေးပညာနှင့်ဆိုင်သည့် အဓိကဆုံးဖြတ်ချက်များ ချမှတ်ရန်မလိုအပ်ဘဲ ပြုစုစောင့်ရှောက်နိုင်ကြသည်။ ငါဘယ်တုန်းကမှ ဆရာဝန်မဖြစ်ချင်ခဲ့ဘူးဟု ဟန်နီတွေးမိသည်။ ငါအမြဲတမ်း သူနာပြုတစ်ယောက်သာ ဖြစ်ချင်ခဲ့တာ။ တက်မိသားစုမှာ သူနာပြုတစ်ယောက်မှ မရှိဘူး။

နေ့လယ်ခင်း ဟန်နီ ဆေးရုံမှ ထွက်လာသောသောအခါ သူမသည် ဘေကုမ္ပဏီနှင့် စထရိလိုက်ရီကော့တို့သို့ ဈေးဝယ်ထွက်ပြီး ကလေးလူနာဆောင်မှ လူနာများအတွက် လက်ဆောင်များ သွားဝယ်ပေးတတ်သည်။

"ငါကလေးတွေကို ချစ်တယ်" သူမက ကိတ်ကို ပြော၏။

"နင် မိသားစုကြီးကြီးဖြစ်အောင်လုပ်ဖို့ အစီအစဉ်ဆွဲထားလား?"

"တစ်နေ့နေ့ပေ့ါ" ဟန်နီက မျှော်လင့်တကြီး ပြောသည်။ "ဒါပေမဲ့ ကလေးတွေရဲ့ အဖေဖြစ်မယ့်လူကို အရင်ရှာရဦးမယ်"

သက်ကြီးလူနာဆောင်မှ ဟန်နီ အနှစ်သက်ဆုံးလူနာတစ်ယောက်မှာ ဒန်နီရယ်မက်ဂွာယားဖြစ်သည်။ အသည်းဝေဒနာခံစားနေရသည့် အသက် ၉၀ အရွယ် ပျော်ပျော်နေတတ်သူတစ်ယောက်ဖြစ်သည်။ သူသည် ငယ်ရွယ်စဉ်က လောင်းကစားသမားတစ်ယောက်ဖြစ်ခဲ့၏။ သူသည် ဟန်နီနှင့် လောင်းရသည်ကို နှစ်သက်သည်။

"အထွေထွေလုပ်သားက ကျွန်တော့်မနက်စာလာပို့တာ နောက်ကျမယ်လို့ ပြား၅၀ကြေး လောင်းမယ်"

"ဒီနေ့လယ် မိုးရွာလိမ့်မယ်လို့ တစ်ဒေါ်လာကြေးလောင်းမယ်"

"ဂျိုင်းယင့်အဖွဲ့ နိုင်လိမ့်မယ်လို့ ကျွန်တော် လောင်းမယ်"

ဟန်နီသည် သူ့လောင်းကြေးမှန်သမျှကို လက်ခံခဲ့သည်။

"ကျွန်တော် ဒီရောဂါကို အနိုင်ရရမယ်လို့ ဆယ်ဆတစ်ဆ လောင်းမယ်" သူက ပြော၏။ "ဒီတစ်ခါတော့ ကျွန်မ မလောင်းတော့ဘူး" ဟန်နီက ပြော၏။ "ကျွန်မ ဦးဘက်မှာ ရှိနေမယ်"

သူက သူမလက်ကို ကိုင်လိုက်၏။ "ဒေါက်တာရှိနေမယ်လို့ ကျွန်တော်သိပါတယ်"။ သူက ပြုံးလိုက်၏။ "တကယ်လို့ ကျွန်တော်သာ အသက်နည်းနည်း ငယ်ခဲ့လို့ရှိရင်. . ."

ဟန်နီ ပြုံးလိုက်သည်။ "ကိစ္စမရှိပါဘူး။ ကျွန်မက အသက်ကြီးတဲ့ လူတွေကို ကြိုက်ပါတယ်"

တစ်မနက်တွင် သူ့ထံသို့ လိပ်မူထားသော စာတစ်စောင် ဆေးရုံသို့ ရောက်လာသည်။ ဟန်နီက သူ့အခန်းတွင်းသို့ ယူသွားပေး၏။

"ကျွန်တော်ကို ဖတ်ပြပေးပါလား"။ သူ့အမြင်အာရုံမှာ ဝေဝါးနေချေပြီ။ "ဖတ်ပေးမှာပေ့ါ" ဟန်နီက ပြော၏။ သူမ စာအိတ်ကို ဖွင့်လိုက်သည်။ တစ်ခဏမျှ ကြည့်လိုက်ပြီး ထအော်တော့သည်။ "ဦး ထီပေါက်တယ်။ ဒေါ်လာ ငါးသောင်းတောင်။ ဂုဏ်ပြုပါတယ်"

သူကလည်း ထအော်၏။ "ဒီလိုဆို ဘယ်လိုလဲ။ ကျွန်တော် တစ်နေ့နေ့ ထီပေါက်လိမ့်မယ်လို့ သိထားတယ်။ ကျွန်တော့်ကို တစ်ချက်လောက် ဖက်ပါဦး"

ဟန်နီရှေ့ကိုင်းလိုက်ပြီး သူ့အား ဖက်လိုက်၏။

"ဒေါက်တာသိလား၊ ကျွန်တော်ဟာ ကမ္ဘာပေါ်မှာ

ကံအကောင်းဆုံးလူပဲ”

ထိုနေ့နေ့လယ် ဟန်နီသူ့အား ကြည့်ရန်သွားသောအခါ သူသည် သေဆုံးခဲ့လေပြီ။

ဒေါက်တာ စတီဗင်ဝင်လာသောအခါ ဟန်နီသည် ဆရာဝန်များ ညှိခန်းတွင်ရှိနေ၏။ “ဒီမှာ ဇာဂို (ဆယ့်နှစ်ရာသီခွင်တွင် ဆဋ္ဌမဖြစ်သော အပျိုစင်ပုံ ကန်ရာသီရုပ်) ရှိလား”။ ဆရာဝန်တစ်ယောက်က ထရယ်၏။ “ခင်ဗျားက အပျိုစင်ကို ပြောတာဆိုရင် ကျွန်တော်တော့ ရှိမယ် မထင်ဘူးဗျို့”။ “ဇာဂိုရာသီဖွားတစ်ယောက်” စတီဗင်က ထပ်ပြော၏။ “ကျွန်တော် ဇာဂိုတစ်ယောက်လိုနေတယ်” “ကျွန်မ ဇာဂိုရာသီဖွားပါ” ဟန်နီက ပြော၏။ “ဘာပြဿနာဖြစ်နေလို့လဲ?”။ သူက သူမထံလျှောက်လာ၏။ “ပြဿနာကတော့ ကျွန်တော့်လက်ထဲမှာ အရူးတစ်ယောက်ရောက်နေတယ်။ သူမက ဇာဂိုရာသီဖွားကလွဲပြီး ဘယ်သူ့ကိုမှ သူ့နားကပ်မခံဘူးတဲ့”။ ဟန်နီ ထရပ်လိုက်သည်။ “ကျွန်မ သူမကို သွားကြည့်ပေးမယ်”

“ကျေးဇူးပဲ။ သူမနာမည်က ဖရန်စစ်ဂေါ်ဒွန်တဲ့”

ဖရန်စစ်ဂေါ်ဒွန်သည် တင်ပါးရိုးအစားထိုးထားသည်မှာ မကြာသေးချေ။ ဟန်နီအခန်းထဲသို့ ဝင်လာသောအခါ အမျိုးသမီးတစ်ဦးက မော့ကြည့်လိုက်ပြီး ပြောလိုက်၏။ “မင်းက ဇာဂိုရာသီဖွားပဲ။ တစ်ရာသီနဲ့ တစ်ရာသီအကူးအပြောင်းကာလမှာ မွေးတာမဟုတ်လား?”

ဟန်နီ ပြုံးလိုက်၏။ “မှန်ပါတယ်”

“ဟို အကွေရီယံနဲ့ လီယိုတို့က သူတို့ကိုယ်သူတို့ ဘာတွေလုပ်နေလဲဆိုတာတောင်မသိကြဘူး။ သူတို့က လူနာတွေကို အသားတုံးတွေလိုပဲ သဘောထားပြီး ကုသနေကြတာ”

“ဒီနေရာက ဆရာဝန်တွေက အလွန်တော်ပါတယ်ရှင်” ဟန်နီက ခံငြင်းသည်။ “သူတို့. . .” “ဟာဟ. . .အတော်များများက ငွေမျက်နှာပဲ ကြည့်ကြတာပါ”။ သူမက ဟန်နီအား အနီးကပ် စိုက်ကြည့်နေ၏။ “ဒေါက်တာကတော့ မတူဘူး”

ဟန်နီသည် ကုတင်ခြေရင်းမှ လူနာဖိုင်တွဲကို ယူကြည့်လိုက်၏။ အံ့သြရိပ်တို့ သူမမျက်နှာတွင် ထင်သွား၏။

“ဘာဖြစ်တာလဲ။ ဒေါက်တာဘာကို ကြည့်နေတာလဲ?”

ဟန်နီ မျက်တောင်ခတ်လိုက်၏။ “ဒီထဲမှာ ရေးထားတာက အန်တီ့အလုပ်အကိုင်က အကြားအမြင်ဆရာမတဲ့”

ဖရန်စစ်ဂေါ်ဒွန် ခေါင်းညိတ်လိုက်သည်။ “မှန်တယ်။ ဒေါက်တာ အကြားအမြင်ပညာကို ယုံသလား?”

ဟန်နီ ခေါင်းခါလိုက်၏။ “ကျွန်မ မယုံဘူးထင်ပါတယ်”

“ဒါဆို ဝွကျပြီ။ တစ်မိနစ်လောက် ထိုင်ပါဦး”

ဟန်နီ ထိုင်ခုံတစ်လုံးတွင် ထိုင်လိုက်၏။

“ဒေါက်တာ့လက်ကို ကိုင်ထားခွင့်ပြုပါ”

ဟန်နီ ခေါင်းခါလိုက်ပြီး “ကျွန်မ တကယ်ကို မ. . .”

“လာပါ။ ကျွန်မကို လက်ပေးပါ”

မပေးချင်ပေးချင်နှင့်ပင် သူမလက်အား လှမ်းလိုက်၏။

ဖရန်စစ်ဂေါ်ဒွန်သည် ခဏမျှဆုပ်ကိုင်ထားပြီး သူမမျက်လုံးများ မှိတ်လိုက်၏။ ပြန်ဖွင့်သောအခါ သူမက ပြော၏။ “ဒေါက်တာ့ ဘဝက

ခက်ခဲခဲ့တယ်၊ ဟုတ်လား?"

လူတိုင်းမှာ ခက်ခဲတဲ့ ဘဝရှိတာပဲဟု ဟန်နီတွေးလိုက်၏။ နောက်ပြီးကျရင် ရေကိုဖြတ်ပြီး ခရီးသွားကိန်းရှိတယ်လို့ ဟောတော့မယ်ထင်တယ်။

"ဒေါက်တာ ယောက်ျားအများကြီးကို အသုံးချခဲ့တယ်၊ ဟုတ်လား?"

ဟန်နီ တောင့်တင်းသွား၏။ "လတ်တလော ဒေါက်တာ့ဆီမှာ အပြောင်းအလဲတစ်ခုခု ဖြစ်လာလိမ့်မယ်"

ဟန်နီ အခန်းထဲမှ ထွက်ပြေးချင်နေသည်။ ထိုအမျိုးသမီးသည် သူမအား စိတ်ခြောက်ခြားအောင် လုပ်နေသည်။ သူမ ထွက်သွားရန် ဟန်ပြင်လိုက်၏။

"ဒေါက်တာ ချစ်ကြိုးသွယ်တော့မယ်"

ဟန်နီက ပြော၏။ "ကောင်းပန်ပါတယ်။ ကျွန်မ တကယ့်ကို သွားစရာ. . ."

"သူက အနုပညာသမားတစ်ယောက်"

"ကျွန်မ အနုပညာသမားတွေကို မသိဘူး"

"သိလာမှာပါ" ဖရန်စစ်ဂေါ်ဒွန် သူမလက်ကို လွှတ်လိုက်၏။ "ပြန်လာပြီး ကျွန်မကို လာကြည့်ပါ" သူမက အမိန့်ဆန်ဆန်ပြော၏။

"ကောင်းပါပြီ"

ဟန်နီ ထွက်ပြေးလာခဲ့သည်။

ဟန်နီသည် လမ်းတွင် မစ္စစ်အိုဝင်စ်အမည်ရှိ လူနာသစ်တစ်ဦးကို ဝင်ကြည့်ခဲ့သည်။ သူမသည် ပိန်ပိန်နှင့်ဖြစ်ပြီး အသက် လေးဆယ်ကျော် ငါးဆယ်နီးပါးခန့် ရှိနေသည့် ပုံပေါ်သည်။ သူမဖိုင်တွဲထဲတွင်တော့ ၂၈ နှစ် ဟုသာ ရေးထားသည်။ သူမသည် နှာခေါင်းရိုးကျိုးပြီး မျက်လုံးနှစ်ဖက်မှာလည်း ညိုမည်းနေ၏။ သူမမျက်နှာမှာ ဖောင်းနေပြီး သွေးခြေဥနေ၏။

ဟန်နီ ကုတင်သို့ လျှောက်သွားလိုက်၏။ "ကျွန်မက ဒေါက်တာတက်ပါ"

ထိုအမျိုးသမီးက သူမကို မျက်လုံးသေများဖြင့် ကြည့်လိုက်ပြီး ငြိမ်ငြိမ်သက်သက်ပင် ပြန်နေလိုက်၏။

"ရှင်ဘာဖြစ်လာတာလဲ?" "ကျွန်မ လှေကားပေါ်က ပြုတ်ကျတာပါ"။ သူမ ပါးစပ်စဟလိုက်သောအခါ ရှေ့သွားနှစ်ချောင်းကျိုးနေသည့် ဟောင်းလောင်းပေါက်တစ်ခုက ပေါ်လာ၏။

ဟန်နီ ဖိုင်တွဲကို တစ်ချက်ကြည့်လိုက်၏။ "ဒီမှာ ရေးထားတာက ရှင့်ဆီမှာ နံရိုး ၂ ချောင်းလည်း ကျိုးနေပြီး တင်ပဆုံရိုးလည်း ကျိုးနေတယ်တဲ့"

"ဟုတ်ကဲ့။ တော်တော်ဆိုးဆိုးရွားရွား ကျခဲ့တာပါ"

"ဒါဆို မျက်လုံးက အညိုအမည်းကရော ဘယ်လိုရတာလဲ"

"ကျွန်မ ပြုတ်ကျတုန်းကပါ"

"ရှင် အိမ်ထောင်ရှိလား?"

"ဟုတ်ကဲ့"

"ကလေးကော?"

"၂ ယောက်ပါ"

"အမျိုးသားက ဘာအလုပ်လုပ်လဲ?"

"ကျွန်မ ယောက်ျားကို ဆွဲမထည့်ရင်ကောင်းမယ်၊ ရမလား?"

"မရပါဘူး" ဟန်နီကပြော၏။ "ရှင့်ကို ရိုက်ခဲ့တာ သူလား?"

"ဘယ်သူမှ ကျွန်မကို မရိုက်ခဲ့ပါဘူး"

"ကျွန်မ ရဲမှူးခင်းဖွင့်လိုက်တော့မယ်"

မစ္စစ်အိုဝင်စ် ချက်ချင်းပင် ကြောက်လန့်သွားသည်။ "ဟင့်အင်း၊ ကျေးဇူးပြုပြီး မလုပ်ပါနဲ့"

"ဘာလို့လဲ?"

"သူကျွန်မကို သတ်လိမ့်မယ်။ ဒေါက်တာ သူ့ကို မသိပါဘူး"

"အရင်ကရော ရှင့်ကို ရိုက်ဖူးလား?"

"ဟုတ်ကဲ့၊ ဒါပေမဲ့ သူ. . .သူ စိတ်ထဲကတော့ မပါပါဘူး။ သူအရက်မူးပြီး စိတ်ဆိုးသွားလို့ပါ"

"သူ့ကို ဘာလို့ မကွာတာလဲ?"

မစ္စစ်အိုဝင်စ် ပခုံးတွန့်လိုက်၏။ လှုပ်ရှားမှုက သူမကို နာကျင်စေသည်။ "ကလေးတွေနဲ့ ကျွန်မ သွားစရာနေရာမှ မရှိတာ"

ဟန်နီ နားထောင်နေရင်း ဒေါသထွက်လာ၏။ "ဒီလိုမျိုး အရိုက်မခံသင့်ဘူး။ သိရဲ့လား။ ရှင်နဲ့ ရှင့်ကလေးတွေကို အကာအကွယ်ပေးမယ့် အဖွဲ့အစည်းတွေရှိတယ်"

ထိုအမျိုးသမီးက စိတ်ပျက်စွာပင် ခေါင်းခါလိုက်သည်။ "ကျွန်မမှာ ပိုက်ဆံမှမရှိတာ။ အတွင်းရေးမှူးအလုပ်ကလည်း ပြုတ်သွားပြီ။ သူစပြီး. . ." သူမ ဆက်မပြောနိုင်တော့။

ဟန်နီ သူမလက်အား ဖျစ်ညှစ်လိုက်သည်။ "ရှင် ကောင်းသွားမှာပါ။ ရှင် ကောင်းသွားအောင် ကျွန်မ စီစဉ်ပေးပါ့မယ်"

၅ မိနစ်အကြာတွင် ဟန်နီသည် ဒေါက်တာဝေါလေ့စ်ရုံးခန်းသို့ တစ်ဟုန်ထိုး ထွက်သွားသည်။ သူသည် ဟန်နီအား ဝမ်းသာအားရပင် တွေ့၏။ ယခုတစ်ကြိမ်တွင် သူမနှင့် ဘာများပါလာမည်နည်းဟု သူတွေးမိသည်။ အကြိမ်တိုင်းလိုလိုပင် သူမသည် ပျားရည်နွေး၊ ရေပူ၊ ချောကလက်ရည်ပျော်နှင့် မေဘယ်လ်ဖျော်ရည်စသည်ဖြင့် ယူလာခဲ့သည်။ သူ့အကြိုက်ဆုံးမှာ မေဘယ်လ်ဖျော်ရည်ဖြစ်၏။ သူမ၏ တီထွင်စဉ်းစားဉာဏ်မှာ အဆုံးမရှိပေ။

"အခန်းတံခါးပိတ်လိုက်၊ ကလေး" "ကျွန်မ နေလို့ မရဘူး၊ ဘန်။ ကျွန်မ ပြန်သွားရမယ်"

သူမက လူနာအကြောင်း သူ့ကို ပြောလိုက်၏။

"မင်း ရဲမှူးခင်းဖွင့်ရလိမ့်မယ်" ဝေါလေ့စ်က ပြော၏။ "ဒါ ဥပဒေပဲ"

"ဥပဒေက သူမကို အရင်ကလည်း အကာအကွယ် မပေးခဲ့ဖူးဘူး။ သူဖြစ်ချင်တာက သူ့ယောက်ျားဆီက ထွက်သွားဖို့ပဲ။ သူမက အတွင်းရေးမှူးအဖြစ်နဲ့ အလုပ်လုပ်ဖူးတယ်။ ရှင် ရုံးစာရေးတစ်ယောက်လိုနေတယ်လို့ ပြောခဲ့တယ်မဟုတ်လား?"

"အင်း၊ ဟုတ်တယ်။ ဒါပေမဲ့. . .နေစမ်းပါဦး"

"ကျေးဇူးပဲ" ဟန်နီက ပြော၏။ "သူမ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကျွန်မတို့လုပ်ကြမယ်။ နေဖို့နေရာပေးမယ်။ သူမ အလုပ်သစ်လည်း ရှာပေးမယ်"

ဝေါလေ့ သက်ပြင်းချလိုက်၏။ "ကျွန်တော် ဘာလုပ်ပေးနိုင်လဲ

ကြည့်လိုက်ဦးမယ်"

"ရှင် လုပ်နိုင်မယ်မှန်း ကျွန်မ သိပါတယ်" ဟန်နီက ပြော၏။

နောက်တစ်နေ့မနက်တွင် မစ္စစ်အိုဝင်စ်အားတွေ့ရန် ဟန်နီသွား၏။

"ဒီနေ့ နေရတာ ဘယ်လိုနေသေးလဲ?" ဟန်နီက မေး၏။

"ကောင်းလာပါပြီ။ ကျေးဇူးပဲ။ ကျွန်မ ဘယ်တော့ အိမ်ပြန်နိုင်မလဲ? ကျွန်မယောက်ျားက မကြိုက်. . ." "ရှင့်ယောက်ျားက ရှင့်ကို နောက်ထပ် မနောင့်ယှက်တော့ပါဘူး" ဟန်နီက ပြောပြ၏။

"ကျွန်မတို့ ရှင်နဲ့ ရှင့်ကလေးတွေအတွက် နေစရာရှာမတွေ့သေးသ၍ ရှင်ဒီမှာပဲနေ။ ရှင်ပြန်ကောင်းလာရင် ဆေးရုံမှာ ရှင့်ကို အလုပ်ခန့်ပေးမယ်"

မစ္စစ်အိုဝင်စ်သည် သူမကို မယုံနိုင်ဖြစ်ကာ စိုက်ကြည့်နေ၏။ "တကယ်. . .တကယ် ပြောတာလား?"

"ဟုတ်ပါတယ်ရှင်။ ရှင့်ကလေးတွေနဲ့အတူ ကိုယ်ပိုင်တိုက်ခန်းလေးရမှာပါ။ ရှင်နေခဲ့သလို ကြောက်လန့်မှုမျိုးတွေကို ဆက်ခံစားစရာ မလိုတော့ဘူး။ ရှင့်ဆီမှာ ကောင်းမွန်ခန့်ညားတဲ့ အလုပ်တစ်ခု ရှိလာမှာပါ"

မစ္စစ်အိုဝင်စ်သည် ဟန်နီလက်အား လှမ်းကိုင်လိုက်သည်။ "ဒေါက်တာ့ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး" သူမ ရှိုက်ရင်းပြော၏။ "ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ဒေါက်တာမသိနိုင်ပါဘူး" "ကျွန်မ မှန်းကြည့်နိုင်ပါတယ်" ဟန်နီက ပြော၏။ "ရှင် ကောင်းသွားမှာပါ"

အမျိုးသမီး ခေါင်းညိတ်ပြလိုက်၏။ စကားပြောလို့ မရ ဖြစ်နေသည်။

နောက်တစ်နေ့တွင် ဟန်နီသည် မစ္စစ်အိုဝင်စ်အားကြည့်ရန် ပြန်သွားသောအခါ အခန်းမှာ ရှင်းလင်းနေ၏။

"သူမကော?" ဟန်နီက မေး၏။

"အိုး" သူနာပြုက ပြော၏။ "ဒီမနက်ပဲ သူ့ယောက်ျားနဲ့အတူ ပြန်သွားပြီ"

သူမနာမည်ကို လူခေါ်စနစ်တွင် ကြားလိုက်ရ၏။ "ဒေါက်တာတက်. . .အခန်း ၂၁၅. . .ဒေါက်တာတက်. . .အခန်း ၂၁၅"

ကော်ရစ်ဒါတွင် ဟန်နီသည် ကိတ်နှင့် တွေ့သည်။ "နင့်မနေ့က ဘယ်လိုနေလဲ?" ကိတ်က မေး၏။

"နင်ယုံမှာတောင်မဟုတ်ဘူး" ဟန်နီက သူမအား ပြောပြ၏။

ဒေါက်တာရစ်တာသည် သူမအား အခန်း ၂၁၅ တွင် စောင့်နေ၏။ အိပ်ရာထဲတွင်အသက် ၃၀ နီးပါး အိန္ဒိယအမျိုးသားတစ်ယောက်ရှိနေသည်။

ဒေါက်တာရစ်တာက ပြောသည်။ "ဒါ မင်းလူနာလား?"

"ဟုတ်ကဲ့" "ဒီမှာ ရေးထားတာက သူက အင်္ဂလိပ်စကား မပြောတတ်ဘူးတဲ့။ ဟုတ်လား?" "ဟုတ်"

သူက သူမအား ဖိုင်တွဲပြလိုက်၏။ "ဒါမင်းလက်ရေးလား?။ အော့အန်၊ ကြွက်တက်၊ ရေငတ်၊ ရေဓာတ်ဆုံးရှုံး. . ."

"ဟုတ်ပါတယ်" ဟန်နီက ပြော၏။

". . .သွေးခုန်နှုန်းစမ်းမရ. . ." "ဟုတ်ကဲ့"

"ဒေါက်တာက ဘာရောဂါလို့ ထင်တာလဲ?"

"အစာအိမ်ပိုးဝင်တာပါ"

"ဝမ်းကို ဓာတ်ခွဲစစ်ကြည့်သေးလား?"

"ဟင့်အင်း။ ဘာအတွက်လဲ?"

"ဘာအတွက်လဲဆိုတော့ လူနာမှာ ကာလဝမ်းရောဂါရနေတယ်။ အဲဒီအတွက်ပဲ" သူက အော်လိုက်၏။ "ငါတို့ ဒီသောက်ဆေးရုံကို ပိတ်ပစ်ရတော့မယ်"

(အခန်း ၂၀)

"ကာလဝမ်း? ဒီဆေးရုံမှာ ကာလဝမ်းရောဂါနဲ့ လူနာရှိတယ်လို့ ခင်ဗျားက ပြောတာလား?" ဘန်ဂျမင်ဝေါလေ့ အော်လိုက်၏။ "ဟုတ်ပါတယ်ခင်ဗျာ"

"ခင်ဗျာ လုံးဝ လုံးဝ သေချာရဲ့လား?"

"မေးစရာမလိုအောင်ပါပဲ" ဒေါက်တာရစ်တာက ပြော၏။ "သူ့ဝမ်းဓာတ်ခွဲအဖြေမှာ ကာလဝမ်းပိုးတွေတွေ့တယ်။ သွေးတွင်းအက်စစ်ဓာတ်လည်း နည်းနေတယ်။ သွေးပေါင်ကျတယ်၊ နလုံးတုန်တယ်၊ အသားလည်း ပြာနေတယ်"

ဥပဒေအရဆိုလျှင် ကာလဝမ်းရောဂါအားလုံးနှင့် အခြားကူးစက်ရောဂါတို့ကို တွေ့ရှိပါက ချက်ချင်းပင် ပြည်နယ်ကျန်းမာရေးအဖွဲ့မှတစ်ဆင့် အတ္တလန်တာရှိ ကူးစက်ရောဂါထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရမည်။

"ကျွန်တော်တို့ ဒါကို သတင်းပို့ရမယ်၊ ဘန်"

"သူတို့က ဆေးရုံကို ပိတ်ပစ်မှာပေါ့" ဝေါလေ့ ထလိုက်ပြီး လမ်းလျှောက်လိုက်၏။ "ငါတို့ အပိတ်ခံလို့ မဖြစ်ဘူး။ ဒီဆေးရုံက လူနာတိုင်းကို စောင့်ကြည့်ခန်းထဲမှာ သွင်းထားလို့ မဖြစ်ဘူး"။ သူခဏမျှ ရပ်လိုက်၏။

"လူနာက သူဘာရောဂါဖြစ်နေတယ်ဆိုတာ သိလား?"

"ဟင့်အင်း။ သူ အင်္ဂလိပ်စကား မပြောတတ်ဘူး။ သူက အိန္ဒိယက"

"သူနဲ့ ထိတွေ့ခဲ့တာ ဘယ်သူတွေရှိလဲ?"

"သူနာပြု ၂ ယောက်နဲ့ ဒေါက်တာ တက်"

"ဒေါက်တာတက်က အစာအိမ်ပိုးဝင်ရောဂါလို့ ထင်ခဲ့တာလား?"

"မှန်ပါတယ်။ ခင်ဗျား သူ့ကို ဖြုတ်လိုက်သင့်ပြီ" "ဟင့်အင်း" ဝေါလေ့က ပြော၏။ "လူတိုင်း အမှားလုပ်တတ်ကြပါတယ်။ အလျင်မလိုပါနဲ့ဦး။ လူနာရဲ့ ဖိုင်တွဲထဲမှာ အစာအိမ်ပိုးဝင်ရောဂါလို့ ရေးထားသလား?"

"ဟုတ်ကဲ့"

ဝေါလေ့ ဆုံးဖြတ်ချက်ချလိုက်သည်။

"ဒီအတိုင်းဆက်ထားလိုက်ကြရအောင်။ ခင်ဗျားလုပ်ထားရမှာက ရင်ဂါဓာတ်ဆားရည်ကို သုံးပြီး သွေးကြောထဲ အရည်ပြန်ဖြည့်လိုက်။ တက်ထရာဆိုင်ကလင်းလဲ ပေးထား။ သူ့ သွေးနဲ့ အရည်ပမာဏကို ကျွန်တော်တို့ ပြန်ကောင်းကောင်လုပ်နိုင်ရင် နာရီပိုင်းအတွင်း ပုံမှန်ပြန်ဖြစ်သွားနိုင်တယ်"

"ကျွန်တော်တို့ သတင်းမပို့တော့ဘူးလား?" ဒေါက်တာရစ်တာက မေး၏။

ဝေါလေ့က သူ့မျက်လုံးများအား စိုက်ကြည့်လိုက်၏။ "အစာအိမ်ပိုးဝင်ရောဂါကို သတင်းပို့မလို့လား?"

"သူနာပြုတွေနဲ့ ဒေါက်တာတက်အတွက်ကျတော့ကော?"

"သူတို့ကိုလည်း တက်ထရာဆိုင်ကလင်းပေးထားလိုက်။ လူနာ နာမည်က ဘာလဲ?"

"ပန်ဒစ်ဂျာဝါ"

သူ့ကို ၄၈ နာရီထိ စောင့်ကြည့်ခန်းထဲမှာ ထားထားလိုက်။ အဲဒီ အချိန်ဆို သူ ပျောက်ရင်ပျောက် မပျောက်ရင် သေနေမှာပဲ"

ဟန်နီ တုန်လှုပ်နေ၏။ ပေ့ချ်ကို ရှာရန် သူမထွက်သွားသည်။

"ငါ နင့်အကူအညီလိုလို့"

"ဘာပြဿနာဖြစ်လို့လဲ?"

ဟန်နီက သူမအား ပြောလိုက်၏။ "နင်လူနာတစ်ယောက်ကို စကားပြောပေးပါလား။ သူက အင်္ဂလိပ်စကားနားမလည်ဘူး။ နင်ကတော့ အိန္ဒိယလို ပြောတတ်တယ်"

"ဟင်ဒီစကားပါ"

"ဘာပဲဖြစ်ဖြစ်ဟာ၊ နင်သူ့ကို စကားပြောပေးမလား?"

"ကောင်းပြီလေ"

ဆယ်မိနစ်အကြာတွင် ပေ့ချ်သည် ပန်ဒစ်ဂျဝါနှင့် စကားပြောနေ၏။

"အစ်ကီ တဖျတ် ကိုင်ဆီ ဟီ?"

"ကာရပ် ဟီ"

"အစ်ဂျိုက် အချာ ကို ဟမ် ကာဒန်ဂီ"

"ဘွာကန် အာ ကီ ဆူနီ ဂ"

"အက် က လိုက် ဟမ် ဂျက် ရှူရူး ကာဒန်ဂီ"

"ရှူကရီး"

"ဒေ့ါကစ်ပေဟင်န်း?"

ပေ့ချ်သည် ဟန်နီအား ကော်ရစ်ဒါပေါ်သို့ ခေါ်သွားသည်။

"သူ ဘာတွေ ပြောလဲ?"

"သူ ဝေဒနာ ပြင်းပြင်းထန်ထန် ခံစားနေရတယ်တဲ့။ ငါကတော့ သူပြန်ကောင်းလာမှာပါလို့ ပြောလိုက်တယ်။ သူက ဘုရားသခင်ကိုသာ သွားပြောပါတဲ့။ ငါတို့ ချက်ချင်း ဆေးကုသမှုလုပ်မယ်လို့ ပြောလိုက်တယ်။ သူက ကျေးဇူးတင်ပါတယ်တဲ့"

"ငါလည်း ကျေးဇူးတင်ပါတယ်ဟာ"

"သူငယ်ချင်းတွေပဲကို"

ကာလဝမ်းရောဂါသည် ဖြစ်ဖြစ်ပြီးချင်း ၂၄ နာရီအတွင်းတွင် အရည်ဓာတ်ဆုံးရှုံးကာ သေဆုံးနိုင်၏။ သို့မဟုတ် နာရီအနည်းငယ်အတွင်းတွင် ပျောက်အောင် ကုသနိုင်၏။

ကုသမှုစတင်ပြီး ၅ နာရီအကြာတွင် ပန်ဒစ်ဂျဝါသည် ပုံမှန်နီးပါးပြန်ဖြစ်လာ၏။

ပေ့ချ်သည် ဂျင်မီဖော့အား တွေ့ရန်သွား၏။ ပေ့ချ်အား တွေ့သောအခါ သူ့မျက်နှာ ဝင်းသွား၏။ "ဟိုင်း" သူ့အသံကတော့ အားနည်းနေ၏။ သို့သော် သူသည် အံ့သြဖွယ်ကောင်းလောက်အောင်ပင် အခြေအနေတိုးတက်လာခဲ့၏။

"ဘယ်လိုနေသေးလဲ?" ပေ့ချ်က မေး၏။

"ကောင်းပါတယ်။ လူနာကို အမှာစကားပြောတဲ့

ဆရာဝန်အကြောင်းကြားဖူးလား? ခင်ဗျားလုပ်နိုင်တဲ့ အကောင်းဆုံးအရာတွေက ဆေးလိပ်ဖြတ်တာရယ်၊ အရက်ဖြတ်တာရယ်၊ လိင်ကိစ္စကို လျှော့ချပစ်တာရယ်တဲ့။ အဲဒီအခါ လူနာက ပြန်ပြောတယ်။ ကျွန်တော်က အကောင်းဆုံးတွေနဲ့ မထိုက်တန်ဘူးဆိုရင် ဒုတိယအကောင်းဆုံးကဘာလဲတဲ့?"။ ဂျင်မီဖော့ ပြန်ကောင်းလာမည့်မှန်း ပေ့ချ် သိလိုက်၏။

* * *

ကန်မယ်လိုရီသည် ဂျူတီထွက်ခါနီးဖြစ်နေ၏။ သူသည် ကိတ်အားတွေ့ရန် အသွားတွင် သူ့အချက်ပေးစက်မှ အသံမြည်နေသည်ကို ကြားလိုက်ရ၏။ သူတုံ့ဆိုင်းနေ၏။ ပြန်ဆက်သွယ်လိုက်ရင် ကောင်းမည်လား၊ ပစ်ထားလိုက်လျှင်ကောင်းမည်လား။ အသံက ထပ်မည်လာ၏။ မကိုင်ချင်ကိုင်ချင်နှင့်ပင် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။ "ဒေါက်တာမယ်လိုရီပါ"

"ဒေါက်တာ အရေးပေါ်ခန်း ၂ ကို ကျေးဇူးပြုပြီး လာခဲ့ပါ။ ဒီက လူနာက. . ." "ခွင့်လွှတ်ပါ" မယ်လိုရီက ပြော၏။ "ကျွန်တော် ခုပဲ ဂျူတီထွက်တာ။ တခြားတစ်ယောက်ကို ရှာလိုက်ပါ" "ဒီကိစ္စရှင်းနိုင်တဲ့ တခြားဘယ်သူမှ မရှိသေးလို့ပါ။ အစာအိမ်သွေးယိုနေတာ။ လူနာအခြေအနေက စိုးရိမ်ရတယ်။ ကျွန်မတို့ သူ့ကို ဆုံးရှုံးသွားနိုင်တယ်။ တကယ်လို့. . ."

ချီးမှပဲ။ "ကောင်းပြီ။ ကျွန်တော် လာခဲ့မယ်"။ ငါကိတ်ဆီဖုန်းဆက်ပြီး နောက်ကျမယ်လို့ ပြောထားဦးမှပဲ။

အရေးပေါ်ခန်းမှ လူနာမှာ အသက်ခြောက်ဆယ်အရွယ်လူတစ်ယောက်ဖြစ်သည်။ သူသည် သတိရတစ်ချက် မရတစ်ချက်ဖြင့်၊ ဆွတ်ဆွတ်ဖြူနေပြီး၊ ချွေးစေးများပြန်နေကာ၊ အသက်ပြင်းပြင်းရှုနေ၏။ အလွန်အမင်း နာကျင်ခံစားနေရကြောင်း သိသာ၏။ မယ်လိုရီ တစ်ချက်မျှသူ့ကို ကြည့်လိုက်ပြီး ပြောလိုက်၏။ "သူ့ကို ခွဲခန်းတစ်ခန်းထဲ ချက်ချင်းပို့လိုက်"

ဆယ့်ငါးမိနစ်အကြာတွင် လူနာသည် ခွဲစိတ်စင်ပေါ် ရောက်နေ၏။

မေ့ဆေးဆရာဝန်က လူနာ၏ သွေးပေါင်ချိန်ကို ကြည့်နေ၏။ "သွေးပေါင်ချိန်က အမြန်ကြီး ပြုတ်ကျနေတယ်"

"သွေးသွင်းလိုက်"

ကန်မယ်လိုရီ အချိန်လုကာ စတင်ခွဲစိတ်လေသည်။ အရေပြားကို ခွဲဖို့ ခဏမျှသာ ကြာ၏။ ထို့နောက် အဆီလွှာ၊ တစ်သျှူးလွှာ၊ ကြွက်သားလွှာနှင့် နောက်ဆုံး ချောမွေ့ကာ ဖောက်ထွင်းမြင်ရသည့် ဝမ်းတွင်းအမြှေးလွှာတို့ကို ခွဲလိုက်၏။ အစာအိမ်အတွင်းမှ နေ၍ သွေးများ လောင်းချလိုက်သလို ထွက်လာ၏။

"ဘိုဗီပေး" မယ်လိုရီက ပြော၏။ "သွေးဘဏ်ကနေ သွေး ၄ ပုလင်း ယူပေး"။ သူသည် သွေးထွက်နေသော သွေးကြောများကို လျှပ်စစ်ဖြင့်တို့ကာ ပိတ်လိုက်၏။

ခွဲစိတ်ခြင်းသည် ၄ နာရီခန့် ကြာသွား၏။ ပြီးသွားသောအခါ မယ်လိုရီ မောဟိုက်နေ၏။ သူ လူနာအား ငုံ့ကြည့်လိုက်ပြီး ပြော၏။ "သူ အသက်ရှင်မှာပါ"။ သူနာပြုတစ်ယောက်က မယ်လိုရီအား

နွေးထွေးသောအပြုံးတစ်ခု ပေးခဲ့သည်။ "ဒေါက်တာ ဒီမှာ ရှိပေလို့ပေါ့"

သူ သူမကို ကြည့်လိုက်၏။ သူမသည် ငယ်ရွယ်ချောမောပြီး သူ့ဖိတ်ခေါ်ခြင်းကို စောင့်မျှော်နေကြောင်း သိသာလှသည်။ ကိုယ်မင်းဆီ နောက်မှ လာခဲ့မယ်၊ ခလေးရယ်၊ မယ်လိုရီ တွေး၏။ သူက အလုပ်သင်ဆရာဝန် အငယ်တစ်ယောက်ထံ လှည့်လိုက်ပြီး "သူ့ ခွဲရာတွေကို ပြန်ချုပ်ပြီး နာလန်ထအခန်းထဲ ထည့်ထားလိုက်။ ကျွန်တော် မနက်မှ ပြန်ကြည့်မယ်"။ ကိတ်ဆီ တယ်လီဖုန်းဆက်လျှင် ကောင်းမည်လောဟု မယ်လိုရီတွေး၏။ သို့သော် ညသန်းခေါင် ရောက်နေချေပြီ။ သူမထံ နှင်းဆီပန်း ၂ ဒါဇင် ပို့လိုက်၏။

မနက် ၆ နာရီ မယ်လိုရီ အလုပ်စဝင်သောအခါ နာလန်ထခန်းမှလူနာကို ဝင်ကြည့်၏။

"သူနိုးနေပြီ" သူနာပြုက ပြော၏။

မယ်လိုရီသည် ကုတင်ရှိရာသို့ လျှောက်သွားလိုက်၏။ "ကျွန်တော်က ဒေါက်တာမယ်လိုရီပါ။ ဘယ်လိုနေသေးလဲ?"

"ကျွန်တော်ကောင်းပါတယ်" လူနာက အားနည်းစွာ ပြော၏။ "သူတို့က ကျွန်တော့်အသက်ကို ဒေါက်တာ ကယ်လိုက်ကြောင်း ပြောပြပါတယ်။ ကျွန်တော်က ညစာပါတီတစ်ခုကိုသွားဖို့ ကားမောင်းနေတာပါ။ ကျွန်တော် ရုတ်တရက်နာကျင်လာပြီး မေ့မြောသွားတယ်။ ကံကောင်းစွာနဲ့ပဲ ကျွန်တော်တို့ဟာ ဆေးရုံက တစ်ဘလောက်သာ ဝေးတဲ့နေရာမှာ ရှိနေတယ်။ သူတို့က အရေးပေါ်ခန်းဆီ ကျွန်တော့်ကို ခေါ်လာကြတယ်လေ"

"ခင်ဗျား ကံကောင်းတယ်။ ခင်ဗျား သွေးတွေ အများကြီး ဆုံးရှုံးသွားတယ်"

"နောက်ဆယ်မိနစ်လောက်သာ ထပ်ကြာသွားရင် ကျွန်တော် သေမှာပဲလို့ ပြောတယ်။ ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်"

မယ်လိုရီ ပခုံးတွန့်လိုက်၏။ "ကျွန်တော့်အလုပ်ကို ကျွန်တော် လုပ်နေတာပါ"

လူနာက သူ့အား သေချာစွာ ကြည့်နေ၏။ "ကျွန်တော့်နာမည် အဲလက်ဟာရင်ဆင်ပါ"။ ထိုအမည်က မယ်လိုရီအတွက် ဘာမှ အဓိပ္ပာယ်မရှိ။ "တွေ့ရတာဝမ်းသာပါတယ်၊ မစ္စတာဟာရင်ဆင်"

သူသည် ဟာရင်ဆင်၏ သွေးခုန်နှုန်းကို စမ်းနေ၏။ "ခင်ဗျားအခုကော နာနေသေးလား?"

"နည်းနည်းပါ၊ ကျွန်တော့်အထင် ကျွန်တော့်ကို ဆေးတွေ အများကြီး ပေးထားတယ်ထင်တယ်" "မေ့ဆေးတွေက သိပ်မကြာခင် ပြယ်သွားမှာပါ" မယ်လိုရီက နှစ်သိမ့်လိုက်၏။ "နာကျင်မှုတွေလည်း ပျောက်သွားမှာပါ"

"ကျွန်တော် ဆေးရုံမှာ ဘယ်လောက်ကြာကြာနေရမလဲ?"

"ရက်အနည်းငယ်အတွင်းမှာပဲ ခင်ဗျားကို ပေးဆင်းပါ့မယ်"

စီးပွားရေးရုံးမှ စာရေးတစ်ယောက်သည် ဆေးရုံပုံစံစာရွက်များကိုင်ပြီး ဝင်လာ၏။

"မစ္စတာဟာရင်ဆင်၊ မှတ်တမ်းတင်ဖို့အတွက် ဆေးရုံက ဦးဆီမှာ ဆေးဖိုးတာဝန်ယူမှုရှိမရှိ သိချင်ပါတယ်"

"ဆိုလိုတာက ကျွန်တော့် ဆေးဖိုးကို ကျွန်တော်ပေးနိုင်မပေးနိုင်သိချင်တယ်ပေါ့"

"ဟို. . .ဒီလိုမျိုးတော့လည်း မဟုတ်ပါဘူးခင်ဗျာ"

"ခင်ဗျား ဆန်ဖရန်စစ္စကိုသစ္စာဘဏ်နဲ့ ဆက်သွယ်လိုက်" သူက ခြောက်ခြောက်ကပ်ကပ် ပြန်ပြော၏။ "အဲဒါ ကျွန်တော် ပိုင်တဲ့ဘဏ်ပဲ"

ထိုနေ့နေ့လယ်တွင် အဲလက်ဟာရင်ဆင်အား ကြည့်ရန် မယ်လိုရီ ရောက်သွား၏။ လူနာနှင့်အတူ ဆွဲဆောင်မှုရှိသော အမျိုးသမီးတစ်ဦး ရှိနေ၏။ သူမသည် အသက် ၃၀ စွန်းစွန်းရှိ၏။ ဆံပင်ရွှေရောင်၊ ကျစ်ကျစ်လစ်လစ်ခန္ဓာနှင့် သေသပ်လှပစွာ ဝတ်စားထား၏။ သူမဝတ်ထားသည့် အဲဒိုဖိုဝတ်စုံမှာ သူ့တစ်လခစာထက်ပင် တန်ဖိုးများလိမ့်မည်ဟု မယ်လိုရီ တွက်မိသည်။

"အာ. . .ကျွန်တော်တို့ သူရဲကောင်းကြီး လာပါပြီ" အဲလစ်ဟာရင်ဆင်က ပြော၏။ "ဒေါက်တာမယ်လိုရီ မဟုတ်လား"

"ဟုတ်ကဲ့။ ကန် မယ်လိုရီပါ"

"ဒေါက်တာမယ်လိုရီ၊ ဒါက ကျွန်တော့်သမီး လော်ရင်တဲ့"

သူမသည် လက်သည်းအလှဆင်ထားသော သေးသွယ်သည့် လက်ချောင်းလေးများအား ကမ်းပေးလိုက်သည်။ "သူ့အသက်ကို ဒေါက်တာကယ်ခဲ့တယ်လို့ ဖေဖေက ပြောတယ်"

သူက ပြုံးလိုက်၏။ "ဆရာဝန်ဆိုတာ ဒီအတွက်ပဲလေ"

လောရင်က သူ့အား ထောက်ခံစွာ ကြည့်လိုက်၏။ "ဆရာဝန်အားလုံးတော့ မဟုတ်ပါဘူး"

ထိုလူနှစ်ယောက်သည် ဤကဲ့သို့သော ပြည်နယ်ဆေးရုံကလေးနှင့် လားလားမျှ မသက်ဆိုင်ဟု မယ်လိုရီတွေးမိ၏။ သူက အဲလက်ဟာရင်ဆင်အား "ဦးက ကောင်းလာပါပြီ။ ကိုယ်ပိုင်ဆရာဝန်ခေါ်ချင်တယ်ဆိုရင်လည်း ခေါ်လို့ရပါတယ်"

အဲလက်ဟာရင်ဆင်က ခေါင်းခါလိုက်၏။ "မလိုပါဘူး။ သူက ကျွန်တော့်အသက်ကို ကယ်ခဲ့တာမှ မဟုတ်တာ။ ဒေါက်တာ ကယ်ခဲ့တာပဲ။ ဒီမှာ နေရတာ ဒေါက်တာ ကြိုက်လား?"

ထူးဆန်းသော မေးခွန်းဖြစ်သည်။ "စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဟုတ်ကဲ့။ ဘာလို့လဲ?"

ဟာရင်ဆင် ကုတင်တွင် ထထိုင်လိုက်သည်။ "ကျွန်တော် စဉ်းစားနေတာပါ။ ဒေါက်တာလို ရုပ်ချော၊ ပညာတော်တဲ့ ဆရာဝန်တစ်ယောက်မှာ ကောင်းမွန်တဲ့ အနာဂတ်ရှိမှာပဲ။ ဒါပေမဲ့ ဒီလိုနေရာမျိုးမှာတော့ ဒေါက်တာ့အတွက် အနာဂတ်ကောင်းကောင်းရှိမယ်လို့ ကျွန်တော် မထင်ဘူး"

"ဟိုး. . .ကျွန်တော်. . .ကံတရားက ကျွန်တော့်ကို ပို့ဆောင်လိုက်တာနေမှာပါ"

လော်ရင်က ဝင်ပြော၏။ "ကျွန်မအထင်တော့ ကျွန်မအဖေက သူ့ကျေးဇူးတင်ကြောင်း ပြချင်နေတာထင်တယ်"

"လောရင်ပြောတာမှန်တယ်။ ကျွန်တော် ဆေးရုံက ဆင်းပြီးတဲ့အခါကျရင် သေသေချာချာ ဆွေးနွေးကြရအောင်။ ကျွန်တော့်အိမ်မှာ ညစာစားဖို့အတွက် လာစေချင်တယ်"

မယ်လိုရီသည် လောရင်အားကြည့်လိုက်ပြီး "ကျွန်တော် လာချင်ပါတယ်"

၎င်းက သူ့ဘဝအား ပြောင်းလဲစေခဲ့သည်။

ကန်မယ်လိုရီသည် ကိတ်နှင့် အတူနေရသည်မှာ ရုတ်တရက်ပင် ခက်ခဲနေသလို ခံစားရသည်။

"တနင်္လာနေ့ဘယ်လိုလဲကိတ်?"

"ကောင်းတယ်"

"ဟုတ်ပြီ။ ဒါဆို မင်းကို. . ." "ခဏ၊ ခုမှ သတိရတယ်။ နယူးယောက်က အမျိုးဝမ်းကွဲတစ်ယောက် အဲဒီနေ့မှာ ညလာအိပ်မယ်တဲ့"

"ဒါဆို အင်္ဂါနေ့ကော?"

"အင်္ဂါက အွန်ကောနေ့"

"ဗုဒ္ဓဟူးကော?"

"ပေ့ချ်နဲ့ ဟန်နီတို့ကို ဗုဒ္ဓဟူးနေ့မှာ တစ်ခုခုတူတူလုပ်မယ်လို့ ကတိပေးပြီးသားဖြစ်နေတယ်"

မယ်လိုရီ စိတ်ပျက်လာ၏။ သူ့အချိန်တွေလည်း လျင်မြန်စွာ ကုန်ဆုံးနေ၏။ "ကြာသပတေးကော?"

"ကြာသပတေးတော့ ရပါတယ်"

"ကောင်းပြီ။ လာကြိုရမလား?"

"ဟင့်အင်း။ ချာပါနစ်ဆီမှာ တွေ့မယ်လေ"

"ကောင်းပြီ။ ၈ နာရီ?"

"ကွက်တိပဲ"

မယ်လိုရီသည် စားသောက်ဆိုင်တွင် ကိုးနာရီအထိ ထိုင်စောင့်နေခဲ့ပြီးနောက် ကိတ်ကို ဖုန်းဆက်လိုက်၏။ ပြန်ဖြေသံမကြားရ။ သူနောက်ထပ် နာရီဝက် ထပ်ဆက်လိုက်သည်။ သူမ ချိန်းထားတာ လွဲနေလို့လားဟု တွေးမိသည်။ သူမက သူနှင့်ချိန်းထားသည်ကို တမင်တကာတော့ မဖျက်လောက်ဘူးဟု သူတွေးမိသည်။

နောက်တစ်နေ့မနက်တွင် သူသည် ကိတ်ကို ဆေးရုံတွင် တွေ့၏။ သူမက သူ့ဆီပြေးသွား၏။

"အိုး. . .ကန်။ ကျွန်မ အရမ်းကို တောင်းပန်ပါတယ်။ တကယ့်ကို အူကြောင်ကြောင်နိုင်ခဲ့တယ်။ ရှင်နဲ့ ချိန်းတဲ့ဆီ မသွားခင် ခဏလောက်အိပ်လိုက်ဦးမယ်လို့ ကျွန်မ ဆုံးဖြတ်ခဲ့တယ်လေ။ ကျွန်မ အိပ်ပျော်သွားပြီး နိုးလာတဲ့အခါကျတော့ ညသန်းခေါင်ဖြစ်နေပြီ။ သနားစရာ ကျွန်မ အချစ်ကလေးရယ်။ ကျွန်မကို အကြာကြီးစောင့်နေခဲ့လားဟင်?"

"ဟင့်အင်း။ ရပါတယ်"။ ကြောင်တောင်တောင် မိန်းမ။ သူက သူမထံ တိုးသွား၏။

"ကိုယ်တို့ စခဲ့တာကို အဆုံးသတ်ချင်နေပြီ၊ အချစ်။ မင်းအကြောင်းတွေးလိုက်တိုင်း ကိုယ်ရူးသွပ်သွားတယ်"

"ကျွန်မရောပဲ။ မစောင့်နိုင်တော့ဘူး" ကိတ်က ပြော၏။

"နောက်တစ်ပတ်စနေ၊တနင်္ဂနွေမှာ ကိုယ်တို့. . ."

"အိုး. . .အချစ်ရယ်။ ကျွန်မ နောက်အပတ်မအားဘူး"

ထိုကဲ့သို့ ပြီးသွားခဲ့သည်။

နာရီတို့က ဆက်ပြေးနေဆဲပင်။

ကိတ်သည် ပေ့ချ်အား အဖြစ်အပျက်တို့က ပြန်ပြောပြနေစဉ်တွင် သူမ အချက်ပေးစက် အသံမြည်လာ၏။

"ခွင့်ပြုဦး" ကိတ် တယ်လီဖုန်းတစ်ခုကို ကောက်ကိုင်လိုက်သည်။ "ဒေါက်တာဟန်တာပါ"။ သူမ ခဏမျှ နားထောင်လိုက်သည်။ "ကျေးဇူးပဲ။ ကျွန်မ လာခဲ့မယ်"။ သူမ ဖုန်းခွက်ကို ပြန်ချလိုက်၏။

"ငါသွားရတော့မယ်။ အရေးပေါ်တဲ့"

ပေ့ချ် သက်ပြင်းချလိုက်သည်။ "တခြား ဘာများရှိဦးမှာလဲ?"

ကိတ်သည် ကော်ရစ်ဒါတစ်လျှောက် ထွက်သွားပြီ ဓာတ်လှေကားဖြင့် အရေးပေါ်ခန်းရှိရာသို့ ဆင်းသွား၏။ အထဲတွင် ခေါက်ကုတင် ၂ ဒါဇင်ခန့်ရှိပြီး အားလုံးတွင် လူပြည့်နေ၏။ ကိတ်သည် အရေးပေါ်ခန်းအား ဝေဒနာခန်းဟု တွေးမိသည်။ နေ့ရောညပါ မော်တော်ကားတိုက်မှုများ၊ သေနတ်သို့မဟုတ် ဓားဒဏ်ရာရသူများ၊ ခြေလက်ကျိုးသူများဖြင့် ပြည့်နေသည်။

ဘဝအမျိုးမျိုး၏ ပေါင်းဆုံရာဖြစ်သည်။ ကိတ်အတွက်တော့ ငရဲပြည်၏ ထောင့်တစ်နေရာဖြစ်သည်။

အထွေထွေလုပ်သားတစ်ဦးက သူမထံ အလျင်အမြန်ရောက်လာ၏။ "ဒေါက်တာဟန်တာ. . ."

"ဘာတွေ ရောက်လာတာလဲ?" ကိတ်က မေး၏။ သူတို့သည် အခန်းထောင့်ဆုံးရှိ ခေါက်ကုတင်တစ်ခုဆီသို့ သွားကြ၏။

"သူ သတိမေ့နေတယ်။ တစ်ယောက်ယောက်က သူ့ကို ရိုက်နှက်ထားသလိုပဲ။ သူ့မျက်နှာကော၊ ခေါင်းကော စုတ်ပြတ်နေတာပဲ။ နာခေါင်းရိုးကျိုးနေတယ်။ ပခုံးအဆစ်လွဲနေတယ်။ ညာဘက်လက်မောင်းမှာ အနည်းဆုံး ၂ နေရာ ကျိုးနေတယ်။ ပြီးတော့. . ."

"ကျွန်မကို ဘာလို့ ခေါ်တာလဲ?"

"ဆေးအကူအဖွဲ့က လူနာမှာ ခေါင်းထိခိုက်ဒဏ်ရာရှိမယ်လို့ ထင်တယ်တဲ့။ ဦးနှောက်ပါ ထိခိုက်နေနိုင်တယ်တဲ့"

လူနာရှိရာ ကုတင်သို့ သူတို့ ရောက်လာ၏။ သူ့မျက်နှာမှာ သွေးများဖြင့် ပေကျံနေကာ ဖူးရောင်ညိုမည်းနေ၏။ သူသည် မိကျောင်းသားရေရှူးဖိနပ်ကို ဝတ်ဆင်ထားပြီး. . .

ကိတ် နှလုံးခုန်တစ်ချက် လွတ်သွား၏။ သူမ ကိုင်းလိုက်ပြီး အနီးကပ်ကြည့်လိုက်သည်။ လုဗိုင်နက်တို ဖြစ်နေ၏။

သူမ၏ ကျွမ်းကျင်သော လက်ချောင်းများဖြင့် သူ့ဦးရေပြားပေါ်တင်လိုက်ပြီး မျက်လုံးများကို စစ်ဆေးနေ၏။

ဦးနှောက်ဒဏ်ရာ ကျိန်းသေပေါက်ရှိနေ၏။

သူမ တယ်လီဖုန်းရှိရာသို့ အလျင်အမြန်သွားလိုက်ပြီး ဖုန်းခေါ်လိုက်၏။ "ဒေါက်တာဟန်တာပါ။ ကျွန်မ ဦးခေါင်း ကွန်ပျူတာဓာတ်မှန်ရိုက်ချင်တယ်။ လူနာနာမည်က ဒိုင်နက်တို၊ လု ဒိုင်နက်တို။ တွန်းလှည်းချက်ချင်းပို့ပေးပါ" ကိတ် ဖုန်းခွက်ကို

ပြန်ချလိုက်ပြီး ဒိုင်နက်တိုဘက် အာရုံပြန်ထားလိုက်၏။

သူမက အထွေထွေလုပ်သားအား "သူနဲ့ အတူနေနေလိုက်။ တွန်းလှည်းရောက်တဲ့အခါ သူ့ကို တတိယလွှာကိုခေါ်သွား။ ကျွန်မ အဲဒီက စောင့်နေမယ်"

မိနစ် ၃၀ အကြာ တတိယလွှာတွင် ကိတ်သည် သူမ တောင်းဆိုထားသည့် ကွန်ပျူတာဓာတ်မှန်ကို ကြည့်နေ၏။ "သူ့ဦးနောက်မှာ သွေးယိုစီးမှုဖြစ်နေတယ်။ အဖျားကြီးတယ်။ ရှော့ဝင်နေတယ်။ သူ့ကို ၂၄ နာရီ တည်ငြိမ်အောင် ထားလိုက်။ အဲဒီအခါမှ ဘယ်အချိန် ခွဲမလဲဆိုတာ ကျွန်မ ဆုံးဖြတ်မယ်"

ဒိုင်နက်တိုဖြစ်ခဲ့သည်က မိုက်အား မည်သို့ ထိခိုက်စေမည်နည်းဟု ကိတ် တွေးမိသည်။

ပေ့ချ်သည် ဂျင်မီအား တွေ့ရန်သွား၏။ သူ အတော်ပင် သက်သာလာလေပြီ။

ကိတ်သည် မယ်လိုရီနှင့်အတူ စားသောက်ဆိုင်တစ်ခုတွင် ညစာစားနေ၏။ မယ်လိုရီရှေ့ မျက်နှာချင်းဆိုင်တွင်ထိုင်ရင်း သူ့ကို ကြည့်နေကာ ကိတ် အပြစ်ရှိသလို ခံစားမိ၏။

ငါ ဒါကို လုံးဝ မစသင့်ဘူးဟု တွေးမိသည်။ သူက ဘာဆိုတာ ငါသိနေတယ်။ ဒါပေမဲ့ သူနဲ့ နေရတာ ငါပျော်တယ်။ ဒီသောက်ကောင်တော့! ငါတို့ အစီအစဉ်ကိုလည်း ရပ်လို့မရတော့ဘူး။

သူတို့ ကော်ဖီသောက်ပြီးကြ၏။ ကိတ် ရှေ့ကိုင်းလိုက်ပြီး "ရှင့်နေရာကို သွားကျမလား ကန်" "သွားမယ်လေ"

နောက်ဆုံးတော့ ရပြီဟု မယ်လိုရီတွေးမိသည်။

ကိတ် သူမထိုင်ခုံတွင် မသက်မသာ ရွှေ့ထိုင်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်၏။ "အာ. . .အို"

"နေကောင်းရဲ့လား?" မယ်လိုရီ မေး၏။

"ကျွန်မ မသိဘူး။ ကျွန်မကို ခဏလောက် ခွင့်ပြုပါဦး" "ကောင်းပါပြီ"။ သူမထလိုက်ပြီး အမျိုးသမီးသန့်စင်ခန်းသို့ သွားသည်ကို သူကြည့်နေ၏။

သူမ ပြန်လာသောအခါ သူမက "အချိန်အခါမကောင်းဘူး အချစ်ရယ်။ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မကို အိမ်ကိုသာပြန်ပို့တော့"

သူမကို သူစိုက်ကြည့်နေ၏။ စိတ်ပျက်သွားမှုကို ဖုံးကွယ်နေရသည်။

ဒီသောက်ကံတရားက သူ့အား လုပ်ကြံနေသည်။

"ကောင်းပြီ" မယ်လိုရီက ခပ်ပြတ်ပြတ်ပြောလိုက်၏။ သူပေါက်ကွဲထွက်ဖို့ အဆင်သင့်ဖြစ်နေပြီ။ တန်ဖိုးရှိလှသော အချိန် ငါးရက်ကို သူဆုံးရှုံးတော့မည်။

ကိတ် သူမတိုက်ခန်းရှိရာသို့ ပြန်ရောက်ပြီး ငါးမိနစ်အကြာတွင် အရှေ့တံခါးမှ ဘဲလ်မြည်လာ၏။ ကိတ် ပြုံးလိုက်သည်။ မယ်လိုရီသည် အကြောင်းတစ်ခုရှာပြီး ပြန်လာနေပြီ။ ဤမျှလောက်ကျေနပ်နေခြင်းအတွက် သူမကိုယ်သူမ မုန်းမိသည်။ သူမ တံခါးရှိရာသို့ လျှောက်သွားပြီး ဖွင့်လိုက်၏။

"ကန်. . ." ရိုင်နိုနှင့် ရှဲဒိုးတို့ ထိုနေရာတွင် ရပ်နေကြသည်။ ကိတ်ရုတ်တရက် ကြောက်စိတ်ဝင်လာ၏။ သူတို့နှစ်ယောက်က သူမအား တိုက်ခန်းအတွင်းသို့ တွန်းလိုက်ကြသည်။

ရိုင်နီက ပြော၏။ "ဒေါက်တာ မစ္စတာဒိုင်နက်တိုကို ခွဲမှာလား?"

ကိတ် လည်ချောင်းတို့ ခြောက်ကပ်နေ၏။ "အင်း"

"သူ တစ်ခုခုဖြစ်သွားတာ ကျွန်တော်တို့ မလိုချင်ဘူး"

"ကျွန်မလည်း မဖြစ်စေချင်ပါဘူး" ကိတ်က ပြော၏။ "ကဲ. . .ကျွန်မကို ခွင့်ပြုဦး။ ကျွန်မ ပင်ပန်းနေပြီ။ ပြီးတော့. . ." "သူသေသွားနိုင်သလား?" ရှဲဒိုးက မေး၏။

ကိတ် တုံ့ဆိုင်းနေသည်။ "ဦးနှောက်ခွဲစိတ်တဲ့နေရာမှာ အန္တရာယ်ကတော့ အမြဲတမ်း ရှိတတ်တယ်" "ဒါကို ဒေါက်တာ တားဆီးပေးရမယ်"

"ကျွန်မကို ယုံပါ၊ ကျွန်မ. . ." "ဘာမှ မဖြစ်ပါစေနဲ့" သူက ရိုင်နီအားကြည့်လိုက်၏။ "သွားကြရအောင်"

သူတို့ ထွက်သွားသည်ကို ကိတ်ကြည့်နေ၏။

တံခါးဝတွင် ရှဲဒိုးက ပြန်လှည့်ပြီး ပြော၏။ "မိုက်ကိုလည်း နှုတ်ဆက်တယ်လို့ ပြောပေးပါ"

ကိတ် ရုတ်ချည်းပင် တောင့်တင်းသွား၏။ "ဒါ. . .ဒါ ခြိမ်းခြောက်နည်းတစ်မျိုးလား?"

"ကျွန်တော်တို့ လူတွေကို မခြိမ်းခြောက်ပါဘူး၊ ဒေါက်တာ။ ဒေါက်တာ့ကို ပြောပြနေတာပါ။ တကယ်လို့ မစ္စတာဒိုင်နက်တိုသာ သေခဲ့ရင် ဒေါက်တာကော၊ ဒေါက်တာ့မိသားစုကော မရှိနိုင်တော့ဘူး"

(အခန်း ၂၁)

ဆရာဝန်များအဝတ်လဲခန်းတွင် ဆရာဝန်ဒါဇင်ဝက်ခန့်သည် ကန်မယ်လိုရီ ရောက်လာမည်ကို စောင့်နေကြ၏။ သူ ဝင်လာသောအခါ ဂရမ်ဒီက စပြော၏။ "သူရဲကောင်းကြီးကို ကြိုဆိုကြပါခင်ဗျာ။ ကျွန်တော်တို့ အသေးစိတ် သိချင်တယ်" သူက ပြုံးလိုက်၏။ "ဒါပေမဲ့ ကိတ်ပြောတာပဲ ကြားချင်တာနော်"

"ကျွန်တော် ကံနည်းနည်း ဆိုးနေလို့ပါ" မယ်လိုရီက ပြုံးလိုက်၏။ "ဒါပေမဲ့ ခင်ဗျားတို့အားလုံး ငွေကြိုစုထားလို့ရပါပြီ"

ကိတ်နှင့် ပေ့ချ်တို့သည် ခွဲခန်းဝတ်စုံများ လဲနေကြ၏။

"နင် ဆရာဝန်တစ်ယောက်ကို ခွဲစိတ်ဖူးလား?" ကိတ်က မေးသည်။

"ဟင့်အင်း"

"နင်ကံကောင်းတယ်။ သူတို့တွေဟာ ကမ္ဘာပေါ်မှာ အဆိုးဆုံး လူနာတွေပဲ။ သူတို့ သိတာတွေ သိပ်များတယ်လေ"

"နင်က ဘယ်သူ့ကို ခွဲမှာလဲ"

"ကျွန်တော့်ကို မနာပါစေနဲ့ဆိုတဲ့ ဒေါက်တာမာဗီဖရန်ကလင်လေ"

"ကံကောင်းပါစေ"

"အေး. . .ငါ လိုအပ်နေတာ ဒါပဲ"

ဒေါက်တာမာဗီဖရန်ကလင်သည် အသက်ခြောက်ဆယ်ကျော်အရွယ်ရှိ ပိန်ပိန်၊ နဖူးပြောင်ပြောင်ဖြစ်ပြီး စိတ်ကြီးသူတစ်ယောက်ဖြစ်၏။

ကိတ် သူ့အခန်းတွင်း ဝင်သွားသောအခါ သူက ခပ်မာမာပြော၏။ "မင်းရောက်လာတာ အချိန်ကိုက်ပဲ။ ကိုယ်တွင်းဓာတ်ဆားတွေစစ်တဲ့ အဖြေရောက်လာပြီလား?" "ဟုတ်ကဲ့" ကိတ်က ပြော၏။ "အားလုံး ပုံမှန်ပါပဲ" "ဘယ်သူပြောလဲ? ဟိုသောက်ဓာတ်ခွဲခန်းကို ငါမယုံဘူး။ သူတို့ လုပ်နေတာရဲ့ တစ်ဝက်လောက်ကို သူတို့ သိကြတာမဟုတ်ဘူး။ ပြီးတော့ သွေးသွင်းတဲ့အခါ မှားယွင်းတာတွေ မရှိပါစေနဲ့"

"ကျွန်မ သေချာ ကြည့်ပါ့မယ်" ကိတ်က စိတ်ရှည်ရှည်ပြန်ပြော၏။

"ဘယ်သူ ခွဲမှာလဲ?"

"ဒေါက်တာဂျာဂန်ဆန်နဲ့ ကျွန်မပါ၊ ဒေါက်တာဖရန်ကလင်။ ကျွန်မကတိပေးပါတယ်။ ဒေါက်တာစိုးရိမ်စရာဘာမှ မရှိပါဘူး"

"ဘယ်သူ့ဦးနှောက်ကို အခွဲစိတ်ခံမှာလဲ? မင်းဦးနှောက်လား? ငါ့ဦးနှောက်လား? ခွဲစိတ်တိုင်း အန္တရာယ်ရှိတယ်။ ဘာလို့လဲ သိလား? သောက်ခွဲစိတ်ဆရာဝန်တစ်ဝက်လောက်က အလုပ်မှားလုပ်နေမိတယ်။ သူတို့ သားသတ်သမားတွေ ဖြစ်ရမှာ။"

"ဒေါက်တာဂျာဂါဆန်က တော်ပါတယ်"

"ငါသိပါတယ်။ မဟုတ်ရင် ငါသူ့ကို ခွဲခွင့်ပြုမှာ မဟုတ်ဘူး။ မေ့ဆေးဆရာဝန်ကရော ဘယ်သူလဲ?"

"ဒေါက်တာမေလာလို့ ထင်ပါတယ်"

"ဘာ ရမ်းကုဟုတ်လား? ငါသူ့ကို မလိုချင်ဘူး။ တခြားတစ်ယောက်ရှာပေး"

"ဒေါက်တာဖရန်ကလင်. . ."

"ငါ့အတွက် တခြားတစ်ယောက်ရှာပေးစမ်းပါ။ ဟာလီဘာတမ်နဲ့ လုပ်လို့ရမလားလို့ မေးပေး"

"ကောင်းပါပြီ"

"ပြီးတော့ ခွဲခန်းထဲမှာ ရှိနေမယ့် သူနာပြုနာမည်တွေလည်း ငါ့ကို ပေးဦး။ ငါသူတို့ကို စစ်ကြည့်ချင်သေးတယ်"

ကိတ် သူ့အား မျက်လုံးတွင်းသို့ ကြည့်လိုက်၏။ "ဒေါက်တာကိုယ်တိုင်များ ခွဲစိတ်ချင်သလား?"

"ဘာ?" သူမကို ခဏမျှ စိုက်ကြည့်လိုက်၏။ ထို့နောက် ရှက်ကိုးရှက်ကန်းပြုံးလိုက်ပြီး "မလုပ်ပါဘူး"

ကိတ်က ညင်သာစွာပြော၏။ "ဒါဆိုရင် ကျွန်မတို့ကိုပဲ စီစဉ်ခွင့်ပေးပါလား?"

"ကောင်းပါပြီ။ ဟေ့ မင်းသိလား၊ မင်းကို ငါသဘောကျတယ"

"ကျွန်မလည်း ဒေါက်တာ့ကို သဘောကျပါတယ်။ သူနာပြုက ဒေါက်တာ့ကို အိပ်ဆေးပေးပြီးပြီလား?"

"အင်း"

"ကောင်းပြီ။ မိနစ်အနည်းငယ်အတွင်း ကျွန်မတို့ အဆင်သင့်ဖြစ်လိမ့်မယ်။ ကျွန်မ လုပ်ပေးနိုင်တာ တစ်ခုခုရှိသေးလား?"

"အင်း။ ငါ့ရဲ့ ထုံအတဲ့သူနာပြုကို ငါ့သွေးပြန်ကြောတွေဘယ်နေရာမှာ ရှိလဲဆိုတာ သင်ပေးလိုက်"

ခွဲခန်း ၄ အတွင်းတွင် ဒေါက်တာမာဗီဖရန်ကလင်ကို ပြုလုပ်သည့် ဦးနှောက်ခွဲစိတ်ခြင်းသည် အမှားအယွင်းမရှိ ပြီးခဲ့၏။ သူသည် အခန်းတွင်းမှ ခွဲခန်းအထိ တစ်လမ်းလုံး ပွစိပွစိပြောလာ၏။

"မင်းကို သတိပေးရဦးမယ်" သူက ပြော၏။ "မေ့ဆေးကို အနည်းဆုံးပမာဏပဲသုံး။ ဦးနှောက်ဆိုတာက ဖွင့်ပြီးသွားရင် ဘာမှ ခံစားရတော့တာမဟုတ်ဘူး။ မေ့ဆေးတွေ အများကြီးမလိုဘူး"

"ကျွန်မ သိပါတယ်" ကိတ်က စိတ်ရှည်ရှည်ပြန်ပြော၏။

"ပြီးတော့ ကိုယ်အပူချိန်ကို ၄၀ ဒီဂရီအထိလျှော့ချထား။ ဒါက အများဆုံး အပူချိန်ဖြစ်ပါစေ"

"ကောင်းပါပြီ"

"ခွဲနေတုန်းမှာ သီချင်းမြူးမြူးကြွကြွတွေ ဖွင့်ထား။ ဒါမှ မင်းတို့အားလုံး တက်တက်ကြွကြွရှိမှာ"

"ကောင်းပါပြီ"

"ပြီးတော့ ဟိုနေရာမှာ သူနာပြုတစ်ယောက်ရှိနေဖို့ သေချာပြောထားဦးနော်"

"ဟုတ်ကဲ့"

ဆက်၍ ဆက်၍ ပြောခဲ့သည်။

ဒေါက်တာဖရန်ကလင်၏ ဦးခေါင်းခွံအား ထိုးဖောက်ပြီးသောအခါ ကိတ်ကပြော၏။ "ကျွန်မ သွေးခဲကို မြင်ရပြီ။ အရမ်းကြီးတော့ အခြေအနေမဆိုးပါဘူး"။ သူမ လုပ်စရာရှိသည်ကို ဆက်လုပ်၏။

၃ နာရီအကြာ၊ သူတို့ ခွဲရာကို ပိတ်ဖို့ပြင်ဆင်နေသောအခါတွင် ခွဲစိတ်ဌာနမှူးဂျော့အန်ဂလန် ခွဲစိတ်ခန်းထဲသို့ ရောက်လာပြီး ကိတ်ထံသို့ သွား၏။

"ကိတ်၊ ပြီးတော့မှာလား" "ကျွန်မတို့ ခုမှ စပိတ်တာ"

"ဒေါက်တာဂျာဂန်ဆင်ကိုပဲ ဆက်လုပ်ခိုင်းလိုက်။ ကျွန်တော်တို့ ဒေါက်တာ့ကို လိုနေပြီ။ အရေးပေါ်တစ်ခုရှိတယ်"

ကိတ် ခေါင်းညိတ်လိုက်သည်။ "လာပြီ"။ သူမ ဂျာဂန်ဆန်ဘက်လှည့်လိုက်၏။ "ဒေါက်တာပဲ ပြီးအောင်ဆက်လုပ်လိုက်နော်"

"ပြဿနာ မရှိပါဘူး"

ကိတ် ဂျော့အန်ဂလန်နှင့်အတူ ထွက်သွားသည်။ "ဘာဖြစ်လို့လဲဟင်?"

"ခွဲစိတ်ဖို့ ဒေါက်တာ့အတွက် အချိန်ကို နောက်ပိုင်းမှာ သတ်မှတ်ပေးထားတယ်။ ဒါပေမဲ့ ဒေါက်တာ့လူနာက သွေးစထွက်နေပြီ။ သူ့ကို ခွဲခန်း ၃ ကို ပို့နေကြပြီ။ သူ ရှင်ပါ့မလားတောင်မသိဘူး။ သူ့ကို ချက်ချင်း ခွဲစိတ်ရလိမ့်မယ်"

"ဘယ်သူလဲ?"

"မစ္စတာဒိုင်နက်တို"

ကိတ် သူ့အား ကြက်သေသေလျက် ကြည့်၏။ "ဒိုင်နက်တို?" တကယ်လို့ မစ္စတာဒိုင်နက်တိုသာ သေခဲ့ရင် ဒေါက်တာကော၊ ဒေါက်တာ့မိသားစုကော မရှိနိုင်တော့ဘူး။

ကိတ်သည် ကော်ရစ်ဒါမှ ခွဲခန်း ၃ ရှိရာသို့ အလျင်အမြန်သွား၏။ သူမနားသို့ ရိုင်နီနှင့်ရှဲဒိုးတို့ ကပ်လာသည်။

"ဘာဖြစ်တာလဲ?" ရိုင်နီက မေး၏။

ကိတ်မှာ အာခေါင်ခြောက်လွန်း၍ စကားပြောဖို့ပင် ခက်ခဲနေသည်။ "မစ္စတာဒိုင်နက်တို ခေါင်းထဲမှာ သွေးယိုနေပြီ။ ကျွန်မတို့ သူ့ကို ချက်ချင်း ခွဲရလိမ့်မယ်"

ရှဲဒိုးက သူမလက်ကို ဆွဲလိုက်၏။ "ဒါဆို ခွဲလိုက်လေ။ ဒါပေမဲ့ ကျွန်တော်တို့ ပြောခဲ့တာကို မမေ့နဲ့နော်။ သူအသက်ရှင်ရမယ်"

ကိတ် ရုန်းထွက်လိုက်ပြီး ခွဲစိတ်ခန်းတွင်းသို့ အလျင်အမြန်ဝင်သွားသည်။

ခွဲစိတ်ချိန်အပြောင်းအလဲကြောင့် ကိတ်သည် ဒေါက်တာဗန့်နှင့်အတူ ခွဲမည်ဖြစ်သည်။ သူသည် ခွဲစိတ်ဆရာဝန်ကောင်းတစ်ယောက်ဖြစ်၏။ ကိတ် လုပ်ရိုးလုပ်စဉ်အတိုင်း လက်ဆေးလိုက်၏။ မိနစ်ဝက်စီဖြင့် လက်မောင်းများ၊ လက်များကို ဆေး၏။ နောက် ထပ်မံဆေးလိုက်ပြီး လက်သည်းများကို တိုက်ချွတ်ဆေးကြောလိုက်၏။

ဒေါက်တာဗန့် သူမဘေးနားလာရပ်ပြီး စတင်လက်ဆေးလေသည်။ "ဘယ်လိုခံစားနေရလဲ?"

"ကောင်းပါတယ်" ကိတ်က လိမ်လိုက်၏။

လုဒိုင်နက်တိုအား တွန်းလှည်းဖြင့် ခွဲစိတ်ခန်းတွင်းသို့ ခေါ်ဆောင်လာသည်။ သတိကြီးစွာဖြင့် ခွဲစိတ်စင်ပေါ်သို့ တင်လိုက်၏။

ဆံပင်များရိတ်ထားသော သူ့ဦးခေါင်းကို မာသီယိုလိတ်ဆေးရည်ဖြင့် ဆေးကြောထားသောကြောင့် ခွဲခန်းမီးရောင်အောက်တွင် အဝါရောင်တောက်နေသည်။ သူသည် လူသေနီးပါး ဖြူရော်နေ၏။

ခွဲစိတ်အဖွဲ့ဖြစ်သည့် ဒေါက်တာဗန့်၊

အခြားအလုပ်သင်ဆရာဝန်တစ်ယောက်၊ မေ့ဆေးဆရာဝန်တစ်ယောက်၊ သူနာပြုအကူ နှစ်ယောက်၊ လှည့်ပတ်သူနာပြုအကူ တစ်ယောက်တို့ နေရာကိုယ်စီတွင် ရှိနေကြသည်။ သူမ လိုအပ်မည့်အရာအားလုံး ရှိနေစေရန် ကိတ် စစ်ဆေးလိုက်၏။ သူမသည် နံရံပေါ်မှ စောင့်ကြည့်စက်များကို ကြည့်လိုက်၏။ အောက်စီဂျင်ပျော်ဝင်နှုန်းတိုင်းတာစက်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်တိုင်းစက်၊ အပူချိန်တိုင်းစက်၊ ကြွက်သားလှုံ့ဆော်စက်၊ နှလုံးနားကြပ်၊ အီးကေဂျီ၊ အလိုအလျောက်သွေးပေါင်ချိန်စက်နှင့် အချက်ပေးစက်များဖြစ်သည်။ အရာရာ အစီအစဉ်တကျ ရှိနေပေသည်။

မေ့ဆေးဆရာဝန်က သွေးပေါင်ချိန်တိုင်းလက်ပတ်ကို ဒိုင်နက်တို၏ ညာဘက်လက်တွင် ပတ်လိုက်၏။ ထို့နောက် ရာဘာမျက်နှာစွပ်ကို လူနာမျက်နှာပေါ်တင်လိုက်၏။ "ကောင်းပြီ၊ အခု အသက်ကို ပြင်းပြင်းရှူ။ အသက်ပြင်းပြင်း သုံးခါရှူလိုက်"

သုံးကြိမ်မြောက်မတိုင်မီမှာပင် ဒိုင်နက်တို အိပ်ပျော်သွားသည်။ ခွဲစိတ်ခြင်း စတင်လေသည်။

ကိတ် ကျယ်ကျယ်လောင်လောင်ပင် မှတ်တမ်းတင်နေ၏။ "ဦးနှောက်အလယ်မှာ သွေးခဲကြောင့် ပျက်စီးနေတဲ့နေရာ ရှိပါတယ်။ အဲဒီ သွေးခဲက ဦးနှောက် ညာဘက်အခြမ်းက သွေးကြောအသေးတစ်ချောင်းကို ပိတ်နေပါတယ်။ ပြီးတော့ ဘယ်ဘက်အလယ်နားကိုလည်း ရောက်နေပါတယ်"။ သူမ အောက်ကို ဆက်ရှာကြည့်သည်။ "အဲဒါက ဆယ်လ်ဗီးယပ်မြောင်းရဲ့ အောက်ခြေမှာပါ။

"ဓားပေး"

ပိုက်ဆံစေ့အရွယ်ရှိ အပေါက်တစ်ပေါက်ကို လျှပ်စစ်ဖောက်စက်ဖြင့် ဖောက်လိုက်ပြီး ဦးနှောက်အပြင်လွှာကို ဖော်ထုတ်လိုက်သည်။ ထို့နောက် ကိတ်သည် အပြင်လွှာကို လှီးဖွင့်လိုက်ပြီး အောက်ရှိ ဦးနှောက်အစိတ်အပိုင်းတစ်ခုကို ဖော်ထုတ်ပြန်၏။

"ညှပ်ပေးပါ"

သူနာပြုက သူမကို လျှပ်စစ်ညှပ်ပေးလိုက်၏။ ခွဲရာကို ဆွဲတံသေးသေးလေးဖြင့် ဖွင့်ထားပြီး နေရာတွင် မြဲစေ၏။

"သွေးတော်တော်ထွက်နေတာပဲ" ဇန့်က ပြောသည်။

ကိတ် ဘိုဗီကို ယူလိုက်ပြီး သွေးထွက်နေသည့်နေရာများကို တို့ကာ ပိတ်လိုက်၏။

"ကျွန်မတို့ ထိန်းနိုင်မှာပါ"

ဒေါက်တာဇန့်သည် ဦးနှောက်အပြင်လွှာမှ သွေးများကို စုပ်ထုတ်လိုက်၏။ အပြင်လွှာမျက်နှာပြင်ပေါ်မှ စိမ့်ထွက်နေသာ သွေးကြောများကို ရှာဖွေလိုက်ပြီး သွေးခဲအောင်လုပ်လိုက်သည်။

"ကောင်းလာသလိုပဲ" ဇန့်က ပြော၏။ "သူ ဒီတောင်ကို ကျော်နိုင်မှာပါ"။ ကိတ် သက်သာရာရသွားပြီး သက်ပြင်းမှုတ်ထုတ်လိုက်သည်။

ထိုအချိန်တွင်ပင် လုဒိုင်နက်တိုသည် တောင့်တင်းသွားပြီး သူ့တစ်ကိုယ်လုံး တက်လာ၏။ မေ့ဆေးဆရာဝန်က အော်ပြောသည်။ "သွေးပေါင်တွေ ကျနေတယ်"

ကိတ်က ပြော၏။ "သူ့ကို သွေးသွင်း" သူတို့အားလုံး

စောင့်ကြည့်စက်များကို ကြည့်နေကြ၏။ မျဉ်းကွေးများမှာ အလျင်အမြန်ပင် အဖြောင့်ဘက်သို့ ဦးတည်နေ၏။ နလုံးစည်းချက်တွေလည်း မမှန်တော့။

"ရှော့ရိုက်လိုက်" ကိတ်က ပြော၏။ သူမသည် လူနာကိုယ်အား လျှပ်စစ်ပြားများဖြင့် အလျင်အမြန်ကပ်လိုက်သည်။ ထို့နောက် စက်ရှိရာသို့ လှည့်လိုက်၏။ ဒိုင်နက်တိုရင်ဘတ်သည် မြောက်တက်လာပြီးနောက် ပြန်ကျသွား၏။

"သူ့ကို အပီနက်ဖရင်း ထိုးလိုက်၊ မြန်မြန်"

"နလုံးမခုန်တော့ဘူး" မေ့ဆေးဆရာဝန်က ခဏအကြာတွင် အော်ပြော၏။

ကိတ် ထပ်ကြိုးစားသည်။ ဗို့အားထပ်တင်ကာ လုပ်ပြန်၏။ နောက်တစ်ကြိမ် လူနာသည် ကြွသွားပြန်၏။

"နလုံး မခုန်တော့ဘူး" မေ့ဆေးဆရာဝန်က အော်၏။ "နလုံးမခုန်ဘူး။ စည်းချက်လုံးဝမရှိတော့ဘူး"

မျှော်လင့်ချက်မဲ့စွာဖြင့်ပင် ကိတ် နောက်တစ်ကြိမ် ကြိုးစားပြန်၏။ ခန္ဓာကိုယ်က ယခုအကြိမ်တွင် ပို၍ပင် မြောက်တက်သွား၏။ ထို့နောက် ပြန်ကျလာသည်။ ဘာမှ မထူးခြားလာ။

"သူသေသွားပြီ" ဒေါက်တာဘန့်က ပြော၏။

(အခန်း ၂၂)

အနီသဂေါ်တသည် ဆေးဖက်ဆိုင်ရာအကူဝန်ထမ်းအားလုံးကို ချက်ချင်းခေါ်ထုတ်ကာ လူနာအသက်ကို ဝိုင်းဝန်းကယ်ဆယ်သည့် အချက်ပေးအမှတ်အသားဖြစ်သည်။ ခွဲစိတ်နေရင်း လုဒိုင်နက်တို၏ နလုံးခုန်ရပ်သွားသောအခါ အနီသဂေါ်တအဖွဲ့ဝင်တို့သည် ခွဲခန်းထဲဝင်ကာ ကူညီကြသည်။ မိုက်ခရိုဖုန်းလူခေါ်စနစ်မှနေ၍ "အနီသဂေါ်တ၊ ခွဲခန်း ၃. . .အနီသဂေါ်တ" ဟူသောအသံများကို ကိတ်ကြားရ၏။ အနီသည် သေသည်နှင့် ကာရန်ညီပေ၏။

ကိတ် တုန်လှုပ်နေသည်။ သူမ လျှပ်စစ်ဓာတ်အားဖြင့် လူနာကို တို့လိုက်ပြန်၏။ သူမလုပ်နေသည်မှာ လူနာအသက်တစ်ခုတည်းမဟုတ်၊ သူမအသက်နှင့် မိုက်အသက်ပါ ပါဝင်သည်။

ဒိုင်နက်တို၏ ခန္ဓာကိုယ် လေထဲသို့ မြောက်တက်သွား၏။ ထို့နောက် ပြန်ကျလာသည်။ လှုပ်ရှားမှုမရှိသေး။

"နောက်တစ်ခါ ထပ်လုပ်ဦး" ဒေါက်တာဗန့်က တိုက်တွန်း၏။

ကျွန်တော်တို့ လူတွေကို မခြိမ်းခြောက်ပါဘူး၊ ဒေါက်တာ။ ဒေါက်တာ့ကို ပြောပြနေတာပါ။ တကယ်လို့ မစ္စတာဒိုင်နက်တိုသာ သေခဲ့ရင် ဒေါက်တာကော၊ ဒေါက်တာ့မိသားစုကော မရှိနိုင်တော့ဘူး။

ကိတ် ခလုတ်ဖွင့်လိုက်ပြီး ဒိုင်နက်တို ရင်ဘတ်ပေါ်သို့ စက်ကို တင်လိုက်ပြန်၏။ နောက်တစ်ကြိမ် လူနာ့ခန္ဓာကိုယ်သည် လက်မအနည်းငယ်မျှ လေထဲ မြောက်သွားပြီးနောက် ပြန်ကျလာသည်။

"နောက်တစ်ခါ"

မဖြစ်ရဘူး။ ကိတ် စိတ်ပျက်လက်ပျက်တွေးမိ၏။ ငါသူနဲ့ လိုက်သေရတော့မယ်။ ခွဲစိတ်ခန်းသည် ရုတ်ချည်းပင် ဆရာဝန်များ၊ သူနာပြုများဖြင့် ပြည့်သွား၏။

"မင်း ဘာစောင့်နေတာလဲ?" တစ်ယောက်ယောက်က မေးလိုက်သည်။

ကိတ် အသက်ပြင်းပြင်းရှူလိုက်ပြီး နောက်တစ်ကြိမ် ရှော့ရိုက်လိုက်ပြန်၏။ ဘာမျှ ဖြစ်မလာပေ။ ထို့နောက် စောင့်ကြည့်စက်ပေါ်တွင် အလင်းပျောက်လေးတစ်ခု ပေါ်လာ၏။ ထိုအရာသည် ခဏတာမျှ ပျောက်သွား၏။ နောက် ပြန်ပေါ်လာ၏။ နောက် ပို၍ ပို၍ အားကောင်းစွာ ပေါ်လာသည်။ ထို့နောက် ပုံမှန်၊ တည်ငြိမ်သော စည်းချက်အဖြစ်ပြောင်းသွားသည်။

ကိတ် မယုံကြည့်နိုင်လောက်အောင်ပင် စောင့်ကြည့်နေ၏။

အခန်းတွင်းရှိ လူအုပ်ထဲမှ အားပေးသံထွက်ပေါ်လာသည်။ "သူ ဒီတောင်ကို ကျော်နိုင်တော့မယ်" တစ်စုံတစ်ယောက်က အော်လိုက်၏။

"ဘုရားရေ. . .သီသီလေးပဲ လိုတော့မယ်"

ဘယ်လောက်တောင် သီသီလေးဆိုသည်ကို သူတို့ မသိနိုင်ဟု ကိတ်တွေးမိသည်။

၂ နာရီအကြာတွင် လုဒိုင်နက်တိုအား ခွဲစင်ပေါ်မှ ချလိုက်ပြီး တွန်းလှည်းပေါ်တင်လိုက်၏။ အထူးကြပ်မတ်ခန်းထံ ပို့လိုက်၏။ ကိတ်က ဘေးမှ လိုက်လာသည်။ ရိုင်နီနှင့် ရှဲဒိုးတို့ ကော်ရစ်ဒါပေါ်တွင် စောင့်နေ၏။

"ခွဲစိတ်တာ အောင်မြင်ပါတယ်" ကိတ်က ပြော၏။ "သူ ကောင်းသွားမှာပါ"

ကန်မယ်လိုရီတစ်ယောက် ဒုက္ခအကြီးအကျယ်ရောက်နေ၏။ ယနေ့သည် သူ့လောင်းကြေးအတွက် နောက်ဆုံးနေ့ဖြစ်၏။ ပြဿနာက ဖြည်းဖြည်းချင်းကြီးထွားလာသောကြောင့် သူသတိမမူမိခဲ့ပေ။ ပထမဆုံးညမှစတင်၍ပင် သူသည် ကိတ်အား အိပ်ရာထဲသို့ အလွယ်တကူပင် ဆွဲသွင်းနိုင်မည်ဟု ထင်ထားခဲ့သည်။ သူမကလည်း လိုချင်နေခဲ့သည်မဟုတ်လား။ ယခုတော့ သူ့အချိန် စေ့တော့မည်။ သူ အကြီးအကျယ် ဒုက္ခကို ရင်ဆိုင်ရတော့မည်။

လွဲခဲ့သည်တို့ကို မယ်လိုရီ ပြန်တွေးကြည့်၏။ ကိတ်သည် သူနှင့်အတူ အိပ်ရာထဲသွားခါနီးတွင် အခန်းဖော်များ ရောက်လာ၏။ ချိန်းတွေ့ရသည်မှာ ခက်ခဲသည်။ ကိတ်အား အချက်ပေးစက်က ခေါ်သွားခဲ့ပြီး သူ့မှာတော့ ဝတ်လစ်စလစ်ကျန်ခဲ့သည်။ သူမ၏ဝမ်းကွဲ မြို့ကိုရောက်သည်။ သူမ အိပ်ပျော်သွားခဲ့သည်။ ရာသီလာခဲ့သည်။ သူရုတ်တရက်ရပ်လိုက်ပြီး တွေးလိုက်၏။ ခဏနေစမ်းပါဦး။ အားလုံးဟာ တိုက်ဆိုင်မှုချည်းပဲတော့ မဖြစ်နိုင်ဘူး။ ကိတ်က တမင်သက်သက် ဒါတွေကို လုပ်တာပဲ ဖြစ်ရမယ်။

သူမ လောင်းကြေးအကြောင်း တစ်နည်းနည်းနဲ့ သိသွားလိမ့်မယ်။ ပြီးတော့ သူ့ကို အရူးလုပ်ဖို့ ဆုံးဖြတ်လိုက်တာဖြစ်ရမယ်။ သူ့ကို ဟာသလုပ်ဖို့။ သူ့အတွက် ဒေါ်လာတစ်သောင်းကုန်ကျမယ့် ဟာသ။ ခွေးမ! သူသည် အစကတည်းပင် လုံးဝနိုင်ချေမရှိခဲ့ပေ။ သူမက သူ့အား တမင်တကာ ဦးဆောင်ခဲ့ခြင်းပင်။ ငါကလည်း ဘယ်လိုဖြစ်ပြီး လိုက်လုပ်မိလဲမသိဘူး။ သူပိုက်ဆံရဖို့ လမ်းမမြင်တော့။

မယ်လိုရီသည် ဆရာဝန်များ အဝတ်လဲခန်းသို့ လမ်းလျှောက်ဝင်သွားသောအခါ သူ့ကို စောင့်နေကြသည်။

"ငွေရှင်းရမယ့်နေ့ပေါ့" ဂရမ်ဒီက ကျယ်လောင်စွာ ပြော၏။

မယ်လိုရီ အားတင်းလိုက်ပြီး "ကျွန်တော် ညသန်းခေါင်အထိ အချိန်ရသေးတယ်မဟုတ်လား။ ကျွန်တော့်ကိုယုံ၊ သူမ အဆင်သင့်ဖြစ်နေပြီဗျ"

ကျိတ်ရယ်သံတို့ ထွက်လာ၏။ "ဒါပေ့ါ။ အမျိုးသမီးကိုယ်တိုင်က ပြောရင် ကျွန်တော်တို့ ယုံမယ်။ မနက်မှာသာ ပိုက်ဆံကို အသင့်ပြင်ထား"

မယ်လိုရီ ရယ်လိုက်၏။ "ခင်ဗျားတို့သာ အသင့်ပြင်ထားရမှာ"

သူ နည်းလမ်းရှာရမည်။ ထို့နောက် ရုတ်တရက်ပင် သူအဖြေရသွား၏။

ကန်မယ်လိုရီသည် ကိတ်အား ဧည့်ခန်းထဲတွင် တွေ့၏။ သူမနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်၏။ "မင်း လူနာတစ်ယောက်အသက်ကို ကယ်လိုက်တယ်လို့ ကိုယ်ကြားတယ်"

"ကျွန်မအသက်ပါ ပါတယ်"

"ဘယ်လို?"

"ဘာမှ မဟုတ်ပါဘူး"

"ကိုယ့်အသက်ကိုရော ကယ်ချင်လား?"

ကိတ်သည် သူမကို ပဟေဠိဆန်ဆန် ကြည့်လိုက်၏။ "ကိုယ်နဲ့ ဒီည ညစာ စားပါလား?"

"ကျွန်မ အရမ်းကို ပင်ပန်းနေပြီ၊ ကန်" သူနှင့် ဆော့နေသည့် ကစားပွဲအား သူမ ငြီးငွေ့နေပြီ။ လုံလောက်ပါပြီဟု ကိတ်တွေး၏။ အခုချိန်က ရပ်ရတော့မယ့်အချိန်ပဲ။ ပြီးသွားပါပြီ။

ငါ ကိုယ်ဆင်တဲ့ ထောင်ချောက်ထဲ ကိုယ့်ဘာသာ ပြန်မိနေပြီ။ သူသည် အခြားလူတစ်ယောက်ဖြစ်ပါစေဟု ဆုတောင်းမိသည်။ သူသာ သူမအပေါ် ရိုးသားခဲ့လျှင် သူမကလည်း သူ့အား အလေးထားမိပေမည်ဟု ကိတ်တွေးမိ၏။

ကိတ်အား အလျှော့ပေးလိုစိတ် မယ်လိုရီတွင် လုံးဝမရှိ။ "ကိုယ်တို့ ညနေစောစောလောက် လုပ်လိုက်မယ်" သူက စိတ်ရှည်စွာပင် ဆက်ပြော၏။ "တစ်နေရာရာမှာတော့ မင်းညစာစားရမှာပဲလေ"

စိတ်မပါဘဲနှင့် ကိတ်ခေါင်းညိတ်လိုက်၏။ ယခုတစ်ကြိမ်နောက်ဆုံးဖြစ်မည်ဟု သူမသိပြီးဖြစ်သည်။

သူမသည် သူ့အား သူမလောင်းကြေးအကြောင်းသိသည်ဟု ဖွင့်ပြောမည်။ သူမ ကစားပွဲကို အဆုံးသတ်လိုက်တော့မည်။ "ကောင်းပြီလေ"

ဟန်နီသည် ညနေ ၄ နာရီတွင် အလုပ်ပြီးခဲ့၏။ သူမ နာရီကို ကြည့်လိုက်ပြီး ဈေးသွားဝယ်ရန် အချိန်အလုံအလောက်ရှိသေးသည်ဟု ဆုံးဖြတ်လိုက်သည်။

သူမသည် ချန်ဒဲလီယာသို့သွားပြီး တိုက်ခန်းအတွက် ဖယောင်းတိုင်အချို့ သွားဝယ်ခဲ့၏။ ထို့နောက် ဆန်ဖရန်စစ္စကို လက်ဖက်ရည်နှင့် ကော်ဖီ ကုမ္ပဏီသို့သွားပြီး မနက်စာအတွက် ကော်ဖီအချို့ ဝယ်ခဲ့၏။ ထို့နောက် ခရစ်ကယ်လီသို့ ဆက်သွားပြီး စားပွဲခင်းများ ဝယ်ခဲ့သည်။

အထုပ်အပိုး တစ်ပွေ့တစ်ပိုက်နှင့် ဟန်နီသည် တိုက်ခန်းသို့ ဦးတည်လျှောက်လှမ်းနေ၏။ ညစာအတွက် အိမ်မှာ ကိုယ့်ဟာကိုယ်ပဲ ပြင်ဆင်စားလိုက်မည်ဟု ဟန်နီ ဆုံးဖြတ်လိုက်သည်။ ကိတ်သည်

မယ်လိုရီနှင့် ချိန်းထားပြီး ပေ့ချ်မှာမူ အွန်ကောတာဝန်ကျနေကြောင်း သူမသိထား၏။

အထုပ်အပိုးများဖြင့်ပင် ဟန်နီသည် တိုက်ခန်းတွင်းသို့ ဝင်သွားပြီး တံခါးပြန်ပိတ်လိုက်၏။ သူမ မီးဖွင့်လိုက်၏။ ခန္ဓာကြီးကြီး လူမည်းအမျိုးသားတစ်ယောက် ရေချိုးခန်းထဲမှ ထွက်လာ၏။ သွေးတို့က ကော်ဇော်အဖြူပေါ် စီးကျနေသည်။ သူက သေနတ်ဖြင့် သူမကို ချိန်လိုက်၏။

"အသံ ထွက်ရဲထွက်ကြည့်၊ ခေါင်းတည့်တည့်ကို ပစ်ထည့်လိုက်မယ်"

ဟန်နီ အော်လိုက်လေသည်။

(အခန်း ၂၃)

ဖရန့်လမ်းရှိ ရှိုးဒါးစားသောက်ဆိုင်တွင် မယ်လိုရီသည် ကိတ်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေ၏။ ယခုထိတော့ ဘာမှ မသေချာသေး။ လောင်းကြေး ဒေါ်လာတစ်သောင်းကို သူ မပေးနိုင်ခဲ့ပါက ဘာတွေဖြစ်လာမည်နည်း? ဆေးရုံတွင် သူသည် လောင်းကြေးမပေးဘဲ ရှောင်ပြေးသူအဖြစ် ကျော်ကြားသွားလိမ့်မည်။

ကိတ်သည် သူမ၏ လူနာတစ်ယောက်အကြောင်း ပြောဆိုနေ၏။ မယ်လိုရီသည် သူမမျက်လုံးများကိုကြည့်နေ၏။ သူမ ပြောသည်ကိုတော့ တစ်လုံးပင်မကြား။ သူ၏ စိတ်ထဲတွင် ပို၍ အရေးကြီးသော ကိစ္စတို့က ရှိသေးသည်။

ညစာစားပြီးခါနီးတွင် စားပွဲထိုးက ကော်ဖီလာချပေး၏။ ကိတ် သူမ နာရီကို ကြည့်လိုက်သည်။ "ကျွန်မ မနက်စောစော အလုပ်သွားရမယ်၊ ကန်။ ကျွန်မတို့ ပြန်ရင်ကောင်းမယ်"

သူ ထိုင်နေရင်း စားပွဲကို ငေးနေ၏။ "ကိတ်. . ." သူ မော့ကြည့်လိုက်သည်။

"ကိုယ်မင်းကို ပြောစရာ ရှိတယ်"

"ဟုတ်?"

"ကိုယ်မင်းကို ဝန်ခံစရာရှိတယ်"။ သူ အသက်ပြင်းပြင်း ရှူလိုက်၏။ "ဒါ ကိုယ့်အတွက်တော့ မလွယ်ဘူး"

သူမက သူ့အား နားမလည်သလို ကြည့်လိုက်၏။ "ဘာကိုလဲ?"

"မင်းကို ပြောရမှာလည်း ရှက်တယ်"။ သူသည် စကားလုံးများကို ရှာဖွေနေ၏။ "ကိုယ်. . .ကိုယ် ဆရာဝန်တချို့နဲ့ ရူးကြောင်ကြောင်အလောင်းအစားတစ်ခု လုပ်ခဲ့တယ်။ အဲဒါက. . .ကိုယ်မင်းကို အိပ်ရာထဲ ခေါ်သွားနိုင်တယ်ဆိုပြီး လောင်းခဲ့တာပဲ"

ကိတ် သူ့အား စိုက်ကြည့်နေ၏။ "ရှင်က. . ."

"ကျေးဇူးပြုပြီး ဘာမှ မပြောပါနဲ့ဦး။ ကိုယ်လုပ်ခဲ့တာအတွက် ကိုယ်အရမ်းအရှက်ရနေတယ်။ အစကတော့ ဟာသပြောခဲ့တာပါ။ ဒါပေမဲ့ အဲဒီဟာသက ကိုယ့်အပေါ်ကျလာတယ်။ ကိုယ် မမျှော်လင့်ခဲ့တာတွေ ဖြစ်လာတယ်။ ကိုယ် မင်းကို ချစ်မိသွားတယ်"

"ကန်. . ."

"ကိုယ် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး၊ ကိတ်။ ကိုယ် မိန်းမတွေ အများကြီးနဲ့ သိခဲ့တယ်။ ဒါပေမဲ့ တစ်ခါမှ ဒီလို မခံစားဖူးဘူး။ ကိုယ် မင်း အကြောင်းမတွေးဘဲ မနေနိုင်တော့ဘူး"။ သူ တုန်ရင်စွာဖြင့်

အသက်ရှူလိုက်၏။ "ကိုယ်မင်းကို လက်ထပ်ချင်တယ်"

ကိတ် စိတ်ထဲမှာ ချာချာလည်နေသည်။ အရာရာသည် စောက်ထိုးမိုးမျှော်ဖြစ်ကုန်သည်။

"ကျွန်မ. . .ကျွန်မ မသိ. . ."

"မင်းဟာ ကိုယ်လက်ထပ်ခွင့်တောင်းတဲ့ တစ်ဦးတည်းသော မိန်းကလေးပဲ။ ကျေးဇူးပြုပြီး လက်ခံပေးပါ။ ကိုယ့်ကို လက်ထပ်မလား၊ ကိတ်?"

ဒါဆို သူ ပြောခဲ့တဲ့ ချစ်စရာစကားတွေ အကုန်လုံးက သူမကို အမှန်တကယ် ရည်ညွှန်းတာပေါ့။ သူမ နှလုံးသားမှာ တဒိုင်းဒိုင်းခုန်နေသည်။ အံ့ဖွယ်အိပ်မက်တို့ လက်တွေ့တွင် အကောင်အထည်ပေါ်လာသလို ဖြစ်နေ၏။

သူ့ထံမှ သူမအလိုချင်ဆုံးမှာ ရိုးသားမှုဖြစ်သည်။ ယခု သူသည် လုံးဝ ရိုးသားနေလေပြီ။ တစ်ချိန်လုံး သူသည် လုပ်ခဲ့သမျှတို့အတွက် အပြစ်ရှိသည်ဟု ခံစားနေရသည်။ သူသည် အခြားယောက်ျားများနှင့်မတူ။ သူသည် အစစ်အမှန်ဖြစ်၏။ စိတ်ခံစားလွယ်၏။

ကိတ် သူ့အားကြည့်လိုက်သည့်အခါ သူမမျက်လုံးများမှာ တောက်ပနေ၏။

"အင်း၊ ကန်။ ကျွန်မ လက်ခံပါတယ်"

သူ့အပြုံးက အခန်းကို တောက်ပသွားစေသည်။ "ကိတ်. . ." သူရှေ့ကိုင်းလိုက်ပြီး သူမကို နမ်းလိုက်၏။

"ဟို ရှုးကြောင်ကြောင်အလောင်းအစားအတွက် ကိုယ်တောင်းပန်ပါတယ်"။ သူသည် မိမိကိုယ်ကို လှောင်ရယ်ကာ ခေါင်းခါလိုက်၏။ "ဒေါ်လာတစ်သောင်း။ ဒီပိုက်ဆံကို ကိုယ်တို့ ပျားရည်ဆန်းခရီးတွက် သုံးနိုင်တယ်နော်။ ဒါပေမဲ့ မင်းကိုပိုင်ဆိုင်ရတဲ့အတွက် ပိုက်ဆံကို ဆုံးရှုံးရတာ တန်ပါတယ်"

ကိတ် စဉ်းစားနေ၏။ ဒေါ်သာတစ်သောင်းတောင်။

"ကိုယ် တကယ်ပဲ ရှုံးခဲ့ပါတယ်"

"ရှင့်ရဲ့ လောင်းကြေးနောက်ဆုံးနေ့က ဘယ်နေ့လဲ?"

"ဒီကနေ့ည သန်းခေါင်းယံ။ ဒါပေမဲ့ အခုတော့ ဒါက အရေးမကြီးတော့ပါဘူး။ အရေးကြီးတာက ကိုယ်တို့ နှစ်ယောက်ပဲ။ ကိုယ်တို့ လက်ထပ်ကြမယ်။ ကိုယ်တို့. . ."

"ကန်?"

"အင်း၊ ဘာလဲ အချစ်?"

"ရှင့်နေရာကို သွားရအောင်" ကိတ်မျက်လုံးထဲတွင် အရိပ်အယောင်တစ်ခု သန်းနေ၏။

"ရှင့်လောင်းကြေးနိုင်ဖို့ အချိန်ရှိပါသေးတယ်"

ကိတ်သည် အိပ်ရာထဲတွင် ကျားမလေးတစ်ကောင်အလားဖြစ်သည်။

ဘုရားရေ၊ စောင့်ရကြိုးနပ်လိုက်တာဟု မယ်လိုရီတွေးမိ၏။ အနှစ်နှစ်အလလက ကိတ်သိမ်းထားခဲ့သော ခံစားမှုများသည် ထိုတစ်ညတွင် ပေါက်ကွဲထွက်ကုန်သည်။

သူမသည် ကန်မယ်လိုရီ တွေ့ဖူးသမျှတွင် ချစ်ရမှုက်အပြင်းပြဆုံးမိန်းမဖြစ်သည်။ ၂ နာရီ ကုန်ဆုံးသွားသောအခါ သူ

မောဟိုက်နေသည်။ သူက ကိတ်အား လက်မောင်းထဲတွင် ပွေ့ထား၏။

"မင်းက အံ့ဩဖို့ ကောင်းလိုက်တာ" သူက ပြော၏။

သူမသည် လက်မောင်းများဖြင့် အားယူထလိုက်ပြီး သူ့ကို ကြည့်လိုက်၏။ "ရှင်ရောပဲ။ ကျွန်မ အရမ်းပျော်တာပဲ"

မယ်လိုရီ ပြုံးလိုက်၏။ "ကိုယ်လည်း ပျော်တယ်"။ ဒေါ်လာ တစ်သောင်းဖိုးဟု သူတွေးမိသည်။ ပြီးတော့ ကောင်းမွန်လှသည့် လိင်ဆက်ဆံခြင်း။

"အမြဲတမ်း ဒီလိုပဲ ဖြစ်နေရမယ်လို့ ကျွန်မကို ကတိပေးပါ၊ ကန်"

"ကိုယ်ကတိပေးပါတယ်" မယ်လိုရီသည် အရိုးသားဆုံးအသံဖြင့် ပြောလိုက်၏။

ကိတ် သူမနာရီကို ကြည့်လိုက်သည်။ "ကျွန်မ အဝတ်တွေ ပြန်ဝတ်တော့မယ်"

"ဒီည ဒီမှာ မနေဘူးလား?"

"ဟင့်အင်း။ ကျွန်မ မနက် ပေ့ချ်နဲ့ ဆေးရုံကို သွားရမှာ" သူမက သူ့အား နွေးထွေးသော အနမ်းတစ်ပွင့်ပေးခဲ့သည်။ "မစိုးရိမ်ပါနဲ့။ ကျွန်မတို့ တစ်ဘဝလုံး အတူတူနေနိုင်ပါသေးတယ်"

သူမ အဝတ်ဝတ်နေသည်ကို သူကြည့်နေ၏။

"ဟိုလောင်းကြေးကို ရဖို့ မစောင့်နိုင်တော့ဘူး။ အဲဒီငွေနဲ့ ပျားရည်ဆမ်းခရီးကောင်းကောင်းထွက်လို့ရတယ်" သူ မျက်မှောင်ကြုတ်လိုက်၏။ "ဟိုကောင်တွေ ကိုယ့်ကို မယုံရင် ဘယ်လို လုပ်မလဲ? သူတို့က ကိုယ့်စကားဆို အတည်ပြုပါ့မလားမသိဘူး"

ကိတ် ခဏမျှ တွေးလိုက်၏။ နောက်ဆုံး သူမ ပြောလိုက်သည်။

"မစိုးရိမ်ပါနဲ့။ ကျွန်မ သူတို့သိအောင် ပြောလိုက်ပါ့မယ်"

မယ်လိုရီ ပြုံးလိုက်သည်။ "အိပ်ရာထဲ ပြန်လာပါဦးကွာ"

## (အခန်း ၂၄)

လူမည်းအမျိုးသားသည် သေနတ်ဖြင့် ဟန်နီအားချိန်ရွယ်ထားပြီး အော်လိုက်၏။ "တိတ်တိတ်နေလို့ ပြောထားတယ်လေ"

"ကျွန်မ. . .ကျွန်မတောင်းပန်ပါတယ်" ဟန်နီက ပြော၏။ သူမ တုန်နေ၏။ "ဘာ. . .ဘာ လိုချင်လို့လဲ?"

သူသည် လက်ဖြင့် သူ့ဘေးကို ဖိထားပြီး သွေးထွက်နည်းအောင် လုပ်နေ၏။ "ကျွန်တော့် အစ်မကို တွေ့ချင်တယ်"

ဟန်နီ သူ့ကို နားမလည်စွာ ကြည့်လိုက်၏။ သူသည် ရူးသွပ်နေပြီ။

"ရှင့်အစ်မ?"

"ကိတ်" သူ့အသံသည် တိုးဝင်လာ၏။

"အိုး. . .ဘုရားရေ။ ရှင်က မိုက်ပဲ"

"ဟုတ်တယ်"

သေနတ်လွတ်ကျသွားသည်။ သူ ကြမ်းပြင်ပေါ်လဲသွား၏။ ဟန်နီ သူ့ထံ ပြေးသွားသည်။ သွေးတို့က သေနတ်ဒဏ်ရာဟုထင်ရသည့် အပေါက်မှ စီးကျနေသည်။

"ငြိမ်ငြိမ်လှဲနေ" ဟန်နီက ပြော၏။ သူမ ရေချိုးခန်းသို့ အလျင်အမြန်သွားပြီး ပါအောက်ဆိုဒ်တချို့နှင့် ရေချိုးပဝါအကြီးတစ်ထည်ကို ယူလာ၏။ သူမ မိုက်ဆီသို့ ပြန်သွား၏။

"နည်းနည်းတော့ နာမယ်နော်" သူမ သတိပေးလိုက်သည်။ သူက ထိုနေရာတွင်ပင် လဲနေပြီး လှုပ်ရှားဖို့ပင် အားမရှိဖြစ်နေသည်။ သူမက ပါအောက်ဆိုဒ်ကို အနာထဲသို့ ထည့်ပေးလိုက်ပြီး ပဝါဖြင့် ဖိထား၏။ သူက လက်ကိုကိုက်လိုက်ပြီး မအော်မိအောင် ထိန်းထား၏။

"ကျွန်မ သူနာပြုကားခေါ်ပြီး ဆေးရုံကို ပို့ပေးမယ်" ဟန်နီက ပြောသည်။

သူက သူမလက်ကို ဖမ်းဆွဲလိုက်၏။ "ဟင့်အင်း။ ဆေးရုံးမသွားဘူး။ ရဲတွေ မသိစေချင်ဘူး"။ သူ့အသံက တဖြည်းဖြည်း အားဖျော့လာသည်။ "ကိတ် ဘယ်မှာလဲ?"

"ကျွန်မ မသိဘူး" ဟန်နီက ပြော၏။ သူမသည် ကိတ်တစ်ယောက် မယ်လိုရီနှင့် တစ်နေရာရာတွင် ရှိနေမည်မှန်းတော့သိသည်။ သို့သော် ဘယ်နေရာလဲတော့ မသိ။ "ကျွန်မ သူငယ်ချင်းတစ်ယောက်ကို ခေါ်လိုက်ဦးမယ်"

"ပေ့ချ်ကိုလား?" သူက မေး၏။

ဟန်နီ ခေါင်းညိတ်လိုက်သည်။ "အင်း"။ ဒါဆို ကိတ်က သူ့ကို ငါတို့နှစ်ယောက်အကြောင်း ပြောပြထားတာပေါ့။

ဆေးရုံရှိ ပေ့ချ်အား အဆက်အသွယ်ရဖို့ အချိန် ၁၀ မိနစ်ခန့်ကြာသည်။

"နင် အိမ်ပြန်လာရင်ကောင်းမယ်" ဟန်နီက ပြော၏။

"ငါ အွန်ကောတာဝန်လေ၊ ဟန်နီ။ ငါ ဒီမှာ. . ."

"ကိတ် မောင်လေး ဒီမှာ ရောက်နေတယ်"

"အိုး. . .သူ့ကို . . ."

"သူ သေနတ်ပစ်ခံထားရတယ်"

"သူ ဘာဖြစ်တယ်?"

"သေနတ်ပစ်ခံထားရတယ်"

"ငါ ဆေးအကူအဖွဲ့တွေ လွှတ်ပြီး. ." "သူက ဆေးရုံတွေ၊ ရဲတွေနဲ့ မပတ်သက်ချင်ဘူးတဲ့။ ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူး"

"အခြေအနေဆိုးလား?"

"တော်တော့်ကို ဆိုးတယ်"

ခဏမျှ ရပ်နေ၏။ "ငါ့နေရာကို အစားထိုးဖို့ တစ်ယောက်ရှာလိုက်ဦးမယ်။ ငါအဲဒီကို နာရီဝက်အတွင်းလာခဲ့မယ်"

ဟန်နီ ဖုန်းခွက်ကို ချလိုက်ပြီး မိုက်ထံ လှည့်လိုက်၏။ "ပေ့ချ် လာနေပြီ"

၂ နာရီအကြာ တိုက်ခန်းရှိရာသို့ အပြန်လမ်းတွင် ကိတ်သည် ပျော်ရွှင်ကြည်နူးသည့် ခံစားမှုတို့နှင့် ပြည့်နေသည်။ သူမ၏ အတိတ်က ဆိုးရွားလှသည့် အတွေ့အကြုံကြောင့် သူမသည် လိင်ဆက်ဆံရမည်ကို ကြောက်လန့်နေခဲ့သည်။ သို့သော် ကန်မယ်လိုရီက ၎င်းကို ပျော်ရွှင်စရာအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ သူမကိုယ်တိုင်ပင် ရှိမည်ဟု မထင်ထားခဲ့သော စိတ်ခံစားမှုများကို သူက ဖွင့်ထုတ်ပေးခဲ့သည်။

နောက်ဆုံးအချိန်တွင်မှ လောင်းထားသောဆရာဝန်များအား အနိုင်ယူလိုက်နိုင်ခြင်းအတွက် ပြုံးမိသည်။ ကိတ်သည် တိုက်ခန်းတံခါးကို ဖွင့်လိုက်ပြီးနောက် ကြက်သေသေလျက်ရပ်နေမိသည်။ ပေ့ချ်နှင့် ဟန်နီတို့သည်

မိုက်ဘေးတွင် ဒူးထောက်နေကြသည်။ သူကတော့ ကြမ်းပြင်ပေါ် လဲနေသည်။ ခေါင်းအုံးတစ်လုံးကို ခေါင်းအောက်မှာ ခုထားပြီး ခန္ဓာကိုယ်ဘေးဘက်ကိုတော့ ပဝါဖြင့် ဖိထားသည်။ အဝတ်အစားတို့က သွေးများဖြင့် ရွှဲနေသည်။

ပေ့ချ်နှင့် ဟန်နီတို့ ကိတ်ဝင်လာသည်ကို ကြည့်နေ၏။

"မိုက်၊ ဘုရားရေ" သူမ မိုက်ထံသို့ ပြေးသွားပြီး ဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

"ဘာဖြစ်တာလဲဟင်?"

"ဟိုင်း. . .မမ" သူ့အသံမှာ တီးတိုးသာ ထွက်လာ၏။

"သူ သေနတ်ပစ်ခံရတယ်" ပေ့ချ်က ပြော၏။ "သူသွေးတွေ အရမ်းထွက်နေတယ်" "သူ့ကို ဆေးရုံခေါ်သွားရအောင်" ကိတ်ကပြော၏။

မိုက်က ခေါင်းခါလိုက်သည်။ "ဟင့်အင်း" သူက ပြော၏။ "မမက ဆရာဝန်ပဲ။ ကျွန်တော့်ကို ကုပေးပါ"။ ကိတ် ပေ့ချ်ကို လှမ်းကြည့်လိုက်၏။

"ငါတတ်နိုင်သလောက်တော့ သွေးတိတ်အောင်လုပ်ပြီးပြီ။ ဒါပေမဲ့ ကျည်ဆံက သူ့ထဲမှာ ရှိနေတုန်းပဲ။ ငါတို့ ဆီမှာ ကျည်ဆံထုတ်ဖို့ ကိရိယာတွေ မရှိ. . ." "သူသွေးထွက်နေတုန်းပဲနော်" ကိတ်က ပြော၏။ သူမသည် မိုက်၏ဦးခေါင်းအား လက်မောင်းထဲတွင်ထားကာ ချော့လိုက်ပြီး "ငါပြောတာနားထောင်၊ မိုက်။ နင် ဆေးရုံမသွားဘူးဆိုရင် သေလိမ့်မယ်" "မမ. . .ဒီကိစ္စကို. . .သတင်း. . .မပို့. .. ကျွန်တော် ရဲတွေနဲ့ မတွေ့ချင်ဘူး"

ကိတ်က တည်ငြိမ်စွာမေး၏။ "နင် ဘယ်လိုကိစ္စမျိုးမှာ ဝင်ပါခဲ့တာလဲ၊ မိုက်?"

"ဘာမှ မဟုတ်ပါဘူး။ ကျွန်တော်. . .အရောင်းအဝယ်တစ်ခုမှာ ဝင်ပါ. . .နောက် နည်းနည်း အငြင်းပွားကြတယ်. . .နောက် တစ်ယောက်က စိတ်ဆိုးသွားပြီး ကျွန်တော့်ကို ပစ်လိုက်တယ်"

ထိုကဲ့သို့သော ဇာတ်လမ်းမျိုးကို ကိတ်သည် နှစ်နှင့်ချီ၍ နားဆင်ခဲ့သည်။ အလိမ်အညာတွေ။ အားလုံးသည် အလိမ်အညာတွေပင်ဖြစ်သည်။ သူမ သိနေခဲ့သည်။ ယခုလည်း သိသည်။ သို့သော် သူမကိုယ်သူမ အမှန်တရား၏ အဝေးတွင်ပင် ရှောင်ပုန်းခဲ့၏။ မိုက်က သူမလက်မောင်းအား ကိုင်လိုက်ပြီး "ကျွန်တော့်ကို ကူညီမှာလား၊ မမ?"

"အင်း။ ငါနင့်ကို ကူညီမှာပါ၊ မိုက်"။ ကိတ် ကိုင်းလိုက်ပြီး သူ့ပါးကို နမ်းလိုက်သည်။ ထို့နောက် သူ မတ်တတ်ရပ်လိုက်ပြီး တယ်လီဖုန်းရှိရာသို့ သွား၏။ သူမ ဖုန်းခွက်ကို ကိုင်လိုက်ပြီး ဆေးရုံအရေးပေါ်ခန်းနံပါတ်ကို ခေါ်လိုက်၏။ "ဒေါက်တာဟန်တာပါ" သူမက တည်ငြိမ်စွာဖြင့်ပြော၏။ "ကျွန်မ ဆေးရုံကားတစ်စီး အခုလိုချင်တယ်. . ."

ဆေးရုံတွင် ကိတ်သည် ပေ့ချ်အား ကျည်ဆံကို ထုတ်ယူခိုင်းသည်။

"သူသွေးတွေ အများကြီး ဆုံးရှုံးထားတယ်" ပေ့ချ်က ပြော၏။ သူမသည် ကူညီနေသော ဆရာဝန်ဘက်လှည့်လိုက်ပြီး "သူ့ကို သွေးတစ်ပုလင်း ထပ်သွင်းလိုက်"

ခွဲစိတ်ခြင်း ပြီးဆုံးသောအခါ အရက်တက်နေချေပြီ။ ခွဲစိတ်ခြင်းသည်

အောင်မြင်ခဲ့သည်။

အားလုံးပြီးသွားသောအခါ ပေ့ချ်က ကိတ်အား ခေါ်တွေ့၏။ "ဒီကိစ္စကို ငါဘယ်လို သတင်းပို့ရမလဲ?" သူမက မေး၏။ "ငါ မတော်တဆမှု ဒါမှမဟုတ်. . ."

"ဟင့်အင်း" ကိတ်က ပြော၏။ သူမ အသံတွင် နာကျင်မှုတို့နှင့် ပြည့်နေသည်။ "ငါ့ အစောကြီးကတည်းက လုပ်သင့်တာပါ။ နင် ဒီကိစ္စကို သေနတ်ပစ်ဒဏ်ရာအနေနဲ့ပဲ သတင်းပို့လိုက်"

မယ်လိုရီသည် ကိတ်အား ခွဲစိတ်ခန်းပြင်ပတွင် စောင့်နေ၏။

"ကိတ်၊ ကိုယ် မင်းမောင်လေးအကြောင်း ကြားရတယ်"

ကိတ်က နှမ်းလျစွာပင် ခေါင်းညိတ်ပြလိုက်သည်။

"ကိုယ်တောင်းပန်ပါတယ်။ သူ အခြေအနေကောင်းရဲ့လား?"

ကိတ်က မယ်လိုရီအား ကြည့်ပြီး ပြောလိုက်၏။ "အင်း။ သူ့ဘဝမှာ ပထမဆုံးအနေနဲ့ သူ့အခြေအနေကောင်းပါတယ်"

မယ်လိုရီ ကိတ်လက်အား ညှစ်လိုက်၏။ "မနေ့ညက ဘယ်လောက်တောင် ကောင်းခဲ့လည်းဆိုတာ မင်းသိအောင် လာပြောတာပါ။ မင်းက အံ့ဖွယ်ပဲ။ အိုး. . .ခုမှ သတိရတယ်။ ကိုယ်နဲ့ လောင်းထားတဲ့ ဆရာဝန်တွေ ဧည့်ခန်းထဲမှာ စောင့်နေကြတယ်။ ဒါပေမဲ့ မင်းမှာလည်း ဒီလိုကိစ္စတွေဖြစ်ခဲ့တယ်ဆိုတော့ အဲဒီကို မသွားချင်လောက်ဘူးထင်. . ."

"ဘာလို့မသွားရမှာလဲ?"

သူမက သူ့လက်မောင်းကို ဆွဲလိုက်ကာ နှစ်ယောက်သား ဧည့်ခန်းရှိရာသို့ သွားကြ၏။ သူတို့ လာနေသည်ကို ဆရာဝန်များက ကြည့်နေ၏။

ဂရမ်ဒီက ပြော၏။ "ဟိုင်း၊ ကိတ်။ ကျွန်တော်တို့ ခင်ဗျားဆီက ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ကြားချင်တာရှိတယ်။ ဒေါက်တာမယ်လိုရီက ပြောတယ်။ ခင်ဗျာနဲ့သူ ညက အတူတူနေခဲ့တယ်တဲ့။ ပြီးတော့ အရမ်းလည်းကောင်းတယ် ဆိုပဲ"

"ကောင်းတယ်ဆိုတာထက်ကို ပိုကောင်းပါတယ်" ကိတ်က ပြော၏။ "ဒါ မဟားဒရားကို ကောင်းတာ" သူမက မယ်လိုရီ၏ ပါးအား နမ်းလိုက်သည်။ "နောက်မှ တွေ့တာပေ့ါ၊ အချစ်"

ဆရာဝန်များသည် ပါးစပ်အဟောင်းသားဖြင့် ကိတ် ထွက်သွားသည်ကို ထိုင်ကြည့်နေ၏။

အဝတ်လဲခန်းထဲတွင် ကိတ်သည် ပေ့ချ်နှင့် ဟန်နီတို့အား ပြောပြ၏။ "ဒီကိစ္စဖြစ်နေတော့ နင်တို့ကို ငါ့သတင်းတောင် မပြောပြရသေးဘူး"

"ဘာသတင်းလဲ?" ပေ့ချ်က မေး၏။

"ကန်က ငါ့ကို လက်ထပ်ခွင့်တောင်းထားတယ်"

သူတို့ မျက်နှာတွင် မယုံကြည်သည့် အရိပ်အယောင်များ ပေါ်နေ၏။

"နောက်နေတာလား?" ပေ့ချ်က ပြော၏။

"ဟင့်အင်း။ သူမနေ့ညက ငါ့ကို လက်ထပ်ခွင့်တောင်းတာ။ ငါ လက်ခံလိုက်တယ်"

"ဒါပေမဲ့ နင်သူ့ကို လက်ထပ်လို့ မဖြစ်ဘူး" ဟန်နီက ထပြော၏။ "သူဘယ်လိုလူမျိုးလဲဆိုတာ နင်သိသားနဲ့။ ငါပြောချင်တာက သူက လောင်းကြေးကြောင့်သာ နင်နဲ့ အတူတူ အိပ်ချင်တာလေ"

"သူအောင်မြင်ခဲ့ပါတယ်" ကိတ်က ပြုံးလိုက်၏။

ပေ့ချ် သူမအား ကြည့်လိုက်၏။ "ငါ နားမလည်တော့ဘူး" ကိတ်က ပြော၏။ "ငါတို့ သူ့ကို အထင်မှားခဲ့တယ်ဟ။ လုံးဝကို မှားခဲ့တာ။ ကန်က လောင်းကြေးအကြောင်း သူ့ဟာသူ ငါ့ကို ပြောပြတယ်။ တစ်ချိန်လုံး ဒီလောင်းကြေးက သူ့စိတ်ကောင်းစေတနာကို နှောင့်ယှက်နေခဲ့တာ။ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ နင်တို့ မသိကြဘူးလား။ ငါက သူနဲ့ အပြင်ထွက်ပြီး သူ့ကို အပြစ်ပေးဖို့ လုပ်ခဲ့တယ်။ သူကတော့ ငါနဲ့အပြင်ထွက်ပြီး ပိုက်ဆံတွေ နိုင်ဖို့လုပ်ခဲ့တယ်။ နောက်ဆုံး ငါတို့ တစ်ယောက်နဲ့ တစ်ယောက် ချစ်သွားမိတယ်လေ။ အိုး. . .ဘယ်လောက်တောင်ပျော်လဲဆိုတာ ပြောမပြနိုင်လောက်အောင်ပဲ"

ဟန်နီနှင့် ပေ့ချ်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်နေ၏။ "နင်တို့ ဘယ်တော့ လက်ထပ်မှာလဲ?" ဟန်နီက မေးသည်။

"ငါတို့ မတိုင်ပင်ရသေးဘူး။ ဒါပေမဲ့ မကြာပါဘူးဟာ။ နင်တို့နှစ်ယောက်လုံး သတို့သမီးအရံလုပ်ပေးရမယ်နော်"

"ရပါတယ်ဟာ" ပေ့ချ်က ပြော၏။ "ငါတို့ လုပ်ပေးမှာပါ"။ သို့သော် သံသယတစ်ခုက သူမစိတ်အား နှောင့်ယှက်နေ၏။ သူမ သန်းလိုက်သည်။ "တစ်ညလုံးပင်ပန်းထားတယ်။ ငါပြန်ပြီး တစ်ရေးလောက် အိပ်လိုက်ဦးမယ်ဟာ"

"ငါ မိုက်နဲ့ ဒီမှာ နေလိုက်ဦးမယ်" ကိတ်က ပြော၏။ "သူနိုးလာတဲ့အခါ ရဲတွေက သူနဲ့ စကားပြောချင်မှာပဲ" သူမသည် သူတို့လက်များကို ကိုင်လိုက်ပြီး "သူငယ်ချင်းကောင်းတွေကို ကျေးဇူးတင်ပါတယ်"

အိမ်အပြန်လမ်းတွင် ပေ့ချ်သည် ထိုညတွင် ဖြစ်ပျက်ခဲ့သည်တို့ကို ပြန်တွေးနေ၏။ ကိတ် သူမမောင်လေးအား ဘယ်လောက်ချစ်သည်ကို သူမသိ၏။ သူ့အား ရဲလက်ထဲအပ်ဖို့ဆိုသည်မှာ သတ္တိအတော်မွေးယူရမည်။ ငါအစောကြီးကတည်းက လုပ်ခဲ့သင့်တာပါတဲ့ သူမက ပြောခဲ့သည်။

ပေ့ချ် တိုက်ခန်းရှိရာသို့ လာနေစဉ်မှာပင် တယ်လီဖုန်းက မြည်လာ၏။ သူမ အလျင်အမြန်သွားကာ ကောက်ကိုင်လိုက်သည်။

ဂျေဆင်ဖြစ်နေ၏။ "ဟိုင်း. . .မင်းကို ကိုယ်ဘယ်လောက်လွမ်းလဲဆိုတာ ပြောပြမလို့။ မင်း ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား?"

ပေ့ချ်သည် သူ့အား ပြောပြချင်သည်။ လူတိုင်းကို ရင်ဖွင့်လိုက်ချင်သည်။ သို့သော် ပုဂ္ဂိုလ်ရေး သိပ်ဆန်လွန်းနေသည်။ ကိတ်ပိုင်ဆိုင်သည့်အရာ မဟုတ်လား။

"ဘာမှ မဖြစ်ပါဘူး" ပေ့ချ်က ပြော၏။ "အားလုံး ကောင်းပါတယ်"

"အင်း။ ဒီည ညစာအတွက် အားလား?"

ညစာစားဖို့ ဖိတ်ခေါ်ခြင်းထက် ပိုမည်ဟု ပေ့ချ် သတိပြုမိသည်။ ငါသူ့ကို ထပ်တွေ့နေမယ်ဆိုရင် ငါ သံယောဇဉ်တွေ ဖြစ်လာတော့မယ်ဟု ပေ့ချ် တွေးမိ၏။ သူမဆက်ပြောမည်များသည် သူမဘဝ၏ အရေးအကြီးဆုံး ဆုံးဖြတ်ချက်တစ်ခုဖြစ်လာလိမ့်မည်ဟု သူမသိလိုက်သည်။

သူမ အသက်ပြင်းပြင်း ရှူသွင်းလိုက်၏။ "ဂျေဆင်. . ." ထိုအချိန်မှာပင် တံခါးဘဲလ်သံက မြည်လာ၏။ "ခဏလောက်ကိုင်ထားလိုက်ဦး၊ ဂျေဆင်"

ပေ့ချ် တယ်လီဖုန်းအား အောက်ခဏချထားလိုက်ပြီး တံခါးဆီသို့ သွားကာ ဖွင့်လိုက်၏။

အဲဖရက်တာနာသည် တံခါးအပြင်တွင် ရပ်နေသည်။

(အခန်း ၂၅)

ပေ့ချ် မလှုပ်မယှက် ရပ်နေ၏။ အဲဖရက်က ပြုံးလိုက်သည်။ "ကိုယ် ဝင်လာလို့ ရမလား?"

ပေ့ချ် ပျာယာခတ်သွားသည်။ "ရ. . .ရပါတယ်။ ကျွန်မ တောင်း. .. တောင်းပန်ပါတယ်"။ သူမသည် အဲဖရက် ဧည့်ခန်းတွင်းသို့ လမ်းလျှောက်ဝင်သွားသည်ကို ကြည့်နေ၏။ သူမ စိတ်ခံစားမှုအမျိုးမျိုးဖြင့် ရှုပ်ထွေးနေ၏။ သူမသည် တစ်ချိန်တည်းတွင်ပင် ပျော်ရွှင်၊ စိတ်လှုပ်ရှား၊ ဒေါသထွက်နေသည်။ ငါဘာလို့ ဒီလိုဖြစ်နေရတာလဲ? ပေ့ချ် တွေးမိသည်။ သူက နှုတ်ဆက်ဖို့ ဝင်လာတာဖြစ်နိုင်တာပဲ။

အဲဖရက် သူမဘက်လှည့်လိုက်၏။ "ကိုယ် ကာရင်နဲ့ လမ်းခွဲလိုက်ပြီ" စကားလုံးတို့က တုန်လှုပ်သွားစေသည်။

အဲဖရက် သူမထံသို့ ပိုမို တိုးကပ်လာသည်။ "ကိုယ် အမှားကြီးကြီးမားမားတစ်ခု လုပ်ခဲ့တယ်၊ ပေ့ချ်။ ကိုယ်မင်းကို မထားခဲ့သင့်ဘူး။ လုံးဝ မထားခဲ့သင့်ဘူး"

"အဲဖရက်. . ." ပေ့ချ် ရုတ်တရက် သတိရသွားသည်။ "ခွင့်ပြုပါဦး" သူမ တယ်လီဖုန်းရှိရာသို့ အလျင်အမြန်သွားလိုက်ပြီး ကောက်ကိုင်လိုက်သည်။ "ဂျေဆင်?"

"အင်း၊ ပေ့ချ်။ ဒီည ကိုယ်တို့ . . ."

"ကျွန်မ. . .ကျွန်မ ရှင်နဲ့ တွေ့လို့မရဘူး"

"အိုး. . .ဒီည အဆင်မပြေဘူးဆိုရင် မနက်ဖြန်ညကော?"

"ကျွန်မ. . .ကျွန်မ မသေချာဘူး"

သူမအသံမှ ဖိစီးနေမှုကို သူ ခံစားမိသည်။ "တစ်ခုခု မှားနေလားဟင်?"

"ဟင့်အင်း။ အားလုံး ကောင်းပါတယ်။ ကျွန်မ ရှင့်ကို မနက်ဖြန် ဖုန်းပြန်ဆက်ပြီး ရှင်းပြမယ်"

"ကောင်းပြီလေ" သူ့အသံက နားမလည်သည့်ပုံပေါ်နေသည်။

ပေ့ချ် ဖုန်းခွက်ကို ပြန်ချလိုက်သည်။

"ကိုယ်မင်းကို လွမ်းနေတာ၊ ပေ့ချ်" အဲဖရက်က ပြော၏။ "မင်းကော ကိုယ့်ကို လွမ်းလား?"

ဟင့်အင်း။ ကျွန်မ လမ်းပေါ်က လူစိမ်းတွေနောက်လိုက်ပြီး အဲဖရက်လို့ပဲ လိုက်ခေါ်ခဲ့တာ။ "အင်း" ပေ့ချ် ဝန်ခံလိုက်သည်။

"ကောင်းပြီ။ ကိုယ်တို့ အတူတူ ရှိနေရမှာ။ မင်းသိပါတယ်။ ကိုယ်တို့ အမြဲတမ်းရှိခဲ့သလိုပေ့ါ"

ကျွန်မတို့ ရှိခဲ့လို့လား? ဒါကြောင့် ရှင်က ကာရင်ကို လက်ထပ်လိုက်တာလား? ကျွန်မဘဝထဲကို ရှင့်စိတ်ကြိုက် ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်လို့ ရမယ်လို့ ထင်ထားတာလား?။

အဲဖရက် သူမနား ပိုမိုတိုးကပ်၍ ရပ်လိုက်သည်။ "မဟုတ်ဘူးလားဟင်?"

ပေ့ချ် သူ့အားကြည့်ပြီး ပြောလိုက်၏။ "ကျွန်မ မသိဘူး"။

အဖြစ်အပျက်က မြန်ဆန်လွန်းနေသည်။

အဲဖရက် သူမလက်ကို လှမ်းကိုင်လိုက်သည်။ "အေးပေါ့လေ"

"ကာရင်နဲ့ ဘာဖြစ်ခဲ့တာလဲ?"

အဲဖရက် ပခုံးတွန့်လိုက်၏။ "ကာရင်က မှားယွင်းမှုတစ်ခုပါကွာ။ မင်းအကြောင်းနဲ့ ကိုယ်တို့အတူတူရှိခဲ့တဲ့ အကြောင်းတွေ ကိုယ်တစ်ချိန်လုံး တွေးနေခဲ့တယ်။ ကိုယ်တို့ဟာ အဖော်မွန်တွေ မဟုတ်လား"

သူမသည် သူ့ကို သတိထားကာ ကြည့်နေ၏။ "အဲဖရက်. . ."

"ကိုယ်ဒီမှာ နေတော့မယ်၊ပေ့ချ်။ ဒီမှာဆိုတာ ဒီနေရာကို ပြောတာမဟုတ်ဘူး။ ကိုယ်တို့ နယူးယောက်ကို တူတူသွားကြမယ်"

"နယူးယောက်?"

"အင်း။ ကိုယ်မင်းကို ပြောပြမယ်။ ကိုယ် ကော်ဖီတစ်ခွက်လောက် ရမလား?"

"ရပါတယ်။ ကျွန်မ အသစ်တစ်အိုးတည်လိုက်မယ်။ မိနစ်အနည်းငယ်ပဲ ကြာမှာပါ"

အဲဖရက် သူမနှင့်အတူ မီးဖိုချောင်ထဲ လိုက်လာ၏။ ပေ့ချ် ကော်ဖီကို စတင်ပြင်ဆင်နေသည်။ သူမ အတွေးများကို အစီအစဉ်ကျအောင် စီစဉ်နေရ၏။ သူမသည် အဲဖရက်အား အလွန်အမင်း တောင့်တနေခဲ့သည်။ ယခု သူ ရောက်လာပြီ. . .

အဲဖရက်က ပြော၏။ "ကိုယ် ကုန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ အများကြီး သိလာခဲ့တယ်၊ ပေ့ချ်။ ကိုယ် ရင့်ကျက်လာပြီ"

"အို့?"

"အင်း။ ကိုယ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ နှစ်တွေအများကြီး အလုပ်လုပ်ခဲ့တာကို သိတယ်နော်"

"ကျွန်မ သိပါတယ်"

"အဲဒီ နိုင်ငံတွေက ကိုယ်တို့ ကလေးဘဝကလိုပဲ ဘာမှ မပြောင်းလဲဘူး။ အမှန်အတိုင်းပြောရရင် တချို့နိုင်ငံတွေဆို ပိုတောင် ဆိုးလာသေးတယ်။ ရောဂါတွေ၊ ဆင်းရဲငတ်မွတ်မှုတွေ ပိုတောင် ပေါလာသေးတယ်"

"ဒါပေမဲ့ ရှင်က အဲဒီမှာ ကူညီနေခဲ့တယ်လေ" ပေ့ချ်က ပြော၏။

"ဟုတ်တယ်။ ဒါပေမဲ့ ကိုယ် နိုးထလာပြီ"

"နိုးထလာတယ်?"

"ကိုယ့်ဘဝကို ဖြုန်းတီးပစ်နေခဲ့တယ်ဆိုတာ ကိုယ်နားလည်ခဲ့တယ်။ ကိုယ်အဲဒီက စိတ်ပျက်စရာတွေကြားထဲမှာ ၂၄ နာရီအလုပ်လုပ်ပြီး ဗဟုသုတမရှိတဲ့ တောသားတွေကို ကူညီခဲ့တယ်။ ဒီမှာသာဆိုရင် ကိုယ်ငွေတွေအများကြီး စုဆောင်းမိနေလောက်ပြီ"

ပေ့ချ် မယုံကြည်နိုင်လောက်အောင်ဖြစ်သွား၏။

"ကိုယ် နယူးယောက်က ပန်းခြံရိပ်သာလမ်းမှာ ဆေးခန်းဖွင့်နေတဲ့ ဆရာဝန်တစ်ယောက်နဲ့ တွေ့ခဲ့တယ်။ သူ တစ်နှစ် ဝင်ငွေ ဘယ်လောက်ရှိတယ်ထင်လဲ? ဒေါ်လာ ငါးသိန်းကျော်တယ်။ ကိုယ်ပြောတာ ကြားရဲ့လား? တစ်နှစ်ကို ဒေါ်လာငါးသိန်းကြီးများတောင်"

ပေ့ချ် သူ့အား စိုက်ကြည့်နေ၏။

"ကိုယ့်ကိုယ်ကို ပြန်ပြောမိတယ်။ ကိုယ်ဘဝမှာ ဒီလိုငွေမျိုးတွေ

ဘယ်ရောက်နေလဲလို့? အဲဒီဆရာဝန်က ကိုယ့်ကို တွဲဘက်အဖြစ်လုပ်ဖို့ ကမ်းလှမ်းလာတယ်လေ"။ အဲဖရက်က ဂုဏ်ယူစွာ ပြောသည်။ "ကိုယ် သူနဲ့ လိုက်သွားတော့မယ်။ ဒါကြောင့် ကိုယ်တို့ နှစ်ယောက် နယူးယောက်ကို သွားမယ်လို့ ပြောတာ"

ပေ့ချ် ထိုနေရာတွင်ရပ်နေသည်။ ကြားရသည်တို့က သူမကို ကျောက်ရုပ်ကဲ့သို့ ဖြစ်သွားစေသည်။

"ကိုယ်တို့ ၂ ယောက်အတွက် အမိုးပေါ်အိမ်တစ်လုံး ဝယ်နိုင်တော့မယ်။ မင်းအတွက် ဝတ်စုံလှလှလေးတွေ ဝယ်ပေးနိုင်တော့မယ်။ ကိုယ်မင်းကို ပေးမယ်လို့ ကတိပေးခဲ့တာတွေအားလုံး ရရစေမယ်"။ သူ ပြုံးနေ၏။ "အံ့သြနေလား?"

ပေ့ချ် အာခေါင်ခြောက်လာ၏။ "ကျွန်မ. . .ကျွန်မ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ အဲဖရက်"

သူ ရယ်လိုက်၏။ "ဒါပေါ့ ဘယ်သိတော့မလဲ။ တစ်နှစ်ကို ဒေါ်လာငါးသိန်းဆိုတာက လူတစ်ယောက်ကို ဆွံ့အသွားစေဖို့ လုံလောက်တယ်လေ"

"ကျွန်မ ပိုက်ဆံအကြောင်း တွေးနေတာမဟုတ်ဘူး" ပေ့ချ်က ဖြေးညင်းစွာ ပြော၏။

"မဟုတ်ဘူးလား?"

သူမသည် သူ့ကို ပထမဆုံးအကြိမ်တွေ့ဖူးသည့်သူကဲ့သို့ သေချာစွာ ကြည့်နေ၏။

"အဲဖရက်၊ ရှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ အလုပ်လုပ်ခဲ့တုန်းက လူတွေကို ကူညီနေတယ်လို့ မခံစားမိဘူးလား?"

သူ ပခုံးတွန့်လိုက်သည်။ "ဘယ်အရာကမှ ဒီလူတွေကို မကူညီနိုင်ပါဘူး။ ပြီးတော့ ဘယ်သူကရော ဂျရစ်ကိုမ်မှာ မို့လို့လဲ? ကာရင်က ကိုယ့်ကို ဘင်္ဂလားဒေ့ရှ်မှာ နေခိုင်းတယ်လေ။ ကိုယ်က သူ့ကို မနေနိုင်ဘူးပြောလိုက်လို့ သူမ ပြန်သွားတယ်"။ သူက ပေ့ချ် လက်အား ကိုင်လိုက်၏။

"ကဲ. . .ကိုယ် အခု ဒီ ရောက်နေပြီ. . .မင်းက ငြိမ်လှချည်လား။ ကိုယ့်အထင် ဒါတွေကို အံ့သြလွန်းသွားတယ် မဟုတ်လား?"

ပေ့ချ် သူမ အဖေကို ပြန်တွေးမိသည်။ သူသည် ပန်းခြံရိပ်သာလမ်းတွင်သာ နေထိုင်ခဲ့ပါက အကြီးအကျယ် အောင်မြင်နိုင်သည်။ သို့သော် သူသည် ငွေကို စိတ်မဝင်စားခဲ့။ သူစိတ်ဝင်စားသည့် တစ်ခုတည်းသောအရာက လူတွေကို ကူညီဖို့ပင်။

"ကိုယ် ကာရင်နဲ့ ကွာရှင်းခဲ့ပြီးပြီ။ ကိုယ်တို့ ချက်ချင်း လက်ထပ်လို့ရတယ်"

သူက သူမလက်ကို ပုတ်လိုက်၏။ "နယူးယောက်မှာ နေတာကို ဘယ်လိုသဘောရလဲဟင်?"

ပေ့ချ် အသက်ပြင်းပြင်း ရှူလိုက်၏။ "အဲဖရက်. . ."

သူ့မျက်နှာတွင် မျှော်လင့်နေသည့် အပြုံးတစ်ခု ပေါ်လာသည်။

"အင်း. .?"

"ထွက်သွားတော့"

အပြုံးက တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ "ဘာ. .?"

ပေ့ချ် ထရပ်လိုက်သည်။ "ရှင့်ကို ဒီကထွက်သွားတော့လို့ ပြောတာ"

သူ စိတ်ရှုပ်ထွေးသွား၏။ "ကိုယ့်ကို ဘယ်သွားစေချင်တာလဲ?" "ကျွန်မ မပြောပြဘူး" ပေ့ချ်က ပြော၏။ "ပြောလိုက်ရင် ရှင့်ခံစားချက်တွေကို ထိခိုက်သွားလိမ့်မယ်"။

အဲဖရက် ထွက်သွားပြီးနောက်တွင် ပေ့ချ်သည် ထိုင်ရင်း အတွေးနယ်ချဲ့နေမိသည်။ ကိတ် ပြောတာ မှန်တယ်။ သူမသည် တစ္ဆေတစ်ကောင်ကို တွယ်ကပ်နေခဲ့ခြင်းပင်။ ဗဟုသုတမရှိတဲ့ တောသားတွေကို ကူညီခဲ့တယ်။ ဒီမှာသာဆိုရင် ကိုယ်ငွေတွေအများကြီး စုဆောင်းမိလောက်ပြီ. . .တစ်နှစ်ကို ဒေါ်လာငါးသိန်းကြီးများတောင်။

ဒီလိုလူကို ငါက တွယ်ကပ်နေခဲ့မိတာပဲဟု ပေ့ချ် အံ့သြစွာ တွေးမိသည်။

သူမသည် စိတ်ပျက်နေသင့်သည်။ သို့သော် သူမ ပီတိတို့ဖြင့် ပြည့်နေ၏။ သူမ ရုတ်တရက် လွတ်လပ်သွားသလို ခံစားရသည်။ ယခု သူမလိုချင်သည်ကို သူမ သိလိုက်၏။

သူမ တယ်လီဖုန်းရှိရာသို့ လျှောက်သွားလိုက်ပြီး ဂျေဆင်၏ ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။

"ဟယ်လို"

"ဂျေဆင်လား၊ ပေ့ချ်ပါ။ နီးတောင်ကြားက ရှင့်အိမ်အကြောင်း ပြောခဲ့တာ မှတ်မိသေးလား?"

"အင်း"

"ကျွန်မ အဲဒီအိမ်ကို ကြည့်ချင်တယ်။ ရှင် ဒီညအားလား?"

ဂျေဆင်က တည်ငြိမ်စွာ ပြန်ပြော၏။ "ဘာတွေ ဖြစ်နေတယ်ဆိုတာ ကိုယ့်ကို ပြောပြပါဦး၊ ပေ့ချ်။ ကိုယ် စိတ်ရှုပ်နေပြီ"

"ကျွန်မကသာ စိတ်ရှုပ်ရတဲ့သူပါ။ ကျွန်မက ကျွန်မဟာ ဟိုးအရင်တုန်းကသိခဲ့တဲ့လူတစ်ယောက်ကို ချစ်နေတယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ သူက အဲဒီတုန်းကလို မဟုတ်တော့ဘူး။ အခု ကျွန်မဘာလိုချင်လဲဆိုတာ သိပြီ"

"အင်း?"

"ကျွန်မ ရှင့်အိမ်ကို တွေ့ချင်တယ်"

နီးတောင်ကြားသည် အခြားရာစုနှစ်တစ်ခုတွင် ရှိနေသည်။ လူမျိုးပေါင်းစုံစုပေါင်းနေထိုင်ကြသည့် မြို့တော်တစ်ခု၏ အသည်းနှလုံးနေရာတွင်တည်ရှိနေသော ရောင်စုံကွန်းခိုရာနေရာလေးတစ်ခုဖြစ်သည်။ ဂျေဆင်၏ အိမ်မှာ သူ၏ ရောင်ပြန်ပုံရိပ်ပင်ဖြစ်၏။ သက်တောင့်သက်သာရှိသည်။ သပ်ရပ်သည်။ ချစ်စရာကောင်းသည်။

သူက ပေ့ချ်ကို အိမ်အတွင်းသို့ ခေါ်သွားသည်။ "ဒါက ဧည့်ခန်း၊ မီးဖိုချောင်၊ ဧည့်သည်ရေချိုးခန်း၊ စာဖတ်ခန်း. . ." သူက သူမအား ကြည့်ပြီး ပြောလိုက်၏။ "အိပ်ခန်းက အပေါ်ထပ်မှာ။ ကြည့်ချင်လား?"

ပေ့ချ် တိုးတိုးပြောလိုက်၏။ "အတိုင်းထက်အလွန်ပါပဲ"

သူတို့ လှေကားပေါ်တက်ပြီး အိပ်ခန်းရှိရာသို့ သွား၏။ ပေ့ချ် နှလုံးမှာ ပြင်းပြင်းထန်ထန် ခုန်နေ၏။ ရှေ့ဖြစ်လာမည်တို့က ရှောင်လွှဲ၍ မရချေ။ ငါ အစကတည်းက သိနေသင့်တယ်လို့ သူမတွေးမိသည်။

ဘယ်သူက အရင်စလိုက်မှန်း ပေ့ချ်မသိလိုက်။ သူတို့သည် ဖက်ထားကြပြီး ဂျေဆင်၏ နှုတ်ခမ်းများက သူမနှုတ်ခမ်းပေါ် ရောက်လာ၏။ ကမ္ဘာပေါ်တွင် သဘာဝအကျဆုံးအရာတစ်ခု

ဖြစ်ပေါ်လာသည်။ သူတို့သည် အပြန်အလှန် အဝတ်အစားများကို ချွတ်ပေးကြသည်။ နှစ်ယောက်စလုံးထံတွင် အလျင်လိုစိတ်တို့က စိုးမိုးထားသည်။ ထို့နောက် သူတို့ အိပ်ရာပေါ် ရောက်သွားကြ၏။ ချစ်ရည်လူးကြ၏။

"ဘုရားသခင်" သူက တီးတိုးပြော၏။ "ကိုယ်မင်းကို ချစ်တယ်"

"ကျွန်မသိပါတယ်" ပေ့ချ်က စ၏။ "ကျွန်မရှင့်ကို အဖြူရောင်ကုတ်အင်္ကျီဝတ်ခိုင်းကတည်းက မဟုတ်လား"

သူတို့ လိင်ဆက်ဆံအပြီးတွင် ပေ့ချ်ကပြော၏။ "ကျွန်မ ညကို ဒီမှာပဲ နေလိုက်တော့မယ်"

ဂျေဆင် ပြုံးလိုက်၏။ "မနက်ကျမှ ကိုယ့်ကို မုန်းမသွားနဲ့နော်"

"ကတိပေးပါတယ်"။ ပေ့ချ် ဂျေဆင်နှင့်အတူ ညကို ကုန်ဆုံးခဲ့သည်။ စကားပြောခဲ့၏. . .ချစ်ရည်လူး၏. . .စကားပြော၏. . .

မနက်ရောက်သောအခါ သူမက သူ့အတွက် မနက်စာပြင်ပေးသည်။

ဂျေဆင်သည် သူမကို ကြည့်ပြီး ပြော၏။ "ကိုယ် ဘယ်လိုဖြစ်ပြီး အရမ်းကံကောင်းလာလဲမသိဘူး၊ ကျေးဇူးတင်ပါတယ်"

"ကျွန်မကသာ ကံကောင်းသူပါ" ပေ့ချ်က သူ့ကို ပြော၏။

"မင်းသိလား? ကိုယ် မင်းဆီက ကိုယ်တောင်းထားတဲ့အဖြေ မရသေးဘူး"

"ဒီနေ့ နေ့လယ်မှာ ရရစေမယ်"

ထိုနေ့ နေ့လယ်တွင် ဂျေဆင့်ရုံးခန်း ရှိရာသို့ စာပို့သမားတစ်ယောက် စာအိတ်တစ်အိတ်နှင့်အတူ ရောက်လာ၏။ အထဲတွင် အိပ်ပုံစံအငယ်စားလေးနှင့်အတူ ဂျေဆင်ပို့လိုက်သည့် ကတ်ရှိနေ၏။ ထိုကတ်ပေါ်တွင် ရေးထားသည်မှာ. . .

ကျွန်တော့်အိမ် [ ]

ကျွန်တော်တို့ အိမ် [ x ]
ကျေးဇူးပြုပြီး တစ်ခုမှာ အမှတ်ခြစ်လိုက်ပါ။

(အခန်း ၂၆)

လုဒိုင်နက်တိုသည် ဆေးရုံမှ ဆင်းရန် အသင့်ဖြစ်နေသည်။ ကိတ် သူ့အခန်းသို့သွားပြီး နှုတ်ဆက်စကားဆို၏။ ရိုင်နီနှင့် ရှဲဒိုးတို့ ထိုနေရာတွင် ရှိနေသည်။

ကိတ် ဝင်လာသောအခါ ဒိုင်နက်တိုက သူတို့ဘက်လှည့်ကာ ပြောလိုက်၏။ "အပြင်ထွက်ပေး"

ကိတ် သူတို့ အခန်းပြင်ထွက်သွားသည်ကို ကြည့်နေ၏။

ဒိုင်နက်တိုက ကိတ်အားကြည့်ပြီး ပြော၏။ "ငါ မင်းကို အကြွေးတင်သွားပြီ"

"ရှင် ကျွန်မကို ဘာမှ အကြွေးမတင်ပါဘူး" "ငါ့အသက်ဟာ ဒီလောက်ပဲ တန်တယ်လို့ မင်းက ထင်နေတာလား? မင်း လက်ထပ်တော့မယ်လို့ ငါကြားတယ်"

"မှန်ပါတယ်"

"ဆရာဝန်တစ်ယောက်နဲ့ဆို"

"အင်း"

"မင်းကို ကောင်းကောင်းဂရုစိုက်ဖို့ သူ့ကို ပြောလိုက်။ မဟုတ်ရင် သူ ငါနဲ့ လာဖြေရှင်းရလိမ့်မယ်လို့"

"ကျွန်မ ပြောလိုက်ပါ့မယ်"

ခဏမျှ စကားမပြောကြချေ။

"မိုက်အတွက် စိတ်မကောင်းပါဘူး"

"သူ ကောင်းလာမှာပါ" ကိတ်က ပြော၏။ "ကျွန်မ သူနဲ့အကြာကြီး စကားပြောခဲ့တယ်။ သူပြန်ကောင်းလာမှာပါ"

"ကောင်းတယ်" ဒိုင်နက်တိုသည် ဖောင်းကားနေသော အညိုရောင်စာအိတ်တစ်အိတ်ကို သူမအား ပေးလိုက်၏။ "မင်္ဂလာလက်ဖွဲ့ပါ"

ကိတ် သူမခေါင်းကို ခါလိုက်၏။ "ဟင့်အင်း။ ကျေးဇူးတင်ပါတယ်"

"ဒါပေမဲ့. . ."

"ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ"

"မင်းလည်း ဂရုစိုက်ပါ။ မင်းသိလား? မင်းက တကယ့်ကို သတ္တိရှိတဲ့ မိန်းကလေးပဲ။ မင်းကို တစ်ခုပြောပြမယ်။ မှတ်ထားနော်။ မင်းအကူအညီတစ်ခုခု၊ ဘာပဲဖြစ်ဖြစ်လိုအပ်ခဲ့ရင် ငါ့ဆီကို လာခဲ့။ ကြားလား?"

"ကျွန်မ ကြားပါတယ်"။ သူအမှန်တကယ်ဆိုလိုကြောင်း သူမသိသည်။ သူမ သူ့ဆီ လုံးဝမသွားမှန်းကိုလည်း သူမသိသည်။

နောက်အပတ်တွင် ပေ့ချ်နှင့် ဂျေဆင်တို့သည် တယ်လီဖုန်းဖြင့် တစ်နေ့ သုံးလေးကြိမ်စကားပြော၏။ ပေ့ချ် အွန်ကောတာဝန်မကျသည့်ညတိုင်း တွေ့ကြသည်။

ဆေးရုံသည် ခါတိုင်းထက်ပင် အလုပ်ပိုများလာ၏။ ပေ့ချ်သည် ၃၆ နာရီ အလုပ်ဆင်းရပြီး တစ်ချိန်လုံး အရေးပေါ်လူနာများဖြင့် ပြည့်နေ၏။ သူမ အွန်ကောအခန်းထဲတွင် အိပ်ပျော်စအချိန်မှာပင် အရေးပေါ်တယ်လီဖုန်းက သူမကို နှိုး၏။

သူမ တယ်လီဖုန်းကို စမ်းတဝါးဝါး ရှာဖွေလိုက်ပြီး နားနှင့် တေ့လိုက်၏။ "ဟလို?"

"ဒေါက်တာတေစ်လာ၊ အခန်း ၄၂၂ ကို ချက်ချင်းလာခဲ့ပေးပါ"

ပေ့ချ် သူမစိတ်ကို ကြည်လင်အောင် ကြိုးစား၏။ အခန်း ၄၂၂။ ဒေါက်တာဘာကာ၏ လူနာတစ်ယောက်ဖြစ်သည်။

လန့်ကယ်လီ။ သူသည် နှလုံးအဆို့ရှင်တစ်ခု အစားထိုးထားသူဖြစ်သည်။ တစ်ခုခုတော့ မှားနေပြီ။ ပေ့ချ် အိပ်ရာပေါ်မှ လူးလဲထလိုက်ပြီးနောက် လူသူမရှိသော ကော်ရစ်ဒါပေါ်သို့ လျှောက်လိုက်သည်။ သူမ ဓာတ်လှေကားကို မစောင့်ဖို့ ဆုံးဖြတ်လိုက်၏။ သူမ လှေကားပေါ် ပြေးတက်သွားသည်။ သူနာပြုက စိုးရိမ်လွန်နေတာလည်း ဖြစ်နိုင်သည်။ အကယ်၍ စိုးရိမ်ရပါက ဒေါက်တာဘာကာအား သူမ ခေါ်လိုက်မည်ဟု တွေး၏။

သူမ အခန်း ၄၂၂ တွင်းဝင်လိုက်၏။ တံခါးဝမှာပင် စိုက်ကြည့်နေ၏။ လူနာသည် အသက်လုရှုနေရပြီး ညည်းတွားနေ၏။ သူနာပြုက ပေ့ချ် ရောက်လာသည်ကို တွေ့သောအခါ စိတ်သက်သာရရသွား၏။ "ကျွန်မ ဘာလုပ်ရမှန်း မသိဘူး၊ ဒေါက်တာ။ ကျွန်မ. . ."

ပေ့ချ် အိပ်ရာဘေးသို့ အလျင်အမြန်သွား၏။ "ကောင်းသွားမှာပါ"ဟု သူမက အားပေးစကားပြော၏။ လူနာလက်ကောက်ဝတ်ကို လက် ၂ ချောင်းနှင့် ကိုင်လိုက်၏။ သူ့သွေးခုန်နှုန်းသည် အလွန်အမင်း ခုန်နေ၏။

နလုံးအဆို့ရှင် ကောင်းကောင်း အလုပ်မလုပ်တော့။ "သူ့ကို အိပ်ဆေးပေးထားလိုက်" ပေ့ချ်က အမိန့်ပေး၏။

သူနာပြုက ပေ့ချ်အား ဆေးထိုးအပ်တစ်ချောင်းပေး၏။ ပေ့ချ် လူနာ သွေးပြန်ကြောတွင်းသို့ ထိုးသွင်းလိုက်သည်။

ပေ့ချ် သူနာပြုဘက် လှည့်လိုက်၏။ "သူနာပြုအုပ်ကို ခွဲစိတ်ဖို့ အသင့်ပြင်ထားလို့ ပြောပေး။ ချက်ချင်းလုပ်။ ပြီးတော့ ဒေါက်တာဘာကာကို ခေါ်လိုက်"

ဆယ်ငါးမိနစ်အကြာတွင် ကယ်လီသည် ခွဲစိတ်စင်ပေါ်ရောက်နေ၏။ ခွဲစိတ်အဖွဲ့တွင် အကူသူနာပြုနှစ်ဦး၊ လှည့်ပတ်ကူညီသူနာပြု တစ်ဦးနှင့် ဆရာဝန် နှစ်ယောက်တို့ ပါဝင်သည်။

တယ်လီဗေးရှင်းစောင့်ကြည့်စက်ကို အခန်းထောင့်အမြင့်တစ်နေရာတွင် တင်ထားပြီး ၎င်းက နလုံးခုန်နှုန်း၊ အီးကေဂျီနှင့် သွေးပေါင်ချိန်တို့ကို ဖော်ပြနေသည်။

မေ့ဆေးဆရာဝန် အခန်းတွင်းသို့ ဝင်လာ၏။ ပေ့ချ် ကျိန်စာတိုက်ခံလိုက်ရသလို ခံစားလိုက်ရသည်။ ဆေးရုံရှိ မေ့ဆေးဆရာဝန်တော်တော်များများမှာ ကျွမ်းကျင်သော ဆရာဝန်များဖြစ်ကြသည်။ သို့သော် ဟာမန်ကော့မှာတော့ ခြွင်းချက်ဖြစ်သည်။ ပေ့ချ်သူနှင့် အရင်ကလည်း အတူလုပ်ခဲ့ဖူးပြီး နောက်ပိုင်း တတ်နိုင်သရွေ့ သူနှင့် မတွေ့အောင် ရှောင်၏။ သူမက သူ့ကို မယုံကြည်ခဲ့ပေ။ ယခုတော့ သူမတွင် ရွေးချယ်စရာ မရှိတော့။

သူက လူနာလည်ချောင်းအတွင်းသို့ ပြွန်တစ်ခုထည့်သွင်းနေသည်ကို ပေ့ချ် ကြည့်နေ၏။ သူမကတော့ စက္ကူအဝတ်စများကို လူနာ၏ ရင်ဘတ်ပေါ်တွင် ဖြန့်ခင်းနေသည်။

"လည်ပင်း သွေးပြန်ကြောထဲကို သွေးပိုက်တစ်ခု ထည့်ထားလိုက်" ပေ့ချ်က ပြော၏။

ကော့ ခေါင်းညိတ်လိုက်၏။ "ကောင်းပြီ"

အလုပ်သင်ဆရာဝန်တစ်ယောက်က မေး၏။ "လူနာက ဘာဖြစ်တာလဲ?"

"ဒေါက်တာဘာကာက သူ့ကို မနေ့က နလုံးအဆို့ရှင် လဲပေးထားတယ်။ ကျွန်မအထင် အဲဒီအဆို့ရှင်က ပြဲသွားတာဖြစ်လိမ့်မယ်"။ ပေ့ချ် ကော့အား လှမ်းကြည့်လိုက်သည်။ "သူ မေ့သွားပြီလား?" ကော့ ခေါင်းညိတ်လိုက်၏။ "သူ့အိမ်က အိပ်ရာထဲမှာလိုပဲ အိပ်ပျော်နေပြီ"

ရှင်သာဆို ကောင်းမယ်ဟု ပေ့ချ်တွေးမိ၏။ "ဘာဆေးသုံးထားလဲ?"

"ပရိုပိုဖော"

သူမ ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ"

သူမသည် ကယ်လီအား နလုံး-အဆုတ်စက်နှင့် ဆက်သွယ်လိုက်သည်ကို ကြည့်နေ၏။ ထိုသို့လုပ်မှ နလုံးနှင့်အဆုတ်မှ သွေးများကို လမ်းလွှဲနိုင်မည်ဖြစ်သည်။ ပေ့ချ် နံရံပေါ်ရှိ စောင့်ကြည့်စက်ကို ကြည့်လိုက်၏။ သွေးခုန်နှုန်း ၁၄၀. . .သွေးတွင်းအောက်စီဂျင်ပျော်ဝင်နှုန်း ၉၂ ရာခိုင်နှုန်း. . .သွေးပေါင် ၈၀/၆၀။ "စကြရအောင်" ပေ့ချ်က ပြော၏။

အလုပ်သင်ဆရာဝန်တစ်ယောက်က သီချင်းဖွင့်လိုက်သည်။

ပေ့ချ် ထောင့်တစ်ရာဝပ်အားရှိ အဖြူရောင်မီးသီးထွန်းထားသည့်

ခွဲစိတ်စင်ရှိရာသို့ ခြေလှမ်းသွား၏။ သူနာပြုဘက်သို့လှည့်ပြီး "ကျေးဇူးပြုပြီး ခွဲခွာပေးပေးပါ" ဟု ပြောလိုက်သည်။

ခွဲစိတ်ခြင်းစတင်လေပြီ။

ရှေ့ရက်ကလုပ်ခဲ့သည့် ခွဲစိတ်ခြင်းမှ တွဲထားသော ရင်ညွှန့်ရိုးကြိုးများကို ပေ့ချ် ဖယ်ရှားလိုက်သည်။

သူမသည် လူနာလည်ပင်းအခြေမှနေ၍ ရင်ညွှန့်ရိုးအောက်ခြေတိုင်အောင် ခွဲလိုက်၏။ အလုပ်သင်ဆရာဝန်တစ်ယောက်က ထွက်လာသောသွေးများကို ဂွမ်းလိပ်များဖြင့် သုတ်လိုက်၏။

သူမသည် အဆီလွှာ၊ ကြွက်သားလွှာတို့ကို ဂရုတစိုက် ခွဲဖြတ်သွားသည်။ သူမမျက်စိရှေ့တွင် ပုံစံမမှန်ပဲ ခုန်ချင်သလိုခုန်နေသည့် နှလုံးက ပေါ်လာ၏။ "ပြဿနာက ဒီမှာပဲ" ပေ့ချ်က ပြောသည်။ "သွေးဝင်ခန်းက ပေါက်နေပြီ။ သွေးတွေက နှလုံးနားမှာ စုနေပြီး နှလုံးကို ဖိထားတယ်"။ ပေ့ချ်သည် နံရံပေါ်မှ စောင့်ကြည့်စက်ကို ကြည့်လိုက်သည်။

သွေးပေါင်ချိန်သည် အန္တရာယ်ဖြစ်လောက်အောင် ကျဆင်းနေသည်။

"သွေးလွှတ်ရှိန်ကို မြှင့်လိုက်" ပေ့ချ်က ညွှန်ကြား၏။

ခွဲစိတ်ခန်းတံခါးပွင့်လာပြီး လော်ရင့်ဘာကာ ဝင်ရောက်လာသည်။ သူက တစ်ဖက်တွင်ရပ်နေပြီး လုပ်နေသည်တို့ကို ကြည့်နေ၏။

ပေ့ချ်က ပြော၏။ "ဒေါက်တာဘာကာ၊ ဒေါက်တာများ. . ."

"ဒါ မင်းရဲ့ ခွဲစိတ်ခြင်းပဲ"

ပေ့ချ် ကော့အား ဘာလုပ်နေသနည်းဟု အလျင်အမြန် တစ်ချက်ကြည့်လိုက်၏။ "သတိထား။ ရှင်သူ့ကို မေ့ဆေးအပေးလွန်တော့မယ်။ ဒုက္ခပဲ။ လျှော့လိုက်ဦး"

"ဒါပေမဲ့ ကျွန်တော်. . ."

"သူက နှလုံးအရမ်းခုန်နေတယ်။ သွေးပေါင်ချိန်လည်း ကျနေတယ်"

"ကျွန်တော့်ကို ဘာလုပ်စေချင်တာလဲဟင်?" ကော့က အကူအညီတောင်း၏။

သူသိသင့်တာပေါ့ဟု ပေ့ချ်ဒေါသတကြီး တွေးမိသည်။ "သူ့ကို လီဒိုကိန်းနဲ့ အပီနက်ဖရင်းပေးလိုက်၊ အခုပေးလိုက်" သူမ အော်ဟစ်ပြောဆိုနေသည်။

"ကောင်းပြီ"

ပေ့ချ်သည် ကော့ ဆေးထိုးအပ်ကိုကိုင်ကာ လူနာ၏ သွေးပြန်ကြောထဲထိုးသွင်းသည်ကို ကြည့်လိုက်၏။

အလုပ်သင်ဆရာဝန်တစ်ယောက်က စောင့်ကြည့်စက်ကို ကြည့်လိုက်ပြီး အော်၏။ "သွေးပေါင်ချိန်တွေ ပြုတ်ကျနေတယ်"

ကိတ်သည် သွေးထွက်နေခြင်းကို ရပ်တန့်ရန် ကသုတ်ကရက်လုပ်နေရ၏။ သူမ ကော့အား မော့်ကြည့်လိုက်၏။ "အရှိန်တွေ များနေပြီ။ ကျွန်မရှင့်ကို ပြော. . ."

စောင့်ကြည့်စက်မှ နှလုံးခုန်နေသည့်အသံသည် ရုတ်တရက် ပြောင်းဆန်သွား၏။

"ဘုရားရေ။ တစ်ခုခုတော့ မှားနေပြီ"

"ကျွန်မကို ရှော့ရိုက်တဲ့စက်ပေး" ပေ့ချ်က အော်၏။

လှည့်ပတ်ကူညီသူနာပြုက အရေးပေါ်တွန်းလှည်းပေါ်မှ ရှော့ရိုက်စက်ကို ယူပေး၏။ ပိုးသတ်ထားသော လက်တံနှစ်ခုကို ထုတ်လိုက်၏။ ပလပ်တပ်လိုက်၏။ သူမ ခလုတ်များဖွင့်လိုက်ပြီး အားသွင်းလိုက်၏။ ၁၀ စက္ကန့်ကြာသောအခါ ပေ့ချ်အား လှမ်းပေးလိုက်သည်။

သူမသည် လက်တံများကို ယူလိုက်ပြီး ကယ်လီ၏ နလုံးပေါ်တည့်တည့်သို့ တင်လိုက်၏။ ကယ်လီ၏ ခန္ဓာကိုယ်မြောက်တက်သွားပြီး ပြန်ကျလာ၏။ ပေ့ချ် နောက်တစ်ကြိမ် ကြိုးစားပြန်သည်။ သူ့ကို အသက်ပြန်ရှင်စေချင်၏။ အသက် ပြန်ရှူစေချင်၏။ ဘာမှ ဖြစ်မလာ။ နလုံးက ငြိမ်သက်သွား၏။ အသုံးမကျတော့သော အင်္ဂါအပိုတစ်ခုဖြစ်သွား၏။

ပေ့ချ် ဒေါသထွက်နေသည်။ သူမဘက်က ခွဲစိတ်ခြင်းမှာ အောင်မြင်ခဲ့သည်။ သို့သော် ကော့သည် လူနာအား မေ့ဆေး အလွန်အကျွံပေးခဲ့သည်။

တတိယအကြိမ်အဖြစ် ပေ့ချ်သည် ရှော့ရိုက်စက်အား လန့်ကယ်လီ၏ ကိုယ်ပေါ်တင်လိုက်သောအခါ ဒေါက်တာဘာကာက ခွဲစင်ရှိရာသို့ လျှောက်လာပြီး ပေ့ချ်တည့်တည့်လှည့်ကာ ပြောလိုက်၏။ "မင်းသူ့ကို သတ်လိုက်တာပဲ"

(အခန်း ၂၇)

ဂျေဆင်သည် ဒီဇိုင်းအစည်းအဝေးတစ်ခု ပြုလုပ်နေစဉ် သူ့အတွင်းရေးမှူးက လာပြော၏။

"ဒေါက်တာတေစ်လာဖုန်းဆက်ပါတယ်။ သူ့ကို နောက်မှ ပြန်ဆက်ခိုင်းလိုက်ရမလား?"

"ဟင့်အင်း။ ကျွန်တော် ကိုင်လိုက်မယ်" ဂျေဆင် ဖုန်းကို ကောက်ကိုင်လိုက်၏။ "ပေ့ချ်လား?"

"ဂျေဆင်. . .ရှင့်ကို ကျွန်မလိုအပ်နေတယ်" သူမ ရှိုက်ငိုနေ၏။

"ဘာဖြစ်တာလဲ?"

"ကျွန်မ တိုက်ခန်းကို လာနိုင်မလား?"

"အင်း။ ကိုယ် ချက်ချင်းလာခဲ့မယ်" သူ မတ်တတ်ရပ်လိုက်သည်။

"အစည်းအဝေးပြီးသွားပါပြီ။ မနက်ကျမှ ပြန်ဆက်ကြတာပေါ့"

နာရီဝက်အကြာတွင် ဂျေဆင် တိုက်ခန်းဆီသို့ ရောက်နေ၏။ ပေ့ချ် တံခါးဖွင့်လိုက်ပြီး သူ့ကို ဆွဲဖက်ထား၏။ သူမမျက်လုံးများသည် ငိုထားသောကြောင့် နီရဲနေသည်။

"ဘာဖြစ်တာလဲ?" ဂျေဆင်က မေးသည်။ "သိပ်ဆိုးတာပဲ။ ဒေါက်တာဘာကာက ကျွန်မကို . . .ကျွန်မကို လူနာတစ်ယောက်ကို သတ်လိုက်တယ်တဲ့။ ဒါ. . .ဒါ ကျွန်မ အမှားမဟုတ်ဘူး"။ သူမ အသံတို့ ကွဲပျက်ကုန်သည်။ "ကျွန်မ သူ့ကို သည်းမခံနိုင်. . ."

"ပေ့ချ်" ဂျေဆင်က သူ့အား ညင်သာစွာပြော၏။ "သူ ဘယ်လောက်တောင်ဆိုးလဲဆိုတာ မင်းကိုယ့်ကို ပြောပြပြီးပါပြီ။ ဒါက ယောကျ်ားတစ်ယောက်ရဲ့ စရိုက်ပဲလေ"

ပေ့ချ်ခေါင်းခါလိုက်၏။ "ဒီထက်မကဘူး။ သူနဲ့ အလုပ်စဆင်းတဲ့နေ့ကတည်းက ကျွန်မကို ဖိအားပေးထွက်ခိုင်းနေတာ။

ဂျေဆင်၊ သူက ညံ့တဲ့ဆရာဝန်တစ်ယောက်ဖြစ်ပြီး ကျွန်မကို မသုံးမကျဘူးလို့ထင်ရင် ကျွန်မ ဘာမှ ခံစားရမှာမဟုတ်ဘူး။ ဒါပေမဲ့ ဒီလူက သိပ်တော်နေတယ်။ ကျွန်မ သူ့ထင်မြင်ချက်ကို လေးစားရမယ်။ ကျွန်မဟာ ဒီအလုပ်အတွက် သင့်တော်တယ်လို့ မထင်တော့ဘူး”

“ပေါက်ကရတွေ” ဂျေဆင်က ဒေါသတကြီးပြော၏။ “မင်းက သင့်တော်တာပေါ့။ ကိုယ်နဲ့ စကားပြောခဲ့တဲ့ လူအားလုံးက မင်းဟာ တော်တဲ့ဆရာဝန်လို့ ပြောကြတယ်”

“လောရင့်ဘာကာတော့ မပါဘူး”

“ဘာကာကို မေ့ထားလိုက်”

“ကျွန်မ မေ့လိုက်တော့မှာပါ” ပေ့ချ်က ပြော၏။ “ကျွန်မ ဆေးရုံကနေ ထွက်တော့မယ်”

ဂျေဆင် သူမအား ဖက်လိုက်၏။ “ပေ့ချ်၊ မင်း ဒီအလုပ်ကို ဘယ်လောက်တောင် မြတ်နိုးလဲဆိုတာ ကိုယ်သိတယ်။ မင်း မစွန့်လွှတ်နိုင်ပါဘူး”

“ကျွန်မ မစွန့်လွှတ်ပါဘူး။ ဒီဆေးရုံကို နောက် မတွေ့ချင်တော့တာပါ”

ဂျေဆင်သည် လက်ကိုင်ပဝါတစ်ထည်ထုတ်လိုက်ပြီး ပေ့ချ် မျက်ရည်များကို သုတ်လိုက်၏။ “ရှင့်ကို ဒီကိစ္စနဲ့ အနှောင့်အယှက်ပေးမိတာ တောင်းပန်ပါတယ်” ပေ့ချ်က ပြော၏။ “ဒါက ခင်ပွန်းလောင်းတို့ တာဝန်ပဲလေ၊ မဟုတ်ဘူးလား?”

သူမ ကြိုးစားပြုံးလိုက်၏။ “ဒီလိုပြောတာ ကျွန်မ သဘောကျတယ်။ ကောင်းပြီလေ”။ ပေ့ချ် အသက်ပြင်းပြင်းရှူလိုက်၏။ “ကျွန်မ ခံစားရသက်သာသွားပါပြီ။ ကျွန်မနဲ့ စကားလာပြောတဲ့အတွက် ကျေးဇူးပါပဲ။ ကျွန်မ ဒေါက်တာဝေါလေ့ဆီကို ဖုန်းဆက်ပြီး ထွက်တော့မယ်လို့ ပြောခဲ့တယ်။ ကျွန်မ အခု ဆေးရုံသွားပြီး သူနဲ့ သွားတွေ့လိုက်ဦးမယ်”

“ဒီည ညစာစားရင်း တွေ့မယ်လေ”

ပေ့ချ် ဆေးရုံရှိ ကော်ရစ်ဒါတစ်လျှောက် လာခဲ့၏။ ဆေးရုံကို နောက်ဆုံးအကြိမ်အဖြစ် မြင်ရခြင်းဖြစ်ကြောင်း သိနေ၏။ ထိုနေရာတွင် ရင်းနှီးနေသော ဆူညံသံများ၊ ကော်ရစ်ဒါတစ်လျှောက်လူများ ဥဒဟိုသွားနေကြသည်များကို တွေ့ရကြားရ၏။ ဆေးရုံသည် သူမထင်ထားသည်ထက်ပင် သူမအတွက် အိမ်အသွင်ဖြစ်ခဲ့သည်။ သူမ ဂျင်မီနှင့် ချန်းတို့ အကြောင်းတွေးမိသည်။ ထို့နောက် သူမနှင့်အတူ အလုပ်တွဲလုပ်ခဲ့သော ထူးချွန်သည့်ဆရာဝန်များကို တွေးမိ၏။ သူမ ချစ်သူ ဂျေဆင်သည် သူမနှင့်အတူ အဖြူရောင်ကုတ်အင်္ကျီဝတ်ကာ ‘ရောင်း’ခဲ့သည်။ သူမ၊ ကိတ်နှင့် ဟန်နီတို့အတူ မနက်စာပေါင်း ရာပေါင်းများစွာ စားသောက်ခဲ့သော ကော်ဖီဆိုင်၊ သူတို့ ပါတီကျင်းပဖို့ ကြိုးစားခဲ့သည့် ဧည့်ခန်းတို့ကို ဖြတ်လျှောက်လာသည်။ ကော်ရစ်ဒါနှင့် လူနာခန်းတို့သည် မြောက်များစွာသော အမှတ်တရများဖြင့် ပြည့်နေ၏။ ငါဒါတွေကို လွမ်းနေမှာပဲ ဟု ပေ့ချ်တွေးမိသည်။ ဒါပေမဲ့ ငါ ဟို တိရစ္ဆာန်ကောင်နဲ့ တစ်မိုးအောက်အတူတူ မလုပ်ချင်တော့ဘူး။

သူမ ဒေါက်တာဝေါလေ့ ရုံးခန်းသို့ သွားသည်။ သူက သူမအား စောင့်နေ၏။

“ဒေါက်တာ့ တယ်လီဖုန်းက ကျွန်တော့်ကို တော်တော်အံ့သြစေတယ်။

ဒေါက်တာ သေချာ ဆုံးဖြတ်ပြီးသွားပြီလား?"

"ဟုတ်ကဲ့"

ဘန်ဂျမင် ဝေါလေ့ သက်ပြင်းချလိုက်၏။ "ကောင်းပြီလေ။ ဒေါက်တာမသွားခင် ဒေါက်တာဘာကာက တွေ့ချင်တယ်တဲ့"

"ကျွန်မလည်း သူ့ကို တွေ့ချင်တယ်"။ ပေ့ချ်၏ မျိုသိပ်ထားခဲ့သော ဒေါသတို့က မျက်နှာပြင်ပေါ်ထိ ဆူပွက်လာသည်။

"သူ ဓာတ်ခွဲခန်းထဲမှာ. . .ဟို. . .ကံကောင်းပါစေ"

"ကျေးဇူးပါပဲ" ပေ့ချ် ဓာတ်ခွဲခန်းသို့ ဦးတည်သွားလိုက်၏။

ဒေါက်တာဘာကာသည် ပေ့ချ်ဝင်လာသောအခါ ဖန်ပြားတချို့ကို အဏုကြည့်မှန်ပြောင်းအောက်တွင် ကြည့်ရှုစစ်ဆေးနေသည်။ သူ မော့ကြည့်လိုက်၏။ "မင်း ဆေးရုံက နုတ်ထွက်တော့မယ်လို့ ငါ့ကို ပြောကြတယ်"

"မှန်တယ်။ နောက်ဆုံးတော့ ရှင့်ဆုတောင်း ပြည့်သွားတာပေ့ါ"

"ဘာဆုတောင်းလဲ?" ဘာကာက မေး၏။

"ရှင်က စတွေ့ကတည်းက ကျွန်မကို ဒီက ထွက်သွားစေချင်နေတာ မဟုတ်လား။ ကဲ၊ ခု ရှင်နိုင်ပြီ။ ကျွန်မရှင့်ကို မခုခံနိုင်တော့ဘူး။ ရှင်က ကျွန်ဟာ ရှင့်လူနာကိုသတ်တယ်လို့ ပြောလိုက်တဲ့အချိန်မှာ ကျွန်မ. . ." ပေ့ချ် အသံထွက်မလာတော့။

"ကျွန်မ. ..ကျွန်မအတွက်တော့ ရှင်ဟာ သူတစ်ပါးကို နှိပ်စက်ရတာကြိုက်တဲ့ သွေးအေး သတ္တဝါပဲ။ ရှင့်ကို ကျွန်မ မုန်းတယ်"

"ထိုင်ပါဦး" ဒေါက်တာဘာကာက ပြော၏။

"ဟင့်အင်း။ ကျွန်မမှာ ပြောစရာ စကားမကျန်တော့ဘူး"

"ငါ့မှာတော့ ကျန်သေးတယ်။ မင်းကိုယ်မင်း ဘယ်လိုများထင်. . .?"

သူ ရုတ်တရက် ရပ်သွားပြီး ဟောဟဲ ဟောဟဲဖြစ်လာ၏။

ပေ့ချ် ကြောက်လန့်တကြားကြည့်နေစဉ်မှာပင် သူသည် သူ့နှလုံးကို ဖမ်းဆုပ်လိုက်ပြီး ကုလားထိုင်ပေါ်သို့ လဲကျသွားသည်။ သူမျက်နှာသည် ကြောက်မက်ဖွယ်ရာ တစ်ဖက်သို့ ရွဲ့သွားသည်။

ပေ့ချ် သူ့ဘေး ချက်ချင်းရောက်သွား၏။ "ဒေါက်တာဘာကာ" သူမ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး အော်ပြောလိုက်၏။

"အနီသင်္ကေတ၊ အနီသင်္ကေတ"

ဒေါက်တာပီတာဆင်က ပြောသည်။ "သူက ပြင်းပြင်းထန်ထန် လေဖြတ်သွားတာပဲ။ သူပြန်ကောင်းလာဦးမလားဆိုတာတော့ ပြောဖို့ စောနေသေးတယ်"

ငါ့အမှားတွေပဲဟု ပေ့ချ် တွေးမိသည်။ ငါသူ့ကို သေစေချင်ခဲ့တာ။ သူမ စိတ်ပျက်နေ၏။

သူမ ဘန်ဝေါလေ့အား တွေ့ရန် ပြန်သွား၏။ "ကျွန်မ ဖြစ်ခဲ့တာအတွက် ဝမ်းနည်းပါတယ်" ပေ့ချ်က ပြော၏။ "သူက ဆရာဝန်ကောင်းတစ်ယောက်ပါ"

"ဟုတ်ပါတယ်။ စိတ်ပျက်စရာကောင်းပါတယ်။ အလွန်ပဲ. . ." ဝေါလေ့က သူမအား ခဏမျှ ကြည့်လိုက်၏။

"ပေ့ချ်၊ တကယ်လို့ ဒေါက်တာဘာကာသာ ဒီမှာ မလုပ်တော့ဘူးဆိုရင် ဒီမှာ ဆက်နေဖို့ စဉ်းစားပေးမလား?"

"ပေ့ချ် တုံ့ဆိုင်းနေသည်။ "အင်း၊ နေမှာပေ့ါ"

(အခန်း ၂၈)

ပေ့ချ်သည် ဂျွန်ခရိုနင်ကို မတွေ့ဖူးချေ။ သူ့အား နလုံးခွဲစိတ်ရန် အစီအစဉ်ဆွဲထား၏။ သူ့အခန်းတွင်းသို့ သူနာပြုတစ်ယောက်နှင့် ဆရာဝန်တစ်ယောက်တို့နှင့်အတူ သူမဝင်သွားသည်။ သူမက နွေးထွေးစွာပြုံးပြီး ပြောလိုက်၏။ "ကောင်းသောမနက်ခင်းပါ၊ မစ္စတာခရိုနင်"

သူ့အား ပိုက်ဖြုတ်ထားသည်မှာ မကြာသေးပေ။ သူ့ပါးစပ်နားတစ်ဝိုက်တွင် တိပ်ရာတွေ ကျန်နေသေး၏။ ဆေးပုလင်းတို့က ခေါင်းအထက်တွင် ချိတ်ဆွဲထားပြီး ဘယ်ဘက်လက်မောင်းတွင်လည်း ပိုက်များ သွင်းထား၏။

ပေ့ချ်ကို ခရိုနင် မော့ကြည့်လိုက်၏။ "မင်းက ဘယ်သူလဲ?"

"ကျွန်မက ဒေါက်တာတေစ်လာပါ။ ကျွန်မ ရှင့်ကို စစ်ဆေးစမ်းသပ်ပြီး. . ."

"သွားသေလိုက်ပါလား။ မင်း သောက်လက်တွေကို ဖယ်ထားလိုက်။ ငါ့ဆီကို ဘာလို့ တကယ့်ဆရာဝန်တစ်ယောက်မပို့တာလဲ?"

ပေ့ချ် အပြုံးက ပျောက်ကွယ်သွားသည်။ "ကျွန်မက နလုံးနဲ့ သွေးကြောခွဲစိတ်ဆရာဝန်ပါ။ ရှင့်ကို ပြန်ကျန်းမာလာအောင် ကျွန်မတတ်နိုင်တာမှန်သမျှ လုပ်ပေးမယ်" "မင်းက ငါ့နလုံးကို ခွဲစိတ်မှာပေါ့?"

"မှန်ပါတယ်။ ကျွန်မ. . ."

ဂျွန်ခရိုနင်က အလုပ်သင်ဆရာဝန်ကို ကြည့်လိုက်ပြီး ပြော၏။

"ဘုရားသခင်၊ ဒါဒီဆေးရုံက အကောင်းဆုံး လုပ်ပေးနိုင်တာတဲ့လား?"

"ကျွန်တော် ပြောရဲပါတယ်။ ဒေါက်တာတေစ်လာဟာ အလွန့်ကို အရည်အချင်းရှိတဲ့ ဆရာဝန်ပါ"

"သွားစမ်းပါ"

ပေ့ချ် ခပ်မာမာပြောလိုက်၏။ "ရှင် ကိုယ်ပိုင်ဆရာဝန် ခေါ်လာခဲ့ပါလား?"

"ငါ့ဆီမှာ မရှိလို့ပေါ့။ ငါက ဒီလို ဈေးကြီးတဲ့ ရမ်းကုတွေကို မတတ်နိုင်ဘူး။ မင်းတို့ ဆရာဝန်အားလုံး အတူတူပဲ။ ပိုက်ဆံကိုပဲ စိတ်ဝင်စားကြတယ်။ လူတွေကိုတော့ သောက်ဂရုမစိုက်ဘူး။ ငါတို့ဟာ မင်းတို့အတွက်ဆို အသားတုံးတွေပဲ၊ ဟုတ်တယ်မို့လား?"

ပေ့ချ် သူမ ဒေါသကို ထိန်းနေရ၏။ "ရှင် စိတ်ဆင်းရဲနေမှန်း ကျွန်မ သိပါတယ်။ ဒါပေမဲ့. . ."

"စိတ်ဆင်းရဲတယ်? မင်းက ငါ့နလုံးကို ခွဲမှာ မို့လို့?" သူ အော်ပြောနေသည်။ "ငါ ခွဲစိတ်စင်ပေါ်မှာ သေရတော့မယ်မှန်းသိတယ်။ မင်းက ငါ့ကို သတ်တော့မှာ။ မင်းကို လူသတ်မှုနဲ့ ဖမ်းပါစေလို့ ငါမျှော်လင့်တယ်"

"တော်လောက်ပြီ" ပေ့ချ်က ပြော၏။

သူက သူမအား မလိုမုန်းထားစွာဖြင့် ပြုံးပြလိုက်သည်။ "ငါသာသေသွားရင် မင်းမှတ်တမ်းအတွက် မကောင်းဘူး မဟုတ်လား၊ ဒေါက်တာ? ငါမင်းကို ခွဲစိတ်ခွင့် ပြုလိုက်ပါမယ်လေ"

သူမ အသက်ရှူမြန်နေကြောင်း သတိထားမိ၏။ သူမ သူနာပြုဘက်သို့ လှည့်လိုက်သည်။

"ကျွန်မ အီးကေဂျီနဲ့ ဓာတုပစ္စည်းအဖြေလိုချင်တယ်"။ သူမ ဂျွန်ခရိုနင်ကို နောက်ဆုံး တစ်ချက်ကြည့်လိုက်၏။ ထို့နောက် အခန်းထဲမှ လှည့်ထွက်သွားသည်။

နောက်တစ်နာရီ အကြာတွင် ပေ့ချ် စစ်ဆေးချက်အဖြေများနှင့်အတူ ပြန်လာသောအခါ ဂျွန်ခရိုနင်က မော့ကြည့်၏။ "အိုး. . .ခွေးမ ပြန်လာပြီ"

နောက်တစ်နေ့မနက် ၆ နာရီတွင် ပေ့ချ်သည် ဂျွန်ခရိုနင်အား ခွဲစိတ်ခဲ့သည်။

သူ့ကို စတင် ခွဲစိတ်ချိန်တွင် သူ့တွင် မျှော်လင့်ချက်မရှိတော့မှန်း ပေ့ချ်သိခဲ့၏။ အဓိက ပြဿနာမှာ နှလုံးမှ မဟုတ်ချေ။ ခရိုနင်၏ ကိုယ်တွင်းအင်္ဂါများသည် မယ်လနီးမားရောဂါ၏ လက္ခဏာများကို ပြနေသည်။

ဆရာဝန်တစ်ယောက်က ပြော၏။ "အိုး. . .ဘုရားရေ။ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

"သူ ဒီဝေဒနာကို ကြာကြာမခံစားရပါစေနဲ့လို့ပဲ ဆုတောင်းပေးရမှာပဲ"

ခွဲစိတ်ခန်းထဲမှ ကော်ရစ်ဒါပေါ်သို့ ပေ့ချ်ထွက်လိုက်သောအခါ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦးတို့ သူမကို စောင့်နေကြောင်း တွေ့လိုက်၏။

အမျိုးသမီးမှာ အသက် လေးဆယ်နီးပါရှိ၏။ အနီရောင်တောက်တောက် ဆံပင်နှင့်ဖြစ်ပြီး မိတ်ကပ်များ အလွန်ကျံသုံးကာ အပေါ်စား ရေမွှေးနံ့တို့က ထွက်နေသည်။ ဝတ်စုံကျပ်ကျပ်ကို ဝတ်ထားပြီး သူမ၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ကို ထင်းနေစေသည်။ အမျိုးသားများက အသက် လေးဆယ်ကျော်ခန့်ရှိပြီး နှစ်ယောက်စလုံးတွင် ဆံပင် အနီရောင်များရှိသည်။

ပေ့ချ်အတွက်တော့ သူမတို့သည် ဆပ်ကပ်အဖွဲ့မှ လူများနှင့် တူလှ၏။ အမျိုးသမီးက ပေ့ချ်ကို ပြောသည်။ "ဒေါက်တာတေစ်လာလားရှင်?"

"ဟုတ်ပါတယ်"

"ကျွန်မက မစ္စစ်ခရိုနင်ပါ။ ဒါကတော့ ကျွန်မ အစ်ကိုတွေပါ။ ကျွန်မ ယောက်ျားအခြေအနေဘယ်လိုလဲ?"

ပေ့ချ်တုံ့ဆိုင်းနေ၏။ သူမ သတိထားပြီး ပြောလိုက်၏။ "ခွဲစိတ်တာကတော့ ကျွန်မတို့ မျှော်လင့်ထားသလောက်တော့ အောင်မြင်ခဲ့ပါတယ်"

"အိုး. . .ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်" မစ္စစ်ခရိုနင်က မျက်လုံးများကို ဇာလက်ကိုင်ပဝါဖြင့် ပွတ်လိုက်ပြီး ဇာတ်သံပါပါပြော၏။ "ဂျွန်သာတစ်ခုခု ဖြစ်သွားရင် ကျွန်မလည်း သေမှာပဲ"

အပေါ်စားပြဇာတ်မှ မင်းသမီးတစ်ယောက်ကို ကြည့်နေရသည်ဟု ပေ့ချ် ခံစားမိသည်။

"ကျွန်မ ချစ်ချစ်ကို ကျွန်မ တွေ့ခွင့်ရှိမလားရှင်?"

"မရသေးပါဘူး၊ မစ္စစ်ခရိုနင်။ သူက အခု နာလန်ထအခန်းထဲမှာပါ။ မနက်ဖြန်မှ ပြန်လာဖို့ အကြံပေးချင်ပါတယ်"

"ကျွန်မတို့ ပြန်လာခဲ့ပါမယ်"။ သူမသည် အမျိုးသားများဘက်လို့ လှည့်လိုက်၏။ "လိုက်ခဲ့တော့၊ ကိုယ့်လူတို့"

သူတို့ ထွက်သွားသည်ကို ပေ့ချ် ကြည့်နေ၏။ သနားစရာကောင်းသည့် ဂျွန်ခရိုနင်ပါလားဟု သူမ တွေးမိသည်။

ပေ့ချ်ကို နောက်တစ်နေ့မနက်တွင် စစ်ဆေးခြင်းအဖြေကို လာပေး၏။

ကင်ဆာရောဂါသည် ခရိုနင်၏ တစ်ကိုယ်လုံးသို့ ပြန့်နေလေပြီ။ ဓာတ်ကင်ကုသရန်ပင် အချိန်နှောင်းခဲ့ပြီ။

ကင်ဆာအထူးကုဆရာဝန်က ပေ့ချ်ကို ပြော၏။ "ဘာမှ ဆက်လုပ်လို့မရတော့ဘူး။ သူ့ကို သက်တောင့်သက်သာ ရှိအောင်သာ ထားတော့။ သူ မကြာခင်မှာ အရမ်းနာလာလိမ့်မယ်"

"သူ အချိန်ဘယ်လောက် ကျန်သေးလဲ?"

"တစ်ပတ် ဒါမှမဟုတ် အလွန်ဆုံး နှစ်ပတ်ပေါ့"

အထူးကြပ်မတ်ခန်းတွင်းရှိ ဂျွန်ခရိုနင်ထံ ပေ့ချ် သွားကြည့်၏။ သူ အိပ်ပျော်နေသည်။

ဂျွန်ခရိုနင်သည် ဒေါသအမျက်ချောင်းချောင်းထွက်နေသူမဟုတ်တော့။ သူ့အသက်အတွက် အသည်းအသန် တိုက်ပွဲဝင်နေသည့် လူသားတစ်ယောက်သာဖြစ်သည်။ သူ့ကို အသက်ရှူစက်ဖြင့် ချိတ်ဆက်ထားပြီး သွေးကြောတွင်းမှပင် အစာများသွင်းနေ၏။ သူ့အိပ်ရာဘေးတွင် ပေ့ချ်ထိုင်လိုက်ပြီး သူ့ကို ကြည့်နေ၏။ သူသည် ပင်ပန်းနွမ်းနယ်နေကာ အရှုံးပေးထားသည့်လူပုံ ပေါက်နေသည်။ သူကလည်း ကံဆိုးတဲ့လူတွေထဲက တစ်ယောက်ပဲလေဟု ပေ့ချ် တွေးမိသည်။

ခေတ်ပေါ်ဆေးပညာ၏ အံ့ဖွယ်ရာများ ဘယ်လောက်ပင်များပါစေ သူ့အား ကယ်တင်ရန် နည်းလမ်း မရှိပေ။ ပေ့ချ်သည် သူ့လက်မောင်းအား ညင်သာစွာ ထိလိုက်၏။ ခဏအကြာ သူမ ထွက်သွားသည်။

ထိုနေ့ နေ့လယ်တွင် ဂျွန်ခရိုနင်အားတွေ့ရန် ပေ့ချ်သွား၏။ သူ့အား အသက်ရှူစက်မှ ဖြုတ်ထားပြီးဖြစ်သည်။ သူသည် မျက်လုံးများကို ဖွင့်လိုက်ပြီး ပေ့ချ်ကို တွေ့သွား၏။ သူက မူးဝေစွာဖြင့်ပင် "ခွဲစိတ်တာ ပြီးသွားပြီလားဟင်?"

ပေ့ချ်က အားပေးကာ ပြုံးပြလိုက်၏။ "အင်း။ ရှင် သက်တောင့်သက်သာ ရှိရဲ့လားလို့ ကျွန်မ လာကြည့်တာ"

"သက်တောင့်သက်သာ?" သူ နှာမှုတ်လိုက်၏။ "မင်းက ဘာကို ဂရုစိုက်နေတာလဲ?"

ပေ့ချ်က ပြော၏။ "ကျေးဇူးပြုပြီး ရန်မဖြစ်ကြရအောင်လား"

ခရိုနင်သည် သူမကို စကားမပြောဘဲ ကြည့်နေ၏။ "တခြားဆရာဝန်တွေကတော့ မင်း လုပ်ပေးခဲ့တာ ကောင်းတယ်လို့ ပြောတယ်"

ပေ့ချ် ဘာမှ ပြန်မပြော။

"ငါ့မှာ ကင်ဆာရောဂါ ရှိတယ်မဟုတ်လား?"

"ဟုတ်ကဲ့"

"အခြေအနေဆိုးလား?"

ထိုမေးခွန်းသည် ခွဲစိတ်ဆရာဝန်တိုင်း အနေးနှင့်အမြန်ကြုံရမည့် အကြပ်ရိုက်စေသည့်မေးခွန်းဖြစ်သည်။ ပေ့ချ်က ပြော၏။ "တော်တော်ဆိုးတယ်"

တော်တော်ကြာ တိတ်ဆိတ်သွားသည်။ "ဓာတ်ကင်တာတို့ ကင်ဆာဆေးထိုးတာတို့ကော?"

"စိတ်မကောင်းပါဘူး။ အဲဒါတွေက ရှင့်ကို ပိုသာဆိုးစေလိမ့်မယ်။ မကုသပေးနိုင်ပါဘူး"

"ငါ သိပါပြီ။ ကဲ. . .ငါလည်း ဘဝကောင်းကောင်းတစ်ခု ရပြီးခဲ့ပြီပဲ"

"ရခဲ့လိမ့်မယ်လို့ ကျွန်မလည်း ထင်ပါတယ်"

"ငါ့အခုပုံစံကို ကြည့်ပြီး မင်းတော့ ထင်မိမှာ မဟုတ်ဘူး။ ငါ မိန်းမတွေ အများကြီးနဲ့ နေခဲ့တာကွ"

"ကျွန်မ ယုံပါတယ်"

"အင်း။ မိန်းမတွေ. . .အသားကင်ထူထူကြီးတွေ. . .ဆေးပြင်းလိပ်အကောင်းစားတွေ. . .ဒါနဲ့ မင်းလက်ထပ်ပြီးပြီလား?"

"ဟင့်အင်း"

"မင်းလက်ထပ်သင့်တယ်။ လူတိုင်း လက်ထပ်သင့်တယ်။ ငါလည်း လက်ထပ်ပြီးပြီ။ ၂ ကြိမ်တောင်။ ပထမအကြိမ်က ၃၅ နှစ်ကြာခဲ့တယ်။ သူမက အံ့ချီးဖွယ်ကောင်းတဲ့မိန်းမပါဘဲ။ သူမက နလုံးထဖောက်ပြီး ဆုံးသွားတာလေ"

"စိတ်မကောင်းပါဘူး"

"ရပါတယ်" သူက သက်ပြင်းချလိုက်၏။ "နောက်ပိုင်း ငါ မိန်းမပျက်တစ်ယောက်ရဲ့ ထောင်ချောက်မိသွားတယ်။ သူမနဲ့ သူမရဲ့ ဆာလောင်နေတဲ့အစ်ကိုနှစ်ယောက်လေ။ ငါ လိင်သိပ်ထန်မိတာ ငါ့အမှားပဲလို့ ငါထင်တယ်။ သူမရဲ့ အနီရောင်ဆံပင်က ငါ့ကို စိတ်ထစေတယ်လေ။ သူမက နည်းလမ်းတချို့လည်း ကျွမ်းကျင်တယ်"

"ကျွန်မ သေချာ. . ."

"ဟုတ်ပါတယ်။ ဒါပေမဲ့ ငါဘာလို့ ဒီဆေးရုံအစုတ်အပြတ်မှာ လာဆေးကုရတာလဲ သိလား? ငါ့မိန်းမက ငါ့ကို ဒီပို့လိုက်တာလေ။ သူမက ငါ့ကို ပုဂ္ဂလိကဆေးရုံပို့ရင် ငွေကုန်မှာ စိုးလို့။ ဒီကိုပို့မှ သူမနဲ့ သူမအစ်ကိုတွေအတွက် ငွေများများကျန်ခဲ့မှာလေ"

သူက ပေ့ချ်အား ကြည့်လိုက်သည်။ "ကျွန်တော် အချိန်ဘယ်လောက် ကျန်သေးလဲ?"

"အမှန်အတိုင်း သိချင်လား?"

"ဟင့်အင်း. . .အင်း.သိချင်တယ်"

"တစ်ပတ် ဒါမှမဟုတ် နှစ်ပတ်"

"ဘုရားဘုရား။ နာကျင်တာတွေက ပိုဆိုးလာမယ်မဟုတ်လားဟင်?"

"ကျွန်မ တတ်နိုင်သလောက် သက်တောင့်သက်သာဖြစ်အောင် လုပ်ပေးပါ့မယ်၊ မစ္စတာခရိုနင်"

"ဂျွန်လို့ပဲ ခေါ်ပါ"

"ဂျွန်"

"ဘဝက စိတ်ပျက်စရာကြီး၊ ဟုတ်တယ်မို့လား?"

"ရှင့်မှာ ကောင်းမွန်တဲ့ ဘဝရှိခဲ့တယ်လို့ ပြောခဲ့တယ်လေ"

"ရှိခဲ့ပါတယ်။ ဒီလိုဘဝမျိုးက ပြီးဆုံးသွားတော့မယ်လို့ သိရတာ ရယ်ဖို့ကောင်းတယ်။ သေပြီး ဘယ်ရောက်လဲဆိုတာ မင်းသိလား?"

"ကျွန်မ မသိပါဘူး"

သူ အားတင်းပြုံးလိုက်၏။ "ငါ မင်းကို အဲဒီကို ရောက်ရင် ပြန်ပြောပြမယ်"

"ဆေးဝါးတွေက ရောက်လာတော့မယ်။ ရှင် ပိုပြီး သက်တောင့်သက်သာ ရှိဖို့ ကျွန်မ ဘာလုပ်ပေးရမလဲ?"

"အင်း။ ညဘက် ပြန်လာပြီး ငါနဲ့ စကားပြော"

ထိုညသည် ပေ့ချ်၏ နားရက်ဖြစ်သည်။ သူမ မောဟိုက်နေ၏။ "ကျွန်မ

ပြန်လာခဲ့ပါ့မယ်”

ထိုညတွင် ပေ့ချ် ဂျွန်ခရိုနင်အား ပြန်လာကြည့်သောအခါ သူ နိုးနေ၏။

“ဘယ်လိုနေသေးလဲ”

သူ မျက်နှာရှုံ့မဲ့သွားသည်။ “ဆိုးဆိုးရွားရွားပဲ။ နာကျင်တာတွေအတွက် ငါက ဘယ်တုန်းကမှ မခံနိုင်ခဲ့ဘူး။ ငါ့အထင် ငါ့မှာ ခံနိုင်စွမ်းရည်ကျနေတာဖြစ်မယ်”

“ကျွန်မ နားလည်ပါတယ်”

“မင်း ပောဇယ်နဲ့ တွေ့ပြီးပြီ မဟုတ်လား?”

“ပောဇယ်?” “ငါ့မိန်းမလေ။ မိန်းမပျက်။ သူမနဲ့ သူမအစ်ကိုတွေ ဒီလာပြီး ငါ့ကို လာကြည့်သွားတယ်လေ။ သူတို့က မင်းနဲ့ စကားပြောခဲ့တယ်လို့ ပြောတယ်”

“ဟုတ်ကဲ့”

“သူမက မလွယ်ဘူး၊ မဟုတ်လား? ငါ တော်တော် ဒုက္ခရောက်ခဲ့တယ်။ သူတို့က ငါသေမှာကိုတောင် မစောင့်နိုင်ကြဘူးလေ”

“ဒီလို မပြောပါနဲ့ ရှင်”

“ဒါ အမှန်ပဲ။ ပောဇယ် ငါ့ကို လက်ထပ်တဲ့ တစ်ခုတည်းသောအကြောင်းပြချက်က ငါ့ပိုက်ဆံတွေအတွက်ပဲ။ မင်းကို အမှန်အတိုင်းပြောရရင် ဒါကို ငါ သိပ်စိတ်မဆိုးပါဘူး။ ငါ သူမနဲ့ အိပ်ရာပေါ်မှာ ကောင်းကောင်းပျော်ရွှင်ခဲ့တာပဲ။ ဒါပေမဲ့ သူမနဲ့ သူမ အစ်ကိုတွေက ပိုပို လောဘကြီးလာတယ်။ သူတို့က အမြဲတမ်း ထပ်ပြီး လိုချင်နေကြတယ်”

သူတို့ နှစ်ယောက်သား အသံတိတ်သွားကြသည်။

“ငါ ခရီးတွေ အများကြီးသွားခဲ့တယ်လို့ မင်းကို ပြောခဲ့လား?”

“ဟင့်အင်း”

“ဟုတ်ပြီ။ ငါ ဆွီဒင်. . .ဒိန်းမတ်. . .ဂျာမနီ အကုန်ရောက်ဖူးတယ်။ မင်းကော ဥရောပကို ရောက်ဖူးလား?”

ခရီးသွားအဖွဲ့ဆီသွားစုံစမ်းသည့်နေ့ကို သူမ အမှတ်ရသွား၏။

ဗင်းနစ်ကို သွားကြအောင်၊ ဟင့်အင်း ပဲရစ်ကို သွားရအောင်၊ လန်ဒန်ဆိုရင်ကော ဘယ်လိုလဲ?”

“ဟင့်အင်း။ ကျွန်မ မရောက်ဖူးပါဘူး”

“မင်း သွားသင့်တယ်”

“တစ်နေ့နေ့တော့ ရောက်မှာပါ”

“ဒီလို ဆေးရုံမျိုးမှာ အလုပ်လုပ်ရတာ မင်း ပိုက်ဆံသိပ်မရဘူးထင်တယ်၊ ဟုတ်လား?”

“ကျွန်မအတွက်တော့ လုံလောက်ပါတယ်”

သူက သူ့ကိုယ်သူ ခေါင်းညိတ်လိုက်၏။ “ဟုတ်တယ်။ မင်း ဥရောပကို သွားရမယ်။ ငါ့ကို တစ်ခုလောက်ကူညီပါလား။ မင်း ပဲရစ်ကိုသွား၊ ခရီလွန်ပော်တယ်မှာတည်း၊ မက်ဆင်စားသောက်ဆိုင်မှာညစာစား၊ အသားကင်ထူထူကြီးကြီးနဲ့ ရှန်ပိန်တစ်ပုလင်းမှာ၊ ပြီးတော့ အဲဒီ အသားကင်နဲ့ ရှန်ပိန်ကို စားသောက်နေတုန်းမှာ ငါ့အကြောင်း စဉ်းစားပေးပါလား။ ငါ့ကို လုပ်ပေးမလားဟင်?”

ပေ့ချ်က ဖြေးညင်းစွာ ပြောလို၏။ “တစ်နေ့နေ့ ကျွန်မ လုပ်ပေးပါ့မယ်”

ဂျွန်ခရိုနင်က သူမကို ကြည့်လိုက်၏။ “ကောင်းပြီ။ ငါ ပင်ပန်းနေပြီ။ မနက်ဖြန်လည်း ထပ်လာပြီး ငါနဲ့ စကားပြောပေးဦးမလား?”

"ကျွန်မ လာခဲ့ပါ့မယ်" ပေ့ချ်က ပြော၏။

ဂျွန်ခရိုနင် အိပ်ပျော်သွားသည်။

(အခန်း ၂၉)

ကန်မယ်လိုရီသည် မိန်းမနှင့် ပတ်သက်လျှင် ကံကောင်းသူဖြစ်သည်။ ဟာရင်ဆင်မိသားစုနှင့် တွေ့ဆုံပြီးသောအခါ သူမသည် သူ့ဘက်တွင် ရှိကြောင်း ပိုမို ယုံကြည်လာသည်။

အဲလက်ဟာရင်ဆင်ကဲ့သို့ ချမ်းသာသူတစ်ယောက်အနေနှင့် အန်ဘာကာဒီရိုဆေးရုံသို့ လာရောက်ဆေးကုသခြင်းမှာ ဖြစ်နိုင်ချေ အလွန်နည်းပါးသည်။ ပြီးတော့ ငါက သူ့အသက် ကယ်ခဲ့တာပဲ၊ သူ ကျေးဇူးဆပ်ချင်တာ ထင်တယ်ဟု မယ်လိုရီ ဝမ်းမြောက်စွာ တွေးခဲ့သည်။

ဟာရင်ဆင်မိသားစုအကြောင်း သူ့သူငယ်ချင်းတစ်ယောက်ကို မေးခဲ့၏။ "ချမ်းသာတယ်ဆိုတာထက်ကို ချမ်းသာသေးတယ်" သူ့သူငယ်ချင်းက ပြော၏။ "သူက သန်းကြွယ်သူဌေးအခါတစ်ဒါဇင်ပဲ။ ပြီးတော့ သူ့ဆီမှာ ကြည့်လို့ကောင်းတဲ့ သမီးတစ်ယောက်လည်း ရှိသေးတယ်။ သူမက ၃-၄ ကြိမ်လောက် အိမ်ထောင်ကျဖူးတယ်။ နောက်ဆုံးအခါကတော့ မြို့စားတစ်ယောက်ပဲ"

"မင်း ဟာရင်ဆင်မိသားစုနဲ့ တွေ့ဖူးလား"

"ဟင့်အင်း။ သူတို့က သာမန်လူထုတွေနဲ့ ရောရောနှောနှောမနေဘူးကွ"

စနေနေ့မနက်တွင် အဲလက်ဟာရင်ကို ဆေးရုံမှ ဆင်းခွင့်ပေးလိုက်သည်။ သူက မေး၏။ "ကန်၊ နောက်တစ်ပတ်ကြရင် ညစာပါတီလုပ်ဖို့အတွက် ကျွန်တော် ကျန်းမာရဲ့လား?"

မယ်လိုရီ ခေါင်းညိတ်လိုက်၏။ "လွန်လွန်ကျူးကျူးမနေရင်တော့ ဘာမှ ပြဿနာမရှိပါဘူး"

အဲလက်ဟာရင်ဆင်က ပြုံးလိုက်၏။ "ကောင်းပြီ။ ဒေါက်တာက အထူးဧည့်သည်နော်"

မယ်လိုရီ ရှိန်းကနဲ ဖြစ်သွားသည်။ ထိုလူကြီးက အမှန်တကယ်ပင် ဆိုလိုခြင်းဖြစ်သည်။

"ဟို. . .ကျေးဇူးတင်ပါတယ်"

"လော်ရင်နဲ့ ကျွန်တော်တို့ လာမယ့် စနေနေ့ည ၇း၃၀ ဒေါက်တာ့ကို စောင့်နေမယ်နော်"။ နော့တောင်ကုန်းရှိ လိပ်စာတစ်ခုကို မယ်လိုရီအား ပေးလိုက်၏။

"ကျွန်တော်လာခဲ့ပါ့မယ်" မယ်လိုရီက ပြော၏။

ထိုနေ့ညနေတွင် ကိတ်အား ရုပ်ရှင်ရုံခေါ်သွားရန် မယ်လိုရီ ကတိပေးထားခဲ့သည်။ သို့သော် ဖျက်လိုက်ဖို့က လွယ်၏။ သူသည် သူ့နိုင်ကြေးများကို ယူပြီးပြီ။ သူမနှင့် ပျော်ပျော်ကြီး လိင်ဆက်ဆံခဲ့ပြီးပြီ။ တစ်ပတ်အတွင်း အကြိမ်ရေ ခပ်များများပင် သူတို့နှစ်ယောက်သည် အွန်ကောအခန်းလွတ်များ၊ လူနာအခန်းလွတ်များ၊ သူတို့ တိုက်ခန်းများတွင် အတူနေရအောင် စီစဉ်ခဲ့ကြသည်။ သူမ၏ ရာဂမီးများသည် အချိန်အတော်ကြာကတည်းက စုဝေးနေခဲ့သည်။ ပေါက်ကွဲချိန်ရောက်သောအခါ. . .ဝိုး. . .မယ်လိုရီ ပျော်ရွှင်စွာ တွေးမိသည်။ သို့သော် နှုတ်ဆက်ရမည့် တစ်ရက်ကတော့

ရောက်လာပေဦးမည်။

ဟာရင်ဆင်မိသားစုနှင့် ညစာအတူစားမည့်နေ့တွင် မယ်လိုရီသည် ကိတ်အား ဖုန်းဆက်လိုက်၏။ "သတင်းဆိုးပဲ၊ အချစ်ရယ်"

"ဘာဖြစ်လို့လဲ"

"ဆရာဝန်တစ်ယောက်က ဖျားနေပြီး ကိုယ့်ကို သူ့အစား အလုပ်ဆင်းပေးပါတဲ့။ ကိုယ်တို့ ချိန်းထားတာကို ဖျက်ပစ်ရတော့မယ်"

သူမ ဘယ်လောက်စိတ်ပျက်သွားမှန်း၊ သူမ သူနှင့်အတူ ဘယ်လောက်တောင် အတူရှိနေချင်မှန်း သူ့ကို အသိမပေးလိုပေ။ ကိတ်က ပေ့ါပေ့ါပါးပါးပင် ပြန်ပြော၏။ "ကောင်းပြီလေ၊ ဒါက ဆရာဝန်တာဝန်တွေပဲလေ၊ ဟုတ်တယ်မို့လား"

"ဟုတ်တာပေါ့။ ကိုယ်မင်းကို အစားပြန်လျော်ပေးပါ့မယ်"

"ကျွန်မကို ဘာမှ အစားပြန်လျော်ပေးစရာမလိုပါဘူး" သူမက နွေးထွေးစွာပြောလိုက်၏။ "ရှင့်ကို ချစ်တယ်"

"ကိုယ်လည်းမင်းကိုချစ်တယ်"

"ကန်၊ ကိုယ်တို့ နှစ်ယောက်ကိစ္စ ဘယ်တော့လောက် စဆွေးနွေးတော့မလဲ?"

"ဘာကို ပြောတာလဲဟင်?" သူမ ဘာကို ဆိုလိုသည်ကို သူ သေသေချာချာသိ၏။ ကတိကဝတ်ဖြစ်၏။

သူတို့အားလုံးဟာ အတူတူတွေချည်းပဲ။ သူတို့ မိန်းမကိုယ်ကို ငါးစာအနေနဲ့အသုံးချပြီး တစ်ကောင်ကောင်က သူ့ဘဝနဲ့ ရင်းပြီး လာဟပ်လိမ့်မယ်လို့ မျှော်လင့်နေကြတယ်။ သူကတော့ ဒီလိုမဖြစ်။ အချိန်တန်လာလျှင် သူသည် ဖယ်ခွာပစ်လိုက်၏။ သူ အကြိမ်ဒါဇင်ပေါင်းများစွာလည်း လုပ်ခဲ့၏။

ကိတ်က ပြော၏။ "ကျွန်မတို့ ရက်သတ်မှတ်ထားလိုက်ရင် ကောင်းမယ်ထင်တယ်၊ ဘယ်လိုလဲ ကန်? ကျွန်မမှာ အစီအစဉ်ဆွဲစရာတွေ အများကြီး ရှိသေးတယ်"

"အိုး. . ကောင်းတာပေ့ါ။ လုပ်လိုက်လေ"

"ကျွန်မကတော့ ဂျွန်လလောက်ဆိုရင်ကော၊ ဘယ်လို ထင်လဲ?"

ငါဘယ်လိုထင်လည်းဆိုတာ မင်းသိချင်မှာ မဟုတ်ပါဘူး။ တကယ်လို့ ငါသာ မှန်မှန်ကန်ကန် လှုပ်ရှားသွားမယ်ဆိုရင်၊ လက်ထပ်ပွဲတစ်ခုတော့ ဖြစ်လာမှာပါ။ ဒါပေမဲ့ မင်းနဲ့တော့ မဟုတ်ဘူး။

"ကိုယ်တို့ နောက်မှ ပြောကြတာပေ့ါ။ ကိုယ် အခုသွားရတော့မယ်"

ဟာရင်ဆင်မိသားစု၏ အိမ်မှာ ရုပ်ရှင်ထဲမှာကဲ့သို့ပင် အိမ်ကြီးရခိုင်ဖြစ်၏။ သေချာစွာဖြတ်ညှပ်ထားသော မြက်ခင်းစိမ်း ဧကပေါင်းများစွာ ပေါ်တွင် တည်ရှိ၏။ အိမ်ကိုယ်၌ကပင် ထာဝရ တည်ရှိနေပုံပေါ်၏။

ဧည့်သည် ၂ ဒါဇင်ခန့်ရှိသည်။ ဧည့်ခန်းထဲတွင် သံစုံတီးဝိုင်းငယ်တစ်ခုက တီးမှုတ်နေ၏။ မယ်လိုရီဝင်လာသောအခါ လော်ရင်က အလောတကြီးဖြင့် သူ့ထံလာပြီး နှုတ်ဆက်သည်။ သူမသည် ချပ်ချပ်ရပ်ရပ်ကပ်နေသော ပိုးသား ပွဲတက်ဝတ်စုံကို ဝတ်ထားသည်။ သူမက မယ်လိုရီ၏ လက်ကို ဖျစ်ညှစ်လိုက်၏။ "ကြိုဆိုပါတယ်၊ အထူးဧည့်သည်ရှင့်။ ဒေါက်တာလာတဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်"

"ကျွန်တော်လည်း ဝမ်းသာပါတယ်။ ခင်ဗျားအဖေကော ဘယ်လိုနေသေးလဲ?"

"အရမ်းကောင်းမွန်ပါတယ်။ ဒေါက်တာ့ကျေးဇူးတွေပေါ့။ ဒေါက်တာက ဒီအိမ်မှာတော့ သူရဲကောင်းတစ်ယောက်ပဲ"

မယ်လိုရီက နှိမ့်ချပြုံး ပြုံးလိုက်၏။ "ကျွန်တော့် အလုပ်ကို ကျွန်တော် လုပ်တာပါခင်ဗျာ" "ကျွန်မအထင် ဒါက ဘုရားသခင် နေ့တိုင်း ပြောနေတဲ့ စကားပဲ"။ သူမက သူ့လက်ကို ကိုင်လိုက်ပြီး အခြားဧည့်သည်များနှင့် လိုက်မိတ်ဆက်ပေးသည်။

ဧည့်သည်များမှာ ဒိတ်ဒိတ်ကြဲပုဂ္ဂိုလ်များချည်းဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ်၏ အုပ်ချုပ်ရေးမှူးလည်း ရောက်နေ၏။ ပြင်သစ် သံအမတ်၊ အထူးတရားရုံးမှ တရားသူကြီးတစ်ယောက်နှင့်အတူ နိုင်ငံရေးသမားများ၊ အနုပညာရှင်များ၊ စီးပွားရေးသူဌေးကြီးများ တစ်ဒါဇင်ခန့်တို့ စုဝေးရောက်နေကြသည်။ အခန်းတွင်းရှိ တန်ခိုးသြဇာတို့ကို မယ်လိုရီ ခံစားလိုက်ရပြီး သူ့ကို ကျောချမ်းသွားစေ၏။ ဒါ ငါပိုင်တဲ့ နေရာပဲဟု သူတွေးမိသည်။ ဒီနေရာ၊ ဒီလူတွေနဲ့။

ညစာသည် စားကောင်းပြီး ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသည်။ ဧည့်သည်များ ပြန်ခါနီးအချိန်တွင် ဟာရင်ဆင်က မယ်လိုရီကို ပြော၏။ "အလျင်မလိုပါနဲ့ဦး၊ ကန်။ ကျွန်တော် ဒေါက်တာနဲ့ စကားပြောချင်သေးတယ်"

"ကျွန်တော် ဝမ်းမြောက်စွာ နေခဲ့ပါ့မယ်"

ဟာရင်ဆင်၊ လော်ရင်နှင့် မယ်လိုရီတို့သည် စာကြည့်ခန်းထဲတွင် ထိုင်နေကြသည်။ ဟာရင်ဆင်သည် သူ့သမီး ဘေးနားတွင် ထိုင်နေ၏။

"ဆေးရုံမှာတုန်းက ဒေါက်တာ့ဆီမှာ တောက်ပတဲ့အနာဂတ်ရှိတယ်ဆိုတာ ကျွန်တော် တကယ်ပြောခဲ့တာပါ"

"လူကြီးမင်းရဲ့ ယုံကြည်မှုအတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ဒေါက်တာ ကိုယ်ပိုင်ဆေးခန်းထောင်သင့်တယ်"

မယ်လိုရီ ရယ်လိုက်၏။ "ဒီလောက်လွယ်မယ်လို့ မထင်ဘူး၊ မစ္စတာဟာရင်ဆင်ရဲ့။ ကိုယ်ပိုင်ဆေးခန်းဖွင့်ဖို့ အချိန်အကြာကြီးယူရမှာ. . .ကျွန်တော်က. . ."

"ပုံမှန်အားဖြင့်ဆိုရင်တော့ ဟုတ်တယ်။ ဒါပေမဲ့ ဒေါက်တာက ပုံမှန်လူမှ မဟုတ်တာ"

"ကျွန်တော် နားမလည်ဘူး"

"ဒေါက်တာ အလုပ်သင်တာဝန် ပြီးဆုံးသွားရင် ဖေဖေက ဒေါက်တာအတွက် ကိုယ်ပိုင်ဆေးခန်းထောင်ပေးချင်နေတာ"

ထိုခဏတွင် မယ်လိုရီတစ်ယောက် စကားလုံးတို့ ပျောက်ဆုံးကုန်သည်။ လွယ်လိုက်တာ။ သူသည် အိပ်မက်မက်နေသည်ဟုပင် ခံစားမိသည်။ "ကျွန်တော်. . .ကျွန်တော် ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး"

"ကျွန်တော်ဆီမှာ လူချမ်းသာမိတ်ဆွေတွေအများကြီးရှိတယ်။ သူတို့ထဲက တချို့ကို ဒေါက်တာ့အကြောင်းပြောပြပြီးပြီ။ ဒေါက်တာဆိုင်းဘုတ်ချိတ်လိုက်တာနဲ့ လူတွေ ပြုံပြီးရောက်လာစေရမယ်လို့ ကတိပေးတယ်"

"ဘာပဲဖြစ်ဖြစ် ဒေါက်တာ့ကို ကျွန်တော် ငွေထောက်ပံ့ပေးမယ်။ ဒေါက်တာ စိတ်ဝင်စားလား?"

မယ်လိုရီ အသက်ရှူဖို့ပင် ခက်ခဲလာသည်။ "အရမ်းကို စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ ကျွန်တော်. . .ကျွန်တော် လူကြီးမင်းကို

ဘယ်တော့မှ အကြွေးပြန်ဆပ်နိုင်မယ်မှန်းတော့ မသိဘူး”

“ဒေါက်တာ နားမလည်သေးဘူး။ ကျွန်တော်ကသာ ဒေါက်တာ့ကို ပြန်ဆပ်နေတာ။ ဒေါက်တာ ကျွန်တော့်ကို ဘာမှ မတင်ထားပါဘူး”

လောရင်သည် မယ်လိုရီအားကြည့်နေ၏။ သူမမျက်လုံးများမှာ နွေးထွေး၏။ “ကျေးဇူးပြုပြီး လက်ခံတယ်လို့ ပြောလိုက်ပါ”

“ငြင်းပယ်လိုက်ရင် ကျွန်တော် လူနုံဖြစ်သွားမှာပေါ့၊ မဟုတ်ဘူးလား?”

“ဟုတ်တာပေ့ါ” လောရင်က ညင်သာစွာပြော၏။ “ရှင်က လူနုံမဟုတ်ဘူးဆိုတာ ကျွန်မ သိပါတယ်”

အိမ်အပြန်လမ်းတွင် ကန်မယ်လိုရီ အပျော်လွန်နေသည်။ အကောင်းဆုံးဖြစ်ခဲ့သည်ဟု သူတွေးမိ၏။ သို့သော် သူမှားခဲ့၏။ ပိုကောင်းလာခဲ့၍ဖြစ်သည်။

လော်ရင်က သူ့ထံ ဖုန်းဆက်၏။ “အလုပ်ကိစ္စနဲ့ ပျော်ရွှင်မှုကို ရောလိုက်တာ ဒေါက်တာစိတ်မရှိဘူးလို့ မျှော်လင့်ပါတယ်”

သူ့ကိုယ်သူ ပြန်ရယ်လိုက်၏။ “လုံးဝမဖြစ်ပါဘူး။ စိတ်ထဲမှာ ဘာတွေးထားလို့လဲ?”

“လာမယ့် စနေနေ့ညမှာ ပျော်ပွဲရွှင်ပွဲတစ်ခု ရှိတယ်။ ကျွန်မကို ခေါ်သွားမလားဟင်?”

အိုး. . .ငါမင်းကို ခေါ်ချင်တာပေ့ါ။ “သွားကြမယ်လေ” သူသည် စနေနေ့ညတွင် ဂျူတီရှိ၏။ သို့သော် သူ နာမကျန်းဖြစ်နေသည်ဟု ခွင့်တောင်းကာ အခြားတစ်ယောက်ကို အစားဆင်းခိုင်းမည်။

မယ်လိုရီသည် အရာရာကို ကြိုတင်စီမံတတ်သူဖြစ်သည်။ သို့သော် ယခု ဖြစ်ပျက်နေသည်တို့က အိပ်မက်ထက်ပင် ဆန်းကြယ်နေ၏။

ရက်သတ္တပတ်အနည်းငယ်အတွင်းတွင် သူသည် လောရင်၏ အသိုင်းအဝိုင်းတွင်းသို့ ဝင်ဆံ့သွားသည်။ သူ့ဘဝက အရှိန်အဟုန်နှင့် ပြောင်းလဲနေသည်။ သူသည် လော်ရင်နှင့် တစ်ညလုံးနီးပါး ကလျှင်ကနေမည်။ ထို့နောက် ဆေးရုံတွင် ခဏတဖြုတ် အလုပ်လုပ်မည်။  သူ့အလုပ်နှင့် ပတ်သက်သည့် တိုင်ကြားချက်များက တောင်လိုပုံနေ၏။ သူကတော့ ဂရုမစိုက်ပေ။ ငါဒီကနေထွက်သွားတော့မှာဟု သူ့ကိုယ်သူ ပြောမိသည်။

ငြိမ်းငွေ့ဖွယ်ကောင်းသော ပြည်နယ်ဆေးရုံကို စွန့်ခွာခြင်းနှင့် ကိုယ်ပိုင်ဆေးခန်းထောင်နိုင်ခြင်း ဟူသော အတွေးတို့က ရင်ခုန်လှုပ်ရှားစေ၏။ ထို့ပြင် လော်ရင်မှာလည်း သူ့အတွက် အပိုဆုဖြစ်၏။

ကိတ်ကတော့ အနှောင့်အယှက်ဖြစ်လာသည်။ အကြောင်းပြချက်မျိုးစုံပြကာ သူမနှင့်မတွေ့အောင် မယ်လိုရီရှောင်နေ၏။ သူမက အတင်းအကျပ် ပြောသောအခါ သူက ပြောတတ်၏။ “အချစ်ရယ်. . .ကိုယ်မင်းကို အရူးအမူးဖြစ်နေတာပါ. . .ဒါပေ့ါ. . .ကိုယ်မင်းကို လက်ထပ်ချင်တာပေ့ါ၊ ဒါပေမဲ့. . .အခုက. . .ကိုယ်. . .” ထို့နောက် ဆင်ခြေဆင်လက်များ အမျှင်မပြတ်ပေးတော့သည်။

လော်ရင်က စနေ၊ တနင်္ဂနွေနှစ်ရက်ကို ဘစ်ဆာရှိ မိသားစုပိုင်အပန်းဖြေအိမ်တွင် သွားနေဖို့ အကြံပေးလာ၏။ မယ်လိုရီ ပျော်သွား၏။ အရာရာသည် အထက်သို့ တက်နေသည်ဟု သူထင်မိသည်။ ငါကမ္ဘာတစ်ဝက်ကို ပိုင်တော့မယ်ဟု တွေးမိသည်။

အပန်းဖြေအိမ်သည် ထင်ရှူးပင်များ ပေါက်ရောက်နေသော

တောင်တုန်းပေါ်တွင်ရှိသည်။ သစ်သား၊ ကျောက်ပြား၊ ကျောက်တုံးတို့နှင့် ဆောက်လုပ်ထားသော ကြီးမားသည့် အဆောက်အအုံဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာကို မျက်မှာမူထားသည်။ ထိုထဲတွင် အထူးအိပ်ခန်းတစ်ခန်း၊ ဧည့်သည်အိပ်ခန်း ၈ ခန်း၊ ကျောက်မီးလင်းဖိုနှင့် ကျယ်ဝန်းသော ဧည့်ခန်းတစ်ခန်း၊ အိမ်တွင်း ရေကူးကန်တစ်ကန်နှင့် ကြီးမားသော ရေနွေးကန်တစ်ကန်တို့ ပါရှိသည်။

အရာရာသည် ပိုက်ဆံ အနံ့ထွက်နေ၏

သူတို့ ဝင်လာသောအခါ လော်ရင်က မယ်လိုရီဘက်လှည့်ပြီး ပြောလိုက်၏။ "ကျွန်မ အိမ်စေတွေကို ဒီနစ်ရက် အနားပေးထားတယ်"

မယ်လိုရီက ပြုံးလိုက်၏။ "စိတ်ကူးကောင်းပဲ"။ သူက လော်ရင်အား ဖက်လိုက်ပြီး ညင်သာစွာ ပြော၏။ "ကိုယ်မင်းကြောင့် ရူးတော့မယ်"

"သက်သေပြလေ" ဟု လော်ရင်က ပြော၏။

သူတို့ တစ်နေ့လုံး အိပ်ရာထဲတွင်သာ အချိန်ကုန်ခဲ့သည်။ လော်ရင်သည် ကိတ်ကဲ့သို့ပင် မတင်းတိမ်နိုင်သူဖြစ်၏။

"မင်းက ကိုယ့်ကို ခြေကုန်လက်ပန်းကျအောင်လုပ်နေတာပဲ" မယ်လိုရီက ရယ်လိုက်၏။

"ကောင်းတယ်။ ဒါမှ တခြားလူတွေနဲ့ လိင်ဆက်ဆံလို့ မရမှာ"

သူမက ကုတင်ပေါ်တွင် ထိုင်လိုက်၏။ "တခြားဘယ်သူမှ မရှိဘူး မဟုတ်လား၊ ကန်?"

"ဘယ်လိုလုပ်ရှိမှာလဲ" မယ်လိုရီက ရိုးသားစွာ ပြော၏။ "ဒီကမ္ဘာပေါ်မှာ မင်းက လွဲပြီး ကိုယ့်အတွက် ဘယ်သူမှ မရှိဘူး။ ကိုယ်မင်းကို ချစ်နေပြီ၊ လော်ရင်"

ယခုအချိန်သည် ဆုံးဖြတ်ရတော့မည့်အချိန်ဖြစ်သည်။ သူ့အနာဂတ်တစ်ခုလုံးကို သပ်သပ်ရပ်ရပ်ထုပ်ပိုးရတော့မည်။ ကိုယ်ပိုင်ဆေးခန်းတွင် အောင်မြင်ဖို့က တစ်ကဏ္ဍ၊ အဲလက်ဟာရင်ဆင်၏ သမက်ဖြစ်ဖို့က တစ်ကဏ္ဍဖြစ်သည်။ "ကိုယ်မင်းကို လက်ထပ်ချင်တယ်"

သူ အသက်ရှူအောင့်ထား၏။ သူမအဖြေကို မျှော်နေ၏။

"အိုး. . .ဒါလင်ရယ်. ..ကျွန်မ လက်ခံပါတယ်" လော်ရင် ပြော၏။

တိုက်ခန်းအတွင်းတွင်တော့ ကိတ်သည် မယ်လိုရီနှင့် အဆက်အသွယ်ရဖို့ အသည်းအသန် ကြိုးစားနေ၏။ သူမ ဆေးရုံကို တယ်လီဖုန်းဆက်လိုက်သည်။

"ဝမ်းနည်းပါတယ်၊ ဒေါက်တာဟန်တာ။ ဒေါက်တာမယ်လိုရီက အွန်ကောတာဝန်မဟုတ်ပါဘူး။ သူ့အချက်ပေးစက်မြည်တာကိုလည်း ပြန်မတုံ့ပြန်ပါဘူး"

"သူ့ကို ဘယ်လို ဆက်သွယ်လို့ရနိုင်လဲဆိုတာ သူပြောခဲ့သေးလား?"

"ကျွန်မတို့ဆီမှာတော့ အဲဒီဟာမျိုး မှတ်ထားတာမရှိပါဘူး"

ကိတ် ဖုန်းခွက်ကို ပြန်ချလိုက်ပြီး ပေ့ချ်ဘက်လှည့်လိုက်၏။ "သူတော့ တစ်ခုခုဖြစ်နေပြီ။ ငါ သိတယ်။ သူအခုချိန်လောက်ဆို ငါ့ကို ဖုန်းဆက်သင့်တယ်"

"ကိတ်၊ သူ့ဆီက သတင်းမကြားရတဲ့ အကြောင်းရင်းပေါင်း တစ်ရာလောက်ရှိတယ်။ သူ မြို့ထဲက ထွက်သွားတာလည်း ဖြစ်နိုင်တာပဲ။ ဒါမှမဟုတ်. . ."

“နင်ပြောတာ ဟုတ်တယ်။ အကြောင်းပြချက်ကောင်းကောင်းတစ်ခုတော့ ရှိမယ်လို့ ငါလည်းထင်တယ်”

ကိတ် တယ်လီဖုန်းကို ကြည့်လိုက်ပြီး မြည်ပါစေဟု ဆုတောင်းမိသည်။

မယ်လိုရီ ဆန်ဖရန်စစ္စကိုသို့ ပြန်ရောက်သောအခါ သူသည် ဆေးရုံအားဖုန်းဆက်ပြီး ကိတ်နှင့် တွေ့လိုကြောင်းပြော၏။

“ဒေါက်တာဟန်တာက ဂျူတီနားပါတယ်” ကြိုဆိုရေးအမှုထမ်းက သူ့ကို ပြော၏။ “ကျေးဇူးပါပဲ”။ မယ်လိုရီ တိုက်ခန်းဖုန်းအားခေါ်လိုက်၏။ ကိတ် ရှိနေသည်။

“ဟိုင်း. . .အချစ်”

“ကန်၊ ဘယ်ကို ရောက်နေတာလဲ? ဒီမှာ စိတ်ပူလိုက်ရတာ။ ကျွန်မ နေရာတိုင်းကို ဖုန်းဆက်ပြီး. . .”

“ကိုယ့်မိသားစု အရေးပေါ်ကိစ္စတစ်ခု ဖြစ်နေလို့” သူက ပြေပြစ်စွာပြော၏။

“မင်းကို ဖုန်းဆက်ပြောဖို့အတွက် အချိန်မရှိခဲ့တာ တောင်းပန်ပါတယ်။ ကိုယ် မြို့က ထွက်သွားမှ ဖြစ်မှာမို့လို့ပါ။ ကိုယ်လာခဲ့ရမလား?”

“လာသင့်တယ်ဆိုတာ ရှင်သိပါတယ်။ ရှင် ဘာမှမဖြစ်တာကိုပဲ ကျွန်မ ဝမ်းသာနေပါပြီ”

“နာရီဝက်အတွင်း အရောက်လာခဲ့မယ်”

သူ ဖုန်းခွက်ကို ချလိုက်ပြီး ပျော်ရွှင်စွာတွေးလိုက်၏။ အချိန်တော့ကျလာပြီ။ အားလုံးထဲမှာကြည့်ရင်တော့ ကိတ်က တော်တော်ပျော်စရာကောင်းတဲ့သူတစ်ယောက်ပဲ။ ဒါပေမဲ့ သူကလည်း အဲဒီအများကြီးထဲက တစ်ယောက်ပါပဲ။

မယ်လိုရီ တိုက်ခန်းသို့ ရောက်လာသောအခါ ကိတ်သည် သူ့အား လှမ်းဖက်လို့၏။

“ကျွန်မ ရှင့်ကို လွမ်းနေတာ” သူမ သူ့အား ဘယ်လောက်တောင် စိုးရိမ်နေခဲ့ကြောင်း သူမ မပြောနိုင်ခဲ့ပေ။ ယောကျ်ားတွေက ဒီလို ပြောတာမကြိုက်ဟု သူမထင်ထား၏။ သူမ နောက်သို့ ခွာရပ်လိုက်၏။ “အချစ်ရယ်. . .ရှင့်ကို ကြည့်ရတာ အရမ်းကို ပင်ပန်းနေသလိုပဲ”

မယ်လိုရီ သက်ပြင်းချလိုက်၏။ “ကိုယ် ပြီးခဲ့တဲ့ ၂၄ နာရီလုံးလုံး မအိပ်ရသေးဘူး”

ထိုစကားမှာ မှန်သည်ဟု သူတွေးမိ၏။ ကိတ် သူ့အား ဖက်လိုက်၏။ “သနားစရာ ကောင်းလိုက်တာ။ ကျွန်မ ရှင့်အတွက် တစ်ခုခု လုပ်ပေးရမလား?”

“ဟင့်အင်း။ ကိုယ် ဘာမှ မဖြစ်ပါဘူး။ ကိုယ်လိုအပ်နေတာက တစ်ညတာလောက် ကောင်းကောင်းအိပ်လိုက်ဖို့ပဲ။ ထိုင်ကြရအောင်၊ ကိတ်။ ကိုယ်တို့ ပြောစရာတွေ ရှိတယ်” သူက သူမအား ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။

“တစ်ခုခုများ မှားနေလို့လားဟင်?” ကိတ်က မေး၏။

မယ်လိုရီ အသက်ပြင်းပြင်းရှူလိုက်၏။ “ကိတ်၊ ကိုယ်တို့ နှစ်ယောက်အကြောင်းကို ခုတလော ကိုယ်စဉ်းစားနေတာ”

သူမ ပြုံးလိုက်၏။ “ကျွန်မ ရောပဲ။ ကျွန်မမှာ ရှင့်အတွက် သတင်းတစ်ခုရှိတယ်။ ကျွန်မမှာ. . .”

“ဟင့်အင်း၊ ခဏစောင့်ပါဦး။ ကိုယ် ပြီးအောင် ပြောပါရစေ။ ကိတ်၊

ကိုယ်တို့ အရာရာကို အလျှင်လိုခဲ့တယ်လို့ ထင်တယ်။ ကိုယ်. . .ကိုယ်. . .မင်းကို လောကြီးပြီး လက်ထပ်ခွင့်တောင်းခဲ့တယ်လို့ ထင်တယ်"

သူမ ဖြူရော်သွား၏။ "ရှင်. . .ရှင် ဘာပြောတာလဲ?"

"ကိုယ်ပြောတာက ကိုယ်တို့ အရာရာကို ရပ်ထားရင်ကောင်းမယ်လို့"

အခန်းတစ်ခုလုံး သူမအပေါ် ပြိုကျလာသည်ဟု ခံစားရသည်။ သူမ အသက်ရှူဖို့ပင် ခက်ခဲ့နေ၏။ "ကန်၊ ကျွန်မတို့ အရာရာကို ရပ်ထားလို့မရဘူး။ ကျွန်မမှာ ရှင့်ကလေးကို လွယ်ထားရပြီ"

(အခန်း ၃၀)

ပေ့ချ် ညသန်းခေါင်မှ အိမ်ပြန်ရောက်၏။ ပင်ပန်းလှသော နေ့တစ်နေ့ပင်။ နေ့လယ်စာစားဖို့ အချိန်မရှိခဲ့။ ညစာမှာတော့ ခွဲစိတ်ခြင်းများကြားထဲတွင် အသားညှပ်ပေါင်မုန့်တစ်ခုစားခဲ့၏။ သူမ အိပ်ရာပေါ်သို့ လှဲချလိုက်ပြီး ချက်ချင်းပင် အိပ်ပျော်သွားသည်။

တယ်လီဖုန်းမြည်သံက သူမကို နှိုးလိုက်၏။ အိပ်ချင်မူးတူးဖြင့်ပင် ဖုန်းကို လှမ်းယူလိုက်ပြီး အိပ်ရာဘေးနာရီကို ကြည့်လိုက်၏။ မနက် ၃ နာရီ။

"ဟလို?"

"ဒေါက်တာတေစ်လားလား? အနှောင့်အယှက် ပေးမိတာ တောင်းပန်ပါတယ်။ ဒေါက်တာ့လူနာတစ်ယောက်က ဒေါက်တာ့ကို အခုချက်ချင်းတွေ့ချင်တယ်တဲ့"

ပေ့ချ် အာခေါင်များခြောက်နေသောကြောင့် စကားပြောဖို့ မနည်းပင် အားယူရသည်။ "ကျွန်မ ဂျူတီထွက်နေပြီလေ" သူမ ဗလုံးဗထွေးပြန်ပြော၏။ "တခြားတစ်ယောက်ယောက်ကိုများ. . .?"

"သူက တခြားဘယ်သူနဲ့မှ စကားမပြောဘူး။ သူက ဒေါက်တာ့ကိုပဲ လိုအပ်တယ်လို့ ပြောတယ်"

"ဘယ်သူလဲ?"

"ဂျွန်ခရိုနင်"

ပေ့ချ် မတ်မတ်ထိုင်လိုက်၏။ "ဘာဖြစ်တာလဲ?"

"ကျွန်မ မသိဘူး။ သူက ဒေါက်တာကလွဲရင် တခြားလူတွေနဲ့ စကားပြောဖို့ ငြင်းဆန်တယ်"

"ကောင်းပြီလေ" ပေ့ချ် နွမ်းလျစွာ ပြော၏။ "ကျွန်မ လာနေပါပြီ"

မိနစ် ၃၀ ကြာသောအခါ ပေ့ချ် ဆေးရုံသို့ ရောက်လာ၏။ သူမ ဂျွန်ခရိုနင်အခန်းသို့ တိုက်ရိုက်ပင်သွား၏။ သူသည် အိပ်ရာတွင် နိုးနေ၏။ ပိုက်ပေါင်းစုံက သူ၏ နှာခေါင်းပေါက်၊ လက်မောင်းတို့မှ ထွက်နေ၏။

"လာတဲ့အတွက် ကျေးဇူးတင်ပါတယ်" သူ့အသံက အားနည်းပြီး ကွဲအက်နေသည်။

"ကိစ္စမရှိပါဘူး၊ ဂျွန်။ ကျွန်မမှာလည်း အိပ်ဖို့ကလွဲပြီး တခြားလုပ်စရာမှ မရှိတာ။ ကျွန်မ ဘာလုပ်ပေးရမလဲ? ဒီလို ဆေးရုံအကြီးကြီးထဲက တခြားဆရာဝန်တွေ မလုပ်ပေးနိုင်တဲ့အရာမျိုးထဲက"

"ငါ မင်းနဲ့ စကားပြောချင်တယ်"

ပေ့ချ် ညည်းလိုက်သည်။ "ဒီလိုအချိန်ကြီးမှာ? ကျွန်မအထင် ဒါ အရေးပေါ်ကိစ္စဖြစ်တယ်ထင်လို့"

"ဟုတ်တယ်။ ကျွန်တော် ထွက်သွားချင်ပြီ"

သူမ ခေါင်းခါလိုက်သည်။ "ဒါမဖြစ်နိုင်ဘူး။ ရှင် အိမ်ပြန်လို့ မရသေးဘူး။ ရှင့်ရဲ့ ကုသမှုက. . ."

သူက ဖြတ်ပြော၏။ "ငါ အိမ်မပြန်ချင်ပါဘူး။ ငါ ထွက်သွားချင်တာ"

သူမက သူ့ကို ကြည့်ပြီး ဖြည်းညင်းစွာပြောလိုက်၏။ "ရှင် ဘာကို ပြောတာလဲ?"

"ငါဘာပြောလဲဆိုတာ မင်းသိပါတယ်။ ဆေးဝါးတွေက ငါ့အတွက် အလုပ်မလုပ်တော့ဘူး။ ငါ နာကျင်မှုတွေကို မခံစားနိုင်တော့ဘူး။ ထွက်သွားချင်ပြီ"

ပေ့ချ် ခါးကိုင်းလိုက်ပြီး သူ့လက်ကို ကိုင်လိုက်၏။ "ဂျွန်၊ ကျွန်မ ဒီလို လုပ်လို့မရဘူး။ ရှင့်ကို ဆေးတချို့. . ."

"ဟင့်အင်း။ ငါ သိပ်ကို ပင်ပန်းနေပြီ၊ပေ့ချ်။ ငါဘယ်နေရာကိုပဲဖြစ်ဖြစ် သွားလိုက်ချင်တယ်။ ဒီနေရာမှာ ဒီလိုကြီး မနေချင်တော့ဘူး။ လုံးဝ မနေချင်တော့ဘူး"

"ဂျွန်. . ."

"ငါ့မှာ အချိန်ဘယ်လောက်ကျန်သေးလဲ? ရက်အနည်းငယ်ပဲ မဟုတ်လား? ငါ ပြောခဲ့တယ်လေ၊ ငါက နာကျင်မှုတွေကို သည်းမခံနိုင်ဘူးလို့။ ငါဒီမှာ ထောင်ချောက်ထဲက သားကောင်လို နေနေရတယ်။ ဒီသောက်ပိုက်တွေနဲ့ ပြည့်နေတာပဲ။ ငါ့ကိုယ်ခန္ဓာကို တဖြည်းဖြည်း စားသုံးနေကြတယ်။ ဒါ အသက်ရှင်နေတာမှ မဟုတ်တာ. . .သေနေတာပဲ။ ငါ့ကို ကယ်ပါ. . ."။ ရုတ်တရက်ဖြစ်ပေါ်လာသော နာကျင်မှုက သူ့ကို တုန်ခါသွား၏။ သူထပ်စကားပြောသောအခါ သူ့အသံမှာ ပို၍ပင် အားနည်းနေ၏။ "ငါ့ကို ကယ်ပါ. . .ကျေးဇူးပြုပြီး. . ."

ဘာလုပ်ရမည်ကို ပေ့ချ်သိသည်။ သူမသည် ဂျွန်ခရိုနင်၏ တောင်းဆိုချက်ကို ဒေါက်တာဘန်ဂျမင်ဝေါလေ့စ်ထံ သတင်းပို့ရမည်။ သူက အုပ်ချုပ်ရေးကော်မတီထံ ထပ်မံ အစီအရင်ခံမည်။ သူတို့က ဆရာဝန်အဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်ပြီး ဂျွန်ခရိုနင်၏ အခြေအနေကို ဆွေးနွေးကြမည်။ ထို့နောက်တွင်မှ ဆုံးဖြတ်ချက်တစ်ခု ချမည်။ ပြီးမှ ထိုဆုံးဖြတ်ချက်ကို အတည်ပြုချက်ရယူ. . ..

"ပေ့ချ်. . .ဒါ ငါ့အသက်ပါ။ ငါကြိုက်သလို စီရင်ခွင့် ပေးပါ"

ပေ့ချ်သည် နာကျင်မှုများဖြင့် ဖုံးလွှမ်းနေသည့် အကူအညီမဲ့နေသော လူနာအားကြည့်လိုက်၏။

"ငါ မင်းကို တောင်းပန်နေတာပါ. . ."

သူမက သူ့လက်ကို ယူလိုက်ပြီး အချိန်အကြာကြီး ဆုပ်ကိုင်ထားသည်။ ထို့နောက် သူမက ပြော၏။ "ကောင်းပြီလေ၊ ဂျွန်။ ကျွန်မ လုပ်ပေးပါ့မယ်"

သူက အပြုံးယဲ့ယဲ့တစ်ခုကို အားတင်းပြုံးပြလိုက်သည်။ "ငါ မင်းကို အားကိုးလို့ရမယ်လို့ သိပြီးသားပါ"

ပေ့ချ် ရှေ့ကိုင်းလိုက်ပြီး သူ့နဖူးအား နမ်းလိုက်၏။ "ရှင့်မျက်လုံးတွေ မှိတ်လိုက်တော့။ အိပ်လိုက်တော့" "ကောင်းသောညပါ၊ ပေ့ချ်" "ကောင်းသောညပါ၊ ဂျွန်"

ဂျွန်ခရိုနင် သက်ပြင်းချပြီး မျက်လုံးများကို မှိတ်လိုက်၏။ ပီတိလွှမ်းသောအပြုံးက သူ့မျက်နှာတွင် ပေါ်လွင်နေသည်။

ပေ့ချ် ထိုင်ရင်း သူ့ကို ကြည့်နေ၏။ သူမ ဘာဆက်လုပ်ရမည်ကို

စဉ်းစားနေ၏။

ဒေါက်တာရက်နောနှင့် ပထမဆုံးအကြိမ် အတူ'ရောင်း'တုန်းက သူမ မည်မျှလောက် တုန်လှုပ်ခဲ့သည်ကို သူမ မှတ်မိသွား၏။ သူမက သတိမေ့နေတာ ခြောက်ပတ်ရှိပြီ။ သူမရဲ့ သက်ရှိလက္ခဏာတွေလည်း ကျဆင်းနေပြီ။ သူမအတွက် ငါတို့ လုပ်ပေးနိုင်တာမရှိတော့ဘူး။ ငါတို့ ဒီနေ့လယ်ခင်း စက်ကို ပိတ်လိုက်တော့မယ်။ နာကျင်မှုဒုက္ခတို့မှ လူသားတစ်ယောက်ကို လွတ်မြောက်စေသည်မှာ အပြစ်ရှိပါသလား။

ဖြည်းညင်းစွာပင် ပေ့ချ်သည် ရေအောက်တွင် လမ်းလျှောက်နေသူတစ်ယောက်ကဲ့သို့ အခန်းထောင့်ရှိ ဗီရိုတစ်ခုဆီ သွား၏။ ထိုနေရာတွင် အရေးပေါ်သုံးရန်အတွက် အင်ဆူလင်တစ်ပုလင်းကို ထားထား၏။ သူမ ဆေးပုလင်းကို ယူလိုက်ပြီး ထိုနေရာတွင် ရပ်နေ၏။ ဆေးပုလင်းကို စိုက်ကြည့်နေ၏။

ထို့နောက် သူမသည် ဆေးပုလင်းအဖုံးကို ဖွင့်လိုက်သည်။ ဆေးထိုးအပ်တစ်ချောင်းဖြင့် အင်ဆူလင်ကို စုပ်ယူလိုက်ပြီးနောက် ဂျွန်ခရိုနင်၏ အိပ်ရာဘေးကို ပြန်သွားလိုက်သည်။ နောက်ပြန်ဆုတ်ရန် အချိန်ရှိသေးသည်။

ငါဒီမှာ ထောင်ချောက်ထဲက သားကောင်လို နေနေရတယ်။ ဒါ အသက်ရှင်နေတာမှ မဟုတ်တာ. . .သေနေတာပဲ။ ငါ့ကို ကယ်ပါ. .

ပေ့ချ် ရှေ့ကိုင်းလိုက်ပြီး အင်ဆူလင်ကို ခရိုနင်၏ လက်မောင်းတွင် တပ်ထားသော သွေးကြောပိုက်မှတစ်ဆင့် ဖြည်းညင်းစွာ ထိုးသွင်းလိုက်သည်။

"ကောင်းကောင်း အိပ်လိုက်တော့" ပေ့ချ်က နှစ်ကိုယ်ကြားပြောလိုက်သည်။ သူမ ငိုရှိုက်နေမှန်း သူမကိုယ်တိုင်ပင် သတိမထားမိခဲ့ပေ။

ပေ့ချ် အိမ်သို့ ကားမောင်းပြန်လာ၏။ တစ်ညလုံး အိပ်မပျော်တော့ဘဲ သူမ လုပ်ခဲ့သည်ကိုသာ ပြန်တွေးနေမိသည်။

မနက် ၆ နာရီတွင် ဆေးရုံရှိ အလုပ်သင်ဆရာဝန်တစ်ယောက်ထံမှ ဖုန်းဝင်လာသည်။

"သတင်းဆိုးကို ပေးရတာ ဝမ်းနည်းပါတယ်၊ ဒေါက်တာတေလာ။ ဒေါက်တာ့လူနာ ဂျွန်ခရိုနင်ဟာ နလုံးထဖောက်ပြီး ဒီမနက်ပဲ သေသွားပါတယ်"

ယနေ့မနက်၏ တာဝန်ခံဆရာဝန်မှာ ဒေါက်တာအာသာကိန်းဖြစ်သည်။

(အခန်း ၃၁)

ကန်မယ်လိုရီသည် ပြီးခဲ့သည့်အခေါက် အော်ပရာပြဇာတ်သွားကြည့်စဉ်က အိပ်ပျော်ခဲ့သည်။ ယခုညတွင်တော့ သူသည် ဆန်ဖရန်စစ္စကို အော်ပရာဇာတ်ရုံတွင် 'ရစ်ဂိုလက်တို'ကို ကြည့်နေ၏။ သူ မိနစ်တိုင်းကို အာရုံစိုက်နေသည်။ သူသည် အခန်းတစ်ခုတွင် လောရင်ဟာရင်ဆင်နှင့် သူမအဖေတို့နှင့်အတူ ကြည့်နေ၏။ နားချိန်တွင် အော်ပရာဇာတ်ရုံ၏ ဧည့်ခန်းမဆောင်၌ အဲလက်ဟာရင်ဆင်သည် သူ့မိတ်ဆွေအတော်များများနှင့် မိတ်ဆက်ပေးခဲ့သည်။

"ဒါ ကျွန်တော့်ရဲ့ သားမက်လောင်း၊ အင်မတန်တော်တဲ့ ဆရာဝန်

ကန်မယ်လိုရီတဲ့”

အဲလက်ဟာရင်ဆင်၏ သားသမက်ဖြစ်ရခြင်းကပင် သူ့ကို ထူးချွန်သည့် ဆရာဝန်တစ်ယောက်ဖြစ်ဖို့ လုံလောက်သော အကြောင်းရင်းပင်။

ပြဇာတ်ပြီးသောအခါ ဟာရင်ဆင်မိသားစုနှင့် ကန်မယ်လိုရီတို့သည် ‘ဖဲမောင့်’ ဟိုတယ်ရှိ ခမ်းနားကြီးကျယ်သော ပင်မစားသောက်ခန်းတွင် ညလယ်စာ စားသောက်ကြ၏။ အဲလက်ဟာရင်ဆင်က သူတို့ကို ထိုင်ခုံနေရာသို့ ခေါ်သွားနေစဉ် စားပွဲထိုးတစ်ယောက်က အဲလက်ဟာရင်ဆင်အား ရိုရိုသေသေနှုတ်ဆက်လိုက်ပုံကို မယ်လိုရီ သဘောကျသွားသည်။ အခုအချိန်ကစပြီး ငါလည်း ဒီလိုနေရာမျိုးကို လာနိုင်တော့မယ်၊ လူတိုင်းက ငါဘယ်သူလဲဆိုတာ သိကြတော့မယ်ဟု မယ်လိုရီတွေးမိသည်။

သူတို့ အစားအစာများ မှာကြားပြီးသောအခါ လောရင်က ပြော၏။ “အချစ်ရယ်၊ ကျွန်မတို့ ပါတီတစ်ခုကျင်းပပြီး စေ့စပ်ပွဲကို ကြေညာလိုက်ရအောင်”

“ဒီ စိတ်ကူးကောင်းတယ်” သူမ အဖေက ပြော၏။ “ငါတို့ ခမ်းခမ်းနားနားကို လုပ်လိုက်မယ်။ ဘယ်လိုထင်လဲ၊ ကန်?”

သတိပေးခေါင်းလောင်းသံ မယ်လိုရီ၏ ခေါင်းထဲတွင် မြည်လာ၏။ စေ့စပ်ပွဲပါတီကျင်းပခြင်းဖြင့် လူအများကို သိသွားစေနိုင်သည်။ ကိတ်နဲ့ ကိစ္စကို အရင်ဖြေရှင်းရဦးမယ်။ ပိုက်ဆံနည်းနည်းလောက်နဲ့ဆိုရင် ပြေလည်လောက်မှာပါ။ မယ်လိုရီသည် သူလောင်းခဲ့သည့် ရှုးကြောင်ကြောင် အလောင်းအစားကို ကျိန်ဆဲမိသည်။

ဒေါ်လာတစ်သောင်းလောက်အတွက်မျှနှင့် သူ၏ တောက်ပသော အနာဂတ်သည် ယခုတော့ ဘေးကျပ်နံကျပ်ဖြစ်နေ၏။ ဟာရင်ဆင်မိသားစုကို ကိတ်အကြောင်းရှင်းပြလိုက်လျှင် ဘယ်လိုနေမည်နည်းဟု သူပုံဖော်ကြည့်သည်။

ဒါနဲ့ စကားမစပ်၊ ကျွန်တော် ဆေးရုံက ဆရာဝန်တစ်ယောက်နဲ့ စေ့စပ်ထားတာကို ပြောဖို့ မေ့နေတယ်။ သူမက လူမည်းအမျိုးသမီး. . .

ဒါမှမဟုတ်၊ ခင်ဗျားတို့ ဟာသတစ်ခုကြားချင်လား?။ ကျွန်တော် ဆေးရုံက ဆရာဝန်တွေနဲ့ ဒီလူမည်းဆရာဝန်မနဲ့ လိင်ဆက်ဆံနိုင်မနိုင် ဒေါ်လာတစ်သောင်းကြေး လောင်းခဲ့တယ်. . .

ဒါမှမဟုတ်၊ ကျွန်တော် လက်ထပ်ပွဲတစ်ခု လုပ်ဖို့ အစီအစဉ်ဆွဲပြီးသားဖြစ်နေတယ်. . .

ဟင့်အင်း၊ သူတွေးလိုက်၏။ ငါတစ်နည်းနည်းနဲ့ ကိတ်ကို နှုတ်ပိတ်ထားရမယ်။

သူတို့သည် မယ်လိုရီကို မျှော်လင့်တကြီး ကြည့်နေကြသည်။

မယ်လိုရီ ပြုံးလိုက်၏။ “ပါတီဟုတ်လား? တကယ်ကောင်းတဲ့ စိတ်ကူးပေါ့ဗျာ”

လော်ရင်က စိတ်ထက်သန်စွာ ပြော၏။ “ကောင်းပြီလေ။ ဒါဆို ကျွန်မ စပြင်ဆင်လိုက်တော့မယ်။ ရှင်တို့ ယောကျ်ားတွေက ပါတီတစ်ခုလုပ်ဖို့ ဘာတွေလိုလဲဆိုတာ သိကြတာမဟုတ်ဘူး”

အဲလက်ဟာရင်ဆင်သည် မယ်လိုရီဘက်လှည့်လိုက်၏။ “ကန်၊ ငါ မင်းအတွက် လုပ်စရာရှိတာတွေ လုပ်ပေးထားတယ်”

“ခင်ဗျာ?”

"နော့ရှောဆေးရုံအကြီးကဲ ဂယ်ရီဂစ်လင်းက ငါ့ရဲ့ ဂေါက်ရိုက်ဖော်ကွ။ ငါသူနဲ့ မင်းအကြောင်း ပြောပြီးပြီ။ မင်းက သူတို့ဆေးရုံနဲ့ ပူးပေါင်းလုပ်ဆောင်ဖို့ဆိုရင် ဘာအခက်အခဲမှ ရှိမှာမဟုတ်ပါဘူးတဲ့။ ဒါတကယ့် အခွင့်အရေးပဲကွ၊ သိလား။ တစ်ချိန်တည်းမှာပဲ မင်းကိုယ်ပိုင်ဆေးခန်းဖွင့်နိုင်ဖို့ ငါလုပ်ပေးမယ်"

မယ်လိုရီ နားထောင်နေရင်းပင် ဝမ်းသာမှုတို့က ပြည့်တက်လာ၏။ "ဒါ ကောင်းလိုက်တာ"

"ဒါပေါ့။ အကျိုးအမြတ်များများရအောင်တော့ နှစ်နည်းနည်းလောက်တော့ စောင့်ရဦးမယ်။ ဒါပေမဲ့ ငါ့အထင် ဒီ တစ်နှစ် နှစ်နှစ်အတွင်းမှာ မင်း ဒေါ်လာ ၂ သိန်း ၃ သိန်းလောက်တော့ စုမိမှာပါ"

၂ သိန်း ၃ သိန်း၊ ဘုရားရေ။ မယ်လိုရီ တွေးမိသည်။ သူက ဒီလို ပိုက်ဆံတွေကို မြေပဲစေ့တွေလို သဘောထား ပြောနေပါလား. .. "ဒါ. . .ဒါ အလွန်ပဲကောင်းပါတယ်၊ လူကြီးမင်းခင်ဗျာ"

ဟာရင်ဆင် ပြုံးလိုက်၏။ "ကန်၊ ငါက မင်းရဲ့ ယောက္ခမဖြစ်တော့မှာ။ ဒီ လူကြီးမင်း ဆိုတာကြီး ဖြုတ်လိုက်တော့။ ငါ့ကို အဲလက်လို့ပဲခေါ်"

"ကောင်းပါပြီ၊ အဲလက်"

"သိလား၊ ကျွန်မ တစ်ခါမှ ဂျွန်သတို့သမီးမဖြစ်ဖူးဘူး" လောရင်က ပြော၏။ "ဂျွန်လဆိုရင် အဆင်ပြေမလား၊ အချစ်?"။ ကိတ်အသံကို သူ့နားထဲ ပြန်ကြားယောင်လာ၏။ ကျွန်မတို့ ရက်သက်မှတ်ထားလိုက်ရင် ကောင်းမယ်ထင်တယ်၊ ကျွန်မကတော့ ဂျွန်လလောက်ဆိုရင်ကော၊ ဘယ်လို ထင်လဲ?။

မယ်လိုရီသည် လော်ရင်လက်ကို ကိုင်လိုက်၏။ "ကောင်းသားပဲ"။ ကိတ်ကို ဖြေရှင်းဖို့ အချိန်အများကြီးရတာပဲဟု သူတွေးမိ၏။ သူ့ကိုယ်သူ ပြုံးလိုက်သည်။ ငါသူ့ကို လောင်းကြေးငွေထဲက တချို့တစ်ဝက်ကို ပေးလိုက်မယ်။

"ပြင်သစ်တောင်ပိုင်းမှာ ငါတို့ ရွက်သင်္ဘောတစ်စီးရှိတယ်" အဲလက် ဟာရင်ဆင်က ပြော၏။ "ပြင်သစ်ပင်လယ်ကမ်းခြေဒေသကို ပျားရည်ဆမ်းထွက်ချင်လား?။ ငါတို့ပိုင်လေယာဉ်နဲ့ အဲဒီကို သွားလို့ရတယ်"

ရွက်သင်္ဘော၊ ပြင်သစ်ပင်လယ်ကမ်းခြေဒေသ။ အိပ်မက်တို့ အကောင်အထည်ပေါ်လာသလိုပင်။

မယ်လိုရီသည် လော်ရင်အား ကြည့်လိုက်၏။ "လော်ရင်နဲ့သာဆိုရင် ဘယ်ဖြစ်ဖြစ် ကျွန်တော်က ပျားရည်ဆမ်းခရီးသွားမှာပါ"

အဲလက်ဟာရင်ဆင် ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ၊ ဒီအတိုင်းပဲ စီစဉ်ထားလိုက်မယ်"

သူက သူ့သမီးကို ပြုံးပြလိုက်သည်။ "ကလေးရယ်၊ ဖေဖေတော့ မင်းကို လွမ်းနေတော့မှာ"

"ဖေဖေ သမီးကို မဆုံးရှုံးပါဘူး။ ဖေဖေ ဆရာဝန်တစ်ယောက် မြတ်နေတာပါ"

အဲလက်ဟာရင်ဆင် ခေါင်းညိတ်လိုက်၏။ "သောက်ရမ်းတော်တဲ့ ဆရာဝန်ပေါ့။ ငါ့အသက်ကို ကယ်ခဲ့တဲ့အတွက် မင်းကျေးဇူးတွေ ဆပ်လို့ မကုန်ပါဘူး၊ ကန်"

လော်ရင်က မယ်လိုရီလက်အား ဆုပ်လိုက်၏။ "ဖေဖေ့အစား သမီးသူ့ကို ကျေးဇူးဆပ်နေပါတယ်"

"ကန်၊ နောက်အပတ် နေ့လယ်စာ အတူ စားကြမယ်လေ"
အဲလက်ဟာရင်ဆင်က ပြော၏။

"မင်းအတွက် ရုံးခန်းကောင်းကောင်းတစ်ခု ရှာရဦးမယ်။ ပို့စ်အဆောက်အအုံမှာ ဖြစ်ဖြစ်ပေါ့။ ပြီးတော့ ဂယ်ရီဂစ်လင်းနဲ့ တွေ့ဖို့လည်း စီစဉ်ပေးရဦးမယ်။ ဂါ့သူငယ်ချင်းတော်တော်များများက မင်းကို အသေအလဲ တွေ့ချင်နေကြပြီ"

"ဖေဖေ ဒီစကားကို ပြောင်းပြောရင်ကောင်းမယ်" လောရင်က အကြံပေး၏။ သူမ ကန်ဘက်လှည့်လိုက်ပြီး "ကျွန်မသူငယ်ချင်းတွေကို ရှင့်အကြောင်း ပြောပြထားတယ်။ သူတို့က ရှင့်ကို တွေ့ချင်နေကြတယ်လေ။ ကျွန်မက တွေ့ခွင့်မပေးတာ"

"မင်းက လွဲပြီး ကိုယ်ဘယ်သူ့မှ စိတ်မဝင်စားပါဘူး" မယ်လိုရီက နွေးထွေးစွာ ပြော၏။

သူတို့သည် ဒရိုင်ဘာမောင်းသည့် ရိုးရိုက်ကားဆီသို့ ရောက်သောအခါ လော်ရင်က "အချစ်၊ ရှင့်ကို ဘယ်ပို့ပေးရမလဲ?"

"ဆေးရုံကို။ ကိုယ် လူနာတချို့ကို ပြန်ကြည့်လိုက်ဦးမယ်"

သူ မည်သည့်လူနာကိုမှ ကြည့်ရန် အစီအစဉ်မရှိ။ ကိတ်က ဆေးရုံတွင် ဂျူတီကျနေခြင်းကြောင့် ဖြစ်သည်။

လော်ရင်က သူ့ပါးကို ပွတ်သပ်လိုက်၏။ "သနားစရာကောင်းတဲ့ အချစ်ကလေးရယ်။ အလုပ်တွေ အရမ်းကြိုးစားတာပဲ"

မယ်လိုရီ ပြုံးလိုက်၏။ "ဒါက အရေးမကြီးပါဘူး။ ကိုယ် လူတွေကို ကူညီနေတာပဲ"

သူသည် ကိတ်ကို သက်ကြီးလူနာဆောင်တွင် တွေ့၏။

"ဟိုင်း၊ ကိတ်"

သူမ ဒေါသထွက်နေသည်။ "ကျွန်မတို့ မနေ့ညက ချိန်းထားခဲ့တယ်လေ၊ ကန်"

"ကိုယ်သိပါတယ်။ ကိုယ်တောင်းပန်ပါတယ်။ ကိုယ်ရောက်မလာနိုင်ခဲ့ဘူး။ ပြီးတော့. . ."

"ပြီးခဲ့တဲ့ အပတ်အတွင်းမှာ ဒါ သုံးကြိမ်မြောက်ဖြစ်တာပဲ။ ဘာတွေ ဖြစ်နေတာလဲဟင်?"

သူမသည် ငြီးငွေ့ဖွယ်ကောင်းသည့် နားပူနားဆာလုပ်သူဖြစ်လာသည်။ "ကိတ်၊ မင်းနဲ့ ကိုယ်စကားပြောစရာရှိတယ်။ ဒီနားမှာ အခန်းလွတ်ရှိလား?"

သူမ ခဏမျှ တွေးလိုက်၏။ "အခန်း ၃၁၅ ကလူနာ ဆင်းသွားပြီ။ အဲဒီကို သွားတာပေါ့။

သူတို့ ကော်ရစ်ဒါအတိုင်း လျှောက်လာကြသည်။ သူနာပြုတစ်ယောက် သူတို့ဘက် လျှောက်လာ၏။ "အိုး. . .ဒေါက်တာ မယ်လိုရီပါလား။ ဒေါက်တာပီတာဆင်က ဒေါက်တာ့ကို လိုက်ရှာနေတယ်။ သူ. . ."

"ကျွန်တော် အလုပ်များနေတယ်လို့ သူ့ကို ပြောလိုက်"။ သူ ကိတ်လက်မောင်းကို ဆွဲပြီး ဓာတ်လှေကားအတွင်းသို့ ဝင်သွားသည်။

သူတို့ တတိယလွှာသို့ ရောက်သောအခါ ကော်ရစ်ဒါအတိုင်း တိတ်ဆိတ်စွာ သွားကြပြီး အခန်း ၃၁၅ အတွင်းသို့ ဝင်လိုက်၏။

မယ်လိုရီ တံခါးပိတ်လိုက်သည်။

သူ အသက်ရှူမြန်နေ၏။ သူ၏ ရွှေရောင်အနာဂတ်တစ်ခုလုံး လာမည့်

မိနစ်ပိုင်းအပေါ်တွင် မူတည်နေသည်။

သူ ကိတ်လက်ကို ကိုင်လိုက်၏။ ရိုးသားဖို့ အချိန်ကျလာပြီ။ "ကိတ်၊ မင်းကို ကိုယ်အရူးအမူးဖြစ်တယ်ဆိုတာ မင်းသိပါတယ်။ မင်းလိုမျိုး ကိုယ်ဘယ်သူ့ကိုမှ မခံစားခဲ့ဖူးဘူး။ ဒါပေမဲ့ အချစ်ရယ်. . .ဒီအချိန်မှာ ကလေးယူဖို့ ဆိုတာတော့. . .ဟို . . .မှားနေတယ်လို့ မထင်မိဘူးလား။ ကိုယ်ပြောချင်တာက. . .ကိုယ်တို့ နှစ်ယောက်လုံး နေ့ရောညပါ အလုပ်လုပ်နေရတယ်လေ။ ကိုယ်တို့မှာ ပိုက်ဆံလည်း အလုံအလောက်မရှိ. . ."

"ကျွန်မတို့ ဖြစ်အောင် စီစဉ်နိုင်ပါတယ်" ကိတ်က ပြော၏။

"ကျွန်မ ရှင့်ကို ချစ်တယ်၊ ကန်။ ကျွန်မ. . ."

"ခဏ။ ကိုယ် တောင်းဆိုနေတာက အရာရာကို ခဏတဖြုတ်လောက်ပဲ ရပ်ထားပေးဖို့ပါ။ ကိုယ်ဒီဆေးရုံမှာ တာဝန်ပြီးအောင် လုပ်ပါရစေဦး။ ပြီးတော့ တစ်နေရာရာမှာ ကိုယ်ပိုင်ဆေးခန်းဖွင့်မယ်။ ကိုယ်တို့ အရှေ့ဘက်ပိုင်းကို ပြန်သွားကြမယ်လေ။ နောက် နှစ်အနည်းငယ်အတွင်းမှာ ကိုယ်တို့ လက်ထပ်နိုင်ကြပြီး ကလေးတစ်ယောက်ယူနိုင်ပြီလေ"

"နှစ်အနည်းငယ်အတွင်း? ဒါပေမဲ့ ကျွန်မပြောပြီးပြီလေ၊ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ"

"ကိုယ်သိပါတယ်၊ အချစ်။ ဒါက အစဆိုရင်. . .အန်. . .၂ လလောက်ပဲ ရှိသေးတာမဟုတ်လား။ ဖျက်ချဖို့ အချိန်တွေအများကြီး ရှိပါတယ်"

ကိတ်သူ့ကို ထိတ်လန့်တကြား ကြည့်လိုက်၏။ "ဟင့်အင်း။ ကျွန်မ မဖျက်ချဘူး။ ကျွန်မတို့ အခုချက်ချင်း လက်ထပ်ချင်တယ်။ အခုချက်ချင်း"

ပြင်သစ်တောင်ပိုင်းမှာ ငါတို့ ရွက်သင်္ဘောတစ်စီးရှိတယ်။ ပြင်သစ်ပင်လယ်ကမ်းခြေဒေသကို ပျားရည်ဆမ်းထွက်ချင်လား?။ ငါတို့ပိုင်လေယာဉ်နဲ့ အဲဒီကို သွားလို့ရတယ်။

"ပေ့ချ်နဲ့ ဟန်နီတို့ကို ကျွန်မတို့ လက်ထပ်တော့မှာလို့ ပြောပြီးပြီ။ သူတို့က သတို့သမီးအရံတွေ လုပ်ကြမှာ။ ပြီးတော့ ကလေးကိစ္စလည်း သူတို့ကို ပြောပြီးပြီ"

မယ်လိုရီ ကိုယ်တစ်ချောင်းလုံး တုန်တက်သွား၏။ အခြေအနေတွေက ထိန်းမရတော့။ အကယ်၍ ဟာရင်ဆင်သာ ဤအကြောင်းသိသွားပါက သူ့ဘဝတော့ သွားပြီ။ "မင်း မပြောပြသင့်ဘူး"

"ဘာလို့လဲ?"

မယ်လိုရီ အားတင်းပြုံးလိုက်၏။ "ကိုယ်တို့ရဲ့ ပုဂ္ဂလိကဘဝတွေကို ဘယ်သူမှ မသိစေချင်ဘူး"

မင်းကိုယ်ပိုင်ဆေးခန်းဖွင့်နိုင်ဖို့ ငါလုပ်ပေးမယ်။ ဒီ တစ်နှစ် နှစ်နှစ်အတွင်းမှာ မင်း ဒေါ်လာ ၂ သိန်း ၃ သိန်းလောက်တော့ စုမိမှာပါ။

"ကိတ်၊ ကိုယ်နောက်ဆုံးအကြိမ်အဖြစ် မင်းကို မေးမယ်။ မင်း ကိုယ်ဝန်ဖျက်ချမလား?"

သူမအား 'အင်း'ဟု ပြောစေလိုသောဆန္ဒကို သူ့အသံတွင် မပေါ်အောင် ကြိုးစား ဖုံးကွယ်ထားသည်။

"ဟင့်အင်း"

"ကိတ်. . ."

"ကျွန်မ မလုပ်နိုင်ဘူး၊ ကန်။ ကျွန်မကလေးဘဝတုန်းက

ကိုယ်ဝန်ဖျက်ချစဉ်ကလည်း ဘယ်လိုခံစားခဲ့တယ်ဆိုတာ ရှင့်ကို ပြောပြပြီးပြီ။ ကျွန်မ နောက်တစ်ခါ ဒါမျိုးမလုပ်တော့ဘူးလို့ သစ္စာဆိုခဲ့တယ်။ ကျွန်မကို ထပ် မလုပ်ခိုင်းပါနဲ့တော့"

ထိုအချိန်တွင်ပင် ကန်မယ်လိုရီသည် သူ့တွင် အခွင့်အရေး မရှိတော့ကြောင်း သိသွား၏။ သူ့တွင် ရွေးချယ်စရာမရှိတော့။ သူသည် သူမကို သတ်ရတော့မည်။

(အခန်း ၃၂)

အခန်း ၃၀၆ မှ လူနာကို ဟန်နီ နေ့တိုင်း တွေ့ချင်နေသည်။ သူ့နာမည်မှာ ရှောင်းရီလီဖြစ်ပြီး သူသည် ကြည့်ကောင်းသော အိုင်းရစ်လူမျိုးဖြစ်ကာ အနက်ရောင်ဆံပင်နှင့် အနက်ရောင် တောက်ပသော မျက်လုံးတို့ရှိသည်။ သူသည် အသက် လေးဆယ်စွန်းစွန်းခန့် ရှိမည်ဟု ဟန်နီ ခန့်မှန်းမိသည်။

သူ့ကို ပထမဆုံး ဟန်နီသည် 'ရှောင်း'တွင် တွေ့သောအခါ သူ့ဖိုင်တွဲကို ကြည့်ပြီး ပြောလိုက်၏။ "ရှင်က ဒီကို ကော်လီစစ်တမီလုပ်ဖို့ လာတာပဲ"

"အာ. .ကျွန်တော့်သည်းခြေအိတ်ကို ခွဲထုတ်မယ်လို့ ထင်နေတာ"

ဟန်နီ ပြုံးလိုက်၏။ "အတူတူပဲလေ"

ရှောင်းက သူ့မျက်လုံးနက်များကို သူမပေါ်တွင် စူးစိုက်ထား၏။ "ကျွန်တော့် နှလုံးသားက လွဲရင် တခြားဘယ်ဟာကိုမဆို ခွဲထုတ်နိုင်ပါတယ်။ ကျွန်တော့်နှလုံးသားက ဒေါက်တာပိုင်ဆိုင်တာလေ"

ဟန်နီရယ်လိုက်၏။ "မြောက်ပြောတတ်တာက ရှင့်ကို အရာရာ အဆင်ပြေစေလိမ့်မယ်"

"ဒီလိုပဲ မျှော်လင့်ရတာပဲ"

ဟန်နီသည် အချိန်အနည်းငယ်ရလျှင်ပင် ရှောင်းဆီသွားပြီး သူနှင့် စကားစမြည်ပြောဆို၏။ သူသည် ချစ်စရာကောင်းပြီး ပျော်ရွှင်စေတတ်သူဖြစ်သည်။

"ဒေါက်တာအနားမှာရှိလျက်နဲ့ ခွဲစိတ်ခံရတာ ကောင်းတယ်ဗျာ"

"ခွဲစိတ်ခြင်းအတွက် ရှင်နည်းနည်းမှ မစိုးရိမ်ဘူးလား?" သူမက မေး၏။

"ဒေါက်တာသာ ခွဲစိတ်ရင် မစိုးရိမ်ပါဘူး"

"ကျွန်မက ခွဲစိတ်ဆရာဝန်မဟုတ်ဘူး။ ကျွန်မက ဖျားနာကုဆရာဝန်ရှင့်"

"ဖျားနာကုဆရာဝန်တွေက သူတို့ လူနာတွေနဲ့အတူ ညစာစားခွင့်ရှိသလား?"

"ဟင့်အင်း။ အဲဒါကို တားမြစ်ထားတယ်"

"ဖျားနာကုဆရာဝန်တွေက စည်းကမ်းတွေ ချိုးဖောက်ဖူးလား?"

"ဘယ်တော့မှ မချိုးဖောက်ဘူး" ဟန်နီ ပြုံးနေ၏။

"ဒေါက်တာက အရမ်းလှတာပဲ" ရှောင်းက ပြော၏။

ဟန်နီ့အား မည်သူမှ ထိုသို့ မပြောခဲ့ဖူးပေ။ သူမ ရှက်သွေးဖြာနေကြောင်း တွေ့ရှိလိုက်၏။

"ကျေးဇူးတင်ပါတယ်"

"ဒေါက်တာက 'ကေလာနီ'လယ်ကွင်းထဲမှာ မနက်စောစောကျတတ်တဲ့ နှင်းပွင့်လေးနဲ့ တူတယ်"

"ရှင် အိုင်ယာလန်ကို ရောက်ဖူးလား?" ဟန်နီက မေး၏။

သူ ရယ်လိုက်သည်။ "ဟင့်အင်း။ ကျွန်တော်တို့အတူတူ

တစ်နေ့သွားကြမယ်လို့ ဒေါက်တာ့ကို ကတိပေးတယ်။ ဒေါက်တာတွေ့မှာပါ"

အိုင်းရစ်မြှောက်လုံးပင့်လုံးများဖြင့်သာ ဖုံးလွှမ်းခဲ့သည်။ သို့သော်. . .

ထိုနေ့နေ့လယ်တွင် ဟန်နီသည် ရှောင်းကိုတွေ့ရန်သွား၏။ သူမက ပြောသည်။ "ဘယ်လိုနေသေးလဲ?"

"ဒေါက်တာ့ကို တွေ့လိုက်တော့ သက်သာသွားတယ်။ ကျွန်တော်တို့ ညစာအတူစားဖို့ ရက်ရွေးပြီးပြီလား?"

"ဟင့်အင်း" ဟန်နီက ပြော၏။ သူမ လိမ်နေ၏။

"ကျွန်တော် ခွဲစိတ်တာပြီးရင် ဒေါက်တာ့ကို အပြင်ခေါ်သွားမယ်လို့ ကျွန်တော်မျှော်လင့်နေတာ။ ဒေါက်တာက စေ့စပ်တာတို့၊ လက်ထပ်တာတို့လို အကြောင်းကြောင်းမျိုးတွေ မလုပ်ထားဖူးဘူး မဟုတ်လား?"

ဟန်နီပြုံးလိုက်၏။ "ဒီလို အကြောင်းကြောင်းတွေ မလုပ်ထားပါဘူး"

"ကောင်းတယ်။ ကျွန်တော်ရောပဲ။ ဘယ်သူက ကျွန်တော့်ကို ပိုင်မလဲမသိဘူးနော်?"

မိန်းမတွေပေါ့ဟု ဟန်နီတွေးမိသည်။

"ဒေါက်တာသာ အိမ်ထမင်းဟင်းတွေကို ကြိုက်တတ်ရင် ကျွန်တော်က စားဖိုမှူးကောင်းကောင်းတစ်ယောက်ပဲ"

"ကျွန်မတို့ ကြည့်ကြတာပေါ့"

နောက်တစ်နေ့မနက် ရှောင်းအခန်းသို့ ဟန်နီသွားသောအခါ သူက ပြော၏။ "ဒေါက်တာ့အတွက် လက်ဆောင်တစ်ခုရှိတယ်"။ သူက ပုံဆွဲစက္ကူတစ်ရွက် သူမကို ပေးလိုက်သည်။ ထိုအပေါ်တွင် ဟန်နီ၏ ပုံတူကို ရေးဆွဲထားသည်။

"ကျွန်မ ကြိုက်တယ်" ဟန်နီက ပြော၏။ "ရှင်က တကယ်တော်တဲ့ အနုပညာသမားပဲ"။ ထို့နောက် ရုတ်တရက် သူမသည် အကြားအမြင်ဆရာမ ပြောသည့်စကားများကို ပြန်ကြားယောင်မိသည်။ ဒေါက်တာ ချစ်ကြိုးသွယ်တော့မယ်။ သူက အနုပညာသမားတစ်ယောက်။ သူမသည် ရှောင်းကို အထူးအဆန်းသဖွယ် ကြည့်နေ၏။

"တစ်ခုခုများ မှားနေလို့လား?"

"ဟင့်အင်း" ဟန်နီ ဖြည်းညင်းစွာပြော၏။ "ဟင့်အင်း"

ငါးမိနစ်အကြာတွင် ဟန်နီသည် ဖရန်စစ်ဂေါ်ဒွန်အခန်းထဲသို့ ဝင်သွားသည်။

"ဟော ဗာဂိုဖွားရောက်လာပြီ"

ဟန်နီက ပြော၏။ "ကျွန်မ အနုပညာသမားတစ်ယောက်နဲ့ ချစ်ကြိုက်မိလိမ့်မယ်လို့ ရှင်ပြောခဲ့တာ မှတ်မိသေးလား?"

"ဟုတ်ကဲ့"

"ဟို. . .ကျွန်မ. . .ကျွန်မ သူနဲ့ တွေ့ပြီထင်တယ်"

ဖရန်စစ်ဂေါ်ဒွန် ပြုံးလိုက်၏။ "တွေ့လား? ကြယ်တွေက ဘယ်တော့မှ မလိမ်ဘူး"

"သူ့. . .သူ့အကြောင်း နည်းနည်းလောက် ကျွန်မကို ပြောပြပါလား။ ကျွန်မတို့နှစ်ယောက်အကြောင်းကော?"

"ဟိုနားက အံဆွဲထဲမှာ တားရော့ကတ်တွေရှိတယ်။ ကျွန်မကို

အဲဒါတွေ ကျေးဇူးပြုပြီး ယူပေးပါလား?"

ဟန်နီက သူမကို ကတ်များပေးလိုက်သောအခါ သူမတွေးမိ၏။ ဒါ ပေါက်ကရတွေပါ။ ငါ ဒါတွေကို မယုံပါဘူး။

ဖရန်စစ်ဂေါ်ဒွန်က ကတ်များကို နေရာချနေသည်။ သူမ ခေါင်းညိတ်နေ၏။ ခေါင်းညိတ်ရင်း ပြုံးနေ၏။ ထို့နောက် ရုတ်တရက် သူမ ရပ်လိုက်၏။ သူမမျက်နှာ ဖြူသွား၏။

"အိုး. . .ဘုရားရေ" သူမ ဟန်နီကို ကြည့်လိုက်သည်။

"ဒီ အနုပညာသမား။ ဒေါက်တာ သူနဲ့ တွေ့ပြီးပြီလို့ ပြောတယ်နော်"

"ဟုတ်ကဲ့"

ဖရန်စစ်ဂေါ်ဒွန်၏ အသံသည် ဝမ်းနည်းမှုတို့နှင့် ပြည့်နေ၏။ "သနားစရာကောင်းတဲ့လူပဲ" သူမ ဟန်နီအား ကြည့်လိုက်သည်။ "ကျွန်မ စိတ်မကောင်းပါဘူး. . .ကျွန်မ စိတ်မကောင်းပါဘူး"

ရှောင်းရီလီအား နောက်တစ်နေ့မနက်တွင်  ခွဲစိတ်ရန် အစီအစဉ်ဆွဲထား၏။

နောက်တစ်နေ့မနက် ၈း၁၅။ ဒေါက်တာရက်နောသည် ခွဲခန်း ၂ တွင် ခွဲစိတ်ရန်အတွက် ပြင်ဆင်နေသည်။

၈း၂၅။ ဆေးရုံအတွက် တစ်ပတ်စာ သွေးပုလင်းများပါသည့် ထရပ်ကားတစ်စီးသည် အန်ဘာကာဒီရိုဆေးရုံ၏ အရေးပေါ် ဝင်ပေါက်နားတွင် ရပ်လိုက်၏။ ကားမောင်းသူက သွေးပုလင်းများကို မြေအောက်ထပ်ရှိ သွေးဘဏ်သို့ သယ်သွားသည်။ ဂျူတီကျနေသော အလုပ်သင်ဆရာဝန် အဲရစ်ဖော်စတာသည် ငယ်ရွယ်ချောမောသော သူနာပြုဆရာမ အန်ဒရီယာနှင့်အတူ ကော်ဖီနှင့် ဒိန်းမတ်မုန့်ချိုကို စားသောက်နေသည်။

"သွေးပုလင်းတွေ ဘယ်မှာ ထားလိုက်ရမလဲ?" ကားမောင်းသူက မေး၏။

"ဟိုနားမှာပဲ ချထားလိုက်" ဖော်စတာက ထောင့်တစ်ခု လက်ညှိုးညွှန်ပြသည်။

"ဟုတ်ကဲ့" ကားမောင်းသူက ပုလင်းများကို ချလိုက်ပြီး ပုံစံစာရွက်တစ်ရွက်ကို ထုတ်လိုက်၏။ "ဒီမှာ ဒေါက်တာလက်မှတ်ထိုးပေးပါ"

"အိုကေ" ဖော်စတာ လက်မှတ်ထိုးပေးလိုက်သည်။

"ကျေးဇူးပါပဲ"

"ကိစ္စမရှိပါဘူး"

ကားမောင်းသူ ထွက်သွား၏။

ဖော်စကာက အန်ဒရီယာဘက်လှည့်လိုက်၏။ "ကျွန်တော်တို့ ပြောတာ ဘယ်ရောက်သွားပြီလဲ?"

"ဒေါက်တာက ကျွန်မ ဘယ်လောက်ချစ်ဖို့ ကောင်းကြောင်းပြောနေတာလေ"

"ဟုတ်ပြီ။ တကယ်လို့ မင်းသာ လက်မထပ်ရသေးရင် မင်းကို ငါလိုက်မိမှာပဲ" အလုပ်သင်ဆရာဝန်က ပြော၏။ "မင်း ဇာတ်လမ်းတွေဘာတွေ ရှာဖူးလား?"

"ဟင့်အင်း။ ကျွန်မယောက်ျားက လက်ဝှေ့သမားရှင့်"

"အိုး။ မင်းမှာ ညီမရှိလား?"

"အမှန်အတိုင်းပြောရရင် ရှိတယ်"

"သူမက မင်းလောက် ချောလား?"

"ပိုချောတယ်"

"သူ့နာမည်က ဘယ်သူလဲ?"

"မယ်ရီလင်း"

"ငါတို့ တစ်ညလောက် ချိန်းတွေ့ကြမယ်လေ၊ ဘယ်လိုလဲ?"။ သူတို့ စကားပြောနေစဉ်တွင် ဖက်စ်ပို့သည့်စက်က ကလစ်ဟူသော အသံမြည်လာ၏။ ဖော်စတာက လျစ်လျူရှုထားလိုက်သည်။

၈း၄၅။ ဒေါက်တာရက်နော့သည် ရှောင်းရီလီကို စတင်ခွဲစိတ်၏။ အစပိုင်းက ရှောရှောရှူရှူပင်ဖြစ်၏။ ခွဲခန်းတစ်ခုလုံးက အရည်အချင်းရှိသူတို့ မောင်းနှင်နေသော ဆီဝနေသည့် စက်ကြီးကဲ့သို့ လုပ်ဆောင်နေသည်။

၉း၀၅။ ဒေါက်တာရက်နော့ သည်းခြေပွန်တစ်ခုကို တွေ့၏။ ထိုအချိန်ထိ ဖတ်စာအုပ်ထဲမှ ခွဲစိတ်နေသည့်အတိုင်းပင်။ သူ သည်းခြေအိတ်ကို စတင်လှီးဖြတ်နေသောအချိန်တွင် လက်ချော်သွားပြီး ဓားက သွေးလွှတ်ကြောတစ်ခုကို အနည်းငယ်ရှသွားသည်။ သွေးတို့က စတင်စီးကျလာသည်။

"ဘုရားရေ" သူ သွေးထွက်နေသည်ကို တိတ်ဖို့ ကြိုးစား၏။

မေ့ဆေးဆရာဝန်က အော်ပြောသည်။ "သူ့သွေးပေါင် ၉၅ အထိ ပြုတ်ကျသွားတယ်။ သူ ရှော့ရတော့မယ်"

ရက်နော့သည် လှည့်ပတ်ကူညီသူနာပြုဘက်သို့ လှည့်လိုက်၏။ "သွေးသွားယူလာခဲ့။ ချက်ချင်း"

"အခုပဲသွားပါ့မယ်၊ ဒေါက်တာ"

၉း၀၆။ သွေးဘဏ်အတွင်းမှ တယ်လီဖုန်းသံ မြည်လာသည်။ "ထွက်မသွားနဲ့နော်" ဖော်စတာက အန်ဒရီယာအား ပြော၏။ သူ ဖက်စ်ပို့စက်ကို ကျော်လျှောက်သွားပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ "သွေးထောက်ပံ့ရေးကပါ"

"အိုသွေး ၄ ပုလင်း ခွဲခန်း ၂ မှာ လိုနေတယ်။ ချက်ချင်းပို့ပေးပါ"

"ကောင်းပြီ" ဖော်စတာ ဖုန်းခွက်ကို ချလိုက်ပြီး သွေးပုလင်းအသစ်များ ချထားသည့် ထောင့်ဆီသို့ သွားလိုက်၏။ သူ သွေးပုလင်း ၄ ပုလင်းကို ဆွဲထုတ်လိုက်ပြီး အရေးပေါ်ကိစ္စများတွင်သုံးသည့် သတ္တုလှည်း၏ အပေါ်ဆုံးထပ်ပေါ်တွင် တင်လိုက်၏။ သူ သွေးအိတ်ကို နှစ်ထပ်ပြန်စစ်၏။ "အိုသွေး" သူ အော်ပြော၏။

သူ အထွေထွေလုပ်သားကို ခေါ်လိုက်၏။

"ဘာဖြစ်တာလဲ?" အန်ဒရီယာက မေး၏။

ဖော်စတာက သူ့ရှေ့မှ အချိန်ဇယားကို ကြည့်ပြီး ပြော၏။ "ကြည့်ရတာ လူနာတစ်ယောက်ယောက်က ဒေါက်တာရက်နော့ကို ချွေးပြန်နေစေပြီထင်တယ်"

၉း၁၀။ အထွေထွေလုပ်သား သွေးဘဏ်ထဲသို့ ဝင်လာသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ?"
"ဒါတွေကို ခွဲခန်း ၂ ကို ယူသွားလိုက်။ သူတို့ စောင့်နေကြတယ်"
အထွေထွေလုပ်သား လှည်းကို တွန်းထွက်သွားသည်ကို ကြည့်နေပြီးနောက် အန်ဒရီယာဘက်လှည့်လိုက်၏။
"မင်းညီမအကြောင်း ပြောပြပါဦး"
"သူမလည်း လက်ထပ်ပြီးပြီ"
"အော်. . ."
အန်ဒရီယာက ပြုံးလိုက်၏။ "ဒါပေမဲ့ သူမက နောက်ကွယ်မှာ ဇာတ်လမ်းတွေဘာတွေ ရှာတတ်တယ်"
"တကယ်?"
"ကျွန်မ နောက်နေတာပါ။ ကျွန်မ အလုပ်ကို ပြန်သွားရတော့မယ်၊ အဲရစ်။ ကော်ဖီနဲ့ ဒိန်းမတ်မုန့်ချိုအတွက် ကျေးဇူးတင်ပါတယ်"
"အချိန်မရွေးကြိုဆိုပါတယ်" သူမထွက်သွားသည်ကို သူကြည့်နေ၏။ ကောင်းလိုက်တဲ့ တင်။
၉း၁၂။ အထွေထွေလုပ်သားသည် ဒုတိယထပ်ကို သွားဖို့ ဓာတ်လှေကားကို စောင့်နေသည်။
၉း၁၃။ ဒေါက်တာရက်နောသည် သွေးထွက်နေသည်ကို ပိတ်ဖို့ အတတ်နိုင်ဆုံး ကြိုးစားနေ၏။
"သွေးတွေ မရောက်သေးဘူးလား?"
၉း၁၅။ အထွေထွေလုပ်သားသည် ခွဲခန်း ၂ ၏ တံခါးကို တွန်းလိုက်၏။ လှည့်ပတ်ကူညီ သူနာပြုက ဖွင့်ပေးလိုက်သည်။
"ကျေးဇူးပဲ" သူမက ပြော၏။ သူမသည် သွေးပုလင်းများကို အခန်းတွင်းသို့ ယူသွား၏။ "ဒီမှာ ရောက်ပြီ၊ ဒေါက်တာ"
"သူ့ထဲကို သွင်းလိုက်တော့၊ မြန်မြန်"

* * *

သွေးဘဏ်အတွင်းတွင် အဲရစ်ဖော်စတာသည် ကော်ဖီကို အဆုံးသတ်သောက်နေရင်း အန်ဒရီယာအကြောင်း တွေးနေ၏။ ကြည့်ကောင်းတဲ့လူတိုင်းဟာ လက်ထပ်ပြီးသားတွေချည်းပဲ။
သူ့စားပွဲသို့ ပြန်သွား၏။ ဖက်စ်စက်ကို ရောက်၏။ ဖက်စ်စာရွက်ကို ဆွဲထုတ်လိုက်သည်။ ရေးထားသည်မှာ
သတိပေးချက် #၆၈၇
**ဇွန် ၂၅ ရက်**
သွေးနီဥ၊ သွေးရည်ခဲ
သွေးပုလင်းအမှတ် စီဘီ၈၃၇၁၁၊ စီဘီ၈၀၀၀၀၇
ကယ်လီဖိုးနီးယား ပြည်သူ့သွေးဘဏ်၊ အရီဇိုးနား၊ ဝါရှင်တန်၊ အော်ရီဂွန် ထပ်တလဲလဲ စစ်ဆေးချက်အရ အိပ်ချ်အိုင်ဗွီ အမျိုးအစား ၁ ပိုးရှိနေသော သွေးများ ဖြန့်ဖြူးမိသည်။

သူ ခဏမျှ ကြောင်ကြည့်နေ၏။ ထို့နောက် သူ့စားပွဲကို သွားကာ သူလက်မှတ်ထိုးကာ သွေးပုလင်းများလက်ခံခဲ့သည့် ကုန်ပို့လွှာကို ယူလိုက်၏။ သူ ကုန်ပို့လွှာပေါ်မှ နံပါတ်များကို ကြည့်လိုက်၏။ သတိပေးချက်မှ နံပါတ်များဖြင့် တစ်ထပ်တည်းပင်။
"အိုး. . .ဘုရားရေ" သူက ပြော၏။ သူ တယ်လီဖုန်းကို

ကောက်ကိုင်လိုက်သည်။
"ခွဲခန်း ၂ ကို ချိတ်ပေး။ အမြန်"
သူနာပြုတစ်ယောက်က ဖုန်းကိုင်၏။
"သွေးဘဏ်က ဆက်နေတာ။ ကျွန်တော် အိုသွေး ၄ ပုလင်း ခုနက ပို့လိုက်တာလေ။ အဲဒါတွေကို မသုံးနဲ့။ ကျွန်တော် တခြား သွေးတွေကို ချက်ချင်းပို့ပေးမယ်"
သူနာပြုက ပြောသည်။ "စိတ်မကောင်းပါဘူး။ နောက်ကျသွားပါပြီ"
ဒေါက်တာရက်နောက ရှောင်းရီလီအား ထိုသတင်းကို ပြောပြလိုက်သည်။
"ဒါ မှားယွင်းမှုတစ်ခုပါ" ဒေါက်တာရက်နောက ပြော၏။ "ဆိုးရွားလှတဲ့ မှားယွင်းမှုတစ်ခုပါ။ ဒါကိုသာ မဖြစ်အောင်တားဆီးနိုင်မယ်ဆိုရင် ကျွန်တော်ဘာမဆို ပေးဖို့ အဆင်သင့်ပါပဲ"
ရှောင်း သူ့အား ထိတ်လန့်တကြား စိုက်ကြည့်နေ၏။ "ဘုရားရေ။ ကျွန်တော် သေတော့မှာပေါ့"
"ခင်ဗျားမှာ အိပ်ချ်အိုင်ဗွီပိုး ရှိမရှိက ၆ ပတ်ကနေ ၈ ပတ်ကြာမှ သိရမှာပါ။ တကယ်လို့ ရှိခဲ့တယ်ဆိုရင်တောင် ခင်ဗျားမှာ အေအိုင်ဒီအက်စ်ရှိတယ်လို့ မဆိုလိုသေးပါဘူး။ ကျွန်တော်တို့ တတ်နိုင်တာမှန်သမျှ လုပ်ပေးပါ့မယ်"
"ခင်ဗျားတို့ မလုပ်ရသေးဘဲ လုပ်နိုင်တဲ့ဟာ ဘာများလုပ်ပေးနိုင်ဦးမှာလဲ"
ရှောင်းက ခါးသီးစွာပြော၏။ "ကျွန်တော်တော့ သေလူဖြစ်ပါပြီ"
ဟန်နီ ထိုသတင်းကို ကြားသောအခါ ဆောက်တည်ရာမရဖြစ်သွားသည်။ ဖရန်စစ်ဂေါ်ဒွန်ပြောသည့်စကားကို သူမ သတိရသွား၏။ သနားစရာကောင်းတဲ့လူပဲ။
ဟန်နီအခန်းတွင်းဝင်သွားသောအခါ ရှောင်းရီလီမှာ အိပ်ပျော်နေသည်။ သူမ အိပ်ရာဘေးတွင် အချိန်အကြာကြီးထိုင်ပြီး သူ့ကို ကြည့်နေ၏။
သူက မျက်လုံးများဖွင့်လိုက်ပြီး ဟန်နီ့ကို တွေ့သွား၏။ "ကျွန်တော် အိပ်မက်မက်နေတယ်လို့ အိပ်မက်တယ်။ ပြီးတော့ ကျွန်တော် မသေတော့ဘူးတဲ့"
"ရှောင်း. . ."
"ဒေါက်တာ လူသေအလောင်းကို လာကြည့်တာလား?"
"ကျေးဇူးပြုပြီး ဒီလို မပြောပါနဲ့"
"ဘာလို့ ဒီလိုဖြစ်ရတာလဲ?" သူက အော်၏။
"တစ်ယောက်ယောက်က အမှားတစ်ခုလုပ်ခဲ့လို့ပါ၊ ရှောင်း"
"ဘုရားသခင်။ ကျွန်တော် အေအိုင်ဒီအက်စ်နဲ့ မသေချင်ဘူး"
"အိပ်ချ်အိုင်ဗွီပိုးရှိသူတချို့ဟာ အေအိုင်ဒီအက်စ်လုံးဝ မဖြစ်ခဲ့ပါဘူး။ အိုင်းရစ်လူမျိုးတွေက ကံကောင်းတတ်ပါတယ်"
"ဒေါက်တာပြောတာကို ကျွန်တော် ယုံကြည်ချင်ပါတယ်"
သူမက သူ့လက်များကို ကိုင်လိုက်၏။ "ရှင် ယုံရမှာပေါ့"
"ကျွန်တော်က ဆုတောင်းနေတတ်တဲ့ လူမျိုးမဟုတ်ဘူး" ရှောင်းပြော၏။ "ဒါပေမဲ့ အခုကစပြီး ဆုတောင်းနေရတော့မှာ သေချာတယ်"
"ကျွန်မ ရှင်နဲ့အတူ ဆုတောင်းပေးမယ်" ဟန်နီက ပြော၏။

သူက ရှုံ့မဲ့ကာ ပြုံးလိုက်၏။ "ကျွန်တော်တို့ ညစာအတူစားဖို့ အကြောင်းကို မေ့ထားလိုက်ရတော့မယ်ထင်တယ်၊ ဟုတ်လား?"

"အိုး. . .မဟုတ်ပါဘူး။ ဒီလို လွယ်လွယ်ကူကူနဲ့ မဖျက်ပါနဲ့။ ကျွန်မက သွားစားချင်နေတာ"

သူမအား ခဏကြာမျှ ကြည့်နေ၏။ "ဒေါက်တာ တကယ်ပြောတာလား?"

"တကယ်ပေါ့။ ဘာပဲ ဖြစ်ဖြစ်လေ။ ရှင်ကျွန်မကို အိုင်ယာလန်ကို ခေါ်သွားမယ်လို့ ကတိပေးထားတာလည်း မှတ်ထားဦးနော်"

(အခန်း ၃၃)

"ရှင် နေကောင်းရဲ့လား၊ ကန်" လော်ရင်က မေး၏။ "ရှင့်ကြည့်ရတာ တစ်ခုခုကို ပူပန်နေသလိုပဲ"

သူတို့သည် ဟာရင်ဆင်မိသားစု ကြီးမားသော စာကြည့်ခန်းထဲတွင် နှစ်ယောက်တည်းရှိနေ၏။ အိမ်စေတစ်ယောက်နှင့် အိမ်ထိန်းတစ်ယောက်တို့က ဟင်း ၆ ပွဲ ညစာကို တည်ခင်းပေးခဲ့သည်။ ညစာစားနေစဉ်တွင် အဲလက်ဟာရင်ဆင်က မယ်လိုရီ၏ ကောင်းမွန်သော အနာဂတ်အကြောင်းကို ပြောဆိုခဲ့သည်။

"ဘာကို ပူပန်နေတာလဲဟင်?"

ဘာလို့လဲဆိုတော့ ဟိုလူမည်းကိုယ်ဝန်ဆောင်မိန်းမက သူ့ကို လက်ထပ်ရမယ်တဲ့။ ဘာလို့လဲဆိုတာ မိနစ်တိုင်းမိနစ်တိုင်းမှာ ငါတို့ စေ့စပ်မယ်အကြောင်းက ပေါက်ကြားသွားနိုင်ပြီး သူမ သိသွားနိုင်တယ်။ သူမက အကြောင်းစုံကို ဖော်ထုတ်လိုက်လိမ့်မယ်။ ဘာလို့လဲဆိုတော့ ငါ့အနာဂတ်တစ်ခုလုံး ပျက်စီးသွားနိုင်လို့။

သူက လော်ရင့်လက်အား ကိုင်လိုက်၏။ "ကိုယ့်အထင် ကိုယ်အလုပ်ပင်ပန်းသွားတာထင်တယ်။ ကိုယ့်လူနာတွေဟာ ကိုယ့်အတွက်တော့ လူနာတွေထက်ပိုတယ်၊ လော်ရင်။ သူတို့ဟာ ဒုက္ခရောက်နေတဲ့လူတွေပဲ။ သူတို့ကို မပူပန်ပဲ ကိုယ်မနေနိုင်ဘူး"

သူမက သူ့မျက်နှာကို ပွတ်သပ်လိုက်၏။ "ဒါ ရှင့်ကို ချစ်ရတဲ့ အကြောင်းတစ်ခုပဲ၊ ကန်။ ရှင်က သိပ်ဂရုစိုက်တတ်တာပဲ"

"ကိုယ် ဒီပုံစံအတိုင်းပဲ ကြီးပြင်းခဲ့ရလို့ထင်တယ်"

"အိုး. . .ရှင့်ကို ပြောပြဖို့ မေ့တော့မလို့။ ခရိုနစ်ကယ်သတင်းစာက လူမှုအယ်ဒီတာနဲ့ ဓာတ်ပုံဆရာတစ်ယောက်က တနင်္လာနေ့ဒီလာပြီး အင်တာဗျူးလုပ်မလို့တဲ့"

သူ့အရှိက်တည့်တည့် အထိုးခံလိုက်ရသလို ဖြစ်သွားသည်။

"ရှင်ကျွန်မနဲ့ တူတူနေပေးနိုင်မလားဟင်။ သူတို့က ရှင့်ကိုလည်း ဓာတ်ပုံရိုက်ချင်တယ်တဲ့"

"ကိုယ်. . .ကိုယ်လည်း ရှိနေချင်တာပေါ့။ ဒါပေမဲ့ အဲဒီနေ့ဆို ဆေးရုံမှာ အလုပ်များနေမှာ"။ သူ့စိတ်တွေ ဂနာမငြိမ်ဖြစ်နေသည်။

"လော်ရင်၊ ဒီအချိန်မှာ အင်တာဗျူးလုပ်တာ ကောင်းပါ့မလား။ ကိုယ်ဆိုလိုတာက ကိုယ်တို့ စောင့်. . ."

လော်ရင် ရယ်လိုက်၏။ "ရှင်က စာနယ်ဇင်းသမားတွေအကြောင်း မသိပါဘူး။ သူတို့က အနံ့ခံသိပ်ကောင်းတဲ့ ခွေးတွေလိုပဲ။ ဟင့်အင်း။ အခု လုပ်လိုက်တာက ပိုကောင်းတယ်။ တနင်္လာနေ့"

နောက်တစ်နေ့မနက်တွင် မယ်လိုရီသည် ဝေယျာဝစ္စခန်းထဲရှိ ကိတ်နောက်သို့ လိုက်လာ၏။

သူမသည် နွမ်းနယ်နေပုံရှိပြီး မျက်တွင်းများ ချောင်နေသည်။ သူမတွင် မိတ်ကပ်များလည်းမရှိတော့။ ဆံပင်လိပ်မှာလည်း ပြေနေသည်။ လော်ရင်သာဆို ဒီပုံစံမျိုး သူမကိုယ်သူမ အဖြစ်ခံမှာမဟုတ်ဘူးဟု မယ်လိုရီ တွေးမိသည်။

"ဟိုင်း. . .အချစ်"

ကိတ် ပြန်မဖြေ။

မယ်လိုရီ သူမလက်မောင်းကို ကိုင်လိုက်၏။ "ကိုယ်တို့ နှစ်ယောက်အကြောင်း ကိုယ်တွေးနေတာ၊ ကိတ်။ ကိုယ် မနေ့ညက တစ်ညလုံး အိပ်မပျော်ဘူး။ ကိုယ်အတွက် တခြားဘယ်သူမှ မရှိဘူး။ မင်းပြောတာ မှန်ပါတယ်။ ကိုယ် မှားတယ်။ လက်ထပ်ဖို့က ရုတ်တရက်ဆိုတော့ ကိုယ်ကြောင်သွားတယ်လေ။ ကိုယ်တို့နှစ်ယောက်ရဲ့ ကလေးကို မင်းမွေးပေးစေချင်တယ်"။ ကိတ်မျက်နှာ ဝင်းသွားသည်ကို သူ တွေ့လိုက်၏။

"ရှင် တကယ်ပြောတာလား၊ ကန်"

"တကယ်ပေါ့"

သူမသည် သူ့အား လှမ်းဖက်လိုက်၏။ "ကျေးဇူးပါပဲ၊ ဘုရားသခင်။ အိုး. . .အချစ်ရယ်။ ကျွန်မ စိတ်ပူလိုက်ရတာ။ ရှင်မရှိရင် ကျွန်မဘာလုပ်ရမှန်းတောင်မသိဘူး"

"မင်း စိုးရိမ်စရာမလိုတော့ပါဘူး။ အခုအချိန်ကစပြီး အရာရာတိုင်းဟာ ပျော်ဖို့ ကောင်းလာမှာပါ။ ဘယ်လောက်တောင် ကောင်းလာမလဲဆိုတာ မင်းသိမှာ မဟုတ်ဘူး။ ကိုယ် ဒီတနင်္ဂနွေနေ့ည အားတယ်။ မင်းကောအားလား?"

သူမက သူ့လက်ကို ဆုပ်လိုက်၏။ "ကျွန်မ အားအောင် လုပ်လိုက်ပါ့မယ်"

"ကောင်းတယ်။ ကိုယ်တို့ အေးအေးချမ်းချမ်း ညစာစားကြမယ်။ ပြီးတော့ မင်းအိမ်ကိုသွားပြီး ညအတွက် တစ်ခွက်လောက်သောက်ကြတာပေါ့။ ပေ့ချ်နဲ့ ဟန်နီတို့ မရှိအောင် လုပ်ထားလို့ ရမလား? ကိုယ်တို့ နှစ်ယောက်တည်းပဲ ရှိစေချင်တယ်"

ကိတ် ပြုံးလိုက်၏။ "ပြဿနာမရှိပါဘူး။ ရှင်ကျွန်မကို အရမ်းပျော်အောင် လုပ်ပေးခဲ့တယ်၊ သိလား။ ရှင့်ကို ကျွန်မ ဘယ်လောက်ချစ်လဲဆိုတာ ရှင့်ကို ပြောပြခဲ့ဖူးလား?"

"ကိုယ်လည်း မင်းကို ချစ်တယ်။ တနင်္ဂနွေနေ့ညကျမှ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြမယ်"

နောက်တစ်ဖန်ပြန်စဉ်းစားပြီး မယ်လိုရီက ယင်းသည် အကြံကောင်းဖြစ်ကြောင်း ကောက်ချက်ချလိုက်၏။ သူ အသေးစိတ်အထိ သေချာ ပြင်ဆင်ထားသည်။ ကိတ်သေဆုံးခြင်းအတွက် သူ့အပေါ်တွင် မည်သည့်နည်းနှင့်မှ အပြစ်မကျစေရ။

သူလိုအပ်သည်ကို ဆေးရုံဆေးသိုလှောင်ရုံမှ ယူရန်ဆိုသည်မှာ အန္တရာယ်များလှသည်။ အဘယ့်ကြောင့်ဆိုသော် ဘိုးမန်းကိစ္စ ပြီးကတည်းက လုံခြုံရေးတင်းကျပ်ထားခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် တနင်္ဂနွေနေ့ မနက်စောစောတွင် မယ်လိုရီသည် သူနေသည့် ပတ်ဝန်းကျင်မှ ဝေးကွာသည့် ဆေးဆိုင်တစ်ဆိုင်ကို လိုက်ရှာသည်။ ဆေးဆိုင်တော်တော်များများသည် တနင်္ဂနွေနေ့တွင် ပိတ်ကြ၏။ သူ ဆိုင်ဒါဇင်ဝက်လောက်ကို သွားပြီးမှ ဖွင့်သော ဆေးဆိုင်ကို ရှာတွေ့သည်။

ဆေးရောင်းသူက ကောင်တာနောက်မှနေ၍ ပြောသည်။ "ကောင်းသောမနက်ခင်းပါ၊ ဘာကူညီပေးရမလဲ?"

"ဟုတ်ကဲ့။ ကျွန်တော် ဒီနားက လူနာတစ်ယောက်ကို လာကြည့်တာပါ။ ကျွန်တော် သူ့အတွက် ဆေးနည်းနည်းဝယ်ချင်တယ်"။ သူသည် သူ့ဆေးဝယ်စာရွက်ကို ထုတ်လိုက်ပြီး ထိုအပေါ်တွင် ရေးလိုက်၏။

ဆေးရောင်းသူက ပြုံးလိုက်၏။ "ဒီခေတ်ထဲမှာ ဆရာဝန်တော်တော်များများက အိမ်လိုက်မကြည့်တော့ဘူး"

"ကျွန်တော်သိတယ်။ ဒါ သနားဖို့ ကောင်းတယ်၊ ဟုတ်တယ်မို့လား? လူတွေက ဂရုမစိုက်ကြတော့တာ" သူက စာရွက်အပိုင်းလေးကို ဆေးရောင်းသူထံ ပေးလိုက်၏။

ဆေးရောင်းသူက ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်သည်။ "မိနစ်အနည်းငယ်အတွင်းမှာ ရပါလိမ့်မယ်"

"ကျေးဇူးတယ်ပါတယ်"

အဆင့်တစ် - ထိုနေ့လယ်တွင် မယ်လိုရီသည် ဆေးရုံကို ခဏဝင်၏။ သူ ၁၀ မိနစ်ပင်မကြာချေ။ ပြန်ထွက်လာသောအခါ သူသည် အထုပ်ငယ်တစ်ထုပ်ကို သယ်လာသည်။

အဆင့်နှစ် - မယ်လိုရီသည် ကိတ်နှင့် ထရိတ်တာဖစ်တွင် ညစာစားရန် စီစဉ်ထားသည်။ သူမရောက်လာသောအခါ သူက ကြိုတင်စောင့်နေ၏။ သူ့ထံ သူမလျှောက်လာသည်ကို ကြည့်ပြီး တွေးနေ၏။ ဒါမင်းအတွက် နောက်ဆုံးညစာပဲ၊ ခွေးမ။

သူ မတ်တတ်ထလိုက်ပြီး သူမကို အပြုံးချိုချိုပေးလိုက်သည်။ "ဟယ်လို. . .အရုပ်ကလေး။ မင်းအရမ်းလှတာပဲ"

သူမ တကယ်လှမှန်း သူ ဝန်ခံရပေမည်။ သူမသည် စိတ်လှုပ်ရှားဖွယ်ကောင်း၏။ သူမသည် ကိုယ်ဟန်ပြမယ်ပင် ဖြစ်နိုင်သည်။ ပြီးတော့ သူမသည် အိပ်ရာထဲတွင်လည်း ကောင်း၏။ သူမတွင် လိုအပ်နေသည်မှာ ဒေါ်လာသန်း ၂၀ ဖြစ်သည်။

ကိတ်သည် စားသောက်ဆိုင်အတွင်းမှ အခြားအမျိုးသမီးများ ကန်ကိုကြည့်နေပြီး သူမကို အားကျနေသည်ကို သတိထားမိ၏။ သို့သော် သူကတော့ သူမကိုသာ အာရုံစိုက်သည်။ သူသည် သူမ၏ ကန်ပင်ဖြစ်သည်။ နွေးထွေးသည်။ ဂရုစိုက်တတ်သည်။

"အလုပ်ကဘယ်လိုနေလဲ?" ကန်က မေးသည်။

သူမ သက်ပြင်းချလိုက်၏။ "ရှုပ်တယ်။ မနက်မှာတင် ခွဲတာ ၃ ခု။ နေ့လယ် ၂ ခု"။ သူမ ရှေ့ကိုင်းလိုက်၏။ "သိပ်စောနေမှန်းတော့ ကျွန်မသိပါတယ်။ ဒါပေမဲ့ ကျွန်မ အဝတ်လဲနေတုန်းက ကလေးကန်နေတာကို ကျွန်မသတိထားမိတယ်ဆိုတာ ကျိန်ပြောရဲတယ်"

မယ်လိုရီ ပြုံးလိုက်၏။ "သူ အပြင်ထွက်ချင်လို့ နေမှာပေါ့"

"ကျွန်မတို့ အာထရာဆောင်းရိုက်ပြီး မိန်းကလေးလား၊ ယောက်ျားလေးလား ကြည့်ကြရအောင်။ ဒါဆို ကျွန်မ အဝတ်အစားတွေ စဝယ်ထားလို့ရပြီ"

"ဒီစိတ်ကူးကောင်းတယ်"

"ကန်၊ ကျွန်မတို့ လက်ထပ်မယ့်နေ့ကို သတ်မှတ်မယ်လေ။ ကျွန်မတို့ လက်ထပ်ပွဲကို တတ်နိုင်သမျှ မြန်မြန်လုပ်ချင်တယ်"

"ပြဿနာမရှိပါဘူး" မယ်လိုရီက အေးအေးဆေးဆေးပင် ပြန်ပြော၏။ "ကိုယ်တို့ နောက်အပတ် လက်ထပ်လိုင်စင်လျှောက်ကြတာပေါ့"

"ကောင်းလိုက်တာ" သူမတွင် အတွေးတစ်ခုဝင်လာသည်။ "ကျွန်မတို့ ရက်နည်းနည်းလောက် ခွင့်ယူပြီး တစ်နေရာရာကို ပျားရည်ဆမ်းခရီးထွက်ရအောင်။ သိပ်မဝေးတဲ့နေရာပေါ့။ အော်ရီဂွန်၊ ဒါမှမဟုတ် ဝါရှင်တန်အထိလောက်"

မှားတယ်၊ ကလေး။ ငါက ဂျွန်လမှာ ပျားရည်ဆမ်းခရီးထွက်မှာ။ ရွက်သင်္ဘောနဲ့ ပြင်သစ်ပင်လယ်ကမ်းခြေဒေသကို သွားမှာ။

"မဆိုးပါဘူး။ ကိုယ် ဝေါလေ့စ်ကို ပြောထားလိုက်မယ်"

ကိတ် သူ့လက်ကို ညှစ်လိုက်၏။ "ကျေးဇူးပါပဲ" သူမ အသံသြသြနှင့် ပြောလိုက်၏။ "ကျွန်မ ရှင့်အတွက် ကမ္ဘာပေါ်မှာ အကောင်းဆုံးဇနီးသည်ဖြစ်အောင် ကြိုးစားပါ့မယ်"

"ဖြစ်မယ်ဆိုတာ သေချာပါတယ်" မယ်လိုရီ ပြုံးလိုက်၏။ "ကဲ အခုတော့ အသီးအရွက်တွေစားလိုက်ဦး။ ကိုယ်တို့ ကလေးကို ကျန်းမာစေချင်တယ်မဟုတ်လား?"

သူတို့ စားသောက်ဆိုင်မှ ည ၉ နာရီတွင် ထွက်လာခဲ့သည်။ သူတို့ ကိတ်တိုက်ခန်းနားရောက်သောအခါ မယ်လိုရီက ပြော၏။ "ပေ့ချ်နဲ့ ဟန်နီတို့ မရှိတာ သေချာလား?"

"သေချာပါတယ်" ကိတ်က ပြော၏။ "ပေ့ချ်က ဆေးရုံမှာ အွန်ကောတာဝန်။ ကျွန်မ ဟန်နီ့ကို ကျွန်မတို့နှစ်ယောက်တည်း ဒီမှာ နေချင်တယ်လို့ ပြောထားတယ်"

ချီးမှပဲ။

သူ့မျက်နှာထားကို သူမမြင်သွားသည်။ "တစ်ခုခုများ မှားလို့လားဟင်?"

"ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး။ ကိုယ်မင်းကို ပြောထားတယ်လေ ကိုယ်တို့နှစ်ယောက်ရဲ့ ကိုယ်ပိုင်အချိန်တွေကို ဘယ်သူမှ မသိစေချင်ဘူးလို့"

ငါသတိထားမှ ဖြစ်မယ်ဟု သူတွေးမိသည်။ တော်တော့်ကို သတိထားရမယ် "မြန်မြန်သွားရအောင်"

သူ့ စိတ်မရှည်မှုက ကိတ်ကို နွေးထွေးသွားစေသည်။

တိုက်ခန်းထဲရောက်သောခါ မယ်လိုရီက ပြော၏။ "အိပ်ခန်းထဲ သွားရအောင်"

ကိတ် ပြုံးလိုက်သည်။ "ဒီအကြံကောင်းတယ်"

ကိတ် အဝတ်များ ချွတ်နေသည်ကို မယ်လိုရီ ကြည့်နေပြီး တွေးမိသည်။ သူမတွင် လှပသော ကိုယ်ခန္ဓာရှိသည်။ ကလေးက သူမအလှကို ဖျက်ဆီးပစ်လိမ့်မည်။

"ရှင်ကော အဝတ်အစားမချွတ်ဘူးလား၊ ကန်?"

"ချွတ်မှာပေါ့"။ သူမ သူ့ကို အဝတ်အစားချွတ်ခိုင်းပြီးနောက် ထားထွက်သွားသည်ကို သူပြန်သတိရမိသည်။ ခုတော့ သူမ ဒါကို

ပြန်ပေးဆပ်ရမည်။

သူက အဝတ်များကို ဖြည်းညင်းစွာ ချွတ်လိုက်၏။ ငါ လုပ်နိုင်ပါ့မလားဟု သူတွေးမိသည်။ သူသည် စိတ်လှုပ်ရှားလွန်း၍ တုန်လုနီးပါးဖြစ်နေသည်။ ငါဒီလိုလုပ်ရတာကလည်း သူမ အမှားကြောင့်ပဲ။ ငါ့ကြောင့်မဟုတ်ဘူး။ ငါ သူမကို နောက်ဆုတ်ဖို့ အခွင့်အရေးပေးခဲ့တယ်။ သူမကသာ နံ့အပြီး မယူခဲ့တာ။

သူသည် သူမနံဘေး အိပ်ရာထက်တွင် ဝင်လှဲလိုက်၏။ သူမ၏ နွေးထွေးသောခန္ဓာကိုယ်ကို ခံစားသိရှိလိုက်သည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ပွတ်သပ်ကြ၏။ သူ စိတ်ထလာကြောင်း ခံစားမိသည်။

သူမအတွင်းသို့ ထိုးသွင်းလိုက်၏။ သူမ ညည်းသံများ စတင်ထွက်လာသည်။

"အိုး. . .အချစ်ရယ်. . .အရမ်းကောင်းတာပဲ. . ."။ သူမ ပို၍ ပို၍ မြန်မြန် လှုပ်ရှားလာ၏။ "အင်း. . .အင်း. .. ဟုတ်တယ်. . .အိုး. . .ဘုရားရေ. . .မရပ်လိုက်နဲ့. . ."။ ထို့နောက် သူမတစ်ကိုယ်လုံး ငန်းဆွဲသလို တက်လာ၏။ ထို့နောက် တသိမ့်သိမ့်တုန်လာ၏။ ထို့နောက် သူ့လက်မောင်းထဲ ဝင်အိပ်လိုက်သည်။

သူမ သူ့ဘက်သို့ စိုးရိမ်တကြီးလှည့်လိုက်သည်။ "ရှင်ကော. . .?"

"ဒါပေါ့" မယ်လိုရီ လိမ်လိုက်၏။ သူ သိပ်ကို နေမထိထိုင်မသာ ဖြစ်နေ၏။ "တစ်ခုခု သောက်ဦးမလား?"

"ဟင့်အင်း။ ကျွန်မ သောက်လို့မရဘူး။ ကလေးက. . ."

"ဒါ အောင်ပွဲခံတာပဲ အချစ်ရယ်။ တစ်ခွက်လောက်နဲ့ ဘာမှ မဖြစ်ပါဘူး"

ကိတ် တုံ့ဆိုင်းနေ၏။ "ကောင်းပြီလေ။ ခွက်သေးသေးနဲ့ပဲနော်"။ ကိတ် ထဖို့ ပြင်လိုက်၏။ မယ်လိုရီက တားသည်။ "ဟင့်အင်း။ မင်း အိပ်ရာထဲမှာပဲနေပါ၊ မိခင်လောင်းရဲ့။ နောက်ဆို မင်းကို ပိုးမွေးသလို ထားရမှာ"။ မယ်လိုရီ ဧည့်ခန်းသို့ သွားနေသည်ကို ကိတ်ကြည့်နေ၏။ သူမသည် ကမ္ဘာပေါ်တွင် ကံအကောင်းဆုံးမိန်းမဖြစ်သည်ဟုပင် တွေးမိသည်။

မယ်လိုရီသည် အရက်စင်ရှိရာသို့သွားလိုက်ပြီး စကော့အရက်နှစ်ခွက် ထည့်လိုက်၏။ အိပ်ခန်းဘက်သို့ တစ်ချက် ကြည့်လိုက်ပြီး သူ့ကို မမြင်နိုင်ကြောင်း သေချာအောင် ကြည့်လိုက်၏။ ထို့နောက် သူ့ဂျက်ကက်ထားခဲ့သော ဆိုဖာဆီသို့ ပြန်သွား၏။ သူ့အိပ်ကပ်ထဲမှ ပုလင်းတစ်ပုလင်းကို ယူလိုက်ပြီး အထဲမှ အရည်များကို ကိတ်ဖန်ခွက်ထဲသို့ ထည့်လိုက်၏။ သူ အရက်စင်ရှိရာသို့ ပြန်သွားလိုက်ပြီး ကိတ်ဖန်ခွက်ကို မွှေလိုက်၏။ ထို့နောက် နမ်းကြည့်သည်။ ဘာအနံ့မှ မရှိ။ သူ ဖန်ခွက် ၂ ခွက်စလုံးကို အိပ်ခန်းထဲသို့ ယူသွားလိုက်ပြီး ကိတ်ကား သူမဖန်ခွက်ကို ကမ်းပေးလိုက်၏။

"ကျွန်မတို့ ကလေးအတွက် သောက်ကြရအောင်" ကိတ်က ပြော၏။

"ဟုတ်တယ်။ ကိုယ်တို့ ကလေးအတွက်"

ကိတ် ဖန်ခွက်မှ တစ်ငုံသောက်လိုက်သည်ကို ကန်ကြည့်နေ၏။

"ကျွန်မတို့ တိုက်ခန်းကောင်းကောင်းတစ်ခုရှာရမယ်" ကိတ်က အိပ်မက်မက်နေသူကဲ့သို့ ပြော၏။ သူမ နောက်တစ်ငုံ

သောက်လိုက်သည်။ "ဒါပေါ့" မယ်လိုရီ ခေါင်းညိတ်ပြ၏။ သူမကို အနီးကပ်ကြည့်နေ၏။ "မင်း ဘယ်လို ခံစားရလဲဟင်?"

"ပျော်တာပေါ့။ ကျွန်မက စိုးရိမ်နေခဲ့တာ။ အခုတော့ မစိုးရိမ်တော့ပါဘူး"

"ကောင်းတယ်" မယ်လိုရီက ပြော၏။ "မင်းမှာ စိုးရိမ်စရာ ဘာမှ မရှိပါဘူး"

ကိတ်မျက်လုံးများ လေးလာသည်။ "ဟုတ်တယ်" သူမက ပြော၏။ "ဘာမှ စိုးရိမ်စရာမရှိပါဘူး"။ သူမ အသံများ လုံးလာ၏။ "ကန်၊ ကျွန်မ တစ်မျိုးကြီး ဖြစ်လာတယ်" သူမ စတင် ယိမ်းထိုးလာသည်။

"မင်း ကိုယ်ဝန် လုံးဝ မရှိသင့်ဘူး"

သူမသည် သူ့အား ကြောင်တောင်တောင်ဖြင့် ကြည့်လိုက်သည်။ "ရှင်?"

"မင်း အရာရာကို ဖျက်ဆီးခဲ့တယ်၊ ကိတ်"

"ဖျက်ဆီးတယ်?" သူမ အာရုံစိုက်၍ပင် မရဖြစ်နေ၏။

"မင်း ငွေလမ်းပေါ်မှာ ကာဆီးနေတယ်"

"ရှင်?"

"ဘယ်သူမှ ငွေလမ်းကို ပိတ်လို့ မရဘူး"

"ကန်၊ ကျွန်မ မူးလာပြီ"

သူ မတ်တတ်နေနေရင်း သူမကို ကြည့်နေ၏။

"ကန်. . .ကျွန်မကို ကူပါဦး၊ ကန်. . ." သူမ ခေါင်းအုံးပေါ်သို့ လဲကျသွားသည်။

မယ်လိုရီ သူ့နာရီကို ကြည့်လိုက်၏။ အချိန်တွေ အများကြီး ရှိသေးသည်။

(အခန်း ၃၄)

ဟန်နီသည် တိုက်ခန်းကို အရင်ပြန်ရောက်လာပြီး ပုံပျက်အောင် ဖျက်ဆီးခံထားရသည့် ကိတ်ကို အရင်တွေ့၏။ သူမသည် ရေချိုးခန်းကြမ်းပြင်ပေါ်တွင် သွေးအိုင်ထဲလဲနေသည်။ သွေးတို့က အဖြူရောင်ကျောက်ပြားပေါ်တွင် မြင်မကောင်းလောက်အောင် စီးကျနေ၏။ သူမ ကိုယ်ခန္ဓာဘေးတွင် ခွဲစိတ်ခန်းသုံး ကူရက် (သားအိမ်အတွင်းကို ခြစ်ရာတွင်သုံးသည့် ပစ္စည်းတစ်မျိုး) တစ်ခုက ရှိနေ၏။ သူမ သားအိမ်အတွင်းမှ သွေးများ စီးကျနေသည်။

ဟန်နီ ကြောင်ကာ ရပ်နေ၏။ "အိုး. . .ဘုရားသခင်"။ သူမအသံမှာ တီးတိုးသာထွက်လာ၏။ သူမ အလောင်းဘေးတွင် ဒူးထောက်လိုက်ပြီး တုန်ရင်နေသော လက်ဖြင့်ပင် လည်ပင်းသွေးလွှတ်ကြောတစ်ချောင်းကို စမ်းကြည့်လိုက်၏။ သွေးခုန်မှု မရှိပေ။ ဟန်နီ ဧည့်ခန်းထဲသို့ အပြေးဝင်သွားပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ထို့နောက် ၉၁၁ ကို နှိပ်လိုက်သည်။

ယောကျ်ားအသံတစ်သံက ပြော၏။ "၉၁၁၊ အရေးပေါ်ဌာနကပါ"

ဟန်နီ လေဖြတ်ခံထားရသလိုပင် စကားမပြောနိုင်ချေ။

"၉၁၁ အရေးပေါ်ဌာန. . .ဟယ်လို. . .?"

"ကူ. . .ကူညီပါဦးရှင်။ ကျွန်မ. . .ဒီမှာ. . ." စကားလုံးများ ရောထွေးနေ၏။

"သူ. . .သူမ သေနေတယ်"

"ဘယ်သူသေနေတာလဲ?"

"ကိတ်. . ."

"ခင်ဗျားကြောင် သေတာလား?"

"မဟုတ်ဘူး" ဟန်နီ အော်လိုက်၏။ "ကိတ် သေနေပြီ။ တစ်ယောက်ယောက်ကို ဒီကို ခုချက်ချင်းလွှတ်လိုက်"

"ဒီမှာခင်ဗျာ. . ."

ဟန်နီ ဖုန်းခွက်ကို ချလိုက်၏။ တုန်ရင်စွာဖြင့်ပင် ဆေးရုံကို ခေါ်လိုက်၏။ "ဒေါက်တာတေ. . .တေစ်လာ" သူမ အသံမှာ တိုးတိုးပင် ထွက်လာ၏။

"ခဏလောက် စောင့်ပါရှင်"။ ဟန်နီ ဖုန်းခွက်ကို ဆုပ်ကိုင်ပြီး နှစ်မိနစ်အကြာတွင် ပေ့ချ်အသံကို ကြားရသည်။

"ဒေါက်တာတေစ်လာပါ"

"ပေ့ချ်! နင်. . .နင် အိမ်ကို ခုအချက်ချင်း ပြန်လာခဲ့"

"ဟန်နီလား? ဘာဖြစ်လို့လဲ?"

"ကိတ်. . .သေနေတယ်"

"ဘာ?" ပေ့ချ်အသံမှာ မယုံကြည်မှုတို့နှင့် ပြည့်နေသည်။

"ဘယ်လိုဖြစ်တာလဲ?"

"ကြည့်. . .ကြည့်ရတာ သူမ ကိုယ့်ကိုယ်ကို ကိုယ်ဝန်ဖျက်ချထားသလိုပဲ"

"အိုး. . .ဘုရားရေ။ ကောင်းပြီ။ ငါ အတတ်နိုင်ဆုံး အမြန်လာခဲ့မယ်"

ပေ့ချ် တိုက်ခန်း ရှိရာသို့ ပြန်ရောက်သောအခါ ရဲနှစ်ယောက်၊ စုံထောက်တစ်ယောက်နှင့် မှုခင်းဆရာဝန်တစ်ယောက် ရောက်နေ၏။ ဟန်နီကတော့ သူမအခန်းထဲတွင် အိပ်ဆေးများ ပေးခံထားရသည်။ မှုခင်းဆရာဝန်က ကိတ်၏ အဝတ်မဲ့ ခန္ဓာကို စစ်ဆေးနေ၏။

ပေ့ချ် သွေးများ ပေကျံနေသော ရေချိုးခန်းထဲဝင်လာသောအခါ စုံထောက်က မော့ကြည့်၏။

"ခင်ဗျားက ဘယ်သူလဲ?"

ပေ့ချ် ကိတ်၏အသက်မဲ့ခန္ဓာကိုယ်ကို စိုက်ကြည့်နေ၏။ မျက်နှာမှာ ဖြူရော်နေသည်။ "ကျွန်မက ဒေါက်တာတေစ်လာပါ။ ဒီမှာ နေတာ"

"ဒါဆို ဒေါက်တာ ကျွန်တော့်ကို ကူညီနိုင်ပါလိမ့်မယ်။ ကျွန်တော်က စုံထောက်ဘမ်းပါ။ ကျွန်တော် ဒီမှာ နေတဲ့ တခြားအမျိုးသမီးတစ်ယောက်နဲ့ စကားပြောဖို့ ကြိုးစားကြည့်ခဲ့သေးတယ်။ သူမက ဂယောက်ဂယောက်ဖြစ်နေလို့၊ ဆရာဝန်က သူမကို အိပ်ဆေးတွေ ပေးထားလိုက်တယ်"

ကြမ်းပြင်ပေါ်မှ ဆိုးရွားလှသော မြင်ကွင်းမှ ပေ့ချ် အကြည့်လွှဲလိုက်သည်။

"ဘာ. . .ဘာများ သိချင်တာရှိပါသလဲ?"

"သူမ ဒီမှာ နေတာလား?"

"ဟုတ်ပါတယ်"

"ကြည့်ရတာ သူမက ကလေးဖျက်ချဖို့ ကြိုးစားခဲ့ပုံပဲ။ ပြီးတော့မှ ဒုက္ခရောက်သွားတာ" စုံထောက်က ပြော၏။

ပေ့ချ် စိတ်ထဲတွင်တော့ ချာချာလည်နေသည်။ သူမက ပြော၏။ "ကျွန်မ မယုံဘူး"

စစ်ဆေးရေးအရာရှိဘမ်းက သူမကို ခဏမျှ ကြည့်လိုက်၏။ "ဘာလို့ မယုံရတာလဲ၊ ဒေါက်တာ?"

"သူမက ဒီကလေးကို လိုချင်နေခဲ့တာ" သူမ အတွေးတို့ ပြန်လည်ကြည်လင်လာသည်။

"ကလေးအဖေကသာ မလိုချင်တာ"

"ကလေးအဖေ?"

"ဒေါက်တာကန်မယ်လိုရီလေ။ သူက အန်ဘာကာဒီရိုဆေးရုံမှာ အလုပ်လုပ်တယ်။ သူက သူမကို လက်မထပ်ချင်ဘူး။ အဲဒီမှာ ကိတ်က. . ." ပြောဖို့ရာ နာကျင်လွန်းလှသည်။ "ကိတ်က ဆရာဝန်တစ်ယောက်ပဲ။ သူမသာ တကယ် ကလေးဖျက်ချချင်ရင် သူမဘာသာသူမ ရေချိုးခန်းထဲမှာတော့ ဘယ်နည်းနဲ့မှ လုပ်မှာ မဟုတ်ဘူး" ပေ့ချ် ခေါင်းခါရင်းပြောလိုက်သည်။

"တစ်ခုခုတော့ မှားနေပြီ"

မှူခင်းဆရာဝန်က အလောင်းဘေးမှ ထရပ်လိုက်သည်။ "ဖြစ်နိုင်တာကတော့ သူမ တခြားဘယ်သူကိုမှ ကလေးအကြောင်းမသိစေချင်လို့ သူမဘာသာသူမ လုပ်လိုက်တာထင်တယ်"

"ဒါမမှန်ဘူး။ သူမက ကျွန်မတို့ကို ပြောပြပြီးပြီ"

စစ်ဆေးရေးအရာရှိဘမ်းက ပေ့ချ်ကို ကြည့်နေ၏။ "သူမ ဒီညနေက တစ်ယောက်တည်းလား?"

"ဟင့်အင်း။ သူမ ဒေါက်တာမယ်လိုရီနဲ့ ချိန်းထားတယ်"

ကန်မယ်လိုရီ အိပ်ရာထဲ ရောက်နေ၏။ ညနေက ဖြစ်ပျက်ခဲ့သမျှတို့ကို သေချာ ပြန်တွေးနေ၏။ အဆင့်တိုင်းအဆင့်တိုင်းကို ပြန်ပုံပေါ်ကြည့်နေပြီး ပျော့ကွက်ဟာကွက်များမကျန်ရှိအောင် စဉ်းစားနေ၏။

လုံးဝပြီးပြည့်စုံခဲ့တာပဲဟု သူဆုံးဖြတ်လိုက်သည်။ သူအိပ်ရာထဲလှဲနေရင်း ရဲတွေဘာလို့ ခုထိရောက်မလာသေးတာလဲဟု သူတွေးမိသည်။ ထိုအချိန်တွင်ပင် တံခါးဘဲလ်သံက မြည်လာသည်။

မယ်လိုရီသည် ဘဲလ်သံကို သုံးကြိမ်တိုင်တိုင်မြည်စေ၏။ ထို့နောက် ထလိုက်ပြီး ညအိပ်အင်္ကျီပေါ်တွင် ဝတ်ရုံတစ်ခု ထပ်ဝတ်လိုက်သည်။ ဧည့်ခန်းသို့ သွား၏။ သူ တံခါးရှေ့တွင် ရပ်လိုက်၏။ "ဘယ်သူလဲ?" သူ့အသံမှာ အိပ်ချင်နေသည်။

အသံတစ်ခုက ပြော၏။ "ဒေါက်တာမယ်လိုရီလား?"

"ဟုတ်ပါတယ်"

"စစ်ဆေးရေးအရာရှိဘမ်းပါ။ ဆန်ဖရန်စစ္စကိုရဲဌာနကပါ"

"ရဲဌာန?" သူ့အသံတွင် အစစ်အမှန် အံ့သြသွားသည့်ပုံ ပေါ်နေသည်။ မယ်လိုရီ တံခါးကို ဖွင့်လိုက်၏။

တံခါးဝတွင် ရပ်နေသူက သူ့တံဆိပ်ကို ထုတ်ပြလိုက်၏။ "ကျွန်တော် ဝင်လာလို့ ရမလား?"

"ဟုတ်ကဲ့။ ဘာကိစ္စများရှိလို့ပါလဲ?"

"ဒေါက်တာဟန်တာကို သိလား?"

"သိတာပေါ့" သူ့မျက်နှာတွင် အထိတ်တလန့် ဖြစ်သည့်ပုံ

ပေါ်သွားသည်။ "ကိတ် တစ်ခုခုများ ဖြစ်လို့လား?"

"သူမနဲ့ ဒီညနေ အတူရှိခဲ့သလား?"

"ဟုတ်ကဲ့။ ဘုရား. . .ဘုရား. . .ကျွန်တော့်ကို ဘာဖြစ်တယ်ဆိုတာ ပြောပြပါ။ သူမ ကောင်းကောင်းမွန်မွန် ရှိရဲ့လား?"

"ကျွန်တော့်ဆီမှာ သတင်းဆိုးတစ်ခုရှိတယ်။ ဒေါက်တာဟန်တာ သေသွားပြီ"

"သေသွားပြီ? ကျွန်တော်မယုံဘူး။ ဘယ်လိုဖြစ်တာလဲ?"

"သူမ မိမိကိုယ်ကို ကိုယ်ဝန်ဖျက်ချပြီး သေဆုံးသွားတယ်လို့ ယူဆထားပါတယ်"

"အိုး၊ ဘုရားရေ" မယ်လိုရီက ပြော၏။ သူ ထိုင်ခုံတစ်လုံးတွင် ထိုင်လိုက်သည်။ "ဒါ ကျွန်တော့်အမှားပါပဲ"

စစ်ဆေးရေးအရာရှိက သူ့ကို သေချာစွာ ကြည့်နေ၏။ "ဒေါက်တာ့အမှား?"

"ဟုတ်ကဲ့။ ကျွန်တော်. . .ဒေါက်တာဟန်တာနဲ့ ကျွန်တော်တို့က လက်ထပ်ကြတော့မှာ။ ကျွန်တော်က သူမကို အခုကလေးမယူသင့်သေးဘူးလို့ ပြောခဲ့တယ်။ ကျွန်တော်က စောင့်နေချင်တာ၊ သူမကလည်း သဘောတူလိုက်တယ်လေ။ သူမကို ဆေးရုံသွားပြီးလုပ်ဖို့ ကျွန်တော် အကြံပေးခဲ့တယ်။ ဒါပေမဲ့ သူမက. . .ကျွန်တော်. . .ကျွန်တော် . . .မယုံနိုင်အောင်ပါပဲ"

"ဒေါက်တာဟန်တာဆီက ဘယ်အချိန်ထွက်လာတာလဲ?"

"၁၀ နာရီလောက်ရှိပြီထင်တယ်။ ကျွန်တော် သူမကို တိုက်ခန်းပြန်ပို့ပေးပြီး ပြန်လာခဲ့တယ်"

"သူ့ တိုက်ခန်းထဲကို မဝင်ခဲ့ဘူးပေါ့"

"ဟင့်အင်း"

"ဒေါက်တာဟန်တာက သူမဘာဆက်လုပ်မယ်ဆိုတာ ပြောပြခဲ့သေးလား?"

"ခင်ဗျား ပြောတာက. . .? ဟင့်အင်း။ တစ်လုံးမှ မပြောခဲ့ဘူး"

စစ်ဆေးရေးအရာရှိဘမ်းက ကဒ်တစ်ခုကို ထုတ်ပေးလိုက်သည်။ "အကူအညီပေးနိုင်မယ့်ဟာ တစ်ခုခု စဉ်းစားမိရင် ကျွန်တော့်ကို ဖုန်းဆက်ပေးပါ၊ ကျွန်တော် ကျေးဇူးတင်မှာပါ"

"ကောင်းပါပြီ။ ကျွန်တော်. . .ဒီကိစ္စက ကျွန်တော့်ကို ဘယ်လောက်တောင် တုန်လှုပ်စေတယ်ဆိုတာ ခင်ဗျားသိမှာ မဟုတ်ဘူး"

ပေ့ချ်နှင့် ဟန်နီတို့ တစ်ညလုံးမအိပ်ဘဲ ကိတ်ဖြစ်ခဲ့သည်ကို ပြန်ပြောနေ၏။ အထပ်ထပ်အခါခါ ပြောနေပြီး မယုံနိုင်အောင် ဖြစ်ရသည်။

၉ နာရီထိုးသောအခါ စစ်ဆေးရေးအရာရှိဘမ်း ရောက်လာသည်။

"ကောင်းသော မနက်ခင်းပါ။ ဒေါက်တာမယ်လိုရီနဲ့ ကျွန်တော် မနေ့ညက စကားပြောပြီးပြီ ဆိုတဲ့အကြောင်း လာပြောတာပါ"

"ပြီးတော့?"

"သူက သူတို့ အတူ ညစာသွားစားတယ်လို့ ပြောတယ်။ ပြီးတော့ သူက သူမကို ပို့ပေးပြီး အိမ်ပြန်သွားတယ်တဲ့"

"သူ လိမ်နေတာ" ပေ့ချ် ပြော၏။ သူမ စဉ်းစားနေသည်။ "ခဏနေဦး!

ကိတ်ကိုယ်ထဲမှာ သုတ်ရည်တွေ ရှာတွေ့တယ်မဟုတ်လား?"

"အမှန်အတိုင်းပြောရရင် ဟုတ်ကဲ့။ တွေ့ပါတယ်"

"ဟုတ်ပြီ၊ ဒါဆိုရင်." ပေ့ချ်က စိတ်လှုပ်ရှားစွာပြော၏။ "ဒါက သူလိမ်နေကြောင်း သက်သေပြလိုက်တာပဲ။ သူက သူမကို အိပ်ရာထဲခေါ်သွားပြီး. . ."

"ဒီမနက်မှာ သူနဲ့ ဒီအကြောင်းပြောခဲ့တယ်။ သူတို့ ညစာသွားမစားခင် လိင်ဆက်ဆံခဲ့တယ်လို့ သူက ပြောတယ်"

"အိုး. . ." သူမ အရှုံးမပေးပါချေ။ "သူ့ လက်ဗွေရာတွေ 'ကူရက်'ပေါ်မှာ ရှိနေမှာပေါ့" သူမ အသံမှာ စိတ်အား ထက်သန်နေ၏။ "ရှင်တို့ လက်ဗွေရာတွေ မတွေ့ဘူးလား?"

"ဟုတ်ကဲ့။ ဒေါက်တာ" သူက စိတ်ရှည်ရှည်ပြန်ပြော၏။ "သူမလက်ဗွေရာတွေပါပဲ"

"ဒါက မဖြစ်နိုင်. . .ခဏနေဦး. . .အဲဒီအချိန်မှာ သူ လက်အိတ်ဝတ်ထားတာဖြစ်လိမ့်မယ်။ သူ ကိစ္စပြီးတော့မှ သူမလက်ဗွေရာတွေကို 'ကူရက်'ပေါ် တင်လိုက်တာဖြစ်လိမ့်မယ်။ ဒါကိုရော ဘယ်လိုထင်လဲ?"

"တစ်ယောက်ယောက်တော့ လူသတ်ဇာတ်လမ်းတွေ အကြည့်လွန်နေတယ်လို့ ထင်တယ်"

"ကိတ် အသတ်ခံရတာလို့ ရှင်မယုံဘူးမဟုတ်လား?"

"ကျွန်တော် မယုံပါဘူး"

"သူတို့ ရင်ခွဲစစ်ဆေးပြီးပြီလား?"

"ဟုတ်ကဲ့"

"အဖြေက?"

"မှုခင်းဆရာဝန်ကတော့ မတော်တဆသေဆုံးမှုဆိုပြီး စာရင်းသွင်းထားပါတယ်။ သူမ ကလေးမယူဖို့ ဆုံးဖြတ်လိုက်ကြောင်း ဒေါက်မယ်လိုရီက ကျွန်တော့်ကို ပြောပြတယ်။ ဖြစ်နိုင်တာက သူမ. . ."

"ရေချိုးခန်းထဲသွားပြီး ကိုယ့်ဟာကိုယ် လုပ်တယ်ပေါ့" ပေ့ချ် ဖြတ်ပြောလိုက်၏။

"ဒီမှာ စစ်ဆေးရေးမှူးကြီး။ သူမက ဆရာဝန်တစ်ယောက်၊ ခွဲစိတ်ဆရာဝန်တစ်ယောက်။ သူမဘာသာ လုပ်တယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

စစ်ဆေးရေးအရာရှိဘမ်းက တွေးတွေးဆဆပြော၏။ "ဒေါက်တာထင်တာက မယ်လိုရီက သူမကို ကိုယ်ဝန်ဖျက်ချဖို့ ပြောတယ်။ နောက် ကူညီလုပ်ပေးတယ်။ ပြီး အခြေအနေမဟန်တော့မှ ထားပြီး ထွက်သွားတယ်ပေါ့"

ပေ့ချ်ခေါင်းခါလိုက်သည်။ "ဟင့်အင်း။ ဒီလိုမျိုးလည်း မဖြစ်နိုင်ဘူး။ ကိတ်က ဘယ်တော့မှ သဘောတူမှာ မဟုတ်ဘူး။ သူ တမင်တကာ ကိတ်ကို သတ်လိုက်တာပဲနေမှာ"။ သူမ အတွေးကို ထုတ်ပြောနေ၏။ "ကိတ်က သန်မာတယ်။ သူမကို သတိမေ့နေအောင်လုပ်ပြီးမှ သူလုပ်ချင်တာ လုပ်လို့ရမယ်"

"ရင်ခွဲစစ်ဆေးချက်အဖြေအရဆိုရင် သတိမေ့သွားစေလောက်အောင် ရိုက်ပုတ်ထိုးနှက်ခံရတဲ့ ဒဏ်ရာမရှိဘူး။ လည်ပင်းမှာ သွေးခြေဥနေတာလည်း မရှိဘူး. . ."

"အိပ်ဆေးအစအနတွေကော ရှိလား?"

"ဘာမှ မရှိပါဘူး" ပေ့ချ်မျက်နှာထားကို သူမြင်သွား၏။

"ဒါ ကျွန်တော့်အမြင်မှာ လူသတ်မှုနဲ့ မတူပါဘူး။ ကျွန်တော့်အထင် ဒေါက်တာဟန်တာက မှားယွင်းဆုံးဖြတ်ခဲ့ပြီး. . .ကျွန်တော် တောင်းပန်ပါတယ်"

သူ တံခါးသို့ စတင်ထွက်သွားသည်ကို သူမ ကြည့်နေ၏။ "ခဏနေဦး!" ပေ့ချ်က ပြောသည်။ "ရှင့်ဆီမှာ လူသတ်ဖို့ စေ့ဆော်တဲ့ အကြောင်းရင်းရှိနေတာပဲ"

သူ ပြန်လှည့်လိုက်၏။ "မရှိပါဘူး။ မယ်လိုရီက သူမ ကိုယ်ဝန်ဖျက်ချဖို့ သဘောတူကြောင်း ပြောခဲ့တယ်။ ဒါ ကျွန်တော်တို့အတွက် ဘာမှ မထူးခြားဘူးမဟုတ်လား?"

"ဒါ လူသတ်မှု ဖြစ်နိုင်တာပေါ့" ပေ့ချ်က ခေါင်းမာစွာ ပြောသည်။

"ဒေါက်တာ၊ ကျွန်တော်တို့ဆီမှာ သက်သေလည်း မရှိဘူး။ သူ့စကားတွေနဲ့ သေလူပဲရှိတယ်။ သူမက သေနေပြီ။ ကျွန်တော် တကယ့်ကို စိတ်မကောင်းပါဘူး"

ပေ့ချ် သူထွက်သွားသည်ကို ကြည့်နေ၏။

ငါ ကန်မယ်လိုရီကို အလွတ်မပေးဘူးဟု သူမ စိတ်ပျက်လက်ပျက်တွေးမိသည်။

ဂျေဆင် ကိတ်ကို လာတွေ့သည်။ "ဘာဖြစ်လဲဆိုတာ ကိုယ်ကြားတယ်" သူက ပြောသည်။ "ကိုယ် မယုံနိုင်လောက်အောင်ပဲ! ဘာလို့များ သူမကိုယ်သူမ ဒီလို လုပ်လဲမသိဘူး?"

"သူမ မလုပ်ပါဘူး" ပေ့ချ်က ပြောသည်။ "သူမက အသတ်ခံရတာ"။ သူမသည် ဂျေဆင်အား စစ်ဆေးရေးအရာရှိဘမ်းနှင့် ပြောခဲ့သည်တို့ကို ပြန်ပြောပြလိုက်၏။ "ရဲတွေက ဒီအမှုကို ဘာမှ ထပ်မလုပ်တော့ဘူး။ သူတို့က မတော်တဆဖြစ်မှုလို့ပဲ ထင်နေတယ်။ ဂျေဆင်၊ ကိတ်သေရတာ ကျွန်မ အမှားကြောင့်ပါ"

"မင်း အမှားကြောင့်?"

"ကျွန်မက သူ့ကို မယ်လိုရီနဲ့ အပြင်အတူသွားဖို့ အစတုန်းက တိုက်တွန်းခဲ့တယ်။ သူမက မသွားချင်ခဲ့ဘူး။ အူကြောင်ကြောင် ဟာသတစ်ခုက စခဲ့တာပါ။ နောက် သူမ. . .သူမ သူ့ကို ချစ်သွားတယ်လေ။ အိုး. . .ဂျေဆင်ရယ်"

"ဒီကိစ္စအတွက် မင်းကိုယ့်ကိုယ်ကို အပြစ်တင်လို့ မရပါဘူး" သူက တည်တည်ကြည်ကြည်ပင် ပြော၏။

ပေ့ချ်က အနီးတစ်ဝိုက်ကို စိတ်ပျက်လက်ပျက်ကြည့်လိုက်၏။ "ကျွန်မ ဒီတိုက်ခန်းထဲမှာ ဆက်မနေနိုင်တော့ဘူး။ ကျွန်မ ဒီက ထွက်သွားတော့မယ်"

ဂျေဆင် သူမလက်မောင်းကို ကိုင်လိုက်၏။ "အခုချက်ချင်း လက်ထပ်ကြရအောင်"

"သိပ်စောလွန်းနေတယ်။ ဆိုလိုတာက ကိတ်တောင်. . ."

"ကိုယ်သိပါတယ်။ ကိုယ်တို့ တစ်ပတ် နှစ်ပတ်လောက် စောင့်လိုက်မယ်"

"ကောင်းပြီလေ"

"ကိုယ်မင်းကို ချစ်တယ်၊ ပေ့ချ်"

"ကျွန်မလည်း ရှင့်ကို ချစ်တယ်။ ဒါ အဓိပ္ပာယ်မဲ့တယ်လို့

မထင်ဘူးလား? ကိတ်ကော ကျွန်မကော ချစ်ကြိုက်ခဲ့ကြတယ်။ သူမက သေပြီး ကျွန်မက ရှင်နေတာ ကျွန်မမှာ အပြစ်ရှိတယ်လို့ ခံစားမိတယ်"

အင်္ဂါနေ့ထုတ် ဆန်ဖရန်စစ္စကိုခရိုနင်ကယ်သတင်းစာ၏ ရှေ့စာမျက်နှာတွင် ဓာတ်ပုံတစ်ပုံပါလာခဲ့သည်။ ၎င်းမှာ ပြုံးနေသောကန်မယ်လိုရီသည် လော်ရင်ဟာရင်ဆင်အား ဖက်ထားသည့်ပုံဖြစ်သည်။ ခေါင်းစည်းတွင် "အမွေဆက်ခံသူက ဆရာဝန်ကို လက်ထပ်တော့မည်" ဟု ရေးထားသည်။

ပေ့ဂျ် မယုံနိုင်လောက်အောင်ပင် စိုက်ကြည့်နေ၏။ ကိတ်သေဆုံးသည်မှာ နှစ်ရက်ပင်ရှိသေးသည်။ ကန်မယ်လိုရီသည် သူ၏ အခြားမိန်းမတစ်ယောက်နှင့် စေ့စပ်သတင်းကို ကြေညာနေပြီ။ သူ ကိတ်ကို လက်ထပ်မည်ဟု ကတိပေးခဲ့သည့်တစ်ချိန်လုံး အခြားတစ်ယောက်ကိုသာ လက်ထပ်ဖို့ ပြင်ဆင်နေခဲ့သည်။ ထို့ကြောင့်ပင် သူ ကိတ်ကို သတ်လိုက်၏။ သူမကို ရှင်းထုတ်ပစ်လိုက်ခြင်းပင်!

ပေ့ဂျ် တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး ရဲစခန်းသို့ ဆက်လိုက်သည်။

"စစ်ဆေးရေးအရာရှိဘမ်းနဲ့ ပြောချင်လို့ပါ"

ခဏအကြာတွင် သူမသည် စစ်ဆေးရေးအရာရှိနှင့် စကားပြောနေသည်။

"ဒေါက်တာတေစ်လာပါ"

"ဟုတ်ကဲ့ ဒေါက်တာ"

"ရှင် ဒီမနက် ခရိုနင်ကယ်သတင်းစာက ဓာတ်ပုံကို တွေ့ပြီးပြီလား?"

"ဟုတ်ကဲ့"

"ကဲ ဒါရှင့်အတွက် လူသတ်မှုအတွက် စေ့ဆော်တဲ့အကြောင်းရင်းပဲလေ" ကိတ်က အော်ပြော၏။ "ကန်မယ်လိုရီက လောရင်ဟာရင်ဆင်မသိခင် ကိတ်ကို နှုတ်ပိတ်လိုက်တာ။ ရှင် မယ်လိုရီကို ဖမ်းရမယ်"။ သူမ ဖုန်းအတွင်းသို့ အော်ပြောလုနီးပါးဖြစ်နေသည်။

"ခဏနေစမ်းပါဦး။ စိတ်အေးအေးထားပါ၊ ဒေါက်တာ။ ကျွန်တော်တို့ဆီမှာ စေ့ဆော်တဲ့အကြောင်းရင်းတော့ရှိပါပြီ။ ဒါပေမဲ့ ကျွန်တော်ပြောခဲ့ပြီးပြီလေ။ သက်သေတစ်ခုတလေတောင် မရှိဘူး။ ဒေါက်တာ ပြောခဲ့တယ်။ မယ်လိုရီက ကိတ်ကို ကိုယ်ဝန်ဖျက်ချဖို့ လုပ်မယ်ဆိုရင် သူမကို အရင် သတိမေ့အောင် လုပ်ထားရမယ်လို့။ ဒေါက်တာနဲ့ စကားပြောအပြီးမှာ ကျွန်တော် မှုခင်းရောဂါဗေဒဆရာဝန်နဲ့ စကားပြောခဲ့တယ်။ သူမကို မေ့သွားစေနိုင်လောက်တဲ့ ထိခိုက်ရာဒဏ်ချက်တွေ သူမမှာ မရှိဘူး"

"ဒါဆို သူက သူမကို အိပ်ဆေးပေးလိုက်တာနေမှာပေ့ါ" ပေ့ဂျ်က ခေါင်းမာစွာ ပြော၏။

"ဖြစ်နိုင်တာက ကလိုရယ်ဟိုင်းဒရိတ်။ အဲဒါက အာနိသင်ပြတာ မြန်တယ်။ ပြီးတော့. . ."

စစ်ဆေးရေးအရာရှိဘမ်းက စိတ်ရှည်စွာ ပြန်ပြော၏။ "ဒေါက်တာခင်ဗျာ။ သူမကိုယ်ခန္ဓာထဲမှာ ကလိုရယ်ဟိုင်းဒရိတ်ကို လုံးဝမတွေ့ပါဘူး။ ကျွန်တော် စိတ်မကောင်းပါဘူး။ တကယ်ပြောတာပါ။ ကျွန်တော်တို့ လူတစ်ယောက်ကို လက်ထပ်တော့ဖို့ပြင်ဆင်နေရုံနဲ့

ဖမ်းပိုင်ခွင့်မရှိဘူး။ တခြားဘာများရှိသေးလဲမသိဘူး?"

အများကြီး ရှိသေးတာပေ့ါ။ "ဟင့်အင်း" ပေ့ချ် ပြောလိုက်၏။ သူမ ဖုန်းခွက်ကို ပစ်ချလိုက်ပြီး ထိုင်တွေးနေ၏။ မယ်လိုရီသည် ကိတ်ကို ဆေးတစ်မျိုးမျိုးတော့ ပေးထားရမည်။

သူ့အတွက်အလွယ်ဆုံးရနိုင်သည်မှာ ဆေးရုံမှ ဆေးသိုလှောင်ဌာနသာဖြစ်၏။ ၁၅ မိနစ်အကြာတွင် ပေ့ချ်သည် အန်ဘာကာဒီရှိဆေးရုံသွားသည့် လမ်းပေါ်တွင် ရောက်နေသည်။

ဆေးဌာနအကြီးအကဲ ပိဆယ်မြူရယ်သည် ကောင်တာနောက်တွင် ရှိနေ၏။ "ကောင်းသော မနက်ခင်းပါ၊ ဒေါက်တာတေစ်လာ။ ဒေါက်တာ့ကို ဘာများ ကူညီပေးနိုင်မလဲ?"

"ဒေါက်တာမယ်လိုရီ လွန်ခဲ့တဲ့ရက်အနည်းငယ်က ဒီလာပြီး ဆေးအချို့ယူသွားတယ်ထင်တယ်။ သူက ကျွန်မကို အဲဒီဆေးနာမည်ပြောပြတယ်။ ကျွန်မ မမှတ်မိတော့လို့"

ဆယ်မြူရယ် မျက်မှောင်ကြုတ်လိုက်သည်။ "ဒေါက်တာမယ်လိုရီ ဒီကို မလာတာ အနည်းဆုံးတစ်လလောက်ရှိပြီ ထင်တယ်"

"ရှင်သေချာလား?"

ဆယ်မြူရယ်ခေါင်းညိတ်လိုက်၏။ "သေချာတယ်။ သူလာတယ်ဆိုရင် ကျွန်တော် မှတ်မိမှာပါ။ ကျွန်တော်တို့
ဘောလုံးပွဲအကြောင်းအမြဲပြောကြတယ်လေ"

ပေ့ချ် စိတ်ပျက်သွား၏။ "ကျေးဇူးတင်ပါတယ်"

သူ တခြားဆေးဆိုင်တစ်ဆိုင်ဆိုင်တွင် ဆေးဝယ်စာရွက်နဲ့ ဆေးသွားဝယ်တာဖြစ်ရမည်။ ဥပဒေအရဆိုလျှင် မူးယစ်စေတတ်သည့်ဆေးအားလုံးကို ဝယ်ယူရန် ဆရာဝန်၏ ဆေးဝယ်စာရွက် ၃ စုံလိုသည်။ လူနာအတွက်တစ်စုံ၊ တားမြစ်ဆေးဝါးဌာနသို့ တစ်စုံနှင့် နောက်တစ်စုံက ဆေးဆိုင်ဖိုင်ထဲတွင် ထားရသည်။

တစ်နေရာရာတွင် ကန်မယ်လိုရီသည် ဆေးဝယ်စာရွက်ကို ဖြည့်ခဲ့မည်ဟု ပေ့ချ် တွေးမိသည်။ ဆန်ဖရန်စစ္စကိုတွင် ဆေးဆိုင်ပေါင်း ၂၀၀ မှ ၃၀၀ အထိရှိသည်။

ဆေးဝယ်စာရွက်ကို လိုက်ရှာရန်မှာ လုံးဝမဖြစ်နိုင်။ မယ်လိုရီသည် ကိတ်ကို မသတ်ခင်လေးတွင်မှ ထိုဆေးကို ဝယ်ခဲ့ခြင်းဖြစ်မည်။ ဒါဆို စနေ သို့မဟုတ် တနင်္ဂနွေဖြစ်နိုင်သည်။ အကယ်၍ တနင်္ဂနွေသာဆိုလျှင် သူမတွင် အခွင့်အရေးရှိသေးသည်ဟု ပေ့ချ်တွေးမိ၏။
ဆေးဆိုင်အနည်းငယ်သာ တနင်္ဂနွေနေ့တွင် ဖွင့်သည်။ ၎င်းက ရှာရန်ဆိုင်ကို နည်းသွားစေသည်။

သူမ တာဝန်ချထားသော စာရွက်ရှိရာ အပေါ်ထပ်ရုံးခန်းသို့ တက်သွားပြီး စနေနေ့အတွက် ဂျူတီအချိန်ဇယားကို ကြည့်လိုက်သည်။ ဒေါက်တာကန်မယ်လိုရီသည် ထိုနေ့တွင် တစ်နေကုန် အွန်ကောဂျူတီကျနေသည်။ ထို့ကြောင့် ဖြစ်နိုင်သည်မှာ သူသည် တနင်္ဂနွေနေ့တွင် ဆေးဝယ်စာရွက်ကို ဖြည့်ခဲ့ခြင်းဖြစ်မည်။
တနင်္ဂနွေနေ့ဖွင့်သည့် ဆေးဆိုင် ဆန်ဖရန်စစ္စကိုတွင် ဘယ်နဆိုင်ရှိမည်နည်း?

ပေ့ချ် တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး

ပြည်နယ်ဆေးဝါးဘုတ်အဖွဲ့ကို ခေါ်လိုက်သည်။

"ဒေါက်တာတေစ်လာပါ" သူမက ပြော၏။ "ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကျွန်မသူငယ်ချင်းတစ်ယောက် ဆေးဆိုင်တစ်ဆိုင်မှာ ဆေးဝယ်စာရွက်ကျန်ခဲ့တယ်။ သူမက ကျွန်မကို သွားယူပေးဖို့ မှာထားတယ်။ ဒါပေမဲ့ ကျွန်မ ဆေးဆိုင်နာမည်ကို မမှတ်မိတော့ဘူး။ အဲဒါ ကျွန်မကို ကူညီပေးနိုင်မလား မသိဘူး"

"ဟို. . .ဘယ်လို ကူညီရမလဲဆိုတာ ကျွန်တော်လည်း မသိဘူး၊ ဒေါက်တာ။ ဒေါက်တာက ဆိုင်နာမည်ကို မသိ. . ."

"ဆိုင်တော်တော်များများက တနင်္ဂနွေနေ့ဆို ပိတ်တယ်မဟုတ်လား?"

"ဟုတ်ကဲ့၊ ဒါပေမဲ့. . ."

"ကျွန်မကို တနင်္ဂနွေနေ့ဖွင့်တဲ့ ဆေးဆိုင်နာမည်စာရင်း ပေးနိုင်မလားရှင်"

ခဏမျှ အသံတိတ်သွားသည်။ "ဟို အကယ်လို့ ဒါက အရေးကြီးရင်. . ."

"အရမ်းအရေးကြီးတာပေါ့" ပေ့ချ်က ပြောလိုက်သည်။

"ခဏကိုင်ထားပါ"

စာရင်းစာရွက်ထဲတွင် တနင်္ဂနွေနေ့ ဖွင့်သည့်ဆိုင်ပေါင်း တစ်မြို့လုံးအနံ့တွင် ၃၆ ဆိုင်ရှိသည်။ ရဲတပ်ဖွဲ့ထံတွင် အကူအညီ သွားတောင်းလျှင်တော့ ပိုမို လွယ်ကူနိုင်၏။ သို့သော် စစ်ဆေးရေးအရာရှိဘမ်းက သူမကို မယုံကြည်။ ဟန်နီနဲ့ ငါပဲ ကိုယ်ဟာကိုယ်လုပ်ရတော့မယ်ဟု ပေ့ချ်တွေး၏။ ဟန်နီကို သူမတွေးမိသည်ကို ရှင်းပြ၏။

"ဒါ သိပ်တော့ မလွယ်ဘူး၊ မဟုတ်လား?" ဟန်နီက ပြော၏။ "သူ တနင်္ဂနွေနေ့မှာ ဆေးဝယ်စာရွက်ရေးခဲ့တယ်ဆိုတာတောင် မသိဘူးမဟုတ်လား"

"ဒါ ငါတို့အတွက် တစ်ခုတည်းသော အခွင့်အရေးပဲလေ။ ငါက ရစ်မွန်၊ မာရီနား၊ နော့ဘိစ်၊ အက်ပါးမားကက်၊ မစ်ရှင်နဲ့ ပိုထရီရိုကို သွားကြည့်မယ်။ နင်က အက်ဆဲစီယာ၊ အင်ဂန်ဆိုဒ်၊ လိတ်မာစက်၊ ဝက်စတန်အက်ဒင်းရှင်းနဲ့ ဆန်းဆက်ဇရိယာတို့ကို သွားကြည့်"

"ကောင်းပြီလေ"

ပေ့ချ် ပထမဆုံးဝင်သွားသည့် ဆေးဆိုင်တွင် သူမ၏ သက်သေခံကဒ်ပြားကို ထုတ်ပြပြီး ပြောလိုက်၏။ "ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက် ဒေါက်တာကန်မယ်လိုရီ တနင်္ဂနွေနေ့က ဒီမှာ ဆေးလာဝယ်ခဲ့တယ်။ အခု သူက မြို့ပြင်ထွက်သွားလို့။ သူက ကျွန်မကို အဲဒီဆေးကိုပဲ ပြန်ဝယ်ခိုင်းတယ်။ ဒါပေမဲ့ ကျွန်မ ဆေးနာမည် မမှတ်မိတော့ဘူး။ ကျေးဇူးပြုပြီး တစ်ချက်လောက် ကြည့်ပေးပါလားရှင်"

"ဒေါက်တာကန်မယ်လိုရီလား? ခဏစောင့်ဦးနော်"။ မိနစ်အနည်းငယ်အကြာတွင် သူပြန်ရောက်လာသည်။

"ဝမ်းနည်းပါတယ်။ တနင်္ဂနွေနေ့က ဒေါက်တာမယ်လိုရီ ကျွန်တော်တို့ဆီ ဆေးလာမဝယ်ပါဘူး"

"ကျေးဇူးတင်ပါတယ်"

ပေ့ချ်သည် နောက် ဆေးဆိုင် ၄ ဆိုင်စလုံးမှ တူညီသည့်အဖြေကိုသာရ၏။

ဟန်နီသည်လည်း ကံမကောင်းခဲ့ပေ။

“ကျွန်တော်တို့ ဒီမှာ ဆရာဝန်တွေရဲ့ ဆေးဝယ်စာရွက်ပေါင်း ထောင်ချီရှိတယ်ခင်ဗျ”

“ကျွန်မ သိပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့အပတ် တနင်္ဂနွေကဟာကို ပြောတာပါ”

“ကျွန်တော်တို့ဆီမှာ ဒေါက်တာမယ်လိုရီဆီက ဆေးဝယ်စာရွက်တော့မရှိဘူး။ စိတ်မကောင်းပါဘူး”

သူတို့နှစ်ယောက်သည် တစ်နေ့လုံး ဆေးဆိုင်တစ်ဆိုင်မှ တစ်ဆိုင်သွားခြင်းဖြင့်သာ အချိန်ကုန်ခဲ့သည်။

သူတို့ နှစ်ယောက်လုံး စိတ်ဓာတ်ကျလာသည်။ သို့သော် ဆေးဆိုင်များ ပိတ်ခါနီး မွန်းလွဲနှောင်းပိုင်းအချိန်တွင် ပေ့ချ်သည် သူမရှာဖွေနေသည်ကို ပိုထရီရိုနယ်ဘက်ရှိ ဆေးဆိုင်ငယ်တစ်ခုတွင် တွေ့၏။ ဆေးရောင်းသမားက ပြော၏။ “အိုး. .. ဟုတ်တယ်။ ဒေါက်တာကန်မယ်လိုရီ။ ကျွန်တော်သူ့ကို မှတ်မိတယ်။ သူက လူနာတစ်ယောက်အိမ်သွားကြည့်ဖို့ လာတာ။ ကျွန်တော် သူ့ကို သဘောကျတယ်၊ ဘာလို့လဲဆိုတော့ အခုခေတ်မှာ ဆရာဝန်တော်တော်များများက ဒီလို အိမ်လိုက်မကြည့်တော့ဘူး”

မည်သည့် အလုပ်သင်ဆရာဝန်မျှ အိမ်တိုင်ရာရောက် လိုက်မကြည့်ခဲ့ဖူးပေ။ “ဆေးဝယ်စာရွက်က ဘာဆေးအတွက်တဲ့လဲ?”

ပေ့ချ် အသက်ရှူအောင့်ထားမိသည်။

“ကလိုရယ်ဟိုင်းဒရိတ်”

ပေ့ချ် စိတ်လှုပ်ရှားလွန်း၍ တုန်ယင်လုနီးပါးဖြစ်နေ၏။ “ရှင်သေချာလား?”

“ဒီအတိုင်း ရေးထားတာပဲ”

“လူနာ နာမည်ကကော ဘယ်သူလဲ”

သူက ဆေးဝယ်စာရွက်မိတ္တူကို ကြည့်လိုက်၏။ “စပိုင်ရို့ လီဗန်သီ”

“ကျွန်မကို အဲဒီစာရွက် မိတ္တူတစ်စောင်လောက် ကူးပေးနိုင်မလားရှင်?” ပေ့ချ်က မေး၏။

“ရပါတယ်၊ ဒေါက်တာ”

တစ်နာရီကြာသောအခါ ပေ့ချ်သည် စစ်ဆေးရေးအရာရှိဘမ်း၏ ရုံးခန်းတွင်း ရောက်နေ၏။ “ဒီမှာ ရှင့်အတွက် သက်သေ” ပေ့ချ်က ပြော၏။ “တနင်္ဂနွေနေ့မှာ ဒေါက်တာမယ်လိုရီဟာ သူနေတဲ့နေရာကနေ မိုင်ပေါင်းများစွာဝေးတဲ့ ဆေးဆိုင်ကို သွားတယ်။ ပြီးတော့ ကလိုရယ်ဟိုင်းဒရိတ်ကို ဆေးဝယ်စာရွက်နဲ့ ဝယ်ခဲ့တယ်။ သူက ကလိုရယ်ဟိုင်းဒရိတ်ကို ကိတ်သောက်မယ့်ဟာထဲ ထည့်တယ်။ သူမ သတိမေ့သွားတဲ့အခါကျတော့မှ သူက သူမကို သတ်လိုက်ပြီး မတော်တဆဖြစ်သယောင် ထားခဲ့တယ်”

“ဒေါက်တာပြောတာက ကလိုရယ်ဟိုင်းဒရိတ်ကို သူမ သောက်မယ့်ခွက်ထဲထည့်ပြီးမှ သူမကို သတ်လိုက်တာပေါ့”

“ဟုတ်ပါတယ်”

“ဒါဆိုလည်း ပြဿနာတစ်ခု ရှိသေးတယ်၊ ဒေါက်တာတေစ်လာ။ ကလိုရယ်ဟိုင်းဒရိတ်ကို သူမ ခန္ဓာကိုယ်ထဲမှာ မတွေ့ဘူး”

“ရှိရမယ်။ ရှင့် ရောဂါဗေဒဆရာဝန်က အမှားလုပ်မိတာ ဖြစ်လိမ့်မယ်။ သူ့ကို ထပ်စစ်ဆေးခိုင်းလိုက်”

သူ စိတ်တိုစ ပြုလာသည်။ “ဒေါက်တာ. . .”

"ကျေးဇူးပြုပြီးတော့ရှင်။ ကျွန်မ မှန်တယ်ဆိုတာ သေချာပါတယ်"

"ဒေါက်တာက လူတိုင်းရဲ့ အချိန်တွေကို ဖြုန်းနေတာပဲ"

ပေ့ချ် သူနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်၏။ သူမ မျက်လုံးများက သူ့မျက်နှာကို စူးစိုက်ကြည့်နေ၏။ သူ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ။ ကျွန်တော် သူ့ကို ထပ်ခေါ်လိုက်မယ်။ သူ အမှားလုပ်မိတာ ဖြစ်ရင်လည်း ဖြစ်မှာပေါ့"

* * *

ညစာစားဖို့ရန် ပေ့ချ်ကို ဂျေဆင်လာခေါ်၏။ "ကိုယ့်အိမ်မှာပဲ ညစာစားကြမယ်" သူက ပြော၏။ "မင်းကို တွေ့စေချင်တာ တစ်ခုရှိတယ်"။ ကားမောင်းသွားနေစဉ်အတွင်းတွင် ပေ့ချ်သည် ဂျေဆင်ကို ဖြစ်ပျက်နေသည်တို့ကို ပြောပြလိုက်သည်။

"ကလိုရယ်ဟိုင်းဒရိတ်ကို သူမကိုယ်ထဲမှာ ရှာတွေ့မှာပါ" ကိတ်က ပြော၏။ "ကန်မယ်လိုရီ အပြစ်ခံစေရမယ်"

"ဒါတွေအားလုံးအတွက် ကိုယ်စိတ်မကောင်းပါဘူး၊ ပေ့ချ်"

"ကျွန်မ သိပါတယ်"။ သူ့လက်ကိုကိုင်ပြီး သူမပါးတွင် ကပ်ထားလိုက်သည်။ "ရှင့်ကို ပေးတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်"

ဂျေဆင်အိမ်ရှေ့တွင် ကားရပ်လိုက်၏။

ပေ့ချ် တံခါးပေါက်မှ ကြည့်လိုက်ပြီး ပင့်သက်ရှိုက်မိ၏။ အိမ်ရှေ့ မြက်ခင်းစိမ်းတစ်ဝိုက်တွင် အဖြူရောင်ခြံစည်းရိုးအသစ်ဖြစ်နေ၏။

သူမ တိုက်ခန်းအမှောင်ထဲတွင် တစ်ယောက်တည်းရှိနေသည်။ ကန်မယ်လိုရီက ကိတ်ပေးထားခဲ့သော သော့ကိုသုံးကာ ဖွင့်ဝင်လာပြီး အိပ်ခန်းရှိရာသို့ လာနေ၏။ သူမထံလာနေသော သူ့ခြေသံများကို ပေ့ချ်ကြားသည်။ သို့သော် သူမ မလှုပ်ရှားနိုင်ခင်မှာပင် သူက သူမအပေါ် ခုန်အုပ်လိုက်၏။ သူ့လက်များက သူမ လည်ပင်းကို တင်းကြပ်စွာ ညှစ်ထား၏။

"ခွေးမ! နင်က ငါ့ကို ဖျက်ဆီးတယ်ပေါ့။ နင် ဟိုသွား ဒီသွား စုံစမ်းလို့ မရတော့ဘူး" သူက ပိုမို၍ ဖျစ်ညှစ်လိုက်သည်။ "ငါက နင့်ထက် ဉာဏ်သာတယ်၊ ဟုတ်တယ်မို့လား?"။ သူ့လက်ချောင်းများက ပို၍ တင်းကျပ်လာသည်။ "ဘယ်သူကမှ ငါ ကိတ်ကို သတ်တယ်ဆိုတာ သက်သေမပြနိုင်ဘူး"

သူမ အော်ဖို့ ကြိုးစားသည်။ သို့သော် အသက်ရှူလို့ပင် မရဖြစ်နေ၏။ သူမ ရုန်းကန်နေ၏။ ရုတ်တရက် သူမ နိုးလာသည်။ သူမ အခန်းတွင်းတွင် တစ်ယောက်တည်းသာ ရှိ၏။ သူမ အိပ်ရာပေါ်တွင် တုန်ယင်စွာဖြင့် ထထိုင်လိုက်သည်။

သူမ တစ်ညလုံး နိုးနေလေတော့သည်။ စစ်ဆေးရေးအရာရှိဘမ်း၏ ဖုန်းကို စောင့်နေ၏။ ၁၀း၀၀ နာရီတွင် ဖုန်းဝင်လာသည်။

"ဒေါက်တာတေစ်လာလား?"

"ဟုတ်ပါတယ်" သူမ အသက်ရှူအောင့်ထားမိသည်။

"မှုခင်းရောဂါဗေဒဆရာဝန်ဆီက အစီအရင်ခံစာကို ကျွန်တော် ခုပဲ ရတယ်"

"ဟုတ်ကဲ့?" သူမ နလုံးမှာ တဒုန်းဒုန်းဖြစ်နေ၏။

“ဒေါက်တာဟန်တာရဲ့ ကိုယ်ထဲမှာ ကလိုရယ်ဟိုင်းဒရိတ်ကော တခြား မူးယစ်စေတဲ့ဆေးကော အစအနတောင် မတွေ့ပါဘူး”

ဒါ မဖြစ်နိုင်ဘူး။ ရှိကို ရှိရမယ်။ ထိုးကြိတ်ရာတွေကော၊ တခြား သူမကို သတိမေ့သွားစေတဲ့အရာတွေကိုကော တစ်ခုမှ မတွေ့ဘူး။ လည်ပင်းမှာလည်း သွေးခြေဥရာ မရှိဘူး။ ဒါ အဓိပ္ပာယ်မရှိဘူး။ မယ်လိုရီ သူမကို သတ်တဲ့အချိန်မှာ ကိတ်သတိမေ့နေရမယ်။ မှုခင်းရောဂါဗေဒဆရာဝန် မှားနေပြီ။

ပေ့ချ် သူ့ကို လူကိုယ်တိုင် သွားတွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

ဒေါက်တာဒိုလန်မှာ ကသိကအောက်ဖြစ်နေ၏။ “ကျွန်တော့်ကို ဒီလို မေးခွန်းလာထုတ်တာကို မကြိုက်ဘူး” သူက ပြော၏။ “ကျွန်တော် သုံးကြိမ်တိုင်တိုင် စစ်ဆေးပြီးပြီ။ သူမ ကိုယ်တွင်းအင်္ဂါတွေထဲမှာ ကလိုရယ်ဟိုင်းဒရိတ်အစအနတောင်မတွေ့ကြောင်း စစ်ဆေးရေးအရာရှိဘမ်းကို ကျွန်တော်ပြောပြီးပြီ။ ရှိကိုမရှိဘူး”

“ဒါပေမဲ့. . .”

“တခြား ကိစ္စများရှိသေးလား၊ ဒေါက်တာ?”

ပေ့ချ် သူ့ကို ကြည့်လိုက်၏။ သူမ၏ နောက်ဆုံးမျှော်လင့်ချက်မှာ ပျက်သွားပြီ။ ကန်မယ်လိုရီသည် လူသတ်မှုမှ လွတ်မြောက်သွားပြီ။ “ကျွန်မ. . .ကျွန်မတော့ မထင်ဘူး။ သူမကိုယ်တွင်းမှာ ဓာတုပစ္စည်းတစ်မျိုးမျိုးတောင် မတွေ့ဘူးဆိုရင် ကျွန်မ. . .”

“ဓာတုပစ္စည်းတစ်မျိုးမှ မတွေ့ဘူးလို့ ကျွန်တော်မပြောခဲ့ပါဘူး”။ သူမက သူ့ကို ကြည့်လိုက်၏။ “ဒေါက်တာ တစ်ခုခုများ တွေ့ခဲ့လား?”

“ထရိုင်ကလိုရိုအီသိုင်းလင်း ပမာဏနည်းနည်းကိုတော့ တွေ့တယ်”

သူမ မျက်မှောင်ကြုတ်လိုက်၏။ “ဒါက ဘာလုပ်ပေးလဲ?”

သူ ပခုံးတွန့်လိုက်၏။ “ဘာမှ မဟုတ်ပါဘူး။ ဒါက အနာသက်သာဆေးပဲ။ လူတစ်ယောက်ကိုတော့ မအိပ်ပျော်သွားစေဘူး”

“ကျွန်မ သိပါပြီ”

“မကူညီနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်”

ပေ့ချ် ခေါင်းညိတ်လိုက်သည်။ “ကျေးဇူးတင်ပါတယ်ရှင်”

သူမ ပိုးသတ်ထားသော ရင်ခွဲရုံကော်ရစ်ဒါတစ်လျှောက် စိတ်ဓာတ်ကျစွာဖြင့် လျှောက်လာ၏။ သူမ တစ်ခုခုကို သိဖို့ ကျန်နေသေးသည်ကို ခံစားမိသည်။ ကိတ်အား ကလိုရယ်ဟိုင်းဒရိတ်နှင့် သတိမေ့စေခဲ့ကြောင်း သူမ သေချာသိသည်။

မှုခင်းရောဂါဗေဒပညာရှင်တွေ့သည်မှာ ထရိုင်ကလိုရိုအီသိုင်းလင်းသာဖြစ်၏။ ဒါကလည်း လူတစ်ယောက်ကို သတိမမေ့စေပေ။ ဒါဆိုရင်လည်း ဘာကြောင့် ထရိုင်ကလိုရိုအီသိုင်းလင်းက ကိတ် ကိုယ်ထဲမှာ ရှိနေရတာလဲ? ကိတ် မည်သည့်ဆေးကိုမျှ မသောက်ခဲ့။ ပေ့ချ် ကော်ရစ်ဒါအလယ်တွင်ရပ်လိုက်၏။ သူမ စိတ်ကတော့ အပြင်းအထန် အလုပ်လုပ်နေ၏။

ပေ့ချ် ဆေးရုံပြန်ရောက်သောအခါ ငါးလွှာရှိ ဆေးပညာစာကြည့်တိုက်သို့ တိုက်ရိုက်တက်သွားသည်။ ထရိုင်ကလိုရိုအီသိုင်းလင်းအကြောင်းတွေ့ဖို့ တစ်မိနစ်ပင်မကြာ။ စာအုပ်တွင်ရေးထားသည်မှာ - အရောင်မရှိ၊ ကြည်လင်သော

အငွေ့ပျံနိုင်သည့်အရည်ဖြစ်ပြီး သိပ်သည်းဆမှာ ၅၉ ဒီဂရီဖာရင်ဟိုက်တွင် ၁.၄၇ ရှိသည်။ ၎င်းမှာ ပောလိုဂျင်ပေါင်းထည့်ထားသော ဟိုင်ဒရိုကာဗွန်ဖြစ်ပြီး ဓာတုပုံသေနည်းမှာ CCCCI,CHCI ဖြစ်သည်။

ထို့နောက် နောက်ဆုံး စာကြောင်းတွင် သူမရှာနေသည်ကို သူမတွေ့လိုက်၏။

ကလိုရယ်ဟိုင်းဒရိတ်ကို ဓာတ်ခွင်းဖြိုခွဲလိုက်သောလိုက်သောအခါ ထရိုင်ကလိုရိုအီသိုင်းလင်းကို ဘေးထွက်ပစ္စည်းအနေနှင့် ရသည်။

(အခန်း ၃၅)

"စစ်ဆေးရေးအရာရှိခင်ဗျာ. . .ဒေါက်တာတေစ်လာက လာတွေ့ပါတယ်"

"လာပြန်ပြီလား?" သူသည် သူမထံမှ ရှောင်ထွက်သွားချင်နေသည်။ သူမသည် သူမ၏ မနူးမနပ်သီအိုရီကို စွဲလန်းနေ၏။ သူမကို ရပ်တန်းက ရပ်နိုင်းရတော့မည်။

"သူမကို အထဲလွှတ်လိုက်"

ပေ့ချ် သူ့ရုံးခန်းထဲဝင်လာသောအခါ စစ်ဆေးရေးအရာရှိဘမ်းက ပြော၏။ "ဒီမှာ ဒေါက်တာ။ တော်လောက်ပြီလို့ ကျွန်တော်ထင်တယ်။ ဒေါက်တာဒိုလန်ကလည်း ကျွန်တော့်ကို ဖုန်းဆက်ပြီး. . ."

"ကန်မယ်လိုရီ ဘယ်လို လုပ်လိုက်တယ်ဆိုတာ ကျွန်မ သိပြီ"။ သူမ အသံမှာ စိတ်လှုပ်ရှားမှုများ လွှမ်းမိုးနေ၏။

"ကိတ်ကိုယ်ထဲမှာ ထရိုင်ကလိုရိုအီသိုင်းလင်းတွေ တွေ့တယ်တဲ့"

သူ ခေါင်းညိတ်လိုက်၏။ "ဒေါက်တာဒိုလန်က ကျွန်တော့်ကို ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဒါက သူမကို သတိမမေ့စေနိုင်ကြောင်းလည်း ပြောခဲ့တယ်။ သူက. . ."

"ကလိုရယ်ဟိုင်းဒရိတ်ကနေ ထရိုင်ကလိုရိုအီသိုင်းလင်းကို ပြောင်းသွားတာ" ပေ့ချ်က အားရဝမ်းသာ ပြော၏။ "မယ်လိုရီက သူတိုက်ခန်းထဲကို မဝင်ဘူးဆိုတာ လိမ်ပြောတာ။ သူ ကလိုရယ်ဟိုင်းဒရိတ်ကို သူမသောက်မယ့်ခွက်ထဲ ထည့်လိုက်လိမ့်မယ်။ အရက်နဲ့ ရောလိုက်ရင် အဲဒါက ဘာအနံ့မှ မရှိတော့ဘူး။ ပြီးတော့ ဆေးစွမ်းပြဖို့ မိနစ်အနည်းငယ်ပဲ ကြာတယ်။ သူမ သတိမေ့နေတော့မှ သူက သူမကို သတ်လိုက်ပြီး လွဲချော်လုပ်မိတဲ့ ကိုယ်ဝန်ဖျက်ချပုံမျိုးဖြစ်အောင် လုပ်ခဲ့တာ"

"ဒေါက်တာ၊ ကျွန်တော် ဒီလိုပြောတာကို ခွင့်လွှတ်ပါ။ ဒါက ယူဆဆွဲတွေးချက်တွေ အရမ်းကို များနေတယ်"

"ဟင့်အင်း။ မဟုတ်ဘူး။ သူက စပိုင်ရို့.လီဗန်သီဆိုတဲ့ လူနာအတွက် ဆေးဝယ်စာရွက်ကို ရေးခဲ့တယ်။ ဒါပေမဲ့ လူနာကို အဲဒီဆေးလုံးဝ မပေးခဲ့ဘူး"

"ဒေါက်တာဘယ်လိုသိလဲ?"

"ဘာလို့လဲဆိုတော့ ပေးလို့မရလို့ပေါ့။ ကျွန်မ စပိုင်ရို့.လီဗန်သီကို ကြည့်ပြီးပြီ။ သူ့မှာ အယ်ရီသရိုပွိုင်အီတစ် ပေါဖိုင်းရီးယား ရောဂါရှိတယ်"

"အဲဒါ ဘာရောဂါလဲ"

"ဒါက မျိုးရိုးကြောင့်ဖြစ်တဲ့ ဓာတုခြေဖျက်ပုံမမှန်တဲ့ ရောဂါပါ။

အဲဒီရောဂါက အလင်းမခံနိုင်တာတို့၊ အကြွက်တွေပေါ်တာတို့၊ သွေးတိုးတာတို့၊ နှလုံးတုန်တာတို့နဲ့ တခြား စိတ်ညစ်စရာ လက္ခဏာတွေကို ဖြစ်စေတယ်။ ဒါက မျိုးရိုးဗီဇတစ်ခု ချို့ယွင်းလို့ ဖြစ်တာ"

"ကျွန်တော် နားမလည်သေးဘူး"

"ဒေါက်တာမယ်လိုရီက သူ့လူနာကို ကလိုရယ်ဟိုင်းဒရိတ် မပေးခဲ့ဘူး။ ဘာလို့လဲဆိုတော့ အဲဒီဆေးက လူနာကို သေစေနိုင်တယ်လေ။ ကလိုရယ်ဟိုင်းဒရိတ်ကို ပေါဖိုင်းရီးယားမှာ မသုံးရဘူး။ သုံးလိုက်ရင် ချက်ချင်း လူနာ ငန်းဆွဲသွားလိမ့်မယ်"

ပထမဆုံးအကြိမ်အဖြစ် စစ်ဆေးရေးအရာရှိဘမ်း သဘောကျသွားသည်။ "ဒေါက်တာက ဒေါက်တာ့အိမ်စာကို တကယ်လုပ်နိုင်ခဲ့တာပဲ"

ပေ့ချ်က ဆက်ပြော၏။ "ဘာလို့ ကန်မယ်လိုရီက ဟိုးအဝေးကြီးက ဆေးဆိုင်ကိုသွားပြီး အဲဒီဆေးပေးမရမှန်း သိနေတဲ့ လူနာအတွက် ဆေးဝယ်စာရွက်သုံးပြီး သွားဝယ်မှာလဲ? ရှင် သူ့ကို ဖမ်းရမယ်"

သူ့လက်ချောင်းများကို စားပွဲခုံကို ခေါက်နေ၏။ "ဒီလောက်ကြီးတော့လည်း မလွယ်သေးဘူး"

"ရှင် ဖမ်းကို. . ."

စစ်ဆေးရေးအရာရှိဘမ်းက လက်တစ်ဖက်ကို မြှောက်လိုက်သည်။ "ကောင်းပြီ ဘယ်လိုလုပ်မလဲဆိုတာ ကျွန်တော် ပြောပြမယ်။ ကျွန်တော် ပြည်နယ်ရှေ့နေရုံးကို သွားပြီး စကားပြောကြည့်မယ်။ အမှုဖြစ်နိုင် မဖြစ်နိုင်ကို"

သူမ တတ်နိုင်သမျှတော့ လုပ်ခဲ့ပြီးပြီဟု ပေ့ချ် သိလိုက်၏။ "ကျေးဇူးပါပဲရှင်"

"ကျွန်တော် ဒေါက်တာ့ကို ပြန်ဆက်သွယ်ပါ့မယ်"

ပေ့ချ်တစ်ယောက်ထွက်သွားသောအခါ စစ်ဆေးရေးအရာရှိဘမ်းသည် သူတို့ ပြောခဲ့သည်များကို ထိုင်တွေးနေ၏။ ဒေါက်တာမယ်လိုရီအား စွဲချက်တင်ဖို့ ခိုင်လုံသည့် သက်သေအထောက်အထားမရှိ။ ဖွဲကောင်းသော အမျိုးသမီးတစ်ဦး၏ သံသယတို့သာ ရှိသည်။ သူ့တွင်ရှိသော အချက်အလက်တချို့ကို သူ ပြန်ကြည့်လိုက်၏။

ဒေါက်တာမယ်လိုရီသည် ကိတ်ဟန်တာနှင့် စေ့စပ်ထားသည်။ သူမသေပြီး ၂ ရက်အကြာတွင် သူသည် အဲလက်ဟာရင်ဆင်၏ သမီးနှင့် စေ့စပ်ပြန်သည်။ စိတ်ဝင်စားဖို့ ကောင်းသည်။ သို့သော် ဥပဒေကို ချိုးဖောက်ရာတော့မရောက်။

မယ်လိုရီက သူသည် ကိတ်ကို အခန်းရှေ့တွင် ချထားခဲ့ပြီး တိုက်ခန်းတွင်း လိုက်မဝင်ခဲ့ဟု ပြောခဲ့သည်။ သုတ်ရည်ကိုတော့ သူမကိုယ်တွင်းတွင် တွေ့ရသည်။ သို့သော် သူတွင် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းချက်ရှိသည်။

ထို့နောက် ကလိုရယ်ဟိုင်းဒရိတ်ကိစ္စပေါ်လာ၏။ မယ်လိုရီသည် သူ့လူနာကို သေစေနိုင်သည့်ဆေးကို ဆေးဝယ်စာရွက်တွင် ရေးခဲ့သည်။ သူ လူသတ်မှုအတွက် အပြစ်ရှိသလား? အပြစ်မရှိဘူးလား?

ဘမ်းသည် ရုံးတွင်းဆက်သွယ်မှုစနစ်မှတစ်ဆင့် သူ့အတွင်းရေးမှူးကို ခေါ်လိုက်သည်။ "ဘာဘရာ၊ ဒီနေ့လယ် ပြည်နယ်ရှေ့နေနဲ့ ချိန်းထားပေး"

ပေ့ချ် ဝင်လာသောအခါ ရုံးခန်းထဲတွင် လူ ၄ ယောက်ရှိနေ၏။ ပြည်နယ်ရှေ့နေ၊ သူ့လက်ထောက်၊ ဝါရင် ဟု အမည်ရှိသော လူတစ်ယောက်နှင့် စစ်ဆေးရေးအရာရှိဘမ်းတို့ ဖြစ်သည်။

"လာတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒေါက်တာတေစ်လာ" ပြည်နယ်ရှေ့နေက ပြော၏။

"ဒေါက်တာဟန်တာသေဆုံးမှုမှာ ဒေါက်တာက စိတ်ဝင်စားနေကြောင်း စစ်ဆေးရေးအရာရှိဘမ်းက ပြောပါတယ်။ ဒါကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဒေါက်တာဟန်တာက ဒေါက်တာ့အခန်းဖော်ဆိုတော့ တရားဥပဒေနဲ့အညီ ဖြစ်စေချင်မှာပေါ့"

ဒါဆို သူတို့က ကန်မယ်လိုရီကို ဖမ်းတော့မှာပေါ့။ "ဟုတ်ပါတယ်" ပေ့ချ်က ပြော၏။ "ဒေါက်တာမယ်လိုရီက သူမကို သတ်တယ်ဆိုတာ သံသယတောင် မရှိပါဘူး။ ရှင်တို့ သူ့ကို ဖမ်းတဲ့အခါ သူက. . ."

"ကျွန်တော်တို့ ဒီလို လုပ်လို့ မရပါဘူး"

ပေ့ချ် သူ့ကို မျက်နှာသေဖြင့် ကြည့်လိုက်၏။ "ရှင်?"

"ကျွန်တော်တို့ ဒေါက်တာမယ်လိုရီကို ဖမ်းလို့ မရဘူး"

"ဘာလို့လဲ?"

"ကျွန်တော်တို့မှာ ပြစ်မှုမှ မရှိတာ"

"ရှိတာပေါ့" ပေ့ချ်က အော်ပြောသည်။ "ထရိုင်ကလိုရိုအီသိုင်းလင်းက သက်သေ. . ."

"ဒေါက်တာ၊ တရားဥပဒေမှာတော့ ဥပဒေကို မသိနားမလည်ဘူးဆိုတာနဲ့တော့ ခွင့်လွှတ်စရာမရှိဘူး။ ဒါပေမဲ့ ဆေးပညာမှာတော့ ရှိတယ်"

"ကျွန်မ နားမလည်ဘူး"

"ဒါ ရှင်းပါတယ်။ ဆိုလိုတာက ဒေါက်တာမယ်လိုရီက သူ အမှားလုပ်ခဲ့ပါတယ်လို့ ပြောမယ်။ သူက ပေါ်ဖိုင်းရီယားလူနာတစ်ယောက်အပေါ် ကလိုရယ်ဟိုင်းဒရိတ်ရဲ့ သက်ရောက်မှုကို မသိခဲ့ပါဘူးလို့ ပြောမယ်။ ဘယ်သူမှ သူလိမ်နေကြောင်း သက်သေမပြနိုင်ဘူး။ သူ့ကို အသုံးမကျတဲ့ ဆရာဝန်တစ်ယောက်အဖြစ် သက်သေပြလို့ ရရင်တော့ရမယ်။ ဒါပေမဲ့ လူသတ်မှုအတွက် အပြစ်ရှိကြောင်းကိုတော့ သက်သေပြလို့ မရဘူး"

ကိတ် သူ့အား စိတ်ပျက်လက်ပျက်ကြည့်လိုက်သည်။ "ဒါဆို ရှင်တို့က သူ့ကို ဒီအတိုင်း အလွတ်ပေးလိုက်တော့မယ်ပေါ့"

သူသည် သူမကို ခဏမျှ ကြည့်လိုက်သည်။ "ကျွန်တော် ဘယ်လိုပြင်ဆင်ထားလဲဆိုတာ ဒေါက်တာ့ကို ပြောပြမယ်။ ကျွန်တော် စစ်ဆေးရေးအရာရှိဘမ်းနဲ့ ဆွေးနွေးပြီးပြီ။ ဒေါက်တာ့ခွင့်ပြုချက်ကို ရယူပြီးနောက် ကျွန်တော်တို့ တစ်ယောက်ယောက်ကို ဒေါက်တာ့တိုက်ခန်းဆီလွှတ်ပြီး အရက်စင်ပေါ်က ဖန်ခွက်တွေကို ယူလာခဲ့မယ်။ အကယ်လို့ ကျွန်တော်တို့ ကလိုရယ်ဟိုင်းဒရိတ်ကို တွေ့ခဲ့တယ်ဆိုရင် နောက်တစ်ဆင့် ဆက်လုပ်ကြတာပေါ့"

"တကယ်လို့ သူက ဆေးကြောခဲ့တယ် ဆိုရင်ကော?"

စစ်ဆေးရေးအရာရှိဘမ်းက ခြောက်ကပ်ကပ်ဝင်ပြော၏။ "သူ ချေးချွတ်မှုန့် သုံးဖို့ အချိန်မရှိလောက်ဘူးလို့ ထင်တယ်။ သူသာ ရိုးရိုးရေနဲ့ပဲ ဆေးခဲ့ရင် ကျွန်တော်တို့ ရှာနေတာကို တွေ့မှာပါ"

၂ နာရီအကြာတွင် စစ်ဆေးရေးအရာရှိသည် ပေ့ချ်နှင့် ဖုန်းပြောနေ၏။

"ကျွန်တော်တို့ အရက်စင်ပေါ်က ဖန်ခွက်အားလုံးကို ဓာတုစစ်ဆေးမှု ပြုလုပ်ပြီးပါပြီ" ဘမ်းက ပြောသည်။

စိတ်ထိခိုက်စရာအတွက် ပေ့ချ် ကြိုတင် အားတင်းလိုက်၏။

"ကလိုရယ်ဟိုင်းဒရိတ်ပါတဲ့ တစ်ခွက်ကို ကျွန်တော်တို့ တွေ့တယ်"

ပေ့ချ် မျက်လုံးများမှိတ်လိုက်ပြီး တိတ်ဆိတ်စွာပင် ကျေးဇူးတင်ကြောင်း ဆုတောင်းလိုက်သည်။

"ပြီးတော့ ဖန်ခွက်ပေါ်မှာ လက်ဗွေရာတွေကိုလည်း တွေ့တယ်။ ကျွန်တော်တို့ အဲဒါတွေကို ဒေါက်တာမယ်လိုရီနဲ့ လက်ဗွေရာနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်မယ်"

ပေ့ချ် စိတ်လှုပ်ရှားလာ၏။

စစ်ဆေးရေးအရာရှိက ဆက်ပြောသည်။ "သူ သူမကို သတ်ခဲ့တယ့်အချိန်မှာ. . .တကယ်သာသတ်ခဲ့တယ်ဆိုရင်ပေါ့လေ. . .သူဟာ လက်အိတ်ကို ဝတ်ထားလိမ့်မယ်။ ဒါဆို သူ့လက်ဗွေရာတွေ 'ကူရက်' ပေါ်မှာ မထင်ကျန်ခဲ့တော့ဘူး။ ဒါပေမဲ့ သူမကို အရက်တိုက်တဲ့အချိန်မှာတော့ သူလက်အိတ်တွေမဝတ်ထားလောက်ဘူး။ ပြီတော့လည်း ဖန်ခွက်တွေကို ဆေးပြီး စင်ပေါ် ပြန်ထားတဲ့အချိန်မှာလည်း လက်အိတ်မဝတ်ထားလောက်ဘူး"

"ဟင့်အင်း" ပေ့ချ်က ပြော၏။ "သူ မဝတ်ထားနိုင်လောက်ဘူး"

"ကျွန်တော် ဝန်ခံပါတယ်။ အစတုန်းကတော့ ဒေါက်တာပြောတာတွေက ဘာမှ အကျိုးမရှိဘူးလို့ ထင်ခဲ့တယ်။ အခုကျတော့မှ ဒေါက်တာမယ်လိုရီဟာ ကျွန်တော်တို့ ရှာနေတဲ့လူဖြစ်မယ်လို့ ထင်မိတယ်။ ဒါပေမဲ့ သက်သေပြဖို့ကျတော့လည်း နောက်ပြဿနာတစ်ခုဖြစ်နေတယ်" သူက ဆက်ပြောသည်။ "ပြည်နယ်ရှေ့နေပြောတာမှန်တယ်။ မယ်လိုရီကို ရုံးတင်စစ်ဆေးဖို့ဆိုတာ မလွယ်ဘူး။ သူ့လူနာအတွက် ဆေးဝယ်ခဲ့တာလို့ သူက ပြောနိုင်တယ်လေ။ ဆေးပညာဆိုင်ရာအမှားအတွက် ဥပဒေမရှိဘူး။ ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်တော်မသိ. . ."

"ခဏ. . " ပေ့ချ်က စိတ်လှုပ်ရှားစွာပြော၏။ "ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်မ သိမယ်ထင်တယ်"

ကန်မယ်လိုရီသည် ဖုန်းတွင် လော်ရင်ပြောသည်တို့ကို နားထောင်နေ၏။ "ဖေဖေနဲ့ ကျွန်မတို့က ရှင်ကြိုက်မယ့် ရုံးခန်းနေရာကို ရှာတွေ့တယ်၊ အချစ်။ အဲဒါက ပို့စ်အဆောက်အအုံက လှပတဲ့ အခန်းနံပါတ် ၄၉၀ ပဲ။ ကျွန်မ ရှင့်အတွက် ကြိုဆိုရေးဝန်ထမ်းတစ်ယောက် ငှားပေးမယ်။ သိပ်မချောတဲ့ တစ်ယောက်ပေါ့"

မယ်လိုရီ ရယ်လိုက်၏။ "မင်း ဒါကို စိုးရိမ်စရာမလိုပါဘူး၊ အချစ်။ ဒီကမ္ဘာပေါ်မှာ မင်းကလွဲပြီး ဘယ်သူမှ ကိုယ့်အတွက် မရှိပါဘူး"

"ရှင့်ကို အခန်းကြည့်စေချင်တယ်။ ရှင် အခုထွက်လာလို့ ရမလား?"

"နာရီအနည်းငယ်ကြာရင် ကိုယ်ဂျူတီပြီးပြီ"

"ကောင်းပြီ။ ဒါဆိုရင် ကျွန်မကို အိမ်မှာ လာခေါ်ပါလား"

"ကောင်းပြီလေ။ ကိုယ်လာခဲ့မယ်" မယ်လိုရီ ဖုန်းချလိုက်သည်။

ဒီထက်ပိုကောင်းတဲ့ဟာ မရှိတော့ဘူးဟု သူမတွေးမိသည်။ သူမ သူ့ကို ချစ်နေသည်။

သူ့နာမည်ကို လူခေါ်စနစ်မှ ခေါ်သည်ကို ကြားလိုက်ရ၏။ "ဒေါက်တာမယ်လိုရီ. . .အခန်း ၄၃၀. . .ဒေါက်တာမယ်လိုရီ. . .အခန်း ၄၃၀"

သူ ထိုင်ရင်း နေ့အိပ်မက်မက်နေသည်။ သူ၏ ရွှေရောင်အနာဂတ်ကို တွေးနေ၏။ ပို့စ်အဆောက်အအုံ အခန်း ၄၉၀ တွင် ချမ်းသာသော မိန်းမအိုတို့က ပြည့်နေပြီး သူတို့ပိုက်ဆံများကို သူ့အား ပေးနေ၏။ သူ့နာမည် ခေါ်သည်ကို ထပ်ကြားလိုက်ရသည်။ "ဒေါက်တာမယ်လိုရီ. . .အခန်း ၄၃၀"။ သူသက်ပြင်းချလိုက်ပြီး မတ်တတ်ရပ်လိုက်၏။ အခန်း ၄၃၀ ရှိရာသို့ ဦးတည်ထွက်သွားတော့သည်။
အလုပ်သင်ဆရာဝန်တစ်ယောက်က သူ့ကို အခန်းအပြင်ဘက် ကော်ရစ်ဒါတွင် စောင့်နေ၏။

"ကျွန်တော်တို့ ဒီမှာ ပြဿနာတစ်ခု တက်နေတယ်" သူက ပြော၏။ "ဒါက ဒေါက်တာပီတာဆင်ရဲ့ လူနာ။ ဒါပေမဲ့ ဒေါက်တာပီတာဆင်က ဒီမှာ မရှိဘူး။ ကျွန်တော် တခြားဆရာဝန်တစ်ယောက်နဲ့ အငြင်းပွားနေတယ်"

သူတို့ အထဲသို့ ဝင်လိုက်သည်။ အခန်းထဲတွင် လူသုံးယောက်ရှိနေသည်။ အိပ်ရာထဲတွင်တစ်ယောက်၊ အမျိုးသားသူနာပြုတစ်ဦးနှင့် မယ်လိုရီတစ်ခါမှ မမြင်ဖူးသော ဆရာဝန်တစ်ယောက်တို့ဖြစ်သည်။ အလုပ်သင်ဆရာဝန်က ပြောသည်။ "ဒါက ဒေါက်တာအက်ဝပ်ပါ။ ကျွန်တော့်တို့ ဒေါက်တာ့ အကြံဉာဏ်ကို လိုနေတယ်၊ ဒေါက်တာမယ်လိုရီ"

"ဘာပြဿနာဖြစ်တာလဲ?"

အလုပ်သင်ဆရာဝန်က ရှင်းပြသည်။ "လူနာမှာ အယ်ရီသရိုပွိုင်အီတစ် ပေါ်ဖိုင်းရီးယားရောဂါ ရှိတယ်။ အဲဒါကို ဒေါက်တာအက်ဝပ်က အိပ်ဆေးပေးချင်တယ်တဲ့လေ"

"ပြဿနာရှိတယ်လို့ ကျွန်တော် မထင်ပါဘူး"

"ကျေးဇူးတင်ပါတယ်" ဒေါက်တာအက်ဝပ်က ပြော၏။

"ဒီလူက မအိပ်ရတာ ၄၈ နာရီ ရှိနေပြီ။ ဒါကြောင့် ကျွန်တော်က ကလိုရယ်ဟိုင်းဒရိတ်ပေးထားတယ်။ သူ အနားရအောင်လို့။ ပြီးတော့. . ."

မယ်လိုရီသည် သူ့ကို အံ့သြတကြီး ကြည့်နေ၏။ "ခင်ဗျား ရူးများနေသလား? ဒါ သူ့ကို သေစေနိုင်တယ်။ သူ ချက်ချင်း ငန်းဆွဲသွားနိုင်တယ်။ နှလုံးခုန်တွေမြန်သွားမယ်။ သူ သေတောင်သေသွားနိုင်တယ်။ ဘယ်လိုနေရာမှာများ ခင်ဗျား ဆေးပညာသင်ခဲ့သလဲဟင်?"

ဒေါက်တာအက်ဝပ်က မယ်လိုရီကို ကြည့်လိုက်ပြီး တည်ငြိမ်စွာပင် ပြောလိုက်၏။ "ကျွန်တော် မသင်ခဲ့ပါဘူး"။ သူ တံဆိပ်တစ်ခုကို ထုတ်ပြလိုက်သည်။ "ကျွန်တော်က ဆန်ဖရန်စစ္စကိုရဲစခန်း၊ လူသတ်မှုဌာနကပါ"။ သူက အိပ်ရာတွင်းမှ လူဘက်သို့ လှည့်လိုက်သည်။ "ခင်ဗျား ဒါကို ရလိုက်လား?"

ထိုလူက ခေါင်းအုံးအောက်မှ အသံသွင်းစက်ကို ထုတ်ယူလိုက်သည်။ "ကျွန်တော်ရတယ်"

မယ်လိုရီသည် မျက်မှောင်ကြုတ်ပြီး တစ်ယောက်စီကို ကြည့်နေ၏။ "ကျွန်တော် နားမလည်ဘူး။ ဘာတွေလဲ? ဘာတွေ ဖြစ်နေတာလဲ?"

စစ်ဆေးရေးအရာရှိက မယ်လိုရီဘက်လှည့်လိုက်သည်။ "ဒေါက်တာမယ်လိုရီ၊ ဒေါက်တာ့ကို ဒေါက်တာကိတ်ဟန်တာကို သတ်မှုနဲ့ ဖမ်းလိုက်ပါပြီ"

## အခန်း ၃၆

ဆန်ဖရန်စစ္စကိုခရိုနင်ကယ်သတင်းစာ၏ ခေါင်းကြီးပိုင်းတွင် ရေးထားသည်မှာ "သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းမှ လူသတ်ဆရာဝန် အဖမ်းခံရ" ဟူ၍ ဖြစ်သည်။ ထိုခေါင်းစဉ်အောက်မှ စာတွင် အမှုအကြောင်းကို အသေးစိတ်ရေးထားသည်။

မယ်လိုရီသည် အကျဉ်းခန်းထဲတွင် သတင်းစာကို ဖတ်ရ၏။ သူ သတင်းစာကို ပစ်ချလိုက်သည်။ သူ့အခန်းဖော်က ပြော၏။ "ကြည့်ရတာ ခင်ဗျားကို အေးအေးဆေးဆေးဖမ်းလိုက်သလိုပဲ"

"ဒါကို မယုံနဲ့" မယ်လိုရီက ယုံကြည်မှုအပြည့်ဖြင့် ပြန်ပြော၏။ "ကျွန်တော့်မှာ အဆက်အသွယ်တွေရှိတယ်။ သူတို့က ကျွန်တော့်အတွက် ကမ္ဘာပေါ်မှာ အကောင်းဆုံးရှေ့နေကို ခေါ်ပေးလိမ့်မယ်။ ကျွန်တော် ဒီကနေ ၂၄ နာရီအတွင်း ထွက်သွားနိုင်မှာ။ ကျွန်တော် ဖုန်းလေးတစ်ချက်ဆက်လိုက်ရုံပဲ"

ဟာရင်ဆင်မိသားစုသည် မနက်စာစားရင်း သတင်းစာ ဖတ်နေ၏။ "ဘုရားရေ" လောရင်က ပြောသည်။ "ကန်ပါလား! မယုံနိုင်လောက်အောင်ပဲ"

အိမ်ထိန်းတစ်ယောက်က မနက်စာစားပွဲဆီ ရောက်လာ၏။ "ခွင့်ပြုပါ၊ မစ္စစ်ဟာရင်ဆင်။ ဒေါက်တာမယ်လိုရီက မစ္စစ်ဆီ ဖုံးဆက်ပါတယ်။ သူ ထောင်ထဲကနေခေါ်တာလို့ ကျွန်တော်ထင်ပါတယ်"

"ကျွန်မ ကိုင်လိုက်ပါ့မယ်" လောရင် စားပွဲမှ ထရန် ဟန်ပြင်လိုက်သည်။

"မင်း ဒီမှာပဲ ထိုင်ပြီး မနက်စာကို ပြီးအောင်စား" အဲလက်ဟာရင်ဆင်က ခပ်ပြတ်ပြတ်ပြောလိုက်၏။ သူ အိမ်ထိန်းဘက်လှည့်လိုက်၏။ "ငါတို့ ဒေါက်တာမယ်လိုရီဆိုတာကို မသိဘူးကွ"

ပေ့ချ်အဝတ်လဲနေရင်း သတင်းစာကို ဖတ်၏။ မယ်လိုရီသည် သူလုပ်ခဲ့သည့် ပြစ်မှုအတွက် အပြစ်ပေးခံရတော့မည်။ သို့သော် ၎င်းက သူမကို ကျေနပ်မှုမပေး။ သူ့ကို ဘယ်လိုပင်လုပ်လုပ် ကိတ်မှာတော့ အသက်ပြန်မရှင်နိုင်တော့။

တံခါးဘဲလ်သံ မြည်လာ၏။ ပေ့ချ် သွားဖွင့်လိုက်သည်။ လူစိမ်းတစ်ယောက်က ထိုနေရာတွင် ရပ်နေ၏။

သူသည် အနက်ရောင်ဝတ်စုံကို ဝတ်ထားပြီး လက်ဆွဲအိတ်တစ်ခုကိုလည်း ကိုင်ထား၏။

"ဒေါက်တာတေစ်လာလားခင်ဗျာ?"

"ဟုတ်ပါတယ်. . ."

“ကျွန်တော့်နာမည်က ရိုဒရစ် ပယ်ဟန်ပါ။ ကျွန်တော်က ရှော့မန်းနဲ့ရှော့မန်းအဖွဲ့က ရှေ့နေပါ။ ကျွန်တော် ဝင်လာလို့ ရမလားခင်ဗျာ?”

ပေ့ချ် သူ့အား နားမလည်စွာ ကြည့်လိုက်၏။ “ဟုတ်ကဲ့”

သူ တိုက်ခန်းအတွင်းသို့ ဝင်လာသည်။

“ဘာလို့များ ကျွန်မကို တွေ့ချင်တာလဲမသိဘူး?”

သူ လက်ဆွဲအိတ်ကို ဖွင့်လိုက်ပြီး စာရွက်အချို့ထုတ်ယူသည်ကို သူမ ကြည့်နေ၏။

“ဒေါက်တာလည်း သိမှာပါ။ ဒေါက်တာက ဂျွန်ခရိုနင်ရဲ့ သေတမ်းစာထဲက အဓိကအကျိုးခံစားခွင့်ရှိသူ ဆိုတာကိုလေ”

ပေ့ချ် သူ့ကို မျက်နှာသေဖြင့် ကြည့်လိုက်၏။ “ရှင် ဘာတွေ ပြောနေတာလဲ? တစ်ခုခု မှားနေပြီထင်တယ်”

“အိုး. . .မမှားပါဘူး။ မစ္စတာခရိုနင်က ဒေါက်တာ့အတွက် ဒေါ်လာတစ်သန်း ထားခဲ့ပါတယ်”

ပေ့ချ် ထိုင်ခုံထဲသို့ နစ်ဝင်သွားသည်။ ကြက်သေ သေသွား၏။ သတိရသွား၏။ မင်း ဥရောပကို သွားရမယ်။ ငါ့ကို တစ်ခုလောက်ကူညီပါလား။ မင်း ပဲရစ်ကိုသွား၊ ခရီလွန်ဟော်တယ်မှာတည်း၊ မက်ဆင်စားသောက်ဆိုင်မှာ ညစာစား၊ အသားကင်ထူထူကြီးကြီးနဲ့ ရှန်ပိန်တစ်ပုလင်းမှာ၊ ပြီးတော့ အဲဒီ အသားကင်နဲ့ ရှန်ပိန်ကို စားသောက်နေတုန်းမှာ ငါ့အကြောင်း စဉ်းစားပေးပါလား။

“ဒီမှာ ဒေါက်တာ လက်မှတ်ထိုးပေးမှာ။ ကျွန်တော်တို့ ကျန်တဲ့ စာရွက်စာတမ်း ကိစ္စတွေ လုပ်လိုက်ပါ့မယ်”

ပေ့ချ် မော့ကြည့်လိုက်၏။ “ကျွန်မ. . .ကျွန်မ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ကျွန်မ. . .သူ့ဆီမှာ မိသားစု ရှိသေးတယ်မဟုတ်လား”

“သူ့ သေတမ်းစာအရဆိုရင် မိသားစုဟာ သူ့အိမ်ခြံမြေရဲ့ အစိတ်အပိုင်းတချို့ကိုပဲ ရမှာပါ။ သိပ်တော့ အများကြီးမဟုတ်ဘူး”

“ကျွန်မ လက်မခံနိုင်ပါဘူးရှင်” ပေ့ချ်က သူ့ကို ပြောလိုက်၏။

ပယ်ဟန်က သူမကို တအံ့တဩ ကြည့်၏။ “ဘာလို့လဲ?”

သူမတွင် အဖြေမရှိ။ ဂျွန်ခရိုနင်သည် ဒီပိုက်ဆံတွေကို သူမအား ယူစေချင်သည်။ “ကျွန်မ မသိဘူး။ ဒါ. . .ဒါ ကျင့်ဝတ်နဲ့ မညီဘူးလို့ ထင်တယ်။ သူက ကျွန်မလူနာလေ”

“ကောင်းပြီ။ ကျွန်တော် ငွေစာရွက်ကို ဒီမှာ ထားခဲ့မယ်။ ဘာလုပ်မလဲဆိုတာတော့ ဒေါက်တာ ဆုံးဖြတ်ပေါ့။ ဒီမှာ လက်မှတ်ထိုးပေးပါ”

ပေ့ချ် တွေဝေစွာဖြင့်ပင် လက်မှတ်ထိုးလိုက်၏။

“ဂွတ်ဘိုင်၊ ဒေါက်တာ”

သူထွက်သွားသည်ကို ပေ့ချ်ကြည့်နေ၏။ ထို့နောက် ထိုင်ရင်း ဂျွန်ခရိုနင်အကြောင်း တွေးနေသည်။

ပေ့ချ် အမွေဆက်ခံလိုက်ရခြင်းအကြောင်းသည် ဆေးရုံရှိ လူတိုင်း၏ ပါးစပ်ဖျားတွင် ပြောနေသည်။

ဒါတွေအားလုံး တစ်နည်းနည်းဖြင့် တိတ်ဆိတ်သွားပါစေဟု ပေ့ချ်မျှော်လင့်မိသည်။ ပိုက်ဆံများဖြင့် ဘာလုပ်ရမည်ကို သူမ ယခုထိ

မစဉ်းစားရသေး။ ဒါငါပိုင်တာမှ မဟုတ်တာဟု ပေ့ချ် တွေးမိသည်။ သူ့မှာ မိသားစုရှိသေးတာပဲ။

ပေ့ချ်သည် အလုပ်ခွင်ပြန်ဝင်ရန် စိတ်ပိုင်းဆိုင်ရာအရ အဆင်သင့် မဖြစ်သေးပေ။ သို့သော် သူမလူနာများကို ဂရုစိုက်ကုသဖို့က လိုအပ်နေသည်။ ထိုမနက်တွင် ခွဲစိတ်ခြင်းတစ်ခုလုပ်ဖို့ အစီအစဉ်ဆွဲထားသည်။

အာသာကိန်းသည် ပေ့ချ်အား ကော်ရစ်ဒါတွင် စောင့်နေသည်။ သူတို့သည် ဓာတ်မှန်ကို ပြောင်းပြန်ချိတ်သည့် ကိစ္စဖြစ်ပြီးနောက်ပိုင်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြတော့။ သူမကို ထိတ်လန့်စေရန် ကားတာယာကို ခွဲသွားသူမှာ အာသာကိန်းဖြစ်ကြောင်း သိသော်လည်း သူမတွင် သက်သေမရှိ။

"ဟယ်လို၊ ပေ့ချ်။ ပြီးခဲ့တာတွေလည်း ပြီးပါစေတော့။ ဘယ်လိုလဲ?"

ပေ့ချ် ပခုံးတွန့်လိုက်သည်။ "ကောင်းပြီလေ"

"ကန်မယ်လိုရီဖြစ်ခဲ့တဲ့ကိစ္စက တော်တော်ဆိုးတယ်နော်" သူက မေး၏။

"ဟုတ်တယ်" ပေ့ချ်က ပြောသည်။

ကိန်းသည် သူမကို မရိုးသားသည့်အကြည့်ဖြင့် ကြည့်နေသည်။ "ဆရာဝန်တစ်ယောက်က လူသားတစ်ယောက်ကို တမင်တကာ သတ်လိုက်တယ်ဆိုတာ စဉ်းစားကြည့်ပါလား။ ဒါ ကြောက်ဖို့ ကောင်းတယ်၊ ဟုတ်တယ်မို့လား?"

"ဟုတ်တယ်"

"ဒါနဲ့ စကားမစပ်" သူက ပြော၏။ "မင်း သန်းကြွယ်သူဌေးမ ဖြစ်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်ကွာ"

"ဘာကို ပြောတာလဲ?"

"ဒီည ပြဇာတ်အတွက် ကိုယ် လက်မှတ်ဝယ်ထားတယ်၊ ပေ့ချ်။ ကိုယ်တို့ နှစ်ယောက်အတူတူ သွားကြမယ်လေ"

"ကျေးဇူးတင်ပါတယ်" ပေ့ချ်က ပြော၏။ "ကျွန်မ တခြားတစ်ယောက်နဲ့ ချစ်ကြိုက်နေပါတယ်"

"ဒါဆိုရင်လည်း ဖြတ်လိုက်ဖို့ အကြံပေးချင်တယ်"

သူမ သူ့ကို တအံ့တသြကြည့်လိုက်၏။ "ရှင် ဘာပြောတာလဲ?"

ကိန်း သူမအနား တိုးလာ၏။ "ငါ ဂျွန်ခရိုနင်ကို ရင်ခွဲစစ်ဆေးခိုင်းလိုက်တယ်"

ပေ့ချ်သည် သူမနလုံးခုန်မြန်လာကြောင်း သိလိုက်၏။ "အဲဒီတော့?"

"သူက နလုံးကြောင့် သေတာမဟုတ်ဘူး။ တစ်ယောက်ယောက်က သူ့ကို အင်ဆူလင်တွေ အများကြီးပေးလိုက်လို့။ ရင်ခွဲစစ်ဆေးတဲ့အကြောင်း အဲဒီတစ်ယောက်က မသိခဲ့ဘူးထင်တယ်"

ပေ့ချ် ချက်ချင်းပင် အာခေါင်များ ခြောက်လာ၏။

"သူ သေတုန်းက မင်း သူနဲ့ အတူတူရှိခဲ့တယ်မလား?"

သူမ တုံ့ဆိုင်းနေသည်။ "ဟုတ်တယ်"

"ဒါကို သိတာ ငါတစ်ယောက်ပဲ ရှိတယ်။ အစီအရင်ခံစာ ရှိနေတာလည်း ငါတစ်ယောက်ပဲရှိတယ်" သူက သူမလက်မောင်းကို ပုတ်လိုက်၏။ "ပြီးတော့ ငါ ပါးစပ်ပိတ်ထားပါတယ်ကွာ။ ကဲအခု. . .ဒီညအတွက် လက်မှတ် ကိစ္စ. . ."

ပေ့ချ် သူ့အဝေးမှ ထွက်လာခဲ့သည်။ "ဟင့်အင်း"

"မင်း ဘာလုပ်နေတယ်ဆိုတာ မင်းသိရဲ့လား"

သူမ အသက်ပြင်းပြင်းရှူလိုက်သည်။ "အင်း။ ကျွန်မကို ခွင့်ပြုပါဦး . . ."

သူမ အဝေးသို့ ထွက်သွားသည်။ ကိန်းက သူမနောက်ကို ကြည့်နေ၏။ သူ မျက်နှာထား တင်းမာလာသည်။ သူ လှည့်လိုက်ပြီး ဒေါက်တာဘန်ဂျမင်ဝေါလေ့၏ ရုံးခန်းရှိရာသို့ ဦးတည်သွားလိုက်သည်။

ပေ့ချ်တိုက်ခန်းထဲတွင် မနက် ၁ နာရီ ဖုန်းမြည်လာပြီး သူမကို နှိုးလိုက်၏။ "မင်းက သိပ်ဆိုးတဲ့ကောင်မလေးတစ်ယောက်ပဲ"

ဂုင်းမှာ အသံရှုသံပြင်းပြင်းနှင့် ဖုံးကွယ်ထားသော အရင်ကနှင့် တူညီသည့် အသံသြသြပင်ဖြစ်သည်။ ယခုတစ်ကြိမ်တွင်တော့ ပေ့ချ် မှတ်မိလိုက်သည်။ ဘုရားရေ သူမတွေးမိသည်။ ငါ ကြောက်နေသင့်ပြီ။

နောက်တစ်နေ့မနက် ပေ့ချ် ဆေးရုံရောက်သောအခါ လူ ၂ ယောက်က သူမကို စောင့်နေသည်။

"ဒေါက်တာပေ့ချ်တေဗ်လာလား?"

"ဟုတ်ပါတယ်"

"ဒေါက်တာ ကျွန်တော်တို့နဲ့ လိုက်ခဲ့ရလိမ့်မယ်။ ဂျွန်ခရိုနင်ကို သတ်မှုနဲ့ ဒေါက်တာ့ကို ဖမ်းလိုက်ပါပြီ"

(အခန်း ၃၇)

တရားခွင်၏ နောက်ဆုံးနေ့ဖြစ်သည်။ တရားခံရှေ့နေ အလန်ပန်းသည် သူ၏ အကျဉ်းချုပ်တင်ပြချက်ကို ဂျူရီလူကြီးများထံ တင်ပြနေသည်။

"လူကြီးမင်းတို့ ခင်ဗျာ၊ လူကြီးမင်းတို့အနေနဲ့ ဒေါက်တာတေဗ်လာရဲ့ အရည်အချင်း ပြည့်ဝမှုတွေ၊ မပြည့်ဝမှုတွေအကြောင်း အများကြီးကြားခဲ့ပြီးပါပြီ။ တရားသူကြီးယန်းကလည်း လူကြီးမင်းတို့ကို ဒါတွေဟာ ဒီတရားခွင်နဲ့မပတ်သက်ဘူးလို့ ညွှန်ကြားပါလိမ့်မယ်။ သူမ လုပ်ခဲ့တာတွေကို လက်မခံနိုင်တဲ့ ဆရာဝန်တိုင်းအတွက် ဒီလိုလုပ်ခဲ့တဲ့ ဆရာဝန်တစ်ဒါဇင်လောက်ကို ကျွန်တော်တို့ ပြနိုင်ပါတယ်။ ဒါပေမဲ့ ဒါကလည်း အရေးမပါပါဘူး"

"ပေ့ချ်တေဗ်လာဟာ ဂျွန်ခရိုနင်သေဆုံးမှုအတွက် ရုံးတင်စစ်ဆေးခံရတာပါ။ သူမကလည်း သူ့ကို ကူညီသေစေတယ်လို့ ဝန်ခံပြီးဖြစ်ပါတယ်။ သူမ ဒီလိုလုပ်ရတာကလည်း သူ အလွန်အမင်း နာကျင်ခံစားနေရလို့ပါ။ သူက သူမကို လုပ်ဖို့ တောင်းဆိုခဲ့လို့ပါ။ ဒါက သနားကြင်နာသဖြင့် သတ်လိုက်ခြင်း (ယူသနေးစီးယား) ပါပဲ။ ဒီလိုသတ်တာကို ကမ္ဘာတစ်ဝှမ်း ပိုပိုပြီး လက်ခံလာကြပါတယ်။ မနစ်တုန်းကဆိုရင်လည်း ကယ်လီဖိုးနီးယားပြည်နယ် အထူးတရားရုံးက မှုမှန်စိတ်ထားရှိတဲ့ အရွယ်ရောက်ပြီး လူတစ်ယောက်အနေနဲ့ ဆေးကုသခြင်းကို ငြင်းဆိုခြင်း ဒါမှမဟုတ် ဖျက်သိမ်းခြင်းကို ပြုလုပ်ပိုင်ခွင့်ရှိတယ်လို့ သတ်မှတ်ပေးထားပါတယ်။ လူတစ်ဦးတစ်ယောက်ချင်းအနေနဲ့ ဆေးဝါးကုသခွင့်ကို ရွေးချယ်ပိုင်ခွင့် သို့မဟုတ် ငြင်းပယ်ပိုင်ခွင့်နဲ့ သေမလား ရှင်မလားဆိုတာ မိမိကိုယ်တိုင် ဆုံးဖြတ်နိုင်ပါတယ်"

သူသည် ဂျူရီလူကြီးများ၏ မျက်နှာများကို ကြည့်လိုက်၏။ "ယူသနေးစီးယားဟာ ကြင်နာသနားလို့ ဖြစ်မှုကျူးလွန်တာပါ။ ဒီလိုပုံစံမျိုးကို ကမ္ဘာတစ်ဝှမ်းက ဆေးရုံတိုင်းမှာ တစ်နည်းမဟုတ်တစ်နည်းနဲ့ တွေ့နိုင်တယ်လို့ ကျွန်တော် ပြောရဲပါတယ်။

ဆွဲချရှေ့နေကတော့ သေမိန့်ကို တောင်းဆိုနေတယ်။ သူပြောတာနဲ့ ဒီကိစ္စကို မရောထွေးပါစေနဲ့။ ယူသနေးစီးယားအတွက် သေမိန့်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ၆၃ ရာခိုင်နှုန်းသော အမေရိကန်လူထုက ယူသနေးစီးယားကို တရားဝင်ခွင့်ပြုသင့်တယ်လို့ ယုံကြည်နေကြတယ်။ နိုင်ငံအတွင်းက ပြည်နယ် ၁၈ ခုမှာလည်း တရားဝင် ခွင့်ပြုထားတယ်။ ကျွန်တော်မေးချင်တာက ကျွန်တော်တို့ဟာ အကူအညီမဲ့လူနာတွေကို နာကျင်ခံစားစေပြီး အသက်ဆက်ရှင်စေဖို့ အတင်းအကျပ်လုပ်မှာလား? သူတို့ကို အသက်ရှင်ဖို့ ဖိအားပေးပြီး ဝေဒနာတွေ ခံစားစေမှာလား? ဆေးပညာနည်းလမ်းတွေ တိုးတက်လာတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းဟာ ပိုမိုရှုပ်ထွေးလာပါတယ်။ ကျွန်တော်တို့ဟာ လူနာတွေကို စက်ပစ္စည်းတွေလက်ထဲ ထည့်လိုက်ကြတယ်။ စက်ပစ္စည်းတွေမှာ ကြင်နာသနားစိတ်ဆိုတာမရှိပါဘူး။ အကယ်၍ မြင်းတစ်ကောင်သာ ခြေကျိုးသွားရင် ကျွန်တော်တို့ဟာ အဲဒီမြင်း ဝေဒနာ နာကျင်မှုတွေက လွတ်မြောက်သွားအောင် ပစ်သတ်လိုက်ကြတယ်။ လူအနေနဲ့ကြတော့ ကျွန်တော်တို့ဟာ သူ သို့မဟုတ် သူမကို ငရဲခံရသလိုဆိုးရွားတဲ့ ရှင်နေလျက်နဲ့ သေတဲ့ဘဝမျိုးကို ပို့လိုက်ကြတယ်”

“ဂျွန်ခရိုနင် ဘယ်တော့သေမလဲဆိုတာ ဒေါက်တာတေစ်လာ ဆုံးဖြတ်ခဲ့တာ မဟုတ်ပါဘူး။ ဂျွန်ခရိုနင်ကိုယ်တိုင် ဆုံးဖြတ်ခဲ့တာပါ။ မှားယွင်းမဆုံးဖြတ်ကြပါနဲ့။ ဒေါက်တာတေစ်လာလုပ်ခဲ့တာဟာ ကြင်နာသနားတတ်လို့ပါ။ သူမက ဒီလိုလုပ်ခဲ့တဲ့အတွက်လည်း အပြည့်အဝ တာဝန်ယူပါတယ်။ ဒါပေမဲ့ သူမဟာ သူမအတွက် ထားခဲ့တဲ့ ပိုက်ဆံတွေအကြောင်း မသိခဲ့ဘူးဆိုတာ လူကြီးမင်းတို့ သံသယမရှိ လုံးဝယုံကြည်စေချင်တယ်။ သူမလုပ်ခဲ့တာဟာ စာနာသနားတတ်တဲ့ စိတ်နဲ့ပါ။ ဂျွန်ခရိုနင်ကလည်း ကုမရတော့တဲ့ ကင်ဆာရောဂါ နောက်ဆုံးအဆင့်ရောက်နေပါပြီ။ ကင်ဆာက သူ့တစ်ကိုယ်လုံးကို ပျံ့နှံ့နေပြီး သူ ဝေဒနာခံစားနေရတယ်။ သူ စိတ်ဓာတ်တွေ ကျနေတယ်။ လူကြီးမင်းတို့ မိမိကိုယ်ကို မေးခွန်းတစ်ခု မေးကြည့်ပါ။ ဒီလို အခြေအနေမျိုးသာဖြစ်နေရင် လူကြီးမင်းတို့အနေနဲ့ အသက်ဆက်ရှင်ချင်သေးပါသလား? အားလုံးကို ကျေးဇူးတင်ပါတယ်”

သူလှည့်လိုက်ပြီး စားပွဲရှိရာသို့ ပြန်လာကာ ပေ့ချ်ဘေးနားတွင် ထိုင်လိုက်သည်။

ဂက်ဗီနာဘယ် ထလိုက်ပြီး ဂျူရီများရှေ့တွင် သွားရပ်၏။

“စာနာသနားစိတ်? ကြင်နာလို့?” သူ ပေ့ချ်ကို လှမ်းကြည့်လိုက်၏။ ခေါင်းခါလိုက်သည်။ ထို့နောက် ဂျူရီများဘက်သို့ ပြန်လှည့်လိုက်သည်။

“လူကြီးမင်းများခင်ဗျာ။ ကျွန်တော်ဟာ တရားဥပဒေအလုပ်ကို လုပ်နေတာ အနှစ် ၂၀ ကျော်ပါပြီ။  ဒီနှစ်တွေအတွင်းမှာ ကျွန်တော်အနေနဲ့ ဒီလိုမျိုး အကျိုးအမြတ်အတွက် သွေးအေးအေးနဲ့ တမင်တကာလူသတ်ခဲ့တဲ့ ဒီလောက် ထင်ရှားတဲ့အမှုမျိုးကို လုံးဝ. . .လုံးဝ မတွေ့ခဲ့ဖူးပါဘူး”

ပေ့ချ်စကားလုံးတိုင်းကို နားစိုက်နေ၏။ ဖြူရော်တောင့်တင်းနေ၏။

“ခုခံတဲ့ဘက်က ယူသနေးစီးယားဆိုတဲ့ ကြင်နာသနားသဖြင့် လူသတ်ခြင်းအကြောင်းကို ပြောခဲ့တယ်။ တကယ်ပဲ ဒေါက်တာတေစ်လာဟာ စာနာသနားစိတ်နဲ့ လုပ်ခဲ့တာလား? ကျွန်တော်ကတော့ မထင်ဘူး။ ဒေါက်တာတေစ်လာနဲ့ အခြားသူများက

မစ္စတာဂျွန်ခရိုနင်ဟာ ရက်အနည်းငယ်ပဲထပ်ပြီး အသက်ရှင်တော့မှာလို့ သက်သေခံခဲ့ကြပါတယ်။ ဘာလို့များ သူမဟာ ဒီရက်အနည်းငယ်လောက် သူ့ကို အသက်ဆက်မရှင်စေခဲ့တာလဲ? ဖြစ်နိုင်တာကတော့ မစ္စစ်ခရိုနင်ဟာ သူမခင်ပွန်းသေတမ်းစာပြောင်းရေးတဲ့အကြောင်းကို သိသွားပြီး အဲဒါကို တားမှာ ဒေါက်တာတေစ်လာက ကြောက်လို့ပါ”

“အလွန့်အလွန်ကို တိုက်ဆိုင်မှုတစ်ခုကတော့ မစ္စတာခရိုနင်ဟာ သေတမ်းစာပြောင်းရေးပြီး ဒေါက်တာတေစ်လာအတွက် ဒေါ်လာတစ်သန်းပေးခဲ့ပြီးပြီးချင်းမှာပဲ သူမက အင်ဆူလင်အများအပြားထိုးပြီး သူ့ကို သတ်လိုက်တာပါပဲ”

“တရားခံဟာ သူမစကားနဲ့ပဲ အပြစ်ရှိတယ်ဆိုတာ ထပ်တလဲလဲ ပေါ်လွင်ပါတယ်။ သူမက သူမဟာ ဂျွန်ခရိုနင်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိခဲ့တယ်လို့ ပြောခဲ့တယ်။ သူက သူမကို နစ်သက်ပြီး လေးစားတယ်လို့ ပြောခဲ့တယ်။ ဒါပေမဲ့ သက်သေခံတွေက သူဟာ ဒေါက်တာပေ့ချ်တေစ်လာကို မုန်းတီးကြောင်း၊ သူမကို ‘ခွေးမ’လို့ ခေါ်ခဲ့ကြောင်း၊ သူမရဲ့ သောက်လက်တွေကို သူ့ကိုယ်ပေါ်က ဖယ်လိုက်လို့ ပြောခဲ့ကြောင်းတွေကို ထွက်ဆိုခဲ့တာ လူကြီးမင်းတို့ ကြားပြီးဖြစ်ပါတယ်”

ဂက်ဗ်ီနာဘယ်သည် တရားခံကို နောက်တစ်ကြိမ် ထပ်ကြည့်လိုက်သည်။ ပေ့ချ်မျက်နှာပေါ်တွင် စိတ်ပျက်နေပုံ ပေါ်နေ၏။ သူ ဂျူရီလူကြီးများဘက် လှည့်လိုက်သည်။

“ရှေ့နေတစ်ယောက်ကလည်း ဒေါက်တာတေစ်လာပြောခဲ့တာကို သက်သေခံခဲ့ပါတယ်။ သူမက သူမကို ပေးခဲ့တဲ့ ဒေါ်လာတစ်သန်းကို လက်ခံတာဟာ ဆရာဝန်ကျင့်ဝတ်နဲ့ မညီဘူးလို့ ပြောခဲ့တယ်။ သူက သူမ လူနာတဲ့။ ဒါပေမဲ့ သူမဟာ ပိုက်ဆံကို ယူခဲ့ပါတယ်။ သူမ လိုအပ်နေတာကိုး။ သူမဆီမှာ ခရီးသွားလက်ကမ်းစာစောင်တွေ အံဆွဲအပြည့်ရှိနေတယ်။ ပဲရစ်၊ လန်ဒန်နဲ့ ရီဗီရာတို့ကို သွားဖို့။ ပြီးတော့လည်း သူမဟာ ခရီးသွားအဖွဲ့ဆီကို ပိုက်ဆံရပြီးမှ သွားတာမဟုတ်ဘူးဆိုတာကိုလည်း မှတ်ထားစေချင်ပါတယ်။ အိုး. . .မဟုတ်ပါဘူး။ သူမဟာ အစောကြီးကတည်းက ဒီခရီးတွေကို ကြိုတင်စီစဉ်ခဲ့တာပါ”

“သူမဆီမှာ လိုအပ်နေခဲ့တာက ပိုက်ဆံနဲ့ အခွင့်အရေးပါ။ ဂျွန်ခရိုနင်က ဒီနှစ်မျိုးလုံးကို ပေးခဲ့တယ်။ သူမ အသုံးချနိုင်ခဲ့တဲ့ အကူအညီမဲ့ သေခါနီးလူတစ်ယောက်ပါ။ သူမကိုယ်တိုင် ဆေးရုံမှတ်တမ်းရေးထားချက်အရ အပြင်းအထန် နာကျင်ခံစားနေရတယ်လို့ဆိုတဲ့ လူတစ်ယောက်အပေါ် သူမက ကြင်နာခဲ့တယ်လို့ ဆိုပါတယ်။ တကယ်ဆိုရင် ဒီလောက်တောင် နာကျင်နေတယ်ဆိုရင် ဘယ်လိုလုပ်ပြီးများ ရှင်းရှင်းလင်းလင်း တွေးခေါ်နိုင်တော့မှာလဲ? ဒေါက်တာတေစ်လာဟာ သေတမ်းစာကို ပြောင်းရေးခိုင်း၊ သူချစ်တဲ့မိသားစုကိုတော့ သေတမ်းစာထဲက ထုတ်ပစ်၊ သူမကိုယ်တိုင်ကျတော့ အဓိကအမွေခံစားသူဖြစ်အောင် ဂျွန်ခရိုနင်ကို ဘယ်လိုဆွဲဆောင်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ မသိပါဘူး။ ကျွန်တော်တို့သိတာကတော့ လူနာဟာ သေဆုံးတဲ့ညမှာ သူမကို အခေါ်လွှတ်ခဲ့ပါတယ်။ သူတို့ ဘာတွေပြောခဲ့ပါသလဲ? သူ

ဝေဒနာခံစားနေရတာကနေ ကယ်တင်ပေးဖို့ သူမကို ဒေါ်လာတစ်သန်း ပေးခဲ့တာလား? ဒါက ကျွန်တော်တို့ ရင်ဆိုင်ရမယ့် ဖြစ်နိုင်ချေပါ။ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ဒါက သွေးအေး လူသတ်မှုပါပဲ"

"လူကြီးမင်းများခင်ဗျာ။ ဒီတရားခွင်မှာ ထိခိုက်မှုအများဆုံးပေးနိုင်ခဲ့တဲ့ သက်သေက ဘယ်သူလဲဆိုတာ သိကြပါသလား?" သူက ပေ့ချ်အား လက်ညှိုးငေါက်ငေါက်ထိုးလိုက်သည်။

"တရားခံ ကိုယ်တိုင်ပါပဲ! ကျွန်တော်တို့ဟာ သူမ တရားမဝင်သွေးသွင်းခဲ့တဲ့အကြောင်း၊ နောက် မှတ်တမ်းအတုလုပ်ခဲ့တဲ့အကြောင်း သက်သေခံတာတွေကို ကြားခဲ့ပြီးပါပြီ။ သူမကလည်း ဒီအချက်ကို မငြင်းပါဘူး။ သူမက ဂျွန်ခရိုနင်ကလွဲပြီး တခြားဘယ်လူနာကိုမှ မသတ်ခဲ့ဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ လူတိုင်းလေးစားရတဲ့ ဒေါက်တာဘာကာက သူမကို သူ့လူနာကိုသတ်လိုက်ကြောင်း စွပ်စွဲခဲ့တယ်လို့ ပြောတာကို ကြားသိရပါတယ်"

"လူကြီးမင်းများ ခင်ဗျာ၊ ကံမကောင်းစွာနဲ့ပဲ ဒေါက်တာလောရင့်ဘာကာဟာ လေဖြတ်ဝေဒနာ ခံစားနေရပြီး တရားခံအတွက် လာရောက်သက်သေမခံနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ တရားခံအပေါ်ထားရှိတဲ့ ဒေါက်တာဘာကာရဲ့ အမြင်ကို ကျွန်တော်သတိပေးပါရစေ။ ဒေါက်တာတေစ်လာခွဲစိတ်ခဲ့တဲ့ လူနာအကြောင်း ဒေါက်တာပီတာဆင်ထွက်ဆိုထားတာကို ဖတ်ပြပါရစေ"

သူသည် စာရွက်တစ်ရွက်မှ ဖတ်ပြနေသည်။

"ခွဲစိတ်နေတုန်းမှာ ဒေါက်တာဘာကာ ခွဲခန်းထဲကို ဝင်ရောက်လာခဲ့သလား"

"ဟုတ်ကဲ့"

"ဒေါက်တာဘာကာက ဒေါက်တာတေစ်လာကို အဲဒီတုန်းက တစ်ခုခုများ ပြောသေးလား"

"အဖြေကတော့ သူဒေါက်တာတေစ်လာဘက်လှည့်ပြီး 'မင်းသူ့ကို သတ်လိုက်တာပဲ'လို့ ပြောခဲ့တယ်တဲ့"

"ဒါကတော့ သူနာပြုဘယ်ရီသက်သေထွက်ဆိုချက်ပါ။ ကျွန်တော့်ကို ဒေါက်တာဘာကာက ဒေါက်တာတေစ်လာကို ပြောခဲ့တဲ့ စကားတချို့ကို ပြန်ပြောပြပါလို့ ဆိုတဲ့အခါ"

"အဖြေက သူက သူမဟာ အရည်အချင်းမပြည့်မီဘူးလို့ ပြောပါတယ်။ နောက်တစ်ကြိမ်မှာကျတော့ ဒေါက်တာတေစ်လာကို သူ့ခွေးကိုတောင် ခွဲစိတ်ခွင့်မပြုနိုင်ဘူးလို့ ပြောခဲ့တယ်တဲ့"

ဂက်ဗီနာဘယ် မော့ကြည့်လိုက်သည်။ "ဖြစ်နိုင်တာကတော့ နှစ်မျိုးရှိပါတယ်။ ဒီ နာမည်ကောင်းနဲ့ ကျော်ကြားတဲ့ ဆရာဝန်တွေ သူနာပြုတွေက တရာခံအကြောင်း လိမ်ပြောနေတာလား။ ဒါမှမဟုတ် ဒေါက်တာတေစ်လာက လူလိမ်လား။ လူလိမ်ဖြစ်ရုံတင်မကပါဘူး၊ သူမက. . ."

ဆေးရုံ အနောက်တံခါးပေါက်ပွင့်လာပြီး အကူလုပ်သားတစ်ယောက် ဝင်လာသည်။ သူသည် တံခါးဝတွင် ရပ်နေပြီး ချီတုံချတုံ ဆုံးဖြတ်နေသည်။ ထို့နောက် သူသည် လူသွားလမ်းအတိုင်း

ဂက်ဗီနာဘယ်ရှိရာသို့ သွားသည်။

"ဆရာ. . ."

ဂက်ဗီနာဘယ်က ဒေါသတကြီး လှည့်လိုက်၏။ "မင်းမမြင်ဘူးလား၊ ငါ ဒီမှာ. . ."။ အကူက သူ့နားတွင် တစ်စုံတစ်ခုကို တီးတိုးပြောလိုက်၏။

ဂက်ဗီနာဘယ် သူ့ကို အံ့သြတကြီး ကြည့်နေ၏။ "ဘာ? ဒါ ကောင်းတာပေ့ါ"။ တရားသူကြီးယန်းက ရှေ့ကိုင်းလိုက်၏။ သူမ အသံက လန့်စရာကောင်းလောက်အောင် တည်ငြိမ်နေသည်။

"ရှင်တို့နှစ်ယောက်ကို ကြားဖြတ်ဝင်ပြောရတာ ခွင့်လွှတ်ပါ။ ဒါပေမဲ့ ရှင်တို့ ဘာလုပ်နေတယ်လို့ ထင်ပါသလဲ?"

ဂက်ဗီနာဘယ်က တရားသူကြီးဘက်သို့ စိတ်လှုပ်ရှားစွာ လှည့်လိုက်သည်။ "တရားသူကြီးမင်းခင်ဗျာ။ ဒေါက်တာလောရင့်ဘာကာ တရားရုံးပြင်ပရောက်နေတယ်လို့ ကျွန်တော့်ကို သတင်းလာပို့ပါတယ်။ သူက ဘီးတပ်ကုလားထိုင်ပေါ်မှာပါ။ ဒါပေမဲ့ သက်သေတော့ ခံနိုင်ပါတယ်။ ကျွန်တော်သူ့ကို သက်သေခံ စင်မြင့်ပေါ်ကို ဆင့်ခေါ်ချင်ပါတယ်"

တရားရုံးခန်းမအတွင်း တစီစီသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အလန်ပန်း ထရပ်လိုက်၏။ "ကန့်ကွက်ပါတယ်" သူ အော်လိုက်သည်။ "ဆွဲချရှေ့နေဟာ အကျဉ်းချုံ့တင်ပြချက် ပြုလုပ်နေတုန်းဖြစ်ပါတယ်။ ဒီလို အချိန်မှာ သက်သေခံ အသစ်တစ်ယောက်ခေါ်တယ်ဆိုတာ အစဉ်အလာမရှိပါဘူး။ ကျွန်တော်. . ."။

တရားသူကြီးယန်း သူမ တူငယ်ကို ထုလိုက်သည်။

"ရှေ့နေနှစ်ယောက်လုံး ကျွန်မဆီကို ကျေးဇူးပြုပြီး လာခဲ့ပါ"

ပန်းနှင့် ဗီနာဘယ်သို့ သွားကြ၏။

"ဒါ လုံးဝ မှုမမှန်ပါဘူး၊ တရားသူကြီးမင်း ခင်ဗျာ။ ကျွန်တော် ကန့်ကွက်. . ."

တရားသူကြီးယန်းက ပြောသည်။ "ဒါက မှုမမှန်ဘူးဆိုတာတော့ ဟုတ်ပါတယ်။ အစဉ်အလာမရှိဘူးဆိုတာတော့ မှားတယ်။ အရေးကြီးတဲ့ သက်သေတွေကို အထူးအခြေအနေတွေမှာ သက်သေခံခွင့်ပြုခဲ့တယ်ဆိုတဲ့ အမှုတစ်ဒါဇင်လောက် ဒီနိုင်ငံမှာ ရှိခဲ့တယ်ဆိုတာ ရှင့်ကို ပြနိုင်တယ်။ တကယ်ဆို ရှင် အစဉ်အလာတွေကို သိပ်စိတ်ဝင်စားတယ်ဆိုရင် ဒီတရားရုံးထဲမှာပဲ  လွန်ခဲ့တဲ့ ငါးနှစ်က ဖြစ်ခဲ့တဲ့ အမှုတစ်ခုကို ရှင် ပြန်ကြည့်နိုင်တယ်။ အဲဒီတုန်းက တရားသူကြီးက ကျွန်မပဲ"

အလန်ပန်း တံတွေးမြိုချလိုက်၏။ "ဆိုလိုတာက လူကြီးမင်းက သူ့ကို သက်သေခံခွင့် ပြုမယ်ပေ့ါ?"

တရားသူကြီးယန်း စဉ်းစားလိုက်၏။ "ဒေါက်တာဘာကာက ဒီအမှုအတွက် အရေးကြီးတဲ့ သက်သေဖြစ်တယ်။ အစောပိုင်းက ကျန်းမာရေးအခြေအနေကြောင့် သက်သေမခံနိုင်ခဲ့ဘူး။ တရားမျှတဖို့အတွက် ကျွန်မက သူ့ကို သက်သေခံစင်ပေါ်ကိုတက်ဖို့ ခွင့်ပြုမိန့်ထုတ်လိုက်မယ်"

"ခြွင်းချက်ပေ့ါ! သက်သေဟာ သက်သေခံဖို့အတွက် သင့်တော်ရဲ့လားဆိုတဲ့ အထောက်အထားမရှိဘူး။ ကျွန်တော် စိတ်ရောဂါဆရာဝန်တွေခေါ်ဖို့ တောင်းဆို. . ."

"မစ္စတာပန်း၊ ဒီတရားရုံးခန်းထဲမှာ ကျွန်မတို့ မတောင်းဆိုကြပါဘူး။ တောင်းခံကြတာ"။ သူမ ဂက်ဗီနာဘာယ်ဘက်သို့ လှည့်လိုက်သည်။ "ရှင့်သက်သေကို ခေါ်နိုင်ပါပြီ"

အလန်ပန်း သူ့နေရာတွင်ပင် သိမ်ငယ်စွာ ရပ်နေ၏။ အားလုံးပြီးဆုံးသွားပြီဟု သူတွေးမိသည်။ သူတို့အမှုကတော့ မြောင်းထဲမျောသွားပြီ။

ဂက်ဗီနာဘာယ်သည် သူ့အကူဘက်လို့ လှည့်လိုက်သည်။ "ဒေါက်တာဘာကာကို ခေါ်ခဲ့ပါ"

တံခါးက ဖြည်းညင်းစွာ ဖွင့်လာ၏။ ဒေါက်တာလောရင့်ဘာကာသည် တရားရုံးခန်းထဲသို့ ဝင်လာသည်။

သူသည် ဘီးတပ်ကုလားထိုင်ပေါ်တွင် ဖြစ်သည်။ သူ့ ခေါင်းသည် တစ်ဖက်သို့ စောင်းနေပြီး သူ့မျက်နှာတစ်ခြမ်းမှာလည်း တစ်ဖက်သို့ ရွဲ့နေ၏။

လူတိုင်းသည် ဖြူဖျော့ကာ ထိခိုက်လွယ်သော ကိုယ်ခန္ဓာကို တရားရုံးရှေ့သို့ တွန်းခေါ်လာသည်ကို ကြည့်နေ၏။ သူ ပေ့ချ်ကို ဖြတ်ကျော်လာစဉ် ပေ့ချ်အား လှမ်းကြည့်လိုက်၏။ သူမျက်လုံးထဲတွင် ခင်မင်သည့် အရိပ်အယောင်မရှိ။ သူ၏ နောက်ဆုံးစကားလုံးများကို ပေ့ချ် မှတ်မိသည်။ မင်းကိုယ်မင်း ဘာထင်နေလို့လဲ. . .

လောရင့်ဘာကာ သက်သေဝန်းရှေ့ ရောက်သောအခါ တရားသူကြီးယန်းက ရှေ့ကိုင်းလိုက်ပြီး ညင်သာစွာ မေးလိုက်သည်။ "ဒေါက်တာဘာကာ၊ ဒေါက်တာ ဒီနေ့ သက်သေခံနိုင်ရဲ့လား?"

ဘာကာ စကားပြောသောအခါ စကားလုံးတို့က လုံးနေ၏။ "သက်သေခံနိုင်ပါတယ်။ တရားသူကြီးမင်း"

"ဒီ တရားရုံးအတွင်းမှာ ဘာဖြစ်နေတယ်ဆိုတာကိုကော အပြည့်အဝ သတိမူမိရဲ့လား?"

"ဟုတ်ကဲ့၊ တရားသူကြီးမင်း" သူ ပေ့ချ် ထိုင်နေရာသို့ လှမ်းကြည့်လိုက်သည်။ "ဟိုအမျိုးသမီးကို လူနာတစ်ယောက် သတ်မှုနဲ့ တရားစွဲဆိုနေတာပါ"

ပေ့ချ် မျက်နှာ ရှုံ့မဲ့သွားသည်။ ဟိုအမျိုးသမီးတဲ့။

တရားသူကြီးယန်း ဆုံးဖြတ်ချက်ချလိုက်၏။ သူမ ဘီလစ်စာရေးဘက်လှည့်လိုက်၏။ "သက်သေခံကို ကျမ်းကျိန်ခိုင်းလိုက်ပါ"

ဒေါက်တာဘာကာ ကျမ်းသစ္စာကျိန်ဆိုပြီးသောအခါ တရားသူကြီးယန်းက ပြော၏။ "ဒေါက်တာ ကုလားထိုင်မှာထိုင်နိုင်ပါတယ်။ ဆွဲချရှေ့နေ ဆက်လုပ်နိုင်ပါပြီ။ တရားခံဘက်ကိုလည်း ပြန်လှန်စစ်မေးဖို့ ကျွန်မ ခွင့်ပြုပါတယ်"

ဂက်ဗီနာဘာယ် ပြုံးလိုက်၏။ "ကျေးဇူးတင်ပါတယ်၊ တရားသူကြီးမင်း"။ သူ ဘီးတပ်ကုလားထိုင်ရှိရာသို့ အေးအေးဆေးဆေး လျှောက်သွား၏။ "ကျွန်တော်တို့ ဒေါက်တာ့ကို အချိန်အကြာကြီး ခေါ်မထားပါဘူး။ ဒီလိုအခြေအနေမျိုးမှာတောင် ဒေါက်တာလာပြီး သက်သေခံတဲ့အတွက် တရားရုံးက လှိုက်လှိုက်လှဲလှဲကို ကျေးဇူးတင်ပါတယ်။ ပြီးခဲ့တဲ့လကတည်းက စခဲ့တဲ့ သက်သေခံချက်တွေနဲ့ကော အကျွမ်းတဝင်ရှိပါရဲ့လား?"

ဒေါက်တာဘာကာ ခေါင်းညိတ်လိုက်သည်။ "ကျွန်တော် ဒီအမှုကို

ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာ တွေ့ပါတယ်။ ဒီအမှုက ကျွန်တော့်ကို အူထဲ အသည်းထဲအထိ မုန်းတီးစေတယ်”

ပေ့ချ် သူမလက်ထဲတွင် ခေါင်းကို ဖုံးကွယ်လိုက်သည်။

ဂက်ဗီနာဘယ်မှာတော့ ပျော်ရွှင်မှုကို ဖုံးကွယ်ထားရ၏။ “ကျွန်တော်တို့ အားလုံးလည်း ဒီလိုပဲ ခံစားကြရပါတယ်၊ ဒေါက်တာ” ဆွဲချရှေ့နေက ဝံ့ကြွားစွာပြောသည်။

“ကျွန်တော်ဒီကို လာတာကလည်း တရားမျှတစေချင်လို့ပါ”

ဗီနာဘယ် ပြုံးလိုက်၏။ “ဒါပေ့ါ။ ကျွန်တော်တို့လည်း ဒီလိုပါပဲ”

လောရင့်ဘာကာ အသက်ပြင်းပြင်း ရှူလိုက်၏။ သူစကားပြောလိုက်သောအခါ ဒေါသသံတို့နှင့် ပြည့်နေသည်။ “ဒါဆိုရင် ဘာလို့ ဒေါက်တာတေစ်လာကို ရုံးတင်တရားစွဲရတာလဲ?”

သူ နားကြားမှားမိသည်ဟု ဗီနာဘယ် ထင်မိ၏။ “ဘာကို ပြောတာလဲခင်ဗျာ?”

“ဒီ တရားခွင်က အဓိပ္ပာယ်မရှိဘူး”

ပေ့ချ်နှင့် အလန်ပန်းတို့ အပြန်အလှန် ကြောင်ကြည့်နေကြ၏

ဂက်ဗီနာဘယ် ဖြူဖျော့သွားသည်။ “ဒေါက်တာဘာကာ. . .”

“ကျွန်တော် ပြောတာကို ဖြတ်မပြောပါနဲ့” ဘာကာက မာဆတ်ဆတ်ပြောသည်။ “ခင်ဗျားက ထူးခြားပြောင်မြောက်တဲ့ ဆရာဝန်တစ်ယောက်ကို တိုက်ခိုက်ဖို့အတွက် ဘက်လိုက်ပြီး မနာလိုဝန်တိုတတ်တဲ့ လူတွေရဲ့ သက်သေခံချက်တွေအများကြီးကို သုံးခဲ့တယ်။ သူမဟာ. . .”

“ခဏနေပါဦး” ဗီနာဘယ် စတင် တုန်လှုပ်လာသည်။ “ဒေါက်တာက ဒေါက်တာတေစ်လာရဲ့ အရည်အချင်းကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့လို့ သူမ အန်ဘာကာဒီရိုဆေးရုံကနေ ထွက်သွားချင်တဲ့အထိ ဖြစ်ခဲ့တယ်မဟုတ်ဘူးလား?”

“ဟုတ်ပါတယ်”

ဂက်ဗီနာဘယ် သက်သာသလို စတင်ခံစားလိုက်ရသည်။ “ကဲ ဒါဆိုရင်” သူက အထက်စီးသံဖြင့်ပြော၏။ “ဘာလို့များ ပေ့ချ်တေစ်လာကို ထူးခြားပြောင်မြောက်တဲ့ဆရာဝန်လို့ ပြောရတာလဲ?”

“ဘာလို့လဲဆိုတော့ အမှန်တရားဖြစ်နေလို့ပေ့ါ” ဘာကာသည် ပေ့ချ်အား လှည့်ကြည့်လိုက်သည်။ သူစကားဆက်ပြောသောအခါ သူသည် သူမနှင့်သူသာ တရားရုံးထဲတွင် နှစ်ယောက်တည်းရှိနေသကဲ့သို့ ပြောနေ၏။ “တချို့လူတွေဟာ ဆရာဝန်ဖြစ်ဖို့ မွေးဖွားလာကြတယ်။ မင်းဟာ အဲဒီလို ရှားပါးတဲ့ လူတွေထဲက တစ်ယောက်ပဲ။ မင်း ဘယ်လောက်အစွမ်းရှိတယ်ဆိုတာ ငါ အစကတည်းကသိတယ်။ ငါမင်းအပေါ်မှာ မာကျောခဲ့တယ်. . .အတော့်ကို မာကျောခဲ့တာပါ။ ဘာလို့လဲဆိုတော့ မင်းက တော်လို့ပဲ။ ငါမင်းကို ကြမ်းကြမ်းတမ်းတမ်းဆက်ဆံတာကလည်း မင်းကို ခံနိုင်ရည်ရှိအောင်လို့။ ငါမင်းကို ပြီးပြည့်စုံတဲ့ ဆရာဝန်တစ်ယောက်ဖြစ်စေချင်တယ်လေ။ ဘာလို့လဲဆိုတော့ ငါတို့ဆရာဝန်လောကမှာ အမှားလုပ်လို့မရဘူး။ လုံးဝ အမှားမရှိရဘူး”

ပေ့ချ် သူ့အား ငေးကြည့်နေ၏။ ညို့ခံထားရသကဲ့သို့ ဖြစ်နေ၏။ သူမ စိတ်တွေ ချာချာလည်နေ၏။ ဖြစ်ပျက်သည်မှာ မြန်ဆန်လွန်းလှ၏။ တရားခွင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

"ငါမင်းကို ထွက်ခွင့် မပြုခဲ့ပါဘူး"

ဂက်ဗီနာဘယ်သည် သူ့အောင်မြင်မှုများ လွတ်ကျပျောက်ဆုံးသွားပြီဟု ခံစားမိသည်။ သူ၏ အထူးသက်သေခံက သူ့အတွက် အဆိုးရွားဆုံးအိပ်မက်ဖြစ်ခဲ့သည်။ "ဒေါက်တာဘာကာ. . .ဒေါက်တာတေစ်လာကို ဒေါက်တာ့လူနာလန့်ကယ်လီကို သတ်ခဲ့တယ်လို့ စွပ်စွဲခဲ့ကြောင်း သက်သေခံထားတာရှိပါတယ်။ ဘာလို့. . ."

"ကျွန်တော် ဒီလိုပြောရတာက သူမက တာဝန်ခံခွဲစိတ်ဆရာဝန်ဖြစ်နေလို့ပါ။ အခြေခံအားဖြင့် သူမ တာဝန်ယူရမှာမို့လို့။ အမှန်တကယ်ဆိုရင်တော့ မေ့ဆေးဆရာဝန်ကသာ မစ္စတာကယ်လီသေဆုံးမှုကို ဖြစ်စေတာပါ"

တရားရုံးအတွင်း အုတ်အုတ်ကျက်ကျက်ဖြစ်သွားသည်။

ပေ့ချ် ကြက်သေသေကာ ထိုင်နေ၏။

ဒေါက်တာဘာကာက အားစိုက်ကာ ဖြည်းညင်းစွာ ဆက်ပြော၏။ "ဂျွန်ခရိုနင်က သူမကို ပိုက်ဆံတွေထားခဲ့တာနဲ့ ပတ်သက်ပြီးတော့လည်း ဒေါက်တာတေစ်လာက ဘာမှ မသိပါဘူး။ ကျွန်တော် မစ္စတာခရိုနင်နဲ့ ကိုယ်တိုင် စကားပြောခဲ့တယ်။ သူက ကျွန်တော့်ကို ပြောခဲ့တယ်။ သူ ဒေါက်တာတေစ်လာကို ဒီပိုက်ဆံတွေထားခဲ့မယ်တဲ့။ ဘာလို့လဲဆိုတော့ သူက သူ့မိသားစုကို မုန်းတယ်တဲ့လေ။ ပြီးတော့ သူက ပြောသေးတယ်။ သူက ဒေါက်တာတေစ်လာကို သူ့ဝေဒနာတွေကနေ ကယ်တင်ပေးဖို့ တောင်းဆိုမယ်တဲ့။ ကျွန်တော် သဘောတူခဲ့ပါတယ်"

ပရိသတ်အတွင်း အုတ်အုတ်ကျက်ကျက်ဖြစ်သွားပြန်သည်။

ဗီနာဘယ်သည် ထိုနေရာတွင် ရပ်နေကာ စိတ်ရှုပ်ထွေးနေကြောင်း သူ့မျက်နှာတွင် ပေါ်လွင်နေသည်။

အလန်ပန်းက မတ်တတ်ရပ်လိုက်၏။ "တရားသူကြီးမင်းခင်ဗျာ။ ကျွန်တော် ကွင်းလုံးကျွတ်လွှတ်ပေးဖို့ တောင်းဆိုပါတယ်"

တရားသူကြီးယန်းက သူမ တူငယ်ကို ထုလိုက်၏။ "တိတ်တိတ်နေကြပါ" သူမက အော်သည်။ သူမ ရှေ့နေနှစ်ယောက်ကို ကြည့်လိုက်၏။ "ကျွန်မ အခန်းထဲကို လာခဲ့ပါ"

တရားသူကြီးယန်း၊ အလန်ပန်းနှင့် ဂက်ဗီနာဘယ်တို့သည် တရားသူကြီးယန်း၏ အခန်းတွင်းတွင် ထိုင်နေကြသည်။

ဂက်ဗီနာဘယ် တုန်လှုပ်နေ၏။ "ကျွန်တော်. . .ကျွန်တော် ဘာပြောရမှန်း မသိတော့ဘူး။ သူက နေမကောင်းတဲ့ လူတစ်ယောက်ပါ၊ တရားသူကြီးမင်း။ သူ စိတ်ရှုပ်ထွေးနေတာပါ။ ကျွန်တော် စိတ်ရောဂါဆရာဝန်တွေနဲ့ သူ့ကို စစ်ဆေးချင်တယ်။ ပြီးတော့. . ."

"ရှင် ဒီလို လုပ်လို့မရဘူး၊ ဂက်။ ကြည့်ရတာ ရှင့်အမှုတော့ မီးခိုးငွေ့ထဲ ပျောက်သွားပြီထင်တယ်။ နောက်ထပ် အရှက်ရစရာတွေ ထပ်မဖြစ်အောင် နေရတာပေါ့၊ မဟုတ်ဘူးလား? ကျွန်မ လူသတ်မှုကနေ ကွင်းလုံးကျွတ် လွှတ်ပေးလိုက်တော့မယ်။ ကန့်ကွက်စရာရှိလား?"

အချိန်အတော်ကြာ တိတ်ဆိတ်နေသည်။ နောက်ဆုံးတွင် ဗီနာဘယ် ခေါင်းညိတ်လိုက်သည်။ "မရှိဘူးလို့ ထင်ပါတယ်"

တရားသူကြီးယန်းက ပြောသည်။ "ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်ပဲ။ ကျွန်မ ရှင့်ကို အကြံတစ်ခုပေးချင်တယ်။ သက်သေတစ်ယောက်က

ဘာပြောမယ်မှန်းမသိဘဲနဲ့ လုံးဝ လုံးဝ ခေါ်မလာပါနဲ့”

* * *

တရားခွင်မှာ ပြန်စ၏။ တရားသူကြီးယန်းက ပြောသည်။ “ဂျူရီလူကြီးမင်းအပေါင်းတို့ရှင်၊ လူကြီးမင်းတို့ရဲ့ အချိန်နဲ့ စိတ်ရှည်မှုတွေအတွက် ကျေးဇူးတင်ပါတယ်။ တရားရုံးက စွဲချက်တွေအားလုံးကို ပယ်ချလိုက်ပါတော့မယ်။ တရားခံဟာ လွတ်လပ်သွားပါပြီ”

ပေ့ချ် ဂျေဆင်ဘက်လှည့်ပြီး အနမ်းတစ်ပွင့်ပေးလိုက်၏။ ထို့နောက် ဒေါက်တာဘာကာထိုင်နေရာသို့ အလျင်အမြန်သွားလိုက်သည်။ သူမ ဒူးထောက်လိုက်ပြီး သူ့ကို ဖက်လိုက်၏။

“ဒေါက်တာ့ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး” သူမ တီးတိုးပြောသည်။

“မင်း ဒီလို အရှုပ်တော်ပုံထဲကို အစကတည်းက ရောက်မနေသင့်ဘူး” သူက မာန်ဖီပြော၏။ “ရူးကြောင်ကြောင် အလုပ်တွေ။ ဒီကနေထွက်ပြီး စကားပြောနိုင်မယ့် တစ်နေရာရာကို သွားကြတာပေ့ါ”

တရားသူကြီးယန်းက ကြားသွား၏။ သူမ မတ်တတ်ရပ်လိုက်ပြီး ပြော၏။ “ရှင်တို့ ကျွန်မ အခန်းကို သုံးနိုင်ပါတယ်။ ဒါက ကျွန်မတို့ အနည်းဆုံး လုပ်ပေးနိုင်တာပါ”

ပေ့ချ်၊ ဂျေဆင်နှင့် ဒေါက်တာဘာကာတို့ တရားသူကြီးအခန်းတွင် မည်သူမှမပါဘဲ ရှိနေကြသည်။

ဒေါက်တာဘာကာက ပြော၏။ “မင်းကို စောစောစီးစီးလာပြီး မကူညီနိုင်ခဲ့တာ စိတ်မကောင်းပါဘူး”

ပေ့ချ် မျက်ရည်များ လျှံလာသည်။ “ကျွန်မ မပြောတတ်တော့ဘူး၊ ဘယ်လောက်တောင်. . .”

“ဒါဆိုလည်း မပြောနဲ့တော့” သူက ခပ်ပြတ်ပြတ်ပြောသည်။

ပေ့ချ် သူ့ကို ကြည့်နေ၏။ ရုတ်တရက် တစ်စုံတစ်ခုကို မှတ်မိသွားသည်။ “ဒေါက်တာ ဂျွန်ခရိုနင်နဲ့ ဘယ်တုန်းက စကားပြောခဲ့တာလဲ?”

“ဘာလဲ?”

“ဒေါက်တာ ကြားပါတယ်။ ဒေါက်တာ ဂျွန်ခရိုနင်နဲ့ ဘယ်တုန်းက စကားပြောခဲ့တာလဲ?”

“ဘယ်တုန်းကလဲဆိုတော့. . .”

သူမ ဖြေးညင်းစွာ ပြော၏။ “ဒေါက်တာ ဂျွန်ခရိုနင်ကို တွေ့တောင်မတွေ့ဖူးဘူးမဟုတ်လား။ သူ့ကို မသိပါဘူး”

ဘာကာ၏ နှုတ်ခမ်းတွင် ပြုံးယောင်သန်းလာ၏။ “ဟင့်အင်း။ ဒါပေမဲ့ ငါမင်းကို သိတယ်လေ”

ပေ့ချ် ရှေ့ကိုင်းလိုက်ပြီး သူ့အား ဖက်ထားလိုက်သည်။

“ဖြစ်ကတတ်ဆန်းမနိုင်နဲ့နော်” သူက ပြော၏။ သူ ဂျေဆင်အား လှမ်းကြည့်လိုက်၏။ “သူမက တစ်ခါတလေ ဖြစ်ကတတ်ဆန်းနိုင်တတ်တယ်။ မင်းသူ့ကို ကောင်းကောင်း ဂရုစိုက်မှ ဖြစ်မယ်။ မဟုတ်ရင် မင်းငါ့ကို လာဖြေရှင်းရမှာနော်”

ဂျေဆင်ကပြော၏။ “မစိုးရိမ်ပါနဲ့ ခင်ဗျာ။ ကျွန်တော် ဂရုစိုက်မှာပါ”

နောက်တစ်နေ့တွင် ပေ့ချ်နှင့် ဂျေဆင်တို့ လက်ထပ်ကြသည်။
ဒေါက်တာဘာကာမှာ သူတို့၏ အထူးဧည့်သည်ဖြစ်ခဲ့သည်။

## နိဂုံး

လောရင့်ဘာကာသည် ပေ့ချ်နှင့်အတူ တစ်ရုံးထဲတွင် ခွဲစိတ်အတိုင်ပင်ခံအဖြစ် အတူ အလုပ်လုပ်သည်။

အာသာကိန်း၏ ဆေးကုသခွင့်လိုင်စင်အား ကယ်လီဖိုးနီးယား ဆေးပညာအဖွဲ့က ပြန်လည် ရုပ်သိမ်းလိုက်သည်။

ဂျင်မီဖော့သည် ပုံမှန်အတိုင်း ပြန်လည်ကျန်းမာလာပြီး ဘက်ဆီအား လက်ထပ်လိုက်သည်။ သူတို့၏ ပထမဆုံးသမီးလေးကို 'ပေ့ချ်' ဟု နာမည်မှည့်ခဲ့သည်။

ဟန်နီတက်သည် ရှောင်းရီလီနှင့်အတူ အိုင်ယာလန်သို့ ပြောင်းရွှေ့ခဲ့ပြီး ဒူဗလင်တွင် သူနာပြုအဖြစ် အလုပ်လုပ်နေသည်။ ရှောင်းရီလီသည် အောင်မြင်သော အနုပညာရှင်ဖြစ်နေပြီး ယခုအချိန်ထိ အေအိုင်ဒီအက်စ်ရောဂါ၏ လက္ခဏာများ မပြသေးချေ။

မိုက်ဟန်တာသည် လက်နက်ကိုင်ဆောင်ဓားပြတိုက်မှုအတွက် ပြည်နယ်ထောင်တွင် အကျဉ်းကျခံနေရပြီး ယခုထိ မလွတ်သေးပေ။

အဲဖရက်တာနာသည် ပန်းခြံရိပ်သာလမ်းရှိ ကိုယ်ပိုင်ဆေးခန်းတစ်ခုနှင့် တွဲလုပ်နေပြီး အလွန်အမင်း အောင်မြင်နေသည်။

ဘန်ဂျမင်ဝေါလေ့သည် အန်ဘာကာဒီရှိပြည်နယ်ဆေးရုံ၏ အုပ်ချုပ်ရေးမှူးအဖြစ်မှ အလုပ်ထုတ်ခံရသည်။

လောရင်ဟာရင်ဆင်သည် ကြေးစားတင်းနစ်သမားတစ်ဦးနှင့် လက်ထပ်လိုက်သည်။

လုဒိုင်နက်တိုအား အခွန်တိမ်းရှောင်မှုအတွက် ထောင်ဒဏ် ၁၅ နှစ် ချမှတ်လိုက်သည်။

ကန်မယ်လိုရီအား တစ်သက်တာ ထောင်ဒဏ် ချမှတ်လိုက်သည်။ ဒိုင်နက်တို ထောင်အတွင်းသို့ ရောက်ပြီး တစ်ပတ်အကြာ၌ မယ်လိုရီအား သူ့အချုပ်ခန်းထဲတွင် ဓားထိုးခံရပြီး သေဆုံးနေကြောင်း တွေ့ရှိရသည်။

အန်ဘာကာဒီရှိဆေးရုံသည် ၎င်းနေရာတွင်ပင်ရှိနေပြီး နောက်လာမည့် ငလျင်ကို စောင့်မျှော်နေသည်။

ပြီး။

Holy Ghost